
www.burmeseclassic.com



www.burmeseclassic.com



## အခန်း(၂၉)

## ရှောင်လင်ဘုရားကျောင်းဆီသို့

အမှန်မူ ထိုသူသည် အခန်းတွင်းသို့ လက်နက်နှစ်ခု ပစ်သွင်းလိုက်သူဖြစ်၏။

ကျန်းဆန်းဖုန်းသည် သူ့အချစ်ဆုံးတပည့် အသက်ဆုံးရှုံးသွားသဖြင့် လွန်စွာစိတ်ထိခိုက်လျက်ရှိသော်လည်း စိတ်ပျာယာခတ်ခြင်းမှု အလျှင်း မရှိချေ။ သူက တည်ငြိမ်သောအသံဖြင့် မွန်ဂိုအပေါ်အစားနှင့်လူအား...

www.burmeseclassic.com

www.burmeseclassic.com



'အထဲကို ဝင်စမ်း' ဟု အမိန့်ပေးလိုက်၏။

ထိုအချိန်တွင် မွန်ဂိုစစ်သား အဝတ်အစားနှင့် လူသည် မမျှော်လင့်ဘဲ ဤမျှ မြန်စွာ ကျန်းဆန်းဖုန်း ထွက်လာသည်ကို မြင်သော် ကလေးငယ်အား ချက်ချင်း ပွေ့ဖက်၍ ခန်းမဆောင် ခေါင်မိုးပေါ်သို့ ခုန်တက်ပြေးရန် ပြင်လိုက်၏။ သို့သော်... သူ၏ ကိုယ်ခန္ဓာမှာ အလွန် လေးလံနေသည်ကို ခံစားလိုက်ရပြီး ခြေထောက်နှစ်ဘက်မှာလည်း မြေကြီးမှ မကြွနိုင် ဖြစ်နေချေ၏။

မှန်ပါသည်။ ကျန်းဆန်းဖုန်းသည် သူ့အနားသို့ ဘယ်အချိန်တွင် ရောက်လာသည်ကို သူမသိမီကပင် လက်တစ်ဘက်က သူ့ပခုံးပေါ်တွင် တင်ထားပြီး ဖြစ်နေသည် မဟုတ်ပါလား။ ထိုလူမှာ လွန်စွာ တုန်လှုပ်သွားရ၏။ အဘယ်ကြောင့်မူ အကယ်၍သာ ကျန်းဆန်းဖုန်း၏ လက်က အတွင်းအားကို ထုတ်၍ အနည်းငယ် သူ့ပခုံးကိုဖိလိုက်ပါလျှင် သူ့အသက် ထွက်မသွားသည့်တိုင် ဒဏ်ရာ ပြင်းပြင်းထန်ထန်ရသွားမည် သေချာသောကြောင့် ဖြစ်ပါ၏။ ထို့ကြောင့် ထိုလူသည် မတတ်သာသည့်အဆုံးတွင် ကျန်းဆန်းဖုန်း၏ အလိုအတိုင်း ခန်းမဆောင် အတွင်းသို့ ဝင်လာခဲ့ရလေတော့၏။ သူတို့နှင့်အတူ ဆယ်နှစ်ကျော်ခန့် ကလေးငယ်တစ်ဦးလည်း ပါလာလေ၏။



မှန်သည်။ ထိုကလေးငယ်သည် ချင်တူးတူးနှင့် သွားလေသူ ကျန်းချွေးဆန်းတို့၏ ရင်နှစ်သည်းချာ သားရတနာ ကျန်းဟူကျင်း စစ်စစ်ပင် ဖြစ်နေပါ၏။

သူ့ကို မွန်ဂိုစစ်သား အဝတ်အစားနှင့်လူက အသံမထွက်အောင် အကြောကို ထိုးပိတ်ထား၏။ သို့သော် ကျန်းဟူကျင်းသည် ငယ်စဉ်ကပင် သူ့မွေးစားဖခင် ရှက်ဇွန်းထံမှ ထူးဆန်းနက်နဲလှသော သိုင်းပညာကို မှတ်သားနာယူခဲ့ရပေရာ သူ၏ အပိတ်ခံရသော အကြောမှာလည်း အလိုအလျောက် ပြန်ပြေသွားလေ၏။ ထို့ကြောင့် သူက သူ့ဖခင် ကျန်းချွေးဆန်း လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်ကို တွေ့သောအခါ...

'ဖေဖေ... ဖေဖေ... ဖေဖေ' ဟု စိုးရိမ်စွာ အော်လိုက်မိ၍ အသံထွက်လာခဲ့ခြင်း ဖြစ်ပါ၏။

ချင်တူးတူးသည် မမျှော်လင့်ဘဲ ချစ်ရပါသော ခင်ပွန်းသည်က မိမိကြောင့် သူ့ကိုယ်သူ အဆုံးစီရင်သွားသည်ကို မြင်သော် မူးမေ့ဘတ် သည်းအူပြတ်မျှ ပရိဒေဝမီး တောက်လောင်သွားရရှာ၏။ ထိုအချိန်တွင်ပင် ပျောက်ခြင်းမလှ ပျောက်ဆုံးနေခဲ့သောရင်သွေး သားလေးအား သေးမသိရန်မခ ပြန်ရောက်လာသည်ကို တွေ့ရပြန်ရာ အစ်ပြိုင်နက်တည်းတွင် ဝမ်းနည်းခြင်းနှင့်ဝမ်းသာခြင်း ဝေဒနာ နှစ်ရပ်ကို ခံစားလိုက်ရပါ၏။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ချင်တူးတူးသည် သားလေးကို မြင်သည်နှင့် ရှုံးသွပ်သူနယ် ကမန်းကတန်း ပြေးသွားပြီးလျှင်...

'သား... သားလေး...၊ သားလေးက သားလေးရဲ့ မွေးစား အဖေ ဘယ်မှာရှိတယ် ဆိုတာကို သူတို့ကို ပြော...ပြောပြလိုက် သလားဟင်' ဟု မေးလေ၏။

ကျန်းဟူကျင်းလေးက သူ့ရင်ကို ကော့၍...

'သူတို့က သားကို သေအောင် ရိုက်ပြီး မေးတာတောင် သားက ပြောပြမှာ မဟုတ်ဘူး' ဟု ပြန်ဖြေလေသည်။

ချင်တူးတူးက ပါးပြင်မှာ မျက်ရည်စီးကျလျက်နှင့် ရယ်မော ၍...

'ဒါ...ဒါမှ... မေမေ့သား...၊ ငါ့သားစစ်စစ်၊ သားလေးက သိပ်လိမ္မာပါလားကွယ်၊ လာ...လာ...၊ မေမေ့ဆီကို လာစမ်း... သား' ဟု ပြောပြီး ကျန်းဟူကျင်းအား ပွေ့ဖက်ရန် ပြုလေ၏။ ထိုအခါ မွန်ဂိုစစ်သား အဝတ်အစားနှင့်လူက ကျန်းဟူကျင်းအား မလွှတ်ဘဲ ထားရာ ကျန်းဆန်းဖုန်းက 'ကလေးကို လွှတ်လိုက်စမ်း' ဟု အမိန့် ပေးသံဖြင့် ပြောလိုက်လေ၏။

ထိုအခါ ထိုလူက ကျန်းဟူကျင်းကို မပေးချင်ပေးချင် ချင်တူးတူး လက်ထဲသို့ လှမ်းပေးလိုက်ရ၏။ ကျန်းဟူကျင်းသည်



ထိုလူ့လက်မှ လွတ်လျှင်လွတ်ချင်း မိခင်၏ ရင်ခွင်ထဲသို့ အစာင်း ပြေးဝင်ပြီး...

'အမေ...'

'သား...'

'သူတို့က ဘာဖြစ်လို့ အဖေ့ကို မသေ သေအောင် လုပ်ကြ တာလဲဟင်...အမေ'

ချင်တူးတူးသည် ကျန်းဟူကျင်း၏ အမေးကြောင့် အေးစက် ပြီး ကြောက်မက်ဖွယ်ကောင်းသော အကြည့်ဖြင့် ခန်းမဆောင် အတွင်း၌ရှိ လူအားလုံးကို ကြည့်ရင်း...

'ဒီမှာရှိတဲ့ ဧည့်သည်အားလုံးက သားဖေဖေကို မသေ သေအောင် အကြပ်ကိုင်ခဲ့ကြတယ်... လူလေး'

ကျန်းဟူကျင်း၏ မျက်လုံးကလေးအစုံက ဘယ်မှညာသို့ တဖြည်းဖြည်းလှည့်ပတ်ပြီး အားလုံးကို ကြည့်လိုက်၏။ သူ့မှာ အသက်ပင်ငယ်သော်လည်း သူ့အကြည့်မှာ လွန်စွာခါနစ်ပါပြီး ခက်ထန်လှ၏။ ရက်စက် ကြမ်းကြုတ်လှ၏။ လူတိုင်းသည် သူ့ အကြည့်နှင့် ရင်ဆိုင်မိလိုက်ချိန်တွင် ရင်ထဲမှ အလိုလို တုန်လှုပ်သွား ရ၏။ ချင်တူးတူးက ဖြည်းညင်းစွာဖြင့်...

'သား... သား... အမေ့ကို ကတိတစ်ခုပေးရမယ်နော်'

www.burmeseclassic.com



'ပြောပါ... အမေ'

ချင်တူးတူးက အသက်မရှိသော အသံမျိုးဖြင့်...

'မင်း... စိတ်လောမကြီးနဲ့၊ ဖြည်းဖြည်းစောင့်၊ ဖြည်းဖြည်းစောင့်၊ ဒါပေမယ့် တစ်ယောက်မှ မကျန်စေနဲ့၊ တစ်ယောက်မှ မကျန်စေနဲ့'

အားလုံးက ချင်တူးတူး၏ အေးစက်ပြီး ကြောက်မက်ဖွယ်ကောင်းသော စကားကို ကြားရသော် ကျောစိမ့်သွားမိကြ၏။ ကျန်းဟူကျင်းက ခေါင်းကို ဆတ်ကနဲညိတ်၍...

'ဟုတ်ကဲ့... မေမေ၊ ကျွန်တော် ဖြည်းဖြည်းပဲ စောင့်နေမယ်၊ ဒါပေမယ့် တစ်ယောက်မှ မလွတ်စေရဘူး'

ယင်းအချိန်တွင် ချင်တူးတူး၏ ကိုယ်လုံးမှာ ရုတ်တရက်တစ်ချက် တုန်ယင်သွား၏။

'သားလေ... အခု မင်းဖေဖေ သေသွားပြီ၊ ဒီတော့ မေမေတို့က သားလေးရဲ့ မွေးစားအဖေ နေတဲ့ နေရာကို ဖွင့်ပြောလိုက်တာပဲ ကောင်းပါတယ်'

ကျန်းဟူကျင်းက ပျာပျာသလဲဖြင့်...

'မေမေ... မပြောနဲ့'

ချင်တူးတူးက သားလေးကို ဖက်ရင်း ခုံ၀န် ဆရာတော်ကြီးအား...



'ဆရာတော်ကြီး... တပည့်တော်မ ဆရာတော်ကြီး တစ်ယောက်တည်းကိုပဲ ရှက်စွန်း ဘယ်မှာရှိတယ် ဆိုတာကို ပြောပြပါ့မယ်၊ တပည့်တော်မ အနားကို တိုးလာပြီး နားထောင်ပါ'

ထိုစကားကို ကြားသော် အားလုံး အံ့အားသင့်သွားကြ၏။ ခုံ၀န်ဆရာတော်ကြီးက ဘုရားစာတစ်ပုဒ် ရွတ်ပြီး...

'ဒကာမကြီးသာ စောစောကထည်းက ဒီလိုပြောရင် ကျန်းချွေးဆန်း အသက်ဆုံးရှုံးရမှာ မဟုတ်ဘူးကွဲ့'

ထို့နောက် ခုံ၀န်ဆရာတော်သည် ချင်တူးတူးအနားသို့ လျှောက်လာပြီး နားကို ကပ်ပေးလိုက်၏။ ချင်တူးတူး၏ နှုတ်ခမ်းများက လှုပ်ရှားနေ၏။ သို့သော် ဘာအသံမှ ထွက်မလာပေ။ ခုံ၀န်ဆရာတော်ကြီးက...

'ဘာပြောတယ်'

ထိုအခါမှ ချင်တူးတူးအသံ ထွက်လာ၏။

'ရှက်စွန်း ပုန်းနေတဲ့ နေရာက...'

နောက်ပိုင်း စကားမှာ အသံ လုံး၀မထွက်တော့။ နှုတ်ခမ်းများသာ လှုပ်နေလေ၏။ ခုံ၀န်ဆရာတော်က နောက်ထပ်တစ်ဖန် မေးပြန်၏။

www.burmeseclassic.com



တူးလည်း ချစ်ခင်ပွန်း ကျန်းချွေးဆန်းနှယ် အသက်ဝိညာဉ် ချုပ်ငြိမ်းသွားရှာပြီ မဟုတ်ပါလား။

ကျန်းဟူကျင်းသည် မိခင်နှင့်ဖခင်တို့၏ အလောင်းများကို တစ်ချက်မျှကြည့်ပြီး လွန်စွာ ပူဆွေး နာကြည်းလွန်းသဖြင့် ငိုရမည်ကိုပင် မေ့နေလေတော့၏။ ထို့နောက် ကျန်းဟူကျင်းသည် အမေ့ရင်ခွင်မှ ဓားမြှောင်ကို ဆွဲထုတ်ပြီး သွေးသံရဲရဲဖြင့် လက်တွင်ကိုင်ထားရင်း ခုံးဝန်ဆရာတော်ကြီးအား အရောင်တလက်လက်တောက်ပနေသည်ဟု ထင်ရသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ကာ...

'ဘုန်းတော်ကြီး... ဘုန်းတော်ကြီးက ကျွန်တော့်မေမေကို သတ်တာလား'

ကျန်းဟူကျင်း၏ မေးလိုက်သံက ခန်းမဆောင်တစ်ခုလုံးပါမက ဟူတန်းတောင်ကြီး တစ်ခုလုံးတွင်ပါ ပဲ့တင် ထပ်သွားသည့်အလား ဟိန်း၍ ထွက်လာ၏။

ခုံးဝန်ဆရာတော်ကြီးမှာ ဤကြေကွဲကြောက်မက်ဖွယ်ကောင်းလှသော အဖြစ်အပျက်များကို ဆက်တိုက်မြင်တွေ့လိုက်ရသဖြင့် သိုင်းပညာတွင် သူမတူအောင် ကျွမ်းကျင်ထက်မြက်သော ရှောင်လင်ဘုရားကျောင်း၏ ကျောင်းထိုင်ဆရာတော်ပင် ဖြစ်လင့်ကစား အကြီးအကျယ် တုန်လှုပ်သွားမိပါ၏။



ယခုကျန်းဟူကျင်းက ဆရာတော်အား ရုတ်တရက် မေးလိုက်ပြန်သော် ဆရာတော်သည် အလိုအလျောက် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိ၏။ ပြီး... အလောတကြီးဖြင့်...

'ဘုန်းကြီးက သူ့ကိုသတ်တာ မဟုတ်ဘူး၊ မင်းကို ခုနမ်းထားတဲ့လူက သတ်တာ' ဟု ပြန်လည် ဖြေကြားလေ၏။

ကျန်းဟူကျင်း မျက်လုံးအိမ်ထဲတွင် မျက်ရည်များဖြင့် ပြည့်လျှံနေ၏။ သို့သော် သူက နှုတ်ခမ်းကို အတင်းကိုက်ထားပြီး...

'ငါ မငိုဘူး...ငါ မငိုဘူး၊ ဒီ လူဆိုးတွေရှေ့မှာ ဘယ်တော့မှ ငါ ငိုမပြဘူး' ဟု မာန်တင်းလိုက်၏။

ပြီးလျှင် သူသည် ဓားမြှောင်ကိုကိုင်၍ ခန်းမဆောင်ကြီး အယ်ဘက်မှ ညာဘက်သို့ ဖြည်းညင်းစွာ လျှောက်၍ သည်နေ့ ဟူတန်းတောင်သို့ ရောက်လာကြသော ဂိုဏ်းအဖွဲ့အသီးသီးမှ သိုင်းသမားပေါင်း နှစ်ရာကျော်၏ မျက်နှာကို စိုက်ကြည့်ပြီး ရုပ်ရည်သွင်ပြင်ကို စိတ်ထဲမှမြဲမြဲစွာ ‌တေးမှတ်ထားလိုက်လေ၏။ သူ့ဦးနှောက်ထဲမှာ သူ့မိခင် အသက်မသေမီ မှာကြားခဲ့သော စကားသံများသာ တောင် ရိုက်ဟည်းလျက် ရှိနေပါ၏။

'ဖြည်းဖြည်းစောင့်နေ...၊ ဒါပေမယ့် တစ်ယောက်မှ မကျန်စေနဲ့'

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ယနေ့ ဟူတန်းတောင်ပေါ်သို့ ရောက်လာကြသော သိုင်းသမားများသည် နာမည်ကြီးသိုင်းသမားကြီးများပင် ဖြစ်၏။ သူတို့သည် သိုင်းဆရာကြီး ကျန်းဆန်းဖုန်းကိုပင် လာရောက်၍ ရန်ဘက် ပြုဝံ့များဖြစ်၍ သတ္တိအရာတွင်လည်း ခေသူမဟုတ်ကြောင်း ထင်ရှားလေ၏။ သို့သော် သူတို့သည် ယခု ကျန်းဟူကျင်းလေး၏ ရက်စက်သမျှ အေးစက်လှသော အကြည့်ကို ရင်ဆိုင်မိသောအခါ တွင်မူ အလိုအလျောက် ကြက်သီးမွေးညင်းများ ထ,မိသွားကြလေ၏။ ထိုအခါ ခုံးဝန်ဆရာတော်ကြီးက ချောင်းတစ်ချက်ဟန့်ပြီး...

'ဆရာကြီး ကျန်းဆန်းဖုန်း၊ အခု ဒီအထိ ဖြစ်ပွားတဲ့နောက်တော့ အင်း...အင်း၊ ဘုန်းကြီးတို့က လုံးဝမထင်မှတ်ဝံ့ပါဘူး၊ အခု ကျန်းရွှေဆန်းတို့ ဖနီးမောင်နှံနှစ်ယောက်စလုံးလည်း အသက်ဆုံးရှုံးခဲ့ရပြီဆိုတော့ ယခင်က ကိစ္စတွေကို ဘုန်းကြီးတို့က ဒီတင်ပဲ အားလုံးပြေငြိမ်းလိုက်ပါပြီ၊ အခု ဘုန်းကြီးတို့ကို ပြန်ခွင့် ပြုပါဦး' ဟု ဆိုပြီးလျှင် ကျန်းဆန်းဖုန်းအား အရိုအသေ တစ်ချက်ပေးလိုက်၏။

ကျန်းဆန်းဖုန်းကလည်း ပြန်လည်၍ အရိုအသေတစ်ချက်ပေးပြီး တည်ငြိမ်သော အသံဖြင့်...

'တင်ပါ၊ ပြန်ချင် ပြန်နိုင်ပါပြီ၊ လိုက်မပို့တာကိုတော့ ခွင့်လွှတ်ပါ' ဟု ဆိုလေ၏။



ထို့နောက် ရှောင်လင်ဂိုဏ်းမှ ဘုန်းတော်ကြီးအားလုံး ထိုင်နေရာမှ ထ,၍ ပြန်သွားကြလေသည်။ ထိုအခါ ချင်လိရှန်၏ နှုတ်မှ...

'တောက်... ဘုန်းကြီးတွေ'

သူ့စကားက ထိုမျှနှင့် ရပ်သွား၏။ အကြောင်းမူ ချင်လိရှန်သည် သူတို့ဂိုဏ်းတူ အစ်ကို ကျန်းရွှေဆန်းမှာ သူတစ်ပါး၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံသွားရခြင်းသာ ဖြစ်ကြောင်း ချက်ချင်းစဉ်းစားမိပြီး သူတစ်ထူးအား အပြစ်တင်၍မရကြောင်း သတိရလိုက်သဖြင့် စကားကို ရပ်လိုက်ရလေ၏။ ထို့နောက် ကျန်းရွှေဆန်း၏ ကိုယ်ပေါ်တွင် မျက်နှာအပ်လျက် ချုံးပွဲချ ငိုကြွေးနေရှာလေသည်။

ကျန်းညှေ့သည်တော်များလည်း အသီးသီး မျက်နှာပျက်လျက် ကျန်းဆန်းဖုန်းအား နှုတ်ဆက်ပြီးလျှင် ပြန်သွားကြလေတော့၏။

ချိုရှင်ချောင်းသည် မျက်လုံးစုံနီမြန်းလျက် ဧည့်သည်များကို ဣန္ဒြေမပျက် တံခါးမအထိ လိုက်ပို့ပေး၏။ ယင်းသို့ ဧည့်သည်များအားပို့ပြီး ပြန်လှည့်လာသော အချိန်တွင်မူ သူ့ပါးပြင်တွင် မျက်ရည်များဖြင့် စိုရွှဲနေပေပြီ။ ထိုအချိန်တွင် ခန်းမ တစ်ခုလုံးလည်း ငိုသံများဖြင့် ဖုံးလွှမ်းနေပြီ ဖြစ်ပါ၏။

ဝါမေဂိုဏ်းသည် ထိုအချိန်တွင် နောက်ချန်၍ ပြန်ကြလေသည်။ ကျိုရှောင်မူသည် ချင်လိရှန်၏ စိတ်ထိခိုက်စွာ ငိုကြွေးနေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့ရသော် သူမလည်း ငိုချင်လာ၏။ ဤအချိန်တွင် သူမသည် ရှက်ရွံ့မနေအားတော့။ ချင်လိရှန်အနားသို့ သွားပြီး ငိုသံနှောလျက်...

'အစ်ကို ချင်လိရှန်၊ ကျွန်မ ပြန်တော့မယ် အစ်ကို၊ အစ်ကိုလည်း ကျန်းမာရေးကို သတိထားပါဦး' ဟု ဆိုရှာသည်။

ထိုအခါ ချင်လိရှန်က ငိုလက်စဖြင့် ခေါင်းကို ဆတ်ခနဲမော့ပြီး...

'မင်း... မင်းတို့ ဝါမေကိုဏ်းကလည်း ငါ့အစ်ကို ကျန်းခွေးဆန်းကို ရန်ပြုဖို့ လာတာပဲလား' ဟု မေးလိုက်၏။

ကျိုရှောင်မူက အထိတ်တလန့်ဖြင့်...

'မ... မဟုတ်ပါဘူး အစ်ကို၊ ဆရာက ကျွန်မတို့ကိုလာခိုင်းတာက ရှက်စွန်းရဲ့ နေရပ်ကို မေးခိုင်းတာပါရှင်'

ကျန်းဟူကျင်းက ရုတ်တရက် အော်၍...

'ကျွန်တော့် မေမေ့ကာ ဟို ဘုန်းတော်ကြီးကို ပြောလိုက်ပြီပဲ၊ ခင်ဗျားက အဲဟို ဘုန်းကြီးကို သွားမေးပါလားဗျ၊ သူက မပြောရင် သူနဲ့ ရန်တွေ့လိုက်ပေါ့'

ကျန်းဟူကျင်းသည် ဤမျှပူဆွေးဖွယ် ဗျာပါဒများနှင့် ကြုံနေရသည့်အချိန်တွင်ပင် သူ့မိခင် သေခါနီးသုံးလိုက်သော ချောက်တွန်းသည့် လှည့်ကွက်ကို အသုံးချလိုက်ပါသေး၏။ ကျိုရှောင်မူက...





'လူလေး... မင်းရဲ့ဦးလေး ချင်လိရှန်က မင်းကို ကောင်းကောင်း စောင့်ရှောက်မှာပါ' ဟု နှစ်သိမ့်ပြီး သူမ လည်ပင်းမှ ဆွဲကြိုးကို ဖြုတ်၍ ကျန်းဟူကျင်း၏ လည်ပင်းတွင် စွပ်ပေးရန် ပြုလိုက်၏။ သို့သော် ကျန်းဟူကျင်းက အစွပ်မခံ။ ရုတ်တရက် ခုန်ရှောင်လိုက်ပြီး...

'ရန်သူ့ ပစ္စည်းကို ကျုပ် ဘယ်တော့မှ မယူဘူး' ဟု အော်ဟစ်ပြောလေသည်။

ကျိုရှောင်မူ လွန်စွာ ရှက်သွား၏။ ဘာဆက်လုပ်ရမှန်းမသိအောင်လည်း ဖြစ်သွားရှာ၏။ ထိုစဉ် ကျန်းဟူကျင်းက...

'ခင်ဗျားတို့ အားလုံး သွားကြတော့လေ၊ ကျုပ် ငိုတော့မယ်၊ ကျုပ်ရန်သူတွေ တစ်ယောက်မကျန် ထွက်သွားတော့မှ ကျုပ် ငိုမှာဗျ' ဟု အော်ဟစ်ပြောနေပြန်၏။

ကျိုရှောင်မူက ညင်သာသော အသံဖြင့်...

'လူလေး ငါတို့က မင်းရဲ့ ရန်သူ မဟုတ်ပါဘူးကွယ်' ဟု ဆိုလေ၏။ ကျန်းဟူကျင်းက အံကြိတ်မြီး...

'ဟင်း... ရုပ်ရည်ပိုချောတဲ့ မိန်းမက ပိုပြီး လိမ်ညာလှည့်ဖြားတတ်တယ်ဗျ' ဟု ပြန်ပြော၏။

ကျိုရှောင်မူက မျက်နှာအပျက်ကြီးပျက်လျက် ရှက်စိတ်ဖြင့် နီမြန်းလာ၏။ ထိုအခါ ကျင့်ရှင်း မယ်သီလရှင်က ကြားဝင်၍...

www.burmeseclassic.com

www.burmeseclassic.com



'ညီမလေး… ကလေးနဲ့ ဖက်ပြီး ပြောမနေပါနဲ့တော့၊ ငါတို့ သွားကြပါစို့' ဟု ပြောပြီး ကျိုရှောင်မူအား ဆွဲခေါ်သွားလေ၏။

ကျန်းဟူကျင်းသည် ကျင့်ရှင်းမယ်သီလရှင်နှင့် ကျိုရှောင်မူ တို့အားလုံး ထွက်သွားတော့မှပင် ကြေကွဲနာကြည်းမှုများကို မထိန်း ချုပ်နိုင်တော့ဘဲ ရှိုက်ပွဲချ ငိုရန် ပြုလိုက်၏။ သို့သော် ရုတ်တရက် အပူလုံးဆို့ပြီး 'ကလီ' ဟုသာ အသံထွက်လာပြီးနောက် ပုန်းကနဲ လဲကျ သတိမေ့သွားရှာလေ၏။ သို့ဖြင့် ရီလင်တန်းက ကျန်းဟူကျင်း အား ကမန်းကတန်း ပွေ့ချီလိုက်ရ၏။ စင်စစ် ကျန်းဟူကျင်းသည် ရင်ထဲမှ ပူဆွေးမှုများကို အတင်းအောင့်ထား၍သာ ယခုကဲ့သို့ သတိ မေ့သွားခြင်း ဖြစ်ကြောင်း ရီလင်တန်း သိထား၏။ ထို့ကြောင့် သူက ကျန်းဟူကျင်း၏ ရင်ဝကို နှိပ်နယ်ပေးပြီး…

'လူလေး ငိုချလိုက်' ဟု အော်ပြောလေ၏။

သို့သော် ကျန်းဟူကျင်းမှာ လုံးဝ ပြန်လည် သတိမရရုံမျှ မက သူ့တစ်ကိုယ်လုံးလည်း အေးစက်လာ၏။ ထွက်သက်ဝင်သက် မှာလည်း လွန်စွာ တိုးညင်း ပျော့ပျောင်းလာပေသည်။

ရီလင်တန်းက ပူပန်သွားပြီး ကျန်းဟူကျင်း သတိပြန်လည် လာရန် နှိပ်နယ်ပေး၏။ သို့တိုင် ကျန်းဟူကျင်းမှာ သတိပြန်မရဘဲ ရှိနေ၏။ ထိုသောအခါ အားလုံးက ကျန်းဟူကျင်း မကြာခင်ပင်



အသက်ထွက်တော့မည်ကို သိကာ အသည်းကြွေလုမတတ် ခံစား လိုက်ရလေတော့၏။ ကျန်းဆန်းဖုန်းက သက်ပြင်းချ၍…

'ဒီကလေးရဲ့ စိတ်ဓါတ်က အင်မတန် ပြင်းထန်တာပဲကိုး' ဟု ပြောပြီး ကလေးကို ယူ၍ နောက်ကျောရှိ အကြောမတစ်ခုကို နှိပ်နယ်လိုက်၏။ ကျန်းဆန်းဖုန်းကဲ့သို့ သိုင်းပညာ လွန်စွာ ပြည့်ဝ သော ပုဂ္ဂိုလ်က ကြိုးစားအားထုတ်ပြီး ကုသပေးလျှင် ဒဏ်ရာမည်မျှ ပင် ပြင်းထန်စေကာမူ အသက်မသေသေးသရွေ့ ပြန်သတိရလာရ ပေမည်။ သို့သော် ယခု ကျန်းဟူကျင်းမှာ မည်သို့မျှ သတိမရဘဲ ရှိနေသည့်အပြင် တစ်ကိုယ်လုံးတုန်ယင်လာပြီး အသားရောင်လည်း စိမ်းပြာလာသည်ကိုသာ တွေ့ရ၏။

ကျန်းဆန်းဖုန်းသည် ကျန်းဟူကျင်း၏ နဖူးကို စမ်းသပ် ကြည့်လိုက်ရာ ရေခဲတုံးကဲ့သို့ အေးစက်နေသည်ကို ခံစားလိုက်ရ သဖြင့် အကြီးအကျယ် တုန်လှုပ်သွားရ၏။ သို့ဖြင့် သူက ကျန်း ဟူကျင်း၏ အင်္ကျီကို ကမန်းကတန်းချွတ်ပြီး နောက်ကျောကို စမ်းကြည့်လိုက်သောအခါ ကျန်းဟူကျင်း၏ နောက်ကျော တစ်နေရာ တွင် မီးခဲကဲ့သို့ အလွန်ပူနေပြီး ဘေးပတ်လည်တွင်မူ ရေခဲကဲ့သို့ အေးစက်နေသည်ကို ခံစားလိုက်ရ၏။ စင်စစ် ကျန်းဆန်းဖုန်းမှာ အတွင်းခံအား လွန်စွာ ပြည့်ဝသူ ဖြစ်၍သာ ဘာမျှမဖြစ်ခဲ့။ သာမန် အတွင်းခံအား ပြည့်ဝသူသာဆိုလျှင် ထိုဘေးပတ်လည်နေရာကို ထိ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်နှင့် ခိုက်ခိုက်တုန်ယင်သွားပေမည်။ ကျန်းဆန်းဖုန်းက ရုတ်တရက်...

'ချိုရှင်ချောင်း... မင်း...ဟို ကျန်းဟူကျင်းကို ခေါ်လာတဲ့ မွန်ဂိုစစ်သားလိုလူကို သွားရှာလာခဲ့စမ်း'

ချိုရှင်ချောင်းက ချက်ချင်းထွက်သွား၏။ ရီလင်တန်းက လည်း ထိုမွန်ဂိုစစ်သားလိုလူ၏ လက်ချက်ကို ကောင်းစွာ ခံရဖူး၍ သူ့ကိုဏ်းတူ အစ်ကိုကြီး တစ်ယောက်အည်းနှင့် မယှဉ်ပြိုင်နိုင်မည် စိုးသဖြင့်...

'ကျွန်တော်လည်း လိုက်သွားမယ် ဆရာ' ဟု ခွင့်ပန်ပြီး ချိုရှင်ချောင်းနှင့် အတူ လိုက်သွားလေ၏။

အမှန်မူ ကျန်းဆန်းဖုန်းသည် စောစောက ထိုမွန်ဂိုစစ်သား လိုလူအား ဖမ်းချုပ်ပြီး အခန်းထဲသို့ ခေါ်လာသည့် နောက်တွင် ချင်တူးတူးလည်း သေနေသည်ကို တွေ့မြင်သဖြင့် အားလုံး စိတ် ထိခိုက်ပူဆွေးနေကြစဉ် မွန်ဂိုစစ်သားလိုလူအား သတိမထားလိုက်မိ တော့ချေ။ ထို့ကြောင့် အခု ထိုမွန်ဂိုစစ်သားလိုလူ ဘယ်ရောက်သွားပြီ ကို မသိတော့ခြင်းဖြစ်၏။

ကျန်းဆန်းဖုန်းသည် ကျန်းဟူကျင်း၏ နောက်ကျောကို ကြည့်လိုက်ပြန်၏။ ထိုအခါ ကျန်းဟူကျင်း၏ ဖြူဖွေးသော ကျောပြင် ၌ ထင်ရှားသော စိမ်းနုရောင် လက်ဝါးရာကို တွေ့မြင်လိုက်ရသည်။ ကျန်းဆန်းဖုန်းက ထိုလက်ဝါးရာကို လက်ဖြင့် စမ်းကြည့်လိုက်ရာ



လက်ဝါးရာထဲတွင် ပူလောင်နေပြီး ထိုလက်ဝါးရာ၏ နံဘေးပတ် လည်တွင်တော့မှ လွန်စွာ အေးစက်လျက် ရှိနေ၏။ ထိုအချိန်၌ကွင်ပင် ချိုရှင်ချောင်းနှင့် ရီလင်တန်းတို့ ပြန်ရောက်လာကြ၏။ သူတို့က ရောက်လျှင်ရောက်ချင်း...

'ဆရာ... တောင်ပေါ်မှာ ဘယ်သူမှ မရှိတော့ဘူး' ဟု အစီရင်ခံကြ၏။

ထို့နောက် သူတို့နှစ်ဦးစလုံးသည် ကျန်းဟူကျင်း၏ နောက် ကျောရှိ ထူးဆန်းသော လက်ဝါးရာကို တွေ့ရသောအခါ လွန်စွာ ထိတ်လန့်သွားကြလေ၏။ ကျန်းဆန်းဖုန်းက မျက်မှောင်ကို တင်း ကျပ်စွာ ကုတ်ထားပြီးလျှင်...

'လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က ပေရှင်ရသေ့ သေပြီး တဲ့နောက်မှာ ဒီရက်စက်ပြီး ကြောက်စရာကောင်းလှတဲ့ လက်ဝါး စောင်းသိုင်းပညာ တိမ်ကောပျောက်ကွယ်သွားပြီလို့ ငါ ထင်နေ ခဲ့တယ်၊ အခုတော့ ဒီလောကမှာ ဒီပညာကို တတ်ကျွမ်းတဲ့လူ ရှိနေပါသေးကလား'

ရီလင်တန်းတို့လည်း ဤသိုင်းပညာ၏ နာမည်ကိုပင် တစ်ခါဖူးမျှ မကြားခဲ့ဖူးပေ။ ကျန်းဆန်းဖုန်းသည် ထိုသို့ ပြောပြီး ကျန်းဟူကျင်း၏ ကျောပေါ်မှ ရေခဲလက်ဝါးရာကို ငေးကြည့်နေ၏။ ချင်လိရှန်က...

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ဆရာ ဘာဆေးနဲ့ ကုမလဲ… ကျွန်တော် ဆေးသွားယူပေးမယ်' ဟု ဆို၏။

ကျန်းဆန်းဖုန်းကမူ သက်ပြင်းသာ ချနေပြီး ဘာမှ ပြန်မဖြေချေ။ သူ၏မျက်နှာပေါ်တွင် ရုတ်တရက် မျက်ရည်ပေါက်များ စီးကျလာ၏။ လက်နှစ်ဘက်မှာလည်း ကျန်းဟူကျင်းအား တင်းကျပ်စွာ ပွေ့ဖက်ထားပြီး မျက်လုံးမှာမူ ကျန်းချွေးဆန်းတို့ ဇနီးမောင်နှံ၏ အလောင်းကိုသာ စိုက်ကြည့်နေလေသည်။ အတန်ကြာမှပင် ကြေကွဲဆွေးမြည့်သော အသံဖြင့်…

'ကျန်းချွေးဆန်း…ကျန်းချွေးဆန်း… ငါ့တပည့်လေးရယ်၊ မင်းသေခါနီးမှာ မင်းရဲ့သားလေးကို လူလားမြောက်အောင် စောင့်ရှောက်ဖို့ ငါ့ကို ကတိတောင်းခဲ့တယ်နော်၊ ဒါပေမယ့်… ငါ့တပည့်ရယ်… ငါက မင်းရဲ့ တစ်ဦးတည်းသော သားရဲ့ အသက်ကိုတောင်မှ မကယ်နိုင်ပါတော့လားကွယ်၊ ဒီတော့ ငါ လူ့လောကမှာ အသက်တစ်ရာ နေလာခဲ့တာဟာ ဘာများ အဓိပ္ပါယ်ရှိတော့မှာလဲ၊ ဟူတန်းဂိုဏ်း ဒီလောက် နာမည်ကြီးတာလည်း အလကားပဲပေါ့၊ ငါ… သေတာပဲ ကောင်းပါတယ် ချစ်တပည့်ရယ်'

ထိုစကားကို ကြားသော် အားလုံး ထိတ်လန့် တုန်လှုပ်သွားကြ၏။ အကြောင်းမူကား သူတို့သည် ဆရာနှင့်အတူ နေထိုင်လာခဲ့သည့် အချိန်တစ်လျှောက်လုံးတွင် သူတို့ ဆရာသည် ပျော်ပျော်



နေ စိတ်အေးအေးထားတတ်သည်ကိုသာ တွေ့ရပြီး ယခုကဲ့သို့ လွန်စွာ စိတ်ဓာတ်ကျဆင်းသော ရင်နင့်ကြေကွဲဖွယ် စကားမျိုး ပြောသံ တစ်ခါမျှ မကြားဖူးခဲ့သောကြောင့်ပင် ဖြစ်ပါ၏။ ချင်လိရှန်က…

'ဆရာ… ဒီကလေးကို တကယ်ပဲ မကယ်နိုင်တော့ဘူးလား' ဟု မေးလေ၏။

ကျန်းဆန်းဖုန်းသည် ကလေးကို ရင်ခွင်ထဲတွင် ပွေ့ဖက်ထားပြီး ခန်းမဆောင်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက်ရှိနေလေ၏။ သို့လျှောက်ရင်း သူက…

'ငါ့ရဲ့ဆရာ ကြွယ်ရှင်ဆရာတော်ကြီး အသက်ပြန်ရှင်လာပြီး နေ့စကြာသိုင်းကျင့်စဉ်တွေ အားလုံး သင်ပေးတော့မှ ငါက ဟောဒီ ကလေးကို ကယ်နိုင်မှာ' ဟု ဆိုလေသည်။

ချီရှင်ချောင်းတို့ အားလုံးမှာ ထိုစကားကို ကြားသော် တစ်ကိုယ်လုံး အေးစက်သွားကြ၏။

မှန်သည်။ ကြွယ်ရှင်ဆရာတော်မှာ လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်ကပင် ပျံလွန်တော်မူသွားပြီးဖြစ်ရာ အဘယ်သို့လျှင် အသက်တစ်ဖန် ပြန်ရှင်လာနိုင်တော့ပါမည်နည်း။ ဤသို့ဆိုလျှင် ဤကလေးငယ်သည် အသက်ပြန်၍ ရှင်နိုင်ဖွယ်ရာ အကြောင်း မရှိတော့ပါတကား။ ရီလင်တန်းက…

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ... ကျွန်တော် ဟိုနေ့တုန်းက ဒီလူနဲ့ လက်ဝါးစောင်းချင်း ယှဉ်ရိုက်လိုက်တဲ့အခါမှာ ဒီလူရဲ့ လက်ဝါးစောင်းအားက အတော်ကို ကြောက်စရာ ကောင်းတာပဲ ဆရာ၊ ကျွန်တော် ချက်ချင်း ဒဏ်ရာရသွားတယ် ဆရာ၊ ဒါပေမယ့် ကျွန်တော် အခု ဒဏ်ရာ ပျောက်သွားပြီးပဲ၊ ကျွန်တော် ဘာမှ မဖြစ်တော့ပါလား ဆရာ'

ကျွန်းဆန်းဖုန်းက...

'ဒါက ဒီလိုကွယ့်၊ မင်းတို့ ဟူတန်း ခုနစ်မဟာ်ရဲ့ နာမည်က သိုင်းလောကမှာ သိပ်ကြီးနေတော့ မင်းကံကောင်းသွားရတာပေါ့၊ ဒီ ရေခဲလက်ဝါးသိုင်းပညာကို အသုံးပြုတဲ့အခါမှာ ကိုယ့်ထက်သိုင်းအားသာတဲ့လူနဲ့တွေ့ရင် ကိုယ်ကပြန်ဒဏ်ခံရမှာဖြစ်လို့ သူက အားကုန် မထုတ်ရဲဘူးလေ၊ အဲ... နောက်တစ်ခါ ဒီလူနဲ့တွေ့ရင် သတိထားပေတော့၊ သူနဲ့ ဘယ်တော့မှ လက်ဝါးချင်းယှဉ်ပြီး မရိုက်ပါနဲ့'

သူတို့အားလုံး တွေဝေငေးကြောင်သွားကြ၏။ ထိုသို့ရှိစဉ် ရုတ်တရက် ကျွန်းဟူကျင်း၏ ကြေကွဲဖွယ်အော်သံကို ကြားလိုက်ရ၏။

'ဖေဖေ... ဖေဖေ၊ သားတစ်ကိုယ်လုံး နာနေတယ်၊ သိပ်နာတယ်'

ကျွန်းဟူကျင်းသည် ထိုသို့ ရုတ်တရက် အော်ပြီးလျှင် ကျွန်းဆန်းဖုန်း၏ ကိုယ်လုံးကို အတင်းပင် ဖက်ထားလိုက်၏။



ဦးခေါင်းကိုလည်း ကျွန်းဆန်းဖုန်း၏ရင်ခွင်ထဲသို့ အတင်းထိုးလိုက်၏။ ကျွန်းဆန်းဖုန်းက အံကိုကြိတ်၍...

'ငါတို့အားလုံး အစွမ်းကုန်ကြိုးစားပြီး လုပ်ကြတာပေါ့၊ ဒီကလေး သုံးလေးနာရီ အသက်ပိုရှည်ရင်လဲ သုံးလေးနာရီပေါ့၊ ဒီကလေးရဲ့ အသက်က ဘုရားသခင်ကြီးရဲ့စေတနာပေါ် တည်နေတယ်ကွယ်'

ကျွန်းဆန်းဖုန်းက ထိုသို့ပြောပြီး ကျွန်းချွေးဆန်း၏ အလောင်းကို မျက်ရည်စက်လက်ဖြင့်...

'ကျွန်းချွေးဆန်း...ကျွန်းချွေးဆန်း၊ မင်းက တကယ့်ကိုကံဆိုးတဲ့လူပဲ' ဟု ရေရွတ်လေ၏။

ထို့နောက် ကျွန်းဆန်းဖုန်းသည် ကျွန်းဟူကျင်းအား အခန်းထဲကို ပွေ့ယူဆောင်ပြီး ခုတင်ပေါ်တွင် အသာအယာ တင်ထားလိုက်၏။

ပြီးလျှင် ကျွန်းဟူကျင်း၏ တစ်ကိုယ်လုံးရှိ ဝင်မအကြောပေါင်း နှစ်ဆယ့်ရှစ်နေရာကို ထိုးပိတ်ထားလိုက်လေ၏။ ကျွန်းဟူကျင်းသည် အကြောများထိုးပိတ်ခံရပြီးနောက် ကိုယ်လုံးမှာ လုံးဝမတုန်ယင်တော့ချေ။ သို့သော် သူ၏မျက်နှာမှာမူ တဖြည်းဖြည်းအစိမ်းရင့်ရောင်သမ်းလာလေ၏။

ကျွန်းဆန်းဖုန်းသည် ကလေး၏မျက်နှာအရောင်က လုံးဝအစိမ်းရင့်ရောင် ပြောင်းသွားသည်နှင့် အသက်ထွက်တော့မည်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိထား၏။ သို့ဖြင့် သူသည် အင်္ကျီကို ကမန်းကတန်း ချွတ်၍ ကျန်းဟူကျင်း၏ နောက်ကျောကို သူ့ရင်ဘတ်ဖြင့် ဖိကပ်ထားလိုက်လေ၏။

ထိုစဉ်တွင် ရီလင်တန်း၊ ကျန်းဆုံကျီးနှင့် မော်ကုဆန်းတို့သည် ကျန်းချွေးဆန်းတို့ ဖနီးမောင်နှံ၏ အသုဘကိစ္စအတွက် ပြင်ဆင်နေကြ၏။ ချို့ရှင်ချောင်းနှင့် ချင်လီရှန်တို့ကမူ ဆရာ့အခန်းထဲသို့ ဝင်ပြီး ကျန်းဟူကျင်း၏ အခြေအနေကို ကြည့်ကြ၏။ ထိုအခါ သူတို့ဆရာက သူ့ကိုယ်ထဲမှ အတွင်းအင်အားဖြင့် ကျန်းဟူကျင်း၏ ကိုယ်ထဲရှိ အအေးဓာတ်များကို ပူနွေးလာစေရန် ကြိုးပမ်းနေကြောင်း သိလိုက်ရလေ၏။ ချို့ရှင်ချောင်းတို့သည် ဆရာ့နံဘေးတွင် ရပ်လျက် အခြေအနေကို ရင်တမမဖြင့် စောင့်ကြည့်နေလိုက်ကြ၏။

အကြောင်းမှာ သူတို့ဆရာသည် အသက်အရွယ်ကြီးပြီဖြစ်၍ အင်အားမနိုင်ဘဲ ထိုအအေးဓာတ်အဆိပ်များက ဆရာ့ကိုယ်ထဲသို့ ဝင်ရောက်လာမည်ကို စိုးရိမ်သောကြောင့်ပင် ဖြစ်ပါ၏။ သို့ဖြင့် နာရီဝက်ခန့်ကြာသောအခါ ကျန်းဆန်းဖုန်း၏ မျက်နှာပေါ်တွင် အစိမ်းရောင်အရိပ်များ တက်လာသည်ကို တွေ့ရပြီး လက်ချောင်းများလည်း တုန်ယင်လာသည်ကို တွေ့လိုက်ရလေ၏။ ထိုအချိန်ကျမှပင် ဆရာကြီး ကျန်းဆန်းဖုန်းသည် မှိတ်ထားသောမျက်လုံးအစုံကို ဖွင့်၍…

'ရီလင်တန်း… မင်း ဆက်လုပ်လိုက်စမ်း၊ မခံနိုင်တဲ့အခါကျရင် ကျန်းဆုံကျီးကို ဆက်လုပ်ခိုင်း၊ အတင်း အောင့်မခံနဲ့နော်'



ထိုအခါ ရီလင်တန်းက အင်္ကျီကိုချွတ်၍ ကျန်းဟူကျင်းအား ရင်ခွင်ထဲသို့ ပိုက်ထွေးလိုက်၏။ ထိုသို့ အသားချင်း ထိကပ်လိုက်သည်နှင့်အတူ ရီလင်တန်း တစ်ကိုယ်လုံး ခိုက်ခိုက်တုန်သွားလေ၏။ ဆရာကြီးကျန်းဆန်းဖုန်းက အခြေအနေကို အကဲခတ်ပြီးလျှင်…

'မော်ကုဆန်း… အခန်းထဲကို မီးဖိုတွေ ယူလာပြီး မီးမွှေးလိုက်စမ်း' ဟု အမိန့်ပေးသံဖြင့် ဆိုလေ၏။

အခန်းထဲ၌ မော်ကုဆန်း မီးမွှေးပေးပြီးသောအခါမှပင် ရီလင်တန်းလည်း အနည်းငယ် အအေးသက်သာသွား၏။ သူသည် မလျှော့သောစွဲဖြင့် အတွင်းအင်အားကို စုစည်းပြီး ကျန်းဟူကျင်း၏ ကိုယ်တွင်းရှိ အအေးဓာတ်ကို ဖြည်းဖြည်းချင်း ပြောင်းလဲစေနေ၏။ ဆရာကြီးကျန်းဆန်းဖုန်းလည်း ဘေးတွင် တင်ပျဉ်ခွေထိုင်ပြီး အတွင်းအားကျင့်စဉ်ကို ကျင့်လိုက်ရ၏။ သူ့ကိုယ်တွင်းသို့ ရောက်ရှိလာသော အအေးဓာတ်အဆိပ်များကို တဖြည်းဖြည်းချင်း ပြန်ထုတ်နေခြင်းပင် ဖြစ်ပါ၏။ သို့ဖြင့် ကျန်းဆန်းဖုန်းသည် သူ့ကိုယ်တွင်းရှိ အအေးဓာတ်အဆိပ်များ ကုန်သွားသောအခါမှပင် မျက်လုံးကိုဖွင့်၍ မတ်တတ်ရပ်လိုက်၏။

ထိုအချိန်တွင် ကျန်းဟူကျင်းမှာ မော်ကုဆန်း၏ ရင်ခွင်ထဲသို့ ရောက်ရှိနေပေပြီ။ ရီလင်တန်းနှင့် ကျန်းဆုံကျီးတို့မှာမူ ဘေးတွင်ထိုင်၍ အအေးဓာတ်အဆိပ်များကို သူ့ဆရာနည်းအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြည်းညင်းစွာ ပြန်ထုတ်နေရလေသည်။ ထို့နောက် မော်ကုဆန်းက မခံနိုင်သောအခါ ချိုရှင်ချောင်းက ဆက်၍ ကုစားပြန်၏။ အတွင်းအင်အားသိုင်းတွင် ချိုရှင်ချောင်းက အထက်မြက်ဆုံးဖြစ်၍ တပည့်ငါးယောက်ထဲတွင် သူက ကျန်းဟူကျင်းအား အချိန်အကြာဆုံး ပွေ့ဖက်ထားနိုင်လေ၏။

ဤလိုနှင့်ပင် ဆရာတပည့်ခြောက်ယောက်သည် သုံးရက်တိုင်တိုင် ကျန်းဟူကျင်း၏ ကိုယ်တွင်းမှ အအေးဓာတ်အဆိပ်ကို ထုတ်ယူကုစားပေးခဲ့၏။ ထို့ကြောင့် သူတို့အားလုံး ပင်ပန်း နွမ်းနယ်ကြရလေ၏။ ကံကောင်းထောက်မ၍ပင် ဆိုရမည်လား မပြောတတ်။ သူတို့ဆရာကပင် လက်လျှော့ရမည်လို ရှိခဲ့သော ကျန်းဟူကျင်းသည် ယခုမူ ကိုယ်တွင်းမှ အအေးဓာတ်အဆိပ်များ တဖြည်းဖြည်း လျော့ပါးသွားခဲ့၏။ ထိုအခါသူတို့က တစ်ယောက်ချင်း၏ ခံနိုင်ရည်မှာလည်း ပို၍ အချိန်ကြာမြင့်လာလေ၏။ ထို့ကြောင့် သူတို့သည် တစ်ယောက်တစ်လှည့်စီ အနားယူ အိပ်စက်နိုင်ခဲ့ကြ၏။

ရှစ်ရက်မြောက်သောနေ့တွင်မူ သူတို့သည် ကျန်းဟူကျင်းအား တစ်ယောက်လျှင် ရှစ်နာရီစန့် ကုသပေးနိုင်ခဲ့၏။ ဤသို့ဖြင့် အစပိုင်းတွင် ကျန်းဟူကျင်းသည် အတော်ပင် အခြေအနေ တိုးတက်ကောင်းမွန်လာ၏။ အအေးဓာတ်မှာလည်း တစ်နေ့တခြား သိသိသာသာ လျော့နည်းလာပြီးလျှင် အစားအစာလည်း စားသောက်နိုင်ခဲ့



လေ၏။ ထို့ကြောင့် သူတို့သည် ကျန်းဟူကျင်းလေး၏ အသက်ကို အောင်မြင်စွာ ကယ်တင်နိုင်ခဲ့ပြီဟု ထင်မှတ်ခဲ့ကြ၏။ သို့သော် သုံးဆယ့်ခြောက်ရက်ပြည့်မြောက်သော အခါတွင်မူ ကျန်းဟူကျင်း၏ အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာသည်ကို တွေ့ရ၏။ သူတို့သည် ဘယ်ကဲ့သို့ပင် ကြိုးစား၍ အအေးဓာတ်များကို ထုတ်ယူရန် ကြိုးစားသော်လည်း ကျန်းဟူကျင်း၏ ကိုယ်ထဲတွင် အအေးဓာတ် မရှိတော့သကဲ့သို့ ဘယ်လိုမျှ ထုတ်ယူ၍ မရတော့ပါချေ။

သူတို့က နည်းအမျိုးမျိုးဖြင့် ကြိုးစားသော်လည်း အချည်းနှီးပင် ဖြစ်ခဲ့၏။ ထိုအခါ စကားအနည်းငယ် ပြောလာနိုင်သော ကျန်းဟူကျင်းက...

'ဆရာ ဘိုးဘိုး၊ သားရဲ့ ခြေထောက်တွေကတော့ နွေးလာပါပြီ၊ ဒါပေမယ့် သားရဲ့ ရင်ဝနဲ့ ချက်အောက် သုံးနေရာမှာတော့ ကြာလေ အေးလေ ဖြစ်လာတယ် ဘိုးဘိုး' ဟု ဆိုရှာလေသည်။

ထိုစကားကိုကြားသော် ဆရာကြီးကျန်းဆန်းဖုန်း ရင်တစ်ချက် ထိတ်ခနဲခုန်သွား၏။ သူက ကျန်းဟူကျင်းအား..

'သားလေး... မင်းရဲ့ဒဏ်ရာက ပျောက်သွားမှာပါ၊ ငါတို့ အခု အရင်ကလို မင်းကို တစ်နေကုန်လုံး ပွေ့ချီထားဖို့ မလိုတော့ဘူးလေ၊ အခု ဘိုးဘိုးရဲ့ ခုတင်မှာ မင်းသွားအိပ်လိုက်နော်' ဟု နှစ်သိမ့်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်းက 'ဟုတ်ကဲ့' ဟု ပြောပြီး ဆရာကြီး ကျန်းဆန်းဖုန်းနှင့် ချူရွှင်ချောင်းတို့အား ဦးချလေ၏။ ပြီးနောက် သူက 'ဘိုးဘိုး... ဘကြီးနှင့် ဦးလေးတို့က သားသားအသက်ကို ကယ်ခဲ့တဲ့အတွက် သားသား တသက်လုံး မမေ့ပါဘူး၊ သားသား သိုင်းပညာကို ကောင်းကောင်းသင်ပြီး နောင်တစ်ချိန်မှာ ဖေဖေနဲ့မေမေ ကိုယ်စား တိုင်းပြည်ရန်သူများကို တိုက်ထုတ်ရမယ်' ဟု ဆိုသည်။

အားလုံးက ကျန်းဟူကျင်းစကားကို ကြားသော် ရင်ထဲတွင် ဝမ်းနည်းကြေကွဲစွာ ခံစားလိုက်ရလေ၏။

ဆရာကြီးကျန်းဆန်းဖုန်းက ကျန်းဟူကျင်း အိပ်ပျော်သွားချိန်ကျမှပင် သူ့တပည့် အားလုံးကို ခန်းမကြီးထဲသို့ ခေါ်ပြီး သက်ပြင်းချကာ...

'အခု...အအေးဓာတ်က သူ့ငယ်ထိပ် ရင်ဝနဲ့ ချက်အောက်မှာ သွားစုနေတယ်၊ ငါတို့ရဲ့အစွမ်းနဲ့တော့ ဘယ်လိုမှ အအေးဓာတ် ထုတ်ယူလို့ မရနိုင်တော့ဘူး၊ ငါတို့ ကြိုးစားခဲ့သမျှ အလကား ဖြစ်သွားပြီတပည့်တို့...၊ ဒါပေမယ့် သူ ဘယ်လိုကြောင့် ဒီလို ဖြစ်ခဲ့ရတယ်ဆိုတာ ဆရာ စဉ်းစားလို့မရဘူးကွာ' ဟု ဆိုလေ၏။

ထိုအခါ ရီလင်တန်းက ကျန်းချွေးဆန်း မသေမီ သူ့အား ပြောပြခဲ့ဘူးသော အကြောင်းအရာကို ပြောပြလိုက်၏။ ထိုအကြောင်းအရာမှာ အခြားမဟုတ်၊ ရုက်စွန်းက ကျန်းဟူကျင်းလေးအား သိုင်းပညာမျိုးစုံ၏ ကျင့်စဉ်များကို အလွတ်ကျက်မှတ်ခိုင်းခဲ့သော အဖြစ်အပျက် အကြောင်းအရာပင် ဖြစ်ပါ၏။ ရီလင်တုန်း၏ ပြောပြချက်အဆုံးတွင် ဆရာကြီး ကျန်းဆန်းဖုန်းက စားပွဲခုံကို လက်ဖြင့် တစ်ချက်ပုတ်ပြီး...

'ဟုတ်ပြီ၊ လှက်စသတ်တော့ သူက ရုက်စွန်းရဲ့ အင်မတန်ထူးခြားတဲ့ သိုင်းပညာတွေကို တတ်ထားတာကိုး၊ ဒါပေမယ့် ရုက်စွန်းတတ်တဲ့ သိုင်းပညာက ဘာလဲ'

သို့နှင့် သူသည် အိပ်ပျော်နေသော ကျန်းဟူကျင်းကို နှိုးပြီး ခန်းမကြီးထဲသို့ ခေါ်ကာ...

'လူလေးရေ... မင်းကို ဘိုးဘိုးက သိုင်းပညာ ဘယ်လောက်တော်သလဲ ဆိုတာ စစ်မလို့ကွယ်၊ ကဲ... မင်းက ဘိုးဘိုးကို လက်ဝါးစောင်းနဲ့ သုံးချက်ခုတ်စမ်း' ဟု ခိုင်းလေ၏။

ကျန်းဟူကျင်းက 'ဟင့်အင်း... သား ဘိုးဘိုးကို မခုတ်ရဲဘူး' ဟု ငြင်းဆို၏။

ဆရာကြီးကျန်းဆန်းဖုန်းက ပြုံး၍...

မင်း မခုတ်ရင် ဘိုးဘိုးက မင်းရဲ့ သိုင်းပညာ ဘယ်လောက်ရှိတယ်ဆိုတာ ဘယ်လိုလုပ် သိမှာလဲ၊ အဲဒီလို မင်းရဲ့ပညာ အဆင့်ကို မသိရင် ဘိုးဘိုးက ဘယ်လိုလုပ်ပြီး မင်းကို သိုင်းပညာ သင်ကြားပေးရမှာလဲ လူလေး'

F - 3 (A)



www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်းက...

'ကောင်းပါပြီ ဘိုးဘိုး၊ ဘိုးဘိုး ခိုင်းတဲ့အတိုင်း သားသားက လက်ဝါးစောင်းနဲ့ ခုတ်ပါ့မယ်၊ ဒါပေမယ့် ဘိုးဘိုးက သားကို အားနဲ့ ပြန်မချရဘူးနော်' ဟု ဆိုရှာ၏။

ကျန်းဆန်းဖုန်းက ရယ်၍...

'သားသား ဘာမှ မကြောက်ပါနဲ့ ခုတ်သာခုတ်' ဟု ဆိုလိုက်ရာ ကျန်းဟူကျင်းသည် တကယ့် သိုင်းသမားကြီးတစ်ယောက်၏ သွင်ပြင်ဟန်ဖြင့် ရုတ်တရက် ဘေးသို့ စောင်း၍ လျှောက်သွားလိုက်ပြီး လျှင် ညာလက်ဝါးစောင်းက ဘယ်လက်အောက်မှ ဖြတ်၍ အပေါ်မှ အောက်သို့ ခပ်စောင်းစောင်း ခုတ်ချလိုက်လေ၏။ ကျန်းဆန်းဖုန်းက လက်ဝါးစောင်းခုတ်ချက်ကို ဘယ်လက်ဝါးဖြင့် အသာအယာ ခံယူလိုက်၏။ ထိုအခါ ကျန်းဟူကျင်းသည် သူ၏ လက်ဝါးစောင်းက လေထဲတွင် ခုတ်လိုက်မိသကဲ့သို့ ထင်လိုက်ရ၏။ ကျန်းဆန်းဖုန်းက ခေါင်းတစ်ချက်ညိတ်၍...

'မဆိုးဘူး ဆက်လုပ်' ဟု ဆိုသည်။

ထို့နောက် ကျန်းဟူကျင်းက ကိုယ်ကို နောက်လှည့်၍ နောက်ပြန်တစ်ချက် ခုတ်လိုက်၏။ ထိုအခါ ကျန်းဆန်းဖုန်းက ညာလက်ဖြင့် ခုတ်ချက်ကို ခံယူလိုက်ပြန်သည်။ ကျန်းဟူကျင်းမှာ ပထမ





လက်ဝါးစောင်းခုတ်ချက်ကဲ့သို့ပင် လေထဲတွင် ရိုက်လိုက်မိသကဲ့သို့ ခံစားလိုက်ရပြန်၏။ ကျန်းဆန်းဖုန်းက...

'သိပ်ကောင်းတယ်၊ ငယ်ငယ်လေးနဲ့ ဒီလောက်ထိ ကျင့်နိုင် တယ်ဆိုတာ တကယ် မလွယ်တာ' ဟု ချီးကျူးလိုက်၏။

ကျန်းဟူကျင်းမှာ မျက်နှာနီမြန်းသွားပြီး...

'ဘိုးဘိုး... သားသား ဘိုးဘိုးကို မရိုက်တော့ဘူး၊ အလကား ပဲ ဘိုးဘိုးကို ထိမှမထိနိုင်ဘဲနဲ့' ဟု ဆို၏။

ကျန်းဆန်းဖုန်းက ပြုံး၍...

'သားသားကလဲ လိမ္မာသားနဲ့၊ ကဲ... နောက်တစ်ချက်တော့ ခုတ်လိုက်ဦးကွာ' ဟု ချော့လိုက်၏။

ကျန်းဟူကျင်းက ဘယ်လက်ကို စက်ဝိုင်းကဲ့သို့ လည်စေ လိုက်ပြီး ညာလက်ဝါးကို အလည့်တည့်တည့်မှ ရိုက်ထုတ်လိုက်၏။ ထိုအခါ ကျန်းဆန်းဖုန်းက ကျန်းဟူကျင်း သုံးလိုက်သော သိုင်းကွက် သုံးကွက်မှာ ကျန်းဆန်းဖုန်း၏ဆရာ ဘုန်းတော်ကြီး ကြည့်ရှင်တို့ ခေတ်ကာလက သိုင်းဆရာကြီးကောကျင့်၏ နဂါးနိုင်လက်ဝါး စောင်း ဆယ့်ရှစ်ကွက်ထဲမှ သုံးကွက်ဖြစ်ကြောင်း သိလိုက်လေ၏။ အမှန်မှု ရှက်ဗွန်း၏ သိုင်းပညာမှာ ဟိုစပ်စပ် သည်စပ်စပ်နှင့် အတော်ပင် စုံလင် ပျံ့နှံ့လှ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျန်းဆန်းဖုန်းသည် ရှက်စွန်းက ကျန်းဟူကျင်းအား အလွတ်ကျက်ခိုင်းခဲ့သော သိုင်းပညာများကို တစ်ခုချင်း မေးမြန်းလေ၏။ ကျန်းဟူကျင်းက တစ်ခုချင်း ပြန်လည်ရွတ်ပြသောအခါ ကျန်းဆန်းဖုန်းသည် နားထောင်ရင်းက အံ့သြနေရလေသည်။ ထိုအခါ ရှက်စွန်း၏ သိုင်းပညာမှာ အမှန်ပင်ခက်ခဲ နက်နဲပြီး ဂိုဏ်းပေါင်းစုံ၏ သိုင်းပညာကို စုစည်းထားခြင်းဖြစ်ကြောင်း သိရှိသွား၏။ သို့ရာတွင် ရှက်စွန်းသည် သိုင်းပညာပေါင်းစုံကို တစ်ခုတည်းဖြစ်အောင် မပေါင်းစည်း မတီထွင်နိုင်ခဲ့သဖြင့်သာ လွန်စွာမြင့်မားကောင်းမွန်သော သိုင်းပညာ အနှစ်သာရကို မရရှိခဲ့ကြောင်း သဘောပေါက်သွား၏။

ကျန်းဆန်းဖုန်းသည် ကျန်းဟူကျင်းက သိုင်းကွက် အမြောက်အမြားကို လုံးဝမကစားပြနိုင်သည့်တိုင် အလွတ်ရအောင် ကျက်ရွတ်နိုင်သည်ကို တွေ့သော် ခေါင်းညိတ်၍...

'ကောင်းတယ်၊ သိပ်ကောင်းတယ်' ဟု ချီးကျူးနေပြန်၏။ သူ့စိတ်ထဲမှလည်း ရှက်စွန်း၏သဘောကို ကောင်းကောင်းသိလိုက်၏။ အမှန်မှု ရှက်စွန်းသည် ကျန်းဟူကျင်းအား ထိုကျွန်းတွင် တစ်သက်လုံး တိမ်ကောမနေစေချင်။ ပြီးလျှင် တိုတောင်းသောနှစ်အတွင်း မိမိတတ်သမျှ သိသမျှအားလုံးကို ကျန်းဟူကျင်းအား ပေးချင်၏။ ထို့ကြောင့် အလွတ်သာ ကျက်ခိုင်းပြီး နောက်တစ်ချိန်တွင် ကျန်းဟူကျင်း အရွယ်ရောက်သောအခါတွင်မှ သူ၏ထက်မြက်သော ဉာဏ်စွမ်းဖြင့် ဤသိုင်းပညာကို ဖြည်းဖြည်းနှင့် အားလုံးနားလည် သဘောပေါက်လာမည်ဟု တွက်ထားခြင်း ဖြစ်ကြောင်း ကျန်းဆန်းဖုန်း သိရှိလေတော့၏။



✣ ✣ ✣ ✣ ✣

ကျန်းဆန်းဖုန်းသည် ကျန်းဟူကျင်း၏ လက်ဝါးစောင်းခတ်ချက်သုံးချက်ကို ခံယူကြည့်လိုက်သည်နှင့် ကျန်းဟူကျင်း၏ အတွင်းအားသိုင်းမှာ လွန်စွာ ရှုတ်ထွေးပြီး ခိုင်မြဲခြင်း မရှိကြောင်း သိလိုက်၏။ ထို့ကြောင့် ယခု ရေခဲလက်ဝါးစောင်း၏ အအေးဓာတ်အဆိပ်များသည် ကိုယ်ခန္ဓာထဲသို့ ရောက်သွားပြီးပါက ချက်ချင်း အမြစ်တွယ်ပြီး ပြန်လည်ထုတ်ယူရန် လွန်စွာ ခက်ခဲကြောင်း သိလိုက်လေ၏။

ထိုအခါ ကျန်းဆန်းဖုန်းက စိတ်ထဲမှ စဉ်းစားလိုက်၏။

'အင်း... သူ့ကိုယ်ထဲက အအေးဓာတ်အဆိပ်ကို ဖြေဖို့အတွက် အပြင်လူအနေနဲ့ ဘယ်လိုမှ မကူညီနိုင်တော့ဘူး၊ ဒါပေမယ့် သူကိုယ်တိုင်သာ နေစကြာ သိုင်းကျင့်စဉ်ထဲက အတွင်းအား သိုင်းကျင့်စဉ်ကို လေ့ကျင့်ရင်တော့ အပူဓာတ်က အအေးဓာတ်ကို ပြယ်စေ

www.burmeseclassic.com



နိုင်မှာ သေချာတယ်၊ ဒါပေမယ့် ငါကိုယ်တိုင်ကလဲ ငါ့ဆရာ သေဆုံး ခါနီးတုန်းက ရွတ်ခဲ့တဲ့ နေစကြာသိုင်းကျင့်စဉ်ရဲ့ ကျမ်းစာတွေကို အားလုံး မမှတ်မိဘူး၊ တစ်စိတ် တစ်ဒေသသာလျှင် မှတ်မိခဲ့တယ် နောက်ပိုင်း အတင်းခွဲနဲ့ ကြိုးစားတော့မှ ဆယ်ပုံ သုံးပုံလောက်ပဲ ကျင့်လို့ရခဲ့တာ၊ အခု လက်ရှိအခြေအနေနဲ့ဆို မတတ်နိုင်တော့ဘူး သူ့ကို ဒီအတိုင်းပဲ လေ့ကျင့်ခိုင်းရမှာပဲ၊ ဘယ်လို ထူးခြားလာမယ် ဆိုတာ စောင့်ကြည့်ရမှာပေါ့'

သို့ဖြင့် ကျန်းဆန်းဖုန်းသည် ကျန်းဟူကျင်း မပြည့်မ တတ်ထားခဲ့သော နေစကြာအတွင်းအား သိုင်းကျင့်စဉ်ကို သင်ကြား ပေးလိုက်လေ၏။

ကျန်းဟူကျင်းလည်း ထိုအတွင်းအားသိုင်းကျင့်စဉ်အတိုင် နေ့ စဉ် လေ့ကျင့်ခဲ့ရာ နှစ်,နှစ်မျှကြာသော် သူ့ကိုယ်ထဲတွင် အတွ အား အနည်းငယ် ရှိလာလေ၏။ သို့သော် သူ့ကိုယ်ခံထဲရှိ အအေ ဓာတ် အဆိပ်မှာမူ အမှန်ပင် ပြင်းထန်လွန်းသဖြင့် သူ့ကိုယ်တွင်း အတွင်းအား၏ အပူဓာတ်လောက်နှင့် ထိုအအေးဓာတ်ကို မလွှမ်းမြ စေနိုင်ခဲ့ချေ။ ထို့ကြောင့် ကျန်းဟူကျင်း၏ မျက်နှာမှာ တစ်နေ့တ ခြား ပို၍ စိမ်းပြာလာလေ၏။ အအေးဓာတ် အဆိပ်တက်သည့် အခ တိုင်းတွင်လည်း တစ်ခါတက် တစ်ခါ ဆိုသလို သိသိသာသာ ပြင် ထန်စွာ ဝေဒနာ ခံစားလာရရှာသည်။



သည် နှစ်,နှစ်မျှ အချိန်အတွင်းတွင် ကျန်းဆန်းဖုန်းသည် ကျန်းဟူကျင်းအား အတွင်းအားသိုင်းပညာကိုသာ ထပ်တလဲလဲ လေ့ကျင့်စေခဲ့၏။

ချိုရှင်ချောင်းတို့မှာမူ နေရာ အနှံ့အပြား လှည့်လည်ပြီး ဆေးကောင်းဝါးကောင်းများ ရှာပေးကြ၏။ အနှစ်တစ်ရာကျော်ပြီ ဖြစ်သော ဆေးမြစ်ဆေးရွက်များအပြင် နှင်းတောင်မှ လွန်စွာ ရှားပါး သော ဆေးမြစ်လူ၊ အစရှိသော လွန်စွာ အဖိုးထိုက်တန်သည့် ဆေး များကိုပါ ကျန်းဟူကျင်းအတွက် ရှာလာပြီးလျှင် ကျွေးမွေးကြ၏။

သို့သော် ကျန်းဟူကျင်း၏ အခြေအနေမှာ တိုးတက်မလာ ဘဲ တစ်နေ့တစ်ခြားသာ ပိန်လှီလာသည်ကို တွေ့ရသောအခါ သူတို့ လွန်စွာ စိတ်ထိခိုက် သွားကြရလေ၏။ အထူးသဖြင့် ကျန်းဟူကျင်း သည် သူ့ဘကြီး၊ ဦးလေးများ စိတ်မကောင်းမည် စိုးသဖြင့် အအေး ဓာတ် အဆိပ်တက်သောအခါတွင် အတင်းအောင့်အည်းပြီး မျက်နှာ ကို အတင်းကြိုးစား ပြုံးပြထားသော အဖြစ်ကို တွေ့ရသော် ပို၍ ဆို့နင့်စွာ ခံစားလိုက်ကြရလေ၏။ သို့ဖြင့် ဟူတန်းဂိုဏ်းသည် ကျန်း ဟူကျင်း၏ ကိုယ်ထဲမှ အဆိပ်တို့သာ ပျောက်ကင်းအောင် ကုသရန် စိတ်ဆန္ဒဖူးရောက်နေသဖြင့် ဤနှစ်နှစ်အချိန်အတွင်း ရိတိုက်ရှင်နှင့် ကျန်းဟူကျင်းတို့အား လုပ်ကြံခဲ့သော ရန်သူကိုပင် ရှာဖွေရန် အချိန်

www.burmeseclassic.com

www.burmeseclassic.com



မပေးနိုင်ခဲ့ချေ။ တစ်ဖန် ဤနှစ်နှစ်အတွင်းတွင်ပင် မျက်ခုံးဖြူဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး ချင်တင်းကျက်သည် သုံးလေးကြိမ်ခန့်မျှ လူလွှတ်၍ သူ့မြေးဦးလေးအား လာရောက်ကြည့်ရှု မေးမြန်းစေ၏။ ထို့ပြင် လွန်စွာ အဖိုးထိုက်တန်သော လက်ဆောင်ပစ္စည်း များစွာကိုလည်း ယူဆောင်လာခဲ့လေ၏။

သို့သော် ဟူတန်းဂိုဏ်းမှ ချိုရွှင်ချောင်းတို့သည် သူတို့၏ ညီအစ်ကို ရီတိုက်ရွှင်နှင့်ကျန်းချွေးဆန်းတို့မှာ တိုက်ရိုက် မဟုတ်သည့်တိုင်သွယ်ဝိုက်၍ မျက်ခုံးဖြူဂိုဏ်း၏ လက်ချက်ဖြင့် ယခုကဲ့သို့ ဖြစ်ရခြင်း ဖြစ်သည်ဟု မှတ်ယူထားကြလေရာ နောက်ဆုံးတစ်ခေါက်တွင် မျက်ခုံးဖြူဂိုဏ်းချုပ် လွှတ်လိုက်သောလူနှင့် စကားများကြပြီး ထိုလူအား မောင်းထုတ်သည်အထိ ပြဿနာ ဖြစ်ပွားခဲ့ရာ ထိုအချိန်မှ စ၍ မျက်ခုံးဖြူဂိုဏ်းချုပ် ချင်ထင်းကျက်သည် နောက်ထပ် လူလွှတ်ခြင်း မပြုပါတော့ချေ။

ယခုနှစ် ရှစ်လပိုင်းသို့ ရောက်လာချိန်တွင် ကျန်းဟူကျင်းသည် ရုတ်တရက် ဝေဒနာ ဖောက်ပြန်လာပြီးလျှင် မျက်နှာတွင်လည်း အစိမ်းရောင် ပို၍ ရင့်လာကာ တစ်ကိုယ်လုံး တုန်ယင် လာရပါ၏။ ကျန်းဟူကျင်းသည် သူ့ဆရာ ဘိုးဘိုး၊ ဘကြီးနှင့် ဦးလေးတို့ စိတ်ထိခိုက်မည် စိုးသဖြင့် ဝေဒနာကို မျိုသိပ်ခံစား၍ အံကိုသာ



တင်းတင်းကြိတ်ထားရှာလေသည်။ သို့သော်...ကျန်းဟူကျင်းလေးက မည်မျှပင် သူ့ဝေဒနာကို ကြိုးစားဖုံးကွယ်စေကာမူ ဝေဒနာက တစ်နေ့တစ်ခြား ပို၍ ရင့်ညောင်းလာတော့၏။

ထို့ကြောင့် ချင်လိရှန်က ကျန်းဟူကျင်းအား အခန်းထဲသို့ အတင်း ခေါ်လာပြီး စောင်ခြုံပေးလျက် မီးဖိုကိုပါ မီးမွှေး၍ နွေးထွေးအောင် လုပ်ပေးလိုက်ရ၏။ ထိုအချိန်တွင် ကျန်းဆန်းဖုန်းက...

'မနက်ဖြန် ကျန်းဟူကျင်းကို ခေါ်ပြီး ရှောင်လင်ဘုရားကျောင်းကို ဆရာ သွားလိုက်မယ်' ဟု ဆိုရှာလေသည်။

ချိုရွှင်ချောင်းနှင့်တကွ ညီအစ်ကိုအားလုံးသည် သူတို့ဆရာ၏ နှုတ်မှ မမျှော်လင့်သော စကားကိုကြားသော် လွန်စွာ စိတ်ထိခိုက်သွားကြ၏။ အဘယ်ကြောင့်မူ သူတို့ဆရာသည် ကျန်းဟူကျင်း၏ အခြေအနေ လွန်စွာ ဆုတ်ယုတ်လာသဖြင့် မတတ်သာသည့်အဆုံးတွင် ယခုကဲ့သို့ ရှောင်လင်ဘုရားကျောင်းတော်သို့ အညံ့ခံခေါင်းငုံ့၍ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်ကြီးထံ အကူအညီ သွားတောင်းခံရတော့မည် ဖြစ်ကြောင်း သိလိုက်ကြရသောကြောင့်ပင် ဖြစ်ပါ၏။

ကျန်းဆန်းဖုန်းသည် ရှောင်လင်ဘုရားကျောင်း၏ အတွင်းအား သိုင်းကျင့်စဉ်မှာ နေစကြာကျင့်စဉ်ထဲမှ တစ်စိတ်တစ်ပိုင်းသာ ဖြစ်၍ မိမိ၏ အတွင်းအားကျင့်စဉ်နှင့် ပူးပေါင်းလျှင် ပို၍ ပြည့်စုံသော

www.burmeseclassic.com

www.burmeseclassic.com



အတွင်းအားကျင့်စဉ်ကို ရနိုင်မည်။ ထိုအခါ ကျန်းဟူကျင်း၏အသက်ကို ကယ်နိုင်မည်ဟု တွက်ဆမိသောကြောင့် ထိုသို့ ဆုံးဖြတ်လိုက်ခြင်းလည်း ဖြစ်ပါ၏။

အမှန်မှု ဤနှစ်နှစ်ကာလအတွင်း ရှောင်လင်ဂိုဏ်းနှင့် ဟူတန်းဂိုဏ်းတို့သည် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း စိတ်ဝမ်းတစ်ကွဲပြားစီ ကွဲပြားခဲ့ကြသော အချိန်လည်းဖြစ်၏။ ပြီးလျှင် ကျန်းဆန်းဖုန်းသည် ပင်မ သိုင်းဆရာကြီးတစ်ဦး ဖြစ်ပါလျက် ယခုကဲ့သို့ အခြားသော ဂိုဏ်းတစ်ဂိုဏ်းထံ သိက္ခာအကျခံ၍ အကူအညီသွားတောင်းခံခြင်းမှာ လွန်စွာ အရှက်ရစေသော အလုပ်လည်းဖြစ်သည်ဟု ချီရွှင်ချောင်းတို့ သဘောပေါက်ထားကြ၏။ ဆရာကြီးအပါအဝင် သူတို့အားလုံးသည် ကျန်းဟူကျင်းအတွက်နှင့် ဤသို့ လုပ်ပေးပြီးသည့် နောက်ပိုင်းတွင် သူတို့ ဟူတန်းဂိုဏ်းမှာလည်း အလိုအလျောက် ရှောင်လင်ဂိုဏ်းရှေ့မှောက်တွင် ဒူးထောက် အညံ့ခံလိုက်ရသကဲ့သို့ သိက္ခာအကျကြီးကျရလေတော့မည်ဟု သိထားကြ၏။ သို့သော် သူတို့သည် ဤနှယ် အဖိုးမတန်သော နာမည်ဂုဏ်သိက္ခာရေးထက် ကျန်းဟူကျင်း၏ အသက်ကို ကယ်တင်ရန် အရေးကိုသာ ဦးစားပေးရန် ဆုံးဖြတ်လိုက်ကြ၏။ ပြီးတစ်ဖန် ဝါမေဂိုဏ်းသည်လည်း ဤနေစကြာသိုင်းကျင့်စဉ်ကို တစ်စိတ်တစ်ပိုင်းရခဲ့သော ဂိုဏ်းတစ်ဂိုဏ်း ဖြစ်၏။ သူတို့ဂိုဏ်း၏ ပင်မ ဆရာမှာ ကောလင်းလင်းဖြစ်ပြီး သူမ ငယ်ရွယ်စဉ်က ကျန်း



ဆန်းဖုန်းနှင့် အကျွမ်းတဝင်ရှိခဲ့သူ ဖြစ်ပါ၏။ သို့သော် သူမသည် ယခုအချိန်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်ရာ လက်ရှိ ဝါမေဂိုဏ်းချုပ်ဆရာမကြီးမှာ မျက်ကြွယ်မယ်သီလရှင်ကြီး ဖြစ်နေ၏။

မျက်ကြွယ်သည် လွန်စွာ စိတ်ဓာတ်ကြီးသူဖြစ်ရာ ရှက်စွန်းနှင့်ပတ်သက်၍ ဟူတန်းဂိုဏ်းအပေါ်တွင်လည်း သူမ စိတ်ခုခဲ့ပါလေပြီ။ ထို့ကြောင့် သူမထံသို့ ကျန်းဆန်းဖုန်းကိုယ်တိုင် စာရေးပြီးချင်လိရှန်အား သုံးကြိမ်တိတိ သွားရောက်၍ အကူအညီ တောင်းခံစေခဲ့ပါသော်လည်း ချင်လိရှန်မှာ စိတ်ပျက်၍သာ ပြန်ခဲ့ရသည်ချည်းပင် ဖြစ်ခဲ့ရပါ၏။ ထို့ကြောင့်လည်း ကျန်းဆန်းဖုန်းသည် နောက်ဆုံးတွင် သူကိုယ်တိုင် ယခုကဲ့သို့ ရှောင်လင်ဘုရားကျောင်းသို့ သွားရောက်ပြီး အကူအညီတောင်းရန် ကြိုတ်မှိတ်၍ ဆုံးဖြတ်ရခြင်းပင် ဖြစ်ပါ၏။

အကယ်၍ ချီရွှင်ချောင်း ဦးဆောင်ပြီး ကျန်းဟူကျင်းအား ရှောင်လင်ဘုရားကျောင်းသို့ ခေါ်၍ အကူအညီတောင်းခံစေပါလျှင် ဟူတန်းဂိုဏ်းအတွက် သိက္ခာအနည်းငယ်မျှသာ ကျမည်ဖြစ်ကြောင်း ကျန်းဆန်းဖုန်း သိပါ၏။ သို့သော် ခုံးဝန်ကျောင်းထိုင်ဆရာတော်ကြီးသည် သူတို့ ရှောင်လင်ဂိုဏ်း၏ နေစကြာသိုင်းကျင့်စဉ် တစ်စိတ်တစ်ဒေသကိုပင် ပြောပြမည် မဟုတ်ပေ။ ထို့ကြောင့် ကျန်းဆန်းဖုန်းသည် ချီရွှင်ချောင်းတို့အား တာဝန်မပေးဘဲ သူကိုယ်တိုင် သွားရောက်ရန် ဆုံးဖြတ်ရခြင်းလည်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဆန်းဖုန်းသည် နောက်တစ်နေ့နံနက်လင်းသည်နှင့် ကျန်းဟူကျင်းကို ခေါ်၍ ခရီးစတင် ထွက်ခဲ့၏။ သုံးလေးရက်မျှ ကြာသော်သူတို့သည် ရှောင်လင်တောင်ခြေသို့ ရောက်လာကြ၏။ ထိုအခါ သူတို့သည် မြင်းကို တောင်ခြေတွင်ချည်ထားပြီး တောင်ပေါ်သို့ ခြေကျင်တက်ခဲ့ကြသည်။

ကျန်းဆန်းဖုန်းသည် ဤရှောင်လင်တောင်သို့ ပြန်ရောက်သော် သူငယ်စဉ်အတိတ်ဘဝက အကြောင်းများကို ပြန်လည် သတိရလိုက်မိလိုက်၏။ သူ့ဆရာဘုန်းကြီး ကြွယ်ရှင်ကိုယ်တော်သည် သံပုံးနှစ်လုံးဖြင့် ရေထမ်း၍ ဤတောင်တက်လမ်းအတိုင်း ထမ်းတက်ခဲ့ပုံ၊ နောက်ဆုံးတွင် ကော့လင်းလင်းနှင့် မိမိတို့အား သံပုံးတစ်လုံးစီတွင် ထည့်၍ တောင်ပေါ်မှ ဆင်းပြေးလာကြပုံများကို ပြန်လည်မြင်ယောင်လာမိလေသည်။

ထိုစဉ် သူတို့သည် တောင်ခုလပ် အပန်းဖြေရာ ဇရပ်ကလေးသို့ ရောက်လာကြ၏။ ယင်းဇရပ်မှနေ၍ မျှော်ကြည့်လိုက်ပါလျှင် ရှောင်လင်ဘုရားကျောင်းကြီးကို ကောင်းစွာမြင်ရလေ၏။ ထိုအခိုက် ဘုန်းကြီးနှစ်ပါးသည် စကားစမြည် ပြောရင်း ဇရပ်ထဲသို့ ဝင်လာကြ၏။ ကျန်းဆန်းဖုန်းကလှမ်း၍...

'ဦးပဉ္စင်းတို့ တဆိတ်လောက် ကျောင်းထိုင်ဆရာတော်ကြီးခုံးဝန်ကို အကြောင်းကြားပေးပါ၊ ဟူတန်းဂိုဏ်းက ကျန်းဆန်းဖုန်းက ကိစ္စရှိလို့ တွေ့ခွင့်ပြုပါလို့'



ဘုန်းကြီးနှစ်ပါးက ဟူတန်းဂိုဏ်းမှ ကျန်းဆန်းဖုန်းဟု ကြားသည်နှင့် အကြီးအကျယ်တုန်လှုပ်သွားပြီး မျက်လုံးမျက်ဆန်ပြူး၍ ကျန်းဆန်းဖုန်းအား ကြည့်လိုက်မိကြ၏။ ကျန်းဆန်းဖုန်းမှာ ကိုယ်ခန္ဓာထွားကျိုင်း တောင့်တင်းပြီးလျှင် ဖြူဖွေးရှည်လျားသော နှတ်ဆိတ်မွေးများဖြင့် ပြည့်နက်နေသည့်အပြင် မျက်နှာတစ်ခုလုံးနီရဲပြောင်တင်းလျက် ပြုံးပြုံးရွှင်ရွှင်နှင့် လွန်စွာ သဘောသဘာဝကောင်းသောရုပ်ရည်ရှိပြီး ဟောင်းနွမ်းသော ရသေ့အဝတ်အစားများကို ဝတ်ဆင်ထားသည်ကို သူတို့ တွေ့လိုက်ရပါ၏။ အမှန်မှု ကျန်းဆန်းဖုန်းသည် လောက၏ ပကာသနအလုကို လုံးဝမနှစ်သက်၊ မျော်မျော်နေ ပျော်ပျော်သွားပြီး ဖြစ်သလိုနေတတ်သော ပုဂ္ဂိုလ် ဖြစ်ပါ၏။ ဘုန်းကြီးနှစ်ပါး၏ စိတ်ထဲတွင်...

'ဟူတန်းဂိုဏ်းက ငါတို့ ရှောင်လင်ဂိုဏ်းနဲ့ နဂိုကထည်းက အိပ်သင့်မြတ်တာမှ မဟုတ်ဘဲ၊ အခု ကျန်းဆန်းဖုန်းကိုယ်တိုင် လိုက်လာတယ် ဆိုတော့ ငါတို့ ရှောင်လင်ဂိုဏ်းနဲ့ ရန်ဖက်ဖြစ်ဖို့ လာတာများလား' ဟု တွေးနေမိ၏။

ထို့ပြင် ကျန်းဆန်းဖုန်းနံဘေးတွင်လည်း မျက်နှာစိမ်းပြာရောင်နှင့် ပိန်လှီသော အသက် တစ်ဆယ့်နှစ်နှစ်ခန့် ယောကျ်ားလေးတစ်ယောက်လည်း ပါနေသည်ကို တွေ့ရပြန်ရာ စဉ်းစားရခက်သွားကြ၏။ ဘုန်းကြီးတစ်ပါးက...

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ...၊ ဦးပဥ္စင်းတို့ ဆရာတော်ကြီးကို အကြောင်းကြားပေးပါ့မယ်'

ထို့နောက် ဘုန်းကြီးနှစ်ပါးသည် ကမန်းကတန်းပင် ဘုရားကျောင်းထဲသို့ ပြေးဝင်သွားလေသည်။ မရှေးမနှောင်းမှာပင် ဘုရားကျောင်းထဲမှ ခေါင်းလောင်းထိုးသံများ ကြားရပြီးလျှင် ကျောင်းတံခါးမကြီး ပွင့်လာလေသည်။ ထိုအခါ ကျောင်းတံခါးမထဲမှ ကျောင်းထိုင်ဆရာတော်ကြီး ခုံးဝန်ဦးဆောင်သော ခုံးကျိ၊ ခုံးရွှန့်တို့အပြင် နောက်တော်ပါ အဝါရောင်သင်္ကန်းများ ဆင်မြန်းထားသည့် သင်္ကန်းဝါကြီးဘုန်းတော်ကြီး ငါးပါး ထွက်လာကြသည်ကို တွေ့လိုက်ရပါ၏။ ယင်းဝါကြီး ဘုန်းတော်ကြီး ငါးပါးမှာ ကျောင်းထိုင်ဆရာတော်ထက်ပင် ဝါပိုကြီးပြီး အရေးကြီးသော ပြဿနာ တစ်စုံတစ်ရာ ပေါ်လာမှသာ ပင့်ဆောင်ရလေ့ရှိသော ကိုယ်တော်များပင် ဖြစ်၏။

ယခုသော် ရှောင်လင်ဂိုဏ်းချုပ်သည့် ဟူတန်းဂိုဏ်းချုပ်ကြီး ကိုယ်တိုင် ရောက်ရှိလာကြောင်းကြားရသဖြင့် ထိုဝါကြီးဘုန်းတော်ကြီး ငါးပါးကိုပါ အရေးတကြီးပင့်ခေါ်လာဟန် တူပါ၏။ ကျန်းဆန်းဖုန်းက ဇရပ်အပြင်ဘက်သို့ထွက်၍ ဘုန်းတော်ကြီးများအား နှုတ်ဆက်လိုက်၏။

ခုံးဝန်ဆရာတော်ကြီးက ကျန်းဆန်းဖုန်းအားတစ်ချက်မျှ အကဲခတ်ဟန်ကြည့်ပြီးနောက်...



'ဆရာကြီး ကိုယ်တိုင် အခုလို မမျှော်လင့်ဘဲ ရောက်လာတာကို ဘုန်းကြီးတို့အားလုံး အံ့သြသွားပါတယ်၊ ဘယ်လိုအကြောင်းကြောင့် ယခုလို ကိုယ်တိုင်လာရတာကို သိပါရစေ'

ကျန်းဆန်းဖုန်းက...

'အကူအညီတစ်ခု တောင်းချင်လို့ပါ ဘုရား'

ခုံးဝန်ဆရာတော်ကြီးက ဇရပ်ထဲသို့ လက်ပြ၍...

'ကဲ... ဆရာကြီး ဇရပ်ထဲမှာ ထိုင်ပြီး အေးအေးဆေးဆေး စကားပြောကြတာပေါ့' ဟု ဆိုပြီး ဇရပ်ထဲသို့ ပင်လာ၏။ ကျန်းဆန်းဖုန်းက ဇရပ်ထဲသို့ လိုက်ဝင်ပြီး ထိုင်လိုက်၏။

ထိုစဉ် ကျန်းဆန်းဖုန်းက စဉ်းစားလိုက်မိ၏။ 'ငါတ ဘာပဲပြောပြော ဂိုဏ်းချုပ်ဆရာကြီးပဲ၊ ဒီကိုယ်တော်တွေနဲ့လဲ ငါတ ဝါကြီးတာပဲ၊ ဒါနဲ့များတောင် ငါ့ကို ဘုရားကျောင်းထဲ ခေါ်မသွားကြဘူး၊ ငါလိုလူ မပြောနဲ့ သာမန်လူ တစ်ယောက်လာလဲ ဒီလို မဆက်ဆံသင့်ပါဘူး'

သို့သော် ကျန်းဆန်းဖုန်းသည် ယခုတိုင် အလွန် လွတ်လပ်ပြီး ဖြစ်သလို နေတတ်သူဖြစ်၍ ထိုအတွေးများ ခဏသာ ဝင်ရောက်လာပြီး ချက်ချင်း ပြန်လည်ပျောက်ကွယ်သွားပါ၏။ ထိုစဉ် ခုံးဝန်ဆရာတော်ကြီးက...

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး ကိုယ်တိုင် ဘုန်းကြီးတို့ရဲ့ ကျောင်းတော်ကို ကြွ လာတဲ့အတွက် အမှန်ဆိုရင် ဘုန်းကြီးတို့က ကျောင်းတော်ထဲကို ဖိတ်ခေါ်ပြီး ဧည့်ခံသင့်ပါတယ်၊ ဒါပေမယ့် ဆရာကြီး ငယ်စဉ်တုန်း က ဒီရှောင်လင်ဘုရားကျောင်းကနေ ထွက်ပြေးခဲ့တဲ့သူ ဖြစ်လို့ ရှောင် လင်ဘုရားကျောင်းရဲ့ ထုံးတမ်းစဉ်လာအရ ကျောင်းကထွက်ပြေးသွား တဲ့လူကို ကျောင်းဝင်းထဲ တစ်သက်လုံး ပြန်မဝင်စေရတော့ဘူး'

ကျန်းဆန်းဖုန်းက တဟားဟားရယ်၍...

'ဩော်... ဒီလိုလား၊ တပည့်တော်က ငယ်ရွယ်စဉ်တုန်း ကသာ ရှောင်လင်ဘုရားကျောင်းမှာ နေခဲ့ပေမယ့် တံမြက်စည်း လှည်း၊ ရေနွေးအိုးတည်တဲ့ အလုပ်ပဲ လုပ်ခဲ့ရတာပါ၊ ဆံပင်လဲပဲ မရိတ်ဖြတ်ဖြစ်ပါဘူး၊ ဒါကြောင့် တပည့်တော်ကို ရှောင်လင် ဂိုဏ်း သားရယ်လို့ အတိအကျ သတ်မှတ်လို့ မရပါဘူး'

ထိုအခါ ခုံးဝန်ဆရာတော်က အေးစက်စွာဖြင့်...

'ဒါပေမယ့် ဆရာကြီးက ရှောင်လင်ဂိုဏ်းရဲ့ သိုင်းပညာကို ခိုးသင်ခဲ့တယ်လေ'

ကျန်းဆန်းဖုန်းက ဒေါသထွက်သွား၏။ သို့သော် သူက ချက်ချင်းပင် ပြန်၍ စဉ်းစားလိုက်မိသည်။



'ငါ့ရဲ့ ဟူတန်းသိုင်းပညာတွေဟာ ငါ အသက် လေးဆယ် ကျော်မှ စပြီးတီထွင်ခဲ့တာဆိုပေမယ့် ရင်းမြစ်ကိုကြည့်ရင် တကယ် လို့ ငါ့ဆရာ ဘုန်းကြီးကြွယ်ရွှင်ကသာ ငါ့ကို နေ့စကြာသိုင်းကျင့်စဉ် ထဲက ကျမ်းစာကို မသင်ကြားပေးခဲ့ရင် ကော့လင်းလင်းကလဲ ငါ့ကို သိုဟာန့်နတ်မင်း ဆယ်ရှစ်ပါးရဲ့ လက်သီးသိုင်းကွက် စက်ရုပ်တစ်ရုံ ကို မပေးခဲ့ရင် နောက်ပိုင်းသိုင်းပညာတွေက ဘယ်လိုမှ ထွက်ပေါ် လာနိုင်မှာ မဟုတ်ဘူး၊ အခု သူတို့က ငါ့ရဲ့ သိုင်းပညာဟာ ရှောင် လင်ဂိုဏ်းကနေ သင်ယူတာလို့ ပြောတာဟာ တစ်နည်းတော့လဲ မှားပါဘူးလေ'

သို့နှင့် သူ၏စိတ် ပြန်လည်တည်ငြိမ်သွား၏။

'မှန်ပါ့ဘုရား၊ တပည့်တော် ဒီနေ့ ဒီကို လာတာဟာလဲ ဒီ အတွက်ကြောင့်ပါပဲ'

ခုံးဝန်နှင့်ခုံးကျိ ဆရာတော်တို့ တစ်ဦးကိုတစ်ဦး တစ်ချက်မျှ ကြည့်လိုက်ကြပြီး စိတ်ထဲတွင်...

'သူ ဒီနေ့ ဒီကိုလာတာ ဘာအတွက်ပါလိမ့်' ဟု စဉ်းစား နေအောင် ဖြစ်နေကြရာ ခုံးဝန်ဆရာတော်က 'ပြောပါ' ဟု ထပ်မံ ဖိတ်ခေါ်ကာ လမ်းကြောင်း ပေးလေသည်။

ထိုအခါ ကျန်းဆန်းဖုန်းက...



www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော် ဒီနေ့ ဒီကို လာတာဟာ ဆရာတော်ကြီးတို့ရဲ့ သိုင်းပညာကို လေးစားချီးကျူးတာကလဲ တစ်ကြောင်း၊ ပြီးတော့ ဆရာတော်ကြီးတို့နဲ့ သိုင်းပညာချင်း ဖလှယ်ချင်တာလဲ တစ်ကြောင်း ကြောင့်ပါပဲ ဘုရား' ဟု ဆိုလေ၏။

ခုံးဝန်ဆရာတော်နှင့် ခုံးကျိဆရာတော်တို့မှာ ကျန်းဆန်းဖုန်း၏ 'ဆရာတော်ကြီးတို့နဲ့ သိုင်းပညာချင်း ဖလှယ်ချင်တာလဲ တစ်ကြောင်းကြောင့်ပါပဲ ဘုရား' ဟူသောစကားကို ကြားသော် ကျန်းဆန်းဖုန်းသည် သူတို့ အားလုံးကို စိမ်ခေါ်လိုက်ခြင်းသာ ဖြစ်မည်ဟု ထင်မှတ်လိုက်၏။ ထို့ကြောင့် ရုတ်ခြည်း မျက်စိ မျက်နှာပျက်သွားကြပြီး လျှင် စိတ်ထဲမှလည်း...

'ဒီ ရသေ့ကြီးက အသက် တစ်ရာတောင်ရှိနေပြီဆိုတော့ သူ့ သိုင်းပညာက သိပ်ကို မြင့်မားနေမှာ သေချာတယ်၊ ဒီနေ့ သိုင်းလောကမှာ သူနဲ့ ယှဉ်နိုင်မယ့်သူ ရှိမှာ မဟုတ်ဘူး၊ သူ အခု တစ်ကိုယ်တော်တည်း လာတာကိုကြည့်ရင် သူ့ကိုယ်သူ အင်မတန် စိတ်ချနေလို့သာ ဖြစ်မှာပါပဲ၊ ကျေနပ် ဒီ နှစ်နှစ်အတွင်းမှာ သူက ဘယ်လိုနက်နဲ ခက်ခဲတဲ့ သိုင်းပညာကိုများ လေ့ကျင့်တီထွင်လိုက်သလဲ မသိဘူး' ဟု စိုးရိမ်စွာ တွေးလိုက်မိ၏။

ထို့ကြောင့် ဘုန်းတော်ကြီး သုံးပါးစလုံးသည် ရုတ်တရက် ဘာပြန်ပြောရမှန်းပင် မသိအောင် ဖြစ်သွား၏။ ဆရာတော်ကြီး





သုံးပါးတည်းတွင် ခုံးကျိဆရာတော်ကြီးမှာ လွန်စွာ စိတ်ကြီးသော ဘိုလ် ဖြစ်၍ ထိုင်လျက်နေရာမှ ထပြီးလျှင်...

'ဒီမယ် ရသေ့ကြီး၊ ရသေ့ကြီးက ဘုန်းကြီးတို့ကို လာပြီး စိမ်ခေါ်တာလား၊ ရပါတယ်၊ ငါ ဘုန်းကြီး ခုံးကျိက ရသေ့ကြီးကို ကြောက်ပါဘူး၊ ဘုန်းကြီးတို့ ရှောင်လင်ဂိုဏ်းမှာ လူပေါင်း တစ်ထောင်ကျော်ရှိတာ ရသေ့ကြီးက အားလုံးကို ရှင်းပစ်နိုင်မှာလား'

ခုံးကျိဆရာတော်က မကြောက်ဟူ၍သာ ပြောနေသော်လည်း တကယ်တော့ ကြောက်လန့်၍ နေပါ၏။ ထို့ကြောင့် ရှောင်လင်ဘုရားကျောင်းတွင် ဘုန်းကြီး အပါးတစ်ထောင်ကျော်ရှိကြောင်း ကျန်းဆန်းဖုန်းအား သွယ်ဝိုက်၍ ခြိမ်းခြောက်လိုက်ခြင်းပင် ဖြစ်လေသည်။ ကျန်းဆန်းဖုန်းလည်း ထိုအခါကျမှပင် ဆရာတော်ကြီးများ အထင်မြင်လွဲသွားသည်ကို သိပြီး အလောတကြီးဖြင့်...

'ဆရာတော်ကြီးတို့ တပည့်တော်ကို အထင်မလွဲပါနဲ့ ဘုရား၊ တပည့်တော် ဒီနေ့ ဒီကိုလာတာဟာ ဆရာတော်ကြီးတို့ဆီက ပညာတောင်းခံချင်လို့ လာတာပါ၊ တပည့်တော်ရဲ့ဆရာကြွယ်ရှင်ကိုယ်တော် သင်ကြားပေးခဲ့တဲ့ နေစကြာသိုင်းကျင့်စဉ်ကို တပည့်တော်က တစ်စိတ်တစ်ပိုင်း နည်းနည်းလောက်ပဲ သဘောပေါက်ခဲ့ပါတယ်၊ အဲဒီထဲမှာ ဟာကွက်၊ လွတ်ကွက် ချွတ်ယွင်းပြီး ပြည့်စုံခြင်း မရှိတာတွေလဲ အများကြီးရှိပါလိမ့်မယ်၊ ဒါကြောင့် ဆရာတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တို့ကသာ ဒီကျင့်စဉ်တွေကို ရှင်းလင်းပြောပြပေးမယ်ဆိုရင် တပည့်တော် အများကြီး ကျေးဇူးတင်ရမှာပါ ဘုရား' ဟု ဆိုလိုက်ရ၏။

ထိုစကားကို ကြားတော့မှပင် ဆရာတော်ကြီးများက ပို၍ အံ့အားသင့်သွားကြလေ၏။ အကြောင်းမူ ကျန်းဆန်းဖုန်း ကဲ့သို့သော သိုင်းလောကတွင် သိုင်းထိပ်သီးအကျော်အမော်တစ်ဦး တစ်နည်း ဂိုဏ်းချုပ်ဆရာကြီးတစ်ဦးက သည်သို့ အောက်ကျို့ခံပြီး သူတို့ထံမှ သိုင်းပညာကို လာရောက် တောင်းခံသည်ကို တွေ့ရသောကြောင့်ပင် ဖြစ်ပါ၏။

ကျန်းဆန်းဖုန်းက ဆရာတော်ကြီးများ ယုံကြည်ဟန် မပေါ်သေးသည်ကိုတွေ့၍ နောက်ဆုံးတွင် ကျန်းဟူကျင်းအဖြစ်ကို ပွင့်လင်းစွာ ဖွင့်ဟ ပြောပြလိုက်ရလေ၏။ ကျန်းဆန်းဖုန်းက ကျန်းဟူကျင်းမှာ သူ၏တပည့် ကျန်းချွေးဆန်း၏ တစ်ဦးတည်းသောသာ ဖြစ်၍ ဘယ်နည်းနှင့်ဆို ကျန်းဟူကျင်း၏ အသက်ကို ကယ်တင်ရ ဆုံးဖြတ်ထားကြောင်း၊ ယခု လက်ရှိအခြေအနေမှာ ကျန်းဟူကျင်း မနေစကြာသိုင်းကျင့်စဉ်၏ အတွင်းအားသိုင်းကျင့်စဉ်ကို အကုန်အ သင်ကြားလေ့ကျင့် ပြီးစီးမှသာ ကိုယ်ခန္ဓာထဲမှ အအေးဓာတ်အဆိ ကို ဖြေနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ယခု ရောက် လာခြင်းမှာ ရှောင်လင်ဘုရားကျောင်းကို ရန်ဘက်ပြုရန် မဟုတ် မိမိတတ်ကျွမ်းခဲ့သော နေစကြာ သိုင်းကျင့်စဉ်၏ အစိတ်အပိုင်



တစ်ပိုင်းတစ်စကို ဖလှယ်ယူပြီး တစ်ဦး၏ လိုအပ်ချက်ကို တစ်ဦးက ဖြည့်ဆည်းရန်ပင် ဖြစ်ကြောင်း၊ သို့မှသာ ကျန်းဟူကျင်း၏ အသက်ကို ကယ်တင်နိုင်မည် ဖြစ်ကြောင်း၊ ထို့အပြင် မိမိဘက်မှ နေစကြာသိုင်းကျင့်စဉ် တစ်ပိုင်းတစ်စအပြင် မိမိကိုယ်တိုင် တီထွင်ကြံဆခဲ့သော ရန်သူ့အားဖြင့် ရန်သူ့ကို ပြန်၍ အသုံးပြုသောနည်းဖြင့် လေ့ကျင့်သော တိုက်ကျိုလက်သီးသိုင်းကွက် တစ်ဆယ့်သုံးကွက်ကိုပါ ထပ်လောင်း ဖြည့်ဆည်း ပေးမည်ဖြစ်ကြောင်း ပြောကြားလေ၏။

ခုံးဝန်ဆရာတော်သည် ထိုစကားကိုကြားသော် လွန်စွာ စိတ်လှုပ်ရှားသွား၏ အကြောင်းမူ ဆရာတော်များ၏ ရှောင်လင်ဂိုဏ်း နေစကြာသိုင်းကျင့်စဉ်မှာ တစ်စိတ်တစ်ပိုင်းသာ ဖြစ်ပြီး မပြည့်စုံချေ။ ယခု ဟူတန်းဂိုဏ်းနှင့်သာ ပူးပေါင်းလိုက်လျှင် အတော်အတန် ပြည့်စုံလာမည် ဖြစ်ရုံမက ကျန်းဆန်းဖုန်း၏ လွန်စွာ ခက်ခဲနက်နဲသော ရန်သူ့အားဖြင့် ရန်သူ့ကို ပြန်၍ အသုံးပြုသောနည်းဖြင့် လေ့ကျင့်သော တိုက်ကျိုလက်သီးသိုင်းပညာကိုလည်း ရမည်ဟု သိသောကြောင့် ဆရာတော်များဘက်မှ အရှုံးမရှိ အမြတ်သာလျှင် ဖြစ်ကြောင်း စဉ်းစားမိ၍ပင် ဖြစ်ပါ၏။ ထို့ကြောင့် ခုံးဝန်ဆရာတော်ကြီးက ခုံးကျိဆရာတော်အား အဓိပ္ပါယ်ပါပါ တစ်ချက်ကြည့်လိုက်ရာ ခုံးကျိဆရာတော်ကလည်း ပြန်လည်၍ ဦးခေါင်းကို မသိမသာ ညိတ်ပြလေ၏။ ပြီးလျှင် ခုံးဝန်ဆရာတော်ကြီးက ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ ဆရာကြီးတို့က ဒီလောက်တောင် လိုလားနေတယ် ဆိုတော့ ဘုန်းကြီးတို့က သိုင်းပညာရှင်း ဖလှယ်ဖို့ သဘောတူပါတယ်၊ ဘုန်းကြီးတို့က ဒီ နေစကြာသိုင်းကျင့်စဉ်ထဲက အတွင်းအားကျင့်စဉ်ကို ကျန်းဟူကျင်းကို သင်ပေးလိုက်ပါ့မယ်၊ ဒါပေမယ့် ကျန်းဟူကျင်းက တစ်ခြားလူတွေကို ပြန်မသင်ပေးရဘူး၊ နောက်ပြီး ဒီပညာနဲ့ ရှောင်လင်ဂိုဏ်းသားတွေကို ရန်မပြုရဘူး၊ ဒီနှစ်ချက်ကို ကျန်းဟူကျင်း ကျိန်ဆိုပြီး ကတိပေးရမယ်'

ကျန်းဆန်းဖုန်းက ထိုစကားကို ကြားသော် လွန်စွာ ဝမ်းသာသွားပြီး...

'ဒီနှစ်ချက်စလုံး လက်ခံနိုင်ပါတယ်၊ ကဲ... ကျန်းဟူကျင်း ဆရာတော်တွေကို ကျိန်ဆို ကတိပေးလိုက်' ဟု ကျန်းဟူကျင်းကို ပြောလိုက်၏။ ထိုအခါ ကျန်းဟူကျင်းက ခေါင်းခါ၍...

'သားသား မကျိန်ဆိုနိုင်ပါဘူး ဘိုးဘိုး၊ သားသား သူတို့ရဲ့ သိုင်းပညာကိုလည်း မသင်ချင်ပါဘူး' ဟု ငြင်းဆိုလေ၏။

ကျန်းဆန်းဖုန်းမှာ တစ်ချက်ကြောင်သွားပြီးမှ ချက်ချင်း သဘောပေါက်လိုက်၏။ မှန်သည်။ ကျန်းဟူကျင်းမှာ သူ့မိဘ နှစ်ပါးစလုံး အသေဆိုးနဲ့ သေခဲ့ရ၍ ရင်ထဲတွင် နာကျင်စွဲမြဲစွာ တေးမှတ်ထားလေ၏။ ထို့ကြောင့် သူက ရန်သူ့ထံတွင် ဘယ်သောအခါမှ ဒူးထောက်မည် မဟုတ်ပါ။



သို့ဖြင့် ကျန်းဆန်းဖုန်းက ကျန်းဟူကျင်းအား အပြင်သို့ ခေါ်ထုတ်ပြီး ခပ်ဝေးဝေးသို့ရောက်မှ အသံတိုးတိုးဖြင့်...

'လူလေး... လူလေးကို ဘိုးဘိုး ဒီကိုခေါ်လာတုန်းက လူလေးက ဘိုးဘိုးကို ကတိပေးခဲ့တယ် မဟုတ်လား၊ ရှောင်လင်ဂိုဏ်းရဲ့ နေစကြာသိုင်းကျင့်စဉ်ကို လေ့ကျင့်ပါ့မယ်ဆို၊ အခုကော ဘယ်နှယ့် ဖြစ်သွားရတာလဲကွယ်'

ကျန်းဟူကျင်းက...

'သူတို့က သားသားကို ကျိန်ဆိုခိုင်းတာကိုး ဘိုးဘိုးရဲ့၊ နောင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူတို့ရဲ့ ရှောင်လင်ဂိုဏ်းသားကို ဒီ သိုင်းပညာနဲ့ မတိုက်ခိုက်ရဘူးတဲ့၊ ဒီလိုဆိုရင် သားသား အဖေ အမေတို့ရဲ့ ရည်ရွယ်ချက်ကို သားသား ဘယ်ပေးဆပ်နိုင်တော့မှာလဲ ဘိုးဘိုးရဲ့'

ကျန်းဆန်းဖုန်းက မျက်ရည်ဝဲလာ၏။

'သား...သားသား အခု ဒီသိုင်းပညာကို မသင်ရင်လေ တစ်နှစ်အတွင်း သား သေရတော့မှာ သားရဲ့၊ ဒီလိုဆိုရင် သားက ဘယ်နှယ့်လုပ်ပြီး မိဘနှစ်ပါးရဲ့ ရည်ရွယ်ချက်ကို ဆပ်နိုင်မှာလဲ ဟင်...၊ သားရဲ့ အသက်ဟာ ရှင်နေသမျှကာလပတ်လုံး ဒီထက် ကောင်းတဲ့ အစွမ်းထက်တဲ့ သိုင်းပညာကို သင်ကြားလေ့ကျင့်နိုင်မှာပဲ သား၊ ဒီ ရှောင်လင်သိုင်းပညာကို တတ်မှမဟုတ်ပါဘူးကွယ်၊ ဒီပြင်

www.burmeseclassic.com

www.burmeseclassic.com



ပညာနဲ့လဲ ရန်သူကို တိုက်ခိုက်နိုင်ပါတယ်' ဟု ရှင်းလင်းနှစ်သိမ့်လိုက်ရ၏။ ကျန်းဟူကျင်းက သဘောပေါက်သွား၏။

'ဟုတ်ကဲ့ ဘိုးဘိုး၊ သားဘိုးဘိုးရဲ့ စကားကို နာခံပါ့မယ်'

သို့ဖြင့် မြေးအဘိုးနှစ်ယောက် ဇရပ်ထဲသို့ ပြန်ဝင်ပြီးလျှင် ကျန်းဟူကျင်းက ဘုန်းတော်ကြီး သုံးပါးရှေ့တွင် ဒူးထောက်၍ ကတိသစ္စာ ကျိန်ဆိုပေးလိုက်လေ၏။ ကျန်းဟူကျင်းသည် ထိုသို့ ကတိသစ္စာ ကျိန်ဆိုပြီးသည်နှင့် စိတ်ထဲမှ...

'ငါ... ကျန်းဟူကျင်းက နောက်ပိုင်းမှာ ဒီထက်ကောင်းတဲ့ သိုင်းပညာကို သင်ပြီးမှ ခင်းတို့ကို လာပြီးတွေ့မယ်' ဟု ကြိမ်းဝါးလိုက်၏။

ထို့နောက်တွင် ကျန်းဆန်းဖုန်းသည် ဇရပ်ပြင်တွင် နေရစ်ခဲ့ပြီး ကျန်းဟူကျင်းကမူ ခုံးဝန်ဆရာတော်နှင့်အတူ လိုက်ပါသွားခဲ့ရလေ၏။ ပြီးနောက် ခုံးဝန်ဆရာတော်သည် ကျန်းဟူကျင်းအား အခန်းလေးတစ်ခုအတွင်းသို့ ခေါ်သွင်းပြီး...

'ဒကာလေးလဲ အတော် ပင်ပန်းနေရောပေါ့၊ ခဏ အနားယူလိုက်ဦး၊ ဘုန်းကြီးက အတော်ကြာရင် လူလွှတ်ပြီး ဒကာလေးကို သိုင်းပညာ သင်ပေးမယ်' ဟု ဆိုပြီး ကျန်းဟူကျင်း၏ ရင်ဘတ်ကို လက်ဝါးဖြင့် လက်ဝါးဖြင့် တစ်ချက်မျှ ပွတ်သပ်လိုက်ရာ အိပ်ကြောကို ပွတ်လိုက်ခြင်းဖြစ်၍ ကျန်းဟူကျင်းလည်း အိပ်ပျော်သွားလေ၏။



သို့သော် ခုံးဝန်ဆရာတော်မသိသော အချက်တစ်ချက်ရှိနေ၏။ ဤသည်မှာ အခြား မဟုတ်ချေ။ ကျန်းဟူကျင်းသည် ငယ်စဉ်က ရှက်စွန်း၏ ထူးဆန်းနက်နဲသော သိုင်းပညာပေါင်းစုံကို သင်ကြားခဲ့ရာ သူ၏ အတွင်းအားသိုင်းပညာမှာလည်း လွန်စွာ ထူးဆန်းနေခဲ့၏။ သူ့ကိုယ်တွင်းရှိ အကြောများမှာ အလိုအလျောက် နေရာရွှေ့သွားဘတ်၏။ ယခင် တစ်နေ့ဆီက မွန်ဂို စစ်သားဟန်ဆောင်ထားသူသည် သူ့အကြောကို ထိုးပိတ်ခဲ့သော်လည်း သူက 'ဖေဖေ' ဟု အော်ခေါ်နိုင်ခဲ့သေးသည် မဟုတ်ပါလား။ ယခုလည်း ခုံးဝန်ဆရာတော်ကြီးသည် သူ၏အိပ်ကြောကို ပွတ်သပ်၍ ပိတ်လိုက်ခြင်းဖြင့် သူက အိပ်ပျော်သွားခဲ့ပါသော်လည်း ခြေလးနာရီ အချိန်ကြာမှပင် သတိရမည့်အစား သူသည် နာရီဝက်မျှနှင့်ပင် ပြန်၍ နိုးလာလေတော့၏။ သို့နိုးလာစဉ် သူက ခုံးဝန်ဆရာတော်ကြီး၏ စကားပြောသံကို ကြားလိုက်ရလေ၏။

'ကျန်းဆန်းဖုန်းက ပင်မ ဂိုဏ်းချုပ်သိုင်းဆရာကြီးတစ်ယောက်ပဲ၊ သူက သိုင်းပညာချင်း ဖလှယ်ဖို့ ပြောတဲ့နောက်တော့ သူရေးပေးတဲ့ သိုင်းကျမ်းစာအုပ်ဟာ အတု မဖြစ်နိုင်ပါဘူး၊ သူက သိပ်ရှင်းအောင် လင်းအောင်ရေးမပေးလဲ ငါတို့ အသေအချာ လေ့လာရင် သဘောပေါက်မှာပါပဲ'

ကျန်းဟူကျင်းက ထိုစကားကို ကြားသော် ချက်ချင်းစဉ်းစားလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



'လက်စသတ်တော့ သူတို့က ငါ့ကို အိပ်ပျော်သွားအောင် လုပ်တာဟာ ဒီစကားတွေ ပြောဖို့ပဲကိုး၊ သူတို့မှာ ဘာအကြံအစည်တွေများ ရှိသေးလဲ မဆိုနိုင်ဘူး'

သို့နှင့် သူက မျက်စိကို တမင်မှိတ်ထားလိုက်ပြီး အိပ်ပျော်နေဟန်ပြုလျက် ခုံးဝန်ဆရာတော်တို့၏ စကားဆက်ကို အသေအချာ နားစွင့်ထောင်နေလိုက်လေ၏။ အမှန်မှု ရှောင်လင်ဂိုဏ်းနှင့် ဟူတာန်းဂိုဏ်းတို့ အကြားတွင် သဘောကွဲလွဲမှု ရှိပါသော်လည်း ခုံးဝန်ဆရာတော်ကြီးတို့ကဲ့သို့ ဝါကြီး ဘုန်းတော်ကြီးများ အနေဖြင့် ကျန်းဆန်းဖုန်းအား ဘာယ်သို့လျှင် မကောင်းသောအကြံ ကြံစည်ပါမည်နည်း။

✣ ✣ ✣ ✣ ✣



# လိပ်ပြာကျွန်းသမားတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၀)

## လိပ်ပြာကုန်းသမားတော်ကြီး

ကျန်းဟူကျင်း နှားစွင့်ထောင်နေစဉ် ခုံးဝန် ဆရာကော်ကြီး က...,

'ဒါပေမယ့် ရှောင်လင်ဂိုဏ်းရဲ့ နေ့စကြာသိုင်းကျင့်စဉ်ကို ငါတို့ သုံးယောက်ကမှ မကျင့်ဘူးတာ၊ အခု ဒီကောင်လေးအတွက်နဲ့ ငါတို့က ရှင်ကျင်းဆီမှာ သွားပြီး အောက်ကျခံ ပြောရမှာလား'

ကျန်းဟူကျင်းကနှားထောင်ရင်း ရင်တစ်ချက်ခုန်သွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း... လက်စသတ်တော့ ဒီဘုန်းကြီးတွေတောင် သူတို့ ရှောင်လင်ဂိုဏ်းရဲ့ နေစကြာသိုင်းကျင့်စဉ်ကို မတတ်ဖူးတဲ့ကိုး၊ ဟင်း... ငါ့ကို ဘာမဟုတ်တဲ့ သိုင်းပညာတွေ သင်ပေးပြီး အိုးဘိုးရဲ့ သိုင်းပညာအစစ်ကို လိမ်ညာယူဖို့ မကြံလေနဲ့' ဟု ရေရွတ်လိုက်မိ၏။

ထိုစဉ် ခုံးကျိဆရာတော်၏ အသံကို ကြားရပြန်၏။

'အစ်ကိုကြီးက ဂိုဏ်းချုပ်ဆရာတော်ပဲ၊ အစ်ကိုကြီးရဲ့ အမိန့်ကို ရှင်ကျင်းက နာခံမှာပါ၊ ဒါက ကိုယ့်ဂိုဏ်းအတွက် တိုးတက်အောင် လုပ်နေတာပဲ၊ ကိုယ်ကျိုးအတွက် လုပ်တာမှ မဟုတ်တာ'

ခုံးဝန် ဆရာတော်က သက်ပြင်းချ၍...

'အစ်ကိုကြီး ခုံးကျက်သာ ရှိနေသေးရင်တော့ ငါတို့ ဒီလောက် အကြံအိုက်စရာ မလိုတော့ဘူး'

အတန်ကြာအောင် အသံတိတ်သွားပြီးနောက်...

'ဟဲ့... ခုံးရှန့်၊ မင်း အခု ငါရဲ့ ကျောင်းထိုင်ဆရာတော် အမှတ်အသားဖြစ်တဲ့ တောင်ဝှေးကို ယူသွားပြီး ရှင်ကျင်းကို ငါ ကိုယ်စား ပြောလိုက်စမ်း၊ ဒီကောင်လေးကို ငါတို့ ရှောင်လင်ဂိုဏ်းရဲ့ နေစကြာသိုင်းကျင့်စဉ်ကို သင်ကြားပေးလိုက်ပါလို့'

ခုံးရှန့်ဆရာတော်ထံမှ 'ဟုတ်ကဲ့' ဟု ပြောသံကြားရပြီး အခန်းထဲမှ ထွက်သွားသံကိုပါ တစ်ဆက်တည်း ကြားလိုက်ရလေတော့၏။

★☆★☆★



စင်စစ် ထိုနှစ် ထိုအခါက ကြွယ်ရှင်ဆရာတော် မပျံလွန်တော်မူမီ အချိန်ပိုင်းကလေးတွင် ကြွယ်ရှင်ကိုယ်တော်သည် နေစကြာသိုင်းကျင့်စဉ်၏ ကျမ်းစာပိုဒ်များကို ဘုရားကျမ်းစာ၏ အကြားတွင် ညှပ်၍ တိုတိုတဆိတ် ရွတ်ဆိုပြခဲ့၍ လူသုံးယောက်က ကြားနာခဲ့ရပါ၏။ ထို လူသုံးယောက်မှာ ကျန်းဆန်းဖုန်း၊ ကော့လင်းလင်းနှင့် ဟူဆက်ဆရာတော်တို့ ဖြစ်ကြသည်။ ထို့နောက်ပိုင်းတွင်မူ ကျန်းဆန်းဖုန်းမှာ ဟူတန်းနေစကြာသိုင်းကျင့်စဉ် ဖြစ်လာပြီး၊ ကော့လင်းလင်းက ဝါမေ နေစကြာသိုင်းကျင့်စဉ်၊ ဟူဆက်ဆရာတော်က ရှောင်လင် နေစကြာသိုင်းကျင့်စဉ် ဟူ၍ သုံးမျိုးသုံးပြား ရင်းမြစ်အစိတ်အပိုင်း ပြန့်ပွားသွားခဲ့၏။ သို့သော် နေစကြာသိုင်းကျင့်စဉ်မှာ လွန်စွာ ခက်ခဲနက်နဲလှသဖြင့် ဂိုဏ်းသုံးဂိုဏ်းစလုံး ထိုသိုင်းကျင့်စဉ်ကို ဆုံခန်းတိုင် ကျင့်နိုင်သူမှာ လွန်စွာ ရှားပါးလှ၏။

အထူးသဖြင့် ရှောင်လင်ဂိုဏ်းမှာ မူလကတည်းကပင် တာဆရာတော်ကြီးလက်ထက်မှ ပြန့်ပွားခဲ့သော သိုင်းပညာရပ်ပေါင်း ခုနစ်ဆယ့်ရှစ်မျိုး ရှိခဲ့ရာ ဤနေစကြာသိုင်းကျင့်စဉ်ကို အထူးတလည် ကျင့်သူဟူ၍ ပို၍ နည်းပါးလေသည်။ ထို့ကြောင့် ဟူဆက်ဆရာတော်ကြီး လက်ထက်ပြီးနောက် ဆရာတော်တစ်ဆက်လျှင် တစ်ယောက်သာလျှင် ဤနေစကြာသိုင်းကျင့်စဉ်ကို လေ့ကျင့်တတ်မြောက်ကြ၏။ ယခု ထို သိုင်းကျင့်စဉ်ကို ကျင့်ခဲ့သော နောက်ဆုံးတစ်ဦးမှာ

www.burmeseclassic.com

www.burmeseclassic.com



ရှင်ကျင်းဆရာတော်ပင် ဖြစ်လေ၏။ ရှင်ကျင်းဆရာတော်မှာ ရှက်စွန်းလက်ချက်ဖြင့် ပျံလွန်တော်မူခဲ့သော ခုံးကျက်ဆရာတော်၏ တပည့်ရင်း ဖြစ်လေသည်။

ထို ရှင်ကျင်းဆရာတော်မှာ လွန်စွာ စိတ်သဘောထားထူးဆန်းပြီး တစ်ချိန်လုံး အခန်းထဲတွင်သာ အောင်းနေပြီး အပြင်သို့ မထွက်ချေ။ ဆရာတော်ကြီး သုံးပါးဖြစ်သော ခုံးဝန်၊ ခုံးကျို၊ ခုံးရှန့်တို့က လွဲလျှင် ဘုရားကျောင်းဝင်းအတွင်းရှိ အခြား ဘုန်းတော်ကြီးများကို သူက လုံးဝ အရေးမစိုက်ချေ။

★☆★☆★

အတန်ကြာသော် ခုံရှန့်ဆရာတော် ပြန်ရောက်လာ၏။

ဆရာတော်က...

'ရှင်ကျင်းက တာကယ့်ကို ထူးဆန်းတဲ့လူပဲ၊ သူက ပြောတယ်၊ သူက အပြင်လူဆို ဘယ်သူ့ကိုမှ မတွေ့ချင်ဘူးတဲ့၊ ဒါပေမယ့် အခု ကျောင်းထိုင်ဆရာတော်ကြီးက အမိန့်ပေးလိုက်တယ်ဆိုတော့ သူက မတွေ့ချင်လဲ လက်ခံရမှာပဲပေါ့တဲ့၊ ဒါပေမယ့် သူက ဒီအကိုင်း မသင်ဘူးတဲ့၊ နံရံခြားပြီးမှ သင်ကြားပေးနိုင်မယ်တဲ့၊ လူတွေ့ လုံးဝ မခံဘူးတဲ့'



ခုံးဝန့် ဆရာတော်က ပြုံး၍...

'သူ့သဘောပဲ ခုံးရှန့်၊ တော်ကြာ ကျန်းဆန်းဖုန်းက သူ့ရဲ့ ...င်းပညာကျမ်းစာအုပ် ထုတ်ပေးတဲ့အခါကျရင် အသေအချာ ကြည့် ...က်ဦး၊ အစစ် ဟုတ်တယ်လို့ ယုံကြည်ရတော့မှ ဒီကလေးကို ...င်ကျင်းဆီခေါ်သွား'

ပြီးနောက် ဆရာတော်ကြီး သုံးပါး အခန်းထဲမှ ထွက်သွား ...ကြလေတော့၏။ အတန်ကြာသော် ကိုရင်လေး တစ်ပါး ရောက်လာ ...းလျှင် ကျန်းဟူကျင်းအား ခေါ်၍ ထမင်းစားခိုင်းလေသည်။ ...းသောက်ပြီးသော် ကျန်းဟူကျင်းအား ကိုရင်လေးက ရှင်ကျင်း ...ဆရာကော်ထံ ခေါ်သွားလေတော့၏။

★☆★☆★

အခန်းတော်တော်များများကို ကျော်လွန်လာခဲ့ပြီးနောက် ...သည်းမှောင်သမျှ တိတ်ဆိတ် ခြောက်သွေ့လှသော အခန်း တစ်ခန်း ...သို့ရောက်လာကြ၏။ ကိုရင်လေးက ထိုအခန်းရှေ့တွင် ရပ်ပြီး...

'ကလေးရောက်လာပါပြီ'ဟု အသံပြုလိုက်၏။

ထိုအခါ အခန်းထဲမှ 'ဝင်လာခဲ့'ဟူသော အသံရှင့်ရှင့်တစ်သံ ...ထွက်လာလေ၏။ ကျန်းဟူကျင်းလည်း အခန်းထဲသို့ ဝင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုအခါ ကိုရင်လေးက အခန်းတံခါးကို အပြင်ဘက်မှပြန်ဖွေ လိုက်ပြီး လာလမ်းအတိုင်း ပြန်ထွက်သွားလေသည်။

ကျန်းဟူကျင်းက မည်းမှောင်တိတ်ဆိတ်လှသော အခန်း တစ်ခုလုံးကို လှည့်ကြည့်လိုက်၏။ အခန်းထဲတွင် ဘာမျှမတွေ့မြင် ရဘဲ အခန်းအလယ်ဗဟိုတွင်မူ ထိုင်ခင်းတစ်ခု ချထားပေးလေ၏။

ကျန်းဟူကျင်းစိတ်ထဲမှ အံ့သြနေစဉ် အေးစက်သော စကား ပြောသံ ပေါ်ထွက်လာ၏။

'မင်းထိုင်လိုက်၊ ငါအခု ရှောင်လင်ဂိုဏ်းရဲ့ နေစကြာသိုင်း ကျင့်စဉ်ကို တစ်ခေါက်ပဲပြောပြမယ်၊ မင်းဘယ်လောက်ဘယ်မျှပဲ မှတ်မိမိ ငါနဲ့မဆိုင်ဘူး၊ ဝါက မင်းကို တစ်ခေါက်တည်းပဲ ရှင်းပြနိုင်မယ်'

ကျန်းဟူကျင်းက အသံထွက်ပေါ်လာရာသို့ ကြည့်လိုက်၏။ ကျန်းဟူကျင်း အံ့သြသွားရ၏။ အကြောင်းမူ ထိုအသံမှာ နံရံ၏ အခြားတစ်ဘက်မှ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိလိုက်ရ၍ပင် ဖြစ်ပါ၏။ ဟိုမှာဘက်အခန်းတွင် ရှင်ကျင်းကိုယ်တော် ရှိနေခြင်းပင် ဖြစ်၍ သို့နံရံကိုဖောက်၍ စကားပြောနိုင်ခြင်းမှာ သာမန်အတွင်းအား မြင့်မားသူတိုင်း ပြုလုပ်နိုင်ပါ၏။ သို့သော် ယခုကဲ့သို့ အသံကြည် လင်ပြတ်သားအောင်ကိုမူ ပြောနိုင်သူ ရှားမှရှားလေ၏။

ကျန်းဟူကျင်း၏ စိတ်ထဲတွင် 'ဒီဘုန်းကြီးရဲ့ အတွင်းအား သိုင်းက တကယ့်ကို ကြောက်စရာကောင်းအောင် မြင့်မားနေပါလား' ဟု တွေးလိုက်မိ၏။





ထိုစဉ် ရှင်ကျင်းကိုယ်တော်က စတင်၍ ရှောင်လင်ဂိုဏ်း၏ နေစကြာ သိုင်းကျင့်စဉ် ဆယ်မျိုးကို တစ်ခုချင်းသာ ရှင်းလင်းပို့ချ လေတော့၏။ နောက်ဆုံးတွင် သူက ကျန်းဟူကျင်းအား...

'ကဲ... ငါ ဒီတစ်ခေါက်ပဲ ပြောနိုင်မယ်၊ မင်း ဘယ်လောက်ဘယ် မျှမှတ်မိမှာယ်ဆိုတာ မင်းကိစ္စပဲ'ဟု ထပ်ပြောပြန်၏။

ထိုအခါ ကျန်းဟူကျင်းက...

'ဒါကို မှတ်မိဖို့ မခက်ပါဘူး၊ ပြောသာပြောပါ၊ တပည့်တော် အားလုံး မှတ်မိပါတယ်'ဟု ဆို၏။

ရှင်ကျင်းကိုယ်တော် လန့်ဖျပ်သွားသကဲ့သို့ 'မင်း ငါ့ကို ပြန်ရွတ်ပြစမ်း'ဟု စမ်းလိုက်၏။

ကျန်းဟူကျင်းက ချက်ချင်းပင် ပထမအကွက်မှ နောက်ဆုံး ဆယ်ကွက်အထိ တစ်လုံးမျှ မမှားအောင် ဒိုးဒိုးဒေါက်ဒေါက် ရွတ်ပြလိုက်သည်။ ရှင်ကျင်းကိုယ်တော်ထံမှ အသံတိတ်ဆိတ်သွား သည်အထိ ဖြစ်သွားရ၏။ စင်စစ် ရှင်ကျင်းကိုယ်တော်သည် ကျောင်း ထိုင်ဆရာတော်က အမိန့်ပေး သင်ခိုင်းသောကြောင့်သာ ကျန်းဟူ ကျင်းအား မလွှဲမရှောင်သာ သင်ပေးရခြင်းဖြစ်၏။ စိတ်ထဲကမူ သိပ်သင်ပေးချင်လှသည်မဟုတ်ပေ။ ထို့ကြောင့် သူက ကျန်းဟူကျင်း မှတ်မိသော်ရှိ မမှတ်မိသော်ရှိ တစ်ဆက်တည်း ဆက်တိုက် သိုင်းကျင့် စဉ်၏ ကျင့်နည်းဆယ်မျိုးကို ကရားရေလွှတ် ရွတ်ပြလိုက်၏။ သူ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် ဤကလေးမှတ်မိလို့ သုံးခွန်းပေါ့ဟု ထင်နေခဲ့၏။ သို့သော် ယခုကျန်းဟူကျင်းက တစ်ကြိမ်မျှ ကြားလိုက်ရုံနှင့် အစအဆုံးတစ်လုံးမကျန် မှတ်မိနိုင်သော အလွန်ကောင်းလှသည့် မှတ်ဉာဏ်စွမ်းကို သိသော် လွန်စွာ လန့်ဖျပ်သွားမိခြင်းပင် ဖြစ်ပါ၏။ အတန်ကြာ တိတ်ဆိတ်နေပြီးမှ ရှင်ကျင်းကိုယ်တော်က...

'မင်းကို ကျောင်းထိုင်ဆရာတော်ကြီးက ဘာဖြစ်လို့ ငါ့ကို ဒီ နေ့စကြာ သိုင်းကျင့်စဉ်ကို သင်ပေးခိုင်းသလဲဆိုတာ ငါမသိဘူး။ မင်းနာမည်ကိုလဲ ငါမသိဘူး၊ မင်းအရင်တုန်းက ဘာသိုင်းပညာတွေ သင်ခဲ့တယ်ဆိုတာလဲ ငါမသိဘူး၊ ဒါပေမယ့် မင်းက ဒီလောက် မှတ်ဉာဏ်ကောင်းတော့ မင်းရဲ့ တက်လမ်းက သိပ်ကောင်းလိမ့်မယ်၊ ဒါကြောင့် မင်းကို ကူညီတဲ့အနေနဲ့ မင်းရဲ့ကိုယ်ထဲက သာမန်အကြောရဲ့ အပြင်ဘက်က အကြောတွေကို ငါ့ရဲ့ အတွင်းအားနဲ့ ပွင့်သွားအောင် လုပ်ပေးလိုက်မယ်၊ ဒီလိုဆိုရင် မင်းဒီနေ့ သိုင်းကျင့်စဉ်ကို ကျင့်တဲ့အခါမှာ ပိုပြီး မြန်မြန်အောင်မြင်လိမ့်မယ်'

ထိုစဉ် ရှင်ကျင်းကိုယ်တော်၏ အသံက ထပ်မံပေါ်လာလေ၏။

'မင်းရဲ့ လက်ဝါးနှစ်ဘက်ကို ငါ့ရဲ့ လက်ဝါးနဲ့ လာကပ်ထားလိုက်၊ မှတ်ထားနော်၊ ငါက မင်းရဲ့နာမည်ကိုလဲ မသိဘူး၊ မင်းဟာ ဘယ်ဂိုဏ်းအဖွဲ့က လူဆိုတာလဲ ငါမသိဘူး၊ ငါက မင်းကို ကြုံကြိုက်လို့ အကူအညီပေးတာ သက်သက်ပဲ'



ကျန်းဟူကျင်းသည် ဘုန်းကြီး၏ လွန်စွာ ဆန်းပြားသော စကားပြောဟန်ကို ကြားရသော်လည်း မိမိအပေါ်တွင် စေတနာ မဆိုးလှသည်ကို တွေ့ရ၍ 'ကျေးဇူးတင်ပါတယ်'ဟု ပြန်ပြောလိုက်၏။

ထို့နောက် ကျန်းဟူကျင်းသည် လက်နှစ်ဘက်ကို ရှင်ကျင်းကိုယ်တော်၏ လက်ဝါးနှစ်ဘက်တွင် ကပ်လိုက်လေသည်။ ရှင်ကျင်းက...

'မင်း တစ်ကိုယ်လုံးမှာရှိတဲ့ အရိုး အကြော၊ ကြွက်သားတွေ အားလုံး လျော့ထားလိုက် ဘာမှ မစဉ်းစားနဲ့'ဟုဆိုရာ ကျန်းဟူကျင်းက...

'ဟုတ်ကဲ့'ဟု ဖြေလိုက်၏။

ထိုစဉ် ရှင်ကျင်းကိုယ်တော်၏ လက်ဝါးနှစ်ဘက်မှ နွေးထွေးသော အပူလှိုင်းကြောင်းတစ်ခုက မိမိလက်ဝါးပြင်ထဲသို့ ထိုးဖောက်ဝင်ရောက်လာပြီး လက်မောင်းနှစ်ဘက်သို့ တက်သွားကာ တစ်ကိုယ်လုံးတို့သို့ လှည့်ပတ်သွားနေသည်ကို ထင်ရှားစွာ ခံစားလိုက်ရလေ၏။ အကြောများ ပိတ်နေသောနေရာတွင်လည်း ရှင်ကျင်းကိုယ်တော်က အားကို ပိုထုတ်၍ အပူလှိုင်းဖြင့် တွန်းဖွင့်လိုက်၏။ တဖြည်းဖြည်းနှင့် ထိုအပူလှိုင်းမှာ လှည့်ပတ်လေ မြန်လေဖြင့် နောက်ဆုံး ကျန်းဟူကျင်းမှာ မိုက်ခနဲဖြစ်သွားပြီး မေ့လဲလုမတတ် ဖြစ်သွားပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရှင်ကျင်းကိုယ်တော်၏ လက်ဝါးနှစ်ဘက်က သူ့လက်ဝါးနှစ်ဘက်ကို ယံလိုက်ခါတ်ဖြင့် ကပ်ထားသလို သူက ဘယ်လိုနည်းနှင့်မျှ မကွာနိုင်ချေ။ တဖြည်းဖြည်းနှင့်သူ တစ်ကိုယ်လုံးမှာ လွန်စွာပူလောင်လာသလို ခံစားလိုက်ရပြီး လွန်စွာအေးသော ရေခဲရေထဲသို့ ခုန်ဆင်းလိုသော ဆန္ဒများပင် ထွက်ပေါ်လာလေသည် အတန်ကြာမှပင် ထိုအပူလှိုင်းမှာ သူ့ကိုယ်ထဲမှ ပြန်လည်၍ ဆုတ်ခွာ ထွက်သွားလေတော့၏။

ထိုအခါ ရှင်ကျင်းကိုယ်တော်က လက်နှစ်ဘက်ကို ပြန်ရုပ်လိုက်ပြီး အေးစက်စွာဖြင့် 'မင်းသွားနိုင်ပြီ'ဟု ဆိုသည်။ ထို့နောက်တွင်မှ ကျန်းဟူကျင်းက ကျေးဇူးတင်စကား ပြောကြားပြီး အခန်းထဲမှ ပြန်ထွက်လာ၏။

ထိုအချိန်တွင် ကိုရင်လေးက အခန်းဝတွင် ရပ်လျက်ရှိသည်ကိုတွေ့ရ၏။ ထိုစဉ် ရှင်ကျင်းကိုယ်တော်က ကိုရင်လေးအား 'ကျောင်းထိုင်ဆရာတော်ကို မင်းသွားပြောလိုက်၊ ငါ ဒီကလေးကို ရှောင်လင်ဂိုဏ်းရဲ့ နေစကြာသိုင်းကျင့်စဉ်ကို သင်ပေးလိုက်ပြီလို့၊ ဒီကလေးရဲ့မှတ်ဉာဏ်က တကယ်ပဲ ကြောက်စရာကောင်းတယ်'

ကိုရင်လေးက ကျန်းဟူကျင်းအား လာလမ်းအတိုင်း ပြန်ခေါ်လာလေ၏။

ကိုရင်လေးက ကျန်းဟူကျင်းတို့ ဇရပ်ထဲသို့ ပြန်ရောက်ချိန်တွင် ကျန်းဆန်းဖုန်းမှာ သူ့သိုင်းကျမ်းကို ရေး၍မပြီးသေးချေ။ ကျန်း



ကျင်းက သူ့ဆရာ ဘိုးဘိုးကို တွေ့ရသော် စိတ်လှုပ်ရှားလွန်း၍ က်ရည်ရစ်ဝဲလာ၏။

သူက 'ဘိုးဘိုး သူတို့က ကျွန်တော်ကို ရှောင်လင်နေစကြာ င်းကျင့်စဉ် ဆယ်နည်းကို သင်ကြားပေးလိုက်ပြီ'ဟု ပြောပြ၏။

ကျန်းဆန်းဖုန်းက ချမ်းမြေ့စွာ ပြုံးလျက်...

'ဒီလိုဆို သိပ်ကောင်းတာပေါ့'ဟု ပြောပြီးလျှင် ဆက်၍ ရေး ား‌နေလေ၏။ အတန်ကြာသော် ရေးသားပြီးသွား၏။

ထိုအချိန်တွင် ခုံးဝန်၊ ခုံကျို၊ ခုံးရှန့် ဆရာတော်ကြီးသုံးပါး င့်အတူ လူငယ်တစ်ယောက် ရောက်လာကြ၏။ ထိုလူငယ်မှာ က်နံးဝတ်နှင့်မဟုတ်ဘဲ လူဝတ်ဖြင့် ဖြစ်၏။ ကျန်းဆန်းဖုန်းက ိုလူငယ်ကိုမြင်သော် အံ့သြသွား၏။ အကြောင်းမူ ဤရှောင်လင် ရားကျောင်းတွင် လူဝတ်ဖြင့် သိုင်းပညာသင်ရသော လူမှာ လွန်စွာ ည်းပါးသောကြောင့် ဖြစ်၏။ သို့ဆိုလျှင် ကျောင်းထိုင် ဆရာတော် ည် သူငယ်အား ဘာအတွက် သူတို့ထံ ခေါ်လာပါသနည်း။

ထို့ကြောင့် ကျန်းဆန်းဖုန်းက လူငယ်အား အသေအချာ က်ကြည့်လိုက်၏။ လူငယ်မှာ ပိန်ပိန်ပါးပါး ဖြစ်သော်လည်း က်လုံးများမှာမူ ရွှန်းလက်တော်ပနေလေ၏။ လွန်စွာ သွက်လ

www.burmeseclassic.com

www.burmeseclassic.com



ချက်ချာပြီး ဉာဏ်ကောင်းလှသည့် လူငယ်ဖြစ်၏။ ခုံးဝန်ဆရာတေ
က ဇရပ်ထဲသို့ရောက်လျှင် ရောက်ချင်း...

'ဆရာကြီး အတော်ပင်ပန်းသွားပြီလား' ဟု စတင်စကား
၏။ ကျန်းဆာန်းဖုန်းက ပြုံး၍...

'တပည့်တော်ရဲ့ မြေးလေးကို ရှောင်လင်ဂိုဏ်းရဲ့ နေစကြ
သိုင်းကျင့်စဉ်ကို သင်ကြားပေးတဲ့အတွက် ကျေးဇူးတင်လှပါပြီ'
ပြန်ပြော၏။

ထို့နောက် ရေးသားပြီးစီး သွားသော ဟူတန်း နေစကြ
သိုင်းကျင့်စဉ်နှင့်တကွ သူ၏သီးခြား လျှို့ဝှက်သိုင်းပညာ တစ်မျိုး
ဖြစ်သော ရန်သူ့အား ပြန်အသုံးချသည့် တိုက်ကျိုက် လက်သီးသိုင်
တစ်ဆယ့်သုံးကွက် ကျင့်စဉ် ကျမ်းစာမူကို ဆက်ကပ် လိုက်လေ၏
ခုံးဝန် ဆရာတော်က စက္ကူအရွက် သုံးဆယ်ခန့်ရှိ ကျမ်းစာ
တစ်ထပ်ကြီးကို ကြည့်ပင်မကြည့်ဘဲ သူ့နောက်ရှိ လူငယ်အား လှမ်း
ပေးလိုက်၏။ လူငယ်က ထိုကျမ်းစာမူကို ယူ၍ တစ်ရွက်ချင်း လှန်
လှောကြည့်လိုက်သည်။

ထိုစဉ် ကျန်းဆန်းဖုန်းက...

'အချိန် မစောတော့ဘူး၊ တပည့်တော်တို့ ပြန်ပါဦးမယ်' ဟု
ဆိုလေ၏။



ခုံးဝန် ဆရာတော်က...

'ဆရာကြီးကိုယ်တိုင် ရှောင်လင်ဂိုဏ်းကို ရောက်လာတဲ့ဥစ္စာ
ဘုန်းကြီးတို့က လက်ဖက်ရည်ကြမ်းကလေးနဲ့တော့ ဧည့်ခံရမှာပေါ့'
ဟုပြောပြီး လက်ဖက်ရည်ကြမ်းတစ်ခွက် ငှဲ့၍ ကျန်းဆန်းဖုန်းအား
ကမ်းပေးလိုက်၏။ ကျန်းဆန်းဖုန်းလည်း မငြင်းသာသဖြင့် ပြန်ထိုင်
၍ လက်ဖက်ရည်ကြမ်း သောက်ရင်း စကားစမြည်ပြောနေလိုက်ရ၏။

အတန်ကြာမှပင် ကျန်းဆန်းဖုန်းက ကျန်းဟူကျင်းအား
ဆရာတော်ကြီး သုံးပါးအား အရိုအသေပေးခိုင်းပြီးလျှင် ပြန်ရန် နှုတ်
ဆက်လိုက်လေ၏။ ထိုအချိန်တွင် ခုံးဝန်ဆရာတော် နောက်တွင်
ရပ်နေသော လူငယ်က ရုတ်တရက် စကားဆိုလေ၏။

'ဆရာတော်ကြီး၊ ဆရာကြီး ကျန်းဆန်းဖုန်း ရေးပေးတဲ့
သိုင်းပညာက တပည့်တော်တို့ရှောင်လင်ဂိုဏ်းရဲ့ သိုင်းပညာ အဝန်း
အဝိုင်းထဲကပါပဲလား ဒီကျင့်စဉ်တွေက တပည့်တော်ရဲ့ ဆရာက
တပည့်တော်ကို သင်ကြားပေးခဲ့ဖူးတာပဲ'

ကျန်းဆန်းဖုန်းက ထိုစကားကိုကြားသော် ရုတ်တရက်
ထိတ်လန့်တုန်လှုပ်သွား၏။ ခုံးဝန်ဆရာတော်က အသံကိုမြှင့်၍...

'လျှောက်မပြောနဲ့၊ ဒါက ဆရာကြီး ကျန်းဆန်းဖုန်းရဲ့ သိုင်း
ပညာအဆီအနှစ်တွေ ဟူတန်းဂိုဏ်းရဲ့ သီးခြားလျှို့ဝှက်သိုင်းပညာ
တိုက်ကျိုလက်သီး သိုင်းကွက် တစ်ဆယ့်သုံးကွက်ကို မင်းက သင်ဖူး
လို့လား'

www.burmeseclassic.com

www.burmeseclassic.com



လူငယ်က ကျန်းဆန်းဖုန်း၏ သိုင်းကျမ်းစာမူ အထုပ်ကို ခုံးဝန် ဆရာတော်လက်သို့ ပေးရင်း...

'ဆရာတော်ကြီးကိုယ်တိုင် ဖတ်ကြည့်ရင် သိမှာပါ'ဟု ဆိုလေ၏။

ခုံးဝန်ဆရာတော်က ကျမ်းစာမူများကို လှန်လှောကြည့်ပြီးနောက် ခုံးကျိဆရာတော်ကို ပေးလိုက်၏။ ခုံးကျိဆရာတော်မှ တစ်ဆင့် ခုံးရှန့်ဆရာတော်က ကြည့်လေသည်။ သို့သော် ထို ဆရာတော်များသည် ကျမ်းစာမူကို အကျအန မကြည့်ဘဲ ဟိုလှန် သည်လှန်မျှသာ ကြည့်လေ၏။ ခုံးကျိဆရာတော်က အသံကိုနိမ့်၍...

'ဆရာတော်ကြီး၊ ဒါက ကျုပ်တို့ရဲ့ ရှောင်လင်ဂိုဏ်းက သိုင်းပညာပါပဲလား'

ကျန်းဆန်းဖုန်း လွန်စွာ တုန်လှုပ်သွား၏။ ဒေါသလည်း ထွက်သွား၏။ စိတ်ထဲတွင်...

'ဒီ တိုက်ကျိ လက်သီးသိုင်းက ငါ အနှစ်သုံးဆယ်တိတိ လေ့လာတီထွင်ပြီးမှ မနှစ်ကမှ အောင်မြင်ခဲ့တဲ့ဥစ္စာ ဒီသိုင်းပညာက အားနည်းသူက အားကြီးသူကို အနိုင်ယူတဲ့နည်း သိုင်းအားအပြင်းကို သိုင်းအားအပျော့နဲ့ ယှဉ်ပြိုင်တဲ့နည်း၊ ဒါက ရှောင်လင်သိုင်းပညာနဲ့ လုံးဝဆန့်ကျင်ဘက်ပဲ၊ ဘယ်နှယ်လုပ် သူတို့ရဲ့ ရှောင်လင်သိုင်းပညာ ဖြစ်ရမှာလဲ'ဟု အတန်ကြာတွေးနေမိ၏။



ထိုအခါ ကျန်းဆန်းဖုန်း သဘောပေါက်သွား၏။ စိတ်ထဲတွင်လည်း...

'လက်စသတ်တော့ သူတို့က ငါ့ရဲ့ ဟူတန်းဂိုဏ်းသိုင်းပညာကို ယူတာမှန်း သိုင်းလောက က လူတွေသိရင် သူတို့အဖို့ သိက္ခာကျမှာစိုးလို့ ဒီလို ပရိယာယ်ဆင်ပြောတာပဲ ဖြစ်ရမယ်'ဟု ကောက်ချက်ချမိ၏။ သို့ဖြင့် သူက...

'တပည့်တော် ကျန်းဆန်းဖုန်းက ပြောပြီးတဲ့စကားကို ပြန်မရုတ်သိမ်းတတ်ပါဘူး၊ ဒါကြောင့် တကယ်လို့ ဆရာတော်တို့က ဒီသိုင်းပညာကို အသုံးမကျဘူးထင်ရင် လွှင့်ပစ်လိုက်ပါ၊ တပည့်တော်ကိုတော့ ပြန်မပေးပါနဲ့'

ခုံးကျိဆရာတော်က ဝင်၍...

'ဆရာကြီး ကျန်းဆန်းဖုန်းရဲ့ လေသံကိုကြည့်ရတာ ဘုန်းကြီးတို့ရဲ့ စကားကို သိပ်မယုံသလိုပါပဲလား'

ခုံးကျိဆရာတော်က လူငယ်ဘက်သို့ လှည့်၍လည်း...

'ကဲ... မင်းက ဆရာကြီး ကျန်းဆန်းဖုန်းကို ငါတို့ ရှောင်လင်ဂိုဏ်းရဲ့ တိုက်ကျိသိုင်းကွက်ကို ရှုတ်ပြလိုက်ပါဦး'

သို့နှင့် လူငယ်က ကျန်းဆန်းဖုန်းကို စောစောက ရေးသားခဲ့သော ဟူတန်းနေစကြာ သိုင်းကျင့်စဉ်နှင့် ဟူတန်းဂိုဏ်းဖော်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျိုလက်သီး တစ်ဆုပ်စာသုံးကွက်ကို တစ်လုံးမကျန် အမှားအယွင်းမရှိ အလွတ်ရွတ်ဖတ်ပြလိုက်လေ၏။ ထိုစဉ် ကျန်းဟူကျင်းက ရုတ်တရက်ဝင်၍...

"ဘိုးဘိုး ဒီလူက ဘိုးဘိုးရေးတဲ့စာကို ဖတ်ပြီး စိတ်ထဲမှာ မှတ်ထားတာဗျ၊ အခုမှ သူတို့ ရှောင်လင်ဂိုဏ်းရဲ့ သိုင်းပညာလို့ ပြောတာ၊ ဟင်း ... ရှက်လဲ မရှက်ဘူး'

ကျန်းဆန်ဖုန်းလည်း သဘောပေါက်ပြီး ဖြစ်၏။ စင်စစ် ဤလူငယ်မှာ ခုံးကျိုဆရာတော်၏ တပည့်ဖြစ်၏။ သူ၏ မှတ်ဉာဏ်က လွန်စွာကောင်း၏။ သူ့မျက်စိဖြင့် ဖတ်သွားသော စာကို ချက်ချင်း ပြန်၍အလွတ်ရွတ်ဆိုနိုင်စွမ်း၏။ ခုံးကျိုဆရာတော်က ယခုသူ့ကို ခေါ်လာခြင်းမှာ ကျန်းဆန်ဖုန်း၏ သိုင်းကျမ်းစာကို အလွတ်မှတ်ထားခိုင်းပြီး ထိုသိုင်းကျမ်းစာကို ပြန်ပေးလိုက်ခြင်းဖြင့် ရှောင်လင်ဂိုဏ်းက ဟူတန်းဂိုဏ်း၏ သိုင်းပညာကို လုံးဝမယူခဲ့ဟု ပြသရန် ဖြစ်လေ၏။ ကျန်းဆန်ဖုန်းက ရယ်မောလိုက်ပြီး...

'မင်းက ငါနဲ့ ဆရာတော်ကြီးတွေ ရေနွေးကြမ်း သောက်ပြီး စကားပြောနေတဲ့ အချိန်လေးအတွင်းမှာ ဒီစာတွေကို အလွတ်ရအောင် ကျက်နိုင်တာကိုတော့ ငါ ချီးကျူးပါတယ်။ မင်းနာမည် ဘယ်လို ခေါ်လဲ ကလေး'



လူငယ်က မျက်နှာ ပျက်သွားပြီး...

'ကျွန်တော့်နာမည် ချန်ရိုပါ'ဟု မဝံ့မရဲဖြေလေ၏။

ကျန်းဆန်းဖုန်းက တည်ကြည်သော လေသံဖြင့်...

'ချန်ရို... မင်းမှာ ဒီလောက် ထက်မြက်တဲ့ ဉာဏ်ရည် ဉာဏ်သွေးရှိတဲ့နောက်တော့ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် လူထူး လူချွန် ဖြစ်မှာ သေချာတယ်၊ ဒါပေမယ့် လမ်းမှားတော့ မရောက်ပါစေနဲ့၊ ငါ မင်းကို စကားလက်ဆောင်တစ်ခု ပါးလိုက်မယ်၊ လူလူချင်း ဆက်ဆံကဲ့နေရာမှာ ရိုးသားမှုက အရေးကြီးဆုံးပါ ချန်ရို'

ချန်ရို ဆိုသော လူငယ်မှာ ကျန်းဆန်းဖုန်း၏ လေးနက်သော စကားကြောင့် မျက်နှာ နီရဲသွား၏။ သူက ဘာပြန်ပြောရမည် မှန်းပင် မသိတော့ချေ။

ထိုစဉ် ခုံးကျို ဆရာတော်က စက္ကူအထုပ်ကို ကျန်းဆန်းဖုန်း၏ လက်ထဲသို့ အပ်လိုက်၏။ ကျန်းဆန်းဖုန်းကလည်း မငြင်းမဆန် လက်ခံလိုက်၏။ သို့သော် သူက အတွင်းအားကို စက္ကူမှ တစ်ဆင့် ထုတ်၍ တွန်းလိုက်ရာ ခုံးကျိုဆရာတော်မှာ ရုတ်တရက် ကိုယ်တုန်ယင်သွားပြီး နောက်သို့ လဲကျသွား၏။ ချန်ရိုက ကမန်းကတန်း လှမ်းထူ လိုက်သည်။ သို့သော် ခုံးကျိုဆရာတော် နောက်သို့ ယိုင်လဲလာသော အားမှာ လွန်စွာပြင်းပြီး ချန်ရိုဆိုသော လူငယ်မှာ လည်း ဉာဏ်သာကောင်း၍ သိုင်းပညာ လုံးဝမတတ်သဖြင့် ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တပည့်နှစ်ယောက် ဇရပ်အပြင်သို့ လွင့်ထွက်သွားလေ၏။ ထိုအခါ ခုံးကျိုဆရာတော်မှာ သိုင်းပညာ မြင့်မားသော ပုဂ္ဂိုလ်ဖြစ်၍ မိမိကိုယ် မိမိ ပြန်ဟန်လိုက်နိုင်သော်လည်း ချန်ရှီမှာမူ မြေကြီးပေါ် မှောက် လျက် လဲကျသွားလေတော့၏။

ကျန်းဆန်းဖုန်းက သူတို့အား ပြုံး၍ ကြည့်ရင်း...

'ဒါက တိုက်ကျိုလက်သီးသိုင်းရဲ့ ပညာပဲ၊ လက်စသတ်တော့ ဆရာတော်တို့ ဆရာတပည့်နှစ်ယောက်က အလွတ်သာရပြီး လဏ်တွေ မလှေလာဖူးဘဲကိုး၊ ကဲ... သွားတော့မယ်'

ကျန်းဆန်းဖုန်းက ထိုသို့ပြောပြီး လက်ကို တစ်ချက် ဝှေ့ယမ်းလိုက်ရာ ဇရပ်တစ်ခုလုံး စက္ကူစများ ဖြာထွက်သွားလေ၏။ မှန်ပါသည်။ ကျန်းဆန်းဖုန်းသည် စောစောက ပြန်ယူလိုက်သော စက္ကူအထပ်ကို လက်ထဲတွင် ဆုပ်၍ အတွင်းအားဖြင့် ချေလိုက်ရာ ယခုကဲ့သို့ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားခြင်းပင် ဖြစ်ပါ၏။ ယင်းသို့ စက္ကူစများ ဖြာထွက်သွားပြီး လေထဲတွင် ဝေ့နေစဉ်မှာပင် ကျန်း ဆန်းဖုန်းက ကျန်းဟူကျင်းအားခေါ်၍ ဇရပ်ထဲမှ ထွက်ခွာသွားပြီး ဖြစ်လေ၏။

ခုံးဝန်၊ ခုံးကျိုနှင့် ခုံးရှန့် ဆရာတော်ကြီး သုံးပါးမှာမူ ငေး ကြောင်လျက် ရှိနေလေ၏။ ထိုအခါ ဆရာတော်ကြီးများသည် ကျန်း ဆန်းဖုန်း၏ သိုင်းပညာစွမ်းကို ကြည့်ပြီး တုန်လည်းတုန်လှုပ်၊ ချီး



လည်း ချီးကျူးမိလေ၏။ နောင်တလည်း အနည်းငယ် ရလိုက်ကြ၏။ စိတ်ထဲမှလည်း...

'ဒီတိုက်ကျို သိုင်းပညာက အံ့သြလောက်အောင် ကောင်း တာပဲ၊ ချန်ရှီက အားလုံးကို အသေးစိတ်မှ မှတ်မိပါ့မလား မပြော တတ်ဘူး၊ တော်ကြာ တစ်ခုခုကျန်သွားရင် လေ့ကျင့်တဲ့အခါကျရင် တော့ ဟစ်လွဲစီ ဖြစ်သွားပါဦးမယ်'ဟု ရေရွတ်လိုက်မိလေသတည်း။

★ ☆ ★ ☆ ★

ဤသို့ဖြင့် ကျန်းဆန်းဖုန်းသည် ကျန်းဟူကျင်းကိုခေါ်၍ ရှောင်လင်တောင်ပေါ်မှ ဆင်းလာခဲ့ကြသည်။ လမ်းခရီး၌ တည်းခို ရသောအခါတိုင်းတွင်လည်း ကျန်းဆန်းဖုန်းသည် ကျန်းဟူကျင်း အား ရှောင်လင်နေစဉ်က သိုင်းကျင့်စဉ်များကို လေ့ကျင့်ခိုင်းလေ၏။ ကျန်းဆန်းဖုန်းသည် ပင်မဂိုဏ်းကြီး တစ်ဂိုဏ်း၏ သိုင်းဆရာကြီးဖြစ် ၍ အခြားဂိုဏ်း၏ သိုင်းပညာကို အခွင့်မရဘဲ မကျင့်ခိုင်းချေ။ ထို့ ကြောင့် တစ်လမ်းလုံးတွင် ကျန်းဟူကျင်းသည် ရှောင်လင်နေစဉ်က သိုင်းကျင့်စဉ်ကိုသာ ကျင့်ခဲ့ရသဖြင့် မျက်နှာမှာလည်း တစ်နေ့တခြား နီရဲလာ၏။ ကျန်းဆန်းဖုန်းက ထိုအချင်းအရာကို မြင်သော် လွန်စွာ ဝမ်းသာသွားလေ၏။ သူ့စိတ်ထဲတွင်...

www.burmeseclassic.com

www.burmeseclassic.com



'ကျန်းဟုကျင်းက ဟုတန်းဂိုဏ်းရဲ့ နေစကြာ သိုင်းကျင့်စဉ်နဲ့ ရှောင်လင် နေစကြာသိုင်းကျင့်စဉ် နှစ်မျိုးစလုံးကို လေ့ကျင့်လိုက်တော့ သူ့အတွက် ပိုပြီး ပြည့်စုံသွားတာပေါ့။ ဒီတစ်ခါတော့ သူ့ကိုယ်ထဲက အအေးဓါတ် အဆိပ်ကို ကောင်းကောင်း လွှင့်ပြယ်စေနိုင်ပါပြီ' ဟု တွေးလိုက်မိ၏။

ဤနေ့တွင် သူတို့သည် မြစ်ကို ဖြတ်ကူးကြရာ ရုတ်တရက် ကျန်းဟုကျင်းက အော်လိုက်၏။

'ဘိုးဘိုး... သား...သား'

ကျန်းဟုကျင်း၏ အသံမှာ တုန်ယင်လျက် ရှိပြီး မျက်နှာအမူအရာမှာလည်း ဝေဒနာ လွန်စွာ ခံစားနေရသလိုပင် ဖြစ်နေ၏။ ကျန်းဆန်းဖုန်းသည် လွန်စွာတုန်လှုပ်သွားပြီး လှမ်းကြည့်လိုက်ရာ ကျန်းဟုကျင်း၏ မျက်နှာမှာ မီးခဲတမျှ နီရဲလျက်ရှိသော်လည်း ထိုအနီရောင်ကြားတွင် အစိမ်းရောင် အငွေ့အသက်များ ရောယှက်ပေါ်လွင်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် အလောတကြီးဖြင့်...

'သားသား... ဘာဖြစ်လို့လဲ' ဟု မေးလိုက်၏။

ထိုအခါ ကျန်းဟုကျင်းက အထစ်အငေါ့ဖြင့်...

'သားသား... သိဝ်... အခံရခက်နေတယ်၊ မအောင့်နိုင်တော့ဘူး'



ထိုမျှသာပြောနိုင်ပြီးနောက် ကျန်းဟုကျင်း၏ ကိုယ်လုံးမှာ င်ဆင်းသွား၏။ ကျန်းဆန်းဖုန်းက ကျန်းဟုကျင်း၏ လက်ကို မန်းကတတန်းဆွဲ၍ သူ့နောက်ကျောရှိ အကြောမှတစ်ဆင့် အတွင်း းကိုကူးစက်ပေးလိုက်၏။ အအေးဓါတ်ကို ခံနိုင်ရန်အတွက် ဖြစ်သည်။ သို့သော် ထိုသို့အတွင်းအားများကို ကူးစက်စေလိုက်သည် အတူ မထင်မှတ်ဘဲ ကျန်းဟုကျင်း၏ တစ်ကိုယ်လုံးသို့ ရော ပြီး သာမန်အကြောများအပြင် ပြင်ပအကြောရှစ်ခုကို ခေါ်တော် ကသွားသည်ကို ခံစားလိုက်ရ၏။ ကျန်းဟုကျင်းမှာ မ ရှစ်ခုကို လား ဟု ပြီးတစ်ချက် အော်၍ မေ့လဲကျသွား၏။

ထိုအခါ ကျန်းဆန်းဖုန်းက ကမန်းကတန်းဖြင့် က င်း၏ တစ်ကိုယ်လုံးရှိ အရေးကြီးသော အကြောမများကို ်ရလေ၏။ စိတ်ထဲမှလည်း...

'ဘယ်နှယ့်လုပ်ပြီး သူရဲ့ပင်မ အကြောရှစ်ခုလဲ ပွင့်ထွက် ပေါလိမ့်၊ သူ့ကိုယ်ထဲမှာ ဒီလောက်ပြင်းထန်တဲ့ အအေးဓါတ် ဆိပ်ရှိနေသားနဲ့ ဒီပြင်ပ အကြောရှစ်ခု ဘယ်နှယ့်လုပ်ပြီး ပွင့်လို ပါ့မလဲ၊ ဒီပြင့်ပအကြောရှစ်ခုပွင့်သွားရင် အဆိပ်တွေက သူ့ကိုယ် င်းမှာရှိတဲ့ အင်္ဂါအစိတ်အပိုင်း အားလုံးထဲကို ဝင်သွားမှာပေါ့၊ ဒီ ဆိုရင် ဒီအဆိပ်တွေကို ဘယ်လိုမှ လွှင့်ပြယ်သွားအောင် လုပ်လို ာ့မှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ကျန်းဆန်းဖုန်းသည် အသက် တစ်ရာတိတိ တရား
ကျင့်ကြံ လာခဲ့သော်လည်း ဤတစ်ကြိမ်တွင် မကြံစဖူးတော့အော
အတုန်လှုပ်ကြီး တုန်လှုပ်သွားလေ၏။ အတန်ကြာသော် ကျန်း
ကျင်း ပြန်လည် သတိရလာ၏။ သူ့တစ်ကိုယ်လုံးရှိ အကြောမရှ
ကို ကျန်းဆန်းဖုန်းက ထိုးပိတ်ထားသဖြင့် အဆိပ်များသည် ရ
က်တွင် သူ၏ အတွင်းကိုယ်အင်္ဂါ အစိတ်အပိုင်းများသို့ မစီးမ
ဟု
ကျန်းဟုကျ
းချေ။
ဘိုး

ကျန်းဆန်းဖုန်းသည် ဟန်မဆောင်နိုင်တော့ဘဲ...

'လူလေး... လူလေး သင်ခဲ့တဲ့ နေစကြာသိုင်းကျင့်စဉ်
အမှုအရာ
ဒ်လိုလဲ၊ ဘယ်နယ်လုပ်ပြီး လူလေးရဲ့ ပြင်ပ အကြောရှစ်ခု
ကျန်းဆ
ဖွင့်စေရတာလဲ'

ကျန်းဟုကျင်းက...

'ဒါက ရှင်ကျင်းကိုယ်တော်က သားသားကို ဖွင့်
လိုက်တာပါ၊ သူက ပြောတယ် ဘိုးဘိုးရဲ့၊ ဒီလို ဖွင့်လိုက်ရင်
သားသားက ဒီနေစကြာသိုင်းကျင့်စဉ်ကို ဖိုပြီး မြန်မြန် အောင်မြ
သွားအောင် လေ့ကျင့်နိုင်မယ်တဲ့'

ထိုအခါ ကျန်းဆန်းဖုန်းက...





'နေပါဦး... သားကို ရှင်ကျင်းကိုယ်တော်က ဘယ်လို အကူအညီ ပေးလိုက်တာလဲ' ဟု မေးလိုက်ရာ ကျန်းဟုကျင်းက ကျန်းဆန်းဖုန်းအား သူကြားသိကြုံတွေ့ခဲ့ရသော အကြောင်းအရာ အားလုံးကို ဖွင့်ဟ ပြောပြလိုက်လေ၏။

ကျန်းဆန်းဖုန်းက အတန်ကြာ စဉ်းစားလိုက်ပြီးမှ...

'ရှင်ကျင်းကိုယ်တော်က သားသား ကိုယ်မှာ အအေးဓာတ် အဆိပ်ရှိတာကို စေတနာ ရိုးရိုးနဲ့ သားရဲ့ ပြင်ပအကြောရှစ်ခုကို ဖွင့်ပေးလိုက်တာလား၊ ဒါမှမဟုတ် ယုတ်မာတဲ့ အကြံနဲ့လား' ဟု မေးပြန်၏။

ကျန်းဟုကျင်းက...

'ရှင်ကျင်းကိုယ်တော်က ထပ်တလဲလဲ သားကို ပြောတယ်၊ သားရဲ့နာမည်ကို သူမသိဘူး၊ သားသား ဘယ်ဂိုဏ်းက ဆိုတာလဲ သူ မသိဘူးတဲ့'

ကျန်းဆန်းဖုန်းက...

'သြော်... ရှင်ကျင်း... ရှင်ကျင်း၊ ရှောင်လင်ဂိုဏ်းမှာ ဒီလို ထိပ်သီးသိုင်းသမားတစ်ယောက် ရှိနေတယ် ဆိုတာကို ငါ မကြားဘူးလား' ဟု ရေရွတ်ပြီး...

'ရှင်ကျင်း ကိုယ်တော်က သားနဲ့လည်း အတွေ့မခံဘူး၊ သားရဲ့ နာမည်ကိုလည်း မသိဘူး၊ သားကို ဘယ်ဂိုဏ်းကမှန်းလဲ မသိဘူး

www.burmeseclassic.com



ဆိုတော့ ကောက္ကသားကို ယုတ်မာတဲ့ အကြံနဲ့ လုပ်တာတော့ မဟုတ်
နိုင်ဘူး' ဟု ဆိုလေ၏။

ထို့နောက် ကျန်းဆန်းဖုန်းသည် ကျန်းဟူကျင်းအား ရှောင်လင်နေစကြာ သိုင်းကျင့်စဉ်၏ ကျင့်နည်းဆယ့်နှစ်ခုကို ရေရွတ်ပြလိုက်လေ၏။ ကျန်းဟူကျင်းက သုံးခုလောက် ရေရွတ်လိုက်သည်နှ ကျန်းဆန်းဖုန်းသည် ရှောင်လင်နေစကြာ သိုင်းပညာအစစ်ဖြ ကြောင်း သိလိုက်၏။ ထို့နောက်တွင် ကျန်းဆန်းဖုန်းက ကျန်းဟူ ကျင်းအား ဤသိုင်းပညာကျင့်စဉ်များကို ဤတစ်ခါသာ နောက်ဆုံ အကြိမ် ရေရွတ်ပြီးနောက် ဘယ်သောအခါမှ လူတထူးရှေ့တွ ရွတ်ဆိုခြင်း မပြုရန် တားမြစ်လိုက်၏။

ကျန်းဟူကျင်းက 'ဟုတ်ကဲ့ ဘိုးဘိုး' ဟု ကတိပေးလေ သည်။ ထိုအခါ ကျန်းဆန်းဖုန်းက ကျန်းဟူကျင်း၏ ချစ်စရာ ကောင်းသော မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း မျက်ရည်များ စီးက လာလေတော့သည်။

ကျန်းဟူကျင်းသည် သူ့အခြေအနေကို သဘောပေါက လိုက်၏။ သူ့ကိုယ်တွင်းတွင် ပျံ့နှံ့နေသော အအေးဓာတ်အဆိပ် သူ့ဘိုးဘိုးလည်း မကယ်နိုင်တော့ပါလား။ ကျန်းဆန်းဖုန်းက ကျလ သောမျက်ရည်ကို ဆယ်လိုက်ပြီး၊ ကလေးအား နှစ်သိမ့်ရန် စိတ်က လိုက်၏။ ထိုစဉ်မှာပင် မြစ်၏ အခြားတစ်ဘက်မှ ကျယ်လောင်သော အသံတစ်သံ လွင့်ပျံ့လာ၏။



'ဟိတ်... လှေကိုရပ်ပြီး ကလေးကိုပေးစမ်း၊ နို့မို့ရင် မင်း အသက်ကို သတ်ပစ်ရလိမ့်မယ်'

ထိုအသံမှာ မြစ်ပြင်အဝေးမှ လွင့်ပြန့်လာခြင်း ဖြစ်သော် လည်း အနားတွင်ကပ်၍ ပြောသကဲ့သို့ ထင်ထင်ရှားရှား ကြားရ သောအခါ ပြောသူ၏ အတွင်းအားသိုင်းမှာ မြင့်မားလှကြောင်း သိရ သည်။

ကျန်းဆန်းဖုန်းက စိတ်ထဲမှ ရယ်လိုက်မိ၏။

'ဘယ်လိုကောင်ကများ ငါ့ကိုတောင် ခြိမ်းခြောက်ပြီး ကလေးကို လုချင်နေတာပါလိမ့်' ဟု တွေးလိုက်၏။

ထို့နောက် သူက ခေါင်းကို မော့၍ ကြည့်လိုက်သောအခါ လှေငယ်တစ်စီးသည် အရှိန်ပြင်းစွာဖြင့် သူတို့ဘက်ဆီသို့ လှော်ခတ် လာသည်ကို တွေ့ရ၏။

လှေငယ်ပေါ်တွင်မူ မုတ်ဆိတ်ထူလပျစ်နှင့် လူတစ်ယောက် ထိုင်လျက် လှေကို အမြန်ဆုံး လှော်ခတ်နေ၏။ သူ့နံဘေးတွင်မူ ယောကျ်ားလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ထိုင်လျက် နေ၏။ ထိုအချိန်တွင် သူတို့နောက်ဘက်မှ လှေတစ်စင်းကလည်း အပြင်းလိုက်လာ၏။ ထိုလှေမှာမူ အတော်ပင်ကြီး၏။ လှေပေါ်တွင် သော တိဘက်ဘုန်းကြီးလေးပါးနှင့် မွန်ဂိုစစ်သား ဆယ်ယောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလာ၏။ စစ်သူကြီးများအားလုံးက လှေကို တစ်ပြိုင်နက်လှော်
ခတ်လျက်ရှိရာ မုတ်ဆိတ်မွေးထူလပျစ်နှင့် လူမှာလက်မောင်းအား
အတော်ကောင်းသော်လည်း လှေနှစ်စင်းမှာ တစ်စတစ်စ နီးကပ်လာ
လေသည်။

မကြာမီမှာပင် မွန်ဂိုစစ်သားများက မုတ်ဆိတ်မွေးနှင့်လူ၏
လှေငယ်ဆီသို့ မြားဖြင့် စတင် ပစ်ခတ်လေတော့၏။ မြားများ၏
လေတိုးသံမှာ လွန်စွာ ကျယ်လောင်စူးရှလှ၍ မြားပစ်သူ၏ လက်အား
မှာ အတော်ပင် သန်မာကြောင်း သိနိုင်ပေသည်။ ထိုအခါ ကျန်းဆန်
ဖုန်း၏ စိတ်ထဲမှ...

'သြော်... လက်စသတ်တော့ မွန်ဂိုစစ်သားတွေက ပါးသိုင်
မွေးနဲ့လူရဲ့ အားက ကလေးနှစ်ယောက်ကို ပြောတာကိုး' ဟု ရေရွတ်
လိုက်လေ၏။

ကျန်းဆန်းဖုန်းသည် သူ့ တစ်သက်တာတွင် အရှုံမှန်းဆုံး
မှာ မွန်ဂိုစစ်သားများကိုပင် ဖြစ်ရာ မုတ်ဆိတ်မွေးနှင့်လူအား ဝင်
ရောက် ကူညီရန် စိတ်ပိုင်းဖြတ်လိုက်လေသည်။

ထိုအချိန်တွင် မုတ်ဆိတ်မွေးနှင့် လူသည် လှော်တက်တ
ချောင်းတည်းဖြင့် လှေကို လှော်ခတ်ပြီး အခြားလှော်တက်တစ်ချောင်
ဖြင့် တဝိုးဝိုးပြေးဝင်လာသော မြားများကို ရိုက်ထုတ်ဖယ်ရှားနေ၏



များကို ရိုက်ထုတ်ဖယ်ရှားနေပုံမှာ လွန်စွာ သွက်လက်လျင်မြန်
၏။ ကျန်းဆန်းဖုန်း၏စိတ်ထဲတွင်...

'ဒီလူရဲ့ သိုင်းပညာလဲ မဆိုးပါလား' ဟု ရေရွတ်မိလေ၏။

ထို့နောက် သူက သူ့လှေထိုးသားများအား...

'ဟိုဘက်ကို မြန်မြန် လှော်ကြစမ်း' ဟု အော်ပြောလိုက်၏။

သော် လှေထိုးသားများသည် ပလူမျှဘီအလား တဝိုးဝိုးလွင့်ခြေး
သော မြားများကို ကြည့်ပြီး ကြောက်ဒူးတုန်နေရုံမက ထွက်ပြေး
ပင် စိတ်ကူးနေကြပြီ ဖြစ်ရာ အဘယ်မှာလာ၍ ထိုနေရာသို့
ခတ်ဝံ့ပါမည်နည်း။ ထို့ကြောင့် သူတို့က ကျန်းဆွန်းဖုန်းအား...

'ဘကြီးက ရယ်စရာ ပြောနေတာထင်တယ်' ဟူ၍ပင်
မေးကြ၏။

ကျန်းဆန်းဖုန်းသည် အချိန်ဆွဲနေ၍ မဖြစ်တော့မှန်း သိ
သည်နှင့် လှေထိုးသား တစ်ဦး၏ လက်ထဲမှ လှော်တက်ကို ယူ၍
နှင့် ပစ်ခတ်နေသော မွန်ဂိုစစ်သားများ၏ လှေဘက်သို့ လှော်
တ်သွားလေ၏။

ထိုစဉ် 'အား' ကနဲ အော်သံ တစ်ချက်ကြားရပြီး ယောကျ်ား
လေး၏ နောက်ကျောတွင် မြားတစ်စင်းစိုက်နေသည်ကို တွေ့
လိုက်ရလေ၏။

www.burmeseclassic.com



မုတ်ဆိတ်နှင့်လူမှာ ကလေးအော်သံကို ကြား၍ နောက်သို့ လှည့်ကြည့်စဉ် သူ့လက်မောင်းနှင့် ပခုံးတို့သို့ မြားများထိမှန်လေ၏။ ထိုအခါ လှော်တက်များလည်း ရေထဲသို့ လွင့်စဉ်ကျသွားလေ၏။

ထို့ကြောင့် မုတ်ဆိတ်နှင့်လူ၏ လှေမှာ ရှေ့သို့မတိုးနိုင် တော့ဘဲ နောက်မှလိုက်လာသော လှေက မီလာလေသည် ထိုအခါ မွန်ဂိုစစ်သားများ၏ လှေမှ လူခြောက်ယောက်က မုတ်ဆိတ်နှင့်လူ၏ လှေပေါ်သို့ ခုန်တက်လာကြလေ၏။

မုတ်ဆိတ်နှင့်လူသည် ဒဏ်ရာရနေသော်လည်း အလျှော့ မပေးဘဲ လက်သီး ခြေထောက်တို့ဖြင့် မွန်ဂိုစစ်သားများအား ပြန် လည်ခုခံ တိုက်ခိုက်နေသည်ကို တွေ့ရလေ၏။

ကျန်းဆန်းဖုန်းက ထိုလူအား...

'ဟေ့... ဘာမှမကြောက်နဲ့၊ ဘကြီး မင်းကို လာကယ် မယ်ဟေ့'ဟု အော်ပြောပြီး လှေပေါ်မှ ပျဉ်ပြားနှစ်ချပ်ကို ယူ၍ တစ် ချပ်ကို ပစ်လိုက်ပြီး၊ လူကလည်း တစ်ဟုန်ထိုး ခုန်ထွက်သွားပြန်၏ ခြေကျသော နေရာတွင် ဒုတိယပျဉ်ချပ်ကို ချပြီး ထိုပျဉ်ချပ်ကို ထောက်၍ ဆက်တိုက် ခုန်ထွက်လိုက်ပြန်၏။

သို့ဖြင့် အချိန် ခဏငယ်အတွင်းမှာပင် ကျန်းဆန်းဖုန်းသည် ထိုလူကြီး၏ လှေပေါ်သို့ ရောက်သွားလေတော့၏။



ထိုစဉ် လေးသမားများက သူ့အား မြားဖြင့် ဝိုင်းပစ်ကြ၏။ ကျန်းဆန်းဖုန်းက လက်ကို တစ်ချက် ယမ်းလိုက်ရာ မြားများက ဘေးနှစ်ဘက်သို့ လွင့်စင်ထွက်သွားလေ၏။ တစ်ချိန်တည်းတွင်ပင် သူက လက်ဝါးစောင်းနှစ်ချက် ခုတ်လိုက်ပြန်ရာ တိုဘက်ဘုန်းကြီး နှစ်ပါးမှာ လွင့်ထွက်သွားပြီး မြစ်ထဲသို့ ကျသွားလေ၏။ ထိုအခိုက် မွန်ဂိုစစ်သားနှစ်ယောက်က သူ့အား ဘေးတစ်ချက်တစ်ဘက်မှ ဓားဖြင့် ဝင်ခုတ်လေ၏။ ဓားချက်မှာ အလွန် ပြင်းထန်ပြီး လျင်မြန် လေ၏။ ပြီး... လှေဦးပိုင်းက နေရာ လွန်စွာ ကျဉ်းမြောင်း ရှောင်တိမ်း ရန်ပင် မလွယ်ကူချေ။

သို့သော် ကျန်းဆန်းဖုန်းသည် ကိုယ်ကို ဘေးသို့ တစ်ချက် တိမ်းစောင်းလိုက်ရာ ဓါးတစ်ချောင်းက သူ့မျက်နှာရှေ့မှ ကပ်၍ ဖြတ်သွားပြီး နောက်တစ်ချောင်းကမူ သူ့နောက်ကျောမှ ပွတ်ကာ သီကာဖြတ်သွားလေ၏။ ကျန်းဆန်းဖုန်း၏ အရှောင်အတိမ်းမှာ လွန်စွာမှန်ကန် တိကျလှသော အရှောင်အတိမ်းပင် ဖြစ်ပါ၏။

ပြီးလျှင် ကျန်းဆန်းဖုန်းက လက်နှစ်ဘက်ဖြင့် ထိုလူ နှစ်ယောက်၏ လက်မောင်းများကို ဆွဲ၍ 'သွားပေတော့'ဟု အော်ပြီး ပစ်တင်လိုက်ရာ တစ်ဘုန်းဘုန်းဖြင့် သူတို့၏ နဂိုလှေကြီးပေါ်သို့ ကျသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ဖြင့် မွန်ဂိုစစ်သားများသည် ကျန်ဆန်းဖုန်း၏ သိုင်းပညာစွမ်း မြင့်မားလှသည်ကို မြင်သော် လှေပေါ်တွင် ဆက်မနေရဲတော့ဘဲ မြစ်ထဲသို့ ခုန်ချ၍ သူတို့လှေကြီးဘက်ဆီသို့ ကူးခတ်ထွက်ပြေးသွားကြလေတော့၏။ ထို့နောက်တွင်မှ သူတို့သည် လှေကြီးကို ကမန်းကတန်းလှော်ခတ်ပြီး မြစ်ပြင်အဝေးသို့ ထွက်ပြေးသွားကြလေသည်။

မွန်ဂိုစစ်သားများ၏ လှေထွက်သွားပြီးသောအချိန်တွင် ကျန်းဆန်းဖုန်းသည် ဒဏ်ရာကိုယ်စီရရှိထားသော မုတ်ဆိတ်မွေးနှင့်လူနှင့် ကလေးမလေးအား ဆေးလုံးတိုက်ကျွေးပြီး ဆေးဝါးပါ ထည့်ပေးလိုက်၏။ ထိုအချိန်တွင် နောက်ကျောတွင် မြားမှန်ခံရသော ယောက်ျားလေးမှာ အသက်မရှိတော့ချေ။

★☆★☆★



# တောတွင်းတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

## တောတွင်းတိုက်ပွဲ

ထို့နောက်တွင် ကျန်းဆန်းဖုန်းသည် မုတ်ဆိတ်နှင့်လူနှင့် ကလေးမလေးအား သူ့လှေဘက်သို့ ကူးပြောင်းပေးလိုက်၏။ မုတ်ဆိတ်နှင့်လူသည် ကျန်းဆန်းဖုန်း၏ လှေပေါ်သို့ ရောက်သည်နှင့် ချက်ချင်းပင် ကျန်းဆန်းဖုန်းအား ဦးချလေသည်။ ပြီးလျှင်...

'ဆရာကြီးက ကျုပ်တို့ရဲ့ အသက်သခင် ကျေးဇူးရှင်ပါပဲ၊ ကျုပ်ချန်ရီက တစ်သက်လုံးမမေ့ပါဘူး'ဟု ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဆန်းဖုန်းက ထိုချန်ရီဆိုသူအား မတ်တတ်ရပ်ခိုင်းလိုက်ပြီး…

'မင်းရဲ့ မျက်နှာက ဖြူဖပ်ဖြူရော်ဖြစ်နေတယ်၊ မင်းမှာ အတွင်းဒဏ်ရာ ရထားသလား'ဟု မေးလေ၏။

ချန်ရီက…

'ကျွန်တော်က ဒီကလေးနှစ်ယောက်ကို စောင့်ရှောက်ပြီး ခေါ်လာတာပါ၊ ဒီကလေးနှစ်ယောက်ရဲ့ အဖေက မွန်ဂိုစစ်တပ်ကို တော်လှန်ပုန်ကန်ဖို့ သူပုန်တပ်ဖွဲ့ကိုဦးစီးတဲ့ ခေါင်းဆောင်ကြီး ချူရင်းပေါင်ပါ အခုသူ့ကို မွန်ဂိုတွေက ဖမ်းမိလို့ သတ်ပစ်လိုက်ပြီး ကျွန်တော်က ခေါင်းဆောင်ကြီးရဲ့ လက်ရုံးဆိုတော့ သူ့ရဲ့သားနဲ့ သမီးကို အတင်းခေါ်ထုတ်လာခဲ့တာပါပဲ၊ ဒါပေမယ့် လမ်းခရီးမှာ မွန်ဂိုစစ်တပ်က လွှတ်လိုက်တဲ့ တိဘက်ဘုန်းကြီးတွေနဲ့ တိုက်ခိုက်ရင်း ကျွန်တော့်နောက်ကျောမှာ လက်ဝါးစောင်းတစ်ချက် အရိုက်ခံထိုက်ရပါတယ်၊ အခု ဒီနေရာရောက်တော့ ကျွန်တော့်လှေကို သူတို့မီသွားတာပါပဲ'

ကျန်းဆန်းဖုန်းက ချန်ရီ၏ ဒဏ်ရာကို စစ်ဆေးကြည့်လိုက်၏။ ပြီးလျှင် မြို့လေးတစ်မြို့တွင် လှေကိုကပ်ခိုင်းပြီး တည်းခိုခန်းတစ်ခုတွင်ဝင်၍ အနားယူလိုက်ကြလေ၏။ ပြီးနောက်… ဆေးဖော်၍ ဒဏ်ရာရထားသော ချန်ရီနှင့် ကလေးမလေးကို တိုက်ကျွေးလေသည်



ကလေးမလေးမှာ အသက် ဆယ်နှစ်နှစ်ကျော်မျှသာ ရှိမည်ဖြစ်ပြီး သူမသည် သေဆုံးသွားသော သူမအစ်ကို၏ အလောင်းဘေးတွင်သာ မလှုပ်မယှက် ထိုင်နေရှာလေ၏။

ကျန်းဆန်းဖုန်းက ကြင်နာသနားသော အသံဖြင့်…

'ကလေးမလေး မင်းရဲ့နာမည် ဘယ်လိုခေါ်သလဲ'ဟု မေးလိုက်၏။ ကလေးမလေးက မတ်တပ်ရပ်၍…

'ကျွန်မနာမည်က ချူကျူးပါ၊ ဦးကြီးရဲ့ နာမည်ကရော'ဟု ပြန်မေးလေ၏။

ကျန်းဆန်းဖုန်းက ကလေးမလေးမှာ ငယ်ရွယ်သော်လည်း စကားအပြောအဆို လွန်စွာ သွက်လက်ချက်ချာသည်ကို တွေ့သော် သဘောကျသွား၏။ သူက ပြုံးလျက်…

'ဦးကြီးရဲ့ နာမည်က ကျန်းဆန်းဖုန်းတဲ့'ဟု ဖြေလိုက်၏။

ချန်ရီက ထိုနာမည်ကို အမှတ်မထင်ကြားသော်…

'ဟာ…' အာမေဋိတ်သံတစ်ချက်ပြုပြီး လဲလျောင်းနေရာမှ လူးလဲထရင်း…

'လက်စသတ်တော့ ဆရာကြီးက ဟူတာန်းဂိုဏ်းချုပ်ကြီးပဲကိုး၊ ဒါကြောင့် ဆရာကြီးရဲ့ သိုင်းပညာက အံ့သြလောက်အောင် မြင့်မားနေတာပဲ'ဟု ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဆန်းဖုန်းမှာ ချန်ရီက သူ့အား အထင်ကြီးလေးစားသည်ကို တွေ့သော်, အမှန်စင်စစ် မိမိသည် တစ်ကယ်တမ်းတိုင် မိမိ၏ တစ်ဦးတည်းသော တပည့်မြေးလေးကိုပင် မကာယ်နိုင်သည်ကို စဉ်းစားမိပြီး ဆွေးမြည့်စွာ သက်ပြင်းချလိုက်မိရှာလေ၏။

ထို့နောက် ထမင်းစားချိန်တွင် ကျန်းဆန်းဖုန်းသည် ချန်ရီနှင့် ချူကျူးတို့အား အရင်စားစေပြီး မိမိကမူ တပည့်မြေးလေး ကျန်းဟူကျင်းအား ကျွေးမွေးနေလေ၏။

ချန်ရီက အကျိုးအကြောင်းမေးသော် ကျန်းဆန်းဖုန်းက ကျန်းဟူကျင်းမှာ အတွင်းကိုယ်အင်္ဂါထဲတွင် အအေးဓါတ် အဆိပ်ပျံ့နှံ့သွားပြီး ယခုသူ၏ တစ်ကိုယ်လုံးရှိ အကြောကို ပိတ်ထား၍သာ အသက်ချက်ချင်း မသေနိုင်ကြောင်းကို ပြောပြလိုက်လေ၏။ ကျန်းဟူကျင်းမှာ ထမင်းဟင်းလျာ စားလိုစိတ် လုံးဝမရှိချေ။ ကျန်းဆန်းဖုန်းက သူ့ကို ကျွေးသည့်တိုင် သူက မျိုမကျချေ။ ချူကျူးက နံဘေးမှ ကြည့်ရင်း ကျန်းဆန်းဖုန်း၏ လက်ထဲမှ ပန်းကန်နှင့် တူတစ်စုံကိုယူ၍...

'ဦးကြီး အရင်စားနှင့်ပါ ကျွန်မ ဒီအစ်ကိုလေးကို ကျွေးလိုက်မယ်လေ'ဟု ဆိုပြီး ကျန်းဟူကျင်းအား ကျွေးရန်ပြု၏။ ထိုအခါ ကျန်းဟူကျင်းက...

'ငါမစားတော့ဘူး၊ ငါ ဗိုက်ဝနေပြီ'ဟု ငြင်းလေ၏။



ချူကျူးက...

'အစ်ကိုလေး မစားရင် ဦးကြီးက စိတ်ကောင်းမှာ မဟုတ်ဘူး ဒီလိုဆိုရင် ဦးကြီးလဲ ထမင်းမစားချင်တော့ဘူးပေါ့' ဟု ပြန်ပြောလေ၏။

ကျန်းဟူကျင်းက သူ့ဆရာ ဘိုးဘိုးလွန်စွာ စိတ်မကောင်းဖြစ်ပြီး ထမင်းမစားမည်စိုး၍ ပါးစပ်ကို ဟ, ပေးလိုက်၏။

ထိုအခါ ချူကျူးက ငါးအရိုးကို အသေအချာ ဖယ်ရှားပြီး ကျန်းဟူကျင်းအား စိတ်ရှည်လက်ရှည် ခွံ့ကျွေးနေလေတော့၏။ ထိုစဉ် ချန်ရီက ရုတ်တရက်...

'ဆရာကြီးက ကျွန်တော်တို့ရဲ့ အသက်သခင် ကျေးဇူးရှင်ဆိုတော့ကျွန်တော်က အမှန်အတိုင်းဖွင့်ပြောရတော့မယ်။ ကျွန်တော်ဟာ အလင်းတာမန်တော်ဂိုဏ်းက လူပါ၊ ကျွန်တော်တို့ ဂိုဏ်းကို သိုင်းလောကက လူတွေက အောက်လမ်းဂိုဏ်းဆိုပြီး အထင်သေးကြတယ်၊ ကဲ့ရဲ့ရှုပ်ချကြတယ်'

အမှန်မှု အလင်းတာမန်တော်ဂိုဏ်းသည် သိုင်းလောကတွင် ပေါ်ထွက်လာခဲ့သည်မှာ နှစ်ငါးဆယ်မျှသာ ရှိပါသေး၏။ သို့သော် ဂိုဏ်း၏ အရှိန်အဝါမှာမူ တစ်ဟုန်ထိုး တိုးတက်လာ၏။ ကျန်းဟူကျင်း၏ မိခင်ဘက်မှ မျက်ခုံးဖြူဂိုဏ်းမှာလည်း အမှန်စင်စစ် ဤအလင်းတာမန်တော်ဂိုဏ်းကြီးမှ ခွဲထွက်လာသော ဂိုဏ်းခွဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအလင်းတမန်တော်ဂိုဏ်းမှာ သက်သက်လွတ် စား၏။ အသား လုံးဝ မစားချေ။ သို့သော် သူတို့၏ အပြုအမူနှင့် လုပ်ဆောင်ချက်များ က လွန်စွာထူးဆန်းနက်နဲသဖြင့် သိုင်းလောကမှ လူများက သူတို့ကို နတ်ဆိုးအောက်လမ်းဂိုဏ်းစု ခေါ်ဝေါ်ခဲ့ကြလေ၏။ ထို့ကြောင့် သိုင်း လောကတွင် အလင်းတမန်တော်ဂိုဏ်းဟူသော အမည်ကိုကြားလျှင် ပင် ဝိုင်း၍ ရှုပ်ချပြစ်တင်ကြလေ၏။

ကျန်းဆန်းဖုန်းမှာ သဘောထားကြီးသမျှ အမြင်လည်းကြီး သူဖြစ်၍ အရှိကိုအရှိအတိုင်း ကြည့်၏။ ထို့ကြောင့် သူက...

'ချန်ရီ မင်းကငါ့ကို အားနာပြီး ဘာမှရှင်းပြနေစရာ မလိုပါ ဘူး၊ ဒုက္ခရောက်နေတဲ့ လူတစ်ယောက်ကို ကူညီတာဟာ ငါ့ရဲ့သာ ယာမှုတစ်ခုပါ၊ ဘယ်သူ့ခဆို ငါက ကူညီမှာပါ'ဟု ဆိုလေ၏။

ထိုညပြီး နောက်တစ်နေ့ နံနက်တွင်မူ ကျန်းဆန်းဖုန်းသည် ကျန်းဟူကျင်းအား ပွေ့ချီပြီး သူတို့အား နှုတ်ဆက်ကာ ထိုနေရာမှ ထွက်ခွာရန် ပြုလိုက်၏။ ထိုအခါ ချူကျူးက ကျန်းဟူကျင်းအား...

'အစ်ကိုလေး၊ နေ့တိုင်း ထမင်းမှန်မှန် စားရမယ်နော် တော်ကြာ ဦးကြီး စိတ်မကောင်း ဖြစ်နေမယ်'ဟု ဆိုလေ၏။

ကျန်ဟူကျင်းလည်း ချက်ချင်းပင် မျက်ရည်ဝဲလာရှာ၏။

'နင်က ငါ့အပေါ် သိပ်စေတနာထားတာပဲ၊ ဒါပေမယ့် ငါက ထမင်းစားနိုင်တဲ့ရက် သိပ်မရှိတော့ဘူး'





ကျန်းဟူကျင်း၏ စကားကို ကြားသော် ကျန်းဆန်းဖုန်း သည်း လွန်စွာ စိတ်ထိခိုက်သွား၏။ ပါးပြင်ပေါ်သို့ စီးကျလာသော ကျန်းဟူကျင်းလေး၏ မျက်ရည်များကို သုတ်ပေးလိုက်ရှာ၏။ ချူကျူးလည်း ကျန်းဟူကျင်း၏ စကားကြောင့် ထိတ်လန့်သွားပြီး...

'ဘာ.. အစ်ကိုလေး ဘာပြောတယ်'ဟု မေးလေ၏။

ကျန်းဆန်းဖုန်းက ကြားဝင်၍...

'ကလေးမလေး မင်းက သိပ်စိတ်ကောင်းရှိတဲ့ ကလေးမပဲ၊ မင်းရှေ့ရေးမှာ ကံကောင်းပါစေကွယ်'ဟု ဆိုလေ၏။

ချန်ရီက ရုတ်တရက်...

'ဆရာကြီးရဲ့ သိုင်းပညာနဲ့ သိုင်းအားက ဒီလောက်မြင့်မား နေတာတောင် ဒီအစ်ကိုလေးရဲ့ အအေးဓါတ်အဆိပ်ကို မပြေပျောက် နိုင်စေဘူးလား'ဟု မေးလေ၏။

ထိုအခါ ကျန်းဆန်းဖုန်းက 'ရပါတယ်'ဟု ပါးစပ်ကသာ ပြောသော်လည်း လက်ကမူ ကျန်းဟူကျင်း မမြင်အောင် ချန်ရီအား ခါပြလေ၏။ ချန်ရီက အံ့သြတုန်လှုပ်လျက်...

'ကျွန်တော်လဲ အတွင်းဒဏ်ရာ ရထားလို့ အခု သမားတော် ကြီးတစ်ဦးဆီ သွားကုမလို့ပါ၊ ဒီအစ်ကိုလေးကို ကျွန်တော်နဲ့ ထည့် လိုက်ပါလား'

ကျန်းဆန်းဖုန်းက ခေါင်းခါယမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူ့ရဲ့ ပြင်ပအကြော ရှစ်ခုထဲကို အအေးဓါတ် အဆိပ်တွေ ပျံ့နှံ့ဝင်သွားပြီး ဖြစ်လို့ သမားတော်နဲ့ ပျောက်အောင်ကုဖို့ ဆိုတာ မဖြစ်နိုင်တော့ဘူး'

ချန်ရိက...

'ဒါပေမယ့် ဒီသမားတော်က တခြားသမားတော်နဲ့ မတူဘူး ခင်ဗျ၊ လူတွေက သူ့ကို သေတဲ့လူကိုတောင် ရှင်အောင်ကုနိုင်တယ်လို့ ပြောကြတာဗျ'

ကျန်းဆန်းဖုန်းက တစ်ချက်မျှ ငေးကြောင်သွားပြီးနော က် ရုတ်တရက်လူတစ်ယောက်ကို သတိရလိုက်၏။

ကျန်းဆန်းဖုန်းက တစ်ချက်မျှ ငေးကြောင်သွားပြီးနော က် ရုတ်တရက် လူတစ်ယောက်ကို သတိရလိုက်၏။

'မင်းပြောတဲ့ သမားတော်ကြီးက လိပ်ပြာကုန်း သမားတော် လား'

'ဟုတ်ပါတယ်၊ ဆရာတော်ကြီးက ကျွန်တော့်ရဲ့ ဂိုဏ်း ဆရာကြီးရဲ့ နာမည်သတင်းကို ကြားဖူးသားပဲကိုး'

ကျန်းဆန်းဖုန်း၏ စိတ်ထဲတွင် တွေဝေနေ၏။

'ဒီလိပ်ပြာကုန်းသမားတော်ကြီး ဟိုချင်းကလဲ အလင်း တမန်တော်ဂိုဏ်းကလူပဲ၊ သူက သိုင်းလောကက လူတွေကို လုံး အရေးစိုက်တာမဟုတ်ဘူး၊ နောက်ပြီး သူက သူတို့ရဲ့ အလင်းတ



ဘ်ဂိုဏ်းက လူတွေကိုပဲ ကုပေးတာ၊ ပိုက်ဆံတစ်ပြားမှ မယူဘူး၊ ိုင်လောကက လူတွေဆိုရင်တော့ သူ့ရှေ့မှာ အဆိပ်တက်လို့ သေ ာ့မယ်ဆဲဆဲမှာတောင် သူက တစ်ချက်လှည့်ကြ[illegible]မှာ မဟုတ်ဘူး အခုကျန်းဟူကျင်းလေးကို ငါက ဒီလူရဲ့လက်ထဲကို ထည့်လိုက် ကျန်းဟူကျင်းက သူတို့ရဲ့ ဂိုဏ်းထဲကို ရောက်သွားရတော့မယ်'

ချန်ရိက ကျန်းဆန်းဖုန်း တွေဝေစဉ်းစားနေသည်ကို တွေ့ ာ် ကျန်းဆန်းဖုန်း၏ သဘောကို သိ၍...

'ဆရာကြီး... ကျွန်တော်ဘကြီးက အပြင်လူကို ဆေးမကု ပေမယ့် ဆရာကြီးက ချူကျူးကို ကယ်ခဲ့လို့ ဘကြီးက ချင်းချက် နဲ့ အစ်ကိုလေးကို ဆေးကုပေးမှာပါ'ဟု ဆိုပြန်၏။ ထိုအခါ ျန်းဆန်းဖုန်းက...

'ဒီသမားတော်ကြီးရဲ့ နာမည်ကို ငါကောင်းကောင်းကြားဖူး တယ်၊ ဒါပေမယ့် အခု ကျန်းဟူကျင်းရဲ့ အအေးဓါတ် အဆိပ်က ာမန် အဆိပ်မျိုးမဟုတ်ဘူး'

'ဘယ်လိုပဲဖြစ်ဖြစ် မကုတာနဲ့စာရင် ကုကြည့်တာက ပိုပြီး ာလင့်ချက် ရှိသေးတာပေါ့ ဆရာကြီး'

ချန်ရိ ၏ သဘာဝကျသော စကားကိုကြားသော် ကျန်းဆန်း ာ အသေအချာ စဉ်းစားလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျန်းဟူကျင်းတော့ အလွန်ဆုံး တစ်လလောက်ပဲ အသ[illegible] ရှင်ရတော့မှာ၊ ဒီတော့ သူ့ကို ဒီလူနဲ့ ထည့်ပေးလိုက်ပြီး ကံစမ်းကြ[illegible] တာပေါ့လေ'

သို့ဖြင့် သူက...

'ဒီလိုဆိုရင် မင်းကိုပဲ အားကိုးရတော့မှာပေါ့၊ ဒါပေ[illegible] ငါတို့အစကတည်းက ကြိုတင်ပြီး ရှင်းရှင်းလင်းလင်း ပြောထားကြ[illegible] မင်းဘကြီးက ကျန်းဟူကျင်းကို အတင်းအကျပ် မင်းတို့ရဲ့ ဂိုဏ်း[illegible] ကို မဝင်ခိုင်းစေရဘူး၊ တကယ်လို့ ကုလို့ပျောက်ခဲ့ရင်လဲ ငါ[illegible] ဟူတာန်းဂိုဏ်းက မင်းတို့ဂိုဏ်းနဲ့ ဘာမှ ကျေးဇူးခံ ကျေးဇူးစား မ[illegible] ရဘူးနော်'

အမှန်မှု ကျန်းဆန်းဖုန်းသည် ချန်ရှီတို့ အောက်လမ်းဂိုဏ်[illegible] များ၏ လုပ်ရိုးလုပ်စဉ်အတွက် နိုးရိမ်မကင်း ဖြစ်နေ၏။ သူ၏ အ[illegible] ဆုံးတပည့် ကျန်းချွေးဆန်းမှာ အမှန်စင်စစ် ဤလို အောက်လ[illegible] ဂိုဏ်းကြောင့် နောက်ဆုံးတွင် နာမည်ပျက်လျက် အသေဆိုးနှင့် [illegible] ဆုံးခဲ့ရသည် မဟုတ်ပါလား။ ချန်ရှီက...

'ဆရာကြီး ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့' ဟု ပြော[illegible] ချူကျူးဘက်သို့ လှည့်၍...

'ချူကျူး... မင်းက ဆရာကြီးနဲ့ လိုက်သွားပေတော့'



ချူကျူး တစ်စုံတစ်ရာမဖြေမီ ကျန်းဆန်းဖုန်းက တအံ့တ[illegible]သြဖြင့်...

'ဘာဖြစ်လို့လဲ' ဟု ပျာပျာသလဲ မေး၏။ ချန်ရှီက...

'ကျွန်တော် ကျန်းဟူကျင်းကို ကုသလို့ ရသည်ဖြစ်စေ၊ မရ[illegible]သည်ဖြစ်စေ ကျွန်တော်ဆရာကြီး လက်ထဲကို ပြန်အပ်တော့မှ ဆရာ[illegible]ကြီးက ချူကျူးကို ကျွန်တော့်ကို ပြန်အပ်ပေါ့ နောက်ပြီး လမ်းခရီးမှာ [illegible]ကျွန်တော်က ကလေးနှစ်ယောက်စလုံးကို လုံခြုံအောင် စောင့်ရှောက်[illegible]သွားဖို့ဆိုတာ သိပ်မလွယ်ဘူး၊ ပြီးတော့ ချူကျူးကို ဆရာကြီး လက်[illegible]ထဲမှာထားရင် ကျွန်တော်ပိုပြီး စိတ်ချရတယ်၊ မွန်ဂိုတွေရဲ့ ရန်ကိုလဲ [illegible]ကြောက်ရတော့ဘူးပေါ့ခင်ဗျာ'

ထို့နောက်တွင်မှ ကျန်းဆန်းဖုန်းသည် ချူကျူးကိုခေါ်ပြီး [illegible]ချန်ရှီ၊ ကျန်းဟူကျင်းတို့နှင့် လမ်းခွဲလာခဲ့လေတော့၏။ ကျန်းဟူကျင်း[illegible]မှာသူ့မိဘနှစ်ပါးကွယ်လွန်ခဲ့သည့် အချိန်မှစပြီး ကျန်းဆန်းဖုန်းအား [illegible]သူ့အဘိုး အရင်းတစ်ယောက်ပမာ ဆက်ဆံလာခဲ့ရာ ယခု ရုတ်[illegible]တရက်ခွဲခွာရတော့မည်ကိုတွေ့သော် မျက်ရည်ပင် မဆည်နိုင်အောင် [illegible]ငိုကြွေးရှာလေ၏။ ကျန်းဆန်းဖုန်းက ညင်သာစွာဖြင့်...

'ကျန်းဟူကျင်း... သားသားရဲ့ ဝေဒနာပျောက်ကင်းသွားတဲ့ အခါကျရင် ဦးလေးချန်ရှီက သားကို ဟူတာန်းတောင်ကို ပြန်ပို့လိမ့်[illegible]မယ်၊ သား ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့' ဟု နှစ်သိမ့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျန်းဟူကျင်းက မျက်ရည်စက်လက်ဖြင့် လက်… လှုပ်နိုင်တော့၍ ခေါင်းကိုသာ ညိတ်ပြရှာလေ၏။ သို့သော် သူ့မျက်… ဝန်းအစုံမှာမူ မျက်ရည်များ တသွင်သွင် စီးသွယ်ကျနေခဲ့ပင်။ ထိုအ… ခါ ချူကျူးလည်း မျက်ရည်စက်လက်နှင့် လက်ကိုင်ပဝါလေးက… ထုတ်ကာ ကျန်းဟူကျင်း၏ မျက်ရည်များကို သုတ်ပေးရှာလေ၏… ပြီးမှပင် ချူကျူးသည် ကျန်းဆန်းဖုန်းနှင့်အတူ ထွက်ခွာသွားလေ… တော့၏။ ကျန်းဟူကျင်းသည် သူ့ဆရာ ဘိုးဘိုး ထွက်ခွာသွားပြီးမှ… ပင် ဝမ်းနည်းခြင်းကို မချုပ်တည်းနိုင်တော့ဘဲ ချုံးပွဲချ ငိုကြွေးလိုက်… လေတော့၏။

✦◇✦◇✦

ချန်ရီက မျက်မှောက်ကုတ်လျက် ကျန်းဟူကျင်းအား ကြည့်… လိုက်၏။ ထို့နောက်…

'ကျန်းဟူကျင်း… မင်း အသက် ဘယ်နှစ်နှစ်ရှိပြီလဲ'ဟု မေး… လေ၏။

ကျန်းဟူကျင်းက ရှိုက်ငင်ငိုကြွေးနေရင်းမှ…

'တစ်ဆယ့်နှစ်နှစ်'ဟု ဖြေလိုက်လေ၏။

ထိုအခါ ချန်ရီက…



'ဩော်… တစ်ဆယ့်နှစ်နှစ်တောင် ရှိနေပြီပဲ၊ ကလေးလဲ မဟုတ်တော့ပါဘူးကွာ၊ ဘာဖြစ်လို့ ငိုယိုနေရတာလဲ၊ မရှက်ဘူးလား ငါတစ်ဆယ့်နှစ်နှစ်တုန်းက ဘယ်လောက် အရိုက်ခံထားရသလဲတော့ မသိဘူး၊ ဒါပေမယ့် ငါမျက်ရည်တစ်စက်တောင်မှ မကျခဲ့ဘူးကွ၊ ယောကျ်ားဆိုတာ သွေးမြေသာ အကျခံမယ် မျက်ရည်မကျရဘူး။ မင်းသာ ဒီလို မိန်းကလေးတစ်ယောက်လို ဆက်ငိုနေရင် ငါမင်းကို ရိုက်ရလိမ့်မယ်'

ကျန်းဟူကျင်းသည် ချန်ရီထံမှ မာကျောစွာ ပြောလိုက်သော စကားကို ကြားလိုက်သောအခါ ကြောက်စိတ်ဝင်လာ၏။ သူ့စိတ် ထဲတွင်…

'ကျုပ်ဆရာ ဘိုးဘိုးပြန်သွားတာနဲ့ ခင်ဗျားက ကျုပ်ကို အနိုင်ကျင့်တော့မယ်ပေါ့'ဟု ရေရွတ်မိပြီး သူက အံကိုကြိတ်၍…

'ကျွန်တော်က ဆရာဘိုးဘိုးနဲ့ မခွဲရက်လို့ ငိုတာဗျ၊ သူများ ကသာ ကျွန်တော့်ကိုရိုက်ရင် ကျွန်တော်မငိုပါဘူး၊ ကဲ… ခင်ဗျား ကျွန်တော့်ကို ရိုက်ရဲရင် ရိုက်ကြည့်လေ၊ ဒီနေ့ ခင်ဗျား ကျွန်တော့်ကို တစ်ချက်ရိုက်ရင် နောင်တစ်ချိန်မှာ ခင်ဗျားကို ကျွန်တော် ဆယ်ချက် ပြန်ရိုက်မှာပဲဗျ'ဟု ဆို၏။

ချန်ရီ တစ်ချက်ကြောင်သွားပြီးမှ ဟားဟားဟား ရယ်နေရင်း…

'ငါ့ညီက သိတ်တော်တာပဲ၊ ဒါမှ ယောကျ်ားပီသတော့မပေါ့၊ မင်းက ဒီလောက်တော်နေတော့ ငါမင်းကို ဘယ်ရိုက်ရဲပါ့မလဲ'

www.burmeseclassic.com



'ကျွန်တော် ကိုယ်လက်တွေကမှ မလှုပ်ရှားနိုင်တာ၊ ခင်ဗျား ဘာလို့ မရိုက်ရဲရမှာလဲ'

ချန်ရီက ရယ်မော၍...

'ဒါ ဒီနေ့ မင်းကိုရိုက်ရင် နောင်တစ်ချိန်မှာ မင်းက မင်းရဲ့ ဆရာတိုးဘိုးဆီမှာ သိုင်းပညာတွေသင်ပြီး ငါ့ကို ပြန်ရိုက်မှာပေါ့ကွ'

ထိုအခါ ကျွန်းဟူကျင်းလည်း မရယ်ဘဲ မနေနိုင်တော့ချေ။ ဤသို့ဖြင့် သူတို့နှစ်ဦးသည် မြစ်ကြောင်းအတိုင်း အရှေ့ဘက်သို့ ဦးတည်၍ စုန်ဆင်းလာခဲ့ကြ၏။

လိပ်ပြာကုန်းသမားတော်ကြီး ဟိုချင်းမှာ ရွှမ်ဆန်းတောင်ရှိ လိပ်ပြာကုန်းတွင် နေထိုင်ခြင်းဖြစ်၏။

လမ်းခရီးတွင် ကျွန်းဟူကျင်းသည် တစ်နေ့လျှင် နှစ်နာရီမျှ အအေးဓါတ် အဆိပ်တက်လျက်ရှိပြီး တစ်ကိုယ်လုံး တုန်ယင်ကာ အံကြိတ်၍ ဝေဒနာကို ခံစားနေရ၏။ များမကြာမီပင် သူတို့သည် ရွှမ်ဆန်းတောင်ရှိ လိပ်ပြာကုန်းသို့ ရောက်လာကြ၏။ ချန်ရီသည် သူ့ဗိုလ်တဲ့ ဘကြီးက သူနေသော နေရာကို အပြင်လူများအား မသိစေချင်မှန်းသိ၍ မြင်းလှည်းဆရာအား ရွှမ်ဆန်းတောင်ခြေမှာပင် ရပ်ခိုင်းလိုက်ပြီး ကျွန်းဟူကျင်းနှင့်အတူ တောင်ပေါ်သို့ တက်လာခဲ့၏။ သူက မိုင်နှစ်ဆယ်မျှခရီးကို အချိန်များမကြာမီ ရောက်မည်ဟု တွက်ထားသော်လည်း သူသည် အတွင်းဒဏ်ရာရထားသူဖြစ်၍ လျှောက်ရင်းနှင့်ပင် တကိုယ်လုံး ကိုက်ခဲလာပြီး မောပန်းနွမ်းနယ်လာ



တော့၏။ ကျွန်းဟူကျင်းမှာ သူ့အား လွန်စွာ အားနာသွားရပြီး...

'အစ်ကိုကြီး ကျွန်တော်တို့ ဖြည်းဖြည်းပဲ သွားကြတာပေါ့၊ တော်ကြာ အစ်ကိုကြီး သိပ်မောနေဦးမယ်'ဟု ဆိုလေ၏။ ထိုအခါ ချန်ရီက...

'ခါတိုင်းဆို ငါမိုင်တစ်ရာခရီးကို မနားတမ်း လျှောက်နိုင်ခဲ့တာကွ၊ ခုတော့ ဒီဘုန်းကြီးရဲ့ လက်ဝါးစောင်းတစ်ချက် ထိလိုက်တာနဲ့ ငါဒီလောက်တောင် အသုံးမကျတော့ဘူးလား'ဟု မချိတင်ကဲဆိုလေ၏။ သူက အားတင်း၍ ဆက်လျှောက်လိုက်၏။ ဗတ်ဝန်းကျင်တစ်ခုလုံး မှောင်ရီပျိုးလာပြီ ဖြစ်သော်လည်း သူတို့သည် တောင်တစ်တောင်ကိုပင်မကျော်နိုင်သေးချေ။ တောအုပ်လေး တစ်ခုအကွင်းသို့ ရောက်လာကြသောအခါတွင်မူ ကျွန်းဟူကျင်းက ချန်ရီအား အပန်းဖြေ အိပ်စက်နားနေရန် အတင်းမမွ ပြောရလေတော့၏။

ချန်ရီကလည်း စဉ်းစားလိုက်၏။

'ဟုတ်တယ်... ငါ ညသန်းခေါင်အချိန် တောင်ပေါ်ကို ရောက်သွားလို့ ဘကြီးကို အိပ်ရာကနှိုးရင် ဘကြီးက ဒေါသထွက်ပြီး ဒီကလေးကို ကုမပေးရင် ခက်ဦးမယ်'

သို့ဖြင့် သူတို့နှစ်ဦးသည် တောင်ပေါ်သို့ ဆက်မတက်တော့ဘဲ ထိုတောအုပ်တွင်းရှိ သစ်ပင်တစ်ပင်၏ အောက်တွင် ဖခုံးချင်းယှဉ်၍ လှဲလျောင်းအိပ်စက် လိုက်ကြလေတော့၏။

✦✧✦✧✦

www.burmeseclassic.com

www.burmeseclassic.com



# မမျှော်လင့်သော သတင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

## မမျှော်လင့်သော သတင်းကြီး

ညသန်းခေါင်ချိန်ဖြစ်၏။

ကျွန်းဟူကျင်းသည် အအေးဓါတ်အဆိပ် တက်လာပြန်သဖြင့် အိပ်ရာမှ လန့်နိုးလာခဲ့၏။ ထိုအချိန်တွင်ပင် ခပ်လှမ်းလှမ်းဆီမှ လက်နက်ချင်း ခုတ်ထစ်သံများနှင့် အော်ဟစ်သံများကိုပါ ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ရီလည်း လှုသံကြား၍ ခါးကို ကမန်းကတန်း ဆွဲထုတ်ပြီး ကျန်းဟူကျင်းအား ပွေ့ဖက်လျက် အသင့် အနေအထား ပြင်လိုက်၏။ အမှန်မှု ချန်ရီသည် အတွင်းဒဏ်ရာ ရထားသဖြင့် သိုင်းအင်အား လုံးဝ မရှိတော့ချေ။ ထို့ကြောင့် ရန်သူများ ရုတ်တရက် ရောက်လာလျှင် ကျန်းဟူကျင်းအား စောင့်ရှောက်နိုင်လိမ့်မည် မဟုတ်ကြောင်း သိသော် လွန်စွာ စိတ်ပူပန်လျက် ရှိလေ၏။

ထိုအချိန်တွင် ရုန်းရုန်းဝါဝါး အော်သံများကို အဆက်မပြတ်ကြားရပြီး လူများ လဲပြိုကျသွားသံများကိုပါ ကြားလာရလေ၏။ ချန်ရီသည် အခြေအနေမှန်ကို သိရန် တိတ်တဆိတ် ရှေ့သို့ ဖြည်းညင်းစွာ တိုးသွား၏။ ထိုအခါ မှောင်မလင်းတလင်း တောအုပ်အတွင်းတွင် ဖြစ်ပွားနေသော တိုက်ပွဲ၏ မြင်ကွင်းကို ကောင်းစွာ တွေ့မြင်လိုက်ရလေတော့၏။

လူတစ်ယောက်...။ သူသည် လက်နက်မပါ လက်အားသိုင်းသက်သက်ဖြင့် လူ ခုနစ်ယောက်ခန့်ကို လှည့်ပတ်၍ တိုက်ခိုက်နေ၏။ တစ်ခဏချင်းမှာပင် ထိုလူ ခုနစ်ယောက်ထဲမှ ငါးယောက်မှာ မြေပေါ်သို့ လဲကျသွားပြီး ဒဏ်ရာပြင်းထန်စွာ ရသွားကြ၏။ သို့သော် ချန်ရီနှင့်အတူ ကျန်းဟူကျင်းပါ ချောင်းမြောင်းကြည့်လိုက်ချိန်တွင် တစ်ယောက်တည်းသော လက်နက်မဲ့ လူသည် မြေပေါ်သို့ လဲလေပြီ။



ထိုအခါ လူ ခုနစ်ယောက်အုပ်စုထဲမှ လူ နှစ်ယောက်မှာ မိန်းကလေးများဖြစ်ကြောင်း တွေ့မြင်လိုက်၏။

ကျန်းဟူကျင်းက ထိုမိန်းကလေး နှစ်ယောက်ထဲမှ တစ်ယောက်ကိုမြင်သော် လွှတ်ခနဲ အော်လိုက်မိမတတ် ဖြစ်သွားလေ၏။ အမှန်သည် ထိုမိန်းကလေးမှာ အခြားမဟုတ်။ သူ့ဂိုဏ်းတူ ဦးလေးလိုရှန်၏ ဖနီးလောင်း ကျိုရှောင်မူ ဖြစ်နေသောကြောင့်ပင် ဖြစ်၏။

ထိုစဉ် ဒဏ်ရာရပြီး မြေကြီးပေါ်တွင် လဲကျနေသော လူငါးယောက်ထဲမှ တစ်ယောက်က အော်ပြောလေ၏။

'တင်မင်း... ဒီကောင်ကြီးကို အသေအချာ စစ်ဆေး မေးမြန်းကြည့်လိုက်'

ထိုအခါ တင်မင်းဆိုသော မိန်းကလေးက ခါးကို ဆွဲ၍ရှေ့တက်ပြီး...

'ဖန့်ဟိုဆန့် ကျွန်မ မေးမယ်၊ ပေကျေးချို ဘယ်မှာလဲ'

ဖန်ဟိုဆန့်ဆိုသော အမည်ကို ကြားရသော် ချန်ရီသည် မျက်လုံး တုန်လှုပ်သွားလေသည်။ စင်စစ် ဖန့်ဟိုဆန့် ဆိုသူသည် မျက်ခုံးဖြူဂိုဏ်းတွင် နာမည်ကြီး ပုဂ္ဂိုလ်တစ်ဦးဖြစ်သည် မဟုတ်ပါလား။

ယခု ဖန့်ဟိုဆန့်အား ဝိုင်းဝန်း တိုက်ခိုက်လိုက်သော သူများ၌ ဘုန်းကြီးနှစ်ပါးပါ ပါဝင်လေသည်။ ထိုဘုန်းကြီးနှစ်ပါးမှာ ကင်းလင်ဂိုဏ်းမှ ဖြစ်၏။ ထို့ပြင် ခွန်းလွန်ဂိုဏ်းမှလည်း ပါသေး၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနှစ်ယောက်မှာတော့မူ ဝါမဲဂိုဏ်းမှ ဖြစ်ကြ
သည်။ စင်စစ် သူတို့သည် ဖန်ဟိုဆန့်ဆိုသူအား ဝိုင်းဝန်း တိုက်
ပေကွေးချိုကို မေးနေခြင်းမှာ ရှက်စွန်း၏ သတင်းကို မေးမြန်းစုံ
ရန်ပင် ဖြစ်လေသည်။

ထိုစဉ် ဖန်ဟိုဆန့်က ရယ်၍...

'မင်းတို့ နှစ်ယောက်ကို ငါက မိန်းကလေးတွေဆိုပြီး လ
ဝါးဓောင်းနဲ့ ရင်ဘတ်ကို မရိုက်ဘဲ ညှာထားခဲ့လို့ မင်းတို့နှစ်ယော
အခုလို ဘာမှမဖြစ်ခဲ့တာကွ၊ အခုတော့ မင်းတို့က ငါ့ကို စစ်လား
လား လုပ်နေပြီပေါ့၊ ဟား...ဟား...ဟား'

ဖန်ဟိုဆန့်က အားပါးတရ ရယ်ပြီး ဒယီးဒယိုင် ထလို
လေ၏။

'ဒီမှာဟေ့... ရှက်စွန်း ဘယ်မှာ ရှိတယ်ဆိုတာ သိချင်
ရှောင်လင်ဂိုဏ်းရဲ့ ကျောင်းထိုင်ဆရာတော်ကြီးကို မင်းတို့ သွား
ပါလားကွ'

ထိုအခါ ရှောင်လင်ဂိုဏ်းမှ ဘုန်းကြီးနှစ်ပါးအနက် တစ်
က...

'သြော်... ဒါ သက်သက် ဟို မျက်ခုံးဖြူဂိုဏ်းက ချင်တူး
က ငါတို့ ရှောင်လင်ဂိုဏ်းကို ချောက်တွန်း သွားခဲ့တာကွ' ဟု
ပြော၏။





ကျန်းဟူကျင်းမှာ ထိုကိုယ်တော်က သူ့မိခင် ဖြစ်သူ၏
အမည်ကို ထုတ်ဖော် ပြောသဖြင့် ဂုဏ်ယူမိသည်နှင့်အမျှ ဝမ်းနည်း
ကြေကွဲခြင်းလည်း ဖြစ်ရလေ၏။ စိတ်ထဲမှလည်း...

'ဟင်း ကျုပ် မေမေက လွန်ခဲ့တဲ့ နှစ်နှစ်လောက်က သေဆုံး
သွားခဲ့ပေမယ့် အခု ခင်ဗျားတို့လဲ ဒုက္ခချာလပတ် လည်နေပြီ မဟုတ်
လား' ဟု ရေရွတ်လိုက်လေ၏။

ထိုစဉ် ခွန်းလွန်ဂိုဏ်းမှ လူကစ်ယောက်က...

'တင်မင်း၊ ဒီကောင်နဲ့ စကားဆက်ပြော မနေနဲ့တော့၊ ဓါးနဲ့
သာ ထိုးသတ်လိုက်' ဟု အော်ပြောလေ၏။

တင်မင်းကား ကျိရှောင်မူ၏ ဂိုဏ်းတူ အစ်မ ဖြစ်၏။ သို့
သော် သူမသည် လွန်စွာ ဒေါသကြီးပြီး သဘောထား သေးလေ၏။
တင်မင်းက ဓါးကိုဆွဲ၍ ဖန်ဟိုဆန့်၏ ခြေနှစ်ဖက်ကို ခုတ်ရန် ပြင်
လိုက်၏။ ထိုအခါ ဖန်ဟိုဆန့်သည် စိတ်ထဲမှ ကျိတ်၍ သက်ပြင်း
တစ်ချက် ချလိုက်၏။

'ငါက သူတို့နှစ်ယောက်ကို မိန်းမသားတွေဆိုပြီး သူတို့
ရင်ဘတ်ကို ရိုက်ရင် ယုတ်ညံ့ရာ ကျမှာစိုးလို့ ညှာခဲ့တာ အခုတော့
ငါ့ရဲ့ စိတ်ကောင်းက ငါ့ကို ပြန်ဒုက္ခပေးနေပါပေါ့လား'

သူက မျက်စိကို မှိတ်၍ သေရန်ပြင်လိုက်၏။ ထိုစဉ်...

www.burmeseclassic.com

www.burmeseclassic.com



'ထန်း' ခနဲ ဓား ဓားချင်း ရိုက်ခတ်သံတစ်ချက် ကြားရသဖြင့် မျက်
ကို ရုတ်ခြည်း ပြန်ဖွင့်ကြည့်လိုက်ရာ ကျိုရှောင်မူက သူ့ဂိုဏ်းတူအစ်
တင်မင်း၏ ထိုးစိုက်လာသော ဓားကို ပယ်ထုတ်လိုက်ကြောင်း တွေ့
လေ၏။ တင်မင်းက တစ်ချက် ကြောင်သွားပြီး...

'ဘာဖြစ်တာလဲ' ဟု မေး၏။ ကျိုရှောင်မူက...

'အစ်မ ကျွန်မတို့ကို ဖန်ဟိုဆန့်က လက်ဝါးစောင်း
မခုတ်ဘဲ လက်ရုတ်ခဲ့လို့ ကျွန်မတို့ အခုလို မသေခဲ့တာ၊ အခု ကျွ
တို့အလှည့်ကျတော့ သူ့ကို သတ်ပစ်ဖို့ မသင့်ပါဘူး' ဟု ပြန်ပြော
တင်မင်းက အံ့ဩသွားပြီး...

'ဟဲ့... ငါက သူ့ကို သတ်မှာမှ မဟုတ်ဘဲ သူ့ကို ငါ
ပေကျွေးချို ဘယ်မှာရှိတယ်ဆိုတာ သိအောင် စစ်ဆေးမေးမြန်း
ဟာ'

ကျိုရှောင်မူက...

'ဒါဖြင့် အခု သူ့ကိုယ်မှာ အဆိပ်လက်နက် အထိမှန်ခံထ
ရပါတယ်၊ ဒီတော့... သူ့ကို အရင်ဦးဆုံး ဖြေဆေးပေးပြီးတော့
မေးကြတာပေါ့' ဟု ပြောပြီး လဲကျနေသော ခွန်းလွန်ဂိုဏ်းမှ
တစ်ယောက်၏ရှေ့သို့ လျှောက်သွားလေ၏။ ပြီးလျှင်...

'အစ်ကိုစီမင်း အဆိပ်ဖြေဆေး ပေးစမ်းပါ' ဟု တောင်း
၏။ ခွန်းလွန်ဂိုဏ်းမှ စီမင်း ဆိုသူက...



'အဲဒီကောင်ကို ကြိုးနဲ့ အရင်တုပ်ထားဦး၊ ဒီကောင်က သိပ်
ဏ်များ...'

စီမင်းသည် စကားပြောရင်း ဝေါ့ခနဲ သွေးတချက် အန်
ထွက်လာလေ၏။ သူသည် ဖန်ဟိုဆန့်၏ လက်ဝါးစောင်းတစ်ချက်
ခံလိုက်ရသဖြင့် အတွင်းဒဏ်ရာ ရထားသူဖြစ်၏။ ကျိုရှောင်မူ
ည်း တစ်ချက်စဉ်းစားလိုက်ပြီးလျှင် အိတ်ထဲမှ ကြိုးတစ်ခွေကို
တ်၍ ဖန်ဟိုဆန့် ရှေ့သို့ သွားပြီး...

'ဖန်ဟိုဆန့်... စိတ်မရှိနဲ့နော်' ဟု ပြောပြီးလျှင် ဖန်ဟိုဆန့်
ခြေနှင့် လက်တို့ကို ကြိုးဖြင့် ချည်နှောင်ထားလိုက်၏။ ထို့နောက်
မှ ကျိုရှောင်မူသည် ဖြေဆေးကို ယူပြီး အဆိပ်လက်နက်ကို ဆွဲ
ရန် ဖြေဆေးကို ထည့်ပေးလိုက်၏။ ထိုအခါ တင်မင်းက ခက်
ဖြင့်...

'ဖန်ဟိုဆန့်... ကျွန်မရဲ့ ညီမလေးက စိတ်သဘောထား
ကောင်းလို့ ရှင့်ကို ကယ်လိုက်တာ၊ အခု ပေကျွေးချို ဘယ်မှာရှိမယ်
ဆိုတာ ရှင် မပြောသေးဘူးလား'

ဖန်ဟိုဆန့် ဟားတိုက်ရယ်ပြီး...

'တင်မင်း ... မင်းက ငါ ဖန်ဟိုဆန့်ကို သိပ် အထင်သေး
နေတာကိုး၊ ဟူတန်းဂိုဏ်းက ကျန်းချွေးဆန်းဟာ သူ့အစ်ကိုကြီး
ခွန်းရဲ့နေရပ်ကို မပြောပြချင်လို့ သူ့ကိုယ်သူ အသေခံသွားခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါဖန်ဟိုဆန့်က ကျွန်းချွေးဆန်းကို သိပ် လေးစားတယ် မြတ်နိုးတယ်၊ ဒါကြောင့် ငါက သူ့လို အစွမ်းအစ မရှိပေမယ့် သူ့ကို တော့ အတုယူချင်ပါတယ်'

ထိုစကားကို ကြားသော် ကျွန်းဟူကျင်းမှာ ရင်တစ်ခုလုံး ဗလောင်ဆူသွား၏။ သူက ဖန်ဟိုဆန့်ဆိုသူအား ပို၍ ခင်မင်လာ အမှန်မူ ဟူတန်းဂိုဏ်းမှ နံပါတ်ငါး ကျွန်းချွေးဆန်း သေဆုံးသွား ခြင်းကို ဂိုဏ်းအဖွဲ့ အသီးသီးမှ နှမြောတသ ဖြစ်ခဲ့ကြ၏။ သူတို့ ပြောသော စကားတွင်လည်း...

'အင်း... ဒီလောက် ယဉ်ကျေးသိမ်မွေ့ပြီး လိမ္မာကောင်း တဲ့ လူတစ်ယောက်က ဘာမှ မဟုတ်တဲ့ ဒုစရိုက် အောက်လမ်းဂိုဏ်း က မိန်းကလေး တစ်ယောက်ကြောင့် နာမည်ဆိုးနဲ့ သေခဲ့ရတယ် သူ့အတွက်နဲ့ ဟူတန်းဂိုဏ်း တစ်ခုလုံးတောင် နာမည်ဆိုးခဲ့ရတယ် ဟု ပြောလေ့ပြောထ ရှိခဲ့ကြ၏။

ကျွန်းဟူကျင်းမှာ ငယ်ရွယ်သေးသော်လည်း သူကလူ့အ အခြည်ကို ကြည့်တတ်၏။ အကဲဖမ်းတတ်၏။ သူက သူ့ဆ ဘိုးဘိုး၊ ဘကြီး၊ ဦးလေးများ၏ အပြောအဆို လေသံကို အကဲဖ သည်နှင့် သူ့မိခင်အပေါ် အပြစ်တင်သော သဘောမျိုးပါနေသည် သိလိုက်၏။ သူ့ဖခင်က မိုက်၍သာ သူ့မိခင်ကို လက်ထပ်မိသလို ရိပ်ဖမ်းသံဖမ်း ပြောကြသည်ကို ကြားရသည် မဟုတ်ပါလား။ ထို တင်မင်းက ခနဲ့ ပြုံးဖြင့်...



'ကျွန်းချွေးဆန်းက မျက်စိကန်းလို့ ဒီလို သရဲတစ္ဆေ၊ နတ် နတ်ယုတ်တွေကို ကိုးကွယ်တဲ့ ဒုစရိုက်အောက်လမ်းဂိုဏ်းက းမနဲ့ လက်ထပ်လိုက်မိတော့ ကိုယ်အပြစ်နဲ့ ကိုယ်ခံပေါ့၊ ဘာ ကျူးစရာ ရှိလို့လဲ၊ သူတို့ ဟူတန်းဂိုဏ်းက ဘာများ...'

'အစ်မ...'

ကျိရှောင်မူက ကြားဝင်ဟန့်လိုက်၏။ ထိုအခါ တင်မင်း က...

' နင် စိတ်ချနေပါ၊ ငါ ချင်လိရှန်ကို မပုတ်ခတ်ပါဘူး' ပြောပြီး ဖန်ဟိုဆန့်၏ ညာဖက်မျက်လုံးကို ဓားဖြင့် ချိန်လိုက်၏။ နောက်...

'ရှင် ပြောမလား မပြောဘူးလား၊ ကျွန်မက ရှင့်ရဲ့ ညာဘက် က်လုံးကို အရင်ဖောက်မယ်၊ ပြီးရင် ဘယ်ဘက်မျက်လုံး၊ ပြီးရင် ညာဘက် နားရွက်၊ ဘယ်ဘက်နားရွက်၊ ဒါတောင်မှ ရှင် မပြော သေးရင် နှာခေါင်းကို ထပ်ဖြတ်ပြစ်လိုက်မယ်၊ ဘုန်းကုန်ပြောရင် င် မသေစေရဘူး၊ ဒါပေမယ့် ရှင် ကိုယ်လက်အင်္ဂါတွေ တစ်ခုပြီး တစ်ခု လျော့သွားရလိမ့်မယ်'

တင်မင်း၏ ဓားဖျားမှာ တကယ်ပင် ဖန်ဟိုဆန့်၏ ညာ က် မျက်လုံးနှင့် လက်မဝက်ခန့်သာ ကွာဝေး၏။ ဖန်ဟိုဆန့်က က်လုံးကို မမှိတ်ရုံမက ပြုံးစိုက်ကြည့်ပြီး တည်ငြိမ်စွာဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



'ဝါမေဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဆရာမကြီး မျက်ကြွယ်က သိပ်ရက်စက်ကြမ်းကြုတ်တယ်ဆိုတာ သတင်းသာ ကြားဖူးခဲ့တယ်၊ အနေ့သူ့တပည့်ကို ကြည့်ရင်ပဲ ဟုတ်တယ်ဆိုတာ ပြောနိုင်ပါပြီ၊ ကဲ... တင်မင်း၊ ငါ ဖန်ဟိုဆန့်က မင်းတို့လက်ထဲ ရောက်နေတဲ့နောက်တော့ မင်းတို့လက်ခုပ်ထဲကရေလို ကြိုက်သလို လုပ်နိုင်ပါတယ်'ဟု ပြန်ပြောလေ၏။ ထိုအခါ တင်မင်းက မျက်လုံးပြူး၍...

'ရှင်... ကျွန်မတို့ ဆရာကို စော်ကားဝံ့သလား'ဟု အော်ပြီးလျှင် ဓားများကိုပါ ရှေ့သို့ တိုးလိုက်လေ၏။

ဖန်ဟိုဆန့်၏ ညာဖက်မျက်လုံးကား ကန်းရှာလေပြီ။ သို့သော် တင်မင်းက ထိုမျှဖြင့် မရပ်သေးဘဲ ဖန်ဟိုဆန့်၏ ဘယ်ဘက်မျက်လုံးသို့ ဓားဖြင့် ထိုးချိန်လိုက်ပြန်သည်။

ဖန်ဟိုဆန့်ကား ရှုံ့ကြောက်မသွားသည့်အပြင် တဟားဟားရယ်၍ တင်မင်းအား တစ်လုံးတည်းသာကျန်သည့် ဘယ်ဘက်မျက်လုံးဖြင့် စိုက်ကြည့်လိုက်လေ၏။ ထိုအခါ တင်မင်းမှာ ကြက်သီးထလာ၏။ သူမက...

'ရှင်... ကျွန်မမေးတာကို ဘာဖြစ်လို့ မဖြေသေးတာလဲ'ဟု ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မေးပြန်၏။ ဖန်ဟိုဆန့်က...

'ငါတို့ ယောကျ်ားတွေဟာ ဘာပဲလုပ်လုပ် သစ္စာတရားကို ရှေ့ထားတယ်၊ ဒီအကြောင်းတရားတွေကို မင်းလို လူမျိုးကို ရှင်းပြလို့လဲ နားလည်မှာ မဟုတ်ဘူး'



တင်မင်းမှာ ပို၍ ထိတ်လန့်လာ၏။ ပြီးလျှင် ဖန်ဟိုဆန့်သည် ပြန်လည်ခုခံရန် လုံးဝ အင်အားမရှိသည့်တိုင် သူ၏ အမူအရာက လွန်စွာတည်ကြည်ပြီး မာကျောကျောဖြစ်နေသေးသည်ကို တွေ့၍ ဒေါသထွက်ကာ သူ့အား စိုက်ကြည့်နေသော ဘယ်ဘက်မျက်လုံးကိုပါ ထိုးဖောက်လိုက်ရန် ပြုလေ၏။ သို့သော ကျိရှောင်မူက တင်မင်း၏ ဓားများကို သူမ၏ ဓားဖြင့် ကာလိုက်ပြီး...

'အစ်မ၊ ဒီလူက သိပ်ခေါင်းမာတော့ သူ့ကို သတ်လို့လဲ အကြောင်းမထူးပါဘူး'

တင်မင်းက တစ်ချက်မဲ့လိုက်ပြီး...

'သူက ဆရာကို ရက်စက်ကြမ်းကြုတ်တယ်လို့ ပြောနေတာ နင်မကြားဖူးလား၊ ဒါကြောင့် ငါက သူ့ကို ရက်စက်ကြမ်းကြုတ်ပြလိုက်တာပေါ့၊ ဒီလို လူဆိုး လူမိုက်မျိုးတွေကို ဒီလောကမှာ ချန်ထားခဲ့ရင် လူကောင်းတွေကို အများကြီး ဒုက္ခပေးမှာပဲကွယ်၊ ဒီတော့ တစ်ယောက်တွေ့ရင် တစ်ယောက်ရှင်းပစ်၊ ကုသိုလ်တောင်ရသေးတယ်'ဟု ဆိုလေ၏။ ကျိရှောင်မူက...

'ဒီလူက ယောကျ်ားပီသပါတယ် အစ်မ၊ သူ့ကို လွှတ်လိုက်ပါလား'

'ဘာကွယ့်... ဒီမယ် ကျိရှောင်မူ အခု ရှောင်လင်ဂိုဏ်းသားဦးပဥ္စင်းနှစ်ပါးထဲက တစ်ပါးဟာ သူ့လက်ချက်နဲ့ ပျံလွန်တော်မူပြီး

www.burmeseclassic.com



တစ်ပါးကတော့ ဒဏ်ရာရသွားပြီ၊ ခွန်းလွန်ကိုဏ်းက နောင်တော် နှစ်ယောက်ရဲ့ ဒဏ်ရာက ပိုပြီးတောင် ကြီးကျယ်သေးတယ်၊ ဒီတော့ ဒီလိုကောင်မျိုးကိုမှ တို့က ပြန်ပြီး မရက်စက်ရင် ဘယ်လိုကောင်မျိုးကို ရက်စက်ရမှာလဲ၊ ငါ နည်းနည်းမှ မကျေနပ်ဘူး ကဲဟာ...'

တင်မင်းက စကားအဆုံးတွင် ဖန်ဟိုဆန်၏ ဘယ်ဘက်မျက်လုံးကို ထိုးဖောက်လိုက်ပြန်သည်။ သို့သော် ကျိုရှောင်မူက သူ့ဓားဖြင့် လျင်မြန်စွာ ကာလိုက်ပြီးလျှင်...

'အစ်မ... ဒီလူက လုံးဝပြန်ပြီး ခုခံနိုင်တဲ့ အင်အားမရှိတော့ ပါဘူး၊ ဒီလိုအခြေအနေမျိုးမှာ သူ့ကို နှိပ်စက်ရင် သိုင်းလောက လူ တွေသိသွားတဲ့ တစ်နေ့မှာ ကျွန်မတို့ ဝါမေဂိုဏ်းရဲ့ နာမည်သိက္ခာ ထိခိုက်မှာ သေချာတယ် အစ်မ' ဟု ပျောင်းဖျလိုက်၏။ ထိုအခါ တင်မင်းက...

'ဟဲ့ ကျိုရှောင်မူ... စကားမရှည်နဲ့၊ နင်သေားဖယ်နေစမ်း၊ ငါ့ကိစ္စကို နင်ကြားဝင်ပြောနေဖို့ မလိုဘူး' ဟု မြန်အော်ငေါက်လေ၏။

'အစ်မ'

ကျိုရှောင်မူက တစ်စုံတစ်ရာ ထပ်ပြောရန်ပြုစဉ် တင်မင်းက...

'ဒီမယ် ကျိုရှောင်မူ၊ ငါ့ကို အစ်မလို့ နင်ခေါ်ရင် ငါပြော စကားကို နင်နားထောင်ရမယ်၊ နေပါဦး မင်းက ဘာဖြစ်လို့ ရန်သူ



အပေါ် ဒီလောက်စေတနာထားနေရတာလဲ၊ ဘာလို့ ကြားဝင်ပြီး ကာ ဆီးကာဆီး လုပ်နေရတာလဲ'

ကျိုရှောင်မူက ဘာပြန်ပြောရမည်မှန်း မသိစဉ် တင်မင်းက ဓားဖြင့် ထိုးလိုက်ပြန်၏။ ဤတစ်ကြိမ်တွင် တင်မင်းက အားကို သုံးဆင့်ခန့် ပိုထုတ်လိုက်၏။ ကျိုရှောင်မူက မကြည့်ရက်သဖြင့် မိမိ ဓားဖြင့် ကာလိုက်ပြန်၏။

ထိုအခါ 'ထန်း'ခနဲ ဓားမားချင်းရိုက်ခတ်မိသံနှင့်အတူ နှစ် ယောက်စလုံးပင် နောက်သို့ နှစ်လှမ်းမျှ ယိုင်ထွက်သွားပြီး နှစ် ယောက်စလုံး လက်မောင်းမှာလည်း ထုံကျဉ်စွာ ခံစားလိုက်ရပါ၏။

တင်မင်းက ဒေါသခြောင်းခြောင်းထွက်လျက်...

'ကျိုရှောင်မူ၊ ငါပြောနေတဲ့ကြားက ဘာလို့ ကာဆီး ကာဆီးလုပ်နေရတာလဲ ဘာသဘောလဲ၊ ပြောစမ်း'

ကျိုရှောင်မူက လေသံအေးအေးဖြင့်...

'ကျွန်မ သဘောက သူ့ကို ကောင်းကောင်းမွန်မွန် မေးစေ ချင်တယ်။ အဲဒီလို မေးရင် သူ့ဆီကအဖြေ ရကောင်းရလိမ့်မယ်လို့ ထင်တယ်၊ ဒါပါပဲ အစ်မ'

တင်မင်းက ခနဲ့ပြုံး တစ်ချက်ပြုံး၍...

www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ် ကျိုရှောင်မှု မင်းရဲ့ သဘောကို ငါ မသိဘူးများ မှတ်နေသလား မင်းကိုယ်မင်း ပြန်မေးကြည့်ပါဦး ဟူတန်းဂိုဏ်းက ချင်လိရှန်ဟာ မင်းနဲ့ လက်ထပ်ဖို့ ကိစ္စကို ခဏခဏ လာပြောလျက်နဲ့ မင်းဘာဖြစ်လို့ ဟိုရွှေ့ ဒီရွှေ့နဲ့ ရှောင်ဖယ်နေရတာလဲ ဘာဖြစ်လို့ မင်းအဖေကိုယ်တိုင် လာပြောတာတောင် မင်းက အိမ်ကနေ ရှောင်ထွက်သွားရတာလဲ'

ကျိုရှောင်မှုက ရုတ်ခြည်း မျက်နှာပျက်သွားပြီး…

'ညီမလေးရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စက အခု ဒီကိစ္စနဲ့ ဘာဆိုင်လို့လဲ'

တင်မင်းက ခနဲ့ပြုံး ထပ်မံပြုံးပြီး…

'ဟင်း… မင်း အကြောင်းကို ငါ မသိဘူးများ မှတ်နေသလား၊ အခု အပြင်လူတွေရှိနေလို့ ငါက မင်းရဲ့ အနာကို မဆွချင်တာ သိလား၊ မင်းက လူသာ ငါမေဂိုဏ်းမှာ ရှိပြီး စိတ်က ဟို ဒုစရိုက်လမ်းဂိုဏ်းဘက် ရောက်နေတာ'

ကျိုရှောင်မှု၏ မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်လာပြီး တုန်ယင်သော အသံဖြင့်…

'ကျွန်မက အစ်မကို တကယ့်အစ်မအရင်း တစ်ယောက်လို လေးစားခဲ့တယ်၊ အခု အစ်မက ဘာဖြစ်လို့ ကျွန်မကို ပုတ်ခတ်တိုက်ခိုက်နေရတာလဲ'



တင်မင်းက…

'ကောင်းပြီလေ၊ မင်းက ငါပြောသလို ဒုစရိုက်အောက်လမ်းဂိုဏ်းဘက် စိတ်မရောက်ဘူးဆိုရင် ဒီလူရဲ့ ဘယ်ဘက်မျက်လုံးကို ငါ့ရှေ့တင် ထိုးဖောက်ပြ'

ကျိုရှောင်မှုက ထိတ်လန့်သွားပြီး…

'ကျွန်မက ဒီလိုရက်စက်တဲ့ အလုပ်မျိုးကို မလုပ်တတ်ဘူး၊ အစ်မက ဘာဖြစ်လို့ ကျွန်မကို ဒီလိုအတင်းအကျပ် လုပ်ခိုင်းနေရတာလဲ'

'မင်း ထိုးမလား၊ မထိုးဘူးလား၊ ပြော မင်း မထိုးရင် ငါက မင်းရဲ့ အကြောင်းတွေကို တစ်ခုချင်း ဖွင့်ပြောလိုက်မယ်၊ ဒါပဲ'

ကျိုရှောင်မှု အခက်ကြုံသွား၏။ မှန်သည်။ သူမသည် တစ်စုံတစ်ခုသော အပြစ်ကို ကျူးလွန်ခဲ့မိသည့်အလား တင်မင်းနှင့် ထိပ်တိုက်မတွေ့ဝံ့ချေ။ သူမက ညင်သာသော လေသံကို ပြောင်း၍…

'အစ်မ ကျွန်မတို့က ဂိုဏ်းတူ ညီအစ်မတွေပဲ၊ တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ် ညှာတာသင့်ပါတယ်'

တင်မင်းက ခနဲ့ပြုံး ပြုံးပြီး…

'ငါက မင်းကို သိပ်ခက်ခဲတဲ့ အလုပ်ကို လုပ်ခိုင်းနေတာမှ မဟုတ်တာ ဆရာက ငါတို့ကို ရှက်စွန်း ဘယ်မှာနေတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းနိုင်တယ်၊ အခု ဒီလူက ပေကျွေးချို ဘယ်မှာရှိတယ်ဆိုတာ သိတယ် ပေကျွေးချိုကလဲပဲ ရှက်စွန်း ဘယ်မှာနေတယ်ဆိုတာကို သိနိုင်တယ်။ အခု မင်းကို ဒီလူရဲ့ ဘယ်ဘက်မျက်လုံးကို ထိုးဖောက်နိုင်းတာက အဲဒီအဖြေကိုရဖို့ပဲ မဟုတ်လား၊ သူ့ကို စစ်ဆေးဖို့ပဲ မဟုတ်လား ကျိုရှောင်မှူ'

ကျိုရှောင်မှူက လေသံတိုးတိုးဖြင့်...

'ကျွန်မ... ကျွန်မ စိတ်ဓာတ်က သိပ်ပျော့တယ်၊ အဲလို မလုပ်ရက်ဘူး အစ်မ'

'ဘာ... မင်းစိတ်ဓာတ် ပျော့တယ် ဟုတ်လား၊ ဆရာက မင်းရဲ့ ဓားသိုင်း သိပ်ပြင်းထန် ရက်စက်တယ်လို့ အမြဲလိုလို ချီးကျူးနေတာပဲ၊ မင်းက ဆရာနဲ့ အတူဆုံးပဲတဲ့၊ ဒါကြောင့် ဆရာက မင်းကို သာ အထူးအလေးထားပြီး သိုင်းပညာကို သင်ပေးခဲ့တာတဲ့၊ အခုတော့ မင်းက ဘာယ်လိုဖြစ်လို့ စိတ်ဓာတ် ပျော့သွားရတာလဲ'

ကျုန်းဟူကျင်းသည် အခြေအနေ အားလုံးကို တိတ်တဆိတ် ချောင်းမြောင်း အကဲခတ်နေခဲ့ရာမှ သူ့မိဘနှစ်ပါး သေဆုံးသောနေ့တွင် ကျိုရှောင်မှူက သူ့အပေါ် ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့သဖြင့် ကျိုရှောင်မှူအပေါ်တွင် အလိုအလျောက် ခင်မင်နေလေ၏။ နောက်တစ်ကြောင်းကလည်း ကျိုရှောင်မှူသည် သူ့ဦးလေး ချင်လိရှန်၏ဇနီးလောင်းဖြစ်၍ ပို၍ စိတ်ထဲမှ ရင်းနှီးချင်နေ၏။ ယခု တင်မင်းက ကျိုရှောင်မှူအား အကျပ်ကိုင်ခိုင်းစေနေသည်ကို တွေ့သော် သူ့စိတ်ထဲမှ အလိုလို မခံချိ၊ မခံသာ ဖြစ်နေခဲ့ရပါ၏။ ထိုစဉ် တင်မင်းက...



'ညီမလေး၊ ငါ မင်းကို မေးမယ်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဆရာက ဂိုဏ်းသူဂိုဏ်းသား အားလုံးကို စုဝေးပြီး ဆရာကိုယ်တိုင် တီထွင်ခဲ့တဲ့ ဓားသိုင်းနှစ်ကွက်ကို သင်ကြားပေးတုန်းက မင်းက ဘာဖြစ်လို့ မရောက်လာရတာလဲ၊ အဲဒီတုန်းက မင်း မရောက်လာရကောင်းလားဆိုပြီး ဆရာက ဒေါသထွက်ပြီးတော့ မားကို ချိုးလိုက်တယ်၊ အဲဒီနောက် ဆရာက ဓားသိုင်းကွက် နှစ်ကွက်ကို တစ်သက်လုံး ဘယ်သူမှ မသုံးရဘူးလို့ ပြောခဲ့တယ်'

ကျိုရှောင်မှူက...

'အဲဒီတုန်းက ကျွန်မ ဖျားနေလို့ မလာနိုင်တာပါ၊ အဲဒီကိစ္စကို ကျွန်မ ဆရာ့ကို တင်ပြပြီးပြီပဲ။ ဘာဖြစ်လို့ အခု ထပ်မေးနေရတာလဲ'

'ဒီမယ် ကျိုရှောင်မှူ အဲဒီကိစ္စအတွက် ဆရာ့ကိုသာ မင်း ညာလို့ရမယ်၊ ငါ့ကိုတော့ တစ်သက်ညာလို့ မရဘူးမှတ်ပါ၊ ကဲ... ငါ မင်းကို ထပ်မေးမယ်၊ ဒါပေမယ့် မင်းကသာ ဒီလူ့ရဲ့ ဘယ်ဘက်မျက်လုံးကို ဓားနဲ့ ထိုးဖောက်ရင်တော့ ငါ မမေးတော့ဘူးတဲ့'

ကျိုရှောင်မှူက ခေါင်းငုံ့သွားရှာ၏။ လွန်စွာ ရှက်ဆင်းရဲသွားဟန်တူပါ၏။ သူမက အသံတိုးတိုးဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



'အစ်မ... ဂိုဏ်းတွေအချင်းချင်း မထောက်ထား မညှာတာတော့ဘူးလား'

'ကျိုရှောင်မှူ ငါ နှစ်ခွန်းပဲ မေးမယ်၊ ဓားနဲ့ ထိုးမလား၊ မထိုးဘူးလား'

'အစ်မ စိတ်ချပါ၊ ဆရာက တကယ်လို့ ကျွန်မကို သူ့ သိုင်းအမွေပေးအပ်ရင်လဲ ကျွန်မက လက်မခံရဲပါဘူး'

တင်မင်း ဒေါသ ပိုထွက်လာသည်။

'ခြော်... မင်းက ငါက မင်းကို ဒီအတွက်နဲ့ မနာလို ဖြစ်နေတယ်လို့ ဆိုလိုတာပေါ့လေ၊ ဒီမယ် ငါက မင်းကို ဘယ်နေရာမှာ ရှုံးနိမ့်ဖူးလို့လဲ၊ မင်း ပေးမှ ငါက ရ ရမှာလား၊ ကဲ... ကြာတယ် မင်း သူ့ကို ဓားနဲ့ အခုထိုးမလား မထိုးဘူးလား'

ကျိုရှောင်မှူ မျက်ရည်ဝဲလာ၏။

'ကျွန်မမှာ အပြစ်ရှိလို့ အစ်မက ကျွန်မကို အပြစ်ပေးရင် ကျွန်မခံယူဖို့ အသင့်ပါပဲ၊ ဒါပေမယ့် ဒီလို အပြင်လူတွေရှေ့မှာ ကျွန်မကို နိုင်ထက်စီးနင်း အတင်းအကျပ် လုပ်ခိုင်းတာကိုတော့...'

ကျိုရှောင်မှူက စကားပြောရင်း အသံ သိတ်ဝင်သွားရှာ၏။ သူမ မျက်ရည်ကျရှာပြီ မဟုတ်လား၊ ငိုရှာပြီ မဟုတ်ပါလား၊ တင်မင်းက ခနဲ့ပြုံးပြုံးလျက်...



'အေး... မင်းက အခုမှလာပြီး ငိုပြမနေပါနဲ့၊ အပြင်ပန်းကတော့ ငိုပြပြီး မင်းစိတ်ထဲမှာတော့ ငါ့ကို ဘယ်လောက်များ ကျိန်ဆဲနေလဲမသိဘူး၊ ငါပြောမယ် ကျိုရှောင်မှူ မင်းလွှန်ခဲ့တဲ့ သုံးနှစ်တုန်းကလွန်းကျိုးနယ်မှာ တကယ် နေမကောင်းတာလား၊ ဟင့်... ဒါမှမဟုတ်... သွားပြီး ကလေးမွေးတာ မဟုတ်ဘူးလား'

ကျိုရှောင်မှူသည် တင်မင်းထံမှ ထိုစကားကို ကြားသည်နှင့် အတူ ထိုင်နေရာမှ လှစ်ခနဲ ပြေးထွက်သွားလေ၏။ တင်မင်းက ကျိုရှောင်မှူ ပြေးလိမ့်မည်ဟု ကြိုသိထားဘိအလား ချက်ချင်းပင် ပြေးထွက်လာပြီး ကျိုရှောင်မှူ၏ ရှေ့မှ တားဆီးလိုက်၏။ သူမသည် ကျိုရှောင်မှူ၏ ရင်ဝသို့ဓားဖြင့် ထိုးချိန်ရင်း ခက်ထန်သော အသံဖြင့်...

'မင်း ခု ဟိုလူရဲ့ မျက်လုံးကို ဖောက်မလား မဖောက်ဘူးလား မဖောက်ရင် မင်းအကြောင်းကို အပြင်လူတွေရှေ့မှာ ဖွင့်ချရဦးမယ်'

ကျိုရှောင်မှူက ရှက်လည်းရှက်၊ ဒေါသလည်းထွက်ကာ...

'ကျွန်မကို မတားပါနဲ့ သွားပါရစေ'

သို့သော် တင်မင်းက ဓားကို မရုပ်၊ တားဆီးထားလျက်မှ...

'ငါ မေးမယ်၊ မင်းက ဟိုကလေးကို ဘယ်မှာ ကျွေးမွေးထားသလဲ၊ မင်းက ဟွာတန်းဂိုဏ်းက ချင်လိရှန်ရဲ့ ဇနီးလောင်းဖြစ်ရက်နဲ့ ဘာလို့တခြားလူတစ်ယောက်နဲ့ ဖောက်ပြန်ခဲ့ရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် အားလုံး တုန်လှုပ်သွားကြ၏။

ကျုန်းဟူကျင်း၏ စိတ်ထဲတွင်လည်း တွေဝေနောက်ကျု သွားသည်။

'ဒေါ်လေး ကျိုရှောင်မူက လူကောင်းပါ၊ သူက ဦးလေး ချင် လိုရှန်အပေါ် သစ္စာမဲ့မှာ မဟုတ်ပါဘူး'

အမှန်မူ ကျုန်းဟူကျင်းသည် အသက် တစ်ဆယ့်သုံးနှစ်မျှ သာရှိသေး၍ လူ့လောကရှိ လူသား ယောကျ်ား၊ မိန်းမတို့၏ စိတ်သဘောထားများကို မသိရှိသေးချေ။ သို့သော် လူကြီးများ ဖြစ်ကြကုန်သော ချန်ရီနှင့် ဖန်ဟိုဆန့်တို့ကမူ တင်မင်း၏စကားကြောင့် အံ့သြနေမိကြလေ၏။ ကျိုရှောင်မူ၏ မျက်နှာတွင်လည်း သွေးမရှိတော့။ သူမသည် ထိုးချိန်ထားသော တင်မင်း၏ဓားကို ဖယ်ရှားပြီး ရှေ့သို့သာ အတင်းပြေးရန် ပြုလေ၏။

သို့သော် တင်မင်းက မညှာ။ ကျိုရှောင်မူအား တကယ်ပင် ဓားဖြင့်ထိုးချလိုက်သည်။ ကျိုရှောင်မူကား ရင်ဝသို့ ဓားမစိုက်အောင် မနည်းပင် ရှောင်တိမ်းလိုက်ရာ လက်မောင်းတွင် ဓားဒဏ်ရာ အပြင်းအထန်ရသွားရာလေ၏။ ဤတစ်ကြိမ်တွင်မူ ကျိုရှောင်မူသည် ဆက်လက်သည်းခံနိုင်စွမ်း မရှိတော့။

သူမက ဓားကို ချွမ်းခနဲ ဆွဲထုတ်ပြီး တင်မင်းအား ရင်ဆိုင်လိုက်လေတော့၏။





'ဒီမှာ.. အစ်မ ကျွန်မကို အခုလို နိုင်ထက်စီးနင်း အတင်းအသုပ်နေတဲ့ နောက်တော့ ကျွန်မဆက်ပြီး သည်းမခံနိုင်တော့ဘူး'

တင်မင်းကား ဤနေ့ ဤရက်တွင် ကျိုရှောင်မူ၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်လိုက်မိသဖြင့် ကျိုရှောင်မူက မိမိအား သတ်ပြီး ပိတ်လိမ့်မည်ဟု ထင်ကာ ချက်ချင်းပင် ကျိုရှောင်မူ၏ ဝမ်းဗိုက်အဖြင့် ထိုးချလိုက်လေ၏။

ထိုအခါ ကျိုရှောင်မူ ညာလက်မောင်းတွင် ဒဏ်ရာရထားသဖြင့် ဘယ်လက်ဖြင့် တင်မင်း၏ ဓားကို ဖမ်းကိုင်ထားလိုက် ရှုလေ၏။ ထိုအချိန်မှစ၍ ဂိုဏ်းတူညီအစ်မ နှစ်ဦးသည် အချင်းချင်းပင် ဓားချင်းစကား သူတစ်ပြန်ကိုယ်တစ်ပြန် အသည်းယားဖွယ် တိုက်ကြလေတော့သည်။

နံဘေးမှ လူများသည် ဒဏ်ရာကိုယ်စီရထားကြသဖြင့် သူတို့အား ဝင်ရောက် ဖြန်ဖြေနိုင်ခြင်းမရှိဘဲ ဂိုဏ်းတူ ညီအစ်မ နှစ်ယောက် သဲသဲမဲမဲ တိုက်ခိုက်နေကြသည်ကိုသာ ကြည့်ရှုမျှ ကြည့်ကြလေ၏။ သို့ဖြင့် ကြည့်ရင်းမှလည်း သူတို့၏ စိတ်ထဲတွင်...

'ဝါမေဂိုဏ်းရဲ့ သိုင်းကွက်က တကယ့်ကို ပြင်းထန်ရက်စက်ပါကိုး' ဟု ကောက်ချက်ချမိကြ၏။

ကျိုရှောင်မူသည် တိုက်ရင်းခိုက်ရင်း သူမ၏ ညာဘက်လက်မောင်းတွင် ဒဏ်ရာရထားသဖြင့် သွေးများ အလျှဉ်မပြတ်စီး

www.burmeseclassic.com

www.burmeseclassic.com



ကျနေ၏။ ထို့ကြောင့် ဓားကို ဘယ်ဘက်လက်သို့ ပြောင်းကိုင် ရသောကြောင့် တိုက်ကွက်က မသွက်လက်လှပေ။ တဖြည်းဖြည်း ကျိုရှောင်မူ၏ ခြေလှမ်းများပါ ယိမ်းယိုင်လာလေ၏။ ထိုပြင် သူ အင်္ကျီမှာလည်း သွေးများဖြင့် နီရဲ ရွှဲနစ်နေလေ၏။ ထိုစဉ် ညာ လုံးတစ်ဘက် ကန်းသွားရှာသော ဖန့်ဟိုဆန့်က...

'ကျိုရှောင်မူ... ခင်ဗျားကျုပ်ရဲ့ ဘယ်ဘက်မျက်လုံးကို ဖောက်လိုက်ပါ ကျုပ် ဖန့်ဟိုဆန့်က တစ်သက်ကျေးဇူးမမေ့ပါ

အမှန်စင်စစ် ဖန့်ဟိုဆန့်သည် ကျိုရှောင်မူတစ်ယော အသက်ကိုပင် မစောနမထားဘဲ မိမိကို ကာကွယ်လျက်ရှိနေသည် တွေ့ရသဖြင့် မနေနိုင်မထိုင်နိုင်ဖြစ်ကာ အော်ပြောလိုက်ခြင်းပင် ပါ၏။

တင်မင်းကမူ သူတို့ ဂိုဏ်းတူ ညီအစ်မ နှစ်ဦး တစ်ယော ကို တစ်ယောက် မျက်နှာပျက်ကြရပြီဖြစ်၍ ကျိုရှောင်မူအား အ အသက်ရှင်းပစ်ရန်သာ စိတ်ကူးထား၏။ ဖန့်ဟိုဆန့်သည် တင် ၏ ဓားကွက်များ တဖြည်းဖြည်း ပြင်းထန်ရက်စက်လာသည်ကို သော် မခံချိမခံသာ အောင်ပြောပြန်သည်။

'အရှက်မရှိတဲ့ မိန်းမ၊ ဒါကြောင့် မင်းကို သိုင်းလော လူတွေက ဘီလူးမ တင်မင်းလို့ ခေါ်ကြတာပဲ တကယ့်ကို ဖောက်ထက်တောင် အဆိပ်ပြင်းတဲ့ မိန်းမယုတ်၊ ရုပ်ရည်ကလဲ



ဘက် ထက်တောင် အကျည်းတန်သေးတယ်၊ ဒီလောကမှာ မိန်းမ အားလုံးသာ အရုပ်ဆိုး အကျည်းတန်နေရင် ငါတို့ ယောက်ျား တွေ အားလုံး ဘုန်းကြီးပဲ ဝတ်လိုက်ကြမှာ သေချာတယ်'

အမှန်မှ တင်မင်းသည် ရုပ်ရည် မဆိုးလှပါချေ။ သို့သော် ဟိုဆန့်က မိန်းမသားတွေ၏ စိတ်နေသဘောထားကို သိ၍မခံချင် အောင် တစ်ပြားမတန် ပြောလိုက်ခြင်းပင် ဖြစ်ပါ၏။ တင်မင်း ည် ထိုသို့ ပုတ်ခတ် ရှုပ်ချခံရလေသော် အသည်းတဆတ်ဆတ် န်အောင် နာကျင်ခံစက်သွားလေ၏။ စင်စစ် ဖန့်ဟိုဆန့်သည် သို့ တင်မင်းအား ဒေါသထွက်လာအောင် ပြုခြင်းမှာ မိမိဘက်သို့ မင်မြားဦး ပြန်လည်လာအောင် ပရိယာယ်ဆင်လိုက်ခြင်းပင် ဖြစ် မိမိဘက်သို့ တင်မင်းအာရုံစိုက်ပြီး တိုက်ခိုက်လာမှသာ ကျို ှောင်မူ တစ်ယောက် ထွက်ပြေးလွတ်မြောက်နိုင်မည် မဟုတ်ပါလား။

သို့သော် တင်မင်းကလည်း ဉာဏ်များသူ ဖြစ်၏။ သူမ တ်ထဲတွင်...

'ငါ ကျိုရှောင်မူကို သတ်ပြီးမှ ဒင်းကို သတ်မယ်၊ ဒင်းဘယ် ပြေးမလဲ' ဟု ကြိမ်းဝါးလိုက်၏။

ထိုစဉ် ဖန့်ဟိုဆန့်က ဆက်၍ ဆို၏။

'ကျိုရှောင်မူက ဘယ်လောက်ကောင်းမွန် မြင့်မြတ်တယ်ဆို အ သိုင်းလောက ကလူတွေ အားလုံးသိကြတယ်၊ ဟင်း... ဘီလူးမ

www.burmeseclassic.com

www.burmeseclassic.com



တင်မင်းကတော့ အံရှက်ကို မရှိဘူး၊ ကိုယ့်ကိုယ်ကို အဟုတ်မှ
ဟူတန်းဂိုဏ်းက ချင်လိရှန်ကို သွားမြှူဆွယ်တယ်၊ ချင်လိရှ
ဖြောင့်မတ်မှန်ကန်တဲ့ လူက မင်းလို မိန်းမယုတ်မျိုးကို ဘယ်
စိုက်ပါ့မလဲ၊ ဒါနဲ့ပဲ မင်းက ကျိုရှောင်မူကို လုပ်ကြံဖို့ စိတ်ကူ
ပေါ့လေ။ ဟား ဟား ဟား… မင်းကိုယ်မင်း ပြန်ကြည့်စမ်း၊ ပါး
ငေါငေါ ပါးစပ်က ဘီလူးမပါးစပ်လို ပြဲပြဲ၊ အသားကလဲ ရှော
မ တစ်ယောက်ရဲ့ အသားလို ဝါထိန်ထိန် လူကလဲ ဝါးခြမ်းပြ
ပိန်ကပ်ကပ် ညှောင်နာနာနဲ့၊ ဟား ဟား… ဒီလို ဘဲခေါင်းခြော
အရုပ်ဆိုး အံကျည်းတန်တဲ့ မိန်းမမျိုးကို ရုပ်ရည်ချောမော ခန့်
တဲ့ ချင်လိရှန်က အိမ်မက်ထဲတောင် ထည့်မမက်ဘူးကွ၊ ဝေးပါ
ရဲ့၊ သူက မင်းကို တွေ့ရင်တောင် သရဲအခြောက်ခံရတ
ထင်နေမှာကွ သိလား… မင်းကိုယ်မင်း အသေအချာ ပြန်ကြည့်
ကွာ… ဒါနဲ့များတောင် သူများကို မဆင်မခြင် မျက်စပစ်ပြသေး
ဟား ဟား ဟား'

တင်မင်းသည် ထိုစကားကြောင့် ဒေါသကို မချုပ်
နိုင်ဖြစ်ကာ ရုတ်တရက် ကျိုရှောင်မူ၏ ဓားအောက်မှ ခုန်ထွ
ဖန်ဟိုဆန့်၏ ပါးစပ်ကို ဓားဖြင့် ထိုးလိုက်လေ၏။

အမှန်မူ တင်မင်းသည် ပါးရိုးအနည်းငယ်မြင့်ပြီး ပါး
လည်း နည်းနည်းသာ ကျယ်၏။ အသားလည်း သိမ်မဖြူလှ
နောက်ပြီး ကိုယ်လုံးကလည်း သွယ်လျလျနှင့်ပင် ဖြစ်ပါ၏။



မသိမသာသော ချွတ်ယွင်းချက်ကလေးကို တခြားသူများအနေဖြင့် ရုတ်တရက် မြင်တတ်ရန် မလွယ်ပါ။ သို့သော် ဖန်ဟိုဆန့်မှာ မျက်လုံးအကြည့် လွန်စွာ စူးရှထက်မြက်ပြီး တစ်ကြိမ်မြင်ဖူးသော ရုပ်ရည်ကိုပင် တစ်သက်တာလုံး စွဲမြဲစွာ အမှတ်ရနေတတ်သူ ဖြစ်လေ၏။

ယခုလည်းသူက တင်မင်း မခံချင်အောင် တင်မင်း၏ မဖြစ်စလောက်သော ရုပ်ရည် ချွတ်ယွင်းချက် အစအနကလေးများကို တမင်ပုံကြီးချဲ့၍ ဖော်ထုတ်ပုတ်ခတ်လိုက်ရာ တင်မင်းမှာ ဒေါသ ခြောင်းခြောင်းထွက်လာရတော့၏။ ပြီးလျှင် တင်မင်းသည် ဟူတန်းဂိုဏ်းမှ ချင်လိရှန်အား တိတ်တခိုး အုံ့ပုန်းချစ် ချစ်နေခဲ့သည်မှာ မှန်သော်လည်း ဖန်ဟိုဆန့် ပြောပြသကဲ့သို့ မျက်စပစ်ပြခဲ့ဖူးခြင်း မရှိပါပေ။ မည်သို့ပင်ဖြစ်စေ တင်မင်းသည် ဖန်ဟိုဆန့်၏စကားကြောင့် ဒေါသကြီးစွာ ထွက်လျက် ဓားဖြင့် ဖန်ဟိုဆန့်၏ ပါးစပ်သို့ ထိုးလိုက်လေ၏။ သို့ ထိုးလိုက်စဉ် ရုတ်တရက် တောအုပ်ထဲမှ လူတစ်ယောက်က လျှပ်တစ်ပြက် ခုန်ထွက်လာပြီး ဖန်ဟိုဆန့်၏ ရှေ့မှ ကာဆီးလိုက်လေ၏။

တင်မင်းလည်း ဓားကို မရုတ်သိမ်းနိုင်ဖြစ်ကာ ထိုလူ၏ ရင်ဘတ်ကို တအားထိုးစိုက်ချလိုက်လေ၏။

တစ်ချိန်တည်းမှာပင် ထိုလူ၏ လက်ဝါးစောင်းက တင်မင်း၏ ရင်ဘက်သို့ အရှိန်ပြင်းစွာ ရိုက်ချလိုက်၏။ ထိုအခါ တင်မင်းမှာလည်း လွင့်ထွက်သွားပြီး သွေးအန်ကျသွားလေ၏။ ထိုလူ၏ ရင်

www.burmeseclassic.com

www.burmeseclassic.com



ဘက်တွင်လည်း တင်မင်း၏ဓားက စိုက်လျက် တန်းလန်း။ ထို ကား အသက်မရှင်နိုင်တော့ပါ။ ထိုစဉ် ခွန်းလွန်ဂိုဏ်းမှ ဒဏ် ထားသော လူနှစ်ယောက်က အလန့်တကြားဖြင့် အော်လိုက်လေ

'ပေကျွေးချို၊ ပေကျွေးချိုပါလား'

မှန်ပါသည်။ ဖန်ဟိုဆန့်ရှေ့မှ ရုတ်တရက်ဝင်၍ တင် ၏ ဓားကို ကာဆီးလိုက်သူမှာ မျက်ခုံးဖြူဂိုဏ်းမှ ပေကျွေးချို ဖြစ်ပါ၏။ အမှန် ပေကျွေးချိုသည် ဝါမေ၊ ခွန်းလွန် စသော ဂိုဏ်း များက သူ့ကို ဝိုင်းဝန်း တိုက်ခိုက်သဖြင့် ဒဏ်ရာအပြင်းအထန် ၏။ ထိုအချိန်တွင် ဖန်ဟိုဆန့်က သူ့အား ဝင်ရောက်ကယ်တင် နှစ်ဦးအတူ ထွက်ပြေးလာခဲ့ကြ၏။

ဤတောအုပ်သို့ ရောက်ချိန်တွင်မှ ဖန်ဟိုဆန့်က ဒဏ် ရထားသော ပေကျွေးချိုအား ဝှက်ထားပြီး နောက်မှလိုက်လာ သူများနှင့်ထွက်၍ တစ်ဦးတည်း ရင်ဆိုင်တိုက်ခိုက်ခဲ့လေ၏။

ယခုနောက်ဆုံးတွင်မှ ဖန်ဟိုဆန့်အား တင်မင်းက ဓား ထိုးရန် ပြုလိုက်သည့်အချိန်တွင် ပေကျွေးချိုက မကြည့်ရက်တော့ ရုတ်တရက် ခုန်ထွက်ပြီး ကြားဝင်ကာကွယ်လိုက်ခြင်းပင်ဖြစ်ပါ သို့ဖြင့် ပေကျွေးချိုသည် တင်မင်း၏ ဓားချက်ဖြင့် အသက်ထွက်လ အချိန်တွင် အားကုန်ထုတ်၍ ရိုက်လိုက်ရာ တင်မင်းမှာ ဒဏ်ရာ ပြင်းအထန် ရသွားလေသည်။



ထိုအချိန်တွင် ကျိုရှောင်မူသည် လက်မောင်းဒဏ်ရာကို ဆေးထည့်ပြီး ပိတ်စဖြင့် ချည်နှောင်လိုက်၏။ ပြီးလျှင် ဖန်ဟိုဆန့်၏ ခြေနှင့်လက်တွင် ချည်နှောင်ထားသော ကြိုးကို ဓားဖြင့် ဖြတ်ပစ် လိုက်လေ၏။ ထို့နောက်တွင်မှ ကျိုရှောင်မူသည် စကားတစ်ခွန်းမျှပင် ပြောတော့ဘဲ ထိုနေရာမှ လျှောက်ထွက်သွားလေ၏။ ထိုအခါ န်ဟိုဆန်က...

'ကျိုရှောင်မူ ခင်ဗျားကို ကျေးဇူးတင်စကား ပြောပါရစေ ' ဟု ပြောပြီး မြေကြီးပေါ်မှ ဓားတစ်ချောင်းကို ဆတ်ခနဲ ကောက် ယူလိုက်၏။

ထိုစဉ် ကျိုရှောင်မူက ဖျတ်ခနဲလှည့်လာပြီး တင်မင်းအား လက်ညှိုးထိုး၍...

'သူက ကျွန်မရဲ့ ဂိုဏ်းတူ အစ်မပါ၊ သူ့ကို ဘာမှ မလုပ် ပါနဲ့ရှင်'

ဖန်ဟိုဆန့်က...

'ဒီအခြေအနေ ရောက်တော့မှ သူ့ကို သတ်မပစ်ရင် မိန်းက လေးအတွက် နောက်ပိုင်း ဒုက္ခရောက်ရလိမ့်မယ်'

ထိုအခါ ကျိုရှောင်မူက မျက်ရည်စီးကျလာ၏။ နှုတ်မှ သည်း ကြေကွဲဝမ်းနည်းသံဖြင့် ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလောကမှာ ကျွန်မ ကံအဆိုးဆုံးပါရှင် မတတ်နိုင်ဘူး လေ၊ ကံစီမံရာပဲပေါ့၊ ဒါပေမယ့် ကျွန်မရဲ့ ဂိုဏ်းတူ အစ်မကိုတော့ ထိခိုက် နာကျင်အောင် မလုပ်ပါနဲ့ရှင်'

'ကောင်းပြီလေ၊ မိန်းကလေးရဲ့ စကားကို ကျုပ် တစ်သ မတိမ်း နားထောင်ရမှာပေါ့'

ကျီရှောင်မူက အသံတိုးတိုးဖြင့် တင်မင်းအား...

'အစ်မ ကျွန်မသွားတော့မယ်'ဟု ပြောပြီးလျှင် တောအုပ် တွင်းမှ လျှောက်ထွက်သွားလေ၏။

ဖန်ဟိုဆန်က ကျီရှောင်မူ တောအုပ်ထဲမှ ထွက်သွားသည် နှင့် ဓားကိုကိုင်ပြီး မြေပေါ်တွင် ဒဏ်ရာ အနာတရ ရကာ လဲလျော နေသော ခွန်းလွန်ဂိုဏ်း၊ ဟိုင်ဆားဂိုဏ်း၊ ရှောင်လင်ဂိုဏ်းမှ လူများ ကြည့်လျက်...

'ငါ ဖန်ဟိုဆန့်က မင်းတို့နဲ့ ဘာရန်ညှိုးမှ မရှိဘူး၊ ဒါ မယ့် ဟောဒီတင်မင်းဆိုတဲ့ အရှက်မရှိတဲ့ မိန်းမက ကျီရှောင်မူ မတရားပုတ်ခတ်ပြောလိုက်တာကို မင်းတို့နားနဲ့ ဆတ်ဆတ်ကြ သွားကြတယ်၊ တကယ်လို့ ဒီမဟုတ်တယုတ် သတင်းကို မင်းတို့ သိုင်းလောကထဲမှာ ဖြန့်ကျက်လိုက်ရင် ကျီရှောင်မူခမျာ တစ်သ လုံး အရှက်တကွဲအကျိုးနည်း ဖြစ်ရတော့မယ်၊ ဒါကြောင့် မင်းတို့



ငါဘာယ်လိုမှ ရန်ညှိုးမရှိသော်လဲ လူလောကထဲမှာ အသက်ရှင်လျက် ချန်ထားလို့ မဖြစ်တော့ဘူး ဒီတော့...

ဖန်ဟိုဆန့်သည် ပြောပြောဆိုဆို ထိုလူများအား သူ့လက်ထဲ မှဓားဖြင့် အဆုံးစီရင်လိုက်လေတော့၏။ နောက်ဆုံး တင်မင်းရှေ့သို့ ရောက်သောအခါ သူက တင်မင်းအား အဆုံးစီရင်ခြင်း မပြုသော် လည်းမျက်နှာပေါ်တွင် ဓားဖြင့် ကြက်ခြေခတ်ပစ်လိုက်လေ၏။

တင်မင်းမှာ နာကျင်ခံခက်လွန်းသဖြင့် မေ့သွားမတတ် ခံ စားလိုက်ရလေ၏။ ထိုအချိန်တွင် တင်မင်းမှာ ဒဏ်ရာပြင်းထန်စွာ ရထားသဖြင့် မည်သို့မျှ ရှောင်တိမ်းနိုင်ခြင်းမရှိချေ။ ပါးစပ်မှသာ...

'ရှင်... ရှင် ဒီလောက် မယုတ်မာပါနဲ့ ကျွန်မကို တခါတည်း သတ်ချင်သတ်လိုက်'ဟု အော်ဟစ်ပြောလိုက်လေ၏။

ဖန်ဟိုဆန့်က တဟားဟားရယ်ရင်း...

'မင်းလို သရဲသဘက်နဲ့ တူတဲ့ မိန်းမကို ငါ မသတ်ရက်ပါ ဘူးကွာ တော်ကြာ မင်းက ငရဲပြည်ရောက်သွားလို့ ငရဲပြည်က ငရဲ တစ္ဆေတွေအားလုံး မင်းရဲ့ ရုပ်ရည်ကို တွေ့လို့ ကြောက်လန့်ပြီး လူ့ ပြည်ကို လာရင် ငါတို့ လူပြည်ကြီး ကသောင်းကနင်း ဖြစ်ကုန်ပါ ဦးမယ်'

သူက ပြောပြီး ဟားတိုက်ရယ်မောလိုက်၏။ ပြီးလျှင်...

www.burmeseclassic.com

www.burmeseclassic.com



ဓားကို ပစ်ချကာ ပေကွေးချို၏ အလောင်းကို ဖက်၍ ငိုကြွေးလေ၏။ ပြီးနောက် အလောင်းကိုပွေ့ချီကာ တောအုပ်ထဲမှ ထွက်ခွာသွားလေ၏။

တင်မင်းမှာလည်း နာကျင်မှုကို အတန်ကြာအောင် ခံစားနေရပြီးမှ ဓားကို ကောက်၍ ယိုင်ထိုးယိုင်ထိုးဖြင့် တောအုပ်ထဲမှထွက်ခွာသွားလေတော့သည်။ ဤမျှ ရက်စက်ပြီး လွန်စွာ ကြောက်မက်ဖွယ်ကောင်းသော တောအုပ်တိုက်ပွဲကြီးကို ချန်ရီနှင့် ကျန်းဟူကျင်းတို့နှစ်ယောက်စလုံး အစမှအဆုံးတိုင် မျက်ဝါးထင်ထင် မြင်လိုက်ကြရ၏။ နောက်ဆုံးတင်မင်းက တောအုပ်ထဲမှ ထွက်ခွာသွားမှပင် သူတို့နှစ်ဦးလည်း သက်ပြင်းချနိုင်လေတော့၏။ ကျန်းဟူကျင်းက...

'အစ်ကိုကြီး ဟို... ကျိရှောင်မူက တမန်တော် ဂိုဏ်းတူဦးလေးချင်လီရှန်ရဲ့ ဓနီးလောင်းပါပဲ၊ တင်မင်းဆိုတဲ့ မိန်းမပြောတော့ ဒေါ်လေး ကျိရှောင်မူဟာ သူများနဲ့ ကလေးရခဲ့တယ်ဆိုပဲ၊ အဲဒါဟုတ်သလားဟင် အစ်ကိုကြီး'

ချန်ရီက...

'တင်မင်းဆိုတဲ့ မိန်းမက တွေ့ကရာ လျှောက်ပြောတာပါ သူ့စကားကို မယုံပါနဲ့'

'ဟုတ်တယ်နော်၊ နောက်တစ်ခါ ကျွန်တော် ဦးလေး ချင်လီရှန်နဲ့တွေ့ရင် တင်မင်းကို ကောင်းကောင်းဆုံးမ ခိုင်းလိုက်ရဦးမယ် ဒါမှ ဒေါ်လေးကျိရှောင်မူ ကျေနပ်မှာဗျ'



ထိုအခါ ချန်ရီက အလျင်စလိုဖြင့်...

'မပြောနဲ့... မပြောနဲ့ ဒီကိစ္စကို မင်းဦးလေး ချင်လီရှန်ကို ဘယ်တော့မှ မပြောပြပါနဲ့၊ မင်းသာ ပြောပြလိုက်ရင်တော့ ဒုက္ခပဲကွ'

'ဘာဖြစ်လို့လဲ အစ်ကိုကြီး'

'ဒီလို နားထောင်လို့ မကောင်းတဲ့ သတင်းကို မင်း ဘယ်သူ့ကိုမပြောရဘူးနော်'

ကျန်းဟူကျင်းက...

'ဟုတ်ကဲ့' ဟု တစ်ခွန်းပြောပြီးလျှင် ဆက်၍ 'အစ်ကိုကြီးက ဒီသတင်း မှန်နေမှာစိုးလို့ မပြောစေချင်တာလားဟင်' ဟု ချန်ရီအား မေးပြန်၏။

ချန်ရီက သက်ပြင်းချပြီး...

'ငါလဲ မပြောတတ်တော့ပါဘူးကွာ'ဟု ညည်းတွားပြီး စကားကို အဆုံးသတ်လိုက်ရလေ၏။

✦ ◇ ✦ ◇ ✦

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မိုးလင်းလျှင် လင်းချင်းပင် ချန်ရီသည် ကျန်းဟူကျင်းကို မွေ့ချီ၍ တောင်ပေါ်သို့ တက်လာလေ၏။

မကြာမီပင် သူတို့သည် တောင်ထိပ်နားရှိ တောအုပ်လေး တစ်ခုထဲမှ တဲအိမ်လေး တစ်လုံးကို တွေ့လိုက်ရ၏။ ချန်ရီသည် ကျန်းဟူကျင်းအား တဲပြင်တွင် ထားပြီး သူကမူ တဲအိမ်ကလေးထဲသို့ ဝင်လိုက်သည်။ ထိုအခါ အိမ်ကလေးထဲမှ ဆယ်နှစ်ကျော်ခန့်ရှိ လူငယ်တစ်ယောက်ကို တွေ့ရပြီး သူက သမားတော်ကြီး ဟိုချင်းနှင့် တွေ့လိုကြောင်း ပြောပြလေသည်။

မရှေးမနှောင်းမှာပင် ထိုအိမ်ကလေးထဲမှ သမားတော်ကြီး ဟိုချင်း ထွက်လာလေ၏။ ဟိုချင်း၏ရုပ်ရည်မှာမူ ဘာမှ ထူးခြားခြင်း မရှိ။ သာမန်လူ တစ်ယောက်လိုပင် ဖြစ်၏။ ဟိုချင်းသည် ချန်ရီကို မြင်လေသော် နှုတ်ဆက်စကား ဆိုလေ၏။ ပြီးလျှင် ချန်ရီက ကျန်းဟူကျင်းအား လက်ညှိုးထိုးပြပြီး ရောဂါကုသပေးရန် စတင် ပြောလေတော့၏။

သမားတော်ကြီး ဟိုချင်းက ကျန်းဟူကျင်းအား တစ်ချက်မျှ အကဲခတ်ကြည့်ပြီး...

'သူက ဘယ်ဂိုဏ်းကလဲ' ဟု မေးလေ၏။

ချန်ရီက တစ်ချက်တွေဝေသွားပြီးနောက် အားတင်း၍...

'ဟူတာန်းဂိုဏ်းကပါ' ဟု ဆိုလေ၏။



ဟူတာန်းဂိုဏ်းကဟု ကြားသော် သမားတော်ကြီး ဟိုချင်း တစ်ချက်မျှ ကြောင်သွားပြီး...

'သူက ဟူတာန်းဂိုဏ်းက ဟုတ်လား၊ ဒီလိုဆိုရင် သူ့ကို ဆို ဘာလုပ်ခေါ်လာသလဲ၊ ဘာလုပ်မှာလဲ' ဟု ဆိုသည်။

ထိုအခါကျမှပင် ချန်ရီက သူသည် မွန်ဂိုများကို တော်လှန် ကန်ခဲ့သော သူပုန်ခေါင်းဆောင် ချူရင်းယောင်၏ သားလေးနှင့် မီးလေးကို ကာကွယ်စောင့်ရှောက်ရင်း ထွက်ပြေးလာစဉ် မွန်ဂို းနှင့် လမ်းခုလတ်တွင် ပက်ပင်းဆုံပြီး ခုခံတိုက်ခိုက်ခဲ့ရပုံနှင့်တကွ ာက်ဆုံး ဟူတာန်းဂိုဏ်းချုပ် ကျန်းဆန်းဖုန်းက သူတို့အား ဝင် ာက် ကယ်တင်သွားသောကြောင့် အသက်ဘေးမှ လွတ်မြောက် ပုံများကိုပါ သမားတော်ကြီး ဟိုချင်းအား ပြောပြလိုက်လေ၏။ နောက်တွင် သူက...

'ကျွန်တော့်အပေါ်မှာ အဲဒီလို ဆရာကြီး ကျန်းဆန်းဖုန်းရဲ့ ကျေးဇူးရှိခဲ့ပါတယ် ဘကြီး၊ ဒါကြောင့်မို့လို့ သူ့မြေးလေးဖြစ်တဲ့ ဒီ လေးရဲ့ ရောဂါဝေဒနာကို ဘကြီးက ခွင့်ချက် အနေနဲ့ ကုသပေးဖို့ ကြီးကို ကျွန်တော် တောင်းပန်ပါတယ်' ဟု ဆိုလေ၏။

သမားတော်ကြီး ဟိုချင်းက အေးစက်စွာဖြင့်...

'မင်းက တယ် သဘောထားကြီးပါလား၊ ကျန်းဆန်းဖုန်း ယ်ဘာက မင်းကို ကယ်တာပဲ၊ ငါ့ကိုမှ မဟုတ်တာ၊ ငါက ဘာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့ ငါ့ စည်းမျဉ်းကိုဖျက်ပြီး ဒီကလေးကို ကယ်ရမှာလဲ' ဟု ပြန်ပြောလေ၏။

ထိုအခါ ချန်ရီက ဒူးထောက်၍ ဦးချကန်တော့ရင်း...

'ဘကြီး၊ ဒီကလေးရဲ့ အဖေကသူငယ်ချင်းမိတ်ဆွေအပေါ် သစ္စာမဖောက်ချင်လို့ သူ့ကိုယ်သူ အသေခံခဲ့တဲ့ တကယ့်သူရဲကောင်း တစ်ဦးပါ' ဟု ဆိုလေ၏။

ဟိုချင်းက ခနဲ့ပြုံးဖြင့်...

'ဒါနဲ့ပဲ ငါက သူ့ကို ကုသပေးရတော့မှာလားကွ'

ချန်ရီက ဆက်၍...

'ပြီးတော့ သူ့အမေကလဲ မျက်ခုံးဖြူဂိုဏ်းချုပ်ကြီးရဲ့ သမီးပါပဲ၊ ဒီတော့ သူလဲ ကျွန်တော်တို့ ဂိုဏ်းရဲ့သွေး ပါတယ်လို့ ဆိုရမှာပေါ့'

သမားတော်ကြီး ဟိုချင်းက ထိုစကားကို ကြားသော် စိတ် အနည်းငယ်ပြောင်းသွား၏။

'သြော်... လက်စသတ်တော့ ဒီလိုကိုး၊ ကဲ... မင်း မတ်တတ် ရပ်လိုက်စမ်းကွာ၊ ဒီကလေးက မျက်ခုံးဖြူဂိုဏ်းက ချင်တူးတူးရဲ့ ကလေးကိုး၊ ဒီလိုဆိုရင် ငါ စဉ်းစားရမှာပေါ့'

ထို့နောက် ကျန်းဟူကျင်း အနားသို့ လျှောက်သွားပြီး...



'လူလေး..., ငါ့မှာ စည်းမျဉ်းတစ်ခုရှိတယ်၊ အဲဒါက ဘာလဲ တော့ ငါက ငါတို့ဂိုဏ်းဝင်တွေမှတစ်ပါး မကုသပေးဘူးဆိုတဲ့ ်းမျဉ်းပဲကွယ့်၊ ဒါပေမယ့် ကလေးက ငါတို့ရဲ့ဂိုဏ်းဝင် အဆက် ယ် တစ်ယောက်ဆိုတော့ မင်းကို ငါ ကုပေးပါ့မယ်၊ ဒါပေမယ့် က ငါကို ကတိတစ်ခုပေးရမယ်၊ မင်းရဲ့ရောဂါဝေဒနာ ပျောက် းသွားတဲ့ တစ်နေ့မှာ မင်းက မင်းအမေရဲ့အဖေ ဖြစ်တဲ့ မျက်ခုံး ဏ်းချုပ်ကြီးဆီကို သွားရမယ်၊ မျက်ခုံးဖြူဂိုဏ်းထဲကို ဝင်ရမယ်၊ န်းဂိုဏ်းသား လုံးဝ မလုပ်ရတော့ဘူး'

ကျန်းဟူကျင်းက ပြန်မဖြေမီ ချန်ရီက...

'ဘကြီး၊ ဒီလိုတော့ မဖြစ်ဘူး၊ ဆရာကြီး ကျန်းဆန်းဖုန်းက ကတည်းက အသေအချာ ပြောသွားတာဗျ၊ ဒီ ကလေးကို ဘယ် းနဲ့မှ ကျွန်တော်တို့ ဂိုဏ်းလဲ မဝင်စေရဘူးတဲ့၊ တကယ်လို့ ဒီ လေးရဲ့ရောဂါကို ကုသလို့ပျောက်ကင်းသွားရင်လဲပဲ ဟူတန်းဂိုဏ်း ကျွန်တော်တို့ဂိုဏ်းအပေါ် တာကျေးရှူးမှ တင်စရာ မလိုဘူးတဲ့'

ဟိုချင်းက ထိုစကားကို ကြားသော် လွန်စွာ ဒေါသ ထွက် းဟန် တူ၏။ သူက အော်၍...

'ဘာကွ၊ ကျန်းဆန်းဖုန်းက ဘာမို့လို့လဲ၊ ဟင်... ငါ့ကို ်ဆင်သေးပုံရတဲ့ နောက်တော့ ဒီကလေးကို ငါက ဘာဖြစ်လို့ ပေးမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်းသည် မိမိ၏ကိုယ်တွင်းအင်္ဂါထဲသို့ဝ
အအေးဓာတ်အဆိပ်များ ပျံ့နှံ့ဝင်ရောက်လျက် ရှိပြီဖြစ်ရာ ဆ
ဘိုးဘိုး မကယ်နိုင်တော့ကြောင်း သိ၏။ ထို့ကြောင့် မိမိ၏ အသ
မှာ ဤသမားတော်ကြီးပေါ်တွင်သာ တည်ကြောင်းနားလည်
သို့သော် ဆရာ ဘိုးဘိုးက မိမိအား အတန်တန် မှာကြားခဲ့သေ
စကားကိုမူ ပြန်လည်ကြားယောင်လျက်ပင် ရှိနေလေ၏။ မိမိ
ဆရာဘိုးဘိုးက ဤဒုစရိုက် အောက်လမ်းဂိုဏ်းထဲသို့ မဝင်ရ။ ဤ
ဂိုဏ်းမျိုးထဲသို့ ဝင်လျှင် တစ်သက်လုံး ပျက်စီးဆုံးပါးလိမ့်မည်
ဆိုခဲ့သည် မဟုတ်ပါလား။ သို့သော် ကျန်းဟူကျင်းသည် ဤဂိုဏ်
ဝင်ခြင်းဖြင့် ဘယ်နည်းဘယ်ပုံ ပျက်စီးမည်ဟူသော အချက်က
လုံးဝ မသိချေ။ မည်သို့ပင်ဖြစ်စေ သူသည် ဆရာဘိုးဘိုးအား လွန်
ရှိသေလေးစားပေရာ ဆရာဘိုးဘိုး၏ စကားကိုမူ မြေဝယ်မ
နားထောင်ရမည်ဟု သိထားလေ၏။ ထို့ကြောင့် သူ့စိတ်ထဲတွင်

'ဒီ သမားတော်ကြီး ဟိုချင်းက ငါ့ကို မကုပေးလို့
တစ်ကိုယ်လုံး အဆိပ်တက်ပြီး သေချင်သေပါစေ၊ ငါ့ဆရာ ဘိုးဘိုး
စကားကိုတော့ ငါ လွန်ဆန်လို့ မဖြစ်ဘူး' ဟု ရေရွတ်လိုက်မိ

သို့ဖြင့် သူက အသံကို မြှင့်၍...





'ဆရာကြီး... ကျွန်တော့် မေမေက မျက်ခုံးဖြူဂိုဏ်းကပါ၊
ဒါပေမယ့် ကျွန်တော်က ကျွန်တော်ရဲ့ ဆရာ ဘိုးဘိုးကို ကတိပေး
ထားပါတယ်၊ ဒီလိုဂိုဏ်းမျိုးထဲကို ဂိုဏ်းသားအဖြစ် ဘယ်တော့မှ
ဝင်ပါဘူးလို့၊ ဒါကြောင့် ကျွန်တော် ကတိပျက်လို့ မဖြစ်ပါဘူး၊
ဆရာကြီးက ကျွန်တော့်ကို မကုနိုင်ရင်လဲ ကျွန်တော် ဘာမှ မတတ်
နိုင်ပါဘူး၊ တကယ်လို့ ကျွန်တော်က သေရမှာကို ကြောက်ပြီး
ကိုယ့်ကတိ ကိုယ်ဖျက်ပြီး ဆရာကြီးရဲ့ စကားကို နားထောင်ခဲ့ရင်
ဆရာကြီး ကျွန်တော့်ကို ကုလို့ ပျောက်သွားတယ်ပဲ ထားဦး ဒီ
လောကမှာ ကတိမတည် အသုံးမကျတဲ့ လူတစ်ယောက် တိုးလာရုံပဲ
ရှိမှာပေါ့၊ ဘာအကျိုး ရှိတော့မှာလဲ'

✣ ✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



# ဆေးပညာ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၃)

## ဆေးပညာ

သမားတော်ကြီး ဟိုချင်းသည် ကျန်းဟူကျင်းအား စိုက်ကြည့်ရင်း ခနဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။ ပြီးလျှင်...

'အင်း... ဒီသူငယ်လေးက အတော် လေ့သံမြင့်နေပါလား၊ ဒါဟာ သူ တမင်သက်သက် လူစွမ်းကောင်းဟန်ဆောင်ပြီး လုပ်နေတာပဲ ဖြစ်ရမယ်၊ ဒါပေမယ့် ငါက သူ့ကို တကယ့်ကို မကုပေးဘဲနေရင် ဒီ သူငယ် ငါ့ဒူးကို လာဖက်ပြီး ငါ့ကို မရှိခိုးဘဲ နေနိုင်မှာ မဟုတ်ဘူး' ဟု စဉ်းစားနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဟိုချင်းက...

'ဒီမယ်... ချန်ရီ သူ့ဆရာ ဘိုးဘိုးက သူ့ကို ငါတို့ဂိုဏ်း
မဝင်စေချင်တဲ့နောက်တော့ ဒီကလေးကို မင်းအခုချက်ချင်း ပြန်
ထုတ်သွားပေတော့၊ ငါ ဟိုချင်းရဲ့ အိမ်ထဲမှာ လူသေ မရှိရဘူး'
ဟု ဆိုလေ၏။

ချန်ရီသည် သူ့ဘကြီး စိတ်နေသဘောထားကို ကောင်း
သိ၏။ သူ့ဘကြီး ဟိုချင်းသည် ပြောပြီးစကားကို မည်သည့်အ
ပြန်ရုပ်သိမ်းတတ်သူ မဟုတ်ပေ။ ထို့ကြောင့် သူက ကျန်းဟူကျ
ဘက်သို့ လှည့်၍...

'ကျန်းဟူကျင်း၊ မင်း မေမေကလဲ မျက်ခုံးဖြူဂိုဏ်းက
မင်း ဒီ မျက်ခုံးဖြူဂိုဏ်းထဲကို ဝင်ရင် မင်းရဲ့ ဘိုးဘိုးက ဘာမှ ပြော
မဟုတ်ပါဘူး' ဟု ဆိုလေ၏။ ထိုအခါ ကျန်းဟူကျင်းက...

'ကောင်းပြီ အစ်ကိုကြီး ကျွန်တော့ နောက်ကျော
ဆယ်ချောင်းရဲ့ အဖျားပိုင်းကို လက်ဆစ်နဲ့ တစ်ချက် ခေါက်လိုက်

ချန်ရီက ကျန်းဟူကျင်းပြောသည့်အတိုင်း အလျှင်အ
လုပ်လိုက်၏။ ရတ်ခြည်းဆိုသလိုပင် ကျန်းဟူကျင်း၏ ခြေလက်
အကြောပိတ်နေရာမှ ပြေသွားလေ၏။ လှုပ်ရှားနိုင်လာသည်နှင့်အ
ကျန်းဟူကျင်းက ဖြုန်းခနဲ မတ်တတ် ထ,ရပ်ပြီး...



'အစ်ကိုကြီးရဲ့ တာဝန်ကျေပါတယ်၊ ကျွန်တော့် ဆရာ
ဘိုးဘိုးက အစ်ကိုကြီးကို အပြစ်မတင်ပါဘူး၊ ကိုင်း... ကျွန်တော်
ပြန်တော့မယ်'

ကျန်းဟူကျင်းက ထိုမျှသာ ပြောပြီး ထိုတဲငယ်ကလေးထဲမှ
တည်ငြိမ်စွာ လှမ်းထွက်သွားလေ၏။ ချန်ရီက အလန့်တကြား အမူ
အယာဖြင့်...

'မင်း ဘယ်သွားမလို့လဲ ကျန်းဟူကျင်း' ဟု လှမ်းမေး၏။

ကျန်းဟူကျင်းက လှည့်မကြည့်ဘဲ...

'ကျွန်တော်သာ ဒီလိပ်ပြာကုန်းမှာ သေသွားခဲ့ရင် လိပ်ပြာ
ကုန်း သမားတော်ကြီးရဲ့ နာမည် ဂုဏ်သိက္ခာ ထိခိုက်သွားမှာပေါ့'

ယင်းသို့ပြောပြီး ကျန်းဟူကျင်းသည် ခပ်မှန်မှန် လျှောက်
လှမ်းနေရာမှ တစ်ဟုန်ထိုး ပြေးထွက် သွားလေတော့၏။ ဟိုချင်းက
ကျန်းဟူကျင်းအား လှမ်းကြည့်ရင်း ခနဲ့ပြုံးပြုံးလျက်...

'ငါ့ လိပ်ပြာကုန်းရဲ့ အပြင်ဘက်မှာ သေတဲ့ အလောင်းက
နည်းတယ်လို့ မင်းထင်နေတာလား' ဟု လှမ်းပြောလေ၏။

ချန်ရီမှာမူ ဘာကိုမျှ အရေးမစိုက်နိုင်တော့။ ကျန်းဟူကျင်
နောက်မှ ပြေးလိုက်ပြီး ကျန်းဟူကျင်းအား ဖမ်းချုပ်လိုက်လေ၏။
ထို့နောက် ချန်ရီက မောပန်းစွာ တဲငယ်အတွင်းသို့ ပြန်ဝင်လာပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ဘကြီး... ဘကြီးက သူ့ကို တကယ် မကုသပေးနိုင်တော့ ဘူးလား' ဟု မေးလေ၏။ ဟိုချင်းက ရယ်၍...

'မင်းကလဲကွာ ငါ့ အကြောင်း သိရက်သားနဲ့၊ ဘာလို့ မေးနေသေးတာလဲ'

ထိုအခါ ချန်ရီက...

'ဘကြီးက ကျွန်တော့်ကိုတော့ ကုပေးမယ် မဟုတ်လား' ဟု ထပ်မေးပြန်၏။

'ဒါပေါ့'

ဒီလိုဆိုရင် ကျွန်တော့အစား ဘကြီးက ဒီကောင်လေးကို ကုသပေးလိုက်ပါ၊ ကျွန်တော့်ကို မကုနဲ့တော့'

သမားတော်ကြီး ဟိုချင်းက ချန်ရီအား စိုက်ကြည့်၍...

'မင်းက 'နှလုံးဂိုဏ်း' ရဲ့ လက်ဝါးစောင်းဒဏ် ခံထားရတဲ့ လူပဲ၊ ခုနစ်ရက်အတွင်း သမားတော်ကောင်းကောင်းနဲ့ တွေ့ရင် ပျောက်နိုင်တယ်၊ ခုနစ်ရက်က ကျော်ရင်တော့ အသက်ကို ထိန်းချုပ်နိုင်ပေမယ့် မင်းတတ်ကျွမ်းထားတဲ့ သိုင်းပညာအားလုံး ဆုံးပါးရလိမ့်မယ်၊ တဆယ့်လေးရက်ကျော်ရင်တော့ ဘယ်သမားတော်မှ မင်းကို မကယ်နိုင်တော့ဘူး'

ထိုအခါ ကျန်းဟွာကျင်းက...



'ကျွန်တော့်ကို ဆရာကြီး ကုဖို့ မလိုဘူး၊ အစ်ကိုကြီး ချန်ရီကိုသာ ကုပေးပါ' ဟု ပြောပြီး ချန်ရီဘက်လှည့်၍...

'အစ်ကိုကြီး ကျွန်တော်ဟာ အောက်တန်းကျတဲ့လူ၊ တစ်ယောက်ပါ၊ အစ်ကိုကြီးအသက်ကို ကျွန်တော့်အသက်နဲ့ လဲရင် ကျွန်တော် အသက်ရှင်နေလဲ ဘာအဓိပ္ပါယ် ရှိတော့မှာလဲ'

ချန်ရီမှာ ကတိသစ္စာကို လွန်စွာ လေးစားစောင့်ထိန်းသူ ဖြစ်သည်။ ယခု သူသည် သိုင်းဆရာကြီး ကျန်းဆန်းဖုန်းအား ကတိ ပေးခဲ့ပြီးမှ သူ့ဂိုဏ်း၏ ဘကြီးက သဘောမတူသည်ကိုမြင်သော် သူက သူ့အသက်ဖြင့်လဲရန် ဆုံးဖြတ်လိုက်လေ၏။ ထို့ကြောင့် သူသည် ကျန်းဟွာကျင်းနှင့် ဘာမှ စကားဆက်မပြောတော့ဘဲ ခါးစည်းကို ဖြုတ်၍ ကျန်းဟွာကျင်း၏ခါးတွင် ချည်နှောင်လိုက်၏။ ကျန်းဟွာကျင်းက အော်၍...

'ခင်ဗျား... ကျွန်တော့်ကို မလွှတ်ဘူးလား၊ ကျွန်တော် ဆဲ,မိ လိမ့်မယ်နော်'

သို့ပြောသော်လည်း ချန်ရီက လုံးဝ အရေးမစိုက်သည်ကို တွေ့သော် ကျန်းဟွာကျင်းက ဆဲရေးလာလေတော့သည်။

'သမားတော်ကြီး ဟိုချင်းတဲ့၊ ဘာ သမားတော်ကြီးလဲ၊ ထို့... နားထက်မိုက်တဲ့လူ၊ ဒီလို လူစားမျိုး ရှိတဲ့ဂိုဏ်းထဲကို ဘာကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို ဝင်ခိုင်းရတာလဲ၊ ဟင်း... ရှေးဘဝ အဆက်ဆက်ကတည်းက အကုသိုလ်တွေ မတရားလုပ်လာခဲ့လို့ ဒီဘဝမှာ ဒီလို အသုံးမကျတဲ့ လူကြီး ဖြစ်နေတာတောင် မသိတဲ့လူ'

ကျန်းဟူကျင်းမှာ လွန်စွာ အာသွက်လျှာသွက်သော ကလေးဖြစ်ရာ သူ၏ ဆဲပုံဆဲနည်းမှာလည်း လွန်စွာ ရယ်စရာပင် ကောင်းလေ၏။ ထိုနောက်ပိုင်းတွင်လည်း ဟိုချင်းနှင့် ချန်ရီတို့ လူကြီးတွေပင် မကြားဖူး မကြုံဖူးသော ဆဲနည်းမျိုးစုံဖြင့် ဆဲနေသေးလေ၏။

ချန်ရီကမူ သူဘယ်မျှပင် ဆဲနေနေ အရေးမစိုက်ဘဲ အသေအချာ ချည်နှောင်ပြီးလျှင်...

'ဘကြီး၊ ညီလေး ဟူကျင်း၊ ကျွန်တော် သွားဦးမယ်၊ ကျွန်တော့်အတွက် သမားတော် လိုက်ရှာဦးမယ်'

ဟိုချင်းက အေးစက်စွာဖြင့်...

'ဒီနယ်ထဲမှာ သမားတော်ကောင်း မရှိဘူးကွ၊ မင်းလဲ နှစ်ရက် အတွင်း ဒီနယ်ထဲက ထွက်နိုင်ဦးမယ် မဟုတ်ပါဘူး'

ချန်ရီက ရယ်၍...

'ကျွန်တော်က ဘကြီးရဲ့တူ တစ်ယောက် လုပ်နေမှတော့ သေရမှာကို ကြောက်ရမှာလား' ဟု ပြောပြီးလျှင် လျှောက် ထွက်သွားလေ၏။ ထိုအခါ ကျန်းဟူကျင်းသည် ဟိုချင်းအား...



'ဟိုချင်း ခင်ဗျားက အစ်ကိုကြီး ချန်ရီကို မကုသပေးရင် ခင်ဗျား ကျုပ်အကြောင်း ကောင်းကောင်း သိမယ်' ဟု ပြောပြီး စိတ်လှုပ်ရှားသဖြင့် မေ့လဲကျသွားလေ၏။ ဟိုချင်းက ဟင်းခနဲ သက်ပြင်းချပြီးလျှင် ...

'လိပ်ပြာကုန်းမှာ မင်းတစ်ယောက် ထပ်သေလို့လဲ ဘာမှ ထူးခြားပါဘူး' ဟု ရေရွတ်ပြီး စားပွဲပေါ်မှ ဆိတ်ချိုတစ်ချောင်းကို အခန်းကတန်း ဆွဲယူကာ ရုတ်တရက် ပစ်ပေါက်လိုက်၏။

ထိုအခါ တဲအပြင်သို့ တစ်လှမ်းချင်း ထွက်ခွာသွားသော ချန်ရီ၏ ဒူးကောက်ကွေးကို ထိမှန်သွားလေ၏။

ထိုဒူးကောက်ကွေးနေရာမှာ တကယ့်အကြောနေရာဖြစ်၍ ချန်ရီမှာ ထိမှန်ခံလိုက်ရသည်နှင့် တစ်ပြိုင်နက် ဒူးညွှတ်ကျပြီး လဲသွားလေတော့၏။ တစ်ချိန်တည်းတွင်ပင် အကြောများ အပိတ်ခံထားသို့ ဖြစ်ပြီးလျှင် မတ်တတ်ရပ်၍ပင် မရပါတော့ချေ။

သမားတော်ကြီး ဟိုချင်း၏ စိတ်နေသဘောထားမှာ အမှန်ပင် ထူးဆန်းလှ၏။ သူသည် မကုချင်သောသူကို ဘယ်အခြေအနေရောက်နေနေ လုံးဝ ကုသမပေးချေ။ သူကုပေးချင်သော သူကိုတော့မူ အတင်း ကုပေးတတ်လေ၏။ သမားတော်ကြီး ဟိုချင်းသည် ကျန်းဟူကျင်း၏ နောက်ဆုံးစကားကို ကြားသော် ရင်တစ်ချက် တုန်သွားလေ၏။ စိတ်ထဲမှလည်း...

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်လေးက ကျန်းဆန်းဖုန်းရဲ့ မြေးတပည့်ဆိုတော့ ဒီကောင် ပြန်သွားရင် နောက်ပိုင်းကျတော့ ကျန်းဆန်းဖုန်းက ငါ့ကို ရန်ရှာမှာ သေချာတယ်'

နောက်ဆုံးတွင် ဟိုချင်းက ဆုံးဖြတ်လိုက်၏။

'မထူးတော့ဘူး၊ နှစ်ယောက်စလုံးကို မကုသပေးတော့ဘူး အလွန်ဆုံး နောက်ထပ် အလောင်းနှစ်လောင်း တိုးလာရုံပဲ'

ထို့နောက်တွင်မူ ကျန်းဟူကျင်း အနားသို့ လျှောက်သွားပြီး ခါးစည်းကို ဖြေ၍ ကျန်းဟူကျင်း၏ လက်နှစ်ဘက်ကို ကိုင်က အခြင်သို့ ဆွဲပစ်လိုက်ရန် ပြုလေသည်။ ထိုစဉ် သူက စဉ်းစ လိုက်၏။

'အင်း... ဒီကောင်လေးက ဘာရောဂါဝေဒနာများ ခံစ နေရလို့ ကျန်းဆန်းဖုန်းလို လူကတောင် လက်မှိုင်ချရတာပါလိမ့်

ဟိုချင်းသည် ဆေးပညာများကို အရှူးအမူး လိုက်စားခဲ့ သာ ဤမျှ ကျော်ကြားသော သမားတော်ကြီးဖြစ်လာသူ ဖြစ်ရာ သူ ဆေးပညာနှင့်ပတ်သက်လာလျှင် ဘာမဆို သိချင်လေ၏။ ယ လည်း လွန်စွာသိချင်စိတ်ဖြင့် သူက ကျန်းဟူကျင်း၏ လက်ကော ဝတ် သွေးခုန်ကြောကို စမ်းကြည့်လိုက်၏။ သူ အကြီးအကျ တုန်လှုပ်သွား၏။ နောက်တစ်ဖန် စမ်းကြည့်ပြန်၏။ ဤအကြိမ်တ ပထမအကြိမ်ထက် ပို၍တုန်လှုပ် သွားလေ၏။ သူ့စိတ်ထဲမှလည်း



'ဒီကောင်လေးက အသက် ငယ်ငယ်ရွယ်ရွယ်နဲ့ ဘယ်နှယ့် လုပ်ပြီး ပြင်ပအကြောရှစ်ခုစလုံး ပွင့်နေရတာပါလိမ့်၊ အတွင်းအား သိုင်းပညာကို ငါ နှစ်ပေါင်း ဒီလောက်ကြာအောင် လေ့ကျင့်ခဲ့တာ တောင် ဒီအဆင့်ကို မရောက်နိုင်ခဲ့ဘူး၊ ဧကန္တ ကျန်းဆန်းဖုန်း အဘိုး ကြီးက သူ့မြေးတပည့်လေးကို ချစ်လွန်းလို့ သူ့အတွင်းအားကို အကုန်ဖြန့်ဝေပေးလိုက်တာ ထင်ပါရဲ့'

ထို့နောက်သူက ကျန်းဟူကျင်း၏ ငယ်ထိပ်၊ ရင်ဝနှင့် ချက်အောက်တို့သို့ စမ်းသပ်ကြည့်ပြီးလျှင် ကျန်းဟူကျင်း၏ အင်္ကျီကို ပါ ချွတ်၍ ကြည့်လိုက်၏။ ထိုအခါ သူ သဘောပေါက်သွားလေ၏။ သို့ဖြင့် သူက ခနဲ့ပြုံး တစ်ချက်ပြုံးပြီး...

'ကျန်းဆန်းဖုန်းက သူ့ မြေးတပည့်လေးကို ချစ်ရှာ မရောက် ဘဲ နှစ်ရာရောက်နေပါပကောလား၊ ဒီကလေးရဲ့ ပြင်ပအကြော ရှစ်ခုသာ မပွင့်သေးရင် ဒီကောင်လေးကို ကုလို့ရဦးမယ်၊ အခုတော့ အအေးဓာတ်အဆိပ်တွေက ဒီကောင်လေးရဲ့ ကိုယ်တွင်းအင်္ဂါ အစိတ် အပိုင်းထဲကို အနှံ့အပြား ပျံ့နှံ့သွားပြီးဆိုတော့ ဒီကောင်လေးရဲ့ အသက်ကို ကယ်ဖို့ မလွယ်တော့ဘူး၊ ဟား...ဟား...ဟား... ကျန်း ဆန်းဖုန်းကို လူတွေက အတော့်ကို အထင်ကြီးကြတယ်၊ နတ်ဘုရား သို့တောင် ထင်မှတ်နေကြတယ်၊ ငါ့အမြင်မှာတော့ ဒီလောကမှာ ကျန်းဆန်းဖုန်းလောက် နုံအတဲ့လူ မရှိတော့ဘူး'

www.burmeseclassic.com



ထိုအချိန်တွင်ပင် ကျန်းဟူကျင်း ပြန်နိုးလာ၏။ သို့သော် သူ့ခြေလက်ရှိ အကြောများမှာ ပြန်၍ အထိုးပိတ်ခံရသည်ကို တွေ့ရပြီး လုံးဝ မလှုပ်ရှားနိုင်တော့ချေ။ သူ့ရှေ့တွင် ဟိုချင်းက ထိုင်ပြီး မီးတိုင်ကို စိုက်ကြည့်ရင်း အပြင်းအထန် စဉ်းစားခန်းဝင်နေသည်ကို တွေ့ရ၏။ ချုန်ရီမှာတော့မူ တဲတံခါးအပြင်ဘက်တွင် လုံလျောင်းလျက်ပင် ရှိနေသေးလေ၏။ သူတို့သုံးဦးစလုံးသည် ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်လျက် ရှိနေကြ၏။ စင်စစ် ဟိုချင်းသည် သူ့တစ်သက်တာ အချိန်များကို ဆေးပညာတွင်သာ ဖောက်ချခဲ့၏။ လေ့လာဆည်းပူးခြင်း ပြုခဲ့၏။ ထို့ကြောင့် မည်မျှ ခက်ခဲသော ရောဂါမျိုး ဖြစ်စေ သူ့ရှေ့မှောက် ရောက်လျှင် ပျောက်ကင်းသွားရသည်ချည်းပင် ဖြစ်၏။ ထို့ကြောင့်လည်း သိုင်းလောကသားများက သူ့အား 'သေရွာပြန် သမားတော်ကြီး' ဟု တင်စား ခေါ်ဆိုခဲ့ကြ၏။

သို့သော် ယခု ရေခဲလက်ဝါးစောင်း၏ အအေးဓာတ်အဆိပ်မှာ အလွန်ပြင်းထန်သော အဆိပ်မျိုး ဖြစ်နေ၏။ ပြီးလျှင် ဤလက်ဝါးဖောင်းဒဏ်ခံရသော သူ၏ပြင်ပအကြောရှစ်ခုကို ဖွင့်ပေးလိုက်သော အခွင့်အရေးမျိုးကလည်း လွန်စွာ ကြုံကြိုက်ခဲသော အဖြစ်မျိုး ဖြစ်နေ၏။ အမှန်မူ ဟိုချင်းကဲ့သို့သော ဝါရင့်သမားတော်ကြီးက သာမန်ရောဂါဝေဒနာကို ကုရသည်မှာ အရသာ မတွေ့လှပေ။ ယခုကဲ့သို့ ကြုံတောင့်ကြုံခဲ ခဲရာခဲဆစ် ဒဏ်ရာမျိုးကိုမှ စူးစမ်းလို သိလို အရသာရှိရှိ ကုသလိုလေ၏။ ထို့ကြောင့် ယခုလည်း သူသည် ကျန်းဟူကျင်း



ဆေဒနာအကြောင်းကို စိတ်ဝင်တစားဖြင့် စဉ်းစားနေ၏။ အနုလုံ လုံ ဝေဖန်ပိုင်းခြားနေ၏။ သို့တစ်ဘက်မှ ခက်ခဲ နက်နဲသော ဒနာအကြောင်းကို စဉ်းစားနေသလို တစ်ဘက်မှလည်း သူက ဘက်ပါအတိုင်း ဆုံးဖြတ်ပြီး ဖြစ်နေ၏။

'ငါ ဒီကောင့်ကို မပျောက် ပျောက်အောင် ကုမယ်၊ ဘယ်လို့ ရှင်းရှင်းလင်းလင်း ပျောက်သွားတော့မှ ဒီကောင်ကို ငါ သတ်ပစ်မယ်'

သို့သော် ဟိုချင်းသည် ကျန်းဟူကျင်း၏ အသည်းနှင့်တကွ သီဇာများသို့တိုင်အောင် ပျံ့နှံ့နေပြီဖြစ်သော အအေးဓာတ်အဆိပ်ကို အပြင်သို့ ပြန်ထွက်အောင် လုပ်ရန်မှာမူ အဘယ်မှာ လွယ်ကူည်နည်း။

ဟိုချင်းသည် တစ်နာရီနီးပါးအချိန်မျှ အနုလုံ ပဋိလုံ ထိုင်၍ စားပြီးနောက် ကြေးပြား တစ်ဆယ့်နှစ်ပြားကို ထုတ်၍ ကျန်းဟူကျင်း၏ အကြောဆယ်ခုကို ထိုးချလိုက်လေ၏။ ထိုသို့ ထိုးချလိုက်ခြင်းဖြင့် ကျန်းဟူကျင်း၏ သာမန် အကြောမ တစ်ဆယ့်နှစ်ခုနှင့် ပ အကြောမရှစ်ခုတို့ အဆက်ပြတ်သွားပြီးလျှင် ကိုယ်တွင်း ရာအနှံ့ ရောက်ရှိနေသော အအေးဓာတ်အဆိပ်များလည်း တစ်သီး ခြားစီ ဖြစ်သွားကြလေတော့၏။

ထို့နောက်တွင် ဟိုချင်းသည် ကျန်းဟူကျင်းအား မီးအိပ် ပေးလေတော့၏။ ထိုအချိန်တွင် ကျန်းဟူကျင်းမှာ ကိုယ်တွင်း၌



www.burmeseclassic.com

www.burmeseclassic.com



အပွဲအအေး စစ်ခင်းလျက် လွန်စွာ အခံရခက်သော ဝေဒနာကို ခံစား
နေရတော့၏။ ဟိုချင်းသည် တစ်နေရာပြီး တစ်နေရာ အပ်စိုက်ပေး
သည်နှင့်အမျှ ကျန်းဟူကျင်း၏ကိုယ်ပေါ်တွင်လည်း ဟိုတစ်ကွက်
သည်တစ်ကွက် အရေပြား လောင်ကျွမ်းသွားလေ၏။ သို့သော်
ကျန်းဟူကျင်းသည် ဝေဒနာဒဏ်ကို အလျှော့မပေးဘဲ တောင့်ခံရင်း
သူ့စိတ်ထဲတွင်...

'ခင်ဗျားက ကျုပ်ကို အသံထွက်အောင် လုပ်ပေမယ့် ကျုပ်
က တမင် မအော်ဘဲ ကျိတ်ခံနေမယ်၊ ဒီတော့ ခင်ဗျား ဘာတတ်နိုင်
မှာလဲ'

သူသည် စိတ်ထဲမှ ဆုံးဖြတ်သည့်အတိုင်း ဝေဒနာဒဏ်ကို
ကျိတ်ခံရင်း အပြုံးမပျက်အောင် တမင် ဟန်လုပ်နေပြီးလျှင် သူ
မွေးစားဖခင် ရုက်စွန်းက သင်ကြားပေးခဲ့သော များပြားရှုပ်ထွေး
သည့် အကြောပညာအကြောင်းကိုလည်း ဟိုချင်းနှင့် ဟုတ်တိပတ်တိ
ဆွေးနွေး၍ပင် နေလိုက်ပါသေး၏။

အမှန်မှူ ကျန်းဟူကျင်းသည် အကြောများနှင့် ပတ်သက်၍
အပေါ်ယံမျှသာ နားလည်သော်လည်း သမားတော်ကြီး ဟိုချင်း၏
စိတ်ကြိုက်ဘာသာရပ်ပညာ ဖြစ်နေ၍ သမားတော်ကြီး ဟိုချင်းက
အားပါးတရ ပြန်၍ ဆွေးနွေးပြောပြလေ၏။

ကျန်းဟူကျင်းသည် ဟိုချင်း ပြောပြသော အကြောပညာ
များအနက် တစ်ဝက်ကျော်ကျော်မှာ သူ လုံးဝ မကြားဘူးသော





ပညာဖြစ်နေ၏။ ထို့ကြောင့် နားလည်သဘောပေါက်ရန် ပို၍ ခဲလာ
ဆနေလေ၏။

သို့သော် သူက 'ငါတို့ ဟူတန်းဂိုဏ်းက ဒီလောက်တော့
တတ်ပါတယ်' ဟူသော သဘောကို ပြရန် ကတ်သီးကတ်သတ်
မေးခွန်းများကို ထုတ်၍ ဟိုချင်းနှင့် အကြောပညာချင်း ခပ်တည်
တည် ပြန်လည် ငြင်းခုံ ဆွေးနွေးနေလေ၏။ ဟိုချင်းကလည်း
ကျန်းဟူကျင်း ဘာမှနားမလည်ဘဲ ထင်ရာမြင်ရာ ပြောနေကြောင်းကို
သိသော်လည်း သူ လွန်စွာ စိတ်ဝင်စားသော အကြောင်းအရာဖြစ်
လျှင် လေကုန်ခံကာ ကျန်းဟူကျင်းအား ပြန်လည်ရှင်းပြနေလေ၏။

အမှန်မှူ ဟိုချင်းသည် ဤတောင်ကြီးပေါ်တွင် ဆေးစပ်၊
ဆေးကျိုသော အိမ်ဖော်သုံးယောက်နှင့် နေထိုင်ခဲ့ရာ စကားစမြည်
ပြောဖော် မရှိဘဲ လွန်စွာ ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်းလှသည်။
ယခုမူ ကျန်းဟူကျင်း ရောက်လာပြီးလျှင် သူနှင့် ဟိုစပ်စပ် သည်စပ်
စပ်ဖြင့် မတောက်တခေါက် အကြောပညာအကြောင်းကို ပြောလာ
သည်ကို ကြားရသောအခါ ပျင်းရိငြီးငွေ့ခြင်းမှ သက်သာခွင့် ရခဲ့လေ
၏။

ဟိုချင်းသည် ကျန်းဟူကျင်း ထင်ရာမြင်ရာ ပြောနေသော
အကြောပညာအကြောင်းကို အပျင်းပြေ နားထောင်ရင်း မီးအပ်ဖြင့်
ကျန်းဟူကျင်း၏ အကြောအားလုံးကို စိုက်လိုက်ပြီးသောအချိန်တွင်မူ

www.burmeseclassic.com

www.burmeseclassic.com



အမှောင်လွှမ်းသော ညပိုင်းသို့ ကူးပြောင်းမှန်းမသိ ကူးပြောင်းလာပြီ ဖြစ်လေ၏။

ထိုအချိန်တွင် အိမ်ဖော်ကလေးများက ထမင်း ဟင်းလျာ စုံခူးခပ်၍ သူတို့အား လာရောက် ကျွေးမွေးလေ၏။ အိမ်ဖော်တစ်ဦးကမူ ထမင်းပွဲကို အပြင်သို့ ယူဆောင်ပြီး ချန်ရီအား ကျွေးလိုက်လေ၏။ ထိုညတွင် ချန်ရီသည် တဲကလေး၏ အပြင်ဘက်တွင်ပင် အိပ်လေတော့၏။ ကျန်းဟူကျင်းသည် ခြေလက်များ လှုပ်ရှားနိုင်ပြီဖြစ်သော်လည်း အိပ်စက်တော့မည့် အချိန်တွင် ချန်ရီ၏နံဘေးသို့ သွားရောက်ပြီး နှစ်ယောက်အတူ အိပ်လိုက်လေ၏။ ကျန်းဟူကျင်း၏ သဘောအရ ကမူ ဒုက္ခရောက်လျှင်လည်း အတူတကွခံမည်ဟူသော သဘောဖြင့် ချန်ရီနှင့်အတူ တဲအပြင်ဘက်တွင် အိပ်လိုက်ခြင်းပင် ဖြစ်ပါ၏။

ဟိုချင်းသည် ကျန်းဟူကျင်း၏ အပြုအမူကို မသိဟန်ပြု၍ နေလိုက်သော်လည်း သူ့စိတ်ထဲမှမူ အံ့သြခြင်း ဖြစ်မိလေ၏။

'ဒီကောင်လေးဟာ တကယ့်ကို တခြားကောင်လေးတွေနဲ့ မတူပါလား' ဟုလည်း ကောက်ချက်ချမိလေ၏။

✢ ✢ ✢ ✢ ✢



နောက်တစ်နေ့... ဟိုချင်းသည် ကုန်လွန်ခဲ့သောနေ့က အတိုင်းပင် နေ့ဝက်အကုန်ခံ၍ ကျန်းဟူကျင်း၏ အကြောများကို မီးအပ်များ စိုက်ပေးလေ၏။ ပြီးနောက် ဟိုချင်းသည် ဆေးနည်း အသစ် တစ်ပုံဖော်၍ ကျန်းဟူကျင်းအား တိုက်ကျွေးလိုက်၏။

အမှန်မူ ဟိုချင်းသည် ကျန်းဟူကျင်းအား အအေးဓာတ်ကို အအေးဓာတ်ဖြင့် ပြန်တိုက်သော ဓာတ်ကြမ်းတစ်မျိုးကို တိုက်လိုက်ခြင်းပင် ဖြစ်ပါ၏။ ကျန်းဟူကျင်းသည် ထိုဆေးကို သောက်ပြီးချိန်တွင် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေလေ၏။ သို့သော် အတန်ကြာသောအခါ အအေးဓာတ်ကျသွားပြီးလျှင် ကျန်းဟူကျင်း**လည်း** လွန်စွာ လန်းဆန်းလာသလို ခံစားလိုက်ရလေ၏။

ထိုနေ့ ညနေဘက်သို့ ရောက်ရှိချိန်တွင် ကျန်းဟူကျင်းအား ဟိုချင်းက မီးအပ်ဖြင့် ထပ်မံ စိုက်ပေးပြန်၏။ ထိုသို့ မီးအပ်များ စိုက်နေချိန်တွင် ကျန်းဟူကျင်းက စကားနာများထိုးပြီး ချန်ရီအား ကုသပေးရန် တိုက်တွန်းလေ၏။ သို့သော် ဟိုချင်းသည် ကျန်းဟူကျင်း၏တိုက်တွန်းပြောဆိုနေသည်ကို အရေးမှုပင် မစိုက်ဘဲ ဘာဟားဟား ရယ်မောပြီးလျှင်...

'ဒီမှာ... ချာတိတ်၊ မင်းလို ကောင်လေးက ငါလို ပုဂ္ဂိုလ်ကို ညာဏ်နီညာဏ်နက် သုံးလို့ ရမယ်များ ထင်သလား၊ ဝေးပါသေးတယ်' ဟု ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်းလည်း ဟိုချင်းအား စကားနာထိုး၍ မရမှန်း သိသည်နှင့် အကြောင်းများ အကြောင်းသို့ စကားလွှဲ၍ ဆွေးနွေး ပြောဆို နေပြန်၏။

'လူတွေရဲ့ ကိုယ်ပေါ်မှာ သိပ်ထူးခြားတဲ့ အကြော ချက်ကြောမပဲ မဟုတ်လား ဆရာကြီး၊ ဒါပေမယ့် ဆရာကြီး သဘော ပေါက်ထားဖို့ လိုတာက တချို့လူတွေမှာ ချက်ကြော လုံးဝ မရှိဘူး ဆိုတာပဲ'

ဟိုချင်းက တစ်ချက်ကြောင်သွားပြီး...

'ဟေ့... ချာတီတ် မင်း ဘာ ပေါက်ကရတွေ ပြောနေတာလဲ လူမှာ ဘယ်နှယ်လုပ် ချက်ကြော မရှိရမှာလဲကွ'

အမှန်မှ ကျန်းဟူကျင်းသည် တမင်ပင် ပါးစပ်ထဲ တွေ့ ရာ ပြောလိုက်ခြင်းသာ ဖြစ်ပါ၏။ ယခုလည်း ထပ်မံ၍ ပြော ပြန်၏။

'ဟာ... ဆရာကြီးကလဲ ဒီလောကကြီးဟာ ကျယ်ပြော သလောက် အင်မတန်လဲ ဆန်းကြယ်တယ်ဗျ၊ မရှိဘူး မဖြစ်ဘူး ဆိုတာ ရှိကို မရှိဘူးဗျ၊ တကယ်ပါ၊ အချို့လူတွေမှာ လုံးဝ ချက်ကြော မ မရှိဘူး၊ နောက်ပြီး လူ့ချက်ကြောမကြီးကလဲ ဆေးပညာအတွက် ဘာမှ အကျိုးမရှိပါဘူးဗျာ'



ဟိုချင်းက ကျန်းဟူကျင်း၏ စကားကြောင့် မျက်မှောင် ကြုတ်သွား၏။ သူက...

'ဒီမှာ ချာတိတ် ချက်ကြောမက မင်းပြောသလို တခြား ကြောမထက် ပိုပြီး ထူးဆန်းတာတော့ ဟုတ်တယ်၊ ဒါပေမယ့် အကျိုးသိပ်မရှိဘူး ဆိုတာတော့ လုံးဝ လွဲမှားတယ်ကွ၊ အဲဒီစကား ဟာ သမားတု၊ သမားယောင်၊ ဆရာတု၊ ဆရာယောင်တွေ အလည်လို့ လျှောက်ပြောတဲ့ စကားကွ၊ ဒီမယ် ချာတိတ်၊ ငါ့မှာ ကိုယ်တိုင် ရေးသားပြုစုထားတဲ့ ချက်ကြောမနဲ့ ပတ်သက်တဲ့ ဆေးကျမ်း တစ်ကျမ်းရှိတယ်၊ မင်း ယူဖတ်ကြည့်ရင် သိမှာပေါ့' ဟု ပြောပြီးလျှင် အခန်းထဲသို့ ဝင်၍ အဝါရောင်လက်ရေး စာအုပ် စာအုပ်ကို ယူထုတ်လာပြီး ကျန်းဟူကျင်း အားပေးလေ၏။

ကျန်းဟူကျင်းက ကျမ်းစာအုပ်၏ ပထမစာရွက်ကို လှန် လှော၍ ဖတ်လိုက်၏။ ထိုဆေးကျမ်းတွင် လူတို့သည် ခေတ်အဆက် ဆက်ကပင် ချက်ကြောမ၏ အသုံးဝင်ပုံကို မသိကြ၍ အသုံးမချ တတ်ကြကြောင်း ချက်ကြောမသည် ဆေးပညာတွင် လွန်စွာ အရေး ကြီးလှကြောင်း ရေးသားထားလေ၏။ ကျန်းဟူကျင်းသည် ထိုဆေး ကျမ်းကို တစ်ရွက်ပြီး တစ်ရွက် လှန်လှော ဖတ်ရှုရင်း စိတ်ထဲမှ မှတ်မိရအောင် တေးမှတ်ထားလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်မှာ သူသည် သူ့ဆရာ ဘိုးဘိုးနှင့်အတူ ရှောင်
ဘုရားကျောင်းသို့ လိုက်ပါသွားစဉ်က ချောင်လင်ဂိုဏ်းသား
ဆိုသော သူငယ်က သူ့ဆရာ ဘိုးဘိုးအား ကလိန်ကျခဲ့ပုံကို သ
လိုက်သဖြင့် ထိုနည်းအတိုင်း သုံးရန် စိတ်ကူးမိလိုက်ခြင်းပင် ဖြ
ယခု ဤဆေးကျမ်းကိုမူ သမားတော်ကြီး ဟိုချင်းက လွယ
ရှင်းလင်းစွာ ရေးသားထားသဖြင့် လွန်စွာမှတ်သားရ လွယ်ကူ
၏။ ယင်းဆေးကျမ်းတွင်း သိုင်းကျမ်းကဲ့သို့ သိုင်းကွက်၊ ကျင့်
စကားထာများ လိုး၀ မပါသဖြင့် ပို၍ပို၍ မှတ်သားရ လွယ်ကူခြင်း
ဖြစ်၏။ သို့ဖြင့် ကျန်းဟူကျင်းသည် စိတ်ကြိုက် နှစ်ခေါက်မျှ
မှတ်ပြီးလျှင် ဆေးကျမ်းကို ဟိုချင်းလက်သို့ ပြန်အပ်ရင်း ဆိုလေ

'ကျွန်တော် ဒီဆေးကျမ်းစာအုပ်ကို ဖတ်ဖူးသားပဲ၊ ကျွန်
ဆရာ ဘိုးဘိုး အသက် သုံးဆယ်လောက်က ပြုစုခဲ့တဲ့ 'အခြေခံ
ကြောမဆေးကျမ်း၏ အပေါ်ယံ သဘောတရား' ဆိုတဲ့ ကျမ်း
က အခု ဆရာကြီးရဲ့ ဒီစာအုပ်နဲ့ ထပ်တူ ဖြစ်နေတယ်ဗျ၊ အ
ဘယ်သူကဘယ်သူ့ဆီက ခိုးချသလဲ ဆိုတာသာ ကျွန်တော် မသိ

ဟိုချင်း မျက်လုံးစုံ ပြူးကျယ်သွား၏။ ဒေါသလည်း
မိ၏။ သူ့စိတ်ထဲတွင်...

'ငါ အခုမှ ငါးဆယ့်တစ်နှစ်ပဲ ရှိသေးတယ်၊ မင်း ပြော
မင်းရဲ့ဆရာ ဘိုးဘိုးက အသက် သုံးဆယ်မှာ ရေးတယ်၊ သူ



အသက်တစ်ရာ ရှိနေပြီ၊ ဒီလိုဆိုရင် သူ့ ကျမ်းစာအုပ်ဟာ လွန်ခဲ့တဲ့ အနှစ် ခုနစ်ဆယ်လောက်က ရေးခဲ့တာပေါ့၊ ဒီလိုသာဆိုရင် ငါက သူ့ဆီက ခိုးချသလို ဖြစ်နေတယ်...၊ ငါ့ရဲ့ ဒီ ချက်ကြောမ ဆေးကျမ်း စာအုပ်က ဘယ်လောက်နက်နဲသလဲ၊ အရင့် အရင်က ဘယ် သမားတော်တွေမှ တစ်ခါဖူးမှ မပြောခဲ့ဖူးတဲ့ သဘောတရားသစ်တွေ အားလုံးကို ငါရေးထည့်ထားတာကွ၊ ဒါနဲ့များ မင်းက မင်းဆရာ ဘိုးဘိုးရဲ့ ဘာလဲ 'အခြေခံ ချက်ကြောမဆေးကျမ်း၏ အပေါ်ယံ သဘောတရား' စာအုပ်နဲ့ အတူတူပဲတဲ့၊ 'အခြေခံ' လဲ ဖြစ်သေးတယ်၊ 'အပေါ်ယံ ' လဲ ပါလိုက်သေးတယ်၊ ဒါဆိုရင် မင်းလေးက ငါ့ကို ဘမင်သက်သက် သိက္ခာ ချနေတာပဲ'

ဟိုချင်းက ဤသို့ စိတ်ထဲမှ ရေရွတ်ရင်း ဒေါသထွက်လာ သဖြင့် ရုတ်တရက် အားထုတ်၍ အပ်ကို စိုက်ချလိုက်မိ၏။

ထိုအခါ ကျန်းဟူကျင်းမှာ နာကျင်လွန်းသဖြင့် အသံထွက် ၍ အော်မိလုမတတ် ဖြစ်သွားခဲ့၏။ သို့သော် သူက ကြိတ်မှိတ်၍ တင်းခံလိုက်ပြန်၏။ ဟန်မပျက် ပြုံး၍လည်း...

'ဆရာကြီး မယုံဘူးလား၊ ဒီလိုဆိုရင် ကျွန်တော် ကျွန်တော့် ဆရာ ဘိုးဘိုး ရေးသားပြုစုခဲ့တဲ့ 'အခြေခံ ချက်ကြောမဆေးကျမ်း၏ အပေါ်ယံ သဘောတရား' စာအုပ်ထဲက စာသားတွေကို အလွတ် ဆိုပြရမလား' ဟု ပြန်မေးလေ၏။ ဟိုချင်းက အံကြိတ်၍...

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ မင်း ခုချက်ချင်း ဆိုပြစမ်း၊ တကယ်လို့ တစ်လုံးသာ လွဲကြည့် မင်းကို ငါ အသေသတ်ပစ်မယ်' ဟု ကြိမ်းလေ၏။

ကျန်းဟူကျင်းသည် အသက် ငါးနှစ်မပြည့်မီကပင် ရေခဲမီးတောင်ကျွန်းတွင် သူ့မွေးစားဖခင် ရှက်ဇွန်းက တင်းကျပ်စွာ သူ၏ သိုင်းပညာအားလုံး၏ သိုင်းကွက်ကျင့်စဉ်နှင့် စကားထာ အားလုံးကို အာဂုံဆောင် ကျက်မှတ်နိုင်းခဲ့ရာ ထိုစဉ်က တစ်လုံးလွဲသည်နှင့် လက်ဝါးစာ တစ်ချက် ရခဲ့သည်ချည်း ဖြစ်၏။ သူသည် အသက် ဆယ့်နှစ်နှစ် ရောက်သည်အထိ တစ်ရက်မနား အလွတ်ကျက်လာခဲ့ရာ သူ၏ မှတ်ဉာဏ်မှာလည်း အခြားသော ကလေးများထက် အဆပေါင်းများစွာ သာနေ၏။ ထို့ကြောင့် ဤသို့စာကြောင်းများကို အလွတ်ကျက်ပြီး ရွတ်ဖတ်နိုင်းခြင်းမှာ သူ ငယ်စဉ်က တတ်မြောက်ခဲ့သော လက်စွဲပညာရပ် ဖြစ်နေပါ၏။

သို့ဖြင့် သူသည် ဟိုချင်း အလွတ်ဖတ်နိုင်းသော ဆေးကျမ်းကို အစမှအဆုံးတိုင် တစ်လုံးမလွဲအောင် ရွတ်ဖတ်ပြလိုက်လေတော့၏။

ဟိုချင်းမှာ အံ့ဩလွန်းသဖြင့် ကြောင်၍ပင် သွားလေ၏။ သူ့စိတ်ထဲတွင်...

'ဒီကောင်လေးက တကယ်ပဲ မှတ်ဉာဏ် ကောင်းလှချည်လား၊ တစ်ခါ ဖတ်ရုံနဲ့ တစ်လုံးမလွဲအောင် မှတ်မိနေပါလား၊ တကယ့်ကို လူထူးလူဆန်း ပညာရှင်လေးပဲ' ဟု ရေရွတ်နေမိ၏။ သူသည်



ကျန်းဟူကျင်းနှင့်အလားတူ ချန်ရှိဆိုသော လူရည်ချွန်ပညာရှင်လေး တစ်ယောက် ရှောင်လင်ဂိုဏ်းတွင် ရှိနေသေးသည်ကို လုံးဝ မသိချေ။ သို့ဖြင့် သူက ဟန်မဆောင်နိုင်တော့ပဲ...

'တကယ်ကောင်းတဲ့ မှတ်ဉာဏ်ပါလား' ဟု ကျန်းဟူကျင်းအား ထုတ်ဖော်ချီးကျူးလိုက်လေ၏။

ထို့နောက်တွင် သူသည် ကျန်းဟူကျင်းအား အပ်စိုက်ပေးပြီး လျှင် ခေတ္တ အနားယူစေလိုက်၏။ ထို့နောက်တွင်မှ ကျန်းဟူကျင်း၏ ညောကို ထပ်မံ စမ်းသပ်လို၍ သူက...

'ငါ့မှာ အကြောအပ်စိုက် ဆေးကျမ်းစာအုပ် တစ်အုပ် ရှိတယ်၊ မင်းရဲ့ဆရာ ဘိုးဘိုးလဲ ဒီစာအုပ်ကို ရေးသားဖူးသလား မသိဘူး' ဟု ပြောပြီး အခန်းတွင်းသို့ ဝင်ကာ အတွဲပေါင်း တစ်ဆယ့်နှစ်တွဲရှိသော ဆေးကျမ်းစာအုပ်ကို ထုတ်ယူလာခဲ့လေ၏။

ကျန်းဟူကျင်းက ထိုစာအုပ်ကို ယူကြည့်လိုက်လေ၏။ ထိုအခါ စာအုပ်၏ စာမျက်နှာတိုင်းတွင် စာလုံးများ သေးသေးညိစိပ်ဖြင့် ရေးသားထားသည်ကို တွေ့ရပြီး သွေးကြော၊ အကြော၊ ဆေးစပ်နည်း၊ ဆေး၏ အချိန်အဆ စသည် အားလုံးကို တိတိပပ ရေးသားပြုစုထားသည်ကို တွေ့ရလေ၏။

အပ်စိုက်သော အချိန်။ အပ်၏အတိုအရှည်။ အပ်စိုက်သည့် အတိမ်အနက် စသည်တို့ကိုလည်း စနစ်တကျ ပြုစုထားရာ လွန်စွာ တော်ရကောင်းလှလေ၏။

www.burmeseclassic.com



ထိုစဉ် ကျန်းဟူကျင်းက ရုတ်တရက် စဉ်းစားလိုက်မိ...

'ဒီလောက် ထူထဲတဲ့ စာအုပ်ကို ငါ အစအဆုံးဖတ်ဖို့တော့ သုံးလေးရက် ကြာလိမ့်မယ်၊ ငါ ဘယ်နှယ့်လုပ် အခု ချက်ချင်း အလွတ် မှတ်မိ နိုင်မှာလဲ၊ ဒီတော့ အခု အစ်ကိုကြီးချန်ရီရဲ့ လက်ဝါး စောင်း ဒဏ်ရာကို ပျောက်အောင် ကုသတဲ့နည်းကိုပဲ ရှာဖတ်လိုက် မယ်၊ ငါ သူ့ဒဏ်ရာကို ကုနိုင်လို ကုနိုင်ငြားပေါ့လေ'

သို့ဖြင့် ကျန်းဟူကျင်းသည် အတွဲနံပါတ်ကိုးတွင် 'လက်ဝါး စောင်း ဒဏ်ရာကုနည်း' ဟူသော ခေါင်းစဉ်ကို ရှာတွေ့လိုက်လေ၏ သူက တစ်ရွက်ချင်း လှန်လှောကြည့်လိုက်သောအခါ 'သံမဏိလက် ဝါးစောင်း' 'မီးပူသဲလက်ဝါးစောင်း' 'အဆိပ်သဲ လက်ဝါးစောင်း' 'ကျောက်ခွဲ လက်ဝါးစောင်း'။

လက်ဝါးစောင်းအား အမျိုးမျိုးကြောင့် ရရှိသော အတွင်း ဒဏ်ရာ အမျိုးမျိုး၏ လက္ခဏာ၊ ရောဂါအခြေအနေ၊ ဒဏ်ရာ အခြေအနေ၊ အရေးပေါ်ကုသနည်းအားလုံး အစုံအလင် ရေးသားထား သည်ကိုလည်း တွေ့လိုက်ရလေ၏။ ထိုစာအုပ်၏ စာမျက်နှာ(၁၀... တွင်မှ ကျန်းဟူကျင်းသည် 'နှလုံးဂိုဏ်း လက်ဝါးစောင်း' ဟူသော ခေါင်းစဉ်လေးကို တွေ့လိုက်ရလေ၏။ ကျန်းဟူကျင်း လွန်စွာ ဝမ်းသာသွား၏။ သူသည် ထိုခေါင်းစဉ်အောက်မှ အကြောင်းအရာ များကို အသေးအချာ ဖတ်ရှုပြီးလျှင် အကြောင်းအရာ၏ အသေးစိတ်...



...အားမှတ်ထားလိုက်လေ၏။ ဆေးနည်းကိုလည်း မှတ်သား ထား ...လိုက်၏။ သူသည် ထိုသို့ မှတ်သားပြီးနောက် စိတ်ထဲတွင်...

'အခု လောလောဆယ်တော့ အစ်ကိုကြီး ချန်ရီရဲ့ ဒဏ်ရာ ...ပျောက်ဖို့သာ အဓိကပဲ၊ စကားစစ်ထိုးတာက အရေးမကြီးဘူး၊ ...တော့... စကားစစ်ထိုးရင်း မတော်လို့ ဒီ ဆရာကြီးကို စော်ကား ...မိရင်လဲ ဒုက္ခ'

သို့ဖြင့် ကျန်းဟူကျင်းသည် 'လက်ဝါးစောင်း ဒဏ်ရာ ကုသ ...နည်းများ' ထဲမှ သူခံရသော လက်ဝါးစောင်းဟူသော ခေါင်းစဉ် ...ကို တွေ့လိုက်ရလေ၏။

ခေါင်းစဉ်၏အောက်တွင် ဒဏ်ရာ၏ အခြေအနေ ပုံပန်းကို ...ဖော်ပြထားပြီး 'ကုသနည်း' ဟူသော ခေါင်းစဉ်အောက်တွင်မှ ...' ဟုရေးသားထားသည်ကို တွေ့ရလေ၏။

ကျန်းဟူကျင်းသည် ဆေးကျမ်းစာအုပ်ကို တရိုတသေ ပြန် ...ပြီးနောက် ခုံပေါ်သို့တင်လိုက်၏။ ပြီးလျှင်...

'ဆရာကြီးရဲ့ သိုင်းပညာက ကျွန်တော့်ဘိုးဘိုးကို မမီသလို ဆေးပညာမှာတော့ ကျွန်တော့်ဘိုးဘိုးက ဆရာကြီးကို မမီပါဘူး၊ ...အကြောအပ်စိုက် ဆေးကျမ်း စာအုပ်ကိုတော့ ကျွန်တော့်ဘိုးဘိုးက ...ရေးသား မပြုစုနိုင်ပါဘူး၊ ဒါပေမယ့် လက်ဝါးစောင်းဒဏ်ရာကို ...တဲ့နည်းကျတော့ ကျွန်တော့်ဘိုးဘိုးကလဲ ဆရာကြီးလိုတတ်ပါတယ်' ... ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်းသည် စကားအဆုံးတွင် လက်ဝါးစောင်း ဒဏ်ရာ ကုသနည်းများကို ပြန်လည် ရွတ်ဖတ်ပြ၏။ ပြီးလျှင် 'ကျွန်တော် ရထားတဲ့ လက်ဝါးစောင်းဒဏ်ရာကို ကျွန်တော့်ဘိုးဘိုး မကုသနိုင်သလို လက်စသတ်တော့ ဆရာကြီးလဲ မကုသနိုင်ပါလား' ဟု ဆိုလိုက်လေ၏။

ဟိုချင်းက ခနဲ့ပြုံး တစ်ချက်ပြုံး၍...

'မင်း ငါ့ကို မခံမရပ်နိုင်အောင် လုပ်ဖို့ မလိုပါဘူး၊ ငါ ကုနိုင် မကုနိုင်ဆိုတာ မင်းကြည့်ပေါ့၊ အေး... ဒါပေမယ့် မင်း သိထားဖို့က မင်းကို ငါ ကုနိုင်ရင်လဲပဲ မင်း သက်ဆိုးမရှည်နိုင်ဘူး ဆိုတာပါပဲ'

ကျန်းဟူကျင်းကား ဟိုချင်း၏ စကားအဓိပ္ပါယ်ကို နား မလည်ချေ။ အမှန်မူ ဟိုချင်း ပြောလိုသော စကားအဓိပ္ပါယ်မှာ ကျန်းဟူကျင်းအား ကုသ၍ ပျောက်ကင်းသွားလျှင် သူ့ကို သတ်ပစ် မည်ဟု ဆိုလိုခြင်းပင် ဖြစ်ပါသည်။

သို့သော် ကျန်းဟူကျင်းသည် ချန်ရီ၏ ဒဏ်ရာ ပျောက်ကင်းရန် အတွက်သာ စိတ်အာရုံစူးရောက်နေ၍ သူက ဤသို့ဆိုလေ၏။

'ကျွန်တော် သက်ဆိုးမရှည်ဘူး လို့ဆိုတဲ့ နောက်တော့ ကျွန်တော်က ဆရာကြီးရဲ့ ယောဒီ ဆေးကျမ်းစာအုပ်ကို ဖတ်ရင် အရေးမကြီးပါဘူးနော်'



ထိုအခါ ဟိုချင်းက ခေါင်းညိတ်၍...

'မင်း ဖတ်ချင်ရင် ကြိုက်တဲ့စာအုပ် ယူဖတ်နိုင်ပါတယ်' ဟု ဆိုလေသည်။

ထို့နောက်တွင်မူ ကျန်းဟူကျင်းသည် ထိုဆေးကျမ်းစာအုပ် များကိုသာ နေ့ညမပြတ်ဖတ်ပြီးလျှင် ချန်ရီ၏ဒဏ်ရာ ဘယ်ပုံ ဘယ်နည်း ပျောက်ကင်းအောင် ကုသရမည်ကိုသာ ကြိုးစားနေလေ တော့၏။ ထို့ပြင် သူသည် ဟိုချင်း၏ အခြားသော ဆေးကျမ်းစာအုပ် ဆယ်အုပ်ကျော်ကိုပါ လှန်လှော ဖတ်ရှုလိုက်လေ၏။

ဟိုချင်းလည်း တစ်စစဖြင့် ကျန်းဟူကျင်း၏ အကြံအစည် ကို ရိပ်စားမိသွား၏။ သို့သော် သူသည် ကျန်းဟူကျင်းတစ်ယောက် မိမိ၏ ဆေးပညာ အမွေအနှစ်ကို ဤမျှ နှစ်နှစ်ခြိုက်ခြိုက် ဖတ်ရှု လေ့လာနေသည်ကို မြင်သော် စိတ်ထဲတွင် ပီတိဖြစ်လျက် ကျန်းဟူ ကျင်းအား မည်သို့မျှ မပြောဘဲ နေ နေလိုက်လေတော့၏။

သို့ရာတွင် ဆေးပညာ ဟူသည်မှာ လွန်စွာ ခက်ခဲ နက် နဲသော ပညာရပ်တစ်ခုဖြစ်၍ တိုတောင်းသော ဤလေးငါးရက်မျှ အချိန်အတွင်း အလုံးစုံတတ်ကျွမ်းရန်မှာ ဘယ်သို့မျှ မဖြစ်နိုင်ပါချေ။

✤ ✤ ✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



ယနေ့သည် ကျန်းဟူကျင်းအဖို့ လိပ်ပြာကုန်းသို့ ရောက်ရှိခဲ့သော ခြောက်ရက်မြောက်သောနေ့ပင် ဖြစ်ပါ၏။

ကျန်းဟူကျင်းသည် ငယ်ရွယ်သူပင် ဖြစ်သော်လည်း ဟိုချင်း ပြောကြားခဲ့သော စကားများကို ကောင်းစွာမှတ်မိနေလေ၏။ ဟိုချင်းက ချန်ရီ၏ ဒဏ်ရာမှာ ခုနစ်ရက်ကျော်၍မှ မကုသလျှင် ဒဏ်ရာ ပျောက်ကင်းသည့်တိုင် သိုင်းအား လုံးဝ ဆုတ်ယုတ်လျက် သိုင်းပညာ လုံးဝ မကစားနိုင်တော့ဟု ဆိုခဲ့သည် မဟုတ်ပါလား။

ထို ခြောက်ရက်မြောက်သောနေ့၏ ညဘက်ပိုင်းတွင်မူ ရုတ်တရက် မိုးရောလေပါ သည်းထန်စွာ ရွာသွန်း တိုက်ခိုက်လေ၏။ ချန်ရီသည် မိုးရောလေပါ သည်းထန်စွာ ရွာသွန်း တိုက်ခိုက်နေသော တဲအပြင်တွင်ပင် လဲလျောင်းလျက်ရှိနေ၏။ ဟိုချင်းသည် ချန်ရီအား လုံးဝ အရေးစိုက်ခြင်း မရှိချေ။

ကျန်းဟူကျင်းသည် ချန်ရီ၏ အဖြစ်ကို ကြည့်၍ လွန်စွာ စိတ်မချမ်းမသာ ဖြစ်သွား၏။ နောက်ဆုံးတွင် သူက အံကိုကြိတ်၍ ဆုံးဖြတ်လိုက်၏။

'ဖြစ်ချင်ရာ ဖြစ်ပါစေ၊ အစ်ကိုကြီးကို ငါ ကုသကြည့်မယ်၊ ကောင်းကောင်း ဆိုးဆိုး သူ့ကံပဲ'



သို့သော် သူသည် ဟိုချင်း၏ ဆေးဘူးထဲမှ ငွေအပ် ရှစ်ချောင်းကို ယူ၍ ချန်ရီအနားသို့ လျှောက်သွား၏။ အနားသို့ရောက်သော်...

'အစ်ကိုကြီး ဒီရက်တွေမှာ ကျွန်တော်က ဆရာကြီး ဟိုချင်းရဲ့ ဆေးကျမ်းတွေကို ဖတ်ရှုလေ့လာခဲ့တယ်၊ ဘာမှ မတတ်ကျွမ်းသေးပေမယ့် အစ်ကိုကြီးအတွက် အခု အချိန် မရှိတော့ဘူး၊ ဒီတော့ ကျွန်တော် အရဲစွန့်ပြီး အစ်ကိုကြီးကို အပ်စိုက်ကုသပေးပါ့မယ်၊ အစ်ကိုကြီး တစ်ခုခု ဖြစ်ရင်လဲ ကျွန်တော် ဒီလောကမှာ အသက်ရှင်နေမှာ မဟုတ်ပါဘူး' ဟု ဆို၏။

ချန်ရီက တဟားဟား ရယ်၍...

'ညီလေးက ဒီလိုစကားမျိုး မပြောပါနဲ့၊ မြန်မြန်သာ ကုသစမ်းပါ၊ ကံကောင်းထောက်မလို့ ငါမသေခဲ့ရင် ငါ့ရဲ့ဘကြီးလဲ ရှက်ကွဲရတာပေါ့၊ တကယ်လို့ ငါတစ်ခုခု ဖြစ်သွားရင်လဲ ဒီလို ဆဲ လေထဲမှာ ဒုက္ခခံစားနေရတာထက် တော်သေးတာပေါ့ကွာ'

ထို့နောက် ကျန်းဟူကျင်းသည် တုန်ယင်သော လက်ဖြင့် ငွေအပ်ချောင်းလေးကို ကိုင်၍ အကြောတစ်ခုကို ဦးစွာ ထိုးစိုက်လိုက်၏။ အမှန်မှာ သူသည် အပ်စိုက်ခြင်းကို တစ်ခါမျှ မပြုလုပ်ဖူးသဖြင့် မထိုးစိုက်တတ်ချေ။ ပြီးလျှင် အပ်ချောင်းများလည်း လွန်စွာ



www.burmeseclassic.com

www.burmeseclassic.com



သေးသွယ်ပျော့ပျောင်းလွန်းသဖြင့် အတွင်းအား မပြည့်ဝလျှင် ထိုးစိုက်၍ မဝင်နိုင်ချေ။

ယခု ကျန်းဟူကျင်းက အားစိုက်၍ ထိုးလိုက်သောအခါ သေးသွယ်သော အပ်ချောင်းမှာ ကွေးသွားလေတော့၏။

ကျန်းဟူကျင်းက ထိုပုံဖြင့် သုံးလေးချက်မျှ ဆက်တိုက် ထိုးလိုက်ရာ ရုတ်တရက် ထိုနေရာများဆီမှ သွေးများ ထွက်လာလေတော့၏။ စင်စစ် အပ်စိုက်ထိုးသော အကြောနေရာတွင် ဘယ်သောအခါမျှ သွေးထွက်ရိုး ထုံးစံ မရှိချေ။

ယခု ကျန်းဟူကျင်းထိုးသော နေရာမှာ ချက်အောက်နေရာ ဖြစ်၍ လွန်စွာ အရေးကြီးသော နေရာ ဖြစ်လေ၏။ ကျန်းဟူကျင်းသည် သူထိုးစိုက်လိုက်သော နေရာတွင် သွေးများ ရုတ်တရက် ထွက်လာသည်ကို မြင်သော် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာလေတော့၏။

ထိုစဉ်မိုက် သူ့နောက်ဘက်ဆီမှ တဟားဟား ရယ်သံ ကြားရသဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာ သမားတော်ကြီး ဟိုချင်း ဖြစ်နေလေ၏။ ဟိုချင်းသည် လက်ကို နောက်ပစ်၍ ပျာယာခတ်နေသော ကျန်းဟူကျင်း၏ အမူအရာကိုကြည့်ရင်း ဟားတိုက် ရယ်မောနေခြင်းပင် ဖြစ်ပါ၏။





ကျန်းဟူကျင်းက စိုးရိမ်စွာဖြင့်...

'ဆရာကြီး အစ်ကိုကြီးရဲ့ အကြောတွေကနေ သွေးတွေ ဆက်မပြတ် ထွက်နေပါတယ်၊ ဘယ်လိုလုပ်ရမလဲ' ဟု မေးလိုက်၏။ ဟိုချင်းက ရပ်နေရာမှ ရပ်၍...

'ဘယ်လို လုပ်ရမယ်ဆိုတာတော့ ငါ သိတာပေါ့၊ ဒါပေမယ့် ငါက ဘာဖြစ်လို့ မင်းကို ပြောရမှာလဲ' ဟု ဆိုလေ၏။ ကျန်းဟူကျင်းက လွန်စွာ စိတ်ပျက်သွား၏။

ဤလူကြီးနှင့် ဆက်လက်ပြောဆို နေ၍လည်း အကျိုးထူးမည် မဟုတ်မှန်း သိ၏။ သူက အာရုံပြောင်း၍ တွေးလိုက်၏။

ဒီအပ်ချောင်းတွေက သိပ်ပျော့လွန်းတယ်၊ ငါ မသုံးတတ်ဘူး၊ ဒီတော့ တစ်ခုခုကြံဦးမှပဲ'

ထိုနောက်တွင်မူ ကျန်းဟူကျင်းသည် ဝါးတစ်ချောင်းကို ယူ၍ ချောမွေ့နေအောင် ဓားဖြင့် လှီးပြီး အပ်ချောင်းလေးများ ဖြစ်အောင် လုပ်လိုက်၏။ ပြီးလျှင် ထွေရာလေးပါး စဉ်းစား မနေတော့ပဲ ထိုဝါးချောင်းကလေးများကို ယူ၍ ချန်ရီ၏ အကြောတစ်ခုချင်းသို့ ထိုးစိုက်လိုက်လေ၏။

သူသည် ဆေးကျမ်းစာအုပ်ကို အကျေအလည် ဖတ်ထားပြီးဖြစ်၍ ဘယ်အကြောကိုထိုးလျှင် ဘယ်သို့ အကျိုးထိရောက်သည်ကို သိလေ၏။

www.burmeseclassic.com



ဝါးအပ်ချောင်းများမှာ ပျော့ပျောင်းသည့်တိုင် အနည်းငေ
မာသေး၍ ဤတစ်ကြိမ်တွင် ကျန်းဟူကျင်းသည် အောင်မြင်စွ
ထိုးစိုက်နိုင်ခဲ့လေ၏။ အချိန်အတန်ကြာသော် ချန်ရီ၏ ပါးစပ်
မည်းနက်သသော သွေးပုပ်များ အန်ကျလာလေ၏။ ကျန်းဟူကျ
သည် မိမိ၏ ကုသနည်း မှန်ကန်၍လား၊ သို့မဟုတ် အခြေအ
ပိုဆိုး၍ ချန်ရီမှာ သွေးပုပ်များ အန်လာခြင်းပေလော ဟူသည်
မဝေခွဲတတ်ပေ။ ထို့ကြောင့် သူက ဟိုချင်းအား လှည့်ကြည့်လို
လေ၏။

ဟိုချင်း၏ မျက်နှာတွင် ခန့်သော သရော်သော အမူအယ
ရှိနေသော်လည်း သူ့မျက်ဝန်းအစုံမှာမူ ကျန်းဟူကျင်းအား ချီးကျ
သော အရိပ်အယောင် ယှက်သန်းနေလေ၏။ ထိုအခါ ကျန်းဟူကျ
မှာ မိမိ ရမ်း၍ ကုသလိုက်သော်လည်း မမှားမှန်း သိလိုက်လေ
ထို့နောက် သူသည် ဆေးကျမ်းစာအုပ်ကို ထပ်မံ လှန်လှောကြ
လျက် အကျအန စဉ်းစားပြီးမှ ဆေးနည်းကို ချရေးလေတော့
သူသည် ဘယ်ဒဏ်ရာ၊ ဘယ်ရောဂါကို ဘယ်ဆေးများနှင့် ပေါင်း
ကျိုသောက်ရမည်ကို သိသော်လည်း ဘယ်ဆေးက ဘယ်သို့သေ
ပုံသဏ္ဌာန် ရှိသည်ကို လုံးဝ မသိချေ။ သူသည် မတတ်နိုင်သ
အဆုံးတွင် ခပ်တည်တည်ဖြင့် ဆေးစပ်သော အိမ်ဖော်လေး
သူရေးချသော ဆေးနည်းအား ထိုးပေးလိုက်၏။



'ဒီ ဆေးနည်းအတိုင်း စပ်ပြီး ဆေးကျိုလာခဲ့ပါ' ဟုလည်း
ကြားလေ၏။

ဆေးစပ်သော အိမ်ဖော်လေးမှာ ဟိုချင်းကိုသာ တစ်ချက်
ကြည့်လိုက်၏။ ထိုအခါ ဟိုချင်းက 'ဟင်းကနဲ' သက်ပြင်းမှုတ်ပြီး...

'ရယ်စရာ ကောင်းလိုက်တာ... ရယ်စရာ ကောင်းလိုက်တာ၊
အတိုင်းသာ သောက်လိုက်ရင်တော့ ဒီကောင်ကြီး မသေရင်
ကောင်းပေါ့ကွာ' ဟု ဆိုလေ၏။

ထိုအခါ ကျန်းဟူကျင်းက အိမ်ဖော်လေး လက်ထဲမှ
ဆေးစာရွက်ကို ပြန်ယူပြီး ဆေးတစ်မျိုးလျှင် တစ်ကျပ်သားစီ လျှော့
၍ စပ်စေလိုက်ပြန်၏။ ဆေးစပ်သော အိမ်ဖော်လေးလည်း ကျန်းဟူ
ကျင်း ရေးပေးသည့်အတိုင်း ဆေးများ စပ်ဟပ်ကျိုချက်၍ ယူလာ
၏။ ကျန်းဟူကျင်းသည် အိမ်ဖော်ထံမှ ဆေးခွက်ကို ချန်ရီထံသို့
သွားပြီး မျက်ရည်ရစ်ဝဲစွာဖြင့် ဆိုလေ၏။

'အစ်ကိုကြီး... ဒီဆေးကို သောက်ကြည့်လိုက်ပါ၊ ကောင်း
လား ဆိုးသလား ဆိုတာ ကျွန်တော်လဲ မပြောတတ်တော့ဘူး'

ချန်ရီက ရယ်၍...

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတယ်... ကောင်းတယ်၊ ဘာပဲဖြစ်ဖြစ် ငါသောက်
မှာပဲ' ဟု ပြောပြီးလျှင် ဆေးခွက်ကို ယူ၍ တစ်ကျိုက်တည်း မော့
သောက်လိုက်လေ၏။

ထိုည တစ်ညလုံးမှ ချန်ရီသည် ဗိုက်ထဲတွင် မီးဖြင့် အတ
ခံရဘိသို့ နာကျင်ကာ လူးလှိမ့် နေရရှာလေ၏။ သွေးများလည်း
အဆက်မပြတ် အန်ဖနေလေ၏။ ကျန်းဟူကျင်းကား မိုးသည်းသည်း
လေထန်ထန် ရွာသွန်းတိုက်ခိုက်နေသည့်ကြားမှ ချန်ရီအား တစ်ည
လုံး ပြုစုနေရလေ၏။ နောက်တစ်နေ့ နံနက်လင်းချိန်တွင်မှ မိုးစဲ
လေငြိမ်ပါ တိပ်ရပ်သွား၏။ ချန်ရီလည်း သွေးမအန်ပါတော့ချေ။ သွေး
များတိတ်သွားသည်ကို မြင်သော် ကျန်းဟူကျင်း လွန်စွာ ဝမ်းသာ
သွား၏။ ချန်ရီလည်း ဝမ်းသာအားရ ဆိုပါလေ၏။

'ညီလေး... မင်းရဲ့ဆေးက လူကို မသေစေနိုင်ပါလား။
ငါ့ဒဏ်ရာ အတော်လေး သက်သာသွားသလိုပဲဟ'

ကျန်းဟူကျင်းလည်း ဝမ်းသာအားရဖြင့်...

'ညီလေးရဲ့ဆေးကို ထပ်သောက်လို့ ရပါသေးတယ်နော်'

ချန်ရီက ရယ်လျက်...



'သောက်လို့တော့ ရပါတယ်၊ ဒါပေမယ့် ဆေးက နည်းနည်း
ပြင်းတယ် ထင်တယ်ကွာ၊ သောက်ချလိုက်တဲ့ အခါမှာ မီးဆယ်
ချောင်းနဲ့ တစ်ပြိုင်တည်း အထိုးခံလိုက်ရသလို ခံစားနေရတယ်ကွ'

ကျန်းဟူကျင်းက...

'ဟုတ်တယ် အစ်ကိုကြီး၊ ဆေးက နည်းနည်း ပြင်းသွား
တယ် ထင်ပါတယ်' ဟု ဆို၏။

စင်စစ် ကျန်းဟူကျင်း၏ ဆေးမှာ အဘယ်မှာ အနည်းငယ်
ပြင်းရမည်နည်း၊ သုံးဆမျှ ပြင်းသွားခြင်းပင် ဖြစ်ပါ၏။

ချန်ရီမှာ ခံနိုင်ရည် ရှိသူမို့ပင် တော်သေး၏။ သို့မဟုတ်
လျှင် အသက်ပင် ပါသွားမည် ဖြစ်ပါ၏။

ထိုအချိန်တွင် ဟိုချင်းလည်း အိပ်ရာမှ နိုးလာပြီး အခန်း
ထဲမှ ထွက်လာလေ၏။ ထို့နောက် ချန်ရီ၏ မျက်နှာပေါ်တွင် သွေး
ရောင်သမ်းလာသည်ကို မြင်သော် အံ့ဩတုန်လှုပ်သွား၏။ ဟိုချင်း
စိတ်ထဲတွင်...

'တစ်ယောက်က ဉာဏ်ကောင်းပြီး သတ္တိရှိတယ်၊ နောက်
တစ်ယောက်က ခံနိုင်ရည်ရှိပြီး သေရမှာ မကြောက်ဘူး၊ ဒီလို
နှစ်လုံးဂိုဏ်း လက်ဝါးစောင်းဒဏ်ရာကို ပျောက်အောင် ကုနိုင်ပြီးပြီ
ထင်' ဟု ရေရွတ်နေမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်းကား ချန်ရီအား ဆက်လက်ပြုစု ကုသနေ၏။ သူသည် နောက်ထပ် အားပြည့်စေသော ဆေးတစ်မျိုးကို စပ်၍ ချန်ရီအား ကျွေးလိုက်ပြန်၏။ ဤသို့ဖြင့် ခုနစ်ရက်ခန့် အားဆေးများ ဆက်တိုက် စားလိုက် ပြီးချိန်တွင် ချန်ရီသည် အားနှင့်မာန်နှင့် ပြန်လည် ပြည့်ဖြိုးလာ၏။ သိုင်းအားလည်း အပြည့်အဝ ပြန်လည်ရ လာ၏။ သူက ကျန်းဟူကျင်းအား...

'ညီလေး... ငါ့ဒဏ်ရာတော့ လုံးဝ ပျောက်ကင်းသွားပြီ ငါတို့ ခွဲခွာရတော့မယ်' ဟု ဆိုလေသည်။

ကျန်းဟူကျင်းနှင့်ချန်ရီတို့သည် ဤတစ်လမျှအချိန်အတွင်း တစ်ယောက်ကို တစ်ယောက် အသက်စွန့်၍ ခင်မင်ရင်းနှီးလာကြ များ ဖြစ်ရာ ယခုကဲ့သို့ ခွဲခွာရနီး အချိန်တွင် နှစ်ယောက်စလုံး စိတ်မချမ်းမြေ့ကြပါချေ။ ချန်ရီက စကားဆက်ပြန်၏။

'ညီလေး... မင်းဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့၊ နောက်ထပ် သုံးလလောက်ဆိုရင် ငါက မင်းကို ထပ်လာကြည့်မှာပါ၊ တကယ်လို့ မင်းရဲ့ ဒဏ်ရာ ပျောက်သွားရင် မင်းရဲ့ဆရာ ဘိုးဘိုးဆီကို ပြန်ပို့ပေး မှာပါ...'

ထို့နောက်တွင် ချန်ရီသည် အခန်းထဲသို့ ဝင်၍ ဟိုချင်းအား ဦးချ ကန်တော့လေ၏။



'ကျွန်တော့် ဒဏ်ရာ ပျောက်သွားတာက ကျန်းဟူကျင်း ကြောင့်သာ ပျောက်တယ် ဆိုပေမယ့် ဘကြီးရဲ့ ဆေးစာအုပ်နဲ့ ဆေး တွေကို အားကိုးလို့သာ ကုနိုင်ခဲ့တာပါ၊ ဒါကြောင့် ဘကြီးကိုပဲ ကျေး ဇူးတင်ရမှာပါ' ဟု ဆိုလေ၏။

သို့သော် ဟိုချင်းက ခေါင်းသာညိတ်ပြီး ဘာမှ ပြန်မပြော ပါချေ...။

✤✤✤✤✤

www.burmeseclassic.com

www.burmeseclassic.com



# ဆေးပညာ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၃)

## ဆေးပညာ

ကျန်းဟူကျင်းသည် တစ်စတစ်စဖြင့် ဆေးပညာတွင် ဝါသနာ ပါလာ၍ သူသည် အချိန်ရတိုင်း ဆေးကျမ်းများကိုသာ ဖတ်ရှုလာနေတော့၏။ သဘောမပေါက် နားမလည်သော နေရာများတွင် သူက ဟိုချင်းကို မေး၏။ ထိုအခါ ဟိုချင်းလည်း လွန်စွာသဘောကျသွား၏။ သူ့ကို ဤသို့ အောက်ကျခံ၍ မေးလျှင် သူက လွန်စွာ သဘောကျတတ်၏။ ထိုအခါ သူသိသမျှ စိတ်ရှည်လက်ရှည်

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်းအား ရှင်းပြလေ၏။ တစ်ခါတစ်ရံ ကျန်းဟူကျင်းသည် လွန်စွာ ထူးဆန်းသော မေးခွန်းများကို မေးလာသဖြင့် ဟိုချင်းမှာ သုံးလေးရက်မျှ စဉ်းစားပြီးမှ ဖြေကြားနိုင်လေသည်။ ထိုအခါ သူ့ အတွက် ဆေးပညာ အဆင့်သစ်တစ်ခုသို့ ရောက်သွားရပြန်၏။ စင်စစ် ကျန်းဟူကျင်းအား ပျောက်အောင် ကုသပြီးလျှင် သတ်ပစ်ရန် စိတ်ကူးထား၏။ သို့သော် ယခုမူ ကျန်းဟူကျင်းအားသတ်ပစ်ရန် သူ နှမြောနေပြန်၏။

နောက်ဆုံးတွင် သူသည် အဆင့်သစ် တစ်ခုသို့ ရောက် သောအခါ ကျန်းဟူကျင်းအား အပ်စိုက်သော်လည်း လုံးဝ မတိုးတော့ သည်ကို တွေ့ရ၏။

သူသည် ဆယ်ရက်မျှ ကြိုးစား၍အပ်စိုက်သော်လည်း လုံး မတိုးတော့ချေ။ နောက်ဆုံးတွင် သက်ပြင်းချ၍ သူက ဆိုလေ၏။

'မင်းရဲ့ ဆရာဘိုးဘိုးက သိုင်းပညာ သိပ်တော်ပေမယ့် ဆေး ပညာတော့ လုံးဝ မတတ်ဘူးကွ၊ သူက မင်းကို ချစ်လွန်းလို့ မင်း ဒီ ရေခဲလက်ဝါးဓာတ်ဒဏ်ရာ ရနေတာတောင် မင်းရဲ့ ဖြင်‌ အကြောရှစ်ခုကို ဖွင့်ပေးလိုက်သေးတယ်၊ ခုတော့ အဆိပ်တွေ အား လုံးက မင်းရဲ့ အတွင်းအင်္ဂါအစိတ်အပိုင်းတွေ အားလုံးကို ပျံ့နှံ့သွား ပြီ ဖြစ်လို့ ဘယ်လိုမှ ကုလို့ မရဘူး ဖြစ်နေပြီကွ'

ကျန်းဟူကျင်းက ခေါင်းခါလျက်...



'ကျွန်တော့်ရဲ့ ပြင်ပအကြောရှစ်ခုကို ကျွန်တော့်ဘိုးဘိုးက ဖွင့်ပေးတာ မဟုတ်ဘူး'

'ဒါဖြင့်... ဘယ်သူ ဖွင့်ပေးတာလဲ' ဟု ဟိုချင်းက မေး သ၏။

ကျန်းဟူကျင်းသည် ဤသမားတော်ကြီး ဟိုချင်းနှင့်အတူ နေထိုင်လာခဲ့ရာ ဟိုချင်းသည် စိတ်သဘောအမှန်မှာ ထူးဆန်းသော် ည်း လူဆိုးတစ်ယောက် မဟုတ်မှန်းသိ၍ သူ၏ အဖြစ်အပျက် အားလုံးကို ဖွင့်ဟပြောပြလိုက်လေတော့၏။

ထိုသို့ ပြောပြရာတွင် ကျန်းဟူကျင်းသည် ရှောင်လင်ဘုရား ကျောင်းသို့ တက်၍ ရှောင်လင် နေစကြာသိုင်းကျင့်စဉ်ကို သင်ယူခဲ့ ရာကိုပါ အားလုံးဖွင့်ပြောလိုက်လေသည်။ ဟိုချင်းသည် အတန် ကြာ စဉ်းစားပြီးနောက် ရုတ်တရက် ပေါင်ကို တစ်ချက်ပုတ်ပြီး...

'ဒီမှာ ဟူကျင်း၊ ဟို မင်းကို ရှောင်လင် နေစကြာသိုင်းကျင့် စဉ် သင်ပေးတဲ့ ဘုန်းကြီးက မင်း ဒုက္ခရောက်အောင် သက်သက်လုပ် လိုက်တာပဲ' ဟု ဆိုလေ၏။ ထိုစကားကြောင့် ကျန်းဟူကျင်း တစ် ချက်မျှ တုန်လှုပ်သွား၏။

'ကျွန်တော် သူနဲ့ လုံးဝ မသိပါဘူး၊ ဒါနဲ့များတောင် သူက ကျွန်တော့ကို ဘာဖြစ်လို့များ ဒုက္ခရောက်အောင် လုပ်ရမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အင်း... ဒါတော့လဲ ဟုတ်တယ်'

'နေပါဦး... ရှောင်လင်ဘုရားကျောင်းကို မင်း ရောက်တုန်းက အခြေအနေတွေကို အစအဆုံး သေသေချာချာ ငါ့ကို ပြန်ပြောပြစမ်း...'

သို့ဖြင့် ကျန်းဟူကျင်းအား သူ့ဆရာဘိုးဘိုးနှင့် ခုံး... ခုံးဝန် ဆရာတော်ကြီးတို့ စကားစမြည် ပြောဆိုပုံကအစ အားလုံးပြော... ပြလိုက်လေ၏။ ဟိုချင်းသည် စိတ်ဝင်စားစွာ နားထောင်ပြီးလျှ... ရုတ်တရက် ကျယ်လောင်သော အသံဖြင့်...

'ဟုတ်တယ်ကွ...၊ ဒီဘုန်းကြီးက မင်းကို သက်သက် ဒုက္ခ... ရောက်အောင် လုပ်တာ အမှန်ပဲ၊ ငါ ထင်တာ မမှားဘူး၊ မင်းရဲ့ဆရာ... ဘိုးဘိုးက တဖက်သတ်ကို ယုံကြည်လွန်းလို့ ဒီအချက်ကို သတိမ... သွားတာ ဖြစ်လိမ့်မယ်၊ ဒီရှောင်လင်ဘုန်းကြီး ရှင်ကျင်းက ရှောင်ယ... ရဲ့ နေစကြာသိုင်းကျင့်စဉ်ကို ကျင့်ပြီး မင်းရဲ့ ပြင်ပအကြောရစ်ခု... ပွင့်အောင် လုပ်ပေးနိုင်တဲ့နောက်တော့ သူ့ရဲ့ သိုင်းပညာဟာ သိ... မြင့်မားနေပြီးပဲ၊ သူကမင်းရဲ့ လက်ဝါးကို ထိလိုက်တာနဲ့ မင်းရဲ့ကိုယ်... ထဲမှာ အအေးဓာတ် အဆိပ်ရှိနေတာကို သိရမှာပေါ့၊ ဒီလို သိရဲ့သား... မင်းရဲ့ ပြင်ပ အကြောရစ်ခုကို ပွင့်အောင် ဖွင့်ပေးလိုက်တာ... တကယ်တော့ မင်းကို သက်သက် ဒုက္ခရောက်အောင် လုပ်လိုက်တာ... ပဲပေါ့ကွ...' ဟု ဆို၏။





ဟူကျင်းက နားမလည်ချေ၊ ထို့ကြောင့်...

'ဒါပေမယ့် သူက ကျွန်တော့် လက်ဝါးကို မထိခင်ကတည်း... ကျွန်တော့်ရဲ့ ပြင်ပ အကြောရစ်ခုကို ပွင့်အောင်လုပ်ပေးမယ်... ပါတယ်၊ ဒီတော့ အဲဒီတုန်းက ကျွန်တော့်ကိုယ်ထဲမှာ အအေးဓာတ်... ဆိပ် ပျံ့နှံ့နေပြီဆိုတာ သူ ဘယ်နှယ့်လုပ် သိနိုင်မှာလဲ'

✢ ✢ ✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com



# အတိတ် ဇာတ်လမ်းတို

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၆)

## အတိတ် ဇာတ်လမ်းစုံ

ဟိုချင်းက ခေါင်းခါလျက်...

'သူက ဘာဖြစ်လို့ မင်းကို ဒုက္ခရောက်အောင် လုပ်တာလဲ ...တော့ မသိဘူး၊ ဒါပေမယ့် တစ်ခါမှ မင်း သူနဲ့ မတွေ့ဖူးဘူး ... အကြောင်းမဲ့ သတ်မယ်လို့ မထင်ဘူး မဟုတ်လား၊ ဒီမှာ ...င်း မင်း သိထားဖို့က ငါ ကိုယ်တိုင် မင်းကို သတ်ချင်နေတယ် ...ာ မင်း သိရဲ့လား၊ မင်းရဲ့ ဒဏ်ရာက သိပ်ထူးဆန်းပွန်းလို့

www.burmeseclassic.com

www.burmeseclassic.com



ငါက အစွမ်းကုန် ကြိုးစားပြီး ကုကြည့်တာပဲ၊ ငါ့ စိတ်ထဲမှာ ဆုံးဖြတ်ထားတာကတော့ မင်းကို ကုလို့ပျောက်တာနဲ့ တစ်ခါတည်း သတ်ပစ်မယ်လို့ ဆုံးဖြတ်ထားတယ်ကွ'

ထိုစကားကို ကြားသော် ဟူကျင်းမှာ ကျောစိမ့်သွား၏။ သူက သက်ပြင်းတစ်ချက်ချရင်း...

'ကျွန်တော့် ကိုယ်ထဲက အဆိပ်တွေကိုတော့ ပျောက်အောင် ကုနိုင်မှာ မဟုတ်တော့ပါဘူး၊ ဆရာကြီးက ကျွန်တော့်ကို သတ်ဖို့ မလိုပါဘူး၊ ကျွန်တော် သေရတော့မှာပါ၊ ဟောဒီ လောကမှာ ရှိတဲ့ လူတွေကို ကြည့်ရတာ ဒီပြင်လူတွေ အားလုံးကို သေစေချင်နေကြသလိုပါပဲ၊ အားလုံး သိုင်းပညာတွေ သင်နေကြတာဟာ တစ်ခြားလူကို သတ်ဖို့ပဲလားဟင် ဆရာကြီး'

ဟိုချင်းက ပြင်ပသို့သာ ငေးမောကြည့်နေ၏။ အတန်ကြာမှပင် ဆွေးမြည့်သောအသံဖြင့် ဆိုလေသည်။

'ငါ ငယ်ငယ်တုန်းက ဆေးပညာကို စောက်ချပြီး လေ့လာ ဆည်းပူးခဲ့တယ်၊ ငါ့စိတ်ထဲမှာ ဒီလောကမှာ ရှိတဲ့ လူတွေအားလုံးကို ကယ်တင်မယ် ဆိုတဲ့စိတ်နဲ့ ဆေးပညာတွေကို ဆည်းပူးခဲ့တာပါ'

'ဒါပေမယ့် ကုသလေ ဆိုးလေ ဖြစ်နေတယ်၊ ငါ ကုသလို့ အသက်ရှင်သွားတဲ့သူဟာ ငါ့ကို ပြန်ပြီး ရန်မူလာတယ်၊ ကျေးဇူး ကန်းလာတယ်'



'တစ်ခါတုန်းက တစ်ကိုယ်လုံးမှာ ဓါးဒဏ်ရာ ပြည့်နှက်နေ ဘယ်လိုမှ ကယ်လို့ မရနိုင်တော့ဘူးလို့ တွက်ထားတဲ့ လူငယ် ယောက်ကို ငါက သုံးရက်နဲ့ သုံးည မအိပ်ဘဲ ကယ်တင်ကုသခဲ့ ယ်၊ နောက်တော့ သူနဲ့ ငါ အခင်မင်ဆုံး သူငယ်ချင်း ဖြစ်သွားခဲ့ ယ်၊ ဒါပေမယ့် ဒီကောင်ဟာ နောက်ဆုံးမှာတော့ ငါ့နှမလေးကို က်လိုက်တယ်'

'ဒီလူ ဘယ်သူလဲ ဆိုတာ မင်း သိရဲ့လား ဟူကျင်း'

'သူဟာ ဒီနေ့ သိုင်းလောကမှာ နာမည်ကြီး အထက်လမ်း ကြီးတစ်ဂိုဏ်းရဲ့ ခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်နေတယ်ကွ'

ဟူကျင်းသည် ဟိုချင်း၏ မျက်နှာပေါ်တွင် နာကျည်း ဆွေး သော အရိပ်အယောင်များ ထင်ဟပ်နေသဖြင့် လွန်စွာ စိတ် က်နေမှန်း သိလိုက်လေ၏။ ဟိုချင်း အပေါ်တွင်လည်း လွန်စွာ သွားမိ၏။ သူ့စိတ်ထဲမှလည်း...

'ခြေဉ့်.., လက်စသတ်တော့ သူဟာ ဒီလို အဖြစ်မျိုးနဲ့ ကြုံခဲ့ ပြီး၊ ဒါကြောင့်လဲ အင်မတန် ထူးဆန်းတဲ့ နားလည်ရ ခက်ခဲတဲ့ အမျိုး သူ့ရင်ထဲမှာကိန်းအောင်းနေတာပဲ' ဟု ရေရွတ်မိ၏။ ဟူကျင်းက...

'အဲဒီ ကျေးဇူးကန်းတဲ့ လူက ဘယ်သူလဲ၊ ဆရာကြီး ခဲ့လို့ သူ့ကို သွားပြီး ကာလဲ့စားမချေရတာလဲ' ဟု ကော ကာ မေးလိုက်၏။ ဟိုချင်းက အံတစ်ချက်ကြိတ်ပြီးနောက်...

www.burmeseclassic.com

www.burmeseclassic.com



'ငါ့နှမလေး သေခါနီးမှာ ငါ့ကို ကတိ တစ်ခုတောင်းခဲ့တ
ကွာ၊ အဲဒီ ကတိသစ္စာက ဘာလဲဆိုတော့ ဘယ်တော့မှ အဲဒီလူ
သွားပြီး ကလဲ့စားမချေရဘူးတဲ့၊ ဒါတင် မကသေးပါဘူးကွာ၊ တက
လို့ သူ ဒုက္ခရောက်နေရင်တောင် ငါ့ကို သွားပြီး ကူညီစိုင်းသေးတ

'အစကတော့ ငါ ဘယ် သဘောတူနိုင်မှာလဲကွ၊ ဒါပေမ
ငါ့နှမလေးက ငါ သဘောမတူရင် သူ အသေဖြောင့်မှာ မဟုတ်ဘူး

'အင်း...ကံဆိုးရှာတဲ့ ငါ့ ညီမလေး၊ သူက သိပ်စိတ်သဘေ
ထားကောင်းလွန်းလို့ ဒီလိုဖြစ်ရတာပါပဲကွာ'

'ဒီတော့ သူသေခါနီး တောင်းဆိုခဲ့တဲ့ ကတိကို ငါ ဘ
မလိုက်လျောဘဲ နေနိုင်မှာလဲကွာ'

ဟိုချင်းသည် စကားအဆုံးတွင် မျက်ရည်ဝဲလာလေ
ဟူကျင်း၏ စိတ်ထဲတွင်မူ ဤသို့ ကောက်ချက်ချမိ၏။

'ဟုတ်ပြီ၊ အဲဒီလူဟာ သူ့ညီမလေးရဲ့ ချစ်သူမဟုတ်ရင်
ပွန်းပဲ ဖြစ်ရမယ်'

ထိုအခါ ဟိုချင်းက ရုတ်တရက် ကျယ်လောင်သော အ
ဖြင့်...

'ဟော့... ဟူကျင်း၊ ဒီနေ့ ငါ ပြောတဲ့ စကားတွေကို တခြ
တွေကို ဘယ်တော့မှ မပြောပါနဲ့၊ ငါ ပြန်ကြားရင် မင်းကို အသေ
အရှင်ခက်ဖြစ်အောင် နှိပ်စက်ပစ်မှာကွ' ဟု ဆိုလေ၏။



ဟူကျင်းက ရုတ်တရက် ဒေါသထွက်ပြီး ပြန်ခံနဲ့ရန် စိတ်
ကူးလိုက်၏။ သို့သော် သူ့စိတ်ကို သူပြန်လျှော့ပြီး ဟိုချင်းအပေါ်တွင်
သနားစိတ်ဝင်လာလေ၏။ သို့နှင့် သူက...

'စိတ်ချပါ ဆရာကြီး၊ ကျွန်တော် ဘယ်သူ့ကိုမှ ပြန်မပြော
ပါဘူး' ဟု ပြောလိုက်လေ၏။

ထိုအခါ ဟိုချင်းသည် ဟူကျင်း၏ခေါင်းကို ရုတ်တရက်
ပုတ်သပ်ပြီး သက်ပြင်းချလျက် ဆိုလေ၏။

'သြော်... သနားစရာကောင်းလိုက်တဲ့ ကလေးရယ်'

ထို့နောက်တွင်မူ ဟိုချင်းသည် အတွင်းဘက်အခန်းထဲသို့
ဝင်သွားလေတော့၏။

✣ ✣ ✣ ✣ ✣

ထိုနောက်ပိုင်းမှ စ၍ ဟိုချင်းနှင့် ဟူကျင်းတို့ နှစ်ဦးသည်
ခင်မင်သွားကြလေတော့၏။ အားလပ်သော အချိန်တိုင်းတွင်
ချင်းက ဟူကျင်းအား အပ်စိုက်ထိုးနည်း ပညာကို သင်ကြား
၏။ ထို့ပြင် အခြားခက်ခဲနက်နဲသော ဆေးပညာများကိုလည်း
ကြားပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ဉာဏ်ရည့်ကောင်း၍ အလွန်လည်း စိတ်ပါဝင်စားသဖြင့် ဟိုချင်း သင်ပေးသမျှကို တိုတောင်းသော အချိန်အတွင်း လက်ခံတတ်မြောက်လာသော အခြေအနေ ရှိလာလေ၏။ တစ်နေ့တွင် ဟိုချင်းက သက်ပြင်းချရင်း ဆိုလေ၏။

'မင်းလို ဉာဏ်ရည်မျိုးနဲ့ ငါ့လိုဆရာမျိုး တွေ့ရင် အသက်ငယ်ငယ်လေးနဲ့ တကယ့် သမားတော်ကြီး ဖြစ်လာနိုင်တယ်၊ ဒါပေမယ့် နမြောစရာ ကောင်းလိုက်တာ'

ဟိုချင်း ဆိုလိုသည့် သဘောမှာ ဟူကျင်းသည် သက်ဆိုးမရှည်နိုင်သူ ဖြစ်၍ ဤပညာများအားလုံးကို တတ်သည့်တိုင် အကျိုးမထူး ဟု ဆိုလိုခြင်း ဖြစ်ပါ၏။

သည်သို့ဖြင့် ဟူကျင်းသည် ဟိုချင်းနှင့်အတူ လိပ်ပြာကျွန်းတွင် နေထိုင်ခဲ့သည်မှာ နှစ်နှစ်အချိန်မျှ ကျော်လွန်လာခဲ့လေသည်။

ထို နှစ်နှစ်မျှ အချိန် အတွင်းတွင် ချန်ရီသည် ဟူကျင်းထံသို့ လေး ငါးခေါက်မျှ ရောက်လာလေ၏။ သူသည် ကျန်းဆန်းဖုန်းက ဟူကျင်း၏ ကိုယ်တွင်းရှိ အအေးဓာတ်အဆိပ်ကို ၎င်းနေမှန်းသိသဖြင့် လိပ်ပြာကျွန်းတွင် ဆက်လက်နေခိုင်းကြောင်း လုံးဝပျောက်ကင်းမှသာ ပြန်လာရန် ပြောပြလေ၏။

ဟူကျင်းသည် ချန်ရီအား ပြင်ပ လောက၏ အခြေအနေကို မေးကြည့်ရာ ချန်ရီက ဤနှစ်များအတွင်း မွန်ဂိုများသည် ပြည်သူများ



အား မတရားဖိနှိပ်ချုပ်ချယ်လာသဖြင့် ပြည်သူတစ်ရပ်လုံးမှာ ဒုက္ခင်းရဲမှုအပေါင်းကို ခါးစည်းခံနေရကြောင်း၊ အရပ်တကာတွင် ခိုး၊ ဓားပြများ ထကြွသောင်းကျန်းလာကြောင်း၊ တိုင်းပြည်တစ်ခု ကြိမ်မီးအုံးသကဲ့သို့ ဖြစ်နေကြောင်း၊ သိုင်းလောကတစ်ခုလုံး ည်း နဝမည်ကြီးဂိုဏ်းများနှင့် အောက်လမ်းဂိုဏ်းများအကြား ပဋိပက္ခများ တစ်နေ့တစ်ခြား ကြီးမားနေကြောင်း ပြောပြလေသည်။

ချန်ရီသည် နောက်ဆုံးတစ်ခေါက် ရောက်ရှိလာချိန်တွင် ချင်းနှင့်အတူ အတွင်းဘက်အခန်းတွင် စကားအတန်ကြာအောင် နေသည်ကို တွေ့ရသည်။

ညည့်နက်သည့်တိုင် မအိပ်ကြသေးဘဲ ရှိလေ၏။ ဟူကျင်းသည် အံ့ဩသွားပြီး စိတ်ထဲတွင်လည်း..

'ကိုကြီးနဲ့ ဆရာကြီးတို့ ဘာများ အရေးတကြီးကိစ္စရှိလို့ ကြာအောင် စကားပြောနေတာပါလိမ့်၊ သူတို့ ဂိုဏ်းထဲမှာ ပြဿနာပေါ်နေလို့ပါလိမ့်' ဟု တွေးနေမိ၏။

နောက်တစ်နေ့ ချန်ရီပြန်သောအခါ ဟူကျင်းက လိုက်ပို့၏။ ချန်ရီသည် ဟူကျင်းနှင့် ခွဲခွာကာနီး အချိန်တွင် ရုတ်တရက် သ၏။

'ညီလေး...ဟူကျင်း အခု ရက်အတွင်းမှာ ဘကြီးရဲ့ ရန်သူ ဘက်ဟာ ဘကြီးကိုလာပြီး ရန်ရှာစိမ့်မယ်လို့ ငါသတင်း

www.burmeseclassic.com



ရထားတယ်၊ အစတော့ မင်းကို ခဏရှောင်နိုင်းမလို့ ငါ စိတ်ကူးထား တယ်၊ ဒါပေမယ့် အဲဒီ ရန်သူကို သူ လုံးဝ မမှုပါဘူးတဲ့'

'အေးကွာ ဘာပဲဖြစ်ဖြစ် ညီလေး သတိထားနေပါနော်'

ဟူကျင်းက ဆက်လက်၍ သိချင်သဖြင့်...

'ဆရာကြီးရဲ့ ရန်သူက ဘယ်သူလဲ' ဟု မေးလေ၏။

ချန်ရီက...

'ငါလဲ မသိဘူး၊ လမ်းမှာ သတင်းကြားခဲ့လို့ ဘကြီး[illegible] ပြန်ပြောပြတာပဲ၊ ဒါပေမယ့် ဘကြီးက မမှုပါဘူးလို့ ပြောတဲ့နော[illegible] တော့ ဘာမှ ကြောက်စရာ မလိုပါဘူးကွာ' ဟု ဆိုလေ၏။

မှန်ပါသည်။ ဟိုချင်းသည် လုံးဝ အမူအယာ မပြောင်း[illegible] ချေ။ ထို့ပြင် ရင်ဆိုင်ရန်လည်း ပြင်ဆင်ထားသည်ကို မမြင်ရ[illegible]

ဤသို့နှင့်ပင် ခုနစ်ရက်မျှ ကျော်လာလေ၏။ ဤရက်[illegible] အတွင်း ဟိုချင်း၏ ရန်သူကြီး ရောက်လာရန် မဆိုထားနှင့် အ[illegible] အနားရှိ ရွာသူရွာသားများပင်လျှင် ဆေးကုသရန် လာသည်[illegible] မတွေ့ရပေ။

ဤနေ့တွင် ဟူကျင်းသည် ဆေးကျမ်းတစ်ကျမ်းကို ကြိုး[illegible] ပမ်းစား ဖတ်ရင်းမှ မူးနောက်နောက် ဖြစ်လာသဖြင့် သူ့အခန်းထဲ[illegible] ဝင်၍ အိပ်စက်နေလိုက်၏။



နောက်တစ်နေ့ အိပ်ယာမှ နိုးသောအခါ သူ့ခေါင်းမှာ [illegible]နစ်စွာ ကိုက်နေသဖြင့် ဆေးသောက်ရန် အခန်းအပြင်ဘက်သို့ [illegible]က်လိုက်၏။ ထိုအခါ နေဝင်ရီတရော အချိန်ဖြစ်နေသည်ကို [illegible]တွေ့ရ၏။

ထို့ကြောင့် ဟူကျင်း ထိတ်လန့်သွားလေသည်။ သူ့စိတ်ထဲ [illegible]လည်း...

'ငါ အိပ်တာ သိပ်ကြာသွားပါလား၊ ငါ ဖျားနေပြီထင်တယ်' [illegible] ရေရွတ်ပြီး သူ့သွေးခုန်နှုန်းကို စမ်းကြည့်လိုက်၏။ ထူးခြားခြင်း [illegible] မရှိချေ။

သို့ဖြင့် ဟိုချင်းကို ရှာပြီး အကျိုးအကြောင်း ပြောပြရန် [illegible]ချင်း၏ အခန်းထဲသို့ ဝင်လိုက်၏ သို့သော် ဟိုချင်းကို မတွေ့ [illegible]ချေ။

ဟူကျင်းသည် ဤရက်များအတောအတွင်း ဟိုချင်း၏ [illegible]သူတော်ကြီး ရောက်လာမည်ကို ရင်တမမဖြင့် စောင့်နေရချိန် [illegible]၍ ယခုကဲ့သို့ ဟိုချင်းကို ရုတ်တရက် မတွေ့ရသောအခါ ထိတ် [illegible]သွားပြီး အပြင်ဘက်သို့ ပြေးထွက်၍ ရှာဖွေ ကြည့်လိုက်၏။

အပြင်ဘက်တွင် ဆေးပင်များကို ရေလောင်းနေသော [illegible]တ်တစ်ယောက်ကို တွေ့၍ သူက...

'ဆရာကြီးကောကွ' ဟု မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်လေးက...

'သူ့ အခန်းထဲမှာပဲ မဟုတ်လား၊ စောစောကတော့ ကျွန်တော် လက်ဖက်ရည်ကြမ်း သွားပို့ပေးလိုက်ပါသေးတယ်' ဟု ခပ်အေးအေးပင် ပြန်ပြော၏။

ဟူကျင်းက တစ်ချက်မျှကြောင်သွားပြီး ရယ်မောလျက်...

'အေး... ဟုတ်သားပဲ၊ ငါက သူ့အခန်းထဲ အရင် မရှာဘဲ အပြင်ဘက်မှာသာ ရှာနေမိတာကိုး' ဟု ပြောပြီး ဟိုချင်း၏ အတွင်းခန်းဘက်သို့ လျှောက်သွား၏။

အခန်းဝသို့ ရောက်သောအခါ အခန်းတံခါး ပိတ်ထားသည်ကိုသာ တွေ့ရသဖြင့် ချောင်းတစ်ချက် ဟန့်၍...

'ဆရာကြီး' ဟု အသံပြုလိုက်လေသည်။

ထိုအခါ အခန်းတွင်းမှ ဟိုချင်းက...

'ဟူကျင်းရေ... ဒီနေ့ နေဆိုင်မကောင်းဘူးကွယ်၊ မင်းဖာသာပဲ ဆေးကျမ်းတွေ ဖတ်နေပေတော့' ဟု ဆိုလေ၏။

ဟူကျင်းက...

'ဟုတ်ကဲ့ ဆရာကြီး' ဟု ရိုသေစွာ ပြောပြီးနောက် ဟိုချင်း၏ ရောဂါကို စိုးရိမ်သဖြင့်...

'ဆရာကြီး ခင်ဗျား... ကျွန်တော် ဘာဆေးစပ်ပေးရမလဲ' ဟု မေးလိုက်လေ၏။



ထိုအခါ ဟိုချင်း၏ အသံက အတွင်းခန်းမှ ကွဲအက်စွာ ထွက်ပေါ်လာလေသည်။

'မလိုပါဘူး ဟူကျင်းရေ၊ ငါ ဆေးစားထားပြီးပြီ'

✢ ✢ ✢ ✢ ✢

ထိုနေ့ညတွင် ဖြစ်သည်။

အိမ်ဖော်လေး တစ်ယောက်သည် သူ့မားတော်ကြီး ဟိုချင်းအတွက် ထမင်း ဟင်းလျာများ အခန်းတွင်းသို့ ယူသွားစဉ် ဟူကျင်း[illegible] လိုက်သွားလေသည်။

ထိုအခါ ဟိုချင်း၏ မျက်နှာတစ်ခုလုံး အားယုတ်လျက် နွမ်း[illegible]ယ်နေသည်ကို တွေ့ရပြီး အိပ်ရာထက်တွင် ငြိမ်သက်စွာ လဲလျောင်း[illegible]နေသည်ကိုပါ မြင်ရလေ၏။

ဟူကျင်း၏ စိတ်ထဲတွင်...

'ငါ မနေ့ညက အိမ်မောကျနေတုန်းမှာ ရန်သူကြီး ရုတ်တ[illegible]က် ရောက်လာပြီး ဆရာကြီး ဟိုချင်းကို ရန်ပြုလိမ့်မယ်၊ ဆရာကြီး [illegible]ိုချင်းက နောက်ဆုံးမှာ ရန်သူကြီးကို မောင်းထုတ်နိုင်ခဲ့ပေမယ့် [illegible]ကိုယ်တိုင်လဲ ဒဏ်ရာရသွားတာ ဖြစ်လိမ့်မယ်' ဟု တွေးထင်မိ[illegible]လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင်ပင် ဟိုချင်းက သူ့အားလက်ယမ်းပြပြီး အခန်းထဲမှ ထွက်သွားရန် ပြောလေ၏။

'ဟူကျင်း ဒီအခန်းထဲက မင်းအမြန်ဆုံးထွက်သွားပါ၊ ငါဘာရောဂါ ရနေတယ်ဆိုတာ မင်းသိရဲ့လား၊ ငါ ကျောက်ရောဂါ ရနေတယ်ကွ'

ဟူကျင်း ထိတ်ထိတ်ပြာပြာ အမူအရာဖြင့် ဟိုချင်း၏ မျက်နှာကို ကြည့်လိုက်၏။ မှန်ပါသည်။ ဟိုချင်း၏ မျက်နှာတစ်ပြင်လုံးတွင် အနီစက်လေးများ ပြည့်နှက်နေလေပြီ ဖြစ်ပါ၏။

ဟူကျင်းသည် ရုတ်တရက် ထိတ်လန့်သွားသော်လည်း ဟိုချင်းကဲ့သို့ သမားတော်ကြီး တစ်ယောက်က ဤလို ရောဂါမျိုးကို ကြောက်စရာ အလျင်းမရှိ။ ပြီး ဟိုချင်းသည် ရန်သူ့ကြောင့် ဖြစ်ရသည်ကို မဟုတ်မှန်းသိသော် လွန်စွာ ဝမ်းသာသွားလေ၏။ ဟိုချင်းက ဆက်၍...

'မင်းနဲ့ အိမ်ဖော်လေးတွေ နောက်တစ်ခါ ငါ့ အခန်းထဲ ဝင်မလာနဲ့တော့၊ ငါ သုံးပြီးတဲ့ ပန်းကန်ခွက်ယောက်၊ အဝတ်အစားတွေအားလုံးကိုလည်း ရေနွေးနှင့် သန့်စင်အောင် ဆေးပစ်လိုက်ပါ၊ အင်း...ဟူကျင်း ဒီလိုလုပ်ပါလား၊ မင်း ဒီလိပ်ပြာကုန်းကနေ လဝက်လောက် အပြင်ကို ခဏထွက်သွားပါလား၊ ဒါမှ မဟုတ်ရင် ငါ့ရဲ့ရောဂါက မင်းကို ကူးစက်သွားလိမ့်မယ်'



ဟူကျင်းက ချက်ချင်းပင်...

'မလိုပါဘူး ဆရာကြီး၊ ဆရာကြီး အခုလို ရောဂါ ရနေတဲ့ချိန်မှာ ကျွန်တော်က ရှောင်တိမ်းသွားရင် ဘယ်သူက ဆရာကြီးကို မှာလဲ၊ ကျွန်တော်ကမှ အနည်းနဲ့အများ ဆိုသလို ဆေးပညာတက် တတ်ထားသေးတယ်' ဟု ပြန်ပြောလေ၏။

ဟိုချင်းသည် ဟူကျင်းအား ထွက်ခွာသွားရန် အတန်တန် ပြောသော်လည်း ဟူကျင်းက လုံးဝ လက်မခံသည့် အဆုံးတွင်...

'ကောင်းပြီ၊ [illegible]း ဒီနေ့ ဒီအချိန်က စပြီး ငါ့အခန်းထဲကို း၀ မဝင်လာပါနဲ့' ဟူ၍သာ ပြောရလေတော့၏။

ဤသို့ဖြင့် လေးငါးရက်ခန့် ကြာလာခဲ့၏။'

ဤနေ့တွင် ဟူကျင်းသည် ဆေးကျမ်းစာအုပ်တစ်အုပ်ကို တ်ဝင်တစားဖြင့် ဖတ်ရှုနေစဉ် မြင်းခွာသံများကို ရုတ်တရက် ကြားလေ၏။ မြင်းခွာသံများသည် လူတချို့ လိပ်ပြာကုန်းဘက်ဆီသို့ တည်လာနေကြောင်း အချက်ပြသကဲ့သို့ ပေါ်ထွက်နေလေ၏။ ကျင်းက ဆေးကျမ်းစာအုပ်ကို ပိတ်၍ မတ်တတ်ထရပ်လိုက်၏။ စိတ်ထဲတွင်...

'ဒီနှစ်တွေမှာ လိပ်ပြာကုန်းကို ညေ့်သည်အရောက်အပေါက် တော်နည်းတာပဲ၊ ဒါ အစ်ကိုကြီး ချန်ရှီကလွဲရင် လာတဲ့ လူတွေ ရှိသလောက်ပါပဲ၊ အခုလာတဲ့လူတွေက ဆရာကြီးရဲ့ ရန်သူ များလား'



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးဖြင့် ဟိုချင်းသည် အတွင်းခန်းသို့ ပြေးဝင်သွား ပြီး ဟိုချင်းအား 'ဆရာကြီး... မြင်းခွာသံတွေ ကြားရတယ်၊ ဘယ်သူ လဲမလဲ' ဟု မေးလိုက်၏။

ဟိုချင်းက 'အင်း' ဟူ၍သာ သက်ပြင်းချပြီး စကား မပြောချေ။ ထိုစဉ် မြင်းများလည်း တဲအိမ်ရှေ့သို့ ရောက်လာကြ ဖြစ်ပါ၏။ မြင်းထက်မှ လူတစ်ယောက်က...

'ကျုပ်တို့ ဆရာကြီး ဟိုချင်းနဲ့ တွေ့ချင်ပါတယ်၊ ဆရာ ဟိုချင်း ခင်ဗျား... ကျေးဇူးပြုပြီး ကျွန်တော်တို့ကို ဆေးဝါးကု ပေးပါ' ဟု အော်ပြောလေ၏။

ဟူကျင်းလည်း ထိုစကားကို ကြားတော့မှပင် ရင်အေးသွား တော့၏။ သူက အိမ်ရှေ့သို့ ထွက်ကြည့်လိုက်ရာ မျက်နှာမည်းမည်း နဲ့ လူတစ်ယောက်က မြင်းဖက်ကြိုး သုံးချောင်း ကိုင်ထားသည်ကို တွေ့ရပြီး လူနှစ်ယောက်ကမူ မြင်းနှစ်ကောင်၏ ခကျောထက်တွင် လိုက်ပါလာ၏။ သူတို့၏ အင်္ကျီများတွင်လည်း သွေးများဖြင့် နီရဲ နေ သည်ကို တွေ့လိုက်ရလေ၏။ မြင်းကြိုးကို ကိုင်ထားသော မျက်နှာ မည်းမည်းနှင့်လူက...

'ကျုပ်တို့ ခရီးဝေးက လာရတာပါ'

ဟူကျင်းက...





'ဆရာကြီးက တကယ့်ကို ကျော်ကြားရောက် ရှိနေလို့ နောင် ကြီးတို့ကို မကုနိုင်တာပါ' ဟုဆို၏။

ထိုအခါ မျက်နှာမည်းနှင့်လူကပင်...

'ကျုပ်တို့ သုံးယောက်က ဆရာကြီး ကယ်မှ အသက်ရှင် မှာပါ၊ ဒီတော့ ညီလေးက ဆရာကြီးကို အရ သွားမေးကြည့်လိုက် ဦး၊ ဆရာကြီးရဲ့ သဘောထားကို သိချင်လှပါတယ်' ဟု တောင်း ပန်သံနှင့် ဆိုနေပြန်သည်။

ထိုအခါ ဟူကျင်းက...

'ဒီလိုဆိုရင် နောင်ကြီးရဲ့ နာမည်ကို သိပါရစေ'

'ကျုပ်နာမည်ကိုတော့ မပြောပါရစေနဲ့၊ ကျုပ်ကတော့ ဆန်းကိုဏ်းက ဂိုဏ်းချုပ်ကြီးရဲ့ တပည့်တွေပါ'

ထိုလူသည် စကားအဆုံးတွင် ဝေါကနဲ့ သွေးတစ်ချက် အန် ထွက်လာလေသည်။ ကျန်းဟူကျင်းက သူ့အနားသို့ လျှင်မြန်စွာ သွား ပြီး သူ၏ရင်ဘတ်နှင့် နောက်ကျောရှိ အကြောခြောက်ခုကို ပိတ်ပေး လိုက်၏။ ထိုအခါကျမှပင် ထိုလူ၏ရင်ဘတ်တွင် ဗလောင်ဆူနေ သော သွေးများပြန်၍ ငြိမ်သက်သွားတော့သည်။

ထိုလူလည်း ဟူကျင်းမှာ ဤအသက်အရွယ်နှင့် ဤရွေ့ လောက် အစွမ်းအစရှိသည်ကို တွေ့သော် လွန်စွာအံ့ဩသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဟူကျင်းသည် ဟိုချင်း၏ အခန်းရှေ့သို့ ရောက်သွားဖြစ်၏။

ဟူကျင်းသည် တံခါးပေါက်ရှေ့မှနေ၍ ဟိုချင်းအား...

'ဆရာကြီးခင်ဗျား... သူတို့တွေက ဝါဆန်းဂိုဏ်းက လူတွေပါ၊ ဆရာကြီးကို ရောဂါကုခိုင်းမလို့တဲ့' ဟု လှမ်းအော်ပြော၏။

ဟိုချင်းကလည်း အခန်းထဲမှနေ၍ ပြန်အော်၏။

'မကုဘူး၊ ဒီကောင်တွေကို ခုချက်ချင်း ထွက်သွားခိုင်း'

ဟူကျင်းက ထိုလူများဆီသို့ ပြေးရပြန်၏။

ထို့နောက် သမားတော်ကြီး ဟိုချင်းက လုံးဝ မကုသပေးကြောင်း ပြောပြလေ၏။ ထိုသူ သုံးယောက်အနက် မျက်နှာမည်းမည်းနှင့်လူက ထပ်မံတောင်းပန်ရန် ပြုလေ၏။ ထိုစဉ် သူ့နံဘေးနားမြင်းပေါ်တွင် လဲနေသော လူတစ်ယောက်က လက်ကို ရုတ်တရက်ဝှေ့ယမ်းလိုက်၏။

ထိုအခါ ရွှေရောင် တစ်ချက်ဝင်းလက်သွားပြီး တံခါးဘောင်ဆီသို့ 'ထောက်'ကနဲ ဟု လျှို့ဝှက်လက်နက် တစ်ခု လာရောက်စိုက်လေ၏။

ထိုလူက...



'ဒီလျှို့ဝှက်လက်နက်ကို ယူပြီး မင်းဆရာကြီးကို ပေးလိုက်ပါ၊ ငါတို့ဟာ ရွှေပန်းပွင့်ဘွားဘွားရဲ့ လက်ချက်ကြောင့် အခုလို ဖြစ်လာရတာပါ၊ အဲဒီ ရွှေပန်းပွင့်ဘွားဘွားက အခု မင်းဆရာကို ရှာရှာနေပြီ၊ ဒါကြောင့် မှ[illegible]ရာက ငါတို့ကို ပျောက်အောင် ကုသပေးရင် ငါတို့ သုံးယောက်စလုံး ဒီမှာပဲနေပြီး သူ့ရန်သူကို ဝိုင်းဝန်း တိုက်ခိုက်ပေးမယ်လို့ ပြောလိုက်ပါ'

ဟူကျင်းက တံခါးဘောင်တွင် စိုက်နေသောလျှို့ဝှက်လက်နက်ကို ကြည့်လိုက်ရာ ကြယ်ပွင့် သဏ္ဍာန် ပန်းပွင့်ပမာ ရွှေရောင်လျှို့ဝှက်လက်နက်ဖြစ်သည်ကို တွေ့ရ၏။ ဟူကျင်းက ယင်းလက်နက်ကို သံညှပ်ဖြင့် ဆွဲနှုတ်ယူလိုက်ပြီး ဟိုချင်း၏အခန်းသို့ သုတ်ကယက် သွားရပြန်၏။ ပြီးလျှင် ဟိုချင်းအား စောစောက စကားကို ပြန်ပြောပြ၏။ ထိုအခါ ဟိုချင်းက...

'ငါ့ကို အဲဒီလက်နက် ပြစမ်း' ဟုဆိုသဖြင့် ဟူကျင်းက တံခါးဆီးကို အသာလှစ်၍ လျှို့ဝှက်လက်နက်ကို ပစ်ပေးလိုက်၏။

ထိုအချိန်တွင် ဟိုချင်းသည် သူ့မျက်နှာကို ပဝါနက်ဖြင့် အုပ်ထားသည်ကို တွေ့ရသည်။

ဟူကျင်းက အပြင်ဘက်တွင်ရပ်၍ စောင့်နေစဉ် ဟိုချင်းက...

'ဒီလူသုံးယောက်ရဲ့ သေရေးရှင်ရေးက ငါနဲ့ ဘာမှမဆိုင်ဘူး ငါ့ရဲ့ သေရေးရှင်ရေးကိုလဲ သူတို့ စိုးရိမ်ပေးဖို့ မလိုဘူး' ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးလျှင် ခန်းဆီးကို ထွင်းဖောက်၍ လျှို့ဝှက်လက်နက်ကို အပြင်ဘက်သို့ ဖောင်းခနဲ ပြန်ပစ်ပေးလေ၏။

ဤရွှေပန်းလက်နက်မှာ လွန်စွာ ထက်မြသော်လည်း ခန်းဆီးပိတ်မှာ ပျော့ပျောင်းလွန်းသဖြင့် ဤသို့ဖောက်ထွက်ပြီး အဝေးသို့ ရောက်အောင် ပစ်နိုင်ရန် ခက်ခဲလှ၏။

ယခု ဟိုချင်းက အလွယ်တကူ ထွင်းဖောက် ပစ်လွှတ်နိုင်သည်ကို မြင်သော် ဟူကျင်း အံ့သြသွား၏။

'အင်း... လက်စသတ်တော့ ဒီသမားတော်ကြီးလည်း သိုင်းပညာ ကောင်းကောင်းတတ်တာကိုး' ဟု မှတ်ချက်ချမိလေ၏။

ထို့နောက် ဟူကျင်းသည် ထို ရွှေပန်းလျှို့ဝှက်လက်နက်ကို ယူ၍ အပြင်ဘက်သို့ ထွက်လာရပြန်၏။ သူသည် ရွှေပန်းလက်နက်ကို ထိုလူအားပြန်ပေးရင်း...

'ဆရာကြီးက တကယ့်ကို ရောဂါ အပြင်းအထန် ခံစားနေရလို့'

သူ့စကား မဆုံးမီမှာပင် မြင်းလှည်းဘီးလိမ့်သံများ ကြားလိုက်ရပြန်၏။ ဟူကျင်း လှည့်ကြည့်လိုက်ချိန်တွင် မြင်းလှည်းလည်း သူ့အနားသို့ ဆိုက်ရောက်လာတော့၏။

ထိုအခါ မျက်နှာတစ်ခုလုံးဝါထိန်နေသော လူငယ် တစ်ယောက်က ထိပ်ပြောင်နေသော လူကြီးတစ်ယောက်ကို ပွေ့ချီ မြင်းလှည်းပေါ်မှ ဆင်းလာပြီး ဟူကျင်းအား...



'ဆရာကြီး ဟိုချင်း ရှိပါသလား၊ ခုတုံ့ဂိုဏ်းက ကျန်ကျက်က ဆရာကြီးကို ဆေးကုသပေးဖို့ အကူအညီ လာတောင်း...'

စကားမဆုံးမီပင် ထိုလူငယ်သည် ပွေ့ချီလာသော လူကြီးနှင့်အတူ မြေပေါ်သို့ ရုတ်တရက် လဲကျသွားလေ၏။ မှန်သည်။ ဤလူနှစ်ယောက်သည်လည်း ဒဏ်ရာကိုယ်စီ ရရှိထားကြသည် ဟုတ်ပါလား။ ထိုအချိန်မှာပင် လူ လေးငါးခြောက်ယောက်ခန့်သည် တစ်ယောက်ကို တစ်ယောက်တွဲ၍ တောင်ထိပ်ဆီသို့ လျှောက်တက်လာကြသည်ကို တွေ့ရ၏။

ဟူကျင်းသည် ဤမျှ များပြားလှသော ဒဏ်ရာရထားသူများကို တွေ့သော် မျက်မှောင်ကြုတ်လျက် အံ့သြနေမိ၏။ ထို့နောက် သူက လှမ်း၍ အော်ပြောလေ၏။

'ဆရာကြီး ဟိုချင်းက ကျောက်ရောဂါ ခံစားနေရလို့ ခင်ဗျားတို့ကို လုံးဝ မကုသပေးနိုင်ပါဘူး၊ ခင်ဗျားတို့ အချိန်ရှိတုန်း ဒီမြင် သမားတော်ကို အမြန်ဆုံး သွားရှာကြပါ'

ဟူကျင်းသည် ထိုသို့ အော်ပြောရင်း နောက်ထပ် ရောက်လာသော ထိုလူ လေးငါးခြောက်ယောက်ကို ကြည့်လိုက်ရာ ထိုသူအားလုံးသည် တောက်ပြောင်သော ဝတ်ကောင်းစားလှများ ဝတ်ထားကြသည်ကို တွေ့ရ၏။ သူတို့သည် ကုန်သည်များ ဖြစ်မည်ဟု ဟူကျင်း ထင်လိုက်မိ၏။ သို့သော် သူတို့၏ မျက်နှာတွင် သွေးဆုတ်

www.burmeseclassic.com

www.burmeseclassic.com



နေပြီး ကိုယ်ပေါ်တွင်မူ ဒဏ်ရာ လုံးဝမရှိပေ။ သူတို့ကို ကြည့်ရသည်မှာ အားလုံး အတွင်းဒဏ်ရာ ရထားကြဟန် တူပါ၏။ ထိုလူ လေးငါးခြောက်ယောက်အနက် ရှေ့ဆုံးမှ ဝဝဖိုင့်ဖိုင့်လူက ခုံးတုံဂိုဏ်းမှ ကျက်နှင့် ရွှေပန်းလျှို့ဝှက်လက်နက်ကို ပစ်လိုက်သောလူကို ခေါင်းညိတ်ကြည့်ရင်း တစ်ယောက်ကို တစ်ယောက် မဲ့ပြုံး ပြုံးလိုက်ကြလေ၏။

သူတို့ သုံးယောက်မှာ သိကျွမ်းကြသူများ ဖြစ်ဟန်တူ၏။ ဟူကျင်းက အံ့သြသံဖြင့်...

'ခင်ဗျားတို့ကလဲ ရွှေပန်းပွင့်ဘွားဘွားရဲ့ လက်ချက်ဒဏ်ရာရလာကြတာပဲလား' ဟု မေးလိုက်၏။

လူဝကြီးက...

'ဟုတ်ပါတယ်' ဟုဖြေပြီး ကျန်ကျက်ဘက်သို့ လှည့်၍

'ဆရာကြီး ဟိုချင်းကို တွေ့ပြီးပြီလား' ဟု မေးလေ၏။

ကျန်ကျက်က ခေါင်းခါလျက်...

'ခင်ဗျားရဲ့ မျက်နှာက ပိုကြီးမယ်ထင်တယ်၊ ခင်ဗျားပဲ သွားဖိတ်ခေါ်ကြည့်ပါလား' ဟု ပြန်ပြော၏။ ဟူကျင်းက ကြားဝင်၍

'ရွှေပန်းပွင့်ဘွားဘွားက ဘယ်သူလဲ၊ ဒီလောက်တောင် ရက်စက်ရသလား' ဟု မေး၏။ ထိုအခါ လူဝကြီးက...



'ညီလေး... ဆရာကြီး ဟိုချင်းကို သွားအကြောင်းကြားပေးပါလား၊ ရက်ဟူရတနာဆိုင်က လန်လောင်ပန်က ဒဏ်ရာကို ကုသပေးဖို့ အနူးအညွတ် တောင်းပန်ပါတယ်လို့'

သူက ဟူကျင်း၏ အမေးကို မဖြေဘဲ ပြောလိုက်ခြင်းပင် ဖြစ်ပါ၏။ ထိုအချိန်တွင် ဦးစွာ ပထမ ရောက်လာသောလူက ဟူကျင်းအား သာမန်ကလေးမဟုတ်မှန်း သိသဖြင့် သူက...

'ညီလေးရဲ့ နာမည်ဘယ်လိုခေါ်သလဲ၊ ဆရာကြီး ဟိုချင်းနဲ့ ဘယ်လို တော်စပ်သလဲ' ဟုမေးလေ၏။ ဟူကျင်းက...

'ကျွန်တော်ကလဲ ဆရာကြီး ဟိုချင်းရဲ့ လူနာတစ်ယောက်ပါပဲ၊ သူက ကျွန်တော့်ကို ကုတာ နှစ်နှစ် ရှိသွားပါပြီ၊ ဒါပေမယ့် မပျောက်သေးပါဘူး၊ ဆရာကြီးက မကုဘူးလို့ပြောရင် ဘယ်တော့မှ ကုမှာ မဟုတ်ဘူး၊ ဒါကြောင့် ခင်ဗျားတို့ ဒီမှာ အချိန်ကုန် ခံနေမယ့်အစား ဒီပြင် သမားတော်ကို သွားရှာကြပါလို့ ကျွန်တော် ပြောတာပေါ့' ဟုပြောလေ၏။

ဟူကျင်း ထိုသို့ ပြောနေစဉ် နောက်ထပ် လူလေးငါးယောက် ရောက်ရှိ လာကြပြန်၏။ ထိုသူများလည်း ဒဏ်ရာ ကိုယ်စီနှင့်ဖြစ်ပြီး ဆရာကြီး ဟိုချင်းထံ ဆေးကုသပေးရန် လာရောက် အကူအညီ တောင်းကြသူများ ဖြစ်လေ၏။

ဟူကျင်းက လွန်စွာအံ့သြသွား၏။ စိတ်ထဲမှာလည်း....

www.burmeseclassic.com

www.burmeseclassic.com



'ဒီလူတွေအားလုံး , လိပ်ပြာကုန်းကို တစ်ပြိုင်တည်း ရောက်လာကြတာဟာ အကြောင်းရှိရမယ်၊ ရွှေပန်းပွင့် ဘွားဘွား ရဲ့ သိုင်းပညာက ဒီလောက်တောင် ကြောက်စရာ ကောင်းတဲ့ နောက်တော့ ဒီလူတွေကို သတ်ချင်ရင် အလွယ်ကလေး သတ်နိုင် တာပဲ၊ ဘာဖြစ်လို့များ အခုလို ဒဏ်ရာရအောင်သာ လုပ်ပြီး ဆရာ ကြီးဆီကို လွှတ်ပြီး ကုခိုင်းရတာလဲ' ဟုတွေးနေမိ၏။

ထိုအချိန်တွင် ဒဏ်ရာရလာသူ အားလုံးသည် တဲအိမ်ရှေ့ တွင်ပင် စုရုံး၍ လဲလျောင်းနေလေ၏။ သူတို့အားလုံးသည် ဟူကျင်း က ထွက်ခွာသွားရန် ပြောသည့်အတိုင်း တစ်ယောက်မှ ထွက်ခွာ မသွားကြပေ၊ အားလုံး ထိုနေရာမှပင် ပေကပ်၍ နေ,နေကြလေ၏။

သို့ဖြင့် ညနေ နေဝင်ရီတရောအချိန်သို့ ရောက်လာလေ၏။ သို့တိုင်အောင် ထိုလူများသည် တစ်ယောက်မျှ ထွက်ခွာသွားခြင်း မပြုဘဲ အိမ်ရှေ့ရှိ ဇရပ်လေးထဲသို့ သွား၍ စုပြုံနေကြပြန်လေ၏။ ဟူကျင်းလည်း ထိုသူများကို အရေးမပြုတော့ဘဲ ဆေးကျမ်းစာအုပ် တစ်အုပ်ကို ထုတ်၍ ဖတ်နေလိုက်၏။

ညဥ့်သန်းခေါင်ယံအချိန်သို့ ရောက်သောအခါ ရုတ်တရက် အပြင်ဘက်မှ ခြေသံများကို ကြားရလေ၏။ ကျန်းဟူကျင်းက ခေါင်းမော့၍ အသံလာရာ မျှော်ကြည့်လိုက်ရာ မိန်းကလေးငယ် တစ်ဦး၏ အသံကို ကြားရလေ၏။



'မေမေ... ဟိုအိမ်မှာ မီးလင်းနေတယ်၊ ရောက်ပြီ မေမေ'

ကလေးမမှာ အသက် လွန်စွာငယ်သေးကြောင်း သိနိုင်၏။ ထိုအခါ နောက်ထပ် မိန်းမတစ်ယောက်၏ အသံကိုပါ ကြားရ ပြန်၏။

'သမီးလေး... မောနေပြီလား'

'သမီး မမောပါဘူးမေမေ၊ သမားတော်ကြီးက မေမေ့ကို ကုပေးလိုက်ရင် မေမေ ပျောက်သွားမှာပါ'

'အင်း... ဒါပေမယ့် သမားတော်ကြီးက မေမေ့ကို ကုပေးပါ့ မလား သမီးရယ်'

ဟူကျင်းက ထိုမိန်းမ၏ စကားသံကို ကြားသည်နှင့် အကြီး အကျယ် တုန်လှုပ်သွားလေ၏။ အကြောင်းမှု...

'အင်း... ဒီမိန်းမရဲ့ အသံကို ငါ ကောင်းကောင်းကြားဖူး ပါတယ်၊ ဒီအသံဟာ ဒေါ်လေး ကျိရှောင်မူရဲ့ အသံပဲ ဖြစ်ရမယ်'

ထိုစဥ် ကလေးမထံမှ 'သမားတော်ကြီးက မေမေ့ကို ကုပေး မှာပါ' ဟု ပြောသံ ကြားရပြီး တစ်ဆက်တည်းတွင်ပင် ထိုမိန်းမထံမှ သက်ပြင်းချသံနှင့် အတူ...

'အော်... ကံဆိုးလှတဲ့ ငါ့သမီးလေးပါလား' ဟု ရေရွတ်သံ ကိုပါ ကြားလိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်ပင် ဟူကျင်းသည် ထိုမိန်းမ၏ အသံမှာ သူ့ အ
လေး ကျိုရှောင်မူ၏ အသံမှန်း အသေအချာ သိသွားလေ
ထို့ကြောင့် သူက ချက်ချင်း အသံပြုလိုက်၏။

'ဒေါ်လေး...ဒေါ်လေးလား'

အပြင်တွင် လရောင် ထိန်ထိန်လင်းနေ၏။ ကျိုရှော
သည် ကလေးမလေးတစ်ယောက်ကို လက်ဆွဲ၍ လရောင်အော
တွင် တဖြည်းဖြည်း လျှောက်လာနေသည်ကို တွေ့ရ၏။
အကြာတွင် ဟူကျင်း ရှိရာအနားသို့ ရောက်လာလေ၏။

ကျိုရှောင်မူသည် ဟူတာန်းတောင်တွင် ကျန်းဟူကျင်း
တွေ့စဉ်က ဟူကျင်းမှာ အသက်ဆယ်နှစ်ခန့်သာ ရှိသေး၏။ ယ
ကျန်းဟူကျင်းမှာ အသက် တစ်ဆယ့်လေးနှစ်ကျော်ပြီ ဖြစ်ရာ
ပေါက် အရွယ်သို့ပင် ရောက်ရှိနေပြီ ဖြစ်၏။ ထို့ကြောင့် ကျိုရှော
သည် ကျန်းဟူကျင်းအား ရုတ်တရက် မမှတ်မိချေ။ သူမသ
တစ်ချက်မျှ ကြောင်သွားပြီး နှုတ်မှလည်း...

'မင်းက... မင်းက...' ဟု အထစ်အငေါ့ ဖြစ်နေလေ၏

ဤတွင် ကျန်းဟူကျင်းက ကျိုရှောင်မူ မမှတ်မိမှန်းသိ

'ဒေါ်လေးက ကျွန်တော့်ကို မမှတ်မိတော့ဘူးလား ကျ
တော်က ကျန်းဟူကျင်းလေ၊ ဟူတာန်းတောင်ပေါ်တုန်းက ကျွန်
အဖေနဲ့အမေ ကိုယ့်ကိုယ်ကို သတ်သေတုန်းကလေ၊ ဒေါ်လေးတော



န်တော့်ကို ဆွဲကြိုးပေးမလို့ လုပ်သေးတာလေ' ဟု အစဖော်
သော်...

ထိုအခါကျမှပင် ကျိုရှောင်မူ၏ နှုတ်မှ 'ဟာ'ခနဲ အာမေဍိတ်
သံ ကြားရ၏။ အမှန်မှု ကျိုရှောင်မူသည် ဤလို နေရာမျိုးတွင်
န်းဟူကျင်းနှင့် တွေ့ဆုံလိမ့်မည်ဟု လုံးဝ အထင်ခဲ့ရုံမက သူမ
သည် ကျန်းဟူကျင်း၏ ပိုက်ကျားတူဦးလေး ချင်လိရှန်၏ ဇနီးလောင်း
ပါလျက် ယခု သမီးလေးတစ်ယောက်ကိုပါ တွဲလာသော အဖြစ်
တွေးမိ၍ ဘယ်သို့ စကားစ,ပြောရမည်မှန်းပင် မသိတော့ချေ။

ထို့ကြောင့် ကျိုရှောင်မူ၏ မျက်နှာဟင်၃လုံးနီရဲသွား၏။
လျှင် ဒဏ်ရာလည်း ရထားသူ ဖြစ်ရာ သူမကို သူမ မဟာန်နိုင်
တဲ့ ယိုင်လဲကျလုလု ဖြစ်သွားလေ၏။ ထိုအခါ သူမ၏ သမီး
းက မိခင် လဲကျတော့မည်ကို မြင်သော် သေးငယ်သော လက်နှစ်
ဖြင့် ဖမ်း၍ ထိန်းပေးရန် ကြိုးစားလေ၏။ သို့သော် ဘယ်မှာ
၍ အကျိုးထိရောက်ပါမည်နည်း။ သို့ဖြင့် ကျန်းဟူကျင်းကပင်
င်မြန်စွာ ဝင်၍ ဖေးထူလိုက်ရလေ၏။ ထို့နောက် ကျန်းဟူကျင်း

'ဒေါ်လေး... အထဲဝင်ပြီး ခဏလောက် အနားယူလိုက်ပါဦး'
ဒိတ်ခေါ်ပြီး သားအမိနှစ်ယောက်ကို အခန်းထဲသို့ ပို့လိုက်
၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုရှောင်မှုသည် လက်မောင်းနှင့် ပုခုံးတွင် ဒဏ်ရာ ရ ထား၏။ ဒဏ်ရာမှာ ဓားဒဏ်ရာဖြစ်၍ အနည်းငယ် ပြင်းထ လေ၏။ ဒဏ်ရာမှ သွေးများလည်း ယိုစိမ့် ထွက်လျက်ရှိ၏။

ပြီးလျှင် ကိုရှောင်မှုသည် တဟွတ်ဟွတ်ဖြင့် ချော အဆက်မပြတ် ဆိုးနေလေ၏။

ကျန်းဟူကျင်းသည် ကိုရှောင်မှု၏ ချောင်းဆိုးသံများ နားထောင်လိုက်သည်နှင့် ကိုရှောင်မှု၏ ဘယ်ဘက်အဆုတ်တွ ပြင်းထန်သော တုန်ခါမှုဒဏ်ကို ခံခဲ့ရကြောင်း သိလိုက်၏။ ထ ကြောင့် သူက...

'ဒေါ်လေးက ဒီပြင်လူနဲ့ လက်ဝါးစောင်းချင်း ယှဉ်ရိုက်ခဲ့ အခုလို အဆုတ်ကြောမှာ ဒဏ်ရာရခဲ့တာပဲ' ဟု ပြောပြီး ငွေအ ချောင်းများကို ထုတ်၍ အပ်စိုက် ကုသပေးလေ၏။

ကိုရှောင်မှုသည် ကျန်းဟူကျင်းက ငွေအပ်ချောင်းမျ ထုတ်ယူစဉ် ဘာလုပ်မည်ဟု မသိသော်လည်း ကျန်းဟူကျင်း သွက်လက်လျင်မြန်ပြီး တိကျမှန်ကန်သော အပ်စိုက်ဟန်ကို တွေ့ သောအခါ သဘောပေါက်သွားလေ၏။

အပ်ချောင်း ခုနစ်ချောင်းမျှ စိုက်ဝင်သွားသည်နှင့် ကိုရှေ မှု၏ ပိတ်နေသော အဆုတ်လေရှူပြွန်မှာ ရုတ်တရက် ပွင့်သွာ



ချွန်စွာ ပေါ့ပါးလန်းဆန်းလာသည်ကို ခံစားလိုက်ရလေ၏။ ကို ရှောင်မှုသည် အံ့ဩ ဝမ်းသာစွာဖြင့် ကျန်းဟူကျင်းအား ဆိုလေ၏။

'လူလေး... မင်း ဒီမှာ ရောက်နေတယ်လို့ ငါ လုံးဝ မထင် ခဲ့မိဘူး၊ အခုတော့ မင်းမှာ အင်မတန် ထူးချွန်ထက်မြက်တဲ့ ပညာပါ လာတာကိုး'

ကျန်းဟူကျင်းလည်း ကြောက်မက်ဖွယ်ကောင်းလှသော ဘာအုပ်တိုက်ပွဲတွင် ကိုရှောင်မှုနှင့် ပတ်သက်သော သံသယ ဖြစ်ဖွယ် စကားများ ကြားခဲ့ရ၍ ကိုရှောင်မှုအပေါ်တွင် သံသယရှိခဲ့ သည် မှန်သော်လည်း ကိုရှောင်မှု၏ မြင့်မြတ်သော၊ သနားကြင်နာ တတ်သော စိတ်စေတနာကိုပါ တွေ့ခဲ့ရ၍ ကိုရှောင်မှုအပေါ်တွင် သားလေးစားစား ချစ်ခင်ရင်းနှီးခဲ့၏။

ယခုတဖန် ကိုရှောင်မှုနှင့်အတူ ချစ်စဖွယ်ကောင်းသော မိန်းလေးကိုပါ တွေ့ရသောအခါ စိတ်ထဲမှ ဘယ်သို့ ခံစားရမှန်း သိအောင် ဖြစ်သွားလေ၏။

ထိုစဉ် ကလေးမလေးက ကိုရှောင်မှု၏ နား နားသို့ ကပ်၍ းတိုးမေးလေ၏။

'မေမေ... သူက သမားတော်ကြီးလား ဟင်၊ မေမေ့ကို ကုပေးမလို့လား မေမေ'

www.burmeseclassic.com

www.burmeseclassic.com



ကျိုရှောင်မှုသည် ကျန်းဟူကျင်းရှေ့တွင် သမီးလေးက သူ့ကို မေမေ ဟု ခေါ်လိုက်သဖြင့် မျက်နှာနီရဲသွားပြန်၏။

သို့သော် ဤအခြေအနေရောက်မှတော့ ဘယ်လိုမျှ မဖုံး ကွယ်တတ်သဖြင့် မျက်နှာထားရှိုးတိုးရှုန်းတန်းနှင့်ပင် ကလေး လေးအား...

'ဒါက မင်းရဲ့ အစ်ကိုလေး...ဟူကျင်းတဲ့၊ သူ့အဖေ အမေနှင့် သုံ့ငယ်ချင်း' ဟု မိတ်ဆက်ပေးရှာလေ၏။

ထို့နောက် ကျန်းဟူကျင်းဘက်သို့ လှည့်၍ လေသံတိုး တိုးဖြင့်...

'ဟူကျင်း... သူက ရန့်ဝေတဲ့'

ကျန်းဟူကျင်းက ရယ်မောလျက်...

'ဟန်ကျလိုက်တာ ဒေါ်လေးရယ်၊ ကျွန်တော့်မှာ ညီမလေး တစ်ယောက် တိုးလာတာပေါ့' ဟု ဆိုလေ၏။

ကျိုရှောင်မှုသည် ကျန်းဟူကျင်း၏ မျက်နှာတွင် မိမိအ အထင်သေးသော ကဲ့ရဲ့သော အမူအရာ အလျင်း မရှိသည်ကို တွေ့ သဖြင့် စိတ်သက်သာသွား၏။ သမီးဖြစ်သူအား...

'သမီး၊ မင်းရဲ့ အစ်ကိုလေးက သိမ်မွေ့တော်တာကွယ်၊ အ မေမေ့ ဒဏ်ရာ မနာတော့ဘူး သမီး' ဟု ဆို၏။



ထိုအခါ ရန်ဝေသည် ဝိုင်းစက်သော မျက်လုံးဖြင့် ကျန်းဟူ ကျင်းအား ကြည့်နေရင်းမှ ရုတ်တရက် ကျန်းဟူကျင်းအား ခုန်အုပ်၍ း ကို တစ်ချက် နမ်းလိုက်လေ၏။ ကျိုရှောင်မှုက..

'ဟဲ့...သမီး၊ ဒီလိုမလုပ်နဲ့၊ အစ်ကိုလေး ဟူကျင်းက သဘော ကျဘူး' ဟု လှမ်းပြောသော် ရန်ဝေက မျက်လုံးပြူးလျက် အမလည်ဟန်ဖြင့်...

'ဟင်... အစ်ကိုလေးက ကျွန်မကို သဘောမကျဘူး ဟုတ် လား၊ ဘာဖြစ်လို့လဲ' ဟု မေးလေ၏။

ကျန်းဟူကျင်းက ရယ်ရင်း...

'အစ်ကိုက ညီမလေးကို သဘောကျပါတယ်' ဟု ဆိုလေ ၏။ ထိုစကားကို ကြားသော် ရန်ဝေက ဝမ်းသာစွာဖြင့် လက်ခုပ် တက်ဝါးတီးကာ ခုန်ပေါက် မြူးထူးနေလေတော့၏။

ကျန်းဟူကျင်းသည် သွက်လက်ချက်ချာ ချစ်စရာကောင်း သော ညီမလေးတစ်ယောက်ကို တွေ့ရသဖြင့် လွန်စွာဝမ်းသာနေ၏။ ဘဝတစ်လျှောက်တွင် သူနှင့် သိကျွမ်းခဲ့သော လူအားလုံးမှာ ကြီးတွေချည်းပင် မဟုတ်ပါလား။ သူစိတ်ထဲတွင်...

'ငါ့မှာ တကယ့်ကို ဒီလို ချစ်စရာကောင်းတဲ့ ညီမလေးတစ် ယောက် ရခဲ့ရင် ဘယ်လောက်ကောင်းမလဲ' ဟုလည်း တွေးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်းသည် ယခုအချိန်တွင် အသက် တစ်ဆ
လေးနှစ်ခန့်သာရှိသေး၍ ကလေးစိတ် မကုန်သေးပေ၊ သို့သေ
သူသည် သူ့ဘဝတစ်လျှောက်တွင် လူကြီးများနှင့်သာ ပေါင်းသ
ဆက်ဆံ လာခဲ့ရသဖြင့် အခြားကလေးများကဲ့သို့ မဟုတ်
လူကြီးစိတ်ပါ ရောနှောနေလေ၏။

ကျိုရှောင်မူသည် အပြင်ဘက်တွင် ဒဏ်ရာ ကိုယ်စီ
လဲလျောင်းနေသော လူနာများကို တွေ့ရသဖြင့် ကျန်းဟူကျင်းအာ
'ဒီလူတွေက ဒေါ်လေးထက် စောပြီး ရောက်လာ
ဆိုတော့ သူတို့ကို ဦးစားပေးပြီး ကုပေးလိုက်ပါဦး၊အခု ဒေါ်လေး
အတော်ကို သက်သာသွားပါပြီ' ဟု ဆို၏။

ကျန်းဟူကျင်းက...

'သူတို့က ဆရာကြီး ဟိုချင်းကို လာကုသနိုင်းတာ
ဒါပေမယ့် ဆရာကြီးက ရောဂါဝေဒနာ ခံစားနေရလို့ သူတို့ကို က
မပေးနိုင်ဘူး၊ ဒါတောင် သူတို့ ထွက်မသွားကြဘဲ ဒီမှာပဲ ပေ
နေကြတာပါ၊ ဒေါ်လေးကသာ ကျွန်တော်ကို ယုံရင် ကျွန်
တတ်သလောက်မှတ်သလောက်နဲ့ ဒေါ်လေးကို ကုသပေးပါမ

ကျိုရှောင်မူသည် သမားတော်ကြီး ဟိုချင်း၏ သတင်
ကြားဘူးပြီးဖြစ်၏။ ဤပုဂ္ဂိုလ်သည် လွန်စွာ စိတ်နေသဘော
ထူးဆန်း၏။ သူက မကုဟုဆိုလျှင် လှည့်၍မျှပင် မကြည့်





ခုလည်း ဤလူနာများကိုကုသမပေးဘဲနေသည့်နောက် မိမိကို
လည်း ဟိုချင်းက ကုသပေးမည် မဟုတ်မှန်း သိ၏။ ထိုသို့ရှိစဉ်
ကျိုရှောင်မူသည် ကျန်းဟူကျင်း၏ အပ်စိုက်ပညာကို တွေ့သော်
ယုံကြည်စိတ်ရှိသွားလေ၏။ သို့ဖြင့် ကျိုရှောင်မူက ကျန်းဟူကျင်း
အား...

'ဒီလိုဆိုလဲ မင်းကိုပဲ ကျေးဇူးတင်ရမှာပေါ့၊ သမားတော်
ကြီးက မကုပေးရင် သမားတော်လေးကပဲ ကုပေးရမှာပေါ့' ဟု
ဆိုလေ၏။ ကျန်းဟူကျင်းသည် ကျိုရှောင်မူအား လူနာခန်းသို့ ခေါ်
သွားပြီး ဒဏ်ရာကို ကြည့်လိုက်၏။ ကျိုရှောင်မူ၏ဒဏ်ရာမှာ အရိုး
ပြုတ်နေပြီး တစ်နေရာတွင်မူ အရိုးပင် ကြေမွနေလေ၏။ ဤသို့
အရိုးကြေသော ဒဏ်ရာကို ကုသရန်မှာ တကယ်တော့ မလွယ်ကူ
လှပေ။ အထူးသဖြင့် အခြားသော သမားတော်များအဖို့ ပို၍ လွယ်
ကူမည် မဟုတ်ပေ။ သို့သော် ဤလိပ်ပြာကုန်းတွင် ရောက်ရှိနေသော
ဟိုချင်း သမားတော်ကြီး၏ တပည့်အဖို့မူ ခဲရာခဲဆစ် မရှိလှပေ။

ကျန်းဟူကျင်းသည် ကျိုရှောင်မူ၏ ဒဏ်ရာမှ အရိုးကို အရိုး
ကြေဆေးများ ထည့်၍ ဆက်လိုက်၏။ သူသည် ပထမအကြိမ် အရိုး
ဆက်ခြင်းဖြစ်၍ လက်အနေအထား မကျွမ်းကျင်လှပေ။ သို့သော်
အတန်ကြာ လုပ်ဆောင်လိုက်သောအခါ သူ့ လက်များက ပို၍ လျင်
မြန် သွက်လက် လာလေ၏။ နောက်ဆုံးတွင် သူသည် အောင်မြင်စွာ
ညှိနှောင်ပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...ဒေါ်လေး၊ ခဏလောက် အိပ်ပြီး အနားယူလိုက်ပါဦး။ တော်ကြာ ထုံဆေးပြေသွားရင် ဒဏ်ရာက နာလာလိမ့်မယ်'

ကျိုရှောင်မူက ကျန်းဟူကျင်း ပြောသည့်အတိုင်း အခန်းထောင့်တွင် လဲလျောင်း အနားယူလိုက်၏။ ရန်ဝေမှာလည်း မောပန်းနေပြီ ဖြစ်၍ မိခင်ဖြစ်သူ ကျိုရှောင်မူ၏ ရင်ခွင်တွင် အိပ်မော သွားလေ၏။

ကျန်းဟူကျင်း အိမ်ရှေ့ခန်းသို့ ပြန်ထွက်လာချိန်တွင် ဝါဆန်းဂိုဏ်းမှ ဦးစွာ ရောက်လာသောလူက မတ်တတ်ထရပ်ပြီး ဧရပ်မှ ထွက်လာလေ၏။ သူက ကျန်းဟူကျင်းအား...

'ဆရာလေး... ဆရာကြီး ဟိုချင်းက ရောဂါဝေဒနာ ခံစားနေရတယ် ဆိုတော့ ဆရာလေးကိုပဲ အားကိုးပရစေ၊ ကျေးဇူးပြုပြီး ကျုပ်တို့ကို ကုပေးပါ' ဟု ဆိုလေ၏။

ကျန်းဟူကျင်းသည် သူတတ်သော ဆေးပညာဖြင့် မည်သူ ကိုမျှ အကျအန ကုသပေးခြင်း မရှိသေးပါ။ ယခု ဤလူများမှာ လွန်စွာ ထူးဆန်းသော ဒဏ်ရာကိုယ်စီ ရနေသူများဖြစ်၍ သူ တတ် မြောက်ထားသော ဆေးပညာဖြင့် လက်တည့်စမ်းချင်နေ၏။ သို့သော် သူက ဟိုချင်းအား ရုတ်တရက် သတိရလိုက်မိသဖြင့်...

'ဒီနေရာက ဆရာကြီး ဟိုချင်းရဲ့ ပိုင်နက်ဖြစ်တယ်၊ ကျုပ် ကလဲ သူ့လူနာဆိုတော့ သူ့ခွင့်ပြုချက်မရဘဲ မကုသဝံ့ပါဘူး' ဟု ဆိုလိုက်၏။ ထိုစဉ် လူဝကုန်သည်က...



'ကျုပ်တို့အားလုံးဟာ သိုင်းလောကမှာ အနည်းအများ ဆို သလို နာမည်ရှိကြသူချည်းပဲ ဖြစ်ပါတယ်၊ ကျုပ်တို့ရဲ့ ဒဏ်ရာသာ ပျောက်သွားခဲ့ရင် ဆရာလေးရဲ့နာမည်လည်း သိုင်းလောကမှာ တစ်ဟုန်ထိုး ကျော်ကြားသွားမှာ သေချာပါတယ်၊ ကဲ... ဆရာလေး ကျုပ်တို့ကို ကုသပေးပါဗျာ' ဟု ကျန်းဟူကျင်းအား မြှောက်ပင့်၍ ဆေးဝါးကုသပေးရန် တိုက်တွန်းနေလေ၏။

★ ☆ ★ ☆ ★

www.burmeseclassic.com

www.burmeseclassic.com

သွား

ဝါဆန်း
ဧရပ်မှ (

နေရာတယ
ကျုပ်တို့

ကိုမျှ အ
လွန်စွာ
မြောက်
သ



# လျို့ဝှက်ဒဏ်ရာ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၅)

## လျှို့ဝှက်ဒဏ်ရာ

ကျန်းဟူကျင်းသည် ငယ်ရွယ်သူ ဖြစ်၍ ထိုစကားကို ကြားသော် လွန်စွာ ဝမ်းသာသွား၏။ သူက...

'ကျုပ် နာမည်ကြီးလို့လဲ အလကားပါပဲ၊ ဆရာကြီး ဟိုချင်း ာ ကျုပ်ရောဂါကို မကုပေးရင် အလကားပဲပေါ့၊ အင်း... ဒါပေမဲ့ ီလို လုပ်ရှော၊ ကျုပ်က ခင်ဗျားတို့ ဒဏ်ရာ နည်းနည်းပါးပါး က်သာသွားအောင် လုပ်ပေးလိုက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင် ကျန်းဟူကျင်းသည် ဆေးများထုတ်၍ သူတို့၏ ဒဏ်ရာများကို စစ်ဆေးကြည့်လိုက်၏။ ထိုအခါ သူမျက်လုံးမျက်ဆန်ပြူး၍ အံ့ဩသွားရပါသည်။ အကြောင်းမူ ထိုသူအားလုံးမှာ တစ်ယောက်လျှင် တစ်မျိုးစီ ဒဏ်ရာရထားကြပြီး လွန်စွာထူးဆန်းသော ဒဏ်ရာများဖြစ်ကြောင်း တွေ့ရသောကြောင့် ဖြစ်ပါ၏။

ထိုသူများထဲမှ အချို့မှာ မျှော့ကြီးများကို အတင်းအဓမ္မ မျိုချနိုင်ခြင်း ခံရပြီး တချို့မှာမူ အပ်ချောင်းများကို မျိုချနိုင်းခြင်း ခံခဲ့ရ၏။ ပြီးနောက် တချို့သည် လက်ဝါးဖောင်းဒဏ်ကြောင့် အတွင်းဒဏ်ရာရခဲ့ပြီး ဆေးကုသရန် အလွန်အရေးကြီးသော အကြောသုံးခုနေရာများကိုလည်း ဓားဖြင့် မှုမှုကြေအောင် အထိုးခံထားကြရလေ၏။ တစ်ယောက်မှာတော့မူ အဆုတ်တစ်ဘက်စီတွင် သံချောင်းရှည်တစ်ချောင်းစီ စိုက်ရိုက်ထားခြင်းခံနေရလေ၏။

နောက်တစ်ယောက်မှာကား တယ်ညာနှစ်ဘက်ရှိ နံရိုးများအချိုးခံထားရ၏။ နောက်ဆုံးတစ်ယောက်မှာကား တစ်ကိုယ်လုံးရောင်ကိုင်းနေပြီး ပင့်ကူ၊ ကင်းမလက်မည်း သို့မဟုတ် ပျားစသော အဆိပ်ရှိအကောင် ဆယ်မျိုးခန့် ဝိုင်းကိုက်ထားခြင်း ခံထားရ၏။

ကျန်းဟူကျင်းသည် ထိုအဖြစ်ကို မြင်လိုက်ရသည်နှင့် အံ့ဩသွားပြီး မျက်မှောင်ကုတ်လျက် စိတ်ထဲမှရေရွတ်မိလေ၏။

'အင်း... ဒီလူတွေရဲ့ ဒဏ်ရာက တကယ့်ကို ထူးဆန်းအံ့ဩဖို့ကောင်းနေပါလား၊ ငါ့အနေနဲ့ တစ်မျိုးတောင် ကုနိုင်ဖို့ မလွယ်ပါဘူး၊ ဒီလူတွေကို ဒီလိုထူးဆန်းတဲ့ ဒဏ်ရာအသီးသီးရအောင် လုပ်တဲ့သူဟာ တမင်တကာ သမားတော်ကြီးရဲ့ ပညာကို စမ်းတာပဲ ဖြစ်ရမယ်၊ အဲဒီလူလဲ ဆေးပညာတတ်ကျွမ်းတဲ့လူ ဖြစ်ရမယ်'

ကျန်းဟူကျင်းက ထိုသို့ရေရွတ်မိစဉ် ရုတ်တရက် သူ့ဒေါ်လေး ကျိုရှောင်မူအား သတိရလိုက်လေ၏။ ထိုအခါ သူ့စိတ်ထဲမှ...

'ဒေါ်လေးရဲ့ ပန်းကဒဏ်ရာနဲ့ လက်ဖမောင်းက ဒဏ်ရာဟာ အမှန်ဒဏ်ရာပါပဲလား၊ သူ့မှာ ဒီပြင် ငါစမ်းသပ်လို့မတွေ့သေးတဲ့ ဒဏ်ရာများ ရနေတာများ ရှိသေးသလား၊ သူတစ်ယောက်တည်း ကွက်ပြီး ရိုးရိုးဒဏ်ရာပဲ ရခဲ့တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား'

ကျန်းဟူကျင်းသည် ထိုအတွေးဖြင့် ကျိုရှောင်မူအား အနားသူနိုင်းထားသော လူနာခန်းသို့ အလျင်အမြန် ပြေးသွားပြီး ကျိုရှောင်မူ၏ သွေးခုန်နှုန်းကို စမ်းသပ်ကြည့်လေ၏။

ထိုအခါ သူ တုန်လှုပ်သွားရပါ၏။ အကြောင်းမူ ကျိုရှောင်မူ၏ သွေးခုန်နှုန်းမှာ မြန်လိုက်၊ နှေးလိုက်၊ ပျောလိုက်၊ ပြင်းလိုက်နှင့် ပုံမှန်မကန် လှုပ်ရှားနေသည်ကို တွေ့ရသောကြောင့်ပင်ဖြစ်ပါ၏။ ထို့ကြောင့် ကျန်းဟူကျင်းသည် အပြင်မှ လူနာများကို အသာထားပြီး သူ့ဒေါ်လေး ကျိုရှောင်မူအတွက် ချက်ချင်းပင် ဟိုချင်း၏ အခန်းဆီသို့ ပြေးသွားလေ၏။ ရောက်သော် အခန်းရှေ့မှနေ၍ လှမ်းခေါ်မေးသ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး အိပ်နေပြီလားခင်ဗျာ'

အခန်းထဲမှ ဟိုချင်းက...

'ဘာကိစ္စရှိလို့လဲ ဟူကျင်း'

'ဆရာကြီးခင်ဗျာ၊ လူနာတွေရဲ့ ရောဂါက သိပ်ကို ထူးဆန်း နေပါတယ်' ဟု အစချီပြီးနောက် သူစမ်းသပ်တွေ့ရှိရသော လူနာ ထူးဆန်းလှသည့် ရောဂါများအကြောင်းကို တစ်ခုချင်း ပြန်ပြော လေတော့သည်။

ဟိုချင်းက ကျန်းဟူကျင်း ပြောပြသမျှ အသေအချာ နားထောင်၍ မရှင်းလင်းသော နေရာတွင်လည်း ကျန်းဟူကျင်းအား နောက်ထပ်တစ်ဖန် သွားကြည့်စေပြီး ပြန်လည်ပြောပြစေလေ ထိုအခါ ဟိုချင်းသည် ကျန်းဟူကျင်းပြောသမျှ 'အင်း' လိုက် အကျအန နားထောင်ပြီးလျှင် အတန်ကြာမှပင်...

'ဟင်း...ဒီလောက် ဒဏ်ရာလောက်နဲ့ ငါ့ကို လာစမ်း မရဘူး' ဟု ရေရွတ်လိုက်၏။

ထိုစဉ်မှာပင် ကျန်းဟူကျင်းနောက်ဘက်မှ အသံတစ် ထွက်ပေါ်လာ၏။

'ဆရာကြီး ဟိုချင်း၊ ခင်ဗျားကို ရွှေပန်းပွင့် ဘွားဘွား ပြောခိုင်းလိုက်ပါတယ်၊ ခင်ဗျားက ဒီရောဂါအထူးအဆန်း ဘယ်လိုမှ ကုလို့မရနိုင်ပါဘူးတဲ့၊ လက်စသတ်တော့ ခင်ဗျား တကယ်ပဲ မကုနိုင်လို့ အခုလို အခန်းအောင်းပြီး ပုန်းလျှိုးနေတာ



ကျန်းဟူကျင်းက ရုတ်ခြည်းနောက်လှည့်၍ ကြည့်လိုက်ရာ အသံရှင်မှာ ခုံးတံ့ဂိုဏ်းမှ ထိပ်ပြောင်ကြီး ကျန်ကျက် ဖြစ်နေသည်ကို တွေ့ရလေ၏။ ကျန်ကျက်၏ခေါင်းတွင် ဆံပင်တစ်ချောင်းမျှ ပေါက်ခြင်းမှာ ရွှေပန်းပွင့်ဘွားဘွားက သူ့ခေါင်းကို အဆိပ်ဖြင့် သိမ်းကျုံးပေးလိုက်သောကြောင့်ပင်ဖြစ်၏။ ထိုအချိန်က သူ၏ ီးခေါင်းအရေပြားများကို ထွင်းဖေါက်၍ အတွင်းသို့တိုင် တဖြည်း ည်း စိမ့်ဝင်လျက်ရှိလေ၏။ ထို့ကြောင့် အရေပြားမှာ လွန်စွာ ားယံလျက်ရှိပြီး လက်ဖြင့် အဆက်မပြတ် ကုတ်ခြစ်နေရလေ၏။ ို့နောက် ကျန်ကျက် သူ့ခေါင်းအရေပြားအားလုံး လန်ထွက် ွားမည်စိုးသဖြင့် သူ့လက်နှစ်ဘက်ကိုပါ သံကြိုးဖြင့် ချည်နှောင် ားလိုက်၏။

ဟိုချင်းက ကျန်ကျက်၏ စကားကို အေးဆေးစွာဖြင့် ုံ့ပြန်လေ၏။

'ကျုပ်...ကုလို့ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကျုပ်က င်ဗျားကို မကုနိုင်ပါဘူး၊ ခင်ဗျားလဲ လူ့လောကမှာ နေရလှရင် နှစ်ရက်ပဲပေါ့၊ ဒါကြောင့် ခင်ဗျား အမြန်ဆုံး ကိုယ့်အိမ်ကိုယ်ပြန်ပြီး ိုယ့်သားမယားတွေနဲ့ သွားတွေ့လိုက်ပါ'

ထိုစဉ် ဝါဆန်းဂိုဏ်းမှ လိပ်ပြာကုန်းသို့ ဦးစွာ ရောက်ရှိလာ သောလူ။ သို့မဟုတ် သွေးအနံ့သဖြင့် ကျန်းဟူကျင်းက အကြေပိတ်

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့သည့် ပိကုန်းရှင် ဆိုသူက ဝင်လာပြီး ဆေးကုသပေး...
တိုးလျှိုးတောင်းပန် နေပြန်၏။ သို့သော် ဟိုချင်းက...

'မင်းတို့ အစုလို ငါ့အိမ်မှာ ပေတေပြီး နေနေလို့ ဘာ...
အကျိုးထူးမှာ မဟုတ်ဘူးကွ၊ ဟင်း... မင်းတို့တော့ ထင်ကြလိမ့်မယ်...
ငါ တဖြည်းဖြည်း စိတ်ပျော့ပြီး မင်းတို့ကို ကုပေးမှာပဲလို့၊ ဒီမယ်...
မင်းတို့ အဲဒီကလေးကို မေးကြည့်စမ်း၊ သူ ငါ့အိမ်မှာ ပေတေ...
နေတာ ဘယ်လောက် ကြာသွားပြီလဲလို့'

ထိုအခါ ပိကုန်းရှင်နှင့်ကျန်ကျက်တို့က ကျန်းဟူကျင်း...
လှမ်းကြည့်လိုက်ကြ၏။ ကျန်းဟူကျင်းက သူတို့အား လက်ညှိုး...
ချောင်းထောင်ပြလေ၏။ ပိကုန်းရှင်က...

'ရက်နှစ်ဆယ်လား' ဟု တိုးတိုးမေးရာ ကျန်းဟူကျင်း...
ခေါင်းခါ၍...

'နှစ်နှစ်နဲ့ နှစ်လရှိသွားပြီ' ဟု ပြန်ဖြေလိုက်၏။

ထိုအခါ သူတို့နှစ်ယောက်လုံး၏ ခန္ဓာကိုယ်မှာ ကျောက်...
လို ငူငူကြီး ဖြစ်သွားကြ၏။ ထို့နောက်တွင် သူတို့သည် စိတ်ပျ...
အားလျော့စွာဖြင့် ထွက်ခွာကြမည် ပြုလေ၏။ ထိုစဉ်မှာပင် ဟိုချင်းက...

'ဒီမှာ ကိုယ်လူတို့၊ ဒီကလေးက ဆေးပညာ နည်းနည်း...
ပါးပါးတတ်မြောက်တယ်၊ သူက ဟူတန်းဂိုဏ်းကလူပဲ၊ သူ...



ဟူတန်းဂိုဏ်းက မင်းတို့ကို ကယ်တင်ချင်ရင်တော့ ငါ ဘာမှ မကန့်
ကွက်ပါဘူး၊ ငါနဲ့လဲ ဘာမှ မဆိုင်ဘူး' ဟု ဆိုလေ၏။

ပိကုန်းရှင်က အားကိုးတကြီး မျက်နှာထားဖြင့် ကျန်းဟူ
ကျင်းအား အရိုအသေ တစ်ချက်ပေးလေ၏။ ဟိုချင်းက ဆိုပြန်၏။

'ဒါပေမယ့် ငါ့အိမ်ထဲမှာတော့ လုံးဝ ဆေးကုခွင့် မပေးဘူး
နော်'

ကျန်းဟူကျင်းက ဟိုချင်း၏ စိတ်နေသဘောထားကို သိ၍
သူတို့ကို ချက်ချင်းပင် အိမ်ပြင်သို့ ခေါ်ထုတ်ခဲ့၏။

'ကဲ... နောင်ကြီးတို့ကို ပွင့်ပွင့်လင်းလင်း ပြောထားချင်
တယ်၊ ကျွန်တော်က အသက် ငယ်ရွယ်သလို အတွေ့အကြုံလဲ နုနယ်
တယ်၊ နောက်ပြီး နောင်ကြီးတို့ရဲ့ ဒဏ်ရာတွေလဲ သိပ်ကို ထူးဆန်း
နေတယ်၊ ဒါကြောင့် ပျောက်မယ်၊ မပျောက်ဘူး ဆိုတာ ကျွန်တော့်
ဘက်က လုံးဝ အာမခံနိုင်ငံ မခံချင်ပါဘူး၊ ဒါပေမယ့် ကျွန်တော်
အတတ်နိုင်ဆုံး ကြိုးစား စမ်းသပ်ပြီး ကုသပေးပါ့မယ်၊ နောင်ကြီးတို့
သဘောတူလက်ခံရင် ကုသခံကြဖို့ပါပဲ'

ကျန်းဟူကျင်းစကားအဆုံးတွင် သူတို့အားလုံး ဝမ်းသာ
သွားကြ၏။ အမှန်မှု သူတို့အားလုံးသည် မိမိဒဏ်ရာနှင့် မိမိဝေဒနာ
ပြင်းထန်စွာ ခံစားနေရသူချည်းပင် ဖြစ်ရာ ယခုအချိန်တွင် သူတို့အား
အဆိပ်ရည် သောက်ခိုင်းပင်လျှင် သူတို့သည် မငြင်းမပယ်လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းညှိုသူများပင် ဖြစ်ပါ၏။ ထို့ကြောင့် သူတို့သည် ကျန်းဟူကျင်း ထံ လူးလဲ၍ ထလာကြ၏။ သို့သော် သူတို့ ခြေလှမ်းများမှာ အနည်းငယ် တုံ့ဆိုင်းနေ၏။ အကြောင်းမှ...

အကယ်၍ ကျန်းဟူကျင်းကသူတို့ဒဏ်ရာများကို ကုသ၍ မပျောက်လျှင် အနာပေါ်အနာဆင့်၍ သည်ထက် ဒုက္ခ ပိုမိုခံစားရမည် စိုးသောစိတ်ကြောင့် ခြေလှမ်းများ တုံ့ဆိုင်းသွားကြခြင်းပင် ဖြစ် ၏။

ထိုအချိန်တွင် ရှေ့ဆုံးမှ ရောက်ရှိလာသော နံတုံဂိုဏ်း ကျန်ကျက်က...

'ညီလေး... ငါ့ကို အရင် ကုပေးပါ၊ ငါ့ခေါင်းက ယားလွန်း လို့ သေရပါတော့မယ်' ဟု တောင်းဆိုလေ၏။

ထိုအခါ ကျန်းဟူကျင်းက ဆေးခန်းထဲသို့ ဝင်ပြီး ဆေး ဆယ်မျိုး စပ်ဟပ်၍ ကျိုချက်ပြီး လိမ်းဆေးဖော်ကာ ကျန်ကျက်၏ ဦးခေါင်းကို စတင် လိမ်းကျံပေးလေ၏။ ဆေးမှာ ပြင်းလွန်းသဖြင့် ကျန်ကျက်၏ ဦးခေါင်းပေါ်သို့ တစ်စက်ကလေး စဉ်ကျရုံဖြင့် ကျန်ကျက်မှာ ရှူးရှူးဝါးဝါးအော်ပြီး ဆွေ့ဆွေ့ခုန်နေလေ၏။ သို့ ဆွေ့ဆွေ့ခုန်ရင်း ပါးစပ်မှလည်း...

'အမလေး...နာလိုက်တာ...နာလိုက်တာ၊ အား...သေတော့ မယ်...၊ သေတော့မယ်၊ အဲ... နာတာပဲကောင်းတယ်၊ သိပ်ကောင်း ယ်၊ အိုး... ယားတာနဲ့စာရင် နာတာက ပိုပြီး ဖိမ်ရှိသေးတယ်၊ ...အား...၊ နာတယ်...နာတယ်' ဟု တအော်တည်း အော်ရင်း ကြိတ်၍ တဲရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေ၏။



ထိုစဉ် ကြိတ်မှိတ်ခံစားရင်း လျှောက်နေရာမှ...

'အား...နာလိုက်တာ၊ ညီလေး မင်းက တကယ့်ကို မ်းရှိတာပဲ၊ အို...ဘွာ...ဘွာ...၊ ဆ...ဆရာလေး၊ ကျွန်တော်မျိုး န်ကျက်က ဆရာလေးကို အများကြီး ကျေးဇူးတင်ပါတယ်လို့ ပါရစေ'

အားလုံးက ကျန်ကျက်၏ ခေါင်းမှ ယားယံသော ဝေဒနာ က်သာ ပျောက်ကင်းသွားသည်ကို မြင်တော့မှပင် သူ့ထက်ကိုယ် အောင် အလုအယက် ကုသခိုင်းကြလေ၏။

ထိုအခိုက် တစ်ယောက်သောသူက မြေကြီးပေါ်တွင် လူးလှိမ့် သည်ကို တွေ့ရ၏။ မှန်သည်၊ ထိုသူသည် ရေမျှော့ကြီးအကောင် ဆယ်မျှ ဝမ်းဗိုက်ထဲ မျိုချမိခြင်း ခံရသူပင် ဖြစ်ပါ၏။ ထို းဗိုက်ထဲမှ မျှော့ကြီးများသည် တဖြည်းဖြည်းနှင့် အစာအိမ်ထဲသို့ ာက်ပြီး အစာအိမ်နံရံနှင့် အူနံရံများတွင် သွေးစုတ်နေသောကြောင့် သူမှာ အလူးအလိမ့် ဝေဒနာ ခံစားနေရခြင်းပင် ဖြစ်၏။

ကျန်းဟူကျင်းက ထိုလူ ခံစားနေရသော ဝေဒနာကို ကြည့် ရုတ်တရက် တစ်စုံတစ်ခုကို သတိရလိုက်၏။ အခြားမဟုတ်။ းကျမ်းတစ်ကျမ်းတွင် ရေမျှော့များသည် ပျားရည်နှင့်ထိလျှင်



www.burmeseclassic.com

www.burmeseclassic.com



အရည်ပျော်သွားကြောင်း ဖတ်ရှုခဲ့ရဖူးသည်ကို သတိရလိုက်ခြင်း
ဖြစ်၏။ ထို့ကြောင့် သူသည် ပျားရည် တစ်ခွက်ကို ယူပြီး ထိုလူ
တိုက်လိုက်လေ၏။ ဤသို့ဖြင့် ကျန်းဟူကျင်းနှင့် လူနာများ လုံး
လျှက် တစ်ညလုံး အလုပ်များလာခဲ့ရာ မိုးပင် စင်စင် လင်းလာ
ဖြစ်ပါ၏။ ထိုအချိန်တွင် ကျိရှောင်မူတို့ သားအမိက အိပ်ရာမှ နိုး
ကြ၏။

ကျန်းဟူကျင်းအား ချွေးတလုံးလုံးဖြင့် လူနာများအား
ကုသပေးနေသည်ကို တွေ့ရလေ၏။ ထိုအခါ ကျိရှောင်မူလ
ချက်ချင်းပင် ကျန်းဟူကျင်းအား ဝင်ရောက်ကူညီလေ၏။ စင်
လူနာများသည် ယနေ့ သိုင်းလောကတွင် အထိုက်အလျောက် နာ
ကြီးကြသူများ ဖြစ်ကြသော်လည်း ယခုမူ သူတို့သည် ကျန်းဟူ
လေး၏ စကားကို တစ်သဝေမတိမ်း လိုက်နာ ခံယူနေကြရလေ

ကျိရှောင်မူ၏ သမီးလေးရန်ဝေသည်မူ ဘာမှ မသိသ
သစ်ပင်များအကြားတွင် ပျံဝဲနေသော လိပ်ပြာကလေးများကို
လိုက်လံ ဖမ်းဆီးနေလေ၏။

ကျန်းဟူကျင်းသည် လူနာများအား နေ့ခင်းအချိန်ကျမှ
ပထမအဆင့် ကုသ၍ပြီးစီးသွား၏။ ထို့နောက် သူက တစ်ရေး
မော အနားယူ အိပ်စက်လိုက်လေ၏။ သူ အိပ်ရာမှ နိုးလတ်
လူနာ တစ်ချို့တစ်ဝက်မှာ သက်သာလာသည်ကို တွေ့ရပြီး တခ
ပို၍ ဆိုးလာသည်ကို တွေ့ရ၏။





ထိုအခါ ကျန်းဟူကျင်းသည် ဟိုချင်းအခန်းသို့ ပြေးသွားပြီး
ျိုးကြောင်း မေးမြန်းရလေ၏။ သို့သော် သူက တဲ့တိုးမေးလျှင်
ိုချင်း ဖြေကြားမည် မဟုတ်ကြောင်း သိ၍ သွယ်ဝိုက်သောနည်းဖြင့်
ါးနပ်စွာ မေးရလေ၏။ ဥပမာ သူက...

'ဆရာကြီးခင်ဗျား... တကယ်လို့ ဆရာကြီးတို့ အလင်း
ာမန့်ဂိုဏ်းက ဂိုဏ်းသားတစ်ယောက် ဒီလို ရောဂါမျိုး ခံစားနေရရင်
ာယ်လို ကုမှာပါလဲ' ဟုမေး၏။

ထိုအခါ ဟိုချင်းက ကုသနည်းကို ရှောရှောရှူရှူ ပြောပြ
လေ၏။

ဤနည်းဤပုံဖြင့် ငါးရက်မျှ ကြာလာလေ၏။ လူနာ
ားလုံး၏ ဒဏ်ရာအသီးသီးမှာလည်း ကောင်းမွန်လာကြပြီး ဖြစ်၏။
ျိရှောင်မူလည်း အဆိပ်မိခံရကြောင်း နောက်မှသိသဖြင့် ကျန်းဟူ
ျင်းက အချိန်မီ အဆိပ်ဖြေဆေး တိုက်ကျွေး ကုသပေးလိုက်ရ၏။
ောက် သုံးရက်မျှ ကြာသောအခါတွင်မူ နောက်နေ့ နံနက်လင်းလျှင်
င်းချင်း ကျိရှောင်မူတို့ သားအမိနှစ်ယောက်နှင့်အတူ ဤလိပ်ပြာ
ုန်းမှ ထွက်ခွာသွားရန် ကျန်းဟူကျင်း စိတ်ကူးလိုက်မိလေ၏။
အကြောင်းသော်ကား... ကျိရှောင်မူက ရှေ့ပန်းပွင့်ဘွားဘွားသည်
ွန်စွာ ကြောက်စရာကောင်းပြီး သိုင်းပညာမှာလည်း မြင့်မား
ကြောင်း အဘွားကြီးသည် ဟိုချင်းအား လာရောက် ရန်ပြုမည်
ဖြစ်ကြောင်း ကျန်းဟူကျင်းအား ပြောပြ၍ပင် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညတွင် ကျန်းဟူကျင်းသည် တစ်ညလုံးအိပ်မပျော် တော့ပေ။ နောက်တစ်နေ့တိုင်လျှင် သူသည် ဟိုချင်းနှင့် ခွဲခွာသွား တော့မည့် အရေးကို တွေးမိ၍ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သေ ကြောင့်ပင် ဖြစ်ပါ၏။ ထို့ပြင် မိမိကိုယ်တွင်း အနှံ့အပြားတွင် ရှိ သောအဆိပ်များကိုလည်း ဘယ်နည်းနှင့်မျှ ကုသ၍ မရတော့မှ သိရှိသောကြောင့်လည်း ဖြစ်ပါ၏။ ထို့ပြင် ရွှေပန်းပွင့်ဘွားဘွ အမှန်တကယ် ရန်ပြုလာလျှင် ဟိုချင်းအား ဘယ်ပုံဘယ်နည် ကာကွယ်စောင့်ရှောက်ရမည်ကို စဉ်းစား၍ မရအောင် ဖြစ်နေသေ ကြောင့်လည်း ဘယ်ညာလူးလိမ့်ဖြင့် အိပ်မပျော်ခဲ့ခြင်းပင် ဖြစ်ပါ သို့ဖြင့် သူသည် အိပ်ရာမှ လူးလဲ ထ၍ ဟိုချင်း၏ အခန်းရှေ့ သွားပြီး...

'ဆရာကြီး... ဒီလိပ်ပြာကုန်းမှာ ဒီလောက်ကြာအော နေလာတာ မပျင်းဘူးလားခင်ဗျာ၊ တစ်ခါတစ်လေအပြင် ထွက် အပျင်းပြေ လည်ပတ်ပါလား' ဟု အော်ဟစ်ပြောလေ၏။

ထိုစကားကို ကြားသော် ဟိုချင်းသည် ခဏမျှ ကြေ အမ်းအမ်း ဖြစ်သွားပြီး...

'ဟဲ့...ကလေး၊ ငါ့မှာ ရောဂါနဲ့ဆိုတော့ ဘယ်လို အပြင်အပကို သွားနိုင်မှာလဲကွယ်' ဟု ပြန်ပြော၏။ ဟူကျင် ဆက်၍...



မြင်းလှည်းတစ်စီး ငှားပြီးသွားရင် ရပါတယ်၊ မြင်းလှည်း သာ လေလုံအောင် ပိတ်နဲ့ အလုံပိတ်ပြီး သွားရင် ဘာမှ မဖြစ်ပါ း' ဟု ဆိုလေ၏။

ဟိုချင်းက သက်ပြင်း တစ်ချက် ချ၍...

'လူလေး... မင်းက တကယ့်ကို စိတ်ကောင်းရှိတဲ့ ကလေးပဲ၊ သမယ့် ငါ့အဖို့ ဘယ်နေရာကိုပဲ သွားသွား မထူးပါဘူးကွာ၊ အေး ခုတော့ မင်းကို မှာလိုက်မယ်၊ မနက်ဖြန်က စပြီး မင်း ငါ့ရဲ့ ဒီ လိပ်ပြာကုန်းမှာ နေဖို့ မလိုတော့ဘူး ကလေး'

ကျန်းဟူကျင်းက ဟိုချင်း၏ ဆိုလိုရင်းကို ချက်ချင်း ဘာပေါက်သွား၏။ သူ့စိတ်ထဲမှလည်း...

'ကေ့ ဆရာကြီးက ဒီရက်အတွင်းမှာ သူ့ရန်သူ လာမယ် သိလို့ ငါ့ကို ထွက်ပြေးခိုင်းတာပဲ ဖြစ်ရမယ်၊ ဒီလိုဆိုရင် မိုး င်းခင် ဒေါ်လေးတို့ သားအမိကို ခေါ်ပြီး ထွက်ပြေးမှပဲ' ဟု တားလိုက်မိလေ၏။

ထို့နောက် ကျန်းဟူကျင်းသည် ကျိုရှောင်မှုတို့ သားအမိ ဆက်နေသော တဲလေးသို့ ထွက်လာခဲ့၏။ ရောက်သော် ကျိုရှောင် ၏ ပခုံးကို ပုတ်၍ 'ဒေါ်လေး' ဟု တိုးတိုး အသံပြုလိုက်၏။

ကျိုရှောင်မှုက ဖျတ်ကနဲ နိုးလာပြီး 'ဟူကျင်းလား' ဟု မေး င် ရှိသေးစဉ် ကျန်းဟူကျင်းသည် သူ့နောက်ဘက်မှ ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



လေတိုးသံ တစ်ချက်ကြားလိုက်ရပြီး ကမန်းကတန်းလှည့်ကြည့်ရ
ပြုစဉ်တွင် သူ့ခေါင်းနှင့် ပုခုံးကြွင် ထုံကျဉ်သွားပြီး အကြော ထိုးပိတ်ခြင်
ခံလိုက်ရလေတော့၏။

တဆက်တည်းတွင်ပင် ရန်သူက ကျီရှောင်မှူး၏ လက်ဝ
စောင်း ရိုက်ချက်ကို ရှောင်တိမ်းပြီး ကျီရှောင်မှူးကိုပါ အကြေ
ထိုးပိတ်လိုက်လေ၏။ ကျန်းဟူကျင်းက အကြောထိုးပိတ်ခံရသည
ကြားမှ ထိုလူ၏ မျက်နှာကို ကြည့်လိုက်ရာ မျက်နှာတွင် ပုဝါန
စည်းနှောင်ထားသော သမားတော် ဟိုချင်းဖြစ်နေသည်ကို တွေ့
လေ၏။

ထိုစဉ် ဟိုချင်းက ကျီရှောင်မှူး၏ ပါးကိုညှစ်၍ သူ့မပါး
ကို ဟ,စေလိုက်၏။ ပြီးလျှင် သူ၏ ညာလက်တွင် ကိုင်ထားသေ
ဆေးတစ်လုံးကို ကျီရှောင်မှူး၏ပါးစပ်ထဲသို့ အတင်းထိုးထည့်
ပြုနေလေ၏။ ကျီရှောင်မှူးမှာ ဆေးလုံးရနံ့ကိုရသည်နှင့်မင် တ
ခေါင်းလုံး မူးဝေသွားပြီး အဆိပ်ဆေးလုံးမှန်း ချက်ချင်း သိလိုက်
သူမသည် အိပ်မောကျလျက်ရှိသော သမီးလေးကို ကြေကွဲ
ကြည့်ရင်း ဆွေးမြည့်စွာ ရေရွတ်လိုက်မိလေ၏။

'သမီးလေး မေမေ ကံဆိုးသလို သမီးလေးလဲ ကံဆိုးရှာ
လားကွယ်၊ ဒီနေ့ ဒီအချိန်ကစပြီး မေမေလေ သမီးလေးကို မတေ
ရှောက်နိုင်တော့ဘူး သမီးလေးရယ်'



ထိုစဉ် အဆိပ်ဆေးလုံးက ကျီရှောင်မှူး၏ ပါးစပ်ထဲသို့
က်လုဆဲဆဲမှာပင် ကျန်းဟူကျင်းက ရုတ်တရက် ခုန်ထွက်
လေ၏။

ဟိုချင်းလည်း နောက်သို့ အလန့်တကြား လှည့်ကြည့်ရန်
လေ၏။ ထိုအခိုက် ဘန်းခနဲ အသံ တစ်ချက်ကြားရပြီး ကျန်းဟူ
င်း၏ လက်ဝါးစောင်းက ဟိုချင်း၏ ခါးကြောကို ရိုက်မိလိုက်ရာ
ချင်းမှာ နေရာတွင်ပင် ဘိုင်းခနဲ လဲကျသွားလေတော့၏။

စင်စစ် ကျန်းဟူကျင်းသည် အကြောပိတ်ခံထားရသူ ဖြစ်
ာ်လည်း ငယ်စဉ်ကပင် ရှုက်စွန်းထဲမှ ထူးဆန်းနက်နဲသော သိုင်း
ာများကို သင်ကြားခဲ့ရသဖြင့် သူ့အကြောများမှာ ထိုးပိတ်ခံရစဉ်
အတွင်း အလိုလို ပြန်ပွင့် သွားနိုင်လေ၏။ ယခုလည်း သူသည်
ယ်လက် လှုပ်ရှားနိုင်သည်နှင့် ချက်ချင်းပင် ထခုန်တာ နဂါးနိုင်
က်ဝါးစောင်း ဆယ့်ရှစ်ကွက်ထဲမှ တစ်ကွက်ကို ထုတ်၍ သုံးလိုက်
ပင် ဖြစ်ပါ၏။ သူ့လက်ဝါးစောင်းက ပြင်းသလောက် ဟိုချင်း၏
ကြောတွင် အချက်ကျကျ ရိုက်လိုက်မိရာ ဟိုချင်းမှာ မဟန်နိုင်ပဲ
ခွေလဲကျ သွားရလေတော့၏။ ကျန်းဟူကျင်းသည် ဟိုချင်း
ကျသွားသည်နှင့် အတူ မျက်နှာတွင် စည်းနှောင်ထားသော ပဝါကို
ခနဲ ဖွင့်ကြည့်လိုက်၏။ ထိုအခါ ကျန်းဟူကျင်း၏မျက်လုံးအစုံ
ကျယ်သွားရတော့၏။ အကြောင်းမူ မျက်နှာတွင် ပုဝါနက်
ည်းနှောင်ထားသူမှာ ဟိုချင်း မဟုတ်ဘဲ မှိန်းမကြီးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသောကြောင့်ပင် ဖြစ်ပါ၏။ ကျန်းဟူကျင်းက အံ့သြသံဖြင့်

'ခင်ဗျား...ခင်ဗျားက ဘယ်သူလဲ' ဟု မေးသော်လည်း ထိုမိန်းမကြီးမှာ ခါးကြောတွင် ကျန်းဟူကျင်း၏ လက်ဝါးစောင်း ရိုက်ချက် အမိခံရသဖြင့် လွန်စွာ နာကျင်ကာ စကားပင် ပြန်လည် မပြောနိုင်တော့ချေ။ ကျန်းဟူကျင်းက ကျိရှောင်မူ၏ပိတ်နေ သော အကြောကို ပြန်ဖြေပေးပြီး...

'ဒေါ်လေး... သူ့ကို ဓားနဲ့ချိန်ထားလိုက်ပါ၊ ကျွန်တော် ဆရာကြီးကို သွားကြည့်လိုက်ဦးမယ်' ဟု မှာလေ၏။

ကျန်းဟူကျင်းသည် လွန်စွာ ပူပန်နေ၏။ ဤမိန်းမကြီး ဆရာကြီးဟိုချင်းကို သတ်လိုက်ပြီလား၊ ဤမိန်းမကြီးက ရွှေပန်း ဘွားဘွားနှင့် တစ်ဂိုဏ်းတည်းပဲလား၊ သူ့ခေါင်းထဲသို့ ထိုအတွေး ပျံ့လွင့်လျက် ရှိလေ၏။

ပြီး...ယခု မိမိသည် ကံကောင်းထောက်မ၍ ဤမိန်းမ ကို တစ်ကွက်ထဲနှင့် အနိုင်ယူခဲ့သော်လည်း အကယ်၍ ရွှေပန်း ဘွားဘွား ရောက်လာလျှင်မူ မိမိပါ ပြေး၍လွတ်မည်မဟုတ် တွေးမိပြန်၏။ ထိုအတွေးဖြင့် ကျန်းဟူကျင်းသည် ချက်ချင်း ဟိုချင်း၏ အခန်းသို့ ပြေးသွားလေ၏။ ရောက်သော် ဝုန်းခနဲ တံ ကို တွန်းဖွင့်၍...

'ဆရာကြီး...ဆရာကြီး၊ ဆရာကြီး နေကောင်းပါသလား' ဟု အသံပြုလိုက်လေ၏။



သို့သော် တစ်ဘက်မှ ပြန်ထူးသံ လုံးဝ မကြားရပါချေ။ သူသည် ခန်းစည်းကို ဖယ်ရှား၍ အခန်းထဲသို့ ကြည့်လိုက်သော် လည်း အခန်းထဲတွင် ဟိုချင်း၏ အရိပ်အယောင်သော်မျှ မမြင်ရ တော့ချေ။ စင်စစ် ကျန်းဟူကျင်းသည် အခန်းထဲသို့ ဝင်လိုက် သည်နှင့် ဆရာကြီးဟိုချင်း၏အလောင်းနှင့် ပက်ပင်း တွေ့ရလိမ့်မည် ဟု စိုးရိမ်စွာ ထင်မှတ်ခဲ့ရာ ယခုကဲ့သို့ ဘာကိုမျှ မမြင်ရသောအခါ စိတ်အနည်းငယ် သက်သာသွား၏။

ထိုစဉ်မှာပင် ခုတင်အောက်မှ လွန်စွာ တိုးညင်းသော အသံတစ်ချက် ကြားရသဖြင့် ကျန်းဟူကျင်းက ခုတင်အောက်သို့ ငုံ့ကြည့်လိုက်ရာ ဟိုချင်းအား ခုတင်အောက်တွင် ခြေလက်များ ချည် နှောင်ထားခြင်း ခံရသည်ကို အံ့သြစွာ တွေ့လိုက်ရ၏။ သူက ဝမ်းသာစွာဖြင့်...

'ဆရာကြီး... ကျွန်တော် ဆရာကြီးကို ကယ်မယ်' ဟု ပြောပြီး ဟိုချင်း၏ ခြေနှင့်လက်တို့တွင် ချည်နှောင်ထားသော ကြိုး များကို ဖြေရန်ပြုစဉ် ဟိုချင်း၏ပါးစပ်တွင်ပါ ပိတ်ဖြင့် စည်းထား သည်ကို တွေ့ရသဖြင့် ပိတ်ကို အလျင်အမြန် ဖြေပေးလိုက်လေ၏။

ထို့နောက် ကြိုးများကိုဆက်၍ ဖြေရန် ပြုစဉ် ဟိုချင်းက...

'ဟို မိန်းမကော' ဟု ရုတ်တရက် အော်ဟစ်မေးလေ၏။

'သူ့ကို ကျွန်တော် ချုပ်ထားပြီးပါပြီ၊ သူ ဘယ်လိုမှ ထွက် ပြေးလို့ မရနိုင်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဟိုချင်းက ကမန်းကတန်းဖြင့်...

'မင်း ငါ့ကို အလျင် မဖြေနဲ့ဦး၊ သူ့ကိုသာ ငါ့ဆီအမြန်ဆုံး ခေါ်လာခဲ့စမ်း၊ မြန်မြန် သွားခေါ်ချည်၊ သိပ် နောက်ကျနေမယ်ကွ၊ သွား...သွား...'

'ဘာဖြစ်လို့လဲ ဆရာကြီး'

'ဟာ... ငါ့ကို ပြန်မေး မနေနဲ့၊ မြန်မြန် သွားခေါ်ချည်၊ နေ...နေဦး၊ သူ့ကို ယောဟို အံဆွဲထဲက အဆိပ်ဖြေဆေးလုံး သုံးလုံး ကိုပါ ကျွေးလိုက်စမ်း၊ မြန်မြန်နော်'

ဟိုချင်းက ထိုသို့ အဆက်မပြတ် လောဆော်နေရာ ကျန်းဟူကျင်းလည်း အံ့သြလက်စနှင့်ပင် အံဆွဲထဲမှ အဆိပ်ဖြေဆေးလုံးကို ယူ၍ ထိုမိန်းမကြီးဆီ ပြေးရပြန်၏။

ဟိုချင်း၏ အဆိပ်ဖြေဆေးမှာ အလွန်ကောင်းသောဆေး ဖြစ်၍ တစ်လုံးမျှ ကျွေးလိုက်လျှင်ပင် မည်မျှပြင်းသော အဆိပ်မင် ဖြစ်စေ၊ ချက်ချင်း သက်သာနိုင်ကြောင်း ဟူကျင်း သိ၏။ ယခုမူ ဟိုချင်းက ဆေးသုံးလုံးပင် တစ်ပြိုင်တည်း တိုက်ကျွေးစေခြင်း ကြောင့် ကျန်းဟူကျင်း လွန်စွာ အံ့သြရလေ၏။

သို့သော် သူက ဟိုချင်းကို ဆက်မမေးတော့ဘဲ မိန်းမကြီးဆီ အလျင်စလို ပြေးလာခဲ့၏။ မိန်းမကြီးအနားသို့ ရောက်သော် သူက...



'ဒီဆေးကို သောက်လိုက်စမ်း' ဟု အမိန့်ပေးသံဖြင့် ဆိုလေ၏။

မိန်းမကြီးက သူ့အား မီးဝင်းဝင်းတောက်မျှ မျက်လုံးဖြင့် ကြည့်ရင်း...

'သွားစမ်း... မင်းကို ဘယ်သူက ငါ့ဆီ လာခိုင်းတာလဲဟင်'

အမှန်မူ မိန်းမကြီးသည် ဆေးနံ့ကို ရသည်နှင့် အဆိပ်ဖြေ ဆေးမှန်း ချက်ချင်း သိသွား၏။ ဟူကျင်းက စကားမပြောတော့။

သူမ၏ အကြောများကို ရုတ်တရက် ထိုးပိတ်ပြီး ဆေး သုံးလုံးကို သူမ ပါးစပ်ထဲသို့ အတင်းထိုးထည့်လေ၏။ ထို့နောက် ဟူကျင်းက ကျီရှောင်မူအား...

'ဒေါ်လေး၊ ကျွန်တော်တို့ ဆရာကြီးဟိုချင်းဆီ သွားကြရအောင်၊ သူ့ကိုပါ တစ်ပါတည်း ခေါ်သွားကြစို့ေ' ဟုပြောပြီး နှစ်ယောက်သား ထိုမိန်းမကြီးကို တွဲ၍ ဟိုချင်းရှိရာ လာခဲ့ကြလေ၏။

သူတို့နှစ်ဦး၏ နောက်တွင်မူ ရန်ဝေသည် ဘာကိုမျှ မသိသလို အေးအေးလူလူပင် လိုက်ခဲ့လေ၏။

ဟိုချင်းမှာ သူ့အခန်းထဲတွင်ပင် ထိုင်လျက် ရှိသည်ကို တွေ့ရ၏။ သူသည် မိန်းမကြီးကို မြင်သည်နှင့်...

'ကောင်းတယ်...ကောင်းတယ်၊ ဆေး စားပြီးပြီလား' ဟု မေးလေ၏။ ကျန်းဟူကျင်းက ကြားဝင်၍...

www.burmeseclassic.com

www.burmeseclassic.com



'စားပြီးပြီ ဆရာကြီး'

ထိုအခါ ဟိုချင်း၏မျက်နှာမှာ ရုတ်ချည်း ရွှင်လန်းသွားသည်ကို တွေ့ရလေ၏။

ကျန်းဟူကျင်းက ဟိုချင်း၏ခြေထောက်တွင် ချည်နှောင်ထားသောကြိုးကို ဖြေပေးလိုက်၏။

ဟိုချင်းသည် ခြေလက်လှုပ်ရှားလာနိုင်သည်နှင့် ချက်ချင်းပင် မိန်းမကြီး၏ အနားသို့ လျှောက်သွားပြီး မိန်းမကြီး၏မျက်ခွံကို လှန်၍ သွေးရောင်ကို ကြည့်လိုက်၏။ ပြီးလျှင် သွေးခုန်နှုန်းကိုပါ စမ်းသပ်လိုက်၏။ ထိုအခါ တုန်လှုပ်သော အသံဖြင့်...

'ဟင်...မင်း...မင်း၊ ဒဏ်ရာ ရနေပါလား၊ ဘယ်သူက မင်းကို လက်ဝါးစောင်းနှင့် ရိုက်တာလဲ ပြောစမ်း' ဟု မိန်းမကြီးအား ဆိုလေ၏။

ဟိုချင်း၏ အသံတွင် မိန်းမကြီးအပေါ် စိုးရိမ်ကြောင့်ကြသော၊ သနားကြင်နာသောအသံ ရောယှက်နေသည်ကို အံ့သြစွာ ကြားသိရလေသည်။

မိန်းမကြီးကခေါင်းကို တစ်ဘက်သို့ ဖျတ်ခနဲ စောင်းလှည့်၍ 'ဟင်း'ခနဲ သက်ပြင်းမှုတ်ပြီး...

'သိချင်ရင် နင့်တပည့်လေးကို မေးကြည့်ပါလား' ဟု ဆိုလေသည်။ ဟိုချင်းက ကျန်းဟူကျင်းဘက်သို့ ဆတ်ခနဲ လှည့်၍...



'မင်းက သူ့ကို ဒဏ်ရာရအောင်လုပ်တယ် ဟုတ်လား'

ကျန်းဟူကျင်းက...

'ဟုတ်ပါတယ် ဆရာ၊ သူက...'

'ဖြန်း...ဖြန်း'

ကျန်းဟူကျင်း စကားမဆုံးမီ ဟိုချင်း၏ လက်များက ကျန်းဟူကျင်း၏ ပါးပြင်ပေါ်သို့ ကျရောက်သွားပြီ ဖြစ်ပါ၏။ ကျန်းဟူကျင်းမှာ လုံးဝအထင်မှတ်သဖြင့် မရှောင်တိမ်းနိုင်ခဲ့ချေ။ ကျိုရှောင်မူက ထိုအဖြစ်ကို မြင်သော် ဓားကိုလည်း ရုတ်ချည်း ဆွဲထုတ်လိုက်၏။ နှုတ်မှလည်း...

'ရှင်... ဘာလုပ်တာလဲ' ဟု အော်မေးလေသည်။

ဟိုချင်းက ကျိုရှောင်မူ၏အမေးကို မဖြေ။ ကျန်းဟူကျင်းကိုလည်း အရေးမစိုက်တော့။ ထိုမိန်းမကြီးဘက်သို့သာ လှည့်၍...

'ဘယ်လို နေသေးလဲဟင်၊ ဘာ...ဘာမှ မပူပါနဲ့နော်၊ မင်းကို ငါ ပျောက်အောင် ကုပေးမှာပါ'

ဟိုချင်း၏ အမူအရာက ချစ်ခင်ကြင်နာမှု ပြွမ်းနေ၏။ သို့သော် မိန်းမကြီး၏ အမူအရာက သူ့ကို အရေးမစိုက်သကဲ့သို့ အေးတိအေးစက်။ ကျန်းဟူကျင်းကား ထူပူသွားသော သူ့ပါးပြင်ကို ပွတ်သတ်ရင်း နားမလည်နိုင်စွာ ပါးစပ် အဟောင်းသား ဖြစ်နေလေ၏။ ထိုစဉ် ဟိုချင်းက မိန်းမကြီး၏ အကြောကို ဖြေပေးပြီး ဆေးများပါ ထပ်မံ ကျွေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် . . .မိန်းမကြီးအား ယုယစွာ ပွေ့ချီ၍ ခုတင်ပေါ်သို့ တင်ပေးပြီးစောင်ကိုပါ ကြင်နာစွာ ခြုံလွှမ်းပေးလိုက်လေ၏။ ထို နောက်တွင်မူ ဟိုချင်းက ကြင်နာသော မျက်လုံးဖြင့် မိန်းမကြီးအား စိုက်ကြည့်ရင်း...

'ဒီတစ်ခါ မင်းကို ငါ ပျောက်အောင် ကုသနိုင်ခဲ့ရင် မင်းနဲ့ငါ နောက်ကို ဘယ်တော့မှ မပြိုင်ပါနဲ့တော့ နော်' ဟု ဆို၏။ မိန်းမကြီး က ခနဲ့ရယ် ရယ်လျက်...

'ငါ...ဘာအဆိပ် စားထားတယ်ဆိုတာ နင် ဘယ့်နှယ်လုပ် သိသလဲ၊ နင်က တကယ့်ကို ငါ့ကို ပျောက်အောင် ကုနိုင်ခဲ့ရင် ငါ အရှုံးပေးပါပြီ။ ဒါပေမယ့် နင်လို ဆေးဘုရင်က ငါ့လို အဆိပ်ဘုရင် ကို နိုင်နိုင်မယ် မထင်ပါဘူး'

မိန်းမကြီးက စကားအဆုံးတွင် ဟိုချင်းအား ပြုံးပြလိုက်လေ ၏။ ထိုအပြုံးက လွန်စွာ ချစ်ခင်ကြင်နာသော ကနွဲ့ကချေ အပြုံးမျိုး ဖြစ်လေ၏။ ထိုအခါ ဟိုချင်းက...

'လွန်ခဲ့တဲ့ ဆယ်နှစ်ကတည်းက မင်းကို ငါ အရှုံး ပေးပါ တယ်လို့ ပြောခဲ့ပြီးပြီပဲ၊ မင်းက လုံးဝ မယုံခဲ့ဘူး၊ အခုတော့ မင်းက မင်းရဲ့ကိုယ်နဲ့ရင်းပြီး ငါ့ကို လာပြိုင်တာကို။ အင်း...မင်းသာ တစ်ခုခု ဖြစ်ရင် ငါကတော့ ဘယ့်နှယ့်လုပ် လောကကြီးမှာ တစ်ယောက် တည်း အသက်ရှင် နေနိုင်မှာလဲကွယ်'

မိန်းမကြီးက တခစ်ခစ်ရယ်၍...



'ငါကသာ သူများကို အဆိပ်ခတ်ရင်၊ နင်က ငါ့ရဲ့ အဆိပ် ကို မဖြေနိုင်သလို ဟန်ဆောင်ပြီး အလျှော့ပေးမှာပေါ့၊ အခု ငါ့ကိုယ် ငါ အဆိပ်ခတ်တော့ နင်က ဘယ် အလျှော့ပေးနိုင်တော့မှာလဲ'

ဟိုချင်းက မိန်းမကြီး၏ ဆံပင်ကို ပွတ်သပ်ပေးရင်း...

'ငါ တကယ်ကို စိုးရိမ်သွားတာပဲကွယ်၊ မင်း ဘာလို့ ဒီလို လုပ်ရတာလဲဟင်'

မိန်းမကြီးက ထိုအမေးအတွက် နှုတ်မှမဖြေပါ။ မျက်လုံး အစုံကို တမင် မှိတ်ပြီး မြမြသာ ပြုံးလျက် နေပါ၏။

ကျွန်းဟူကျင်းနှင့် ကိုရှောင်မူတို့မှာမူ သူတို့နှစ်ဦး စကား ပြောနေကြပုံကို အငေးသား နားထောင်နေမိကြလေ၏။

ထိုစဉ် ဟိုချင်းက ကျွန်းဟူကျင်း ဘက်သို့ ရုတ်တရက် လှည့်၍ အရိပ်အခြေ ပေးရင်း...

'လူကလေး...ငါ အစိုးရိမ်လွန်ပြီး သိပ် စိတ်လောကြီး သွားလို့ မင်းကို ရိုက်လိုက်မိတာ ခွင့်လွှတ်ပါကွာ..,နော်' ဟု တောင်း ပန်လာ၏။ ကျွန်းဟူကျင်းက နားမလည်ခြင်း၊ မကျေနပ်ခြင်း ရှိသော အသံဖြင့်...

'အို...ကျွန်တော်တော့ ဘာဝမှကို နားမလည်တတ်တော့ ပါဘူး' ဟု ဆိုလေ၏။ ထိုအခါ ဟိုချင်းသည် သူ့ပါးကို ဝှူ့ လက် ဝါးဖြင့် နှစ်ချက်မျှ ဖြန်းခနဲ ရိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'လူကလေး မင်းက ငါ့ဖနိုးရဲ့ အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်ပါ' ဟု ဆိုလိုက်ရာ ကျန်းဟူကျင်းက အံ့သြသော အသံဖြင့်...

'သူ...သူက...ဆရာရဲ့ဖနိုး...ဟုတ်...ဟုတ်လား' ဟု ပြန်မေးလေ၏။ ဟိုချင်းက ခေါင်းညိတ်၍...

'ဟုတ်ပါတယ် လူလေး၊ သူက ငါ့ ဖနိုးပါပဲကွယ်'

ကျန်းဟူကျင်းသည် ဟိုချင်းက ဤသို့ အလေးအနက်ပြု၍ ပြောလိုက်သံကို ကြားသော် သူ့ရင်မှ ဒေါသ အစိုင်အခဲများလည်း ရုတ်ခြည်း လွင့်ပြယ် ပျောက်ပျက် သွားရလေတော့၏။

★☆★☆★



# အဆိပ်ဘုရင် ဆေးဘုရင်



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၆)

## အဆိပ်ဘုရင် ဆေးဘုရင်

ဟိုရျင်းသည် ချက်ချင်းပင် ကုလားထိုင် နှစ်လုံး ယူပြီး ကျန်းဟူးကျင်းနှင့် ကျိရှောင်မူတို့အား ထိုင်ခိုင်းစေလိုက်၏။

ထို့နောက် သူက...

'ဒီနေ့ ဖြစ်ပျက်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး မင်းတို့ နှစ်ယောက် အတော်ကို အံ့သြနေကြမှာပဲ၊ ဒီကိစ္စကို ငါ ထိမ်ဝှက် မထားတော့ပါဘူးကွာ၊ ဟောဒီ ငါ့ဇနီးရဲ့ နာမည်က ဝမ်နန်ကူးတဲ့၊ ငါတို့နှစ်ယောက်ဟာ တကယ်တော့ ဂိုဏ်းတူ မောင်နှမတွေပါ'

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့နှစ်ယောက်ဟာ ငါတို့ရဲ့ ဆရာဆီမှာ သိုင်းပညာ
သင်ကြားတုန်းက ငါဟာ ဆေးပညာကိုပဲ တစ်ဖက်သတ် သင်ကြ
လေ့လာခဲ့တယ်၊ သူကတော့ အဆိပ်ပညာကို လေ့လာ လိုက်
တယ်ကွယ့်'

'ဒါနဲ့ပဲ ငါတို့ နှစ်ယောက် အရွယ် ရောက်လာတော့ ဆ
က ငါတို့ နှစ်ယောက်ကို လက်ထပ်ပေးခဲ့တယ်၊ ဒီလိုနဲ့ ငါ
နှစ်ယောက် ရဲ့ နာမည်ဟာ သိုင်းလောကမှာ ကျော်ကြားလာခဲ့တ
ငါ့ကို သိုင်း လောကသားတွေက ဆေးဘုရင်လို့ တင်စား ခေါ်
သလို ငါ့ဇနီးကိုလဲပဲ အဆိပ်ဘုရင်လို့ နာမည်ပေးလာကြတော့တ

'ဒီလိုနဲ့ပဲ တစ်နေ့ကျတော့ ငါ့ဇနီးက ရက်ရှည် အဆိပ်တို
လိုက်တဲ့ လူတစ်ယောက်ဟာ ငါ့ဆီကိုလာပြီး အကူအညီတောင်
တော့ ငါကလဲ ဘုမသိ ဘမသိနဲ့ဘဲ အဲဒီလူကို ကယ်ဆယ်လိုက်
တယ်လေ၊ အဲ...ဒီလိုနဲ့ပဲ ငါဟာ လူသုံးလေးယောက်ကို ကယ်ခဲ့
တယ် ဆိုပါတော့ကွယ်၊ အဲဒီတုန်းက ငါဟာ ကျိုးကြောင်း အ
မသိသေးတော့ စိတ်ထဲက ကျေနပ်နေပါတာပေါ့၊ ဒါပေမယ့် ငါ
အဲဒီလို တစ်ဘက်ကနေပြီး ကယ်ကယ်ပေးနေတော့ ငါ့ဇနီး
ဂုဏ်သိက္ခာကို စော်ကားသလို ဖြစ်နေတာပေါ့ကွာ၊ ငါ 'ဆေးဘုရင်'
ငါ့ဇနီး 'အဆိပ်ဘုရင်' ထက် ပိုပြီး စွမ်းတယ်လို့ ကြွားဝါပြနေသ
ဖြစ်နေတာပေါ့'



ကျိုရှောင်မူက နားထောင်ရင်း ခေါင်းကိုမသိမသာ ခါလိုက်
ဟိုချင်းက ဆက်၍...

'နောက်ပိုင်း ငါက ငါ့အမှားကို သိတော့ ငါ့ဇနီးကို
တောင်းပန်တယ်၊ ငါ့ဇနီးလဲ ငါ့အမှန်တကယ် အမြင်မှန်
ရမှန်းသိတော့ ငါ့ကို ခွင့်လွှတ်လိုက်ပါတယ်၊ ဒါ...ဒါပေမယ့်
အချိန်မှာ ငါ့နှမလေးရဲ့ ပြဿနာက ဘွားခနဲ ပေါ်လာတယ်ကွယ့်'

'ငါ့နှမလေးက အခုတော့ ဝါဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး
ရဲ့ ဒဏ်ကြောင့် သေဆုံးသွားခဲ့ရပေမယ့် သူက သေတဲ့အထိ
ကို နစ်နစ်ရှူးရှူး ချစ်နေရှာတယ်၊ ဒါကြောင့် သူမသေခင်မှာ
ကို မသတ်ရဘူး၊ ရှမ်းရီ ဒုက္ခရောက်နေရင်လဲ ကယ်တင်ပေးရ
လို့ ငါ့ကို ကတိတောင်းခဲ့တယ်ကွယ့်'

'ငါ့ဇနီးကတော့ ရှမ်းရီလို ယုတ်မာတဲ့ လူစားမျိုးကို အခဲ
လို့ သူ့ကို အဆိပ်ခတ်လိုက်တယ်၊ အဲဒီ အဆိပ်က သုံးနှစ်
တဖြည်းဖြည်း အသားအရည်တွေ ပုပ်ပွလာပြီး သုံးနှစ်တိုင်
အကြီးအကျယ် ဒုက္ခ ခံစားပြီးမှ သေရမယ့် အဆိပ်မျိုးကွယ့်'

ရှမ်းရီလဲ တဖြည်းဖြည်း အဲဒီ အဆိပ်ကြောင့် သူ့ကိုယ်သူ
နိုင်မှန်းသိတာလဲ တစ်ကြောင်း ငါ့နှမလေးက သူ့အတွက်
က ကတိတောင်းပေးခဲ့တာကိုလဲ သိထားတာ တစ်ကြောင်း
ကြောင့် ချက်ချင်း ငါ့ဆီကို လာပြီး သူ့ကို ကုသပေးဖို့ အကူအညီ

www.burmeseclassic.com

www.burmeseclassic.com



တောင်းတော့တာပဲကွယ်၊ ငါ ဘာတတ်နိုင်တော့မှာလဲ၊ ငါ့နှမလေးက ကတိ ပေးခဲ့ပြီးပြီဖြစ်လို့ ငါ ဘယ်လိုမှ မငြင်းပယ်နိုင်ခဲ့ဘူးကွယ်၊ ဒါကြောင့် သိပ်ကို ယုတ်မာလွန်းတဲ့ ရှန်းရီကို ငါက မလွှဲမရှောင်သာ ပျောက်ကင်းအောင် ကုပေးလိုက်ရတယ်လေ'

ကျိုရှောင်မူက ဟိုချင်းပြောသမျှ နားထောင်ရင်း စိတ်ထဲတွင်...

'ရှန်းရီဆိုတာ အင်မတန် နာမည်ကြီးတဲ့ ဝါဆန်းဂိုဏ်းရဲ့ ... ကြီးပဲ၊ သိုင်းလောကမှာ ဒီလို နာမည်ကြီးလျက်နဲ့ အခု သမား တော်ကြီး ပြောပြချက်အရ ဆိုလျှင် သူ့နှမလေးရဲ့ ခန္ဓာကိုယ်ကို ရှန်းရီက လိမ်ညာလှည့်ဖျားယူပြီး နောက်ဆုံးမှာ သစ္စာမဲ့ ... ရှောင်တိမ်းသွားတာ ဖြစ်နိုင်တယ်၊ ခြော်... လက်စသတ်တော့ နာမည်ကြီးတဲ့ လူတချို့ထဲမှာ ဒီလို ယုတ်မာတဲ့ လူတွေ ပါနေတာကိုး'' ဟု မှတ်ချက်ချနေမိ၏။

ဟိုချင်းက သက်ပြင်းတစ်ချက်ချ၍ သူ့စကားကို ဆက်ပြော လေ၏။

'အဲဒီလို ရှန်းရီကို ငါက မလွှဲမရှောင်သာ ပျောက်ကင်း အောင် ကုသပေးလိုက်တာနဲ့ ပတ်သက်ပြီး ငါ့ဇနီးက ငါနဲ့ စကား မများတော့ပါဘူး၊ သူက ဘာပြောသလဲဆိုတော့...

'ကောင်းပြီ... လိပ်ပြာကုန်းက သမားတော်ကြီး ဟိုချင်း တကယ့်ကို အစွမ်းထက်တာပဲကိုး၊ ဒါပေမယ့် ကျွန်မ အဆိပ်ဘုရင်မ



အရှုံး မပေးနိုင်ဘူး၊ ကျွန်မတို့နှစ်ယောက် ဘယ်သူက ဘယ်သူ့ထက် ပိုပြီး အစွမ်းထက်တယ်ဆိုတာ သိရအောင် ပြိုင်ကြည့်ကြသေး တာပေါ့တဲ့၊ ဆေးဘုရင်ကပဲ တော်သလား၊ အဆိပ်ဘုရင်ကပဲ တော် သလားဆိုတာ ကြည့်ကြသေး တာပေါ့တဲ့၊ ငါက အမျိုးမျိုးတောင်း ပန်ပေမယ့် သူက လုံးဝ အရေးမစိုက်တော့ဘူး'

'အဲဒီ နောက်ပိုင်း နှစ်တွေကျတော့ သူက အဆိပ်ပညာကို ပိုပြီး ကြိုးစားလေ့လာ လိုက်စားခဲ့တယ်၊ သိုင်းလောကက နာမည်ကြီး အချို့ကိုလည်း အဆိပ်ခတ်ပြီး ဒီလူတွေကို ငါ့ဆီ ညွှန်လိုက်တယ် လေ၊ သူ့အဆိပ်က သိပ်ပြင်းထန်လွန်းတော့ အဆိပ်ပြေအောင် ဖြေဖို့ သိပ်ခက်ခဲနေတာနဲ့ ငါလဲ လက်လျှော့လိုက်ရတယ်၊ ဒါကို ငါက သူ့ကို အထင်သေးလို့ ဒီလူတွေကို ပျောက်အောင် မကုပေးတာလို့ ထင်ပြီး ငါ့ အပေါ် ပိုလို့ ဒေါသထွက်နေပြန်ရောကွာ'

'ဒါနဲ့ သူက လိပ်ပြာကုန်းကနေ စိတ်ဆိုးပြီး ထွက်ခွာသွား တော့တာပဲကွ၊ သိုင်းလောကက လူတွေဟာ ဘယ်လောက် ရှုတ်ထွေးတယ်၊ ဘယ်လောက်ကောက်ကျစ်တယ် ဆိုတာ မင်းတို့လဲ သိကြမှာပေါ့၊ ဒီတော့ သူ့လို မိန်းကလေးတစ်ယောက်က ရှုတ်ထွေး လှလီလှတဲ့ သိုင်းလောကထဲကို တစ်ယောက်ထဲ စိတ်လေလွင့်ပြီး သွားလာလှုပ်ရှားနေတာကို ငါ ဘယ်လိုလုပ် စိတ်ချနေနိုင်မှာလဲ၊ ဒီတော့ ငါ သူ့ကို လိုက်ရှာရတော့တာပေါ့၊ ဒါပေမယ့် သူ့ကို ငါ ဘယ်လိုမှ တွေ့အောင် မရှာနိုင်ခဲ့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကျိုရှောင်မူက ဟိုချင်း၏စကားကို နားထောင်ရင်း ခုတင်ပေါ်တွင် လဲလျောင်းနေသော ဝမ်နန်ကူးကို ကြည့်လိုက်၏။ သူ့စိတ်ထဲမှမူ...

'ဒီ အဆိပ်ဘုရင် ဝမ်နန်ကူးလို မိန်းမမျိုးကို ဘယ်သူက လုပ်ကြံဖို့၊ တစ်စုံတစ်ရာ ဒုက္ခပေးဖို့ စိတ်ကူးဝံ့ပါ့မလဲ၊ ဟင်း...သူကဒီပြင်လူတွေကို အဆိပ်မခတ်တာပဲ တော်လှပြီ၊ အင်း... ဟိုချင်းကလဲ မိန်းမကို ကြောက်တဲ့နေရာမှာ စံပါပဲလား' ဟု စဉ်းစားနေမိ၏။

ဟိုချင်းက သူ့စကားကို ဆက်နေပြန်သည်။

'လွန်ခဲ့တဲ့ ခုနစ်နှစ်တုန်းက ငါ့ဆီကို လင်မယားနှစ်ယောက် ပေါက်ချလာတယ်ကွယ်၊ သူတို့နှစ်ယောက်ကတော့ အရှေ့ပင်လယ်က မြွေကျွန်းသခင်ကြီးတို့ လင်မယားနှစ်ယောက်ပဲပေါ့၊ သူတို့ နှစ်ယောက်စလုံး အဆိပ်မိ ခံထားရတယ်ကွယ့်၊ သူတို့နှစ်ယောက်က သိုင်းလောကမှာ တကယ့်ကို ဝါကြီးပုဂ္ဂိုလ်တွေ ဖြစ်တဲ့အတွက် အခုလို သူတို့ကိုယ်တိုင် ငါ့ဆီလာပြီး ဆေးကုသပေးဖို့ပြောတာကို ငါက လက်ခံရမှာပေါ့၊ ဒါပေမယ့် ငါ့ဇနီး ထွက်သွားပြီးတဲ့နောက်မှာ ငါက ကတိ တစ်ခုကို ခံယူခဲ့တယ်လေ၊ ငါတို့ အလင်းတမန်တော်ဂိုဏ်းနဲ့ ပတ်သက်တဲ့ လူတွေကလွဲပြီး ဘယ်သူ့ကိုမှ ကုသမပေးတော့ဘူး ဆိုတဲ့ ကတိကို ခံယူ ခဲ့တယ်လေ၊ ဒါကြောင့်လဲ သူတို့လင်မယားကို ငါ ဘယ်လိုမှ ကုမပေးနိုင်ဘူးလို့ ပြောလိုက်ပါတယ်၊ အဲဒီ လင်မယားနှစ်ယောက်ကတော့ ဆရာကြီး ရှင်ရက်နဲ့ ရွှေပန်းပွင့်ဘွားဘွားတို့ပါပဲ'



ကျိုရှောင်မူသည် နားထောင်ရင်း အနည်းငယ် သဘောပေါက်စ ပြုလာ၏။ ဟိုချင်းက ဆက်၍...

'အဲဒီလိုနဲ့ ငါ ငြင်းပယ်လိုက်ပြီးလို့ မကြာခင်မှာဘဲ ဆရာကြီး ရှင်ရက်သေဆုံးသွားတယ်၊ ရွှေပန်းပွင့် ဘွားဘွားကတော့ အဆိပ်ဆိပ်မပြင်းလို့ မသေခဲ့ဘူးကွယ့်၊ မကြာခင်က ချန်ရီတစ်ယောက် ...လိပ်ပြာကုန်းကို အလာမှာ လမ်းခရီးတစ်နေရာမှာ ရွှေပန်းပွင့်ဘွားဘွားနဲ့ ဆုံကြတယ်၊ ရွှေပန်းပွင့်ဘွားဘွားက ချန်ရီက တဆင့် ...ကို မှာလိုက်တာက သူ့ယောကျ်ား သေသွားပြီတဲ့၊ အဲဒီ သတင်းကို ...န်ရီ ငါ့ဆီ အကြောင်းလာကြားတာ မကြာသေးပါဘူး၊ ဒီကြားထဲ ...ဇနီးလဲ ရုတ်တရက် ရောက်လာတာပါပဲ၊ ငါ့ဇနီးက ဖြုန်းခနဲ ...ပ်ရာထဲမှ အပြင်လူတစ်ယောက် ရောက်နေတာကို မြင်တော့ ...ဆေးနဲ့ ကျန်းဟူကျင်းကို တစ်ညလောက် မေ့အောင်လုပ်လိုက်တယ်'

ကျန်းဟူကျင်းသည် ထိုအခါကျမှပင် မိမိ ယခင်တစ်ညက ...ပ်ပျော်သွားလိုက်သည်မှာ နောက်တစ်နေ့ ညနေစောင်းအထိ ...ဖြစ်ရသည်ကို ယခုမှပင် သဘောပေါက်သွား ရလေတော့၏။ ...ိုချင်းက စကားဆက်ပြန်၏။

'ငါ့ဇနီးပြန်လာတာ တွေ့တော့ ငါ သိပ်ဝမ်းသာသွားတာ ...ါ၊ သူက ငါ့ကို ပြောတယ်၊ သူလဲပဲ မြွေကျွန်းက ရွှေပန်းပွင့်ဘွား...ား မြေပြန့်ပိုင်းကို ဆင်းလာတဲ့ သတင်းကိုကြားလို့ ...ါ့ကို စိတ်

www.burmeseclassic.com

www.burmeseclassic.com



အဆိုးကြီး ဆိုးခဲ့ပေမယ့် စိတ်မချလွန်းလို့ လာ အကြောင်းကြားတာတဲ့၊ ပြီးတော့ သူက ငါ ကျောက်ရောဂါ ခံစားနေရတယ်ဆိုပြီး အခန်းထဲမှာပဲ ပုန်းနေဖို့ အကြံပေးတယ်၊ အဲဒီလို ပုန်းနေရင်းက ရွှေပန်းပွင့်ဘွားဘွားကို ဘယ်ပုံဘယ်နည်း ရင်ဆိုင်ရမယ်ဆိုတာကို စဉ်းစားကြမယ်လို့ သူက ဆိုတယ်၊ ရွှေပန်းပွင့်ဘွားဘွားရဲ့ သိုင်းပညာက အတော့်ကို ကြောက်စရာကောင်းတော့ ထွက်ပြေးရင်လဲ သူ့လက်ထဲက လွတ်မှာ မဟုတ်ဘူးကွယ့်၊ ဒါပေမယ့် ရွှေပန်းပွင့်ဘွားဘွားမှာ အင်မတန် ထူးဆန်းတဲ့ စိတ်ခတ်တစ်မျိုး ရှိတယ်ကွယ့်၊ အဲဒါက ဘာလဲ ဆိုတော့ သူက လူတစ်ယောက်ကို သတ်ရင် သုံးကြိမ်သုံးချက်ပဲ ရအောင် သတ်တယ်၊ သုံးကြိမ်သုံးချက်တိုက်ခိုက်လို့မှ အဲဒီလူ မသေဘဲ ရှောင်တိမ်း ထွက်သွားနိုင်ရင် အဲဒီလူကို သူ နောက်ထပ် သတ်ဖို့ မကြိုးစားတော့ဘူး'

ကျိုရှောင်မူရော ကျန်းဟူကျင်းပါ ပို၍ စိတ်ဝင်စားနေနားထောင် နေကြ၏။ ဟိုချင်းက စကားဆက်ပြန်လေသည်။

'နောက်ပိုင်း ကျန်ကျက်တို့ လူသိုက် ရောက်လာတော့ ရွှေပန်းပွင့်ဘွားဘွား ငါ့စိတ်ကို စမ်းနေမှန်း ငါ ချက်ချင်းသိလိုက်တယ်၊ သူတို့ လင်မယားကို ငါက အလင်းတမန်တော်ဂိုဏ်းကလွဲရင် ဘယ်သူ့ကိုမှ ကုသိမပေးဘူးလို့ ပြောခဲ့ဘူးတော့ သူက ဒီလူတွေကို လွှတ်ပြီး ငါ့ကိုစမ်းနေမှန်း ငါ သိလိုက်တယ်လေ၊ ဒီလူတွေအားလုံးရဲ့ ရောဂါဒဏ်ရာတွေကလဲ တကယ့်ကို ငါမတွေ့ဘူးတဲ့ ရောဂါဒဏ်ရာ



မျိုးဖြစ်နေတော့၊ ငါက လက်ကိုယားနေတာပေါ့ကွယ်၊ ဒါပေမယ့် ကိုယ်တိုင်တော့ ဘယ်ကုသရဲပါ့မလဲ၊ ကျန်းဟူကျင်း မရှင်းလင်းလို့၊ သဘောမပေါက်လို့၊ လာ လာပြီးမေးတဲ့မေးခွန်းတွေက တစ်ဆင့် ငါက ဖြေကြားရင်း သွယ်ဝိုက်သောနည်းနဲ့ ဝိုင်းဝန်း ကုသပေးလိုက်လို့ အခုဆိုရင် အဲဒီလူတွေလဲ ရောဂါဒဏ်ရာတွေ အားလုံး ပျောက်သွားကြတာပဲပေါ့'

'အဲဒီအခါမှာ ငါ့ဇနီးက ငါ့အပေါ် မကျေမနပ်ဖြစ်ပြန်ရော၊ ဒါကြောင့် သူက ညတိုင်ကျရင် လူတွေကို မေ့ဆေးခတ်ပြီး ဒဏ်ရာတွေပေါ်ကို အဆိပ်ရည်တွေ ထည့်ပေးလိုက်ပြန်တယ်၊ ဒါပေမယ့် နောက်နေ့ကျတော့ ကျန်းဟူကျင်းက ငါ့ကို အကျိုးအကြောင်းလာမေးတော့ ငါက ဆေးသစ်တစ်ဖုံ ပြောပြပြီး ကုလိုက်တော့ ပျောက်သွားပြန်လေရော.'

'အင်း...အဲဒီနောက်ပိုင်းကိစ္စတွေကျတော့ မင်းတို့လဲ သိပြီးကြပါပြီ၊ ဟူကျင်းရေ... မင်းကတော့ တကယ့်ကို မသိတတ်လိုက်တာကွာ၊ မင်းကို ထွက်ပြေးခိုင်းတာ မင်းက မပြေးဘဲ ငါ့ဇနီးကို ဒဏ်ရာရအောင် လုပ်ရက်တယ်ကွာ'

ဟိုချင်းက စကားအဆုံးတွင် ဦးခေါင်းကို ခါယမ်းနေလေ၏။ ကျိုရှောင်မူနှင့် ကျန်းဟူကျင်းမှာ ဟိုချင်းကိုတစ်လှည့် တစ်ယောက်ကို တစ်ယောက်ကြည့်ရင်း တစ်လှည့်၊ ရယ်ရမလို ဒေါသထွက်ရမလိုလို ဖြစ်နေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ခြော်... ဟိုချင်းတို့ ခနီးမောင်နှံကား တကယ်ပင် ထူးဆန်းသော လူများပါပေ။ ထိုစဉ် ဟိုချင်းက ဆက်၍...

'ဒီတစ်ခါတော့ ငါ ဘယ်လို လုပ်ရမလဲကွာ၊ ငါသာ သူ့ကို ပျောက်အောင် ကုရင် သူက တစ်သက်လုံး စိတ်ချမ်းသာမှာ မဟုတ်ဘူး၊ သူ့ကို မကုနိုင်လို့ ယူသေသွားရင်လဲ ငါက အသက်ရှင်နေနိုင်မှာ မဟုတ်တော့ဘူး၊ ဒါကြောင့် ဆုပ်လဲဆူး စားလဲရူးရမယ့် အဖြစ်မို့ အခုနေခါ ရွှေပန်းပွင့်ဘွားဘွားသာ ရောက်လာပြီး ငါ့ကို သူ့တော့ဝင်ဓလေ့နဲ့ ရိုက်သတ်လိုက်ရင် အကောင်းဆုံးပါပဲကွာ'

ထိုအခါ ကျန်းဟူကျင်းက ရုတ်တရက် အကြံတစ်ခု ရလိုက်သဖြင့် ရေနွေးကြမ်းပန်းကန်ကလေးထဲတွင် လက်ညှိုးစွပ်၍ စားပွဲပေါ်တွင် စာရေးလိုက်၏။

'ဆရာကတော်ရဲ့ အဆိပ်ကို ဖြေဖို့ ဖြေဆေးရှိလား'

ဟိုချင်းက ချက်ချင်း သဘောပေါက်သဖြင့်...

'ဒီနှစ်တွေမှာ သူ့ရဲ့ အဆိပ်ပညာက သိပ်ကို တိုးတက်လာတော့ သူ့အဆိပ်စားထားမှန်းတောင် ငါ မသိဘူးကွ၊ ဒီတော့ ဘယ်နှယ့်လုပ်ပြီး သူ့အဆိပ်ကို ဖြေပေးနိုင်မှာလဲ'

ဟိုချင်းက နှုတ်မှ ထိုသို့ပြောပြီး လက်မှမူ လက်ဖက်ရည်ကြမ်းတွင် စိမ်၍ ဖြေဆေးကို ရေးပေးလိုက်လေ၏။

ထိုအခါ ကျန်းဟူကျင်းက နှုတ်ဖြင့်...



'ဒီအဆိပ်ကို ဘယ်လိုမှ ဖြေလို့ မရတော့ဘူးလား'

'သူကိုယ်တိုင်တော့ ဖြေဆေးရှိမှာပေါ့၊ ဒါပေမယ့် သူက သေတာတောင်မှ ပြောပြမှာ မဟုတ်ဘူး'

ကျန်းဟူကျင်းက လက်ဖြင့်...

'ဆရာကြီးပါ အဲဒီအဆိပ်မျိုးသောက်လိုက်၊ ကျွန်တော် ကုပေးမယ်...'

ဟိုချင်းက ကျန်းဟူကျင်း၏ သဘောထားကို ရိပ်စားမိသဖြင့် စိတ်ထဲမှ...

'အင်း... ဒီနည်းက အန္တရာယ်သိပ်များပေမယ့် ငါကိစ္စက ဒီလိုလုပ်မှပဲ ပြီးတော့မှာပါ'

ထိုအခိုက် ဟူကျင်းက...

'ဆရာကြီးက ဆရာကတော်ကို ချော့ကြည့်ပါဦးလား'

ဟိုချင်းကလက်ရမ်း၍...

'ကဲ...မင်းတို့နှစ်ယောက် ဒီအခန်းထဲက ထွက်သွားကြတော့၊ တကယ်လို့ ငါ့ခနီးသေရင် ငါလဲရှင်မှာ မဟုတ်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်းနှင့် ကျိရှောင်မူတို့ အခန်းထဲမှ ချက်ချင်း ထွက်လာခဲ့ကြ၏။ ထိုအခါ ဟိုချင်းသည် သူ့ဇနီးအကြောင်းကို အ... ပိတ်လိုက်ပြီးလျှင်...

'ညီမလေး...မင်းရဲ့ ခင်ပွန်းသည်ဟာ တကယ့်ကို အသုံး မကျလို့ မင်းရဲ့အဆိပ်ကိုတောင် မဖြေနိုင်တော့ဘူး၊ ဒီတော့ မင်း... အတူတူ သေရွာကို သွားတော့မယ်ကွယ်'

ဟိုချင်းက စကားအဆုံးတွင် ဝမ်နန်ကျူး၏ အိတ်ထဲ... အဆိပ်ထုပ်တစ်ထုပ်ကို နှိုက်ယူပြီး မော့သောက်ချလိုက်လေတော့... ထိုအခါ ဝမ်နန်ကျူးက အလန့်တထိတ်ဖြင့်...

'အစ်ကိုကြီး ဘယ်နှယ့် လုပ်လိုက်တာလဲ အစ်ကိုကြီးရဲ့ အဆိပ်ကို ဒီလောက်များ သောက်ရသလားဟင် အစ်ကိုကြီး'

ဟိုချင်းက ဘာမှ မပြောပဲ ပြုံး၍သာ နေ့နေ လိုက်... ချက်ချင်းပင် သူ့ဗိုက်ထဲ၌ မီးမြိုက်ခံရသကဲ့သို့ ပူပြင်းစွာ ခံစား... လေ၏။ ဝမ်နန်ကျူးက စိုးရိမ်တကြီးဖြင့်...

'အစ်ကိုကြီး... ကျွန်မမှာ ဖြေဆေးရှိတယ်လေ'

ဟိုချင်းက တကိုယ်လုံးတုန်လျက် ခေါင်းခါ ပြီးလျှင်...



'ငါ...မလို...ချင်တော့ပါဘူး' ဟု လေသံ တိုးတိုးဖြင့် ပြန်ပြောလေ၏။

ဝမ်နန်ကျူးက ပို၍ စိုးရိမ်လာကာ...

'အစ်ကိုကြီး... ကျွန်မအိပ်ထဲမှာ ဖြေဆေးနည်းတွေ ရေးထား တယ်လေ၊ အမြန်ဆုံး ယူပြီး ဒီဆေးနည်းအတိုင်း စပ်လိုက်ပါနော်'

ဟိုချင်းက ခေါင်းခါ၍...

'ဒီမှာ ဝမ်နန်ကျူး၊ ငါ နင့်အပေါ် တကယ့်ကို နှစ်နှစ်ကာကာ ချစ်ခဲ့သလောက် နင်က ငါ့ကို တစ်ချိန်လုံး အနိုင်ယူဖို့ပဲ စိတ်ကူးနေ တာကိုး၊ ဒီတော့ ဒီတစ်ခါ နင့်ကို ငါ အရှုံးပေးလိုက်တာပဲ ကောင်းပါ တယ်လေ၊ ငါ သေတာပဲ ကောင်းပါတယ် ဝမ်နန်ကျူးရယ်'

ဟိုချင်းက ညည်းညူသံဖြင့် ပြောလိုက်ခြင်းပင် ဖြစ်ပါ၏။ အမှန်လည်း သူ ဟန်ဆောင်နေခြင်း မဟုတ်ပါ။ အမှန်တကယ် အ ဆိပ်တက်နေခြင်းဖြစ်ပါသည်။ ထိုအခါ ဝမ်နန်ကျူးက ငိုယိုလျက်...

'အစ်ကိုကြီး... အစ်ကိုကြီးရယ်၊ အခုလို ဖြစ်နေရတာဟာ ကျွန်မရဲ့ အပြစ်ချည်းပါပဲ၊ အစ်ကိုကြီး မသေရဘူး၊ မသေရဘူး၊ ကျွန်မ နောက်ကိုတစ်ခါ ဘယ်တော့မှ အစ်ကိုကြီးနဲ့ မပြိုင်တော့ပါဘူး အစ်ကိုကြီးရယ်'

ထိုအချိန်ကျမှပင် ကျန်းဟူကျင်းက အခန်းထဲသို့ ပြေးဝင် လာပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ...ဆရာကတော်၊ ဆရာကြီးကို ဘယ်လို ကုရမ[...]ဟင်' ဟု စိုးရိမ်တကြီးဟန် မေးလိုက်၏။ ဝမ်နန်ကူးသည် ကျန်း[...]ကျင်းကို မြင်သည်နှင့် လွန်စွာဝမ်းသာသွား၏။ ထို့ကြောင့် ချက်ချ[...]ပင် ဆေးနည်းကို ပြောပြလိုက်၏။

ထိုစဉ်မှာပင်...

❖ ❖ ❖ ❖ ❖

အခန်းအပြင်ဘက်ဆီမှ ချောင်းဆိုးသံ သုံးချက်ကို အတိ[...]သား ကြားလိုက်ရ၏။ တိတ်ဆိတ်သော ညဥ့်ယံအချိန်တွင် [...]ချောင်းဆိုးသံမှာ ပို၍ ပီပြင်နေလေ၏။ ထိုစဉ် ကျိရှောင်မှ[...]အခန်းထဲသို့ ကသုတ်ကယက်ပြေးလာပြီး အထိတ်တလန့်အသံဖြ[...]

'ရွှေ...ရွှေပန်းပွင့်ဘွားဘွား...ရွှေပန်း'

ကျိရှောင်မှုအသံ မဆုံမီပင် အခန်းတံခါးက ဒိုင်းခနဲ [...]သွားပြီး ရုတ်ခြည်း ဆိုသလို ခါးကိုင်းနေသော အဖွားအိုတစ်ယော[က်]နှင့် အသက် ဆယ့်သုံးနှစ်ခန့်ရှိ ကလေးမတစ်ယောက် ဝင်ရော[က်]လာသည်ကို တွေ့ရလေ၏။ ယင်းအဖွားအိုမှာ အခြားသူ မဟု[တ်]အရှေ့ ပင်လယ်မြေကျွန်းမှ နာမည်ကျော် ရွှေပန်းပွင့်ဘွားဘွား ဖြစ်ပါ၏။



ရွှေပန်းပွင့်ဘွားဘွားအခန်းထဲသို့ ရောက်ရှိချိန်တွင် ဟိုချင်း၏ မျက်နှာတစ်ခုလုံး အမည်းရိပ် တက်လျက်ရှိပြီး အသက်ရှူသံသည်း ကစ်စစဖြင့် တိုးညင်းသွား၏။ မကြာမီအချိန်အတွင်း အသက်ထွက်တော့မည့် ပုံပင်။ ရွှေပန်းပွင့်ဘွားဘွားသည် ဟိုချင်း၏ အခြေအနေကို လျင်မြန်စွာ အကဲခတ်ပြီးလျှင်...

'သူ... ဘာလုပ်နေတာလဲ' ဟု မေးလိုက်လေ၏။

သို့သော် ရွှေပန်းပွင့်ဘွားဘွား၏အမေးကို မည်သူမျှ ပြန်ဖြေရကောင်းမှန်း မသိ၊ အားလုံး ကြောင်အမ်းအမ်း ဖြစ်နေမိကြလေ၏။ ယင်းအခိုက် ဟိုချင်းသည် တစ်ကိုယ်လုံး တွန့်လိမ်သွားပြီး ရုတ်ဟာရက် ခြေတစ်ချက် ဆန့်လျက် မေ့မြောသွားလေတော့၏။ ဝမ်နန်ကူးသည် ဟိုချင်းအား ကြည့်ရင်း ရုတ်တရက် ချုံးပွဲချ ငိုလိုက်လေ၏။

'အစ်ကိုကြီး... ဘာဖြစ်လို့ အခုလို ကိုယ့်ကိုယ်ကို အဆိပ်ခတ်ပြီး သက်ရတာလဲ၊ အစ်ကိုကြီးရယ်'

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



# ကံဆိုးမိုးမှောင်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၇)

## ကံဆိုးမိုးမှောင်

ဇင်စစ် ရွှေပန်းပွင့်ဘွားဘွား ဤတစ်ကြိမ် မြေပြန့်သို့ ဆင်းလာခြင်းမှာ မိမိခင်ပွန်းသည်အား အဆိပ်ခတ် သတ်ခဲ့သူကို ပြန်လည် ကလဲ့စားချေရန်နှင့် ဟိုချင်းအား သတ်ပစ်ရန်ပင် ဖြစ်ပါ၏။

အကြောင်းမှု ဟိုချင်းသည် မိမိခင်ပွန်းသည်၏ အဆိပ် ဒဏ်ရာကို မကုသပေးခဲ့သောကြောင့်ပင် ဖြစ်၏။ သို့သော် ယခု မိမိ ရောက်လာချိန်တွင် ဟိုချင်းသည် တကယ်ပင် အဆိပ်တက်နေသည်ကို တွေ့ရ၏။ ဟိုချင်း၏ မျက်နှာ အမူအရာကို ကြည့်ခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ် အဆိပ်တက်နေပြီး ဘယ်သို့မျှ ကုသ၍ မရနိုင်သော အခြေအနေကို ဖော်ပြနေ၏။ သို့ဖြင့် ရွှေပန်းပွင့်ဘွားဘွားသည် ခင်ပွန်းသည်အတွက် ကလဲ့စားချေရန် ဆန္ဒကုန်ခမ်းလျက် နှုတ်မှ

'ကံဆိုးတာပဲ၊ ငါ့...ကံဆိုးတာပဲ' ဟူ၍သာ ရေရွတ်ပြီး အပြင်သို့ လျှောက်ထွက်သွားလေတော့၏။

ရွှေပန်းပွင့်ဘွားဘွားအပြင်သို့ ရောက်စဉ် ခဏတွင်ပင် အိမ် အပြင်ဘက် ဆယ်ကိုက်ကျော်စီမှ ချောင်းဆိုးသံများ ကြားရလေသော ၏။ ရွှေပန်းပွင့်ဘွားဘွား၏ကိုယ်ဖော့သိုင်းပညာကား ဤမျှ ကြော ခမန်းလိလိ ရှမ်းပါလေ၏။

ထိုအခါကျမှပင် ကျန်းဟူကျင်းသည် ဟိုချင်း၏ နှလုံး စမ်းသပ်ကြည့်၏။ နှလုံးမှာ ခုန်လျက်ပင် ရှိသေး၏။ ထို့ကြော ကျန်းဟူကျင်းက ဆေးနည်းအတိုင်း ဆေးများဖော်စပ်၍ ဟိုချင်းအ တိုက်ကျွေးကုသလိုက်လေ၏။ တစ်ဆက်တည်းတွင်ပင် ဟိုချင်း ဇနီး ဝမ်နန်ကူးကိုလဲ ကုသပေးလိုက်လေ၏။ နာရီဝက်ခန့်ကြာသော ဟိုချင်း ပြန်လည် သတိရလာ၏။ ယင်းကို တွေ့သော် ဝမ်နန်ကူ သည် လွန်စွာ ဝမ်းသာလွန်း၍ မျက်ရည်များပင် စီးသွယ် ကျလာ ၏။ ကျန်းဟူကျင်းအားလည်း...

'လူလေး... ငါတို့ ဇနီးမောင်နှံဟာ မင်းပေးတဲ့ အသက် ရှိတော့တယ်' ဟုဆို၏။ ကျန်းဟူကျင်းကလည်း...



'ရွှေပန်းပွင့်ဘွားဘွားက ဆရာကြီး သေပြီ ထင်ပြီး ပြန်သွား ပြီ၊ ဆရာကတော်...အင်း...တစ်ရန်တော့ အေးသွားရပြီပေါ့' ဟုဆို၏။

သို့ဆိုရင်း မျက်စိထဲတွင် အကျည်းတန်လှသော ရွှေပန်းပွင့် ဘွားဘွား၏ရုပ်သွင်ကို မြင်ယောင်ကာ ကြက်သီးများပင် တဖြန်းဖြန်း ထမိလေ၏။ ထိုအခါ ဝမ်နန်ကူးက...

'ဒီ အမယ်အိုက အလုပ်လုပ်တာ သိပ်ပြီး စေ့စပ်တာပဲကွယ့်၊ သူ ကနေ့ ပြန်သွားပေမယ့် နောက်တစ်ခေါက်လာပြီး ကြည့်ဦးမှာ သေချာတယ်၊ ဒီတော့ ငါတို့ ဇနီးမောင်နှံ အခုချက်ချင်း ဒီက ရှောင် တိမ်းသွားမှ ဖြစ်မယ်ကွယ့်၊ အေး... တစ်ခုတော့ မင်းကို မှာခဲ့ချင်တယ် ဟူကျင်း၊ ငါတို့နှစ်ယောက် ဒီက ထွက်သွားပြီးရင် မင်းက ငါတို့ နှစ်ယောက်အမည်နဲ့ အုတ်ဂူနှစ်ခု လုပ်လိုက်ပါ'

ထို့နောက်တွင်မူ ဟိုချင်းတို့ ဇနီးမောင်နှံနှစ်ဦးသည် ပစ္စည်းများကို သိမ်းဆည်းပြီး ထစ်နေရာရာသို့ ရှောင်တိမ်း ထွက်သွား ကြလေသည်။ ဟိုချင်းသည် ကျန်းဟူကျင်းအပေါ်တွင် သံယောဇဉ်ရှိ ပြီဖြစ်၍ ထွက်ခွာမသွားမီ သူ၏ လက်စွဲ ဆေးကျမ်းစာအုပ် တစ်အုပ်ကို ပေးရင်း...

'ဟူကျင်း... ငါ တတ်သမျှ ပညာအားလုံးကို ဟောဒီ စာအုပ်ထဲမှာ ရေးထားတယ်ကွယ့်၊ အခု မင်းကို ငါ လက်ဆောင် အဖြစ်ပေးခဲ့မယ်၊ မင်း ခံစားနေရတဲ့ ရေခဲလက်ဝါးစောင်း အအေး ဓာတ် အဆိပ်ဒဏ်ကို ငါ ပျောက်အောင်မကုပေးနိုင်တာကို ငါ စိတ်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းပါဘူး၊ မင်း ဒီဆေးကျမ်းစာအုပ်ကို လေ့လာပြီး ကိုယ့်ကိုယ်ကို ပျောက်ကင်းအောင် ကုသနိုင်လိမ့်မယ်လို့ ငါ ဆုတောင်းပါတယ်ကွာ'

ထိုအခါ ဝမ်နန်ကူးကလည်း ဟူကျင်းအား အဆိပ်ကျမ်းစာအုပ် တစ်အုပ်ကို ပေးအပ်ခဲ့လေ၏။

★☆★☆★

နောက်တစ်နေ့ နံနက်ခင်း...။ ကျန်းဟူကျင်းသည် အုတ်ဂူနှစ်ခု တည်ဆောက်ပြီးလျှင် ဟိုချင်းနှင့် ဝမ်နန်ကူးတို့၏ နာမည်များကို ရေးထိုးလိုက်၏။ ကျန်ကျက်နှင့် ပိကုန်းရှင်တို့ လူသိကျော်ကြားသမားတော်ကြီး ဟိုချင်းတို့ ဖနီးမောင်နှံ ရုတ်တရက် သေဆုံးသွားကြပြီဟု မှတ်ယူကာ လွန်စွာ စိတ်မကောင်းဖြစ်ကြလေ၏။ ထို့နောက် ကျန်းဟူကျင်းက သူတို့၏ ဒဏ်ရာများကို ဆက်လက် ကုသပေးခဲ့ရာ ဆယ်ရက်မျှကြာသော် လုံးဝ ပျောက်သွားကြပြီး တဖွဲဖွဲပြန်၍ ထွက်ခွာသွားကြလေ၏။

ကျန်းဟူကျင်းသည် ဤရက်များအတွင်း ဟိုချင်းတို့ ဇနီးမောင်နှံ ပေးခဲ့သော ဆေးကျမ်းပေါင်းချုပ်နှင့် အဆိပ်ကျမ်းပေါင်းချုပ်ကိုသာ ဖတ်ရှုလေ့လာခဲ့၏။ သို့သော် သူ၏ အအေးဓာတ်အဆိပ်ဝေဒနာကိုမူ မည်သို့မျှ ပြေပျောက်အောင် မဖြေနိုင်ကြောင်း ကောင်းစွာ သိ၏။



ဤနေ့တွင် ကျန်းဟူကျင်းသည် အုတ်ဂူ နှစ်ခု ရှေ့တွင် ရပ်၍ တငေးတမော ကြည့်ရင်း စိတ်ထဲတွင်...

'နောက်တစ်နှစ်လောက်ဆိုရင် ငါ တကယ်ပဲ သေရတော့မှာပါလား..'ဟု ကြေကွဲ ဝမ်းနည်းစွာ ရေရွတ်နေမိ၏။ မျက်ရည်များလည်း တပေါက်ပေါက် စီးသွယ် ကျလာရှာ၏။ ထိုစဉ် ရုတ်တရက် သူ့နောက်ဘက်ဆီမှ ချောင်းဟန့်သံ တစ်ချက် ကြားရသဖြင့် ရုတ်ခြည်း လှည့်ကြည့်လိုက်သောအခါ သူ့ မျက်လုံးစုံ ဝိုင်းစက်သွားရရှာပါ၏။ အကြောင်းမူ သူ့နောက် မလှမ်းမကမ်းတွင် ရွှေပန်းပွင့်ဘွားဘွားအား အမှတ်မထင် တွေ့မြင် လိုက်ရသောကြောင့်ပင် ဖြစ်ပါ၏။ ရွှေပန်းပွင့်ဘွားဘွားအား ရုပ်ရည် ချောမော လှပသော ကလေးတစ်ယောက်က တွဲထူလျက် သူ့အား ကြည့်ကာ ယိုင်နဲ့နဲ့ ရပ်နေလေ၏။

ထိုစဉ် ရွှေပန်းပွင့် ဘွားဘွားက စတင်မေးလေ၏။

'လူလေး...ဟိုချင်းက မင်းနဲ့ ဘာတော်လို့ သူ့အုတ်ဂူရှေ့မှာ လာပြီး ငိုနေရတာလဲ'

ကျန်းဟူကျင်းက မျက်ရည်စများကို လက်ဖြင့် သိမ်းသပ်ပြီး...

'ကျွန်တော့် ကိုယ်မှာ ရေခဲ လက်ဝါးစောင်းရဲ့ အအေးဓာတ်အဆိပ် အသင့်ခံရလို့'

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်း၏ စကားမဆုံးမီ ရွှေပန်းပွင့်ဘွားဘွားက သူ့လက်ကို ဖမ်းဆွဲပြီး လက်ကောက်ဝတ် သွေးခုန်နှုန်းကို စမ်းသပ်လိုက်၏။ ထိုအခါ အံ့သြသံဖြင့်...

'လူလေး...မင်းကို ဘယ်သူက ရိုက်လိုက်တာလဲ'

ကျန်းဟူကျင်းက ခေါင်းခါယမ်း၍...

'ကျွန်တော်လဲ မသိရပါဘူး ဘွားဘွားရယ်၊ သူက မွန်ဂိုစစ်သား အဝတ်အစား ဝတ်ထားတော့ ဘယ်သူ ဘယ်ဝါ ဆိုတာ ကျွန်တော် ဘာမှ မသိလိုက်ရဘူး၊ ကျွန်တော် ဆရာကြီး ဟိုချင်းဆီ လာပြီး ဆေးကုသခံတာပါ၊ ဒါပေမယ့် ဆရာကြီးက ကျွန်တော့်ကို လုံးဝ ကုသ မပေးဘူး၊ အခုတော့ သူလဲ အဆိပ်တွေ စားပြီး သေသွားပြီဆိုတော့ ကျွန်တော်ရဲ့ အဆိပ်ကို ဖြေပေးနိုင်တဲ့လူ ဘယ်သူမှ မရှိတော့ပါဘူး ခင်ဗျာ'

ရွှေပန်းပွင့် ဘွားဘွားသည် ကျန်းဟူကျင်း၏ ခန့်ညားချောမောသော ရုပ်ရည်နှင့် သွက်လက် ချက်ချာ လိမ္မာ ယဉ်ကျေးသော အမူအရာကို မြင်သော တစ်မုဟုတ်ချင်း သဘောကျသွား၏။ သို့သော် ဤသူငယ်တွင်မည်သူမျှ ကုသပေးနိုင်ခြင်း မရှိသော အဆိပ်မျိုးသင့်လျက် ရှိသည်ကို သိသော်...

'နှမြောစရာ ကောင်းလိုက်တာ' ဟု စိတ်မချမ်းမြေ့စွာ ပြောလာလေ၏။



ကျန်းဟူကျင်းသည် အစဦးက သူ သေရမည်ကို လွန်စွာ စိုးရိမ်ပူပန်ခဲ့၏။ နောက်ပိုင်းတွင်မူ သူ့ဆရာ ဘိုးဘိုးသည် သူ့ဝေဒနာကို ရှောင်လင်ဘုရားကျောင်းသို့တိုင် သွားရောက်၍ ကြိုးစားကုသခဲ့သော်လည်း မပျောက်သကဲ့သို့ ဤ သမားတော်ကြီး ဟိုချင်းထံသို့ ရောက်ပြန်သော်လည်း ဘာမှ မထူးခြားသည်ကို သိသော် သူ၏ သေရေး ရှင်ရေးအတွက် မည်သို့မျှ အလေးမထားချင်တော့ပေ။ ထို့ကြောင့် ရွှေပန်းပွင့်ဘွားဘွားက ယခုကဲ့သို့ 'နှမြောစရာ ကောင်းလိုက်တာ' ဟု ပြောသံကြားသော် သူက ပြုံးလျက်....

'ဘွားဘွားရယ်... သေတာယ်ရှင်တာယ်ဆိုတာ ကံတရားပါပဲ၊ ရှင်တဲ့လူတိုင်း ဝမ်းသာတာ မဟုတ်သလို သေတဲ့လူတိုင်းကလဲ စိတ်ဆင်းရဲကျတာ မဟုတ်ပါဘူး' ဟု ပြန်ပြောလေ၏။

ထိုစကားကို ကြားသော် ရွှေပန်းပွင့်ဘွားဘွား တစ်ချက်မျှ ကြောင်သွားလေ၏။ အမှန်မူ ကျန်းဟူကျင်းပြောလိုက်သော စကားအသုံးအနှုန်းများသည် သူ့ဆရာ ဘိုးဘိုးနှင့် သူ့ဖခင်ထံမှတဆင့် ကြားရသော စကားလုံးများသာ ဖြစ်ပါ၏။ ဤ စကားလုံးများ၏ အဓိပ္ပါယ်ကိုမူ သူကိုယ်တိုင်ပင်လျှင် နက်နက်နဲနဲ သိသည် မဟုတ်ချေ။ ထို့ကြောင့် ရွှေပန်းပွင့် ဘွားဘွားက သူ့အား ကောက်ကာငင်ကာ မေးလေ၏။

'လူလေး... မင်းဖေဖေက ဘယ်သူလဲ၊ နာမည်ဘယ်လိုခေါ်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျန်းဟူကျင်းက သူ့ဘဝဖြစ်စဉ်ကို အကျဉ်းချုံး၍ ရွှေပန်းပွင့်ဘွားဘွားအား ပြောပြလိုက်၏။ ရွှေပန်းပွင့်ဘွားဘွားက အံ့သြသွားပြီး…

'သြော်… လက်စသတ်တော့ လူလေးက ဟူတန်းကိုဏ်းက ကျန်းချွေးဆန်းရဲ့ သားကိုး၊ ဒါဆိုရင် လူလေးကို ရေခဲလက်ဝါး စောင်းနဲ့ ရိုက်လိုက်တဲ့လူဟာ ရွှေခြသေ့်မင်း ရှက်စွန်းရဲ့ နေရပ်ကို သိချင်လို့ပဲ ဖြစ်ရမယ်ကွယ့်'

ကျန်းဟူကျင်းက…

'ဟုတ်ပါတယ် ဘွားဘွား၊ သူက ကျွန်တော့်ကို အမျိုးမျိုး ညှဉ်းပန်း နှိပ်စက်ပြီး မေးပေမယ့် ကျွန်တော် သေတာတောင် မပြောပါဘူး'

'မင်း တကယ်ကော ရှက်စွန်းရဲ့ နေရာကို သိရဲ့လား'

'သိပ်သိတာပေါ့၊ ဒါပေမယ့် သူက ကျွန်တော့်ရဲ့ မွေးစား ဖေဖေ ခင်ဗျ၊ ကျွန်တော် သေတာတောင် မပြောပြနိုင်ပါဘူး'

ရွှေပန်းပွင့်ဘွားဘွားသည် ကျန်းဟူကျင်း၏ လက်နှစ်ဘက်ကို ရုတ်တရက် ဆုပ်ကိုင်လိုက်ပြီး အရိုးကို ဖိညှစ်လိုက်၏။ ဟူကျင်းခမျာ မေ့မြော့လုမတတ် နာကျင်စွာ ခံစားရရှာသည်။ ထိုအချိန်တွင် ရွှေပန်းပွင့်ဘွားဘွားက ညင်သာသော အသံဖြင့်—



'လူလေး…မင်းသိပ်လိမ္မာတာပဲ၊ အခု ရှက်စွန်း ဘယ်မှာ ရှိသလဲ၊ ဘွားဘွားကို ပြောပြပါလား၊ ဘွားဘွားက မင်းရဲ့ အအေးဓာတ် အဆိပ်ကို ပျောက်အောင် ကုပေးမယ့်အပြင် လူလေးကို သိုင်းလောကမှာ အတော်ဆုံးသိုင်းသမားဖြစ်အောင် ဘွားဘွား လေ့ကျင့် ပေးမယ်လေ'

ကျန်းဟူကျင်းသည် နာကျင်လွန်းသဖြင့် မျက်ရည်များပင် စီးကျလာ၏။ သို့သော် သူက ခေါင်းကိုမော့၊ ရင်ကိုကော့လျက် အသံကို မြှင့်၍ဆိုလေ၏။

'ဒီမယ် ဘွားဘွား… ကျွန်တော့် အဖေနဲ့ အမေဟာ သစ္စာတရားကို စောင့်ထိန်းသောအားဖြင့် ကိုယ့်ကိုယ်ကို အဆုံးစီရင်ခဲ့ကြတယ်၊ ကျွန်တော့် မွေးစားအဖေရဲ့ နေရပ်ကို တစ်ခွန်းမှ ဖွင့်ဟ မသွားခဲ့ကြဘူး၊ အခု ရွှေပန်းပွင့်ဘွားဘွားက ကျွန်တော့်ကို ကိုယ့်မိဘရဲ့ သစ္စာကို ဖောက်ဖျက်မယ့် လူစားမျိုးများ မှတ်နေသလား'

ရွှေပန်းပွင့်ဘွားဘွားက ရယ်လျက်…

'ကောင်းတယ်…ကောင်းတယ်' ဟု ပြောရင်း အားကို ပို၍ ဖိုက်ထုတ်လာလေ၏။ ကျန်းဟူကျင်းက ဆက်၍…

'လွန်ခဲ့တဲ့ လေးနှစ်လောက်တုန်းက ကျွန်တော်ဟာ ကလေး အရွယ်ပဲ ရှိပါသေးတယ်၊ ဒါတောင် ကျွန်တော်က လူဆိုးရဲ့ ညှဉ်းပန်း

www.burmeseclassic.com



နှိပ်စက်တာကို မမှုခဲ့ပါဘူး၊ အခု ကျွန်တော် လူကြီးဖြစ်လာပြီ၊ ဒီတော့ ဘယ်သူ့ကို ကျွန်တော် ကြောက်ရဦးမှာလဲ'

ရွှေပန်းပွင့်ဘွားဘွားက တဟားဟား ရယ်ရင်း...

'ဒီမယ့် ကလေး၊ မင်းကိုမင်း လူကြီးဖြစ်နေပြီလို့ ထင်နေတာပေါ့လေ၊ ဟုတ်လား၊ ဟား...ဟား...အဟွပ်...အဟွပ်'

ရွှေပန်းပွင့်ဘွားဘွားသည် ရယ်မောရင်း ချောင်းတဟွပ်ဟွပ် ဆိုးလာပြန်၏။ ထိုအခါ ကလေးမလေးက ရွှေပန်းပွင့်ဘွားဘွား၏ ကျောကို ထုပေးပြီး ဆေးတစ်လုံးကိုပါ တိုက်ကျွေးလိုက်၏။ သို့မှသာ ရွှေပန်းပွင့်ဘွားဘွား၏ ချောင်းဆိုးသံများ လျော့ပါးသွား၏။ ပြီးနောက် ကျန်းဟူကျင်း၏ လက်နှစ်ဘက်ကိုပါ လွှတ်ပေးလိုက်၏။ သို့သော် ကျန်းဟူကျင်း၏ လက်နှစ်ဘက်တွင် ရွှေပန်းပွင့်ဘွားဘွား၏ မည်းနက်သော လက်ချောင်းရာများ ထင်ရှားစွာ ကျန်ခဲ့လေ၏။ ထိုစဉ် ကလေးမလေးက ကျန်းဟူကျင်းအား မျက်ရိပ်တစ်ချက်ပြပြီး...

'ဘွားဘွားကို ကျေးဇူးတင်လိုက်လေ' ဟု ဆိုလေ၏။

ကျန်းဟူကျင်းက...

'ဘာပြောတယ်၊ ငါက ကျေးဇူးတင်ရမယ် ဟုတ်လား၊ ဝေးပါသေးရဲ့၊ သူက ငါ့ကို သတ်ရင် ငါက ပိုတောင် ဝမ်းသာဦးမယ်၊ ငါက ဘာလို့ သူ့ကို ကျေးဇူးတင်ရမှာလဲ'



မိန်းကလေးက မျက်မှောင်ကုတ်သွား၏။ ပြီး နွဲ့ဆိုးဆိုး သံဖြင့်...

'နင်နော်... ငါ့စကားကို နည်းနည်းမှ နားမထောင်ဘူး၊ ငါ နင်နဲ့ မခေါ်တော့ဘူး သိလား' ဟု ပြောပြီး တစ်ဘက်သို့ ကိုယ်တစ်ခြမ်း လှည့်လိုက်၏။ သို့သော် သူမ မျက်ဝန်းက ကျန်းဟူကျင်း၏ လှုပ်ရှားမှုကို တိတ်တခိုး ကြည့်နေလေ၏။ ရွှေပန်းပွင့်ဘွားဘွားက ထိုအခြေအနေကို တွေ့သော် ပြုံး၍...

'ဟဲ့...အာလီ၊ ငါ့မြေးက ကျွန်းပေါ်မှာ တစ်ယောက်တည်း နေ့နေရတော့ သိပ် ပျင်းမှာပေါ့၊ ဒီတော့ ဒီကောင်လေးကို ဖမ်းသွားပြီး ငါ့မြေးကို ပြုစုခိုင်းရင် မကောင်းဘူးလားကွယ်၊ ဒါပေမယ့် ဒီကောင်လေးက သိပ်ခေါင်းမာတာ၊ ငါ့မြေးစကားကို ကောင်းကောင်း နားထောင်မှာ မဟုတ်ဘူး'

ဟိုအခါ အာလီဆိုသော မိန်းကလေးက လက်ခုပ်လက်ဝါး တီးလျက်...

'သိပ်ကောင်းတာပေါ့ ဘွားဘွား၊ သူ့ကို ဖမ်းသွားပါ ဘွားဘွား၊ သူသာ ပြောစကားနားမထောင်ရင် ဘွားဘွားက သူ့ကို ကောင်းကောင်း ဆုံးမလိုက်ပေါ့'

ကျန်းဟူကျင်းသည် ထိုစကားကို ကြားသော် ခေါင်းပြမ်း ကြီးသွား၏။ စိတ်ထဲတွင်...

www.burmeseclassic.com

www.burmeseclassic.com



'အင်း... ငါတစ်ချက်တည်း သေသွားတာက အရေးမကြီးဘူး၊ ငါ့ကို မသေမရှင်နဲ့ ကျွန်းပေါ်မှာ ဒီကောင်မစုတ်ကို ကျွန်တစ်ယောက်လို ပြုစုစောင့်ရှောက်ခိုင်းရင် ဒုက္ခပဲ' ဟု တွေးပူမိ၏။ ထိုစဉ် ရွှေပန်းပွင့်ဘွားဘွားကခေါင်းညိတ်၍...

'ကဲ... မင်းငါတို့နဲ့ လိုက်ခဲ့၊ ငါတို့ အခု လူတစ်ယောက်ကို အရင် သွားရှာမယ်၊ ပြီးတော့ မြွေကျွန်းကို ပြန်ကြမယ်' ဟု ဆို၏။ ကျန်းဟူကျင်းက ဒေါသဖြင့်...

'ခင်ဗျားတို့ လူကောင်းတွေ မဟုတ်ဘူး၊ ကျုပ် သေတောင် မလိုက်ဘူး' ဟု အော်ပြောလေ၏။

ပြီးလျှင် ထိုနေရာမှ သုတ်ခနဲ လစ်ပြေးလေတော့၏။ သို့သော် ရွှေပန်းပွင့်ဘွားဘွားက လှစ်ခနဲ သူ့ရှေ့မှ ဆီးတားလိုက်ပြီး ဖြစ်သွား၏။ တဖန် နောက်သို့လှည့်၍ ပြေးပြန်၏။ သို့သော် ထိုနည်းလည်းကောင်းပင် ဆီးတားခံရပြန်သည်။ ယင်းအခိုက် သူ့ [illegible] နံဘေးဘက်ဆီမှ ကလေးမလေး တစ်ယောက်၏ အသံတစ်သံ [illegible] ကြားလိုက်ရ၏။

'အစ်ကို ဟူကျင်း၊ ဘာတွေ ကစားနေလဲဟင်၊ ကျွန်မ [illegible] ပါမယ်လေ'

ကျန်းဟူကျင်းကြည့်လိုက်သော် အသံရှင်မှာ ရန်[illegible] ဖြစ်နေလေ၏။ ရန်ဝေနောက်တွင် ကျိုးရှောင်မူပါ လိုက်ပါလာ[illegible]



[illegible]မှန်မှ သူတို့ သားအမိနှစ်ယောက်သည် တောအုပ်ထဲသို့ လေညင်းခံ[illegible]သမ်းလျှောက်ထွက်ပြီးနောက် အပြန်ခရီးတွင် ဤမှာလာရောက် ဆုံ[illegible]တွေ့ကြခြင်း ဖြစ်ပါ၏။ ကျိုးရှောင်မူက ကျန်းဟူကျင်းနှင့်အတူ ရွှေပန်းပွင့်ဘွားဘွားကိုပါ အမှတ်မထင် မြင်လိုက်ရသဖြင့် မျက်နှာ[illegible]တစ်ခုလုံး သွေးဆုတ်သွားသလို ဖြူဖတ်ဖြူရော် ဖြစ်သွားရှာ၏။ သို့သော် အားတင်း၍...

'ဘွားဘွား၊ ကလေးကို အနိုင်မကျင့်ပါနဲ့'

ရွှေပန်းပွင့်ဘွားဘွားက ခနဲ့ပြုံးပြုံးလျက်...

'ဩော်... မင်း မသေသေးဘဲကိုး၊ ငါ့ကိစ္စမှာ မင်း ဘာမှ [illegible]င်မစွက်စမ်းနဲ့၊ လာစမ်း၊ ငါ့ အနားကို လျှောက်လာခဲ့စမ်း၊ မင်း [illegible]ဘယ်လိုလုပ် မသေသေးသလဲ ဆိုတာ ငါကြည့်မယ်၊ လာ... ငါ့အနား[illegible]ကို မြန်မြန် လာခဲ့'

ကျိုးရှောင်မူသည် နာမည်ကြီး ဝါမေဂိုဏ်းသား၊ သိုင်းသမား [illegible]ဖြစ်၍ သတ္တိအရာတွင် မခေလှပေ။ သို့သော် ယခုချိန်တွင်မူ သူမ[illegible]သည် သမီးလေးအတွက် အဘက်ဘက်မှ ညာတာ ထောက်ရှုနေရသူ [illegible]ဖြစ်၍ အသက်ကို မစွန့်ဝံ့ရှာပါ။ ကျိုးရှောင်မူသည် သမီးလေးကို [illegible]က်မှဆွဲကာ နောက်သို့ တစ်လှမ်းဆုတ်ရင်း အသံတိုးတိုးဖြင့်...

'ဟူကျင်း... ဒီကိုမြန်မြန် လာခဲ့'

ဟူကျင်းလည်း ကျိုးရှောင်မူတို့ထံ ပြေးသွားရန် ပြင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အာလီက သူ၏ လက်မောင်းကျဉ်ကြောကို လှစ်ခနဲ ဆွဲကိုင်လိုက်ပြီး...

'ဒီမှာပဲ ရပ်နေ' ဟု ဆိုလေ၏။

ဟူကျင်းမှာ ကျဉ်ကြောအကိုင်ခံလိုက်ရသဖြင့်တစ်ကိုယ်လုံးကျဉ်လျက် အားမထုတ်နိုင်တော့ချေ။ ထို့ကြောင့် သူသည် ဒေါသလည်းထွက်၊ တုန်လည်းတုန်လှုပ်မိလေ၏။ စိတ်ထဲမှလည်း အာလီ၏ သိုင်းပညာကို ချီးမွမ်းလိုက်မိလေ၏။ ရုတ်တရက် ကြည်လင်ပြတ်သားသော မိန်းမအသံတစ်သံ ထွက်ပေါ်လာ၏။

'ကျိုရှောင်မူ...မင်း ဘာလို့ ဒီလောက်တောင် အသုံး မကျရတာလဲ၊ သူက မင်းကို သူ့အနားကို လျှောက်သွားခိုင်းရင် လျှောက်သွားလိုက်ပေါ့'

ကျိုရှောင်မူသည် ထိုအသံကြောင့် လွန်မင်းစွာ ထိတ်လန့်သွားသကဲ့သို့ ဝမ်းလည်း လွန်စွာ သာသွားလေ၏။ ထို့ကြောင့် နောက်သို့ ရုတ်ခြည်း လှည့်၍...

'ဆရာ' ဟု အော်ခေါ် လိုက်မိလေတော့၏။

သို့သော် သူ့နောက်ဘက်တွင် လူရိပ်လူယောင် လုံးဝမရှိပေ။အသေအချာ ထပ်မံ စူးစိုက် ကြည့်လိုက်သော အခါမှပင် ဟိုဝေးဝေးမှ လျှောက်လာနေသော မယ်သီလရှင် တစ်ပါးကို တွေ့လိုက်ရလေ၏။





ထို မယ်သီလရှင်မှာ အခြားသူမဟုတ်။ နာမည်ကြီး ဝါမေ...း ချုပ် ဆရာမကြီး မျက်ကြွယ် ပင်ဖြစ်၏။ သူမ နောက်တွင် ...ည့်မ နှစ်ယောက်လည်း လိုက်ပါလာ၏။ သူမသည် ဤမျှ ...သော နေရာမှ လှမ်းပြောလိုက်ခြင်း ဖြစ်သော်လည်း အသံမှာ ...နားကပ်၍ ပြောလိုက်သကဲ့သို့ ထင်မှတ်ရ၏။ ဤသည်ကို ...ည့်ခြင်းအားဖြင့် သူ၏ အတွင်းအား သိုင်းပညာ အဘယ်မျှ ပြည့် ...ည်ကို သိနိုင်လေ၏။ စင်စစ် မျက်ကြွယ် ဆရာမကြီး၏ နာမည် ...တင်းမှာ သိုင်းလောကတွင် လွန်စွာ ပျံ့နှံ့ ကျော်ကြားလျက် ရှိ ...သော်လည်း သူမ၏ သိုင်းလောကသို့ လွန်စွာ ဆင်းသက် လာခဲ ...၏။ ထို့ကြောင့် သူမ၏ မျက်နှာကို မြင်ဖူးသူ နည်းပါးလှသည်။

ယခု မျက်ကြွယ် ဆရာမကြီး သူတို့ အနားသို့ ရောက် ...မှပင် သူ၏ အသက်မှာ ရှုလေးဆယ်ကျော်ခန့်သာ ရှိသေးသည် ...တွေ့ရလေ၏။ သို့သော် သူမ၏ မျက်နှာ သွင်ပြင်ကမူ လှုပ်ရှားမှု ...င်းလျက် လွန်စွာ အေးစက် လှပေ၏။ ကျိုရှောင်မူသည် မျက်ကြွယ် ...သို့ လျင်မြန်စွာ လျှောက်သွားပြီး ဒူးထောက်၍ ဦးချကန်တော့ ...ကိုက်လေ၏။ နှုတ်မှလည်း...

'ဆရာ နေကောင်းတယ်နော်' ဟု နှုတ်ဆက်လိုက်လေ၏။

ထိုအခါ မျက်ကြွယ်က...

'အေး...မင်းကြောင့်... ဒေါသထွက်ရလွန်းလို့ မသေရုံတ...ည်ပဲ ရှိတယ်ကွယ့်' ဟု ပြန်ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျိုရှောင်မူသည် ဒူးထောက်လျက်မှ ပြန်မထဝံ့ဘဲ ရှိနေ၏ သို့သော် မျက်ကွယ်ဆရာမကြီးနောက်တွင် ရပ်လျက်နေသော တင်မင်း၏ ခနဲ့ပြုံး၊ပြုံးလျက်ရှိသည့် မျက်နှာထားကို ကြည့်ခြင်းဖြင့် မိမိ၏အကြောင်းကို သူမသည် ဆရာ့အား တစ်လုံးမကျန် ပြောပြီး ဖြစ်ကြောင်း သိလိုက်လေ၏။ ထိုစဉ် မျက်ကွယ်ဆရာမကြီးက...

'ဟို ဘွားဘွားက မင်းကို သူ့အနား လျှောက်သွားနိုင်းတာ မင်း ဘာလို့ မလျှောက်သွားရတာလဲ၊ အခု လျှောက်သွားလိုက်စမ်း' ဟု ဆိုပြန်၏။

ကျိုရှောင်မူက 'ဟုတ်ကဲ့' ဟု ပြောပြီး ရွှေပန်းပွင့်ဘွားဘွား ထံ လျှောက်သွားလေ၏။ ရောက်သော် ကျိုရှောင်မူက...

'ကဲ... ရွှေပန်းပွင့်ဘွားဘွား ကျွန်မဆရာ ရောက်လာပြီလေ ရှင် ကျွန်မကို အနိုင်ကျင့်လို့ ရဦးမလား' ဟု မေးလိုက်လေ၏။

ရွှေပန်းပွင့်ဘွားဘွားက ကျိုရှောင်မူကို မမှုချေ။

မျက်ကွယ်ဆရာမကြီးကိုသာ တစ်ချက်ကြည့်လိုက်ပြီး ချောင်းဆိုးရင်းမှ...

'အင်း... မင်းက နာမည်ကြီး ဝါမေရိုဏ်းချုပ်ကြီးပဲ၊ အေ ငါက မင်းရဲ့ တပည့်ကို ရိုက်လိုက်ပါပြီတဲ့၊ မင်း ဘယ်လို လုပ်ချင် သလဲ ပြောစမ်း'



မျက်ကွယ်ဆရာမကြီး အေးစက်စွာဖြင့်...

'မကျေနပ်သေးရင် ထပ်ရိုက်လိုက်ရုံပေါ့'

ထိုအခါ ရွှေပန်းပွင့်ဘွားဘွားက...

'အေး... ငါက မင်းတို့ ဝါမေရိုဏ်းနှင့် ဘာရန်ညိုးမှ မရှိပါ ဘူး၊ ဒါကြောင့် ငါ မင်းတပည့်ကို ထပ်မရိုက်တော့ပါဘူး၊ ကဲ... ပြီးလေး အားလီ၊ ငါတို့ ပြန်ကြပါစို့' ဟုပြောပြီး ကိုယ်ကို ဖြည်းညင်း စွာ လှည့်လိုက်၏။

ထိုအခါ တင်မင်းသည် ရွှေပန်းပွင့်ဘွားဘွား၏အကြောင်း ကိုမသိသဖြင့် သူမသည် သည့်သို့ ချောင်းတဟွပ်ဟွပ်ဆိုးပြီး ငြိမ်းယိုင်ချည့်နဲ့နေသော အဘွားကြီးက သူ့ဆရာမျက်ကွယ်အား ထိလေးစား ဆက်ဆံဝံ့သည်ကို မြင်သော် ဒေါသထွက်၍ နေရာမှ ခုန်ထွက်ပြီး ရွှေပန်းပွင့်ဘွားဘွား၏ရှေ့တွင် ဆီးတား၍ ရပ်လိုက်၏။ ပါးစပ်မှလည်း အော်ဟစ်၍...

'ရှင်က ကျွန်မဆရာကို မတောင်းပန်ပဲ ဒီလိုထွက်သွားလို့ ဘယ်ဖြစ်မလဲ'

တင်မင်းသည် ပြောပြောဆိုဆို ဓားကို ဆွဲထုတ်ရန် ခုန်ပြင်လိုက်၏။ ရွှေပန်းပွင့်ဘွားဘွားက ရုတ်တရက် လက်ချောင်း ခံချောင်းဖြင့် တင်မင်း၏ ဓားအိမ်ကို ညှပ်၍ ပြန်လွှတ်လိုက်၏။ ...လျှင် ပြုံး၍...

www.burmeseclassic.com

www.burmeseclassic.com



'ဒီလို သံချေးတက်နေတဲ့ ဓားနဲ့များ လူကိုလာပြီး ခြိမ်း
ခြောက်ချင်သေးသလား' ဟု မေးလိုက်၏။

တင်မင်းသည် ဒေါသဖြင့် ဓားကို ဆွဲထုတ်လေ၏။
ဆော် ဓားမှာ ဆွဲထုတ်၍ မရတော့ချေ။ စင်စစ် ရွှေပန်းပွင့် ဘွား
သည် တင်မင်းဓားကို ဓားအိမ်အပြင်ဘက်မှ လက်ချောင်းဖြင့်
လိုက်ရာ ဓားအိမ်မှာ ရှုံ့ဝင်သွားပြီး ဓား၏ကိုယ်ထည်ကို တင်း
စွာ ညှပ်ထားလိုက်သကဲ့သို့ ဖြစ်သွားလေ၏။

တင်မင်းသည် မကျေနပ်သဖြင့် အားစိုက်၍ သူ၏ဓား
ဆွဲပြန်၏။ သူမ၏မျက်နှာ တစ်ခုလုံးမှာလည်း နီရဲလျက်ရှိ၏။
မျက်ကြွယ်ဆရာမကြီးက သူမနားသို့ ဖြည်းညင်းစွာ လျှောက်သွား
ဓားရိုးကိုကိုင်၍ တစ်ချက် ခါလိုက်ရာ ဓားအိမ်မှာ အပိုင်း
ကွဲထွက်သွားလေတော့၏။ ထိုအခါကျမှပင် ဓားမှာ ရှောရှော
ထွက်လာတော့၏။ ထိုအခါ မျက်ကြွယ်က...

'ဟဲ့... ရွှေပန်းပွင့် ဘွားဘွား မင်းက မြွေကျွန်းပေါ်မှာ
နေနိုင်လျက်နဲ့ ဘာကိစ္စမြေပြန့်ကို ဆင်းလာရတာလဲ' ဟုမေးလေ

ရွှေပန်းပွင့် ဘွားဘွားသည် မျက်ကြွယ်က ဓားရိုးကို
ချက် ခါလိုက်သည်နှင့် ဓားအိမ်မှာ အစိတ်စိတ်အမြွှာမြွှာ ကွဲ
သည်ကို မြင်ရသောအခါ ရင်တုန်သွား၏။ စိတ်ထဲမှလည်း—



'ဒီ မယ်သီလရှင်က နာမည်နဲ့လိုက်အောင် သိုင်းပညာ
တကယ် တော်သားပဲ၊ ငါ ဒီ မယ်သီလရှင်နဲ့ စမ်းကြည့်လိုက်ဦးမှ'
ဟု စဉ်းစားမိ၏။

ထိုအခါ ရွှေပန်းပွင့်ဘွားဘွားက ပြုံးဖြီးဖြီး မျက်နှာဖြင့်...

'ငါ့ယောကျ်ားဆုံးသွားတော့ ကျွန်းပေါ်မှာ တစ်ယောက်
တည်းနေရတာ သိပ်ပျင်းနေတာပေါ့၊ ဒါကြောင့် ယောဒီ မြေပြန့်ပိုင်း
ကိုဆင်းပြီး သွားရင်းလာရင်းနဲ့ ငါ့စိတ်ကြိုက် ဘုန်းကြီးနဲ့ ရသေ့
တစ်ပါးပါးများ တွေ့မလားလို့ဟေ့'

ရွှေပန်းပွင့်ဘွားဘွား၏ စကားမှာ မျက်ကြွယ်အား စောင်း
ချိတ်ပြောလိုက်ခြင်းပင် ဖြစ်လေ၏။ မျက်ကြွယ်လည်း တစ်မုဟုတ်
ချင်းပင် ဓားကိုမြှောက်၍...

'ဟဲ့ နင့်လက်နက် ထုတ်စမ်း' ဟု စိန်ခေါ်လိုက်၏။

တင်မင်းနှင့် ကျိုရှောင်မူတို့သည် သူတို့ဆရာနှင့် အခြားသူ
တစ်ဦး ယှဉ်ပြိုင်တိုက်ခိုက်သည်ကို တစ်ခါဖူးမျှ မမြင်ခဲ့ဖူးပေ။
ထို့ကြောင့် ဤပွဲကို စိတ်လှုပ်ရှားစွာဖြင့် ကြည့်လိုက်မိကြ၏။

ကျန်းဟူကျင်းမှာ အားလီက သူ့လက်ကို ဖမ်းဆွဲထား
သဖြင့်...

'ငါ့ကို လွှတ်လေ၊ မင်းက ငါ့ကို ဆွဲထားပြီး ဘာလုပ်မလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်း၏ စကား့သံကြောင့် ကျိုရှောင်မှုသည် ရုတ်တရက် အားလီအား စိုက်ကြည့်ပြီး တစ်စုံတစ်ရာ တိုက်ခိုက်တော မလို တွေ့ရသောအခါ သူမသည် ကျန်းဟူကျင်း၏ လက်ကို လွှတ် လိုက်ရလေ၏။ သို့သော် ကျန်းဟူကျင်းအား ခနဲ့ပြုံးဖြင့် ကြည့်ရင်း—

'မင်း ထွက်ပြေးလို့ ရမယ်များထင်သလား၊ ကြည့်ကြသေး တာပေါ့' ဟု ဆိုလေ၏။

ထိုစဉ် ရွှေပန်းပွင့် ဘွားဘွားက ပြုံး၍ မျက်ကြွယ်အား ဆိုသည်။

'ဝါမေကိုဏ်းကို သိုင်းဆရာကြီး ကော့လင်းလင်းက စ တည်ထောင်ခဲ့စဉ်တုန်းက ဓားသိုင်းမှာ သူမတူအောင် နာမည်ကြီး တာ အမှန်ပဲ၊ ဒါပေမယ့် သူ့တပည့်တွေ လက်ထက်ကျတော့ ဘယ် လောက်ပဲ ကျန်တော့သလဲ မသိပါဘူး"

မျက်ကြွယ်က ရွှေပန်းပွင့် ဘွားဘွားအား စိမ်းစိမ်းရှူရှူ ကြည့်ပြီး...

'တစ်ဆင့်လောက်ပဲကျန်ကျန် မကောင်းဆိုးရွားတွေကိုတော့ သုတ်သင်ပစ်နိုင်ပါတယ်' ဟု ပြန်ပြောလေ၏။

သို့ဖြင့် ရွှေပန်းပွင့်ဘွားဘွားသည် မျက်ကြွယ်၏ ဓား ဂရုတစိုက် ကြည့်ရင်း သူ့လက်ထဲမှ တောင်ဝှေးကို မြှောက်၍ ရိုက် လိုက်၏။ မျက်ကြွယ်ကလည်း ဓားကို အသာရှောင်ပေးလိုက်ပြီ ရွှေပန်းပွင့်ဘွားဘွား၏ ပခုံးကို ထိုးချလိုက်လေ၏။



ရွှေပန်းပွင့်ဘွားဘွားသည် ချောင်းတဟွပ်ဟွပ် ဆိုးရင်းမှ တောင်ဝှေးကိုထိန်း၍ ဓားကို လွှဲရိုက်လိုက်၏။ မျက်ကြွယ်က ကိုယ်ကို နံဘေးသို့ လျှင်မြန်စွာရှောင်ဖွက်လိုက်ရာ တစ်မုဟုတ်ချင်း ရွှေပန်းပွင့်ဘွားဘွား၏ နောက်ဘက်သို့ ရောက်ရှိသွားလေ၏။ တစ်ပြိုင်နက်တည်းတွင်ပင် သူမ၏ဓားဖြင့် နောက်ပြန် ထိုးလိုက်၏။ ရွှေပန်းပွင့်ဘွားဘွားလည်း အလားတူပင် နောက်ပြန်မလှည့်ဘဲ တောင်ဝှေးဖြင့် မျက်ကြွယ်၏ဓားကို ရိုက်ချလိုက်၏။ သူတို့နှစ်ဦး စလုံးမှာ ထိပ်တန်းသိုင်းပညာရှင်များ ဖြစ်ကြ၍ သုံးလေးကွက် တိုက် ခိုက်ကြပြီးလျှင်ပင် တစ်ဦးနှင့်တစ်ဦး စိတ်ထဲမှ ကျိတ်၍ ချီးကျူး လိုက်မိကြ၏။

ထိုစဉ် 'ထန်း' ခနဲ အသံတစ်ချက် ကြားရပြီး မျက်ကြွယ်၏ ဓားမှာ ထက်ပိုင်းကျိုးသွားလေ၏။ စင်စစ် မျက်ကြွယ်၏ ဓားနှင့် ရွှေပန်းပွင့်ဘွားဘွား၏ တောင်ဝှေးတို့ ရိုက်ခတ်မိသဖြင့် မျက်ကြွယ် ၏ ဓားမှာ ထက်ပိုင်းကျိုးသွားရခြင်းပင် ဖြစ်လေ၏။ အားလုံး ထိတ်လန့်သွားကြသည်။ ရွှေပန်းပွင့်ဘွားဘွားကိုလည်း ငေးကြောင် ကြည့်လိုက်မိကြ၏။ အဘယ်ကြောင့်ဟူမူ ရွှေပန်းပွင့်ဘွားဘွား၏ လက်ထဲမှ တောင်ဝှေးမှာ အမြင်အားဖြင့် မည်းပြာလျက် ဘာသတ္တု မှန်း မသိသော်လည်း ယခုမူ မျက်ကြွယ်၏ ဓားကိုပင် ရိုက်ချိုးနိုင်ခဲ့ပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



အမှန်မှာ ရွှေပန်းပွင့်ဘွားဘွားသည် နာမည်ကြီး ငါကြ
သိုင်းသမားဖြစ်၍ မျက်ကြွယ်မှာ ဓားပင် ကျိုးသွားသော်လည်း မ
နိမ့်သေးကြောင်း သိလေ၏။ ထို့ကြောင့် ရွှေပန်းပွင့် ဘွားဘွား သည်
ဆက်၍ မတိုက်ခိုက်တော့ဘဲ အသာပင် ရပ်နေလိုက်၏။

ကျီရှောင်မူတို့ တပည့်သုံးသောက်မှာမူ သူတို့ ဆရာမကြ
မျက်ကြွယ်အနားသို့ အပြေးအလွှား သွားလိုက်ကြ၏။ အားလီ
လည်း ရုတ်တရက် ကျန်းဟူကျင်းဆီသို့ ခုန်ဝင်ပြီး လက်ကို ဖမ်းချ
ထားလိုက်၏။ နှုတ်မှလည်း...

'ကဲ... ငါ မပြောဘူးလား၊ မင်း ပြေးလို့ မလွတ်ပါဘူးလို့'

ကျန်းဟူကျင်းမှာ နောက်ထပ်တစ်ဖန် အဖမ်းခံလိုက်ရ
လွန်စွာ ဒေါသထွက်ပြီး ခြေထောက်မြှောက်၍ အားလီ၏ခါး
ကန်လိုက်၏။ သို့သော် အားလီက သူ့လက်ကို တအားညှစ်လိုက်
ကျန်းဟူကျင်းမှာ နာကျင်လွန်းသဖြင့် သူ့ခြေထောက်မှာ အားလျော့
သွားပြီး သူမအနားသို့ပင် မရောက်တော့ချေ။ သူက ဒေါသဖြင့်—

'မင်း လွှတ်မလား မလွှတ်ဘူးလား' ဟု အော်မေး၏။
အားလီက ရယ်၍...

'ငါ မလွှတ်တော့ မင်းက ငါ့ကို ဘာလုပ်နိုင်မှာမို့လို့လဲ'
ဟု ပြန်မေး၏။



ထိုအခါ ဟူကျင်းက ရုတ်တရက် ခေါင်းငုံ့၍ ဖမ်းချုပ်ထား
သော အားလီ၏ လက်ဖမိုးကို ကိုက်ချလိုက်လေ၏။

အားလီသည် နာကျင်လွန်းသဖြင့် တစ်ချက်မျှ အော်ပြီး
ကျန်းဟူကျင်း၏ လက်ကို လွှတ်လိုက်ရလေသည်။ သူမ၏ လက်
ဖမိုးမှာမူ သွေးများ နီရဲသွားလေ၏။

★ ☆ ★ ☆ ★

ဤမှာဘက်တွင်မူကား မျက်ကြွယ်သည် ဓားကျိုးကို လွှင့်
ပစ်လိုက်ပြီး...,

'ဒီဓားက ငါ့တပည့်ရဲ့ ဓားဆိုတော့ ထိပ်သီး သိုင်းသမားရဲ့
ရိုက်ချက်ကို မခံနိုင်ဘူးပေါ့' ဟု ပြောပြီး သူမ၏ ကျောပိုးအိတ်မှ
ဓားတစ်ချောင်းကို ဆွဲထုတ်လိုက်၏။ ဓားအိမ်မှာမူ စိမ်းစိုစိုရောင်
ဆန်နေလေ၏။ ထို့ကြောင့် ဓားကို မဆွဲထုတ်မီကပင် ဤဓားမှာ
သာမန်ဓား မဟုတ်ကြောင်း သိသာလေသည်။

ရွှေပန်းပွင့်ဘွားဘွားသည် ဖျတ်ခနဲ ကြည့်လိုက်ရာ ထိုဓား
အိမ်၏ အလယ်တွင် ရွှေရောင်စာလုံးဖြင့် 'တိမ်လွှာ' ဟူ၍ ရေးထိုး
ထားသည်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အကြီးအကျယ် တုန်လှုပ်သွားပြီး 'တိမ်လွှာဓား' ဟု လွှတ်ခနဲ အာမေဋိတ် ပြုလိုက်၏။ ထိုအခါ မျက်ကြွယ်က ခေါင်း တဆတ်ဆတ်ညိတ်၍...

'ဟုတ်တယ်လေ၊ ဟောဒီဓားက 'တိမ်လွှာဓား' ပါပဲ' ဟု ပြန်ပြောလေ၏။

ရွှေပန်းပွင့်ဘွားဘွား၏ စိတ်ထဲတွင်မူ သိုင်းလောက၏ ရှေးလူကြီး သူမများ ရွတ်ဆိုလေ့ရှိသော စာဆိုကို သတိရလာလေ၏။

**နဂါးနိုင်ဓား၊ ဦးဆိပ်ထား**
**မှူးမြော်ကန်တော့၊ ရှိန်းစလော့၊**
**တိမ်လွှာဓားရှင်၊ မပေါ်ချင်**
**ဖြိုင်ယှဉ်ဖက်တု၊ သူ မမှု၊**

ရွှေပန်းပွင့်ဘွားဘွားသည် ထိုသို့တီးတိုးရေရွတ်ပြီးနောက်...

'လက်စသတ်တော့ ဒီ 'တိမ်လွှာဓား' က ဝါမေဂိုဏ်းမှာကိုး' ဟု ဆိုလေ၏။ ထိုစဉ် မျက်ကြွယ်က...

'ဒီဓားကို ကြည့်ထား' ဟု အော်ပြီး ရွှေပန်းပွင့်ဘွားဘွား၏ ရင်ဘတ်သို့ ထိုးချလိုက်၏။

ရွှေပန်းပွင့်ဘွားဘွားလည်း လျင်မြန်သော အဟုန်ဖြင့် ခုန် ထွက်ပြီး တောင်ဝှေးဖြင့် ဓားကို ကာလိုက်လေ၏။



ထိုအခိုက် မျက်ကြွယ်က လက်ကောက်ဝတ်ကို တစ်ချက် လှုပ်လိုက်ရာ တောင်ဝှေးနှင့် ဓားမှာ အရှိန်ပြင်းစွာ ရိုက်မိလေ၏။ ထိုစဉ် ရွှေပန်းပွင့်ဘွားဘွား၏ တောင်ဝှေးမှာ စက္ကူကို ဓားဖြင့် ဖြတ်လိုက်သကဲ့သို့ အသံတိုးတိုး တစ်ချက်သာ ကြားရပြီး ထက်ပိုင်း ကျိုးသွားလေတော့၏။ ရွှေပန်းပွင့်ဘွားဘွားသည် ကျိုးသွားသော သူ့တောင်ဝှေးကို ကြည့်ရင်း...

'မျက်ကြွယ် မင်းရဲ့ဓားက တကယ်ကောင်းပါလား' ဟု ဆို၏။

ထို့နောက် နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် မမှိတ်မသုန် စိုက်ကြည့်နေကြ၏။ နှစ်ယောက်စလုံးမှာလည်း တစ် ဘက်လူမှာ တကယ့် ထိပ်သီးသိုင်းသမားမှန်းသိ၍ မည်သူမျှ စတင်ပြီး မတိုက်ခိုက်ချင်ကြ။

ရွှေပန်းပွင့်ဘွားဘွားမှာ လက်နက်တွင်တစ်ပန်းရှုံးနေသဖြင့် ဘာမျှ မပြောတော့။ သူက ရုတ်ခြည်းပင် အားလီ လက်ကို ဆွဲ၍ နေရာမှ ထွက်ခွာသွားလေတော့၏။

တင်မင်းနှင့် ကျိုရှောင်မူတို့မှာလည်း ယခုမှပင် သိုင်း လောက၌ လွန်စွာ နာမည်ကြီးသော 'တိမ်လွှာဓား' မှာ မိမိတို့ ဆရာ ၏ လက်ဝယ် ရောက်ရှိနေမှန်း သိရတော့၏။

ယခုလည်း သူတို့ဆရာ နိုင်သွားသည်ကိုမြင်သော် ဝမ်းသာ သွားကြလေ၏။ တင်မင်းက...

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ... ဒီအဘွားကြီးက ကတုန်ကချည့်နဲ့ သေတောင်သေတော့မှာများ ဆရာ့ကို စိန်ခေါ်ရဲသေးတယ်နော်' ဟု ပြောရာ မျက်ကြွယ်က တည်ကြည်စွာဖြင့်...

'မင်းတို့ သေသေချာချာ မှတ်ထားကြ၊ နောက်တစ်ခါ သိုင်းလောကမှာ သူ့ချောင်းဆိုးသံကြားရင် ဝေးဝေးက ရှောင်ပေတော့'

မှန်သည်။ မျက်ကြွယ်သည် ရွှေပန်းပွင့်ဘွားဘွား၏ တောင်ဝှေးကို ဓားဖြင့် ချိုးနိုင်ခဲ့သော်လည်း အတွင်းအားသိုင်းတွင် ရွှေပန်းပွင့်ဘွားဘွားက မိမိထက် သာကြောင်း သိလိုက်ပြီ မဟုတ်ပါလား။ ထို့နောက် မျက်ကြွယ်က ကျိုရှောင်မူအား...

'မင်း... ဒီကိုလာစမ်း' ဟု ပြောပြီး သမားတော်ကြီး ဟိုချင်း၏ အိမ်ရှေ့ရှိ ဇရပ်ကလေးဆီသို့ ခေါ်သွားလေ၏။

ကျိုရှောင်မူတို့ တပည့်မ သုံးယောက်က မျက်ကြွယ်ခေါ်ရာ လိုက်သွားကြ၏။ ကျိုရှောင်မူ၏ သမီး ရန်ဝေကမူ နောက်မှနေ၍ 'အမေ' ဟုအော်ပြီး သူပါ ဇရပ်ထဲသို့ ဝင်ရန်ပြုလေ၏။

ကျိုရှောင်မူမှာ ဤတစ်ကြိမ် ဆရာဖြစ်သူ မြေပြန့်သို့ ဆင်းလာခြင်းမှာ မိမိအတွက် ဆင်းလာခြင်းဖြစ်ကြောင်း သိလိုက်၏။ ထို့ကြောင့် မိမိ မလွဲမသွေ အပြစ်ဒဏ်ခံရတော့မည်ဟု နားလည်ထား၏။ သို့ဖြင့် သမီးဖြစ်သူအား...



'သမီး အပြင်မှာပဲ ကစားနော်၊ အထဲကို လိုက်ဝင်မလာနဲ့' ဟု ဟန့်လိုက်၏။ ကျန်းဟူကျင်း၏ စိတ်ထဲတွင်မူ...

'ဒီ တင်မင်းဆိုတဲ့ မိန်းမက သိပ်စိတ်ပုပ်တာ၊ သူက ဒေါ်လေး အတင်းအဖျင်းကို ပြောပြီး ဒေါ်လေးရဲ့ဆရာကို ဒေါသထွက်အောင် လုပ်လိမ့်ဦးမယ်၊ ဟိုတစ်လောတုန်းက ကိစ္စကို ငါ မျက်မြင်တွေ့ခဲ့တာပဲ၊ သူမ မဟုတ်မဟုတ် လျှောက်ပြောရင် ငါ ထွက်ပြီး ရှင်းမယ်' ဟု ရေရွတ်နေ၏။

သို့ဖြင့် ကျန်းဟူကျင်းသည် ကျိုရှောင်မူတို့ ဝင်သွားရာ ဇရပ်၏ အနောက်သို့ အသာအယာသွား၍ ပြတင်းပေါက်နားကပ်ကာ နားထောင်လိုက်၏။ မရှေးမနှောင်းမှာပင် မျက်ကြွယ်၏အသံကို ကြားရသည်။

'ကျိုရှောင်မူ မင်းကိစ္စကို မင်းကိုယ်တိုင် ပြောပေတော့'

ကျိုရှောင်မူသည် မိမိတို့ ဝါမေဂိုဏ်း၏စည်းမျဉ်းကို ကောင်းစွာသိ၏။ မိန်းကလေး တပည့်မများ လော်လီဖောက်ပြားလျှင် သဒဏ်မှုတစ်ပါး အခြားမရှိ။

ထို့ကြောင့် မိမိ၏ အသက်မကာ အရေးကြီးနေသော အချိန်ရောက်နေပြီမှန်း သိသဖြင့် လုံးဝ ထိမ်ဝှက်ခြင်း မပြုတော့ဘဲ မျက်ကြွယ်အား အဖြစ်မှန်အတိုင်း ဖွင့်ဟ ပြောပြလေတော့၏။

www.burmeseclassic.com

'ဆရာ လွန်ခဲ့တဲ့ ခြောက်နှစ်တုန်းက ဆရာက ကျွန်မတို့ တပည့်ရှစ်ယောက်ကို တောင်ပေါ်က ဆင်းစေပြီး ရှက်ဗွန်းရဲ့ သတင်းကို စုံစမ်းခိုင်းတယ်၊ အဲဒီတုန်းကဲ ကျွန်မက အနောက်ဘက်အရပ်ကို သွားတယ်၊ လမ်းမှာ အသက်သုံးဆယ်ကျော်ကျော် ယောကျ်ား တစ်ယောက်ကို တွေ့ရတယ်၊ သူက ကျွန်မ ဘယ်နေရာသွားသွား နောက်ယောင်ခံလိုက်နေတာပဲ၊ ကျွန်မ တည်းခိုခန်းဝင်လဲ သူက လိုက်ဝင်တယ်၊ အစတော့ ကျွန်မက အရေးမစိုက်ပါဘူး၊ ဒါပေမယ့် နောက်ပိုင်းကျတော့ ကျွန်မက သည်းမခံနိုင်လို့ သူနဲ့ တိုက်ခိုက်ပါတယ်၊ ဒါပေမယ့် သူ့ရဲ့ သိုင်းပညာက သိပ်မြင့်တာပဲ၊ သုံးကွက်တည်းနဲ့ ကျွန်မရဲ့ဓားက သူ့လက်ထဲ ပါသွားတယ်'

'ကျွန်မလဲ ထိတ်လန့်ပြီး ဓားကို မယူနိုင်ဘဲ ထွက်ပြေးတော့တာပဲ၊ သူက ကျွန်မနောက်ကို ပြေးလိုက်မလာဘူး၊ ဒါပေမယ့် နောက်တစ်နေ့ ကျွန်မ တည်းခိုခန်းကနေ အိပ်ရာကနိုးတော့ ကျွန်မ ခုတင်ဘေးမှာ ကျွန်မဓားကို ချထားတာ တွေ့ရတယ်၊ ကျွန်မ တည်းခိုခန်းကထွက်တော့ ဒီယောကျ်ားက ကျွန်မနောက်ကို ဆက်လိုက်ပြန်ရော၊ ဒီတစ်ခါ သူ့ကို အကြမ်းနည်းနဲ့ ရင်ဆိုင်လို့ မရမှန်းသိတော့ သူ့ကို တောင်းပန်ပြီး ပြောပါတယ်၊ နောက်ပြီး ကျွန်မကပြောတယ်၊ ကျွန်မရဲ့ သိုင်းပညာက ရှင့်ကို မမီပေမယ့် ကျွန်မတို့ရဲ့ ဝါမေဂိုဏ်းကိုတော့ အထင်သေးလို့ မရဘူးလို့'



မျက်ကြွယ်က ထိုစကားကို သဘောကျသလိုနှင့် ခေါင်းတစ်ချက် ညိတ်လိုက်၏။ ကျိုရှောင်မူက ဆက်၍...

'သူက ကျွန်မကို ပြောတယ်၊ လူတစ်ယောက်ဟာ သူ့ရဲ့ သိုင်းပညာကို ဂိုဏ်းနဲ့လိုက်တာနဲ့ ဒီသိုင်းပညာက အောက်တန်းကျသွားပြီ၊ မိန်းကလေးက ကျူပ်နဲ့သာ လိုက်ခဲ့ရင် ကျူပ်က မိန်းကလေးကို သိုင်းပညာရဲ့ နောက်ကမ္ဘာသစ်တစ်ခုကို ပြလိုက်မယ်တဲ့'

မျက်ကြွယ်က သိုင်းပညာဆိုလျှင် အသည်းစွဲသူဖြစ်၍ သူက...

'မင်း လိုက်သွားပါလား၊ သူက မင်းကို ဘယ်လို သိုင်းပညာမျိုး ပေးနိုင်မလဲလို့'

ကျိုရှောင်မူက မျက်နှာနီမြန်းသွားပြီး...

'ဆရာ... သူက သူစိမ်းယောကျ်ားပဲ၊ ကျွန်မ ဘယ်လိုလုပ် လိုက်သွားနိုင်မှာလဲ'

ထိုအခါကျမှ မျက်ကြွယ်က ဆင်ခြင်မိကာ...

'အေး... ဟုတ်သားပဲ၊ ဒီလိုဆိုရင် မင်း သူနဲ့ဝေးအောင် ထွက်ပြေးပေါ့'

ကျိုရှောင်မူက 'ကျွန်မလဲ နည်းအမျိုးမျိုးနဲ့ ကြိုးစားပြီး ထွက်ပြေးပါတယ်၊ ဒါပေမယ့် နောက်ဆုံးတော့ သူ့လက်ထဲပဲ ပြန်ရောက်ပါတယ်၊ ကျွန်မ... ကျွန်မ ကံဆိုးလို့ ဒီလူနဲ့ တွေ့ရတာပါ ဆရာရယ်'

www.burmeseclassic.com



ကိုရှောင်မူ၏ အသံက ပြောရင်း တဖြည်းဖြည်း တိမ်ဝင်သွားရှာ၏။

မျက်ကြွယ်က 'နောက်ပိုင်းကော' ဟု ဆက်မေး၏။ ကိုရှောင်မူက ဆက်၍...

'သူက ကျွန်မရဲ့ကိုယ်ကို သိမ်းပိုက်ပြီးတဲ့နောက်မှာ ကျွန်မကို တစ်ချိန်လုံး စောင့်ကြည့်နေတယ်၊ ကျွန်မက ကိုယ့်ကိုယ်ကို သတ်သေဖို့ အခွင့်အလမ်းတောင် မရလိုက်ပါဘူး၊ ဒီလိုနဲ့ သုံးလေးလောက်ကြာတော့ တစ်နေ့မှာ... သူ့ရန်သူ ဖြန်းခနဲ ရောက်လာ သူက အပြင်ထွက်ပြီး တိုက်ခိုက်နေတုန်းမှာ ကျွန်မက ကိုယ်လွတ်ထွက်ပြေးလာခဲ့ပါတယ်၊ အဲဒီအချိန်မှာ ကျွန်မ... ကျွန်မမှာ ကိုယ်ဝန်ရှိနေတာ သိရတော့တယ်၊ ဒီလိုနဲ့ ကျွန်မလဲ ဆရာ့ကို ဖွင့်မပြောတာနဲ့ တိတ်တိတ်လေး ပုန်းပြီး ကလေးကို မျက်နှာမြင်လိုက်ရတော့တာပါပဲ ဆရာ'

မျက်ကြွယ်က အတန်ကြာ ငြိမ်သက်နေ၏။ ပြီးမှ နောက်ဆုံး သက်ပြင်းတစ်ချက်ချကာ...

'သနားစရာကောင်းတဲ့ ငါ့တပည့်လေးပါလား၊ အင်း... ဒီကိစ္စက မင်းရဲ့ အပြစ်မဟုတ်ပါဘူး'

ထိုအခါ တင်မင်းက သူ့ဆရာသည် သူမ၏ဂိုဏ်းတူညီ အပေါ်တွင် အစစအရာရာ အသာပေးသည်ကို တွေ့ရ၍ မနာ





ဝန်တိုဖြစ်ကာ ကိုရှောင်မူအား မျက်စောင်းခဲ၍ ကြည့်နေလေ၏။ မျက်ကြွယ်က သက်ပြင်းချရင်း ဆက်၍...

'အခု မင်းက ဘယ်လိုလုပ်ဖို့ စိတ်ကူးထားသလဲ' ဟု မေးလေ၏။

ကိုရှောင်မူက မျက်ရည်စက်လက်ဖြင့်...

'ကျွန်မ အခုလို ဘဝမျိုးရောက်တဲ့နောက်တော့ ဟူဟာန်းဂိုဏ်းက ချင်လိုရှန်နဲ့ စေ့စပ်ထားတာကို ဖျက်သိမ်းပြီး မယ်သီလရှင်ပဲ ဝတ်လိုက်ချင်ပါတော့တယ် ဆရာ' ဟု ဆိုလေ၏။ မျက်ကြွယ်က...

'ဒီလိုလဲ မဟုတ်သေးဘူးလေ၊ နေပါဦး၊ မင်းနဲ့ တွေ့ခဲ့တဲ့ ယောကျ်ားနာမည်က ဘယ်သူတဲ့လဲကွယ့်'

ကိုရှောင်မူက လေသံတိုးတိုးဖြင့်...

'ရန်...ရန်ရှောင်'

မျက်ကြွယ်သည် ရန်ရှောင် ဟူသော အမည်ကို ကြားသည်နှင့် ထခုန်ကာ ဧရပ်ထဲရှိ ခုံကြီးကို ဝုန်းခနဲ ရိုက်ချိုးလိုက်လေ၏။ ကိုရှောင်မူတို့လည်း အားလုံး ထိတ်လန့်သွားကြ၏။ ထိုအခါ မျက်ကြွယ်က ကျယ်လောင်သော အသံဖြင့်...

'မင်းနဲ့တွေ့တာ ရန်ရှောင်ဟုတ်လား၊ အင်း... အလင်းတာမန်ဂိုဏ်းက ထိပ်သီး နတ်ဆိုးကြီး ရန်ရှောင်'

www.burmeseclassic.com

www.burmeseclassic.com



ကျိုရှောင်မူက မဝံ့မရဲဖြင့်...

'သူ... သူက အလင်းတမန်တော်ဂိုဏ်းကပါပဲ၊ နောက်ပြီး ဂိုဏ်းထဲမှာလဲ အဆင့်အတော် မြင့်ပုံရပါတယ် ဆရာ'

မျက်ကြွယ်က ဒေါသသံဖြင့်...

'အခု ဒီကောင် ဘယ်မှာလဲ၊ ငါ သူ့ကို သွားရှာမယ်'

ကျိုရှောင်မူက...

'သူပြောတော့ သူဟာ ခွန်းလွန်တောင်မကြီးရဲ့ ကျိုးစင်တောင်ထိပ်မှာ နေတယ်တဲ့၊ ဒီနေရာကို သူက ကျွန်မတစ်ယောက်တည်းကိုသာ ပြောပြတာတဲ့၊ ကျွန်မကို သူ့ဆီ သွားရှာခိုင်းတယ်'

မျက်ကြွယ်က အံကြိတ်၍...

'ဒီကောင့်ကြောင့် မင်းတို့ ဂိုဏ်းတူဘကြီး သေခဲ့ရတယ် ခွန်းလွန်ဂိုဏ်းက ဝါကြီးသိုင်းသမား ရှီလုံလဲ သေခဲ့ရတယ်'

ထိုစကားကိုကြားသော် ကျိုရှောင်မူမှာ လွန်စွာ တုန်လှုပ်ချောက်ချားသွား၏။ သို့သော် သူမ၏ တကယ့် စိတ်ထဲကတော့ အလိုလို ဂုဏ်ယူမိသလို ခံစားလိုက်ရလေ၏။ သူတို့ ဂိုဏ်းတူဘကြီး ဟူးဟုန် ဆရာကြီးနှင့် ခွန်းလွန်ဂိုဏ်းမှ ရှီလုံဆရာကြီးတို့မှာ နာမည်ကြီး ထိပ်သီးသိုင်းသမားများ ဖြစ်ကြ၏။ ယခုမူ 'သူ' ကြောင့် သေခဲ့ရပြီဟု သိလိုက်၏။ ကျိုရှောင်မူသည် ကျိုးကြောင်းသိချင်သော်လည်း မမေးဝံ့ချေ။ မျက်ကြွယ်က အံကြိတ်၍...



'ရှန်ရောင် ရှန်ရောင်၊ ဒီတစ်ခါတော့ မင်း ငါ့လက်ထဲကို ရောက်လာရပြီ'

ကျိုရှောင်မူဘက်သို့ လှည့်၍လည်း...

'ကျိုရှောင်မူ မင်းဖြစ်ခဲ့သမျှ အပြစ်တွေအားလုံးကို ငါ ခွင့်လွှတ်တယ်၊ တောအုပ်ထဲမှာ မင်းက အပြင်လူကို ကာကွယ်ပြီး ကိုယ့်ရဲ့ ဂိုဏ်းတူအစ်မကို ပြန်ပြီး ခုခံတိုက်ခိုက်တာကိုလဲ ငါ ခွင့်လွှတ်တယ်၊ ဒါပေမယ့် ငါ မင်းကို တာဝန်တစ်ခုပေးလိုက်မယ်၊ အဲဒီတာဝန်သာ မင်း အောင်မြင်အောင် ထမ်းဆောင်ခဲ့ရင်တော့ မင်း ဝါမေတောင်ကို ပြန်လာတဲ့အခါကျရင် ငါက မင်းကို 'တိမ်လွှာဓား' ကိုပေးပြီး ငါ့ရဲ့ အမွေစား အမွေခံတပည့်အဖြစ် အသိအမှတ် ပြုလိုက်မယ်၊ မင်းဟာ နောက်တစ်ဆက် ဝါမေဂိုဏ်းရဲ့ ဂိုဏ်းချုပ်ပဲ'

ထိုစကားကို ကြားသော် အားလုံး မျက်လုံး မျက်ဆန် ပြူးကျယ်သွားကြလေ၏။ တင်မင်းမျှာ သူများထက်ပို၍ တုန်လှုပ် သွား၏။ မနာလို ဝန်တိုစိတ်ဖြင့် သူ့မျက်လုံးစုံ မီးဝင်းဝင်းတောက်မျှ ရှိနေလေသည်။ မှန်သည်။ သူမသည် ယခုမှသာ မိမိတို့ဆရာမ အမှန်တကယ် ကျိုရှောင်မူအပေါ် အရေးပေးကြောင်း ပို၍သိလိုက်ရလေ၏။ အတန်ကြာ တိတ်ဆိတ်သွားပြီးနောက် ကျိုရှောင်မူက...

www.burmeseclassic.com

www.burmeseclassic.com



'ဆရာရှိမှ်းတာဆိုရင် ကျွန်မ လုပ်ပေးပါ့မယ်၊ ဒါပေမယ့် ဆရာရဲ့ အမွေစား အမွေခံကိုတော့ ကျွန်မရဲ့ အရည်အချင်းနဲ့ မထိုက်တန်ပါဘူး ဆရာ'

ထိုအခါ မျက်ကြွယ်က…

'ကဲ… ပြောနေကြတယ်၊ မင်း ငါနဲ့လိုက်ခဲ့' ဟု ပြောပြီး ကျိုရှောင်မှူ၏ လက်ကိုဆွဲ၍ ရေပ်နှင့် အတော်အတန် အလှမ်းဝေးသော ကွင်းပြင်၏ အလယ်ဆီသို့ ခေါ်သွားလေတော့၏။

★☆★☆★



# ကိုယ်လွတ် လက်ရှိန်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၈)

# ကိုယ်လွတ် လက်ရှုန်း

ကွင်းပြင်ကျယ်၏ အလယ်ဗဟိုတွင် ဖြစ်ပါ၏။

မျက်ကြွယ်သည် နံဘေးပတ်လည်သို့ ဝေ့ဝိုက် အကဲခတ်ကြည့်ပြီးနောက် ကျိုးရှောင်မှု၏ နားနားသို့ကပ်၍ တစ်စုံတစ်ခုကို တီးတိုးပြောဆိုလေ၏။ မည်သည့်အဓိပ္ပါယ်ဖြင့် မည်သို့သော စကားကို ပြောလိုက်မှန်း မသိသော်လည်း လွန်စွာ အရေးပါသော စကားဖြစ်ကြောင်း အကဲခတ်၍ ရနိုင်၏။ သို့သော် ချန်းဟူကျင်းသည် အဝေးမှနေ၍သာ လှမ်းကြည့်နေခြင်းကြောင့် ဘာမှ သိခွင့်မရလိုက်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျိုရှောင်မူသည် ထိုစကားကြောင့် အတန်ကြာအောင် ခေါင်းငုံ့၍ စဉ်းစားနေသည်ကို တွေ့ရပြီး ရုတ်တရက် တစ်စုံတစ်ခုကို အနိုင်အမာ ဆုံးဖြတ်လိုက်ပြီးဟန်ဖြင့် ဦးခေါင်းကို မော့လိုက်၏။ သူ့အမူအရာကို ကြည့်ခြင်းဖြင့် သူ့ဆရာ၏ အမိန့်ကို မလိုက်နာနိုင်ကြောင်း ဖော်ပြနေ၏။ ထိုစဉ်မှာပင် သူ့ဆရာ၏ ဘယ်ဘက်လက်ဝါးစောင်းက အပေါ်သို့ တဖြည်းဖြည်း မြောက်တက်သွားပြီး အောက်သို့ ရိုက်ချရန် ပြုလိုက်လေ၏။ သို့သော် မရိုက်ဖြစ်ပေ။ သူမသည် တပည့်ချစ်အား နောက်ဆုံးအကြိမ် အခွင့်အရေး ပေးသောအားဖြင့် စဉ်းစားချိန် ပေးလိုက်ဟန် တူလေသည်။

ကျန်းဟူကျင်းမူ ထိုမြင်ကွင်းကို အဝေးမှကြည့်ရင်း ရင်တထိတ်ထိတ် ခုန်နေ၏။ ထိုစဉ် ကျိုရှောင်မူက ဒူးထောက်လိုက်၏။ သို့သော် ရင်ကိုကော့ ခေါင်းကိုမော့လျက် ခိုင်မာစွာ ဆုံးဖြတ်ပြီးဟန်ဖြင့် ဦးခေါင်းကို ခါယမ်းပြနေလေ၏။ သို့ဖြင့် မျက်ကြွယ်၏ လက်ဝါးစောင်းများ တဖြည်းဖြည်း မြောက်တက်သွားပြီး ကျိုရှောင်မူ၏ ငယ်ထိပ်တည့်တည့်သို့ ရုတ်တရက် ရိုက်ချလိုက်လေတော့၏။

သို့နှင့် ကျိုရှောင်မူ၏ ကိုယ်မှာလည်း တစ်မဟုတ်ချင်း မြေကြီးပေါ်သို့ ပုံလျက် လဲကျသွားရှာလေသည်။ မှန်သည်။ ကျိုရှောင်မူသည် တစ်ချက်တည်းသော သူမဆရာ၏ လက်ဝါးစောင်း ရိုက်ချက်ဖြင့် ပြင်းထန်စွာဒဏ်ရာရကာ သတိလစ် မေ့မြောသွားရှာပြီ ဖြစ်ပါ၏။



ကျန်းဟူကျင်းသည် ထိုမြင်ကွင်းကို ကြည့်ရင်း ခြေကြောက်လည်းကြောက်၊ ဒေါသလည်းထွက်၊ ရင်လည်း နာကျင်မိလေ၏။ သို့သော် သူသည် အိမ်နောက်ဘက်ရှိ မြက်တောထဲတွင်ပင် ပုန်းဝပ်လျက် လှုပ်၍ပင် မလှုပ်ရဲရှာပေ။ ထိုစဉ်မှာပင် ကလေးမတစ်ဦး၏ ရယ်သံသွဲ့သွဲ့ကို ကြားရပြီး တစ်ချိန်တည်းမှာပင် မိမိနောက်ကျောအား ပွေ့ဖက်ခြင်းကို ခံစားလိုက်ရ၏။ ပြီးနောက် ချိုလွင်သော အပြစ်မဲ့သော သနားကြင်နာဖွယ်သော အသံဖြင့်...

'အစ်ကို့ကို မိပြီ၊ အစ်ကို့ကို မိပြီ' ဟူသော အသံကိုပါ ကြားလိုက်ရပါ၏။ မှန်သည်။ ထိုအသံရှင်မှာ ကျိုရှောင်မူ၏ သမီး ရန်ဝေ၏ အသံပင် ဖြစ်ပါ၏။

ရန်ဝေသည် ကောက်ပင်များ စိမ်းလန်းစွာ ဖြစ်ထွန်းနေသော လယ်ယာတောတွင် အပူမင်ကင်းမဲ့စွာ ပျော်ရွှင် မြူးထူးနေပြီးနောက် မြက်တောထဲမှ တကုန်းကုန်းဖြင့် နောက်ပြန်ဆုတ်လာသော ကျန်းဟူကျင်းကို အမှုမဲ့ တွေ့လိုက်ရာ မိမိကဲ့သို့ပင် ကစားနေသည်ဟု ထင်ပြီး နောက်ဘက်မှ ဝမ်းသာအားရ ဖက်လိုက်ခြင်းပင် ဖြစ်ပါ၏။ ကျန်းဟူကျင်းလည်း ရန်ဝေအား ကမန်းကတန်း ပွေ့ထူပြီး အသံမထွက်အောင် နှုတ်ခမ်းကို အလျင်အမြန် ပိတ်လိုက်လေ၏။ ထို့ပြင် ရန်ဝေ၏နားနားသို့ ကပ်၍လည်း...

'အသံ မထွက်နဲ့နော်၊ လူဆိုးတွေ လာနေတယ်' ဟု သတိပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်ဝေမှာ ကျန်းဟူကျင်း၏ မျက်နှာတွင် သွေးဆုတ်သလို ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကိုမြင်သော် သူပါ ထိတ်လန့်သွားရှာ၏။ ထိုအချိန်တွင် မျက်ကြွယ်သည် ဇရပ်ရှေ့သို့ ပြန်ရောက်လာပြီး တင်မင်းအား အမိန့်ပေးသံဖြင့် ဆိုလေ၏။

'ဟဲ့...တင်မင်း၊ သူ့ကလေးကိုပါ သတ်လိုက်စမ်း၊ လုံးဝ မျိုးဆက် ချန်မထားနဲ့'

တင်မင်းသည် သူ့ဆရာက မမျှော်လင့်ဘဲ ကျိုရှောင်မူအား အပြစ်ပေးလိုက်သည်ကို တွေ့ကတည်းက စိတ်ထဲမှ ကျိတ်၍ ဝမ်းသာနေ၏။ ထို့ကြောင့် ဓားကို အလျှင်အမြန် ဆွဲထုတ်ပြီး ကျိုရှောင်မူ၏ သမီးငယ် ရန်ဝေအား သတ်ဖြတ်ပစ်ရန် လိုက်ရှာလေတော့၏။ ကျန်းဟူကျင်းကား ရန်ဝေအား ပွေ့ဖက်လျက် မြက်တောထဲတွင်ပင် အသက်ပြင်းပြင်း မရှူရဲဘဲ ပုန်းနေရှာ၏။ ထိုစဉ် တင်မင်းသည် ဓားကိုင်လျက် ရန်ဝေအား ရှေ့နောက် ဝန်းကျင် ရှာနေလေ၏။ သို့သော် မတွေ့ချေ။ ထိုအခါ မျက်ကြွယ်က တင်မင်းအား အပြစ်တင်သံဖြင့်...

'တောက်...အတော့်ကို အသုံးမကျတဲ့ တပည့်၊ ကလေးလေးတစ်ယောက်ကိုတောင် တွေ့အောင် မရှာနိုင်ဘူး' ဟုပြောပြီး နောက်ထပ် တပည့်မ တစ်ယောက်ကို ရန်ဝေအား ရှာရန် တာဝန်ပေးပြန်လေ၏။



ထိုတပည့်မမှာမူ ကျိုရှောင်မူနှင့် လွန်စွာ ရင်းနှီးသူဖြစ်ပြီး ယခုတစ်ဖန် သူမ မျက်စိအောက်တွင်ပင် ကျိုရှောင်မူအား အပြစ်ပေးလိုက်သည်ကို မြင်ရ၍ လွန်စွာ စိတ်မကောင်းခြင်း ဖြစ်နေလေ၏။ ထို့ကြောင့် သူမက မျက်ကြွယ်အား...

'ဆရာ... ကလေးမလေးတော့ ထွက်ပြေးသွားပြီ ဆရာ' ဟု လီဆယ်၍ ပြောလိုက်လေ၏။

ထိုအခါ မျက်ကြွယ်က တပည့်မနှစ်ယောက်အား တစ်ချက်မျှ စိုက်ကြည့်ပြီးလျှင် ရန်ဝေအား ရှာရန် ပြေးထွက်သွားလေတော့၏။ ထိုအခါကျမှပင် ကျန်းဟူကျင်းလည်း မြက်တောထဲမှ ကမန်းကတန်း ပြေးထွက်လာပြီး ကွင်းပြင်ဘက်သို့ ပြေးသွားလေ၏။ ရန်ဝေက ဘာမျှ မသိသော ကလေးငယ်ပီပီ ရယ်မော၍ပင် ကျန်းဟူကျင်းအား ဆိုနေရှာသေး၏။

'အစ်ကို... လူဆိုးတွေ မရှိတော့ဘူး၊ အစ်ကိုနဲ့ ကျွန်မ ကွင်းပြင်မှာ ကစားကြရအောင်နော်' တဲ့။

ကျန်းဟူကျင်းသည် မျက်ရည်များ ဝေ့ဝဲလာရင်းမျှ ရန်ဝေအား ပွေ့ချီပြီး ကျိုရှောင်မူ အနားသို့ သုတ်ခြေတင် ပြေးသွားလေ၏။ ရန်ဝေသည် ကျိုရှောင်မူ အနားသို့ ရောက်တော့မှပင် မိခင်ဖြစ်သူ လဲနေသည်ကို တွေ့ရပြီး ကျန်းဟူကျင်း လက်ထဲမှ အတင်းရုန်းထွက်လျက်...

www.burmeseclassic.com

www.burmeseclassic.com



'မေမေ...မေမေ' ဟု တစာစာ အော်ခေါ်နေရှာလေတော့၏။

ကျန်းဟူကျင်းက ကျိရှောင်မူ၏ နလုံးခုန်နှုန်းကို စမ်းကြည့်လိုက်၏။ ကျိရှောင်မူ၏ နလုံးခုန်နှုန်းမှာ နှေးကွေးလှ၏။ ငယ်ထိပ်မှာလည်း ကြေမွလျက် ရှိ၏။ ဘယ်သို့မျှ ကယ်တင်၍ ရမည် မဟုတ်တော့ပေ။ ထိုစဉ် ကျိရှောင်မူက မျက်လုံးကို အားတင်း၍ ကြည့်လိုက်၏။ ဟူကျင်းနှင့်အတူ သမီးလေးကိုပါ တွေ့ရသောအခါ နှုတ်ခမ်းမှာ ရွရွလှုပ်ရှားလာ၏။ သို့သော် ဘာသံမှ ထွက်မလာပေ။ မျက်ဝန်းအိမ်မှသာ မျက်ရည်ပေါက်များ စီးသွယ် ကျလာ၏။ ကျန်းဟူကျင်းသည် အသင့်ပါလာသော အိတ်ထဲမှ ငွေအပ်ချောင်းများကို ထုတ်၍ အရေးကြီးသော အကြောသုံးခုကို ထိုးပေးလိုက်၏။ ထိုအခါ ကျိရှောင်မူက အားတက်လာပြီး တိုးညင်းသော အသံဖြင့် ဆိုလေ၏။

'သ...သမီးကို သူ့အဖေဆီ...ရောက်...ရောက်အောင် ပို့ပေးပါနော်၊ ငါက... သူ့...သူ့အဖေကို မသတ်ရက်လို့'

ကျိရှောင်မူသည် ထိုသို့ အထစ်အငေါ့ဖြင့် အားယူပြောပြီး ရင်ဘတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူရန် ပြုစဉ် ရုတ်တရက် အားပြတ်လျက် အသက်ပါ ထွက်သွားလေတော့၏။

ရန်ဝေမှာ မိခင်၏ အလောင်းကို ဖက်လျက်...

'မေမေ... သိပ်နာသလား၊ သိပ်နာသလား' ဟု မေးနေရှာ၏။



စင်စစ် ရန်ဝေသည် သူ့မေမေက လူ့လောကနှင့်တကွ သူ့ကိုပါ စွန့်၍ အပြီးအပိုင် ထွက်ခွာသွားရပြီဖြစ်ကြောင်း လုံးဝ မသိရှာပါပေ။

ကျန်းဟူကျင်း၏ ရင်မှာမူ နင့်မော နာကျင် သွားရှာပါ၏။ သူသည် ကျိရှောင်မူ၏ မျက်နှာကို မျက်ရည်ကြားမှ ကြည့်ရင်း သူ့မိခင်နှင့် ဖခင်ကိုပါ သတိတရ ရှိလာလေ၏။ ထို့ကြောင့် ဖြေမဆည်နိုင် ဖြစ်ကာ တသိမ့်သိမ့် ငိုကြွေးလိုက်မိရှာလေ၏။

သို့သော် ကျန်းဟူကျင်းသည် ဘဝဒဏ်ကို ကြိမ်ဖန်များစွာ ခံစားခဲ့ရဖူးသူ ဖြစ်၍ ချက်ချင်းမင် စဉ်းစားလိုက်မိ၏။

'ဒေါ်လေးက မသေခင်မှာ သူ့သမီးလေးကို သူ့အဖေ လက်ထဲရောက်အောင် ပို့ပေးဖို့ ပြောသွားရှာတယ်၊ သူ့အဖေရဲ့ နာမည်က ရန်ရှောင်၊ အလင်းတမန်တော်ဂိုဏ်းကတဲ့၊ ပြီးတော့ ခွန်းလွန်တောင်မကြီးရဲ့ ကျိုစိမ့်တောင်ထိပ်မှာ နေသတဲ့၊ ဒီတော့ ငါက သူ့ကို သူ့အဖေဆီရောက်အောင် ပို့ပေးဖို့ပဲ ရှိတော့တာပေါ့'

ထို့နောက် ကျန်းဟူကျင်းသည် ကျိရှောင်မူ အသက်ထွက်မသွားမီ ရင်ဘတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူရန် ပြုသည်ကို သတိရလိုက်သဖြင့် သူက နှိုက်စမ်းကြည့်လိုက်၏။ ထိုအခါ ညိုမည်းမည်းအရောင် ဆွဲပြားကြီး တစ်ခုကို တွေ့ရလေ၏။ ဆွဲပြားပေါ်တွင်မူ ခြေကားယား လက်ကားယားဖြင့် အစွယ်တငေါငေါ ပြူထွက်နေသော တစ္ဆေသရဲ၊ ဘီလူး သဘက်လိုလို အရုပ်ကြီးရေးဆွဲထားသည်ကိုပါ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလေတော့၏။ ကျန်းဟူကျင်းသည် ထိုဆွဲပြားကြီးကို ဆွဲဖြုတ်ပြီး ရန်ဝေ၏ လည်တိုင်တွင် ဆွဲပေးလိုက်၏။ ထို့နောက်တွင်မူ ကျန်းဟူကျင်းသည် ပေါက်တူးတစ်လက်ကို ယူ၍ ကျိုရောင်မူ၏ အလောင်းကို မြေမြှုပ်ပေးလိုက်လေ၏။

မရှေးမနှောင်းမှာပင် အိပ်မောကျခဲ့သော ရန်ဝေသည် ပြန်လည် နိုးထလာလေ၏။ သူကလေးသည် နိုးလျှင် နိုးချင်း သူ့မိခင်ကိုသာ တစ်မေးတည်းမေးနေရှာ၏။

ထိုအခါ ကျန်းဟူကျင်းက ရန်ဝေအား သူ့မ မိခင်သည် မိုးပေါ်သို့ တက်သွားကြောင်း၊ မိုးပေါ်တွင် အချိန်ကြာမြင့်စွာနေပြီး သူမနှင့် ပြန်လည်တွေ့မည်ဖြစ်ကြောင်း လိမ်ဆယ်၍ ပြောပြလေ၏။ ရန်ဝေလည်း လွန်စွာ ငယ်ရွယ်သေးသူ ဖြစ်၍ ကျန်းဟူကျင်း၏ စကားကို သံသယမရှိ ကောင်းစွာ ယုံမှတ်သွားလေ၏။ သို့ဖြင့်— ကျန်းဟူကျင်းသည် ရန်ဝေနှင့်အတူ ခွန်းလွန်တောင်သို့ သွားရန် ဆုံးဖြတ်လိုက်လေ၏။ စင်စစ် ခွန်းလွန်တောင်သည် ဤနေရာမှ အနောက်ဘက်ယွန်းယွန်းတွင်ရှိပြီး မိုင်ပေါင်း ထောင်သောင်းချီ၍ ဝေးကွာလေ၏။ သို့ဝါလျက် အရွယ်မရောက် လူလားမမြောက်သေးသော ဤကလေးဇစ်ယောက်အဖို့ အဘယ်သို့လျှင် ပေါက်ရောက်အောင် သွားနိုင်ပါမည်နည်း။



သို့သော် ကျန်းဟူကျင်းသည် ရန်ဝေ၏ လက်ကိုဆွဲ၍ ...း စတင်ရန် ခြေလှမ်းပြင်နေပြီ ဖြစ်ပါ၏။ သူသည် ကျိုရောင်မူ၏ ...တ်ထဲမှ ငွေတို၊ ငွေစများကို ထုတ်ယူပြီး ခရီးစရိတ်အဖြစ် အသုံးပြု... လျာထားလိုက်၏။ အမှန်မူ ဤ ခရီးစရိတ်မျှလောက်နှင့် ထိုမျှ ...းလံသော ခရီးသို့ပေါက်ရောက်အောင် အဘယ်သို့ တတ်နိုင်ပါ ...ည်နည်း။ သို့သော် ဤအခြေအနေတွင် ဤသို့ပင် ခရီးကို စ,ရပေ ...ည်။ သို့ဖြင့် နောက်ဆုံးတွင် သူတို့ နှစ်ဦးသည် သမားတော်ကြီး ...ချင်း၏ လိပ်ပြာကုန်းမှ ခရီး စ၍ ထွက်လာကြလေတော့သတည်း။

★ ☆ ★ ☆ ★



www.burmeseclassic.com

www.burmeseclassic.com



# ခွန်းလွန်တောင်သို့နှစ်ယောက်အတူ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၉)

## စွန်းလွန်တောင်သို့ နှစ်ယောက်အတူ

ကျန်းဟူကျင်းသည် ယူဆောင်ဖွယ်ရာများကို သိမ်းဆည်းယူငင်ပြီးနောက် ရန်ဝေနှင့်အတူ ခရီးစတင် ထွက်ခဲ့ကြလေသည်။ လမ်းခရီးမှာ တောတောင် ထူထပ်သော ခရီးကြမ်းဖြစ်သည့်ကတစ်ကြောင်း ရန်ဝေမှာလည်း ငယ်ရွယ်လွန်းသူ ဖြစ်၍ ခရီးကို တစ်ဖြောင့်တည်း မသွားနိုင်ဘဲ နားလိုက် လျှောက်လိုက်နှင့် နှေးကွေးစွာ ဆက်နေရလေ၏။ သို့ဖြင့် တစ်နေဝင်၍ ညဦးပိုင်းသို့ ရောက်လာသောအခါ သူတို့သည် မြို့ရွာနှင့် ဝေးကွာသော တောအုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုထဲသို့ ရောက်လာကြ၏။ ဆက်လက်ခရီးဆက်ရန်လည် မှောင်နေပြီးဖြစ်၍ ထိုတောအုပ်အတွင်းမှာပင် တစ်ညတာနားနေ ဆုံးဖြတ်လိုက်၏။ ထိုနောက် သူတို့သည် ထို တောအုပ်အတွင် ကြီးမားသော သစ်ပင်တစ်ပင်အောက်တွင် လဲလျောင်းနေခိုက် အ မှာလည်း တစ်စတစ်စဖြင့် ညဥ့်နက်ပိုင်းသို့ ရောက်ရှိလာ တော့၏။

ထိုစဥ်တွင် သားရဲပေါများသော တောတောင်ဝန်းကျ ဖြစ်၍ သားရဲတိရစ္ဆာန်များ၏ အော်သံများ၊ အချင်းချင်းကိုက် ကြသော အသံဗလံများဖြင့် ဝန်းကျင်မှာ ဆူညံနေလေ၏။ ကျန်း ကျင်းသည် ထိုသားရဲတိရစ္ဆာန်များ၏ အသံများကြောင့် ပတ် ကျင်သို့ ကြည့်လိုက်သောအခါ လရောင် ဝိုးတဝါးအောက်တ မြေခွေးများသည် အုပ်ဖွဲ့၍ မြင်းသေတစ်ကောင်ကို ဝိုင်းဝန်းကို လုယက်စားသောက် နေကြသည်ကို တွေ့မြင်လိုက်ရလေ၏။

ကျန်းဟူကျင်းသည် လဲလျောင်းနေသော ရန်ဝေအ ဖွေ့ဖက်၍ အောင်ရန် လွတ်ကင်းရာ သစ်ပင်ပေါ်သို့ ချီ၍ တက်လို လေ၏။ ကျန်းဟူကျင်း၏ လှုပ်ရှားသံကို ကြားရသဖြင့် မြေခွေးမ သည် မြင်းသေကောင်ကို မဲ၍ လုယက်စားသောက်နေရာမှ ကျန် ကျင်းတို့ရှိရာ သစ်ပင်အောက်သို့ ဝိုင်းမွဲ့လာကြပြီး အပင်အောက်တ ရစ်ဝဲနေကြလေ၏။ နံနက်မိုးလင်းမှပင် မြေခွေးများ အလျို ပျောက်ကွယ်သွားကြလေတော့၏။



သို့ဖြင့် ကျန်းဟူကျင်းသည် ရန်ဝေအား ခေါ်ဆောင်၍ ခရီးဆက်ကြ ရပြန်၏။ တစ်နေ့ကုန်နီးပါး ရပ်လိုက် သွားလိုက်နှင့် ခရီးဆက်ခဲ့ကြသည့်တိုင် လမ်းခရီးတွင် လူသူလေးပါးနှင့် မဆုံရ သကဲ့သို့ အိမ်ခြေရာခြေများနှင့်လည်း လုံးဝ မတွေ့ခဲ့ရပေ။ ကြမ်း တမ်းသော တောတောင်လွင်ပြင် ခရီးကြမ်းကိုသာ ပျင်းရိ ခြောက် သွေ့ဖွယ် ဖြတ်သန်းခဲ့ကြလေ၏။

နေဝင်ရီတရောအချိန်သို့ ရောက်သောအခါ သူတို့သည် မမျှော်လင့်ဘဲ ရွာငယ်လေးတစ်ရွာအား ဘွားခနဲတွေ့လိုက်ရလေ၏။ ကျန်းဟူကျင်းသည် ဝမ်းသာလွန်းသဖြင့် ထိုရွာလေးတွင်ပင် အစား အသောက်များ ဝယ်ယူ၍ စားသောက်ရန် စိတ်ကူးလိုက်၏။ သူတို့ နှစ်ဦးသည် ထိုအတွေးဖြင့် ဝမ်းသာအားတက်လာပြီး ရွာထဲသို့ ခြေ လှမ်းသွက်သွက်ဖြင့် ဝင်လာကြ၏။ သို့သော် သူတို့နှစ်ဦး တကယ် တမ်း ရွာထဲသို့ ရောက်သောအခါတွင်မူ မျှော်လင့်ချက်များ ပျက်ပြား သွားခဲ့ရလေတော့၏။

အကြောင်းမူ ထိုရွာမှ လူသူ လုံးဝမရှိသော ရွာပျက်ကြီး တစ်ရွာ ဖြစ်နေသောကြောင့်ပင် ဖြစ်ပါ၏။ ထို့ကြောင့် သူတို့သည် စိတ်ပျက်စွာဖြင့် ခရီးဆက်ခဲ့ကြရပြန်၏။ လမ်းခရီးတစ်လျှောက်တွင် တောတောင်တချို့ကို ဖြတ်သန်းလာပြီးနောက် မြေပြန့်လွင်ပြင်ဘ သို့ ရောက်ရှိလာလေ၏။ သို့သော် ပတ်ဝန်းကျင် လယ်မြေများမှာ

www.burmeseclassic.com



အားလုံးလိုလို ပက်ကြားအက်လျက်ရှိပြီး တောရိုင်းသဖွယ် ဖြစ်နေသည်ကို တွေ့ရ၏။

ကျန်းဟူကျင်းသည် ထို အခြင်းအရာကို မြင်သော် လွန်စွာ တုန်လှုပ် ချောက်ချားသွားလေ၏။ ရန်ဝေမှာလည်း ဗိုက်ထဲမှ လွန်စွာ ဆာလောင်လာသဖြင့် ငိုယိုစ ပြုလာလေ၏။ သို့သော် သူကလေးသည် အားတင်း၍ ဆက်လက် လျှောက်နေလေရာ လွန်စွာ သနားစဖွယ် ကောင်းနေလေ၏။ သို့ဖြင့် သူတို့သည် တစ်နေရာအရောက်တွင် ခြေလှမ်းများတန့်ရပ်သွားကြပြီ ရန်ဝေမှာလည်း ကျန်းဟူကျင်းအား အထိတ်တလန့် ဖက်လိုက်မိလေ၏။ အကြောင်းမူ လမ်းဘေးတစ်နေရာတွင် ယင်မမည်းကြီးများ ဝိုင်းအုံ ကိုက်ခဲနေသော လူသေလောင်းအချို့ကို တွေ့ရသောကြောင့်ပင် ဖြစ်ပါ၏။ ကျန်းဟူကျင်းက ထို လူသေလောင်းကို စစ်ဆေးကြည့်လိုက်သောအခါ ဒဏ်ရာတစ်စုံတစ်ရာ မရှိဘဲ အစာရေစာ ငတ်ပြတ်၍ သေဆုံးသောအလောင်းများ ဖြစ်ကြောင်း သိရလေ၏။ သူတို့သည် ပို၍ခရီးဆက်လာသော် လူသေအလောင်းများ ပို၍များလာလေ ဖြစ်သည်ကို တွေ့ရလေ၏။ ကျန်းဟူကျင်းသည် တုန်လှုပ် ချောက်ချားစွာဖြင့် စဉ်းစားလိုက်၏။

'ဒီနယ် တစ်ကြောမှာ စားစရာ အစာရေစာ လုံးဝမရှိပါလား ငါတို့ နှစ်ယောက်လဲ ဒီလိုပဲ ငတ်သေရတော့မယ် ထင်ပါရဲ့'



သို့ဖြင့် ညပိုင်းသို့ ရောက်သောအခါ အရှေ့ မနီးမဝေး တောအုပ်အတွင်း၌ မှုန်ဝါးဝါး မီးရောင်များကို တွေ့ရသောကြောင့် ကျန်းဟူကျင်းမှာ လွန်စွာ ဝမ်းသာ သွားပြီး နှစ်ဦးသားသည် ထို တောအုပ်ဆီသို့ ပြေးဝင် သွားကြလေတော့၏။ အနားသို့ ရောက်သောအခါ သူတို့သည် အကျီအဝတ်အစားများ စုတ်ပြတ်ပေရေနေသော လူကြီး ငါးယောက်ကို တွေ့မြင်လိုက်ကြရ၏။

ထို လူကြီးများသည် အငွေ့ တလူလူ တက်နေသော အိုးကြီးတစ်လုံး၏ ရှေ့တွင် ဝိုင်းဖွဲ့၍ ထိုင်နေကြခြင်း ဖြစ်၏။ သူတို့နှစ်ဦး ၏ ခြေသံကို ကြားသော် ထိုလူများလည်း လှည့်၍ ကြည့်လိုက်ကြ၏။ ထိုအခါ ကျန်းဟူကျင်းနှင့် ရန်ဝေတို့ ဖြစ်ကြောင်း သိလိုက်ကြလေ၏။ ကျန်းဟူကျင်းလည်း ထို လူငါးယောက်၏ မျက်နှာကို အသေအချာ ကြည့်လိုက်သောအခါ ထခုန် မိမတတ် ဝမ်းသာ သွားမိလေတော့၏။ သူ့နှုတ်မှလည်း....

'ဟာ...အစ်ကိုကြီး ကျန်ကျက် တို့ပါလား' ဟု ဝမ်းသာအားရ နှုတ်ဆက် လိုက်မိလေ၏။

မှန်ပါသည်။ ထိုလူငါးယောက်သည် ခုံးတုံဂိုဏ်းမှ ကျန်ကျက်၊ ဝါဆန်းဂိုဏ်းမှ ပိကုန်းရှင်နှင့် သူတို့၏ ဂိုဏ်းတူ နှစ်ယောက်ပင် ဖြစ်ပါ၏။ စင်စစ် သူတို့ အားလုံးသည် လိပ်ပြာကုန်းတွင် ကျန်းဟူကျင်း ၏ ဆေးဝါး ကုသပေးမှုကြောင့် သေဘေးမှ လွတ်မြောက်လာခဲ့ကြသူများပင်ဖြစ်၏။ နောက်ဆုံးတစ်ယောက်မှာ အသက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်ငါးနှစ်ခန့်ရှိ လူငယ်တစ်ဦး ဖြစ်ပြီး ကျန်းဟူကျင်း လုံးဝ မမြင်ဖူးသော မျက်နှာစိမ်း တစ်ယောက် ဖြစ်နေလေ၏။ ကျန်ကျက်က ကျန်းဟူကျင်းအား ပြုံးကြောင်သော မျက်လုံးဖြင့် စိုက်ကြည့်ပြီး—

'ညီလေး...မင်း...မင်းတို့ ဘယ့်နှယ့်လုပ် ဒီကို ရောက်လာကြတာလဲ' ဟု မေးရာ ကျန်းဟူကျင်းက ဖြစ်ရပ်ကို အကျဉ်းချုံး၍ ပြောပြ လိုက်လေတော့၏။ ထို့နောက် ကျန်းဟူကျင်းက ဆာလောင် မွတ်သိပ်သော အသံဖြင့်...

'ကျွန်တော်တို့ လမ်းတစ်လျှောက်လုံးမှာ ဘာမှ မစားခဲ့ရဘူး ဗျာ၊ အခု အစ်ကိုကြီးတို့ ဘာ ချက်နေကြတာလဲဟင်' ဟု မေးလေ၏။

ကျန်ကျက်က ကျန်းဟူကျင်း၏ အမေးကို မဖြေဘဲ နှုတ်ခမ်းကိုသာ လျှာဖြင့် လျက်ကာ ရန်ဝေအား ကြည့်ရင်း တီးတိုးသံဖြင့် ဆိုလေသည်။

'ဒီမှာဟေ့...ငါတို့ ဗိုက်ထဲမှာလဲ ခုချိန်ထိ ဆန်တစ်စေ့တောင် မဝင်သေးဘူးကွ၊ ရရာ သစ်ခေါက်နဲ့ မြက်တွေပဲ စားနေတယ်၊ အင်း...ဟိုဟာမလေးကအသားကလဲဖြူ မို့မို့ ညက်ညက် တုတ်တုတ်ကျစ်ကျစ်ကလေး ဆိုတော့ အင်း...'

ကျန်းဟူကျင်းမှာ ကျန်ကျက်၏ မျက်လုံးနှင့် အသံတို့တွင် လွန်စွာ ငတ်မွတ်နေသော အရိပ်အယောင်ကို တွေ့ရပြီး လွန်စွာ ကြောက်ကျစ် စဉ်းလဲသည့် မြေခွေးကဲ့သို့သော အမူအရာ များကို တွေ့ရသောအခါ ရင်တထိတ်ထိတ် ခုန်လာမိလေ၏။



ထို့ကြောင့် ရန်ဝေအား ကမန်းကတန်းဖြင့် သူ့နားသို့ ဆွဲကပ်ထားလိုက်မိ၏။

ထိုစဉ် ပိကုန်းရှင်က ရုတ်တရက် အေးစက်စွာ အော်ဟစ် ရယ်မောပြီး ကျန်ကျက်အား မျက်ရိပ် ပြလိုက်၏။ သို့ဖြင့် ရုတ်ခြည်းပင် သူတို့ နှစ်ယောက်သည် ကျန်းဟူကျင်းအား တစ်ပြိုင်နက် ခုန်အုပ်ပြီး ဖမ်းချုပ် ထားလိုက်ကြလေ၏။

ပိကုန်းရှင်က ရန်ဝေ၏ ပါးစပ်ကိုပိတ်၍ မွေ့ချီ ထားလိုက်လေတော့၏။ ထိုအခါ ကျန်းဟူကျင်းက အလန့်တကြားဖြင့် အော်ပြောလေ၏။

'ခင်ဗျားတို့ ဘာလုပ်ကြတာလဲဟင်'

ကျန်ကျက်ကရယ်၍...

'ငါတို့ အစာငတ် ရေငတ်ပြီ သေရတော့မယ်၊ တို့ မနေနိုင်ကြတော့ဘူး၊ ဒါကြောင့် ဟောဒီ ကောင်မလေးကို ဟင်းလျာအဖြစ် ချက်ပြုတ် စားသောက် ကြမလို့ကွ၊ ဒီကောင်မလေးက တကယ်တော့ မင်းနဲ့ ဘာမှ မတော်စပ်ပါဘူး၊ တော်ကြာရင် မင်းလဲ ဝေပုံကျ စားရမှာပေါ့ကွာ၊ ဟား...ဟား...ဟား'

ဟူးကျင်းက ဒေါသဖြင့် ကျိန်ဆဲပြီး...

'ခင်ဗျားတို့က ဘယ်လို သိုင်းသမားကြီးတွေလဲ၊ ကလေးမ တစ်ယောက်ကို ဒီလိုပဲ မတရား အနိုင်ကျင့်တတ်သလား၊ ဒီ အ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတွေသာ သိုင်းလောက,က လူတွေ သိသွားရင် ခင်ဗျားတို့ မျက်နှာတွေ ဘယ်လိုလုပ် ထားကြမလဲဟင်'

ကျန်ကျက်က ရှက်ဒေါသဖြင့် ကျန်းဟူကျင်းအား လက်သီးဖြင့် ထိုးပြီး...

'မင်းကိုလဲ သတ်ပြီး ချက်စားပစ်မယ် နားလည်လား ဟင်း... အတော်ပဲ၊ ဒီကောင်မလေး တစ်ယောက်တည်းသာဆိုရင်တို့ စားလို့ လောက်မှာ မဟုတ်ဘူး'

ဟူကျင်းသည် လွန်စွာ ဆာလောင် ငတ်ပြတ် နေသော ဤလူတွေ လက်ထဲမှ လွတ်မြောက်ရန် မလွယ်ကူတော့မှန်း သိလိုက်ရှေ မှန်သည်။ ကျန်ကျက်တို့ လူစုသည် သူတို့နှစ်ယောက်အား အလွန် ခိုင်ခံ့သော ကြိုးဖြင့် ချည်နှောင် ထားလိုက်ကြပြီ မဟုတ်ပါလား။

ကျန်းဟူကျင်းက မိမိသည် တစ်ခါက ဤလူများ၏ အသက်ကို ခဲရာ ခဲဆစ် ကယ်တင်ပေးခဲ့ပါလျက် ယခုမူ ဤသူတို့သည် ထို ကျေးဇူးကိုမှ မထောက်ထားဘဲ မိမိတို့အား ရက်စက် ကြမ်းကြုတ်စွာ ရန်ပြုလာသည်ကို တွေ့ရသောအခါ စိတ်ထဲမှ လွန်စွာ နာကြည်းလျက် ကျယ်လောင်စွာ အော်ဟစ် ကျိန်ဆဲနေလေတော့၏။ ထိုအခါ ကျန်ကျက်က...

'ခွေးကောင်လေး၊ မင်းက ငါ့ ခေါင်းက ဒဏ်ရာကို ကုပေးတာနဲ့ပဲ ကြီးကြီးကျယ်ကျယ် ကျေးဇူးစကားတွေ ဘာတွေ ပြောနေတာပေါ့လေ၊ ဟုတ်လား'



ကျန်းဟူကျင်းက...

'ဟုတ်တယ်၊ ခင်ဗျားတို့ကကျေးဇူးကန်းလွန်းလွန်းလို့ တမင်သိအောင် ပြောနေရတာဗျ၊ ဒီမှာ အဲဒီတုန်းက ကျုပ်သာ မကယ်ရင် ခင်ဗျားတို့ လေးယောက်စလုံး ခုလောက်ဆိုရင် မြေဩဇာတောင် ဖြစ်နေပြီ၊ နားလည်လား'

ပိကုန်းရှင်က ကြားဝင်၍...

'ဒီကောင်နဲ့ဆက်ပြီး စကားရှည်မနေပါနဲ့တော့ဗျာ၊ မီး မြန်မြန် မွှေးပြီး ရေနွေးသာ မြန်မြန်ကြိုလိုက်ပေတော့'

ပိကုန်းရှင်၏ စကားအဆုံးတွင် သူတို့၏ ဂိုဏ်းတူ ညီနှစ်ယောက်သည် အနီးအနားရှိ ချောင်းတစ်ခုသို့ ပြေးသွားပြီး ရေများကို ခွဲလာကြလေ၏။ ပြီးလျှင် ဒယ်အိုးကြီးထဲသို့ လောင်းထည့်ပြီး အောက်မှ မီးပြင်းတိုက်၍ ကြိုချက်လေတော့၏။

စင်စစ် ကျန်းဟူကျင်းသည် လွန်စွာ စိတ်ခတ် ခိုင်မာသော ကာလေးဖြစ်၏။ ထို့ကြောင့်လည်း မည်သူ့ကိုမျှ အောက်ကျ၍ တောင်းပန်လေ့ မရှိ။ သို့သော် ယခု ရန်ဝေကိုငဲ့၍ ကျန်ကျက်တို့လူစုအား တိုးရှိုး တောင်းပန် နေမိလေတော့၏။ သို့ရာတွင် ကျန်ကျက်တို့ လူသိုက်က သူတို့အား သနားကြင်နာခြင်း မရှိရုံမျှမက ဟားတိုက်၍ ပြင် ရယ်နေကြလေ၏။ နောက်ဆုံးတွင် ကျန်းဟူကျင်းက...

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ စားချင်းစားရင် ကျုပ်ကိုသာ သတ်ပြီး စားလိုက်ကြပါ၊ ကျုပ်ညီမလေးကိုတော့ လွှတ်လိုက်ပါဗျာ၊ သူ့ကိုယ်စား ကျုပ် အသေခံပါမယ်'

ပိကုန်းရှင်က အံ့အားသင့်သွားပြီး 'ဘာဖြစ်လို့လဲ' ဟု မေးလေ၏။ ထိုအခါ ကျန်းဟူကျင်းက...

'သူ့မေမေ ကွယ်လွန်ခါနီးမှာ သူ့သမီးကို သူ့အဖေလက်ထဲ ရောက်အောင် ပို့ပေးဖို့ ကတိတောင်ခဲ့တယ်ဗျ၊ ဒါကြောင့် ခင်ဗျားတို့ ကျုပ်တစ်ယောက်ထဲကို ချက်ပြုတ်စားရင်ပဲ ဗိုက်ပြည့်လောက်ပါပြီ၊ ကျုပ် ညီမလေးကိုတော့ အသက် ချမ်းသာပေးပါဗျာ...နော်'

ကျန့်ကျက်သည် ကျန်းဟူကျင်းက ဤသို့ အသေခံဝံ့သော စိတ်ဓာတ်ဖြင့် မကြောက်မရွံ့ မတွန့်မဆုတ် ပြောလာသည်ကို တွေ့ရသောအခါ ရင်တစ်ချက်တုန်သွားလေ၏။ သူက ဘယ်လိုသဘောရသလဲ ဟူသော အကြည့်ဖြင့် ပိကုန်းရှင်အား အဓိပ္ပါယ်ပါပါ ကြည့်လိုက်၏။ ထိုအခါ ပိကုန်းရှင်က...

'မဖြစ်ဘူး ကိုယ့်လူ၊ တော်ကြာ ဒီသတင်းကိုသာ ဒီကောင်မလေးက တစ်ဆင့် ပေါက်ကြားသွားရင် ခက်လိမ့်မယ်၊ ဟူတန်းဂိုဏ်းက ချူရှင်ချောင်းတို့ ရီလင်တန်းတို့က တို့ကိုလာပြီး တိုက်ခိုက်ရင် ငါးပါးမှောက်လိမ့်မယ်'



ကျန့်ကျက်က ခေါင်းညိတ်၍...

'အေး ဟုတ်သားပဲကွ၊ ကြည့်စမ်း၊ ငါ ဒီ အချက်ကို လုံးဝ မေ့နေတယ်'

ထို့နောက် တစ်ချိန်လုံး ငြိမ်သက်စွာထိုင် နေသော မျက်နှာစိမ်းလူငယ်အား ကျန့်ကျက်က တစ်ချက်မျှ ကြည့်ပြီး...

'ဟေ့...ရှောင်ဆက်၊ အမဲသားစားချင်ရင် အမဲနဲ့တော့ နံမှာပဲကွ၊ မင်း ဘာထိုင်လုပ်နေတာလဲ' ဟု ပြောလိုက်ရာ မျက်နှာစိမ်းလူငယ်က...

'သိပ်မှန်တာပေါ့ဗျာ' ဟု ပြောပြီး ဓားကိုချွမ်းခနဲ ဆွဲထုတ်၍ ...

'ဟား...ဟား...ဟား...၊အမဲဖျက်တဲ့ နေရာမှာတော့ ကျုပ်က ပါအရင်ဆုံးပဲဗျ' ဟု ဆို၏။

ထို့နောက် ချက်ချင်းပင် ကျန်းဟူကျင်း နှင့် ရုန့်ဝေ တို့အား လက်တစ်ဘက်စီဖြင့် မ၍ တောအုပ်ထဲမှ လျှောက်ထွက် လာခဲ့လေ၏။ ထိုစဉ် ပိကုန်းရှင်ကရုတ်တရက်လှမ်း၍ ...

'ဟေ့... ရှောင်ဆက်၊ ဘယ်သွားဦးမှာလဲ၊ ဒီမှာပဲ ရှင်းလိုက်လေ'

ရှောင်ဆက် ဆိုသော လူငယ်က...

www.burmeseclassic.com

www.burmeseclassic.com



'ချောင်းထဲမှာ ပိုပြီး ရှင်းပစ်လို့ ကောင်းတယ်ဗျ' ဟု ပြန်ပြောပြီး ဆက်လက် လျှောက်လာလေ၏။ ပိကုန်းရှင်က ထပ်မံ၍...

'ဟေ့...ရှောင်ဆက်၊ ငါက ဒီမှာရှင်းဆိုရင် ဒီမှာပဲ ရှင်းပစ်၊ ဘယ်မှမသွားနဲ့၊ ရပ်လိုက်'

အမှန်မှု ပိကုန်းရှင်သည် လွန်စွာ ကောက်ကျစ်ပြီး ပါးနပ်လှသူဖြစ်ရာ လူငယ်၏ အမူအရာကို ခန့်မှန်း၍ မှုမမှန်မှန်း သိသဖြင့် ထပ်မံ အော်ပြောလိုက်ခြင်းပင်ဖြစ်၏။ ရှောင်ဆက်လည်း ထိုနေရာမှပင် ရုတ်ချည်း ရပ်လိုက်ပြီး ကျန်းဟူကျင်းနှင့် ရန်ဝေတို့အား အသံတိုးတိုးဖြင့်...

'ကလေးတို့ မြန်မြန်ပြေးကြနော်' ဟု ပြောလေ၏။

ပြီးလျှင် ချက်ချင်းပင် ကျန်းဟူကျင်းနှင့်ရန်ဝေတို့အား ချုပ်နှောင်ထားသည့် ကြိုးတို ဖြတ်ပစ်လိုက်၏ ကျန်းဟူကျင်းက ...

'အစ်ကိုကြီးကို အများကြီးကျေးဇူးတင်တယ်' ဟု ပြောပြီးရန်ဝေ လက်ကို ဆွဲ၍ ထွက်ပြေး သွားလေတော့၏။

ကျန်ကျက်နှင့်ပိကုန်းရှင်တို့လည်း ထိုအချင်းအရာကို မြင်သော် ချက်ချင်း နောက်မှ ပြေးလိုက်လာကြလေ၏။ ထိုအခါ ရှောင်ဆက်က ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း 'ရပ်လိုက်' ဟု အော်ပြော၏။



တစ်ခဏချင်းမှာပင် လူငယ် ရှောင်ဆက်အား ကျန်ကျက်နှင့် ပိကုန်းရှင်တို့က ဝိုင်းဝန်းတိုက်ခိုက်နေသည်ကို တွေ့ရပြီး ပိကုန်းရှင်၏ ဂိုဏ်းတူ ညီနှစ်ယောက်ကမူ ကျန်းဟူကျင်းတို့နောက်သို့ ပြေးလိုက်လာလေ၏။

ကျန်းဟူကျင်းနှင့် ရန်ဝေတို့မှာ ကလေးငယ်များသာဖြစ်၍ အလျင်အမြန် မပြေးနိုင်ကြပေ။ ထို့ကြောင့် မကြာမီ အချိန်မှာပင် သူတို့အား ပြန်မိသွားကြတော့၏။ တစ်ဘက်တွင်တည်း ရှောင်ဆက်မှာ ပခုံးတွင် ဓားဖြင့် တစ်ချက်အထိုးခံရပြီး သူက အတင်းထိုးဖောက်၍ တစ်ချိုးတည်း ထွက်ပြေးသွား၏။ ခပ်လှမ်းလှမ်းသို့ ရောက်လျှင် သူက...

'ဟေ့...ကျန်းဟူကျင်း၊ မင်းဘာမှ မကြောက်နဲ့ ကွ၊ ငါအခုပဲ လူတွေခေါ်ပြီး မင်းတို့ကို လာကယ်မယ်ဟေ့' ဟု အော်ပြောလေ၏။

ကျန်းဟူကျင်းသည် တစ်ကိုယ်လုံး အရိုက်ခံထားရသဖြင့် ဖူးရောင်နေပြီး အင်္ကျီမှာလည်း စုတ်ပြတ် နေလေ၏။ သူ့အင်္ကျီထဲမှ ပစ္စည်းများလည်း မြေပေါ်တွင် ပြန့်ကျဲလျက်ရှိ၏။ ထိုစဉ် သူ့အကြည့်က မြေကြီးပေါ်တွင် လဲကျနေသော သမားတော်ကြီး ဟိုချင်း၏ ဇနီး ဝမ်နန်ကူးက သူ့လား လက်ဆောင်ပေးခဲ့သည့် အဆိပ်ကျမ်းစာအုပ်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com



ထိုအခါ သူက ချက်ချင်း အကြံတစ်ခုရပြီး နံဘေးပတ်လည်ရှိ မြက်တောများဆီသို့ လှည့်ပတ်ကြည့်ရှုလိုက်လေ၏။ ရုတ်တရက် အဆိပ်ပင်တစ်ပင်ကို မြက်တောတစ်နေရာတွင် သူ တွေ့လိုက်လေ၏။ ထိုအဆိပ်ပင်လေးမှာ အရောင်တောက်ပပြီး အမြင်တွင် လွန်စွာ ကြည့်ကောင်းလှသည်။ တကယ်မူ ဟူကျင်းသည် ရန်ဝေအား ကယ်တင်ရန်သာ စိတ်စောနေ၏။ မိမိမှာ လာမည့် ခြောက်လခန့်သာ အသက်ရှင်နေနိုင်တော့မည်ဖြစ်၍ မိမိဆက်လက်အသက်ရှင်နေရေးထက် ရန်ဝေအသက် ချမ်းသာရရေးသာ ဦးစားပေး ကြံဆနေလေ၏။

သို့ဖြင့် ကျန်းဟူကျင်းသည် ကျန်ကျက်တို့ မသိအောင် ထိုအဆိပ်ပင်ကို တိတ်တဆိတ် လက်တစ်ဆုပ်စာခန့် နှုးလိုက်ပြီး လက်နောက်တွင် ဖွက်ထားလိုက်၏။ ကျန်ကျက်တို့မှာ လွန်စွာ ဆာလောင်ငတ်မွတ်နေ၍ သူတို့အား ချက်ပြုတ်စားသောက်ရန်သာ စိတ်ဆန္ဒ ပြင်းပြနေသဖြင့် ကျန်းဟူကျင်း၏ လှုပ်ရှားမှုကို လုံးဝ သတိမထားမိချေ။ ထိုစဉ် ကျန်းဟူကျင်းက ရုတ်တရက် ထခုန်ပြီး—

'အစ်ကိုရှောင်ဆက် လူတွေခေါ်လာပြီ၊ ခေါ်လာပြီ၊ ကယ်ကြပါဦးဗျို့၊ ကျွန်တော်တို့ကို ကယ်ကြပါဦး' ဟု အော်ဟစ်လိုက်၏။

ကျန်ကျက်တို့လည်း အဟုတ်ထင်မှတ်ပြီး ချက်ချင်း ဓားလက်နက်ကိုဆွဲ၍ ထခုန်မိကြလေ၏။ ကျန်းဟူကျင်းက ထိုအခွင့်အရေးကိုယူ၍ အဆိပ်ပင်လေးများကို ဒယ်အိုးကြီးထဲသို့ အလျင်





အမြန် ပစ်ထည့်လိုက်၏။ ကျန်ကျက်တို့လည်း ပတ်ဝန်းကျင်တွင် လူရိပ်လူရောင် လုံးဝ မမြင်သော် ဒေါသခြောင်းခြောင်းထွက်လျက် ဆဲဆို ကြိမ်းမောင်းလေတော့၏။

'အလကား ခွေးကောင်၊ သေရမှာကြောက်လို့ ရူးသွားပြီထင်တယ်'

'ခွေးကောင်လေး၊ သက်သက် လူကို အထိတ်တလန့် ဖြစ်အောင်လုပ်တယ်'

ထို့နောက် ပိကုန်းရှင်က...

'ကဲ ကြာတယ်၊ အလုပ်စကြမယ်၊ ဘယ်သူသတ်မလဲပြော' ဟု ဆို၏။ ထိုအခါ ကျန်ကျက်က...

'ငါက မိန်းကလေးကိုသတ်မယ်၊ မင်းက ယောကျ်ားလေးကို သတ်ပေါ့' ဟု ပြန်ပြောပြီး ရန်ဝေအား ဆွဲယူလိုက်၏။ ထိုစဉ် ကျန်းဟူကျင်းက...

'အစ်ကိုကြီး ကျွန်တော့်ကို ရေတစ်ခွက်လောက် သောက်ခွင့် ပေးပါလားခင်ဗျာ'

ပိကုန်းရှင်က...

'ကောင်းပြီ၊ ရေကို ဝအောင်သောက်ထား၊ ပြီးတော့ သေဖို့သာပြင်...'

www.burmeseclassic.com

www.burmeseclassic.com



သူက စကားအဆုံးတွင် ရေမှုတ်ဖြင့် ဒယ်အိုးထဲ ရေတစ်ခွက်ကို ယူခပ်၍ လာပေး၏။ ကျန်းဟူကျင်းက ပိကုန်းရွှ ယူလာသည့် ရေခွက် သူ့အနားသို့ မရောက်မီပင်…

'ဟာ…မွှေးလိုက်တာဗျာ' ဟု ဆိုလိုက်၏။

မှန်သည်။ ထိုအဆိပ်ပင်များသည် ရေထဲသို့ ထည့်လိုက်ပ က အမှန်တကယ် မွှေးကြိုင်သော အနံ့များထွက်လာတတ်၏ ကျန်ကျက်တို့ အားလုံးမှာ အစာရေစာ ငတ်ပြတ်နေသူများဖြစ်၍ လွန်စွာ မွှေးကြိုင်သောရနံ့ကို ရသည်နှင့်ပင် သွားရည်များ ယို လာကြလေ၏။ ထိုအခါ ပိကုန်းရွှင်က မွှေးကြိုင်သောရနံ့တို့ ထုံမွှ နေသောရေကို ကျန်းဟူကျင်းအား မတိုက်တော့ဘဲ သူသာ အလု ဦးအောင်သောက်လိုက်လေ၏။ ကျန်ကျက်လည်း ဝင်၍လုသော လေ၏။ သို့ဖြင့် သူတို့ချည်းသာ အလုအယက်ဖြင့် တစ်ခွက်ပြီ တစ်ခွက် လုသောက်ကြရာ ပွက်လောညံသွားလေတော့၏။

ကျန်ကျက်နှင့် ပိကုန်းရွှင်သည် အရည်သောက်ရုံ့ အား သေးဘဲ ကျန်းဟူကျင်း ထည့်ထားသော အဆိပ်ပင်ကိုပါ ဆယ်ယူ အားပါးတရ ဝါးစားပစ်နေလေ၏။ ထို့နောက် ကျန်ကျက်က ဆွ လာသော သူ့ဝမ်းဗိုက်ကို ပုတ်၍…

'အခုမှပဲ နေသာထိုင်သာ ရှိတော့တယ်' ဟုပြောပြီး ရန်ဧ အနားသို့ လျှောက်သွားပြန်၏။



ကျန်းဟူကျင်းကား သူတို့၏ လှုပ်ရှားမှုများကို ကြည့်လျက် ရာ ကျန်ကျက်တို့ လူသိုက်က သူထည့်ထားသော အဆိပ်ပင်ကို ရည်သောက်ရုံမက အပင်ပါ ဝါးစားကြသော်လည်း ဘာမျှ မဖြစ် ည်ကိုမြင်သော် အဆိပ်ပင်ဟု မိမိထင်လိုက်သောအပင်မှ အဆိပ် င်စစ်စစ် ဟုတ်မှဟုတ်ပါလေစဟု သံသယဝင်ပြီး မျှော်လင့်ထား က်များ ကုန်ဆုံးသွားသကဲ့သို့ စိတ်အားငယ်သွားရှာလေ၏။ ို့ကြောင့် သူက အဆိပ်ကျမ်းစာအုပ်ကို ကမန်းကတန်းထုတ်၍ ဖွေဖတ်ရှုပြန်ရာ အဆိပ်ကျမ်းစာအုပ်တွင် ရေးသားထားသည့် းသားချက်အရ ထိုအပင်မှာ လွန်စွာ အဆိပ်ပြင်းပြီး တိုတောင်းလှ သာ အချိန်အတွင်း အသက်ဆုံးရှုံးစေနိုင်သည်ကို တွေ့ရပြန်၏။ သံသယတစ်ဝက်ဖြင့် စဉ်းစား၍ မရအောင် ဖြစ်နေစဉ်မှာပင် ျန်ကျက်သည် ခြေနှစ်လှမ်းမျှ လှမ်းလိုက်ရုံပင်ရှိစဉ် ရုတ်တရက် မယ်လေး' ဟု တစ်ချက်အော်ပြီး ပုံလျက် လဲကျသွားသည်ကို ွေ့ရလေ၏။ ပိကုန်းရွှင်က တုန်လှုပ်သွားပြီး…

'ကျန်ကျက် ဘယ်လိုဖြစ်တာလဲ' ဟုအော်ရင်း ကျန်ကျက် နားသို့ ကမန်းကတန်း ပြေးသွားပြီး ခါးကိုင်း၍ ကြည့်လိုက်၏။ ိစဉ် သူ့ကိုယ်လုံးမှာ တစ်ချက်မျှ တုန်သွားပြီး အရပ်ကြီးပြတ်ပမာ ျန်ကျက်၏ ကိုယ်ပေါ်သို့ လဲကျသွားလေတော့၏။ တစ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



တည်းမှာပင် ပီကုန်းရှင်၏ ကိုဏ်းတူညီနှစ်ယောက်တို့လည်း အသီးသီး လဲကျသွားလေ၏။ သူတို့အားလုံးသည် ကျန်းဟူကျင်း၏ လက်ချက်ဖြင့် အဆိပ်တက်၍ အသက်ဇီဝိန်ချုပ်ငြိမ်းသွားကြပြီဖြစ်ပါ၏။

ထိုအခါ ကျန်းဟူကျင်းမှာ ဝမ်းသာလွန်းသဖြင့်...

'ငါတို့ကို ဘုရားသိကြား မ,တာပဲဟေ့' ဟု အော်ဟစ်လိုက်လေ၏။

ထို့နောက် သူသည် ကျန်ကျဲက်တို့အနီးတွင် ကျနေသော ဓားအနားသို့သွားပြီး ဓားကိုကိုင်၍ ရန်ဝေအား ချုပ်နှောင်ထားသော ကြိုးကိုဖြတ်ပေးလိုက်၏။ ရန်ဝေလည်း ကြိုးပြတ်သွားသည်နှင့် ကျန်းဟူကျင်း၏ လက်မှကြိုးကို ပြန်ဖြတ်ပေးလေသည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် သေရွာ၏ နှုတ်ခမ်းဝမှ လွတ်မြောက်လာသော ခံစားမှုဖြင့် တစ်ယောက်ကိုတစ်ယောက် ဖက်၍ ငိုမိကြရှာလေ၏။ ကျန်းဟူကျင်း၏ စိတ်ထဲတွင်လည်း...

'သြော်...အဆိပ်ဆိုတာ တကယ်တော့ လူဆိုးတွေကို ပယ်ပြီး လူကောင်းတွေကို ကယ်တင်နိုင်တဲ့ အရာတစ်မျိုးပဲ' ဟု ရေရွတ်လိုက်မိလေ၏။



ထို့နောက် သူသည် ကျမ်းစာအုပ်များနှင့်တကွ မြေကြီးပေါ်တွင် ဟိုတစ်ခု သည်တစ်ခု ပြန့်ကျဲနေသော ပစ္စည်းများကို အိတ်ထဲသို့ ပြန်ကောက်ထည့်ပြီး ရန်ဝေ့လက်ကိုဆွဲ၍ ခရီးဆက်ခဲ့လေတော့၏။ သူတို့နှစ်ဦးသည် ကြမ်းတမ်းသော ခရီးလမ်းတစ်လျှောက်တွင် သစ်ခေါက်များကို ခွာ၍လည်းကောင်း၊ သစ်ဥသစ်ဖုများကို တူး၍လည်းကောင်း အစာအာဟာရအဖြစ် စားခဲ့ရရှာလေ၏။ ဤသို့ဖြင့် သူတို့နှစ်ဦးသည် ရက်ပေါင်း သုံးဆယ်ခန့်မျှ ဖွဲမာန်တင်း၍ ခရီးပြင်းကို နှင်ခဲ့ရရှာလေသည်။

★☆★☆★

www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး ဟိုတိုက်ချုံး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၀)

## ဆရာကြီး ဟိုတိုက်ချုံး

ယနေ့သည် သူတို့နှစ်ဦး ဟိုပုန်နယ်သို့ ချဉ်းနင်းရောက်ရှိလာသောနေ့ဖြစ်၏။ လမ်းခရီးတစ်နေရာတွင် အဘိုးအိုတစ်ယောက်နှင့် ဆုံသဖြင့် ကျန်းဟူကျင်းက ခွန်းလွန်တောင်သို့ရောက်ရန် အဘယ်မျှ လိုသေးကြောင်းမေးရာ အဘိုးအိုက မျက်လုံးမျက်ဆန်ပြူးလျက်...

'လူကလေး... ခွန်းလွန်တောင်က ဟိုးအဝေးကြီး ကျန်သေးတယ်ကွယ့်၊ မင်းတို့ ကလေးနှစ်ယောက် ဘယ်လိုလုပ်ရောက်အောင်သွားနိုင်မှာလဲ' ဟု ဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဟူကျင်းက အဘိုးအို၏ စကားကိုကြားသော် စိတ်ခတ်ကျသွား၏။ သို့သော် သူသည် ကတိတစ်လုံးကို ပေးပြီးလျှင် ပြန်ဖျက်တတ်သော လူစားမျိုး မဟုတ်သဖြင့် သူ့စိတ်ထဲတွင် ဤသို့ ရေရွတ်လိုက်လေ၏။

'ငါက အရိုက်မရွေး သေနိုင်တဲ့လူ၊ ရန်ဝေ့ကို သူ့အဖေလက်ထဲ မရောက်ရောက်အောင် ငါ ပို့ကိုပို့ပေးရမယ်၊ ဒေါ်လေးကျိုးရှောင်မူက သေဆုံးခါနီးမှာ ငါ့ကို ဒီအကူအညီတစ်ခုပဲ တောင်းခဲ့တယ်၊ ဒါကြောင့် အဲဒီတာဝန်ကို မဆုတ်မနစ် အောင်မြင်အောင် ဆောင်ရွက်ရမှာ ငါ့တာဝန်ပဲ'

★☆★☆★

သူတို့ နှစ်ဦးသည် ဟိုပုန်နယ်၏ တောတောင်ထူသော တောလမ်းအတိုင်း လျှောက်လာခဲ့ကြ၏။

တစ်ခုသော တောအုပ်အတွင်းသို့ ဖြတ်သန်းလျှောက်လှမ်းခဲ့ကြစဉ် ရုတ်တရက် လက်နက်ချင်း တိုက်ခိုက်ခုတ်ထစ်သံများကို ကြားလိုက်ရ၏။ တစ်ချိန်တည်းတွင်ပင် မိန်းကလေးတစ်ယောက်၏ စကားပြောသံကိုပါ သူတို့ ကြားလိုက်ကြရလေ၏။

'ရှင် ဘယ်ပြေးဦးမလဲ၊ အခု ကျွန်မရဲ့ အဆိပ်လက်နက်က ရှင့်ကို ထိမှန်သွားပြီ၊ ရှင် ပြေးလေ အဆိပ်တက်မြန်လေပဲ'



ကျန်းဟူကျင်းက ရန်ဝေ့လက်ကို အလျင်အမြန်ဆွဲ၍ ချုံကွယ်တစ်ခုတွင် ကမန်းကတန်း ဝပ်ချလိုက်၏။ ထိုစဉ် အသက်သုံးဆယ်ခန့် ယောကျ်ားတစ်ယောက်သည် သူတို့ဘက်သို့ ပြေးလာပြီး အနားသို့ရောက်သော် ပုံလျက် လဲကျသွားလေ၏။ အသံရှင် မိန်းကလေးက ပြေးလိုက်လာပြီး...

'ကဲ... ရှင် ဘာတတ်နိုင်သေးလဲ'

စကားမဆုံးမီ လဲနေသော ယောကျ်ားက ရုတ်တရက် ထခုန်ပြီး လက်ဝါးစောင်းဖြင့် ထိုမိန်းမ၏ ရင်ဝသို့ ရိုက်ချလိုက်လေ၏။ အငိုက်မိသွားခြင်းဖြစ်၍ ထိုမိန်းမလည်း မရှောင်နိုင်ဖြစ်ကာ အဝေးသို့ လွင့်ထွက်သွားပြီး လဲကျသွားလေ၏။ ထိုအခါ ယောကျ်ားသားက ထိုမိန်းမထံ ပြေးသွားပြီး သူ့နောက်ကျောတွင် စိုက်နေသော အဆိပ်လက်နက်မျိုးဖြစ်သည့် သုံးလက်မ သံချောင်းကို ဆွဲနုတ်၍...

'နင့်ဖြေဆေး ပေးမလား၊ မပေးဘူးလား' ဟု မေးလိုက်၏။

ထိုမိန်းမက မီးဇင်းဝင်းတောက်သော မျက်လုံးဖြင့် ပြန်ကြည့်ပြီး...

'ဟင်း... ရှင် ကျွန်မကို သတ်ချင်သက်ပစ်လိုက်၊ ဖြေဆေးတော့ရမှာ မဟုတ်ဘူး'

ထိုအခါ ယောကျ်ားက ဘယ်ဘက်လက်ဖြင့် ဓားဆိုကိုင် မိန်းကလေး၏လည်မျိုကို ထောက်ထားပြီး ညာလက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏ အင်္ကျီထဲသို့ နှိုက်၍ ရှာဖွေကြည့်နေလေ၏။ အမှန်ပင် ဖြေဆေး လုံးဝမတွေ့ရပေ။ မိန်းကလေးက ခနဲ့ပြုံးပြုံးလျက်…

'ဒီတစ်ခါ ဆရာက ကျွန်မတို့ကို လွှတ်ပြီး ရှင့်ကို ဖမ်းခိုင်းတဲ့နေရာမှာ အဆိပ်လက်နက်ပဲ သုံးခွင့်ပြုတယ်၊ ဖြေဆေးတော့ လုံးဝသုံးခွင့်မပြုဘူး၊ အခု ကျွန်မ ရှင့်လက်ထဲ ရောက်နေပြီဆိုတော့ အသက်လဲ မရှင်ချင်တော့ပါဘူး၊ ဒါပေမယ့် ရှင်လဲ အသက်ရှင်နေနိုင်မယ်လို့ မထင်ပါနဲ့'

ထိုစကားကြောင့် ယောကျ်ားက ရုတ်တရက် ဒေါသထွက်ပြီး အဆိပ်သံချောင်းကို မိန်းကလေး၏ ပခုံးထဲသို့ စိုက်ချလိုက်လေ၏။ နှုတ်မှလည်းအော်၍…

'မင်းတို့ ခွန်းလွှန်ဂိုဏ်းက'

သို့သော် ယောကျ်ား၏ စကားမှာ မဆုံးလိုက်ချေ၊ ရုတ်တရက် အဆိပ်တက်ပြီး ဘုန်းခနဲ လဲကျသွားလေတော့၏၊ ထိုအခါ မြက်ခင်းပေါ်တွင် မိန်းမသည်လည်းကောင်း၊ ထိုယောကျ်ားသည်လည်းကောင်း အတူတကွ လဲလျက်ရှိကြပြီး အသက်ကိုပင် ပြင်းပြင်း ရှူရှိုက်နေရလေ၏။

ကျန်းဟူကျင်းသည် ကျန်ကျက်တို့ကဲ့သို့ ကျေးဇူးတရားမသိတတ်သောသူများနှင့် ကြုံခဲ့ရရာ အခြားသူများအား ကူသပေးရန် မဝံ့ရဲတော့ချေ။ ထို့ကြောင့် သူက ရန်ခေါ်ကိုသာဖက်၍ ချုံကွယ်တွင် ဆက်လက်ပုန်းအောင်းနေလိုက်၏။



အချိန်အတန်ကြာသော ယောကျ်ားဖြစ်သူ၏ သက်ပြင်းချသံ ကြားရပြီး စကားသံကိုပါ ဆက်၍ ကြားရပြန်၏။

'ငါ ဆူးစီဟာ ဒီနေ့ဒီနေရာမှာ သေရတာနဲ့ ပတ်သက်လို့ မင်းတို့ ခွန်းလွှန်ဂိုဏ်းကို စော်ကားမော်ကား ပြုခဲ့မိလို့ဆိုတာ ငါ ဘယ်နည်းနဲ့မှ ဝန်မခံနိုင်ဘူး ထန်ချွန်း၊ မင်း ငါ့ကို အမှန်အတိုင်း ပြောပြစမ်းပါ'

ဆူးစီဆိုသူ ယောကျ်ား၏ အသံမှာ စောစောကကဲ့သို့ ဒေါသသံ မဟုတ်ဘဲ ပကတိ သိမ်မွေ့နေ၏။ မိန်းကလေး၏ အမည်မှာ ထန်ချွန်းဖြစ်ပြီး သူမသည် မိမိတို့ဂိုဏ်း၏ အဆိပ်သံချောင်းဖြင့်ပင် ဆူးစီနှင့်အတူ သေရွာမြန်းရမည်ဖြစ်ကြောင်း သိလေ၏၊ ထို့ကြောင့် သူမက သက်ပြင်းချ၍…

'ဘယ်သူက ကျွန်မဆရာ သိုင်းလေ့ကျင့်နေတာကို ရှင့်ကို ချောင်းမြောင်းကြည့်ခိုင်းတာလဲ၊ ကျွန်မတို့ ဂိုဏ်းသားတွေထဲက တောင် ဆရာရဲ့ ခွင့်ပြုချက်မရရင် ဆရာ သိုင်းလေ့ကျင့်နေတာကို လုံးဝမကြည့်ရဘူး၊ ချောင်းမြောင်းကြည့်လို့များ သိသွားရင် မျက်လုံး အဖောက်ခံရမှာ သေချာတယ်၊ အပြင်လူဆိုရင် ရှင် စဉ်းစားသာ ကြည့်ပေတော့'

ဆူးစီက ရုတ်တရက်…

'ကဲဟာ သေလိုက်ဗျာ၊ သေလိုက်တော့'

www.burmeseclassic.com

www.burmeseclassic.com



ထန်ချွန်းက နားမလည်စွာဖြင့်...

'ဘာလဲ... သေခါနီး ရှင် ဘာဖြစ်သွားရတာလဲ၊ ကျွန်မ ဆရာကို မဆဲစမ်းပါနဲ့ရှင်'

ဆူးစီက...

'ငါဆဲတော့ ဘာဖြစ်လဲ၊ ဒါ သက်သက် ငါ့ကို မတရား စွပ်စွဲတာပဲကွ၊ ငါက နွားဖြူတောင်ကို ဖြတ်ကျော်ရင်း မမျှော်လင့်ဘဲ မင်းတို့ဆရာ သိုင်းလေ့ကျင့်နေတာကို တွေ့ရလို့ မတော်တဆ အချက်ကလေးလောက်ပဲ ကြည့်မိတာကွ၊ ငါက ဒီလောက် ဉာဏ်ရည် မထူးချွန်ပါဘူး၊ ဒီလို အမှတ်တမဲ့ တစ်ခဏလေး ကြည့်မိရုံနဲ့ မင်းတို့ဂိုဏ်းရဲ့ သိုင်းကွက်တွေကို တတ်သွားပါ့မလား၊ တကယ်လို့ ငါသာ အဲဒီလောက် ဉာဏ်ကောင်းရင် မင်းတို့ ဒီခွန်းလွန် ဂိုဏ်းသား လေးတွေလောက်နဲ့ ငါ့ကို ဘာလုပ်နိုင်မှာလဲ၊ ငါပြောမယ် ထန်ချွန်း မင်းတို့ဆရာ ဟိုတိုက်ချုံးဟာ သိပ်ကို သဘောထား သေးသိမ်လွန်း တယ်ကွ၊ ငါ မတော်တဆ ဒီလို တစ်ချက်ကြည့်မိရုံလေးနဲ့ ငါ့ကို အသေလိုက်သတ်ခိုင်းတာ အံ့ပါရဲ့ကွာ'

ဆူးစီ၏ စကားကြောင့် ထန်ချွန်း စိတ်မကောင်း ဖြစ်သွားလေ၏။ ထန်ချွန်းသည် မူလကပင် သူမ၏ဆရာမှာ အနည်းငယ် သဘောထားနုလွန်းသည်ဟု ထင်ထား၏။ အဘယ်ကြောင့်ဟူ



ဤလို မတော်တဆ တစ်ချက်ကလေး ကြည့်မိရုံနဲ့ တပည့်ခြောက် ယောက်ကို လွှတ်၍ ဆူးစီအား လိုက်လံသတ်ခိုင်းခြင်းမှာ တစ်ဘက် နွန်း ကျလွန်း၍ဟု ယူဆမိခဲ့၍ပင် ဖြစ်ပါ၏။

မည်သို့ဆိုစေ သူတို့နှစ်ယောက်စလုံးသည် ယခုမူ သေအံ့ မှုံးမှုံးပင် ကျန်ရှိတော့၏။ ဆူးစီက ဆက်၍...

'သူက မင်းတို့ကို အဆိပ်လက်နက်သာပေးပြီး ဖြေဆေး တော့ မပေးဘူး၊ ဟုတ်လား၊ ဒါ တို့သိုင်းလောကရဲ့ စည်းကမ်းလား ကွ ဟေ'

ထန်ချွန်းက တိုးသက်စွာဖြင့်...

'အစ်ကိုဆူးစီ၊ ရှင်ဟာ ကျွန်မအတွက်ကြောင့် အခုလို ဖြစ်ရ တာ၊ ကျွန်မ စိတ်မကောင်းပါဘူး၊ ကျွန်မလဲ အစ်ကိုဆူးစီနဲ့အတူ အခုပဲ သေရွာကို မြန်းရတော့မှာပါ၊ ဒီတော့ အစ်ကိုဆူးစီရဲ့ အိမ်ထောင်စုသာ ဒုက္ခတောထဲ ကျန်ရတော့မယ်နော်'

ဆူးစီက သက်ပြင်းမှေ့မှေ့ချလျက်...

'ငါ့ဇနီးက လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက ကွယ်လွန်ခဲ့ပါပြီ ထန်ချွန်း၊ အင်း... မနက်ဖြန်ဆိုရင် သူတို့လေးတွေ မိမဲ့ဖမဲ့ ဖြစ်ကြရ တော့မှာပါလား'

ဆူးစီ၏ စကားကြောင့် ထန်ချွန်းမှာ မိန်းကလေးပီပီ မျက်ရည်များ ကျလာရှာ၏။ သို့ဖြင့် သူက အသံတိုးတိုးဖြင့်...



www.burmeseclassic.com

'ဒါ...ဒါတွေဟာ ကျွန်မရဲ့ အပြစ်တွေချည်းပါပဲရှင်'

ထိုအခါ ဆူးစီက...

'အို.... မင်းရဲ့အပြစ် မဟုတ်ပါဘူး၊ မင်းက မင်းဆရာရဲ့ အမိန့်အရ ဆောင်ရွက်ရတာပါ ထန်ချွန်း၊ တကယ်တော့ ငါလဲ သိမ်မှားသွားပါတယ်၊ ငါက မင်းရဲ့ အဆိပ်လက်နက်အကြောင်းကို သိပါတယ်၊ ငါ သေရမယ့်လူကွာ၊ ဒါနဲ့တောင် မင်းကို ငါက လက်ဝါးစောင်းနဲ့ရိုက်ပြီး အဆိပ်လက်နက်နဲ့လဲ ထိုးစိုက်လိုက်မိသေးတယ်၊ တကယ်လို့သာ မင်းကို စောစောကအတိုင်း ဖွင့်ပြောလိုက်ရင် စိတ်ရင်း စေတနာကောင်းရှိတဲ့ မင်းအဖို့ ကျန်ရစ်ခဲ့တဲ့ ငါ့သားသမီးတွေကို မင်းစောင့်ရှောက်ပေးမှာ သေချာပါတယ်၊ ခုတော့...

ထန်ချွန်းက မဲ့ပြုံးတစ်ချက်ပြုံးပြီး...

'ကျွန်မက ရှင့်ကို သတ်တဲ့သူပဲ၊ ဘယ်နဲ့လုပ် စိတ်ရင်း စေတနာကောင်းတဲ့သူ ဖြစ်ရမှာလဲ'

ဆူးစီက...

'ဘာပဲဖြစ်ဖြစ်၊ မင်းကို ငါ အပြစ်မတင်ပါဘူး၊ တကယ်ပြော တာပါ ထန်ချွန်း'

အမှန်မူ သူတို့နှစ်ဦးသည် စောစောစဉ်က တစ်ယောက်ကို တစ်ယောက် သတ်ဖြတ်ရန် ကြိုးစားခဲ့သူများဖြစ်၏။ ယခု





တစ်ယောက်ကို တစ်ယောက် အကြင်နာတရားတွေ ဝိုနေကြပြန်၏။ ကျန်းဟူကျင်းက တိတ်တဆိတ် နားထောင်ရင်း...

'အင်း... ဒီနှစ်ယောက်ရဲ့ စိတ်ထားကတော့ မဆိုးလှပါဘူး၊ ပြီးတော့ ဆူးစီဆိုတဲ့လူ့ရဲ့ အိမ်မှာလဲပဲ ကလေးနှစ်ယောက် ကျန်မနေ ခဲ့တယ်ဆိုပဲ'

သို့ဖြင့် ကျန်းဟူကျင်းက ရန်ဝေကိုဆွဲ၍ ပုန်းကွယ်နေရာမှ ထွက်လာလေ၏။

'ခင်ဗျားတို့ရဲ့ အဆိပ်သံချောင်းက ဘယ်လိုအဆိပ်မျိုးနဲ့ စီမံထားတာလဲ'

ထန်ချွန်းရော ဆူးစီပါ အံ့သြတကြီး ကြည့်လိုက်ကြ၏။ ထိုအခါ ချုံပုတ်နောက်ကွယ်မှ ရုတ်တရက် ထွက်လာသော အကျႌ စုတ်ပြဲပေရေနေသည့် လူငယ်တစ်ဦးနှင့် ကလေးမတစ်ယောက်ကို တွေ့လိုက်ရလေသည်။ သူတို့သည် ကျန်းဟူကျင်း၏ မေးခွန်းကို ကြားရသောအခါ ပို၍ အံ့သြသွားကြသည်။

သူတို့ တစ်စုံတစ်ရာ ပြန်မဖြေကြားမီ ကျန်းဟူကျင်းက...

'ကျွန်တော်က ဆေးပညာကို နည်းနည်းပါးပါး တတ်ကျွမ်း ထားလို့ ခင်ဗျားတို့ရဲ့ အဆိပ်ဒဏ်ရာကို ကုသပေးနိုင်မလားဆိုပြီး မေးကြည့်တာပါ'

www.burmeseclassic.com

www.burmeseclassic.com



ထန်ချွန်းနှင့် ဆူးစီတို့က ကျန်းဟူကျင်းအား ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်ကြပြီး ထန်ချွန်းက...

'ဘာအဆိပ်လဲတော့ မသိဘူးကွ။ ထိတဲ့နေရာမှာ ယားရံသာ ယားပြီး နာကျင်တာ လုံးဝမရှိဘူး၊ ဒါပေမယ့် ဆရာပြောတော့ ဒီအဆိပ်မျိုးထိရင် အလွန်ဆုံး လေးနာရီပဲ ခံမယ်တဲ့'

ကျန်းဟူကျင်းက...

'ဒါဖြင့် ကျွန်တော့် ဒဏ်ရာတွေကို ကြည့်ပါရစေ'

'မင်းတို့နှစ်ယောက်က ဘယ်သူလဲ၊ ဘယ်ကလဲ၊ တို့ သေကာနီးမှာလာပြီး မရှုပ်စမ်းပါနဲ့ကွာ'

ဆူးစီက ကျန်းဟူကျင်းနှင့် ရန်ဝေကို သူတောင်းစားကလေး များဟုထင်ပြီး အထင်သေးစွာ ပြောလိုက်ခြင်းပင်ဖြစ်၏။

သို့သော် ကျန်းဟူကျင်းက အရေးမစိုက်။ အဆိပ်လက်နက် ကို ရုတ်တရက်ယူ၍ နှာခေါင်းဖြင့် အနံ့ခံလိုက်၏။

သင်းပျံ့မွှေးကြိုင်သော ရနံ့ကလေးများသည် သူ့အား တဒင်္ဂလန်းဆန်းသွားစေ၏။ သို့သော် သူသည် အဆိပ်ကျမ်းကို အထူးလေ့လာ ဖတ်ရှုထားသဖြင့် ထိုရနံ့မှာ အထူးပြင်းထန်လှသော အဆိပ်ဖြစ်ကြောင်း သိလိုက်၏။ ထို့ကြောင့် သူက သံချောင်းတွင် ချင်းထိုပန်း၏အဆိပ်ဆီဖြင့် မွမ်းမံထားကြောင်း တွေ့လိုက်ရသည်။



ချင်းထိုပန်း၏အဆီမှာ အလွန် အနံ့အသက်ဆိုးပြီး အဆိပ်လုံးဝ ရှိသောပန်း မဟုတ်ပေ။ ထို့ကြောင့် သူ့အရည်ကို တစ်ခွက်မျှ သောက်လျှင်လည်း ဘာမှမဖြစ်။ သို့သော်သွေးနှင့် ရောစပ် လိုက်သည်နှင့် အလွန်ပြင်းထန်သော အဆိပ်ဖြစ်သွားပြီး အနံ့ အသက်မှာလည်း အလွန် မွှေးပျံ့သင်းကြိုင်လာတတ်၏။ သို့ဖြင့် ကျန်းဟူကျင်းက...

'ဩော်... လက်စသတ်တော့ ချင်းထိုပန်းရဲ့ အဆိပ်တွေကိုး'

စင်စစ် ထန်ချွန်းသည် ဤအဆိပ်လက်နက်ကို အသုံးပြု သော်လည်း ယင်းအဆိပ်သံချောင်းတွင် ဘယ်သို့သော အဆိပ်မျိုး ဖြင့် မွမ်းမံထားသည်ကို မသိပေ။ သို့သော် သူမ၏ဆရာက သူ့ပန်းခြံ ထဲတွင် 'ဤချင်းထို' ဟုခေါ်သော ထူးဆန်းသည့် ပန်းတစ်မျိုးကို စိုက်ထားကြောင်းကိုတော့ သိလေ၏။ သူမက အံ့သြသံဖြင့်...

'နင် ဘယ့်နှယ်လုပ် သိသလဲ' ဟု မေးသော် ကျန်းဟူကျင်း က ခေါင်းတစ်ချက်ညိတ်၍...

'ကျုပ် သိတယ်ဆိုရင် ပြီးရောပေါ့ဗျာ' ဟု ပြောပြီး ရန်ဝေ၏ လက်ကိုဆွဲပြီး ပြန်လှည့်ထွက်ခဲ့၏။ ထိုအခါ ထန်ချွန်းက ကမန်း ကတန်းဖြင့်...

'မောင်လေး... မောင်လေး ကုသနိုင်မယ်ဆိုရင် ငါတို့ကို ကုသပေးပါလားကွယ်' ဟု ပြောဆိုလေ၏။

www.burmeseclassic.com

အမှန်မှု ကျန်းဟူကျင်းသည် လူတို့၏စိတ်ကို ယုံကြည် သောဆန္ဒ နည်းပါးနေပြီဖြစ်၏။ သူ့မျက်စိထဲတွင် ကျေးဇူးတရား မသိတတ်သော ကျန်ကျုံနှင့် ပိကုန်းရှင်တို့ကို မြင်ယောင်လျ ရှိ၏။ ထို့ကြောင့် ဤသူနှစ်ဦးကိုလည်း ကုသပေးရန် တွန့်ဆု လျက်ရှိ၏။ ထိုအခါ ဆူးစီက တောင်းပန်သံဖြင့်...

'ဒီ... ဒီမှာ ညီလေး၊ စောစောက အစ်ကို မသိလို့ ပြောမိတ ဇွေမယူပါနဲ့ကွာ' ဟုဆို၏။ ထိုအခါ ကျန်းဟူကျင်းက သက်ပြ ချပြီး...

'ကောင်းပြီလေ၊ ကျုပ် စမ်းကြည့်သေးတာပေါ့' ဟု ပြော လျှင် သူ့အိတ်ထဲမှ ငွေအပ်များကို ထုတ်၍ ဆူးစီနှင့် ထန်ချွန်းတို့ အကြောများတွင် စိုက်ပေးလိုက်လေ၏။ အမှန်မှု အဆိပ်များ ထပ် မပြန့်ပွားအောင် ဟန့်တားလိုက်သော သဘောပင် ဖြစ်ပါ ထို့နောက် ကျန်းဟူကျင်းက...

'ကဲ... ခင်ဗျားတို့ နှစ်ယောက် တစ်ယောက်ရဲ့ ဒဏ်ရာ တစ်ယောက်က ပါးစပ်နဲ့ စုပ်လိုက်ပြီး အဆိပ်သွေးတွေကို ထွေးထု လိုက်ပါ' ဟု ဆိုလေ၏။

ကျန်းဟူကျင်း၏ စကားကြောင့် ဆူးစီနှင့် ထန်ချွန်းတို့ တစ်ယောက်ကို တစ်ယောက် ရှက်ကိုးရှက်ကန်း အမူအရာ ကြည့်လိုက်ကြ၏။ သို့သော် အရှက်ထက် အသက်က အရေးကြ



နေသဖြင့် တစ်ယောက်၏ဒဏ်ရာကို တစ်ယောက်ပါးစပ်နှင့် စုပ်ပေး လိုက်ကြ၏။ ထိုအချိန်တွင် ကျန်းဟူကျင်းက အနီးအနားရှိ ဆေးမြက် များကို ရှာပြီး ပါးစပ်ဖြင့် ညက်အောင်ဝါးကာ သူတို့၏ ဒဏ်ရာ များကို ကပ်ပေးလိုက်၏။ ပြီးလျှင် ကျန်းဟူကျင်းက...

'ကဲ... ခင်ဗျားတို့ရဲ့ အဆိပ်ကတော့ ပြန့်မသွားနိုင်တော့ဘူး၊ ဒါပေမယ့် အမြန်ဆုံး ရွာတစ်ရွာကို ရောက်အောင်သွားပြီး ဆေးဆိုင် ရှာရမယ်၊ အဲဒီမှာပဲ ဆေးတွေစပ်ပြီး လုံးဝပျောက်အောင် ကုပေးမယ်' ဟုဆို၏။

ထို့နောက်တွင်မူ ထန်ချွန်းတို့သည် ကျန်းဟူကျင်း အုံပေး လိုက်သော ဆေးမြက်၏ အာနိသင်ကြောင့် ထုံကျဉ်ယားနာနေသော ဝေဒနာများ ပျောက်ကင်းသွားလေ၏။ ထို့ကြောင့် သူတို့သည် သစ်ကိုင်းကို တောင်ဝှေးသဖွယ်ပြု၍ ကျန်းဟူကျင်းတို့နှင့်အတူ တောအုပ်ထဲမှ ထွက်လာခဲ့ကြတော့၏။

★ ☆ ★ ☆ ★

www.burmeseclassic.com

www.burmeseclassic.com



ထန်ချွန်းက လမ်းခရီးတွင် ကျန်းဟူကျင်း၏အကြောင်းကို မေးလေ၏။ သို့သော် ကျန်းဟူကျင်းက တိတိပပ မပြောပြချေ။

အချိန်နှစ်နာရီခန့်မျှ လျှောက်မိကြသောအခါ သူတို့သည် မြို့လေးတစ်မြို့သို့ ရောက်ရှိလာကြလေသည်။ သူတို့သည် ထိုမြို့ရှိ တည်းခိုခန်းတစ်ခုတွင် တည်းကြစဉ် ကျန်းဟူကျင်းက ဆေးဆိုင်သို့ သွားပြီး ဆေးများ စပ်ခိုင်းလေ၏။ ပြီးလျှင် ထန်ချွန်းနှင့် ဆူးစီတို့အား တိုက်ကျွေးလိုက်လေ၏။ သုံးရက်မျှ ကြာသော် သူတို့နှစ်ဦး၏ အဆိပ်ဝေဒနာမှာ လုံးဝပျောက်ကင်းသွားလေ၏။ ထို့ကြောင့် သူတို့နှစ်ဦးသည် ကျန်းဟူကျင်းအား လွန်စွာ ကျေးဇူးတင်လိုက်မိကြလေသည်။ ထိုအခါ ထန်ချွန်းက ဆူးစီအား..

'အစ်ကိုကြီး.. ကျွန်မတို့ နှစ်ယောက် အခုလို အသက်ချမ်းသာရသွားပေမယ့် ကျွန်မရဲ့ ဂိုဏ်းတူအစ်ကို ငါးယောက်ကတော့ အစ်ကိုကြီးကို လိုက်ရှာနေတုန်းပါပဲ၊ ဒီကိစ္စက ပြီးပြတ်ဦးမှာ မဟုတ်ဘူး အစ်ကိုကြီး၊ ဒီတော့ ကျွန်မနဲ့အတူ ခွန်းလွန်တောင်ကို ပြန်လိုက်ခဲ့ပါလား' ဟု ဆိုလေ၏။ ဆူးစီက ထိတ်လန့်သွားပြီး...

'ခွန်းလွန်တောင်ကို ပြန်လိုက်ရမယ် ဟုတ်လား'

'ဟုတ်တယ်လေ၊ ကျွန်မနဲ့ အတူလိုက်ပြီး ဆရာ့ကို တွေ့လိုက်ပေါ့'

'အစ်ကိုကြီးက ဆရာ သိုင်းကျင့်နေတာကို ခိုးပြီး မသင်ပါဘူးဆိုတဲ့အကြောင်း ဆရာ့ကို အသေအချာ ပြောပြလိုက်ပေါ့'



ထိုအခါ ဆူးစီက မကျေမနပ်ဖြင့်...

'ဒါတော့ မင်းတို့ ခွန်းလွန်ဂိုဏ်းက မလွန်လွန်းဘူးလား ထန်ချွန်း၊ အခုတင်ပဲ ငါ သေရွာက ပြန်လာခဲ့ရပြီလေ၊ ဒါတောင် မင်းတို့က ငါ့ကို လက်မလွှတ်နိုင်ကြသေးဘဲကိုး'

ထန်ချွန်းက နူးညံ့သော အသံဖြင့်...

'ဒါတော့ ကျွန်မရဲ့ အခက်အခဲကိုလဲ အစ်ကိုကြီး စဉ်းစားကြည့်ဦးလေ၊ ကျွန်မတစ်ယောက်တည်း ဆရာ့ကို သွားပြောရင် ဆရာက ယုံမှာ မဟုတ်ဘူး၊ အဲဒီလို မယုံလို့ အကြိမ်းအမောင်း ခံရရင်လဲ အရေးမကြီးပါဘူး၊ ဒါပေမယ့် ကျွန်မရဲ့ဂိုဏ်းတူ အစ်ကိုကြီး ငါးယောက်ကသာ အစ်ကိုကြီးကို မရအရရှာပြီး တစ်ခုခုလုပ်လိုက်ရင် ကျွန်မ ဘယ်လိုမှ ဖြေလို့ရတော့မှာ မဟုတ်တော့ဘူး'

စင်စစ် သူတို့နှစ်ဦးသည် တိုတောင်းလှသော ဤရက်အတွင်း တစ်ဦးကိုတစ်ဦး မေတ္တာသက်ဝင်ခဲ့ကြပြီ ဖြစ်ပါ၏။ ဆူးစီသည် ထန်ချွန်း၏ ညင်သာသော စကားကို ကြားရသောအခါ အလိုအလျောက် ဒေါသပြေပျောက်သွားပြီး စိတ်ထဲတွင်...

'ခွန်းလွန်ဂိုဏ်းက လူများတယ်၊ ငါ့နောက်ကို ဒီလူတွေ အမြဲလိုက်နေရင် နောက်ဆုံးမှာ ငါသေရမှာ အမှန်ပဲ၊ ငါ ဘယ်လိုဆုံးဖြတ်ရမှာပါလိမ့်'

ထန်ချွန်းက ဆူးစီ တွေဝေနေကြောင်း သိသောအခါ...

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီး ကျွန်မနဲ့ အရင်လိုက်ခဲ့ပါ၊ အစ်ကိုကြီးမှာ တခြားအရေးကြီးတဲ့ ကိစ္စရှိရင်လဲ ကျွန်မတို့ ခွန်းလွှန်တောင်ကို ရောက်ပြီးမှ ခရီးဆက်တာပေါ့၊ အဲဒီအခါကျရင် ကျွန်မလဲ အစ်ကိုကြီးနဲ့ လိုက်ခဲ့မယ်လေနော်'

ဆူးစီက ဝမ်းသာသွားပြီး...

'ကောင်းပြီလေ ဒီလိုပဲ ဆုံးဖြတ်ရမှာပဲ၊ ဒါပေမယ့် မင်းရဲ့ ဆရာက ငါ့စကားကို ယုံပါ့မလားကွယ်'

ထိုအခါ ထန်ချွန်းက...

'ဆရာက ကျွန်မကို ချစ်ပါတယ် အစ်ကိုကြီးရယ်၊ ကျွန်မသာ အတင်းတောင်းပန်ပြီး ပြောရင်လေ ဆရာက အစ်ကိုကြီးကို ဘာမှလုပ်မှာ မဟုတ်ပါဘူး'

ထို့နောက် သူတို့သည် ကျန်းဟူကျင်း၏ သဘောထားကို မေးလေရာ ကျန်းဟူကျင်းလည်း ခွန်းလွှန်တောင်သို့သာ သွားမည်ဟု ပြောလေသည်။ ထိုအခါ ဆူးစီက...

'ဟုတ်ကျတာပဲ၊ ညီလေးတို့လဲ အစ်ကိုတို့နဲ့အတူ လိုက်ခဲ့ပြီပေါ့၊ လမ်းမှာ အဖော်ရတာပေါ့ကွယ်'

ထန်ချွန်းကလည်း...



'ခွန်းလွှန်တောင်တန်းကြီးမှာ မိုင်ပေါင်း တစ်ထောင်လောက် ရှည်တယ်၊ တောင်ကုန်းတွေကလည်း ရေတွက်လို့ကို မဆုံးနိုင်ဘူး၊ မောင်လေးတို့ သွားချင်တဲ့ ကျိစိမ့်တောင်ကုန်းက ဘယ်မလဲဆိုတာ မသိသေးဘူး၊ ဟိုရောက်တော့မှပဲ ဖြည်းဖြည်းစုံစမ်းတာပေါ့'

★ ☆ ★ ☆ ★

နောက်တစ်နေ့တွင် သူတို့သည် မြင်းလှည်းတစ်စီးကို ငှားပြီး ခရီးထွက်ခဲ့ကြလေ၏။ ကျန်းဟူကျင်းနှင့် ရန်ဝေတို့ကိုလည်း လှပသော အဝတ်အစားသစ်များကို လဲလှယ် ဝတ်ဆင်ပေးလိုက်ကြ၏။ သို့ဖြင့် လမ်းခရီးတစ်လျှောက်လုံး အစားမမှန် အအိပ်မမှန် အဝတ်အစားများလည်း ညစ်ပတ်ပေရေခဲ့သော ကျန်းဟူကျင်းနှင့် ရန်ဝေတို့သည် တစ်ခေါ်သွားတစ်မွေး အားအင်ပြည့်ပြီး လှပလာကြလေတော့သည်။

တဖြည်းဖြည်းနှင့် ရာသီဥတုမှာ အေးစိမ့်လာ၍ ဝန်းကျင်သို့ ကြည့်လိုက်သောအခါ၌လည်း စိမ်းညိုမြင့်မားသော တောင်တန်းကြီးများနှင့် လွှန်စွာလှပသော ရှုခင်းများကို တွေ့ရ၏။ မှန်သည်။ သူတို့သည် သိုင်းလောကတစ်လွှားတွင် ဟိုးဟိုးကျော်ကြားနေခဲ့သည့် ခွန်းလွှန်တောင်မဟာအခြေသို့ ရောက်လာခဲ့ကြပြီ မဟုတ်ပါလား။

ထိုအခါ ထန်ချွန်းက သူတို့အား ဦးဆောင်၍ တောင်ပေါ်သို့ တက်လာခဲ့ကြလေ၏။ အချိန် တစ်ရက်မျှ ကြာသောအခါ ၊သူတို့

www.burmeseclassic.com



သည် ခွန်းလွန်ဂိုဏ်းချုပ်ကြီး ဟိုတိုက်ချူး၏ နေအိမ်သို့ ရောက်ရှိလာခဲ့သည်။ ဝင်းတံခါးသို့ ဝင်လိုက်သည်နှင့် ထန်ချွန်း၏ ဂိုဏ်းတူများက ထန်ချွန်းအား ခေါင်းညိတ်၍သာ နှုတ်ဆက်ကြပြီး စကားတစ်ခွန်းမျှ မပြောချေ။ ထန်ချွန်းမှာ သူတို့၏ အမူအရာကိုကြည့်ပြီး ဘယ်သို့ ဖြစ်နေကြသည်ကို သိလိုသဖြင့် ဂိုဏ်းတူညီမတစ်ယောက်ကို မေးလိုက်လေ၏။

'ဆရာ အိမ်မှာ ရှိသလားဟင်'

ထိုမိန်းကလေး မည်သို့မျှ ပြန်မဖြေမီမှာပင် အိပ်ခန်းတစ်နေရာမှ ဒေါသတကြီး ပြောဆိုနေသော ဟိုတိုက်ချူး၏ အသံကို ကြားလိုက်ရလေ၏။

'တစ်ကောင်မှ အသုံးမကျတဲ့ နွားတွေ၊ မင်းတို့ကို ခိုင်းလိုက်ရင် ဘာတစ်ခုမှ အောင်မြင်အောင် မလုပ်ခဲ့ဘူး၊ မင်းတို့လို လူမျိုးတွေ မွေးထားလို့ ငါ ဘာလုပ်ရမှာလဲ'

ထို့နောက် စားပွဲကို လက်သီးဖြင့် ထုသံ၊ ခြေဖြင့် ကန်သံတို့ကို ကြားနေရ၏။ ထိုအခါ ထန်ချွန်းက အသံတိုးတိုးဖြင့် ဆူးစီအား လှမ်း၍ဆို၏။

'ဆရာ ဒေါသထွက်နေတယ်၊ ကျွန်မတို့ အခုသွားတွေ့လို့ မဖြစ်သေးဘူး အစ်ကိုကြီး၊ နောက်နေ့မှပဲ လာတွေ့ကြတာပေါ့နော်'

ထိုစဉ် ရုတ်တရက် အိမ်ခန်းထဲမှ ဟိုတိုက်ချူးက လှမ်းအော်မေးလိုက်လေ၏။



'ထန်ချွန်းလားဟေ့၊ ပြန်လာတာတောင် ငါ့ကို ဘာလို့ ဝင်မတွေ့ရတာလဲ၊ မင်းတို့ ဘာတွေ တိုးတိုးတိုးတိုး ပြောနေကြတာလဲဟေ့၊ ဟို ဆူးစီဆိုတဲ့ကောင်ရဲ့ ဦးခေါင်းကော ပါလာရဲ့လား'

ထိုမေးသံကြောင့် ထန်ချွန်းမှာ မျက်နှာအပျက်ကြီး ပျက်သွားပြီး ဟိုတိုက်ချူးရှိရာ အခန်းသို့ ပြေးဝင်လျက် ဦးချကန်တော့လိုက်လေ၏။ နှုတ်မှလည်း...

'ဆရာ နေကောင်းတယ်နော်'

'ဟဲ့... ထန်ချွန်း၊ ငါခိုင်းတဲ့ကိစ္စပြီးမြောက်အောင် လုပ်ခဲ့ရဲ့လား'

'အခု ဆူးစီဆိုတဲ့လူ အပြင်မှာ ရောက်နေပါတယ် ဆရာ၊ သူ ဆရာ့ကို တောင်းပန်ဖို့ လိုက်လာတာပါ၊ သူက ပြောတယ်ဆရာ၊ သူဟာ ဉာဏ်ရည်မကောင်းပါဘူးတဲ့၊ ဆရာ သိုင်းကျင့်နေတာကို အမှတ်တမဲ့ မြင်ရပေမယ့် ကျွန်မတို့ ခွန်းလွန်ဂိုဏ်းရဲ့ ဓားသိုင်းက သိပ်ခက်ခဲ နက်နဲလွန်းတော့ ငေးရုံသာ ငေးကြည့်မိပြီး ဘာမှ မသိပါဘူးတဲ့'

စင်စစ် ထန်ချွန်းသည် သူ့ဆရာအကြောင်းကို ကောင်းကောင်းသိ၍ သူမ၏ဆရာ ဟိုတိုက်ချူးမှာ သိုင်းပညာတွင် သူသာလျှင် ထိပ်တန်းမှာ ရှိသည်ဟု ထင်မှတ်ပြီး မာနတံခွန် ထောင်လွှားနေသူဖြစ်ရာ ထန်ချွန်းက ဆူးစီကိုယ်စား ခွန်းလွန်ဂိုဏ်း၏ သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပညာကို တမင်အမွှန်းတင်လိုက်ခြင်းပင် ဖြစ်ပါ၏။ ထန်ချွန်း၏ စကားက ဟိုတိုက်ချူး၏ သဘောမနော‌ကို ပီတိဖြစ်စေသည် ဆိုသော်လည်း ဟိုတိုက်ချူးမှာ ယနေ့တွင်မှ ပို၍ ထူးထူးခြားခြား ဒေါသထွက်နေမိသဖြင့် သူက...

'ဒီမှာ ထန်ချွန်း၊ ဆူးစီဆိုတဲ့ကောင်ကို အလုံပိတ်ကျောက်ဂူခန်းထဲမှာ ပိတ်လှောင်ထားလိုက်စမ်း' ဟု အမိန့်ပေးလေတော့၏။

ထန်ချွန်းလည်း သူ့မဆရာ လွန်စွာ ဒေါသဖြစ်နေချိန်ဖြစ်၍ ဘာမျှ စောဒက မတက်ဝံ့ချေ။ ထို့ကြောင့် စကားလမ်းကြောင်း ပြောင်း၍...

'ဆရာ... ဆရာကတော်တွေကော နေကောင်းကြသလား၊ ကျွန်မ သွားပြီး နှုတ်ဆက်လိုက်ဦးမယ်နော်' ဟု ဆိုလေ၏။

ဟိုတိုက်ချူး၌ မိန်းသည် ငါးယောက်ရှိ၏။ ထိုငါးယောက်ထဲတွင် အငယ်ဆုံးကို သူက အချစ်ဆုံးဖြစ်၏။ ထို့ကြောင့် ထန်ချွန်းက ဆူးစီ လွတ်မြောက်ရေးအတွက် ထိုဆရာကတော် အငယ်ဆုံးထံသို့သွား၍ အကူအညီတောင်းရန် စိတ်ကူးမိလိုက်၏။ အငယ်ဆုံး ဆရာကတော်၏ နာမည်မှာ ပန်းဆုဖြစ်ပြီး အလွန်တရာ ချောမောလှပသူလေးဖြစ်၏။

ဟိုတိုက်ချူးသည် ထန်ချွန်း၏ စကားကို ကြားသော် မျက်နှာ အ‌ကျော်ကြီး ပျက်သွားကာ ဆွေးမြည့်စွာ သက်ပြင်းချလျက်...



'ငါ့တပည့် ထန်ချွန်း...၊ မင်းရဲ့ဆရာကတော် ပန်းဆုကို မြန်မြန်သွားကြည့်လိုက်ပါ၊ တစ်နေ့တခြား သူ့ရောဂါ ပြင်းထန်လာနေတယ်၊ မင်း အခုလို ပြန်လာတာဟာ သူ့ကို နောက်ဆုံးတွေ့ခြင်းပဲ ဖြစ်မယ်ထင်တယ်'

ထန်ချွန်းက ထိတ်လန့်အံ့ဩစွာဖြင့်...

'မမပန်းဆု ဘာဖြစ်လို့လဲ ဆရာ'

ဟိုတိုက်ချူးက...

'မင်း မမ ဘာရောဂါမှန်း သိရင် တော်သေးတယ်၊ အခုတော့ ဘာရောဂါမှန်း မသိလို့ ခက်နေတယ်ကွယ်၊ သမားတော်ကြီးတွေကို ခေါ်ပြပေမယ့် ဘယ်သူကမှ သူ့ရဲ့ ရောဂါ အစစ်အမှန်ကို မပြောနိုင်ကြဘူး၊ သူ့တစ်ကိုယ်လုံးလဲ ရောင်ကိုင်းနေပြီ၊ ဟင်း... မပြောချင်တော့ပါဘူးကွယ်'

ဟိုတိုက်ချူးကပင် ဆက်လက်၍...

'ငါ့တပည့်တွေ ဒီလောက် များလျက်သားနဲ့ တစ်ယောက်မှ အသုံးမကျဘူး၊ သူတို့ကို ငါက ချန်ပေတောင် သွားပြီး ဆေးမြစ်သွားရှာခိုင်းလိုက်တာ နှစ်လသာ ကျော်လာပေမယ့် တစ်ယောက်မှ ပြန်မလာကြဘူး၊ ပြီးတော့ သူတို့ကို နင်းမှုန်းဆေးကျောက်ကို ရှာခိုင်းတာလဲ တစ်ခုမှ မရဘူး'

ဟိုတိုက်ချူးက ခေတ္တ ရပ်ပြီးနောက် စကားဆက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



'ငါက အတွင်းအားနဲ့ သူ့အကြောတွေကို စမ်းကြည့်တော့လဲ ဘာမှ ထူးခြားချက် မတွေ့ရဘူး၊ ဟင်း... ပန်းဆုသာ အသက်မရှည်ရင်တော့ သိုင်းလောက တစ်ခုလုံးမှာရှိတဲ့ သမားတော်တွေအားလုံးကို ငါ လိုက်သတ်ပစ်မယ်'

ထိုအခါ ထန်ချွန်းက...

'ကျွန်မ အခု သွားကြည့်လိုက်မယ်' ဟု ပြောလိုက်ရာ...

'အေး ငါလဲ လိုက်ခဲ့မယ်' ဟု ပြောပြီး ဆရာတပည့်နှစ်ယောက် ပန်းဆု၏ အခန်းထဲသို့ ဝင်လိုက်ကြ၏။

အခန်းထဲတွင် ဆေးရနံ့များ သင်းပျံ့လျက် ရှိ၏။ ထန်ချွန်းက ပန်းဆု၏ ခြင်ထောင်ကို မ၍ ကြည့်လိုက်သောအခါ ပန်းဆု၏ မျက်နှာမှာ အကျည်းတန်စွာ ဖောရောင်လျက်ရှိပြီး မျက်လုံးအစုံမှာလည်း ပျောက်ကွယ်လုမတတ် ဖြစ်နေလေ၏။

အမှန်မှာ ပန်းဆုသည် လွန်စွာ ချောမောလှပသူဖြစ်၍ ဟိုတိုက်ချုံး၏ ချစ်ခင်စွဲမက်ခြင်းကို ရရှိခဲ့၏။ ယခုမူ လွန်စွာ အရုပ်ဆိုး အကျည်းတန်လျက် ရှိနေရှာသည်။ ထန်ချွန်းက လေးပင်သော သက်ပြင်းကို ချလိုက်မိစဉ် ဟိုတိုက်ချုံးက...

'ဟို... အသုံးမကျတဲ့ သမားတော်တွေကိုခေါ်ပြီး ထပ်ကြည့်ခိုင်းလိုက်ဦးမယ်' ဟု အမိန့်ပေးလိုက်ရာ မကြာမီမှာပင် သံကြိုးသံများ တချွမ်းချွမ်းကြားရပြီး သမားတော်ကြီး ခုနစ်ယောက် ဝင်လာသည်ကို တွေ့ရသည်။ သမားတော်ကြီးများ၏ ခြေထောက်တို့တွင်



သံကြိုးများဖြင့် ချည်နှောင်ထားသည်ကို တွေ့ရပြီး သူတို့၏ အမူအရာမှာလည်း လွန်စွာ ကသိကအောင့် ဖြစ်နေပုံရ၏။ စင်စစ် ဤ သမားတော်ကြီးများသည် အရပ်ရပ်မှ သိုင်းလောကတွင် နာမည်ကြီးခဲ့သော သမားတော်ကြီးများပင် ဖြစ်လေ၏။ သူတို့သည် ဟိုတိုက်ချုံး၏ အဓမ္မ ဖမ်းချုပ်ခြင်းကို ခံရပြီး ဤနေရာသို့ ရောက်ရှိလာရခြင်းပင် ဖြစ်၏။ သူတို့သည် ပန်းဆု ခံစားနေရသော ဝေဒနာနှင့် ပတ်သက်၍ အယူအဆ သဘောထား တစ်မျိုးစီ ကွဲပြားနေကြပြီး မည်သူမျှ ပျောက်ကင်းအောင် မကုသနိုင်ခဲ့ကြချေ။ ထို့ကြောင့် ဟိုတိုက်ချုံးက ဒေါသအမျက်ထွက်ပြီး ထို သမားတော် ခုနစ်ယောက်အား ယခုကဲ့သို့ သံကြိုးဖြင့်ခတ်ပြီး ပန်းဆု၏ ရောဂါကိုသာ ပျောက်ကင်းအောင် မကုသနိုင်လျှင် ပန်းဆု၏ အလောင်းနှင့်အတူ သူတို့ အားလုံးကို မြေမြှုပ်သင်္ဂြိုဟ်ပစ်မည်ဟု ကြိမ်းမောင်းခဲ့လေ၏။ ထို့ကြောင့် သမားတော်ကြီး ခုနစ်ယောက်စလုံးသည် တတ်သည့်ပညာ မနေသာသကဲ့သို့ အစွမ်းကုန် ကုသကြလေသည်။ သို့သော် သူတို့သည် ပန်းဆု၏ ရောဂါ အခြေအနေကို တစ်ကြိမ်တစ်ခါ ကြည့်ရှုစမ်းသပ်တိုင်း တစ်ယောက်နှင့် တစ်ယောက် အမြင်တစ်မျိုးစီ ဖြစ်ကာ ငြင်းခုံကြမြဲပင်ဖြစ်သည်။ တစ်ယောက်နှင့် တစ်ယောက်လည်း ပုတ်ခတ်ပြောဆိုကြသည်။ အထူးသဖြင့် တစ်ယောက်သမားက ကျန်ခြောက်ယောက်ကို အပြစ်တင်ပြီး အကယ်၍ မိမိတစ်ယောက်တည်းသာ ကုသရလျှင် ပျောက်မည်ဟု ပြောဆို



www.burmeseclassic.com

www.burmeseclassic.com



ပြစ်တင်နေကြလေ၏။ ယခု ထို သမားတော် ခုနစ်ယောက်တို့ ဝင်လာကြပြီ ဖြစ်ပါ၏။

ထို့နောက် သူတို့သည် ပန်းဆု၏ရောဂါအခြေအနေကို စမ်းသပ်ကြည့်ရှုကြ၏။ သို့သော် ထုံးစံအတိုင်းပင် တစ်ယောက်တစ်ခွန်း စကားများ အငြင်းပွားနေကြပြန်၏။

ထိုအခါ ဟိုတိုက်ချုံးက ဒေါသခြောင်းခြောင်း ထွက်လျက် အော်ဟင်ကြိမ်းမောင်းတော့မှ ခုနစ်ယောက်စလုံး ငြိမ်သက်သွားကြ၏။ ထန်ချွန်းသည် ထိုအဖြစ်ကိုမြင်သော် အကြံတစ်ခု ရလာလေ၏။ ထို့ကြောင့် သူမက...

'ဆရာ ကျွန်မ ဟိုနန်ကနေ သမားတော်လေးတစ်ယောက် ခေါ်လာပါတယ်၊ သူက အသက်ငယ်ပေမယ့် ဆေးပညာကျတော့ ဒီလူတွေထက် ပိုတော်မှာ သေချာတယ် ဆရာ'

ဟိုတိုက်ချုံးက ဝမ်းသာသွားပြီး...

'နေပါဦး... မင်းက ဘာလို့ ငါ့ကို အစောကြီးကတည်းက မပြောရတာလဲ၊ မြန်မြန်သွားပင့်ခဲ့စမ်း၊ သွား... သွား'

သမားတော် အသစ်တစ်ဦးရောက်လာလျှင် ဟိုတိုက်ချုံးသည် ဤသို့ ဝမ်းသာအားရ လိုလိုလားလား လေးလေးစားစား ဆက်ဆံလေ့ရှိ၏။ သို့သော် ထိုသမားတော်က ပန်းဆု၏ ဝေဒနာကို ကုသ၍ မပျောက်လျှင်တော့မူ သူက အားနာတတ်လေ့ မရှိချေ။





ယခုလည်း ထန်ချွန်းသည် သမားတော် အသစ်ကလေး ျန်းဟူကျင်းအား အခန်းထဲသို့ ခေါ်လာခဲ့ပြီ ဖြစ်ပါ၏။

ကျန်းဟူကျင်းသည် ဟိုတိုက်ချုံးကို မြင်သည်နှင့် စ်ချိန်က ဟူတန်းတောင်တွင် မိမိ၏ မိဘနှစ်ပါးအား လာရောက်၍ ပြစ်ရှာသော လူတွေထဲတွင် ဤ ဟိုတိုက်ချုံးက ရှေ့ဆုံးမှ အစော း ရောက်လာသူ ဖြစ်သည်ကို ကောင်းစွာ မှတ်သားမိသဖြင့် လွန်စွာ ဒါသထွက်သွား၏။ ဟိုတိုက်ချုံးမှာ ကျန်းဟူကျင်းအား လုံးဝ မှတ်မိချေ။ သူက အသက်တစ်ဆယ့်ငါးနှစ်ခန့်သာ ရှိသေးသော ငယ်တစ်ယောက် အခန်းထဲသို့ ဝင်လာသည်ကို မြင်သော်...

'ဟဲ့... ထန်ချွန်း၊ မင်းခေါ်လာတဲ့ သမားတော်ကြီးက ယ်မှာလဲ' ဟု မေးလေ၏။

ထန်ချွန်းက ပြုံး၍...

'ကျွန်မ ခေါ်လာတဲ့ သမားတော်က ဟောဒီ မောင်လေးပါပဲ ရာ၊ သူ့ရဲ့ ဆေးပညာက သိပ်စွမ်းတာ'

ထိုအခါ ဟိုတိုက်ချုံးက မယုံကြည်သော အကြည့်ဖြင့် ျန်ဟူကျင်းအား ကြည့်နေလေ၏။ ထန်ချွန်းက...

'ကျွန်မ ချင်းထိုပန်းရဲ့ အဆိပ်မိတော့ ဒီမောင်လေး ကုသ းလို့ ပျောက်ခဲ့ပါတယ် ဆရာ'

ဟိုတိုက်ချုံးက ထိုစကားကို ကြားသော် မသိမသာ ာန်လှုပ်သွား၏။ စိတ်ထဲမှလည်း...

www.burmeseclassic.com

www.burmeseclassic.com



'ချင်းထိုပန်းရဲ့ အဆိပ်က ငါ့ရဲ့ မူပိုင်အဆိပ်ကွယ့်၊ အခြားဖြေဆေးမရှိရင် ဘယ်နည်းနဲ့မှ ကုသလို့ မပျောက်ဘူး၊ ဒါနဲ့များ ဒီကောင်လေးက ပျောက်အောင် ကုသနိုင်တယ်ဆိုတော့ နည်းနည်းတော့ ဟုတ်နေပြီကွယ့်'

သို့ဖြင့် ဟိုတိုက်ချုံးက ကျန်ဟူကျင်းအား အသေအချာ ပြန်အကဲခတ်ပြီး...

'ချာတိတ်..., မင်း တကယ်ပဲ ဆေးကုတတ်လို့လား' ဟု မေးလေ၏။

စင်စစ် ကျန်ဟူကျင်းသည် ဟိုတိုက်ချုံးအား ဆိုခဲ့သောအကြောင်းကြောင့် လွန်စွာ ရွံရှာမုန်းတီးခဲ့သော်လည်း သူ၏ ပင်ကိုယ်စိတ်ဓာတ်က သူတစ်ပါးအပေါ် ရန်ညှိုးသိုတတ်ခြင်း မရှိ။ ထို့ကြောင့်လည်း သူတစ်ပါးကိုသာ အကူအညီပေးခဲ့လေ၏။ ယခုလည်း ဟိုတိုက်ချုံးက ထိုသို့ မေးလာသောအခါ သူသည် ဟိုတိုက်ချုံးအပေါ်တွင် မကျေနပ်သော်လည်း ကုသပေးနိုင်ကြောင်း ခေါင်းညိတ်ပြလေ၏။

ကျန်းဟူကျင်းသည် ဤအခန်းထဲသို့ ဝင်လာကတည်းကပင် လွန်စွာ ထူးဆန်းသော အနံ့အသက်တစ်မျိုးကို ရှူရှိုက်လိုက်ရ၏။ ထိုအနံ့အသက်မှာ တစ်ခါတစ်ရံ ပြင်းထန်လိုက်၊ တစ်ခါတစ်ခါ လျော့ပါးသွားလိုက်နှင့် ပျံ့လွင့်နေလေ၏။ သူသည် ပန်းဆုရှေ့သို့ လျှောက်သွားပြီး ဦးစွာ ပန်းဆု၏ သွေးခုန်နှုန်းကို စမ်းကြည့်လိုက်



၏။ ပြီးလျှင် ဖောရောင်၍နေသော ပန်းဆု၏မျက်နှာပေါ်သို့ အပ်ချောင်းဖြင့် ရတ်တရက် ထိုးစိုက်ချလိုက်လေ၏။ ဟိုတိုက်ချုံးက လန့်ဖျပ်သွားပြီး...

'မင်း ဘာလုပ်တာလဲ' ဟု အော်မေးလေ၏။ ထိုပြင် ကျန်းဟူကျင်း၏ လက်ကိုလည်း လှမ်းဆွဲမည် ပြုလိုက်၏။ ထိုအချိန်တွင် ကျန်းဟူကျင်းသည် အပ်ကို ပြန်၍ ဆွဲနုတ်လိုက်ပြီး ဖြစ်သွား၏။ ပန်းဆု၏သွေးကား လုံးဝ မထွက်ချေ။ ကျန်းဟူကျင်းက ယင်းအပ်ကို နှာခေါင်းတွင် တစ်ချက်မျှ တေ့ကြည့်လိုက်ပြီး ခေါင်းတစ်ချက်ညိတ်လိုက်လေ၏။ ဟိုတိုက်ချုံးသည် အနည်းငယ် ယုံကြည်လာဟန်ဖြင့်...

'ညီ...ညီလေး၊ ဒီရောဂါ ကုလို့ ရပါ့မလား' ဟု မေးလေ၏။ စင်စစ် သူလို ဂိုဏ်းချုပ်ကြီး တစ်ယောက်က သည်သို့ ဘခမှ မဖြစ်စလောက်သော လူငယ်တစ်ယောက်ကို 'ညီလေး' ဟု ခေါ်ရန်မှာ မလွယ်ကူလှချေ။

ကျန်းဟူကျင်းက သူ့အမေးကို လုံးဝ မဖြေ။ ခုတင်အောက်ကိုသာ ငုံ့ကြည့်လိုက်ပြီး ပြတင်းပေါက်ကို ဖွင့်ကာ အပြင်ပန်းခြံဘက်သို့ ထွက်၍ လှည့်ပတ်ကြည့်နေလေ၏။ ဟိုတိုက်ချုံးမှာမူ ကျန်းဟူကျင်း၏ လှုပ်ရှားမှုကို နားမလည်စွာ ငေးကြည့်နေမိလေ၏။ ထိုစဉ် ကျန်းဟူကျင်းသည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ပြန်လျှောက်လာလေ၏။ ထိုအခါမှပင် သူက...

www.burmeseclassic.com



'ဒီရောဂါကို ကျုပ်ကုနိုင်ပါတယ်၊ ဒါပေမယ့် ကျုပ် မ... ချင်ဘူးဗျာ၊ ကျုပ်ပြန်တော့မယ်'

ထိုအခါ ထန်ချွန်းက အလောတကြီးဖြင့်...

'မောင်လေး...မင်းသာ ဆရာကတော်ကို ပျောက်အောင် ကုပေးနိုင်ရင် ငါတို့ခွန်းလွန်ဂိုဏ်းက လူတွေအားလုံး မင်းကို ကျေး... တင်လို့ဆုံးမှာ မဟုတ်ဘူး'

ကျန်းဟူကျင်းက ဖြုန်းခနဲလှည့်၍ ဟိုတိုက်ချုံးအား လ... ညှိုးထိုးရင်း နာကြည်းသံဖြင့်...

'ကျုပ် အမေ နဲ့ အဖေကို သေအောင်လုပ်တဲ့ အထဲမှာ ဒီ... ဟာ ထိပ်ဆုံးက ပါတယ်ဗျ' ဟုဆို၏။ ဟိုတိုက်ချုံးသည် တုန်လှု... သွားပြီး...

'ညီလေး၊ မင်း နာမည် ဘယ်လိုခေါ်သလဲ၊ မင်းမိဘတွေ... ဘယ်သူတွေလဲ'

'ကျုပ်အဖေက ကျန်းချွေးဆန်း၊ ဟူတန်းဂိုဏ်းက ကျ... ချွေးဆန်း'

'ဩော်...လက်စသတ်တော့ မင်းက ကျန်းချွေးဆန်းရဲ့ သ... ကိုး...' ဟိုတိုက်ချုံး၏ အမူအရာသည် ချက်ချင်း ပြောင်းသွားပြီး...



'ညီလေး...မင်းအဖေ မသေခင်တုန်းက မင်းအဖေဟာ ငါနဲ့ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေတွေပါ၊ သူသေသွားတာ ငါ ရင်နာလို့ မဆုံးပါဘူး'

စင်စစ် ဟိုတိုက်ချုံးသည် သူ့ ဇနီးငယ်လေးအတွက် မုသား စကားသုံးလိုက်ခြင်းဖြစ်၏။ ထန်ချွန်းလည်း သူ့ဆရာနှင့် သံယောင် လိုက်၍ လိမ်ညာ ပြောနေပြန်၏။

'ဟုတ်တယ်...မောင်လေး၊ မင်းအဖေ ဆုံးတုန်းကလဲ ဆရာ ပြန်ရောက်လာတော့ ချုံးပွဲချ ငိုလေတော့တာပဲကွယ်၊ ပြီးတော့ ဆရာက ငါတို့ကို အမြဲတမ်း ပြောလေ့ရှိတယ်၊ မင်းအဖေဟာ ဆရာ့ရဲ့ အခင်မင်ဆုံး သူငယ်ချင်းတဲ့'

ကျန်းဟူကျင်းသည် ကလေးအရွယ်သာ ရှိသေးသည်က တစ်ကြောင်း ရိုးဖြောင့်လှသည်း ထားတတ်သူ မဟုတ်၍ ဒေါသ ပြေငြိမ်း သွားလေ၏။ ထို့ကြောင့် သူက...

'ကောင်းပြီလေ၊ ကျုပ် ကုပေးပါ့မယ်၊ တကယ်တော့ ဒီ ဒေါ်လေးဟာ ရောဂါဝေဒနာ ခံစားနေရတာ မဟုတ်ဘူးဗျ၊ မြွေဆိပ် တက်ပြီး ဒီလိုဖြစ်နေတာ'

ကျန်းဟူကျင်းက ဟိုတိုက်ချုံးကို ကြည့်၍ စကားဆက် ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး... ခင်ဗျားက ခင်ဗျားဇနီးရဲ့ ခြေချောင်းလေးတွေကို ကြည့်လိုက်စမ်း၊ ခြေချောင်းတိုင်းမှာ အပေါက်လေးတွေ ရှိနေတာကို တွေ့ရလိမ့်မယ်'

ထိုအခါ ဟိုတိုက်ချုပ်သည် ပန်းဆုခြုံထားသော စောင်ကို ကမန်းကတန်း လှန်၍ ခြေချောင်းကလေးများကို ကြည့်လိုက်လေ၏။ မှန်သည်။ ပန်းဆု၏ခြေချောင်းတိုင်းတွင် သွားရာကဲ့သို့သော အပေါက်ကလေးတစ်ခုစီ ရှိနေသည်ကို တွေ့ရလေ၏။ ထို သွားရာ အပေါက်ကလေးများမှာ သေးလွန်းသဖြင့် အသေအချာကြည့်မှသာ မြင်နိုင်လေသည်။

★☆★☆★



# အလင်းတမန်တော် ရှန်ရောင်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၁)

## အလင်းတမန်တော် ရှန်ရောင်

သို့ဖြင့် ဟိုတိုက်ချုံးသည် ကျန်းဟူကျောင်းအပေါ်တွင်ပို၍ ယုံကြည်ကိုးစားလာလေ၏။ သူက ကမန်းကတန်းဖြင့်...

'ဟုတ်တယ်...ဟုတ်တယ်...၊ ငါ့ညီ ပြောတာ ဟုတ်တယ်၊ ငါ့ညီလေး အခုလို ရောဂါကိုသိတော့ ဆေးလဲရှိမှာပေါ့နော်အေး... မင်းသာ ငါ့ ဓနီးလေးကို ပျောက်အောင် ကုပေးနိုင်ရင်တော့ မင်းကို ငါ ကောင်းကောင်း ဆုချမယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီးနောက် ဟိုတိုက်ချုံးသည် သံကြိုးတစ်ချောင်းတည်းဖြင့် ဆက်၍ ချည်နှောင်ထားခြင်း ခံရသော သမားတော်ကြီးနှစ်ယောက်ဘက်သို့ လှည့်၍ ပြစ်တင် ရှုတ်ချသော စကားများပြောလေတော့၏။ ထိုအခါ ကျန်းဟူကျင်းက ကြားဝင်၍...

'ဆရာကြီး သူတို့ကို အပြစ်မပြောပါနဲ့၊ သူတို့ အပြစ်မဟုတ်ပါဘူး၊ သူတို့ကို ပြန်သာလွှတ်လိုက်ပါ'

'ဟုတ်တယ်...ဟုတ်တယ်၊ ငါ့ညီလေး ရောက်လာတဲ့နောက်တော့ ဒီသမားတု သမားယောင်တွေ အသုံးတည့်မှာ မဟုတ်ဘူး၊ သူ့တို့ကို ပြန်လွှတ်လိုက်တာပဲ ကောင်းပါတယ်လေ'

ထန်ချွန်းဘက်သို့ လှည့်၍လည်း...'

'ဟဲ့...ထန်ချွန်း၊ သူတို့ကို တစ်ယောက် ငွေတစ်ရာစီ ပေးပြီးပြန်လွှတ်လိုက်စမ်း' ဟု အမိန့်ပေးလေသည်။

ထိုသမားတော်ကြီးများသည် အခန်းထဲမှ ချက်ချင်းထွက်ခွာ သွားကြလေ၏။ အဘယ်ကြောင့်ဟူမူ အကယ်၍ ကျန်းဟူကျင်းသာ ဝန်းဆု၏ ရောဂါကို ပျောက်ကင်းအောင် မကုသနိုင်ခဲ့လျှင် သူတို့အား ဟိုတိုက်ချုံးက ထပ်မံ ဖမ်းချုပ်ထားဦးမည် စိုး၍ပင် ဖြစ်ပါ၏။

ထိုအချိန်တွင် ကျန်းဟူကျင်းက ဟိုတိုက်ချုံးအား...

'ဆရာကတော်ရဲ့ ခုတင်ကို ရွှေ့ခိုင်းလိုက်ပါ၊ ခုတင်ခြေရင်းရဲ့ နံရံထောင့်မှာ အပေါက်နှစ်ပေါက် တွေ့ရလိမ့်မယ်'



ဟိုတိုက်ချုံးသည် အိမ်ဖော်တပည့်များပင် မခေါ်တော့ဘဲ သူကိုယ်တိုင် ခုတင်ခြေထောက်တစ်ဘက်ကို ညာလက်ဖြင့် မြှောက်လိုက်ရာ ခုတင်ကြီးနှင့်အတူ ပန်းဆုပါ မြှောက်တက်သွားလေ၏။ သူက ခုတင်ခြေရင်းနံရံသို့ ကြည့်လိုက်သောအခါ ခုတင်ခြေရင်းနံရံတွင် ကျန်းဟူကျင်း ပြောသည့်အတိုင်း အပေါက်နှစ်ပေါက်ရှိနေသည်ကို တွေ့ရလေ၏။ ထိုအခါ ဟိုတိုက်ချုံးက ဒေါသတကြီးဖြင့်...

'ယမ်းမှုန့်တွေ မြန်မြန်ယူလာခဲ့ကြစမ်း၊ ဒီမြွေတွေကို ကြပ်နိုးတိုက်ပစ်မယ်၊ ထွက်လာရင် အသေသတ်မယ်' ဟု ဆိုလေ၏။ ကျန်းဟူကျင်းက လက်ခါယမ်း၍...

'မလုပ်နဲ့...မလုပ်နဲ့၊ ဒီကောင်တွေ ထွက်ပြေးသွားရင် ခက်လိမ့်မယ်၊ ဒီကောင်တွေကို အရှင်မိမှ ဒေါ်လေးရဲ့အဆိပ်ကို ကုနိုင်မှာဗျ'

ဟိုတိုက်ချုံးက အံ့အားသင့်လျက်...

'ဘယ်လိုလဲ ညီလေး...၊ ငါနားလည်အောင်လဲ ရှင်းပြစမ်းပါဦး'

ကျန်းဟူကျင်းသည် အပြင်ဘက်ပန်းခြံထဲမှ ပန်းပင်တစ်ပင်ကို လက်ညှိုးထိုး၍...

'ဟောဟို...ပန်းခြံထဲက အနီရောင်အပင်ရှစ်ပင်ကို တွေ့တယ် မဟုတ်လား၊ အဲဒီအပင်ကို နှုတ်ခမ်းနီ ပန်းပင်လို့ ခေါ်တယ်၊ အဲဒီ နှုတ်ခမ်းနီပန်းကြောင့် ခုလို ဖြစ်ရတာဗျ'

www.burmeseclassic.com

www.burmeseclassic.com



ဟိုတိုက်ချုံးအံ့အားသင့်လျက်...

'ဘယ်နှယ်...ဘယ်နှယ်၊ အဲဒီအပင်ကို နတ်ခမ်းနီ ပန်းပင်လို့ ခေါ်တယ်လား၊ ငါတော့ မသိပါဘူးကွာ၊ သူငယ်ချင်းတစ်ယောက်က ငါ ပန်းစိုက် ဝါသနာပါမှန်းသိလို့ ဒီအပင်ရှစ်ပင်ကို ဆီးရိုနယ်က တောင် ယူလာခဲ့ပေးတာကွ၊ အနံ့လဲမွှေးတယ်၊ အပွင့်လဲ လှတယ် ဆိုတော့ ငါလဲ လက်ခံလိုက်တာပေါ့'

'ဒီအပင်ရဲ့ အပွင့်အရွက်တွေကတော့ ဘာမှ မဖြစ်ပါဘူး၊ ဒါပေမယ့် သူ့အမြစ်ကတော့ အဆိပ်ရှိတယ်၊ ဒီဒေါ်လေးကို ကိုက်လိုက်တဲ့ မြွေနှစ်ကောင်က အဖိုနဲ့ အမ ခင်ဗျ...၊ သူတို့က အဆိပ်တွေကို သိပ်ကြိုက်တာ၊ ဒါကြောင့် ဒီအပင်ရဲ့ အမြစ်က အဆိပ်တွေကို စားတယ်၊ အဲဒီလို စားပြီးရင်အနီးဆုံးမှာရှိတဲ့ သတ္တဝါ တစ်ကောင်ရဲ့ ကိုယ်ခန္ဓာမှာ အဆိပ်တွေပြန်အန်ထုတ်လိုက်တယ်၊ အခုလဲ ဟောဒီ ဒေါ်လေးက ပန်းခြံနဲ့ ကပ်လျက် အခန်းမှာနေတော့ ဒီမြွေနှစ်ကောင် က အခန်းထဲကို ဝင်လာပြီး ဒေါ်လေးရဲ့ ခြေထောက်ကတစ်ဆင့် ဒီအဆိပ်တွေ ပြန်အန်ထုတ်လိုက်တာပဲ၊ အခု ကျွန်တော်တို့ ဒီမြွေတွေကို ဖမ်းပြီး သူ့ရဲ့ သည်းခြေကို ကျွေးလိုက်ရင် ဒေါ်လေးကိုယ်မှာရှိတဲ့ အဆိပ်တွေ ပြန်ကျလာလိမ့်မယ်'

ထို့နောက် ကျန်းဟူကျင်းသည် ဆေးနည်းအချို့ကိုရေးပြီး ဟိုတိုက်ချုံးလက်ထဲသို့ ပေးလိုက်၏။ ဟိုတိုက်ချုံးက ချက်ချင်းပင်



သူ့တပည့်တစ်ယောက်ကို လွှတ်၍ ထိုဆေးကို အမြန်ဆုံး သွားရှာခိုင်းလိုက်လေ၏။ ဆေးရလာသောအခါ ကျန်းဟူကျင်းက ဆေးကို အမှုန့်ကြိတ်ပြီး စက္ကူတစ်ချပ်တွင်တင်ကာ မြွေတွင်းအပေါက်ဝတွင် ချထား၏။ ပြီးနောက် စက္ကူကို စတင် မီးရှို့လိုက်လေသည်။ ခဏရှေးမနှောင်းမှာပင် မီးခိုးများအူထွက်လာပြီး မြွေတွင်းထဲသို့ စိမ့်ဝင်သွားလေ၏။

အားလုံး ကျန်းဟူကျင်း၏ လုပ်ပုံ ကိုင်ပုံကိုသာ ငြိမ်သက်စွာ ကြည့်နေမိကြလေ၏။ ထိုစဉ် အရောင် တဝင်းဝင်း တောက်ပနေသော ရှစ်လက်မခန့် ရှည်သည့် မြွေနှစ်ကောင် တွင်းနှစ်ခုထဲမှ ထွက်လာလေ၏။ မြွေနှစ်ကောင်သည် ဆေးငွေ့ကြောင့် မူးယစ် နေဟန်ရှိလေ၏။

ကျန်းဟူကျင်းက ရတ်တရက် မြွေနှစ်ကောင်အနားသို့ ကပ်၍ဆတ်ခနဲ ဖမ်းယူလိုက်လေ၏။ ဟိုတိုက်ချုံးသည် ကျန်းဟူကျင်းက မြွေနှစ်ကောင်အား ဖမ်းမိသည်ကို သိသောအခါ လွန်စွာ ဝမ်းသာသွားလေ၏။ ကျန်းဟူကျင်းသည် ချက်ချင်း ဓားတစ်ချောင်းဖြင့် မြွေ၏ ဝမ်းဗိုက်ကို ခွဲ၍ သည်းခြေကို ပန်းဆုအား ကျွေးလိုက်လေ၏။ ပြီးနောက်သူသည် ဆေးနည်းတစ်မျိုးကို ဖော်စပ်၍ ဆက်လက်တိုက်ကျွေးလိုက်ပြန်၏။ နောက်ဆုံးတွင် ကျန်းဟူကျင်းက...

'ဒီဆေးနည်းအတိုင်း ဆက်ပြီး သောက်သွားရင်တော့ ဒေါ်လေးရဲ့ ကိုယ်ထဲမှာ ရှိတဲ့ အဆိပ်ဟာ လုံးဝ ပျောက်သွားမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ ဆယ်ရက်ခန့် ကြာသောအခါ ပန်းဆုမှာ လူကောင်းပကတိဖြစ်သွားပြီး ဖော့ရောင်နေသော မျက်နှာမှာလည်း ပြေလျော့သွားပြီး နဂိုအတိုင်းပြန်လည် ဝင်းစိုလာပလာလေတော့သည်။

✦ ◇ ✦ ◇ ✦

ဟိုတိုက်ချုံးသည် ပန်းဆုရောဂါ ပျောက်ကင်းသွားသော အထိမ်းအမှတ် အဖြစ် ကျန်းမာပွဲကျင်းအား အရက်ဝိုင်းဖြင့် ဂုဏ်ပြုညှော်ခံလေ၏။

ထန်ချွန်းသည် သူ့မဆရာ ပျော်ရွှင် ဝမ်းသာနေချိန်ကို အခွင့်ကောင်းယူ၍ 'ဆူးစီ' အား တပည့်အဖြစ် လက်ခံရန် ပန်ကြားလိုက်လေသည်။ ဟိုတိုက်ချုံးက တဟားဟားရယ်၍...

'ထန်ချွန်းရေ... မင်းအကြံက တယ်ကောင်းပါလား၊ ငါသာ ဆူးစီကို တပည့်အဖြစ် လက်ခံလိုက်ရင် သူ့ အရင်တုန်းက ငါ့ ဓားသိုင်းပညာကို ခိုးကြည့်တဲ့အပြစ်တွေ အလိုအလျောက် ပျက်ပြယ်သွားမယ် မဟုတ်လား'

ထန်ချွန်းကလည်း ပြန်လည်ရယ်မော၍...



'ဆရာ... တကယ်လို့ ဆူးစီကသာ ဆရာ့ဓားသိုင်းကို ခိုးမကြည့်ရင် ဟောဒီ မောင်လေးကျန်းမာပွဲကျင်းနဲ့ တွေ့မှာမဟုတ်ဘူး၊ ဒီတော့ ဆရာကတော်လည်း ရောဂါ ပျောက်ကင်းမှာ မဟုတ်ဘူး၊ ဒါကြောင့် ဆူးစီကိုပဲ ကျေးဇူးတင်ရမှာပဲ ဆရာ'

ထိုအခါ ပန်းဆုက ကြားဝင်၍...

'ရှင့် တပည့်တွေထဲမှာ တစ်ယောက်မှ အားမကိုးရဘူး၊ အခု ထန်ချွန်းက ဒီဆူးစီဆိုတဲ့လူကို မျက်စိကျနေတဲ့နောက်တော့ ဆူးစီကို တပည့် အဖြစ် လက်ခံလိုက်ရုံပေါ့၊ မပြောနိုင်ဘူးလေ၊ ဒီ နောက်ဆုံး တပည့်ဟာ အားအကိုးရဆုံး ဖြစ်ချင်ဖြစ်နေမှာ၊ မဟုတ်ဘူးလား'

ဟိုတိုက်ချုံးသည် ဇနီးလေးပန်းဆုကိုပင် အချစ်ဆုံး အရေးအပေးဆုံးဖြစ်ရာ သူက ချက်ချင်း သဘောတူလိုက်လေ၏။

'ကောင်းပြီလေ... ဆူးစီကို ငါ တပည့်အဖြစ် လက်ခံလိုက်ပါ့မယ်၊ ဒါပေမယ့် စည်းကမ်းချက် တစ်ခုတော့ ထားရလိမ့်မယ်'

'ဘာစည်းကမ်းလဲ'

ဟိုတိုက်ချုံးက မျက်နှာထားတည်တည်ဖြင့်...

'သူဟာ ငါ့တပည့်အဖြစ် လုပ်ချင်လုပ်လို့ရမယ်၊ ဒါပေမယ့် ငါ့တပည့်မလေး ထန်ချွန်းကိုတော့ လက်ထပ်ဖို့ မကြိုးစားရဘူး၊ ဒီအချက်ကိုတော့ တင်းတင်းကျပ်ကျပ် စည်းကမ်းသတ်မှတ်ထားရလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ထန်ချွန်း၏မျက်နှာမှာ ပန်းသွေးရောင်ယှက်သန်းသွားပြီး ဦးခေါင်းကိုလည်း ငုံ့လိုက်မိ၏။ ထိုအခါ ပန်းဆုက တခစ်ခစ် ရယ်ရင်း...

'အမယ်လေး... ဒီဆရာကလဲ တယ်ကြောက်စရာ ကောင်းပါလား၊ ကိုယ်တိုင်တော့ ယူလိုက်တဲ့ မိန်းမတွေ နံပါတ်တောင် မရေတွက်နိုင်ဘူး၊ တပည့်ကျတော့ မိန်းမ မယူရဘူးတဲ့၊ ဘယ် တရားပါ့မလဲ ဆရာကြီးရယ်၊ စဉ်းစဉ်းစားစားလဲ လုပ်ပါဦး'

အမှန်မူ ဟိုတိုက်ချုံးသည် သူ့တပည့်မ ထန်ချွန်းအား ကျီစယ်လိုက်ခြင်းသာ ဖြစ်ပါ၏။ သူက တဟားဟားရယ်ရင်း...

'ဆရာကြီးဆိုတော့ ဘာစည်းကမ်းထုတ်ထုတ် တရားတာပဲပေါ့၊ မဟုတ်ဘူးလား ထန်ချွန်း၊ ကဲ ထန်ချွန်းရေ... ရှက်မနေနဲ့တော့ဟေ့၊ မြိန်မြိန်ယှက်ယှက် ပျော်ပျော်ပါးပါး စားသောက်ကြပေတော့'

ဟု ပြောလိုက်လေ၏။

ထိုစဉ်မှာပင် အိမ်ဖော်မလေးတစ်ယောက် ဝင်လာလေ၏။ သူမ၏ လက်ထဲတွင် အရက်ကရားတစ်လုံးကို ကိုင်ထားပြီး လူတိုင်းကိုယ်စီအား အရက်တစ်ခွက်စီ ငှဲ့ပေးလေ၏။ ဟိုတိုက်ချုံးက ကျန်းဟူကျင်းအား...

'ညီလေး... ဟောဒီ အရက်က ငါတို့ ခွန်းလွန်တောင်က ထွက်တဲ့ များအရက်စစ်စစ်ပဲကွယ့်၊ အပြင်မှာ လုံးဝ မရနိုင်ဘူး၊ ကဲ မြည်းစမ်း ကြည့်စမ်း'





ကျန်းဟူကျင်းက အရက်ကို မြည်းစမ်း မကြည့်မီ ရနံ့ကိုသာ ဦးစွာ ရှူရှိုက်ကြည့်လိုက်၏။ ရနံ့က သင်းပျံ့မွှေးကြူ နေ၏။ သို့သော် သာမန် မွှေးကြူသင်းပျံ့နေပုံနှင့် တော့ဘဲ ထူးဆန်းသော ရနံ့တစ်မျိုး ရောစွက်နေသည်ဟု သူသိလိုက်၏။ ထို့ကြောင့် အရက်ငှဲ့ပေးသော အိမ်စေများအား ရပ်နိုင်းလိုက်ပြီး ကြောင်တစ်ကောင်ကို ချက်ချင်း သွားယူစေလိုက်၏။

မကြာမီကြောင်တစ်ကောင်ကို ထွေးပိုက်လျက် အိမ်စေမလေး ပြန်ဝင်လာ၏။ ထိုအခါ ကျန်းဟူကျင်းက ဟိုတိုက်ချုံးရှေ့တွင်ပင် ကြောင်ကို အရက်တိုက်လေ၏။ အရက်ဝင်ပြီး မရှေးမနှောင်းမှာပင် ကြောင်သည် တခွီးခွီးအော်ကာ ရုတ်တရက် ထခုန်ပြီး တစ်ချက်မျှ တွန့်လိမ်ကာ အသက်ထွက်သွားလေ၏။ ထိုအချင်းအရာကို မြင်သောအခါ ပန်းဆုသည် ထိတ်လန့်သွား၏။ နှုတ်မှလည်း...

'ဟင်... လက်စသတ်တော့ အရက်ထဲမှာ အဆိပ်တွေပါနေပါလား၊ ဘယ်သူများ ကျွန်မတို့ကို လုပ်ကြဖို့ ကြိုးစားနေပါလိမ့်'

ကျန်းဟူကျင်းက လေသံအေးအေးဖြင့်...

'ကျွန်တော် အနံ့ရလိုက်လို့ တော်သေးတာပေါ့၊ နို့မဟုတ်ရင် ဒုက္ခ'

ထိုစဉ် ဟိုတိုက်ချုံးက အိမ်စေမလေးလက်ကို ဆတ်ခနဲ ဆွဲ၍...

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့... မှန်မှန်ပြောစမ်း၊ ဒီအရက်ကို ငါတို့ဆီ ဘယ်သူယူလာခိုင်းတာလဲ' ဟု မေးလေ၏။

အိမ်စေမလေးမှာ တစ်ကိုယ်လုံး တုန်ယင်သွားပြီး ကြောက်ရွံ့ တုန်လှုပ်စွာဖြင့်...

'ကျွန်မ...မသိဘူး၊ ကျွန်မ စားသောက်ခန်းထဲက ယူလာတာပါ'

'စားသောက်ခန်းထဲမှာ ဘယ်သူ ရှိသလဲ'

အိမ်စေမလေးက ပို၍ တုန်လှုပ်သွားပြီး...

'စားသောက်ခန်းထဲမှာ ဆရာကတော်ကြီး ရှိပါတယ်'

'သူ ဘာလုပ်နေသလဲ'

'အရက်အိုးအဖုံးကို ဖွင့်ပြီး အရက်နဲ့ ခံနေတာ တွေ့ပါတယ်'

'ဟင်...'

ဟိုတိုက်ချုံး၏ မျက်လုံးအစုံ ပြူးဝိုင်းသွား၏။

ပန်းဆုနှင့်ထန်ချွန်းတို့လည်း တစ်ဦးကိုတစ်ဦး ကြည့်လိုက်မိကြ၏။ ကျန်းဟူကျင်းက...

'ကျွန်တော် အစကတည်းက မသင်္ကာဘူး ဆရာကြီး၊ ဘာကြောင့်လဲ ဆိုတော့ ဒီလိုအဆိပ်စားတဲ့ မြွေမျိုးက သိပ်ရှားတာ ခင်ဗျ။ ဘယ်နဲ့လုပ်ပြီး ဒီမြွေမျိုးတွေ ဒီပန်းခြံထဲ ရောက်လာပါလိမ့်လို့ စိတ်ထဲ မသိုးမသန့် ဖြစ်နေခဲ့တယ်လေ၊ အင်း... လက်စသတ်တော့ ဒီလိုကိုး'



ထိုအခိုက် အခန်းထဲသို့ လူနှစ်ယောက် ရုတ်တရက် ဝင်လာ၏။ တစ်ချိန်တည်းတွင်ပင်...၊ ကျန်းဟူကျင်း၏ ရင်ဘတ်ထဲတွင် အောင့်သွားပြီး အကြောထိုးပိတ် ခံလိုက်ရ၏။ ပြီး ကျယ်လောင်စူးရှသော အသံတစ်သံပါ ပေါ်ထွက်လာလေ၏။

'ဟုတ်တယ်...၊ နင်တို့ကို အဆိပ်ခတ်တာ ငါပဲ၊ ကဲ... နင်တို့ ဘာလုပ်ချင်သလဲ'

ထိုစကားကို ပြောလာသူမှာ ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းတောင့်တင်းသော မိန်းမတစ်ဦး ဖြစ်နေ၏။ ထို မိန်းမ၏ မျက်လုံးက အရောင်တဝင်းဝင်း ရွှန်းတောက်နေပြီး မျက်နှာအမူအရာမှာ လွန်စွာ ခက်ထန်နေလေ၏။

အားလုံးငေးကြောင်၍ ကြည့်နေမိစဉ် ထိုမိန်းမက ဟိုတိုက်ချုံးအား...

'ဟဲ့... ဟိုတိုက်ချုံး အရက်ထဲ အဆိပ်ခတ်လိုက်တာ ငါပဲလေ၊ နင် ဘာလုပ်ချင်လဲ' ဟု မေးပြန်၏။

ဟိုတိုက်ချုံးသည် ထိုမိန်းမကို ကြောင်အမ်းအမ်းဖြင့် ကြည့်နေမိသကဲ့သို့ ပန်းဆုလည်း ကြောက်ရွံ့သော အမူအရာဖြင့် ငေးကြည့်နေမိလေ၏။ မတန်ကြာမှပင် ပန်းဆုသည် မတ်တတ်ရပ်၍ ထိုမိန်းမအား အရိုအသေ ပေးပြီး...

'မမ' ဟု ခေါ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ထိုမိန်းမသည် ဟိုတိုက်ချုံး၏ ပထမမယားကြီး 'ဈူးရှင်' ပင် ဖြစ်ပါ၏။

စင်စစ် ဈူးရှင်သည် သိုင်းပညာတွင် ဟိုတိုက်ချုံးထက် သာပုံရ၏။ ထို့ကြောင့်လည်း ဟိုတိုက်ချုံးသည် နှုတ်လှန်၍ပင် မပြောဝံ့ဘဲ၊ ကြောင်အမ်းအမ်း ဖြစ်နေဟန် တူပါ၏။

မှန်သည်။ ဟိုတိုက်ချုံးသည် ဈူးရှင်အား လွန်စွာ ကြောက်ရွံ့ရသူ ဖြစ်၏။ သို့သော် လွန်စွာ ကြောက်ရွံ့ရသည့်ကြားကပင် မိန်းမတစ်ယောက်ပြီး တစ်ယောက် ထပ်ယူလေ၏။ အကြောင်းပြချက်ကား သားသမီး မထွန်းကားသောကြောင့် ဟု ဆို၏။ သူသည် မိန်းမတစ်ယောက်ကို ထပ်၍ ယူပြီးတိုင်းပင် ဈူးရှင်အား ထပ်ဆင့်၍ ကြောက်ရွံ့လာရလေ၏။ ယခုလည်း ဟိုတိုက်ချုံးသည် ဈူးရှင်ကိုသာ ကြောက်ရွံ့သော အမူအရာဖြင့် ကြည့်ရင်း နှုတ်အ,နေလေပြီ။ ထိုအခါ ဈူးရှင်က...

'ဟဲ့...ဟိုတိုက်ချုံး ငါ နင့်ကို မေးနေတယ်လေ၊ နင်တို့က အဆိပ်ခတ်သတ်ဖို့ လုပ်တာ ငါ၊ နင် ဘာလုပ်ချင်သလဲလို့ ငါ မေးနေတယ်'

ဟိုတိုက်ချုံးသည် ဈူးရှင်အား မျက်နှာချိုသွေး၍ ကြည့်လိုက်၏။ ပြီးမှ...



'မင်းက လုပ်လိုက်ရင် အရှမ်းချည်းပဲကွာ၊ ဒီသူငယ်ကို မင်းသဘောမကျတာနဲ့ တို့ကိုပါ အဆိပ်ခတ်တာတော့ မကောင်းဘူး၊ ငါတို့ အသိစောသွားလို့ တော်သေးတာပေါ့၊ နို့မို့ရင် ဒုက္ခမှ တကယ့်ဒုက္ခပဲ'

'အို... အခန်းထဲမှာ ရှိတဲ့လူတွေ တစ်ယောက်မှ မကောင်းဘူး၊ အကုန်လုံး သေကုန်မှ အေးမယ်'

'ဈူးရှင်' က စကားအဆုံးတွင် အရက်ကရားကို လှုပ်ကြည့်လိုက်၏။ အရက်ကရားတွင် အရက် တစ်ဝက်မျှ ကျန်သေးသည်ကို တွေ့ရ၏။

ဈူးရှင်သည် အရက်အားလုံးကို ခွက်လွတ်ထဲတွင် အပြည့်ငှဲ့ထဲ့ပြီးနောက် ဟိုတိုက်ချုံးရှေ့သို့ ချလိုက်၏။ ပြီးလျှင်...

'ကဲ...မင်းတို့ထဲက တစ်ယောက်ယောက် ဒီအဆိပ်အရက်ကို အခုသောက်ရမယ်၊ ဘယ်သူ သောက်ရမယ်ဆိုတာတော့ မင်းတို့ဘာသာ ဆုံးဖြတ်ကြ'

ဈူးရှင်က ပြောပြောဆိုဆို ဓားကို ဆွဲထုတ်ပြီး လက်ထဲတွင် အဆင့် ကိုင်ထားလိုက်၏။

စင်စစ် ဈူးရှင်သည် ငယ်စဉ်ကပင် ဟိုတိုက်ချုံးနှင့် ဂိုဏ်းတူဖြစ်၏။ သို့သော် သိုင်းပညာကိုမူ ဟိုတိုက်ချုံး အရင်တတ်မြောက်ထားပြီး အသက်အရွယ်လည်း ဟိုတိုက်ချုံးထက် ကြီးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမသည် ဟိုတိုက်ချုံးအပေါ် ငယ်နိုင်လို ဖြစ်ခဲ့၏။

ဟိုတိုက်ချုံးသည် အရက်ခွက်ကို ကြည့်လိုက်၊ ရှူးရှင်ကို ကြည့်လိုက်နှင့် ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေလေ၏။ ထိုစဉ် သူ့ခေါင်းထဲသို့ အတွေး တစ်ခု ဝင်လာ၏။

'ငါ ဒီအရက်ကို မသောက်ဘူး၊ ပန်းဆုနဲ့ ထန်ချွန်းလည်း သောက်ကြမှာ မဟုတ်ဘူး၊ ဟူကျင်းလည်း ငါ့ရဲ့ ကျေးဇူးရှင် ငါ့မိန်းမရဲ့အသက်ကို ကယ်ခဲ့တဲ့လူ၊ အင်း...ဟိုကလေးမလေး တစ်ယောက်ပဲ ငါတို့နဲ့ ဘာမှ မပတ်သက်တာ၊ ကျေးဇူးခံ ကျေးဇူးစားမရှိတာ'

သို့ဖြင့် ဟိုတိုက်ချုံးသည် အဆိပ်အရက်ကို ရန်ဝေ၏ ရှေ့သို့ တိုးပေးလိုက်၏။ နှုတ်မှလည်း...

'ကလေးမလေး ဒီအရက်ကို သောက်လိုက်' ဟု ဆို၏။

ရန်ဝေလည်း ထိတ်လန့်စွာ နောက်သို့ ဆုတ်လိုက်မိ၏။

အဘယ်ကြောင့်ဟူမူ စောစောက သူမရှေ့တွင်ပင် ဤ အရက်ကို သောက်မိသော ကြောင်ကြီးသည် အသက်ထွက်သွားသည်ကို မြင်ခဲ့ရသည် မဟုတ်ပါလား။ ရန်ဝေသည် အရက်ခွက်ကို ရှုံ့ကြောက်စွာကြည့်ရင်း...

'ဟင့်အင်း...မသောက်ဘူး၊ မသောက်ဘူး၊ အရက်ထဲမှာ အဆိပ်ရှိတယ်၊ မသောက်ဘူး၊ ကျွန်မ မသောက်ဘူး' ဟု ငြင်းဆန်နေလေ၏။



ဟိုတိုက်ချုံးသည် ရန်ဝေ၏အကျီစကို အတင်းဆွဲထားပြီး အရက်ကို အတင်းတိုက်ရန် ပြုနေလေ၏။ ထိုစဉ် ကျွန်းဟူကျင်းက...

'ကျုပ် သောက်မယ်' ဟု အေးစက်စွာ ဆိုလေ၏။

ဟိုတိုက်ချုံးသည် ကျွန်းဟူကျင်းထံမှ မမျှော်လင့်သော စကားကို ကြားသော် တစ်ချက်မျှ တွန့်ဆုတ်သွား၏။ စိတ်ထဲမှလည်း အားတုံ့အားနာ ဖြစ်နေလေ၏။

ရှူးရှင်မှာမူ ပန်းဆုအား အဆိပ်ဖြင့် လုပ်ကြံရာတွင် မအောင်မြင်ခဲ့ခြင်းမှာ ကျွန်းဟူကျင်းကြောင့်ဟု သိထားသဖြင့် ကျွန်းဟူကျင်းအပေါ်တွင် လွန်စွာမုန်းတီးနေလေ၏။ ထို့ကြောင့် သူမက ဟိုတိုက်ချုံးအား အမိန့်ပေးသံဖြင့် ဆိုလေ၏။

'အဲဒီ ကောင်လေးကိုပဲ သောက်ခိုင်းလိုက်'

ထိုအချိန်တွင် ကျွန်းဟူကျင်းသည် အကြောပိတ်ခြင်း ခံထားရသော်လည်း ကိုယ်လုံးသာ မလှုပ်ရှားနိုင်သည့်တိုင် လက်များမှာမူ လှုပ်ရှားနိုင်သေး၏။ ထို့ကြောင့် သူက အရက်ခွက်ကို လှမ်းယူရင်း စိတ်ထဲမှ နာကျည်းစွာ ရေရွတ်မိလေ၏။

'ဟင်း... ငါက ဒီလူတွေရဲ့ အသက်ကို ကယ်ခဲ့တယ်၊ ဒါပေမယ့် ငါ အခုလို ဒုက္ခရောက်နေချိန်မှာတော့ ဒီလူတွေဟာ ငါ့ကို လက်ပိုက်ပြီး ကြည့်နေကြတယ်၊ ငါ့အတွက် တစ်ခွန်းတစ်လေအောင် ဝင်ပြီး ပြောပေးဖော် မရဘူး'

သူသည် အရက်ခွက်ကို ကိုင်ရင်းမှ ဟိုတိုက်ချုံးအား...

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီးဟိုတိုက်ချုံး၊ ကျုပ်မသေခင် တစ်ခုတော့ တောင်းဆိုချင်ပါသေးတယ်၊ ကျုပ်သေပြီးလို့ရှိရင် ဟောဒီ ကလေးမကို ခွန်းလွန်တောင်ကြီးရဲ့ ကျီစမ့်တောင်ထိပ်မှာနေတဲ့ သူ့အဖေဆီကို ရောက်အောင် ပို့ပေးပါ'

ဟိုတိုက်ချုံးက ခေါင်းညိတ်ပြ၏။ သို့သော် စိတ်ထဲမှာမူ...

'ဒီလောက် မြင့်မားရှည်လျားတဲ့ ခွန်းလွန်တောင်မကြီးထဲက ကျီစမ့်တောင်ထိပ် ဆိုတာကို ငါ ဘယ်လိုလုပ် ရှာနိုင်မှာလဲ'

ကျန်းဟူကျင်းသည် ဟိုတိုက်ချုံး၏ စိတ်မပါလှသော ခေါင်းညိတ်ပြခြင်းကို တွေ့သော် အမှန်ပင် စိတ်နာကျည်းသွားမိ၏။ သို့ရာတွင် မထူးတော့ပြီကို သိသဖြင့် အရက်ခွက်ကိုသာ မြှောက်တင်ပြီး မော့ချလိုက်လေတော့၏။ ထိုအခါ ရန်ဝေသည် ကျန်းဟူကျင်းအား မေ့ဖက်၍ ငိုကြွေးလေ၏။ စူးရှင်က...

'မင်းက ဆေးပညာ ဘယ်လောက်ပဲစွမ်းစွမ်း မင်းကိုမင်း ပြန်မကုနိုင်အောင် ငါ ဟောဒီလို လုပ်လိုက်မယ်' ဟု ပြောပြီး ကျန်းဟူကျင်း၏ ခြေကြောလက်ကြောများကိုပါ ထိုးပိတ်လိုက်၏။

ပြီးလျှင် ဟိုတိုက်ချုံး၊ ပန်းဆု၊ ထန်ချွန်း၊ ရန်ဝေတို့၏ အကြောများကိုပါ ဆက်တိုက်ထိုးပိတ်လိုက်လေတော့၏။ ထိုသို့ ပြုပြီးလျှင် စူးရှင်က...



'နောက်နှစ်နာရီကြာမှ မင်းတို့ကို ငါ လာပြီး အကြောဖြေပေးမယ်' ဟု ပြောပြီး ခနဲ့ပြုံး တစ်ချက်ပြုံး၍ ထွက်ခွာသွားလေတော့၏။

ထိုအချိန်တွင် ကျန်းဟူကျင်း၏ဗိုက်ထဲသို့ အဆိပ် အရက်များရောက်ရှိသွားပြီ ဖြစ်၏။ ထို့ကြောင့် ကျန်းဟူကျင်း၏ဗိုက်ထဲတွင် အပ်ဖြင့် ထိုးစိုက်ခံနေရသကဲ့သို့ နာကျင်စွာ ခံစားနေရလေ၏။ ထိုသို့ နာကျင်စွာ ခံစားနေရစဉ် စူးရှင် ပြန်လည်ထွက်ခွာသွားသည်ကို မြင်သော် စိတ်ထဲမှ...

'ဟင်း... မင်း အခုလို ထွက်သွားရင် ငါ မသေနိုင်သေးပါဘူး' ဟု ရေရွတ်ပြီး သူ့ မွေးစားဖခင် သင်ပေးသော သိုင်းပညာဖြင့် ပိတ်နေသော အကြောများကို ပြန်၍ ပြေအောင် လုပ်လိုက်၏။ ပိတ်နေသော အကြောများ ပြေသွားသည်နှင့် ကျန်းဟူကျင်းသည် သူ့ လည်ချောင်း အတွင်းသို့ လက်ညှိုးဖြင့်ထိုး၍ ဗိုက်ထဲမှ အဆိပ် အရက်များကို အန်ထုတ်လိုက်၏။ ပြီးလျှင် ငွေအပ်ချောင်းများကို ထုတ်၍ အဆိပ်ကြွင်း အဆိပ်ကျန်များ ကျန်မနေရစ်အောင် ထိုးစိုက်ကုသလိုက်လေ၏။ မကြာမီမှာပင် ကျန်းဟူကျင်းသည် အဆိပ်များ ပြေပျောက်ပြီး လူကောင်းပကတိ ပြန်ဖြစ်လာလေ၏။

ဟိုတိုက်ချုံးတို့သည် အကြောများ အပိတ်ခံထားရသည့်ကြားမှ ကျန်းဟူကျင်းတစ်ယောက် ကောင်းမွန်စွာ ပြန်လည်လှုပ်ရှားနိုင်သည်ကို မြင်သော် လွန်စွာ အံ့ဩတုန်လှုပ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအခိုက်မှာပင် ကျန်းဟူကျင်းသည် ရန်ဝေ၏ စိတ်နေသော အကြောင်းများကို ဖြေလိုက်၏။ သို့သော် ရှူးရှင်က အဘယ်သို့သော အကြောင်းပိတ်နည်းဖြင့် ထိုးပိတ်လိုက်၍တော့ မသိ။ ရန်ဝေ၏ အကြောင်းကိုမူ ဖြေ၍မရရှာပေ။ သို့သော် ကျန်းဟူကျင်းသည် မတတ်သာသည့်အဆုံးတွင် ရန်ဝေအားပွေ့ချီ၍ ပြတင်းပေါက်အပြင်သို့ ချလိုက်ပြီးလျှင် သူပါ ခုန်ထွက်ရန် ပြုလိုက်လေ၏။

ထိုစဉ်တွင်ပင် ဟိုတိုက်ချူးသည် ကျန်းဟူကျင်းတို့ ထွက်ပြေးတော့မည်ကို မြင်သော် လွန်စွာ ပူပန်သွား၏။ အဘယ်ကြောင့်မူ သူ့မယားကြီး 'ရှူးရှင်' ပြန်လာလျှင် သူ့အပေါ်တွင် အပြစ်ပုံချမည်ဖြစ်ပြီး၊ နောက်တစ်ကြောင်းမှာလည်း ဤသူငယ်သည် သူတို့၏ ခွန်းလွန်ဂိုဏ်းမှ ဤသို့ အလွယ်တကူ ထွက်ပြေးသွားနိုင်ခဲ့လျှင် သူတို့ ခွန်းလွန်ဂိုဏ်းမှာလည်း နာမည်ပျက်မည် မဟုတ်ပါလား။ ထို့ကြောင့် ဟိုတိုက်ချူးသည် အကြောင်းများ ပိတ်ထားသည့်ကြားမှ သူ့မယားကြီး 'ရှူးရှင်'အား ခေါ်ရန် ပါးစပ် ဟလိုက်၏။ ထိုစဉ် ကျန်းဟူကျင်းက သူ့ ပါးစပ်ထဲသို့ လွန်စွာ အနံ့အသက်ဆိုးသော ဆေးတစ်လုံး ပစ်ထည့်လိုက်ပြီး သူ့အား...

'ဒီဆေးလုံးက အဆိပ်ဆေးလုံးပဲ ဆရာကြီး၊ နောက်ဆယ်နှစ်နာရီလောက်ကြာရင် အဆိပ်တက်ပြီး သေရလိမ့်မယ်၊ ကျွန်တော်က ဖြေဆေးကို ဟောဒီနေရာနေ မိုင်နှစ်ဆယ်လောက် ဝေးတဲ့



သစ်ပင်ကြီးတစ်ပင်မှာ အမှတ်အသားနဲ့ ထားခဲ့မယ်၊ သုံးနာရီကျော်ရင် ဆရာကြီးက လူလွှတ်ပြီး လာယူနိုင်ပါတယ်၊ တကယ်လို့သာ ကျွန်တော် တစ်ခုခု ဖြစ်ရင်တော့ ဆရာကြီးလဲ သေမှာပဲ'

ဟိုတိုက်ချူးမှာ ကျန်းဟူကျင်းစကားကြောင့် မကြဲတတ်မစည်တတ်အောင် ဖြစ်သွား၏။

'ညီလေး.. မင်း ဒီနေရာကနေ လွယ်လွယ်နဲ့ ထွက်သွားနိုင်မှာ မဟုတ်ဘူး' ဟု ခြိမ်းခြောက်လိုက်၏။ ကျန်းဟူကျင်းက ခနဲ့ပြုံးတစ်ချက်ပြုံး၍...

'ကျွန်တော့်အဆိပ်ကလဲ ဖြေနိုင်တဲ့လူ မရှိပါဘူး' ဟု ပြန်ပြောလေ၏။ ထိုအခါ ဟိုတိုက်ချူးက လေသံပျော့ဖြင့်...

'အခု မင်း ငါ့ကို အကြောဖြေပေးရင် ငါကိုယ်တိုင် မင်းကို ခေါ်ထုတ်သွားမယ်' ဟု ဆိုပြန်၏။ ကျန်းဟူကျင်းက...

'ဆရာကြီး ဖနီးပိတ်ထားတဲ့ အကြောကို မဖြေနိုင်ဘူး' ဟု ပြန်ဖြေ၏။ ဟိုတိုက်ချူးက...

ငါ့ကို လက်ဖက်ရည်ကြမ်းတစ်ခွက် ယူပေးစမ်းပါ' ဟု ဆိုပြန်ရာ ကျန်းဟူကျင်းက နားမလည်တတ်အောင် ဖြစ်သွားလေ၏။

သို့ရာတွင် ဟိုတိုက်ချူး၏ ဆန္ဒအတိုင်း လက်ဖက်ရည်ကြမ်းတစ်ခွက် ယူ၍ ဟိုတိုက်ချူးအား ပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတိုက်ချုံးသည် ကျန်းဟူကျင်းအား သူ့ပါးစပ်ထဲသို့ လက်ဖက်ရည်ကြမ်းများ လောင်းထည့်နိုင်းပြီး ပိတ်နေသော အကြောများကို မှန်း၍ ထိမှန်အောင် တအား မှုတ်ထုတ်လိုက်၏။ ထိုအခါ ပိတ်နေသော အကြောများ ချက်ချင်း ပွင့်သွားလေတော့၏။

ကျန်းဟူကျင်းသည် ထိုအခြင်းအရာကို မြင်သော် လွန်စွာ အံ့သြသွား၏။ အမှန်မှ ကျန်းဟူကျင်းသည် ဤစွန်းလွန်ကိုဏ်းကို ရောက်ကတည်းကပင် ဟိုတိုက်ချုံးအား အထင့်သေးခဲ့၏။ ယခု ပထမဆုံးအကြိမ် ဟိုတိုက်ချုံး၏သိုင်းပညာကို လက်တွေ့ကျကျ မြင်ရသော် ရင်ထဲတွင် တုန်လှုပ်သွား၏။ စိတ်ထဲမှလည်း...

'တကယ်လို့သာ ငါ့ရင်ဘတ်ဆီကို သူချိန်ပြီး မှုတ်လိုက်ရင် ငါ့အသက်ထွက်သွားမှာ သေချာတယ်' ဟု တွေးလိုက်မိ၏။

ဟိုတိုက်ချုံးသည် ထိုသို့ပြု၍ တစ်ကိုယ်လုံး လှုပ်ရှားသွားလာနိုင်သည်နှင့် ရန်ဝေ၏ အကြောကို ဖြေပေး၏။ ထို့နောက်တွင်မူ သူသည် ရန်ဝေနှင့် ကျန်းဟူကျင်းတို့ကို ခေါ်၍ ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာလာခဲ့လေတော့၏။

✣ ✣ ✣ ✣ ✣



သူတို့သည် အချိန်အနည်းငယ်အတွင်းမှာပင် အတော်ဝေးဝေးနေရာသို့ ရောက်လာခဲ့ကြ၏။ ထိုစဉ် အနောက်ဘက် အလွန်ဝေးသော အရပ်ဆီမှ စူးရှစွာ အော်ဖြောလိုက်သော မိန်းမအသံတစ်သံကို ကြားလိုက်ရလေ၏။

'ဟိုတိုက်ချုံး...ရပ်လိုက်စမ်း'

ဟိုတိုက်ချုံးသည် လျင်မြန်စွာ ခရီးနှင်နေရာမှ ထိုအသံကို ကြားသည်နှင့် ခြေလှမ်းများ တန့်ရပ်သွား၏။ အသံကလည်း အနားမှာလိုလို အဝေးမှာလိုလို ပဲ့တင်ဟိန်းနေလေ၏။ မှန်သည်။ အသံရှင်သည် ဟိုတိုက်ချုံးလွန်စွာ ကြောက်ရွံ့ရသော 'စူးရှင်' ၏ အသံပင် ဖြစ်ပါ၏။

ဟိုတိုက်ချုံးက လေးပင်သော သက်ပြင်းကို ချ၍ ကျန်းဟူကျင်းအား...

'ကဲ...မင်းတို့ကိုတော့ ဒီထက်ဝေးအောင် ငါ ခေါ်မပြေးနိုင်တော့ဘူး၊ မင်းတို့ဘာသာပဲ မင်းတို့ မြန်မြန်လွတ်အောင် ပြေးပေတော့'

ထိုအခါ ကျန်းဟူကျင်းက...

'ဒီလူ စိတ်ကောင်းတော့ ရှိသားပဲ' ဟု ရေရွတ်ပြီး...

'ဆရာကြီး ပြန်သွားပါတော့၊ ကျွန်တော် ဆရာကြီးကို ကျွေးလိုက်တဲ့ဆေးလုံးက တကယ်တော့ အဆိပ်အစစ် မဟုတ်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ကုန်ခဲ့တဲ့ရက်တွေက ရန်ဝေ ချောင်းဆိုးနေလို့ သူ့ကိုတိုက်ဖို့ ကျွန်တော် ဖော်စပ်ထားတဲ့ ဆေးတစ်မျိုးပါ၊ အဲဒီဆေးနဲ့ ကျွန်တော်က ဆရာကြီးကို ချောက်ထားလိုက်တာပါ' ဟု ဆိုလေ၏။

ထိုစကားကို ကြားသော် ဟိုတိုက်ချုံး လွန်စွာ ဒေါသ ထွက်သွား၏။ နှုတ်မှလည်း မယုံကြည်ဟန်ဖြင့်…

'တကယ်ပြောတာလား' ဟု ကျန်းဟူကျင်းအား မေးလေ၏။

'တကယ်ပါ၊ အဆိပ် မဟုတ်ပါဘူး၊ ချောင်းဆိုးပျောက်ဆေးပါ'

ကျန်းဟူကျင်းအား ဟိုတိုက်ချုံးက ဒေါသမျက်လုံးဖြင့် စိုက်ကြည့်လိုက်စဉ်မှာပင် ဈူးရှင်၏ အသံမှာ ပို၍ နီးလာလေ၏။

စင်စစ် ဟိုတိုက်ချုံးသည် ကျန်းဟူကျင်းတို့နှစ်ဦးအားခေါ်၍ ထွက်ပြေးခဲ့ခြင်းမှာ စိတ်ကောင်းနှလုံးကောင်းရှိ၍ မဟုတ်ပေ။ သူ့အသက် သေမည်စိုး၍ အဆိပ်ဖြေဆေး ရလိုရငြား ပြေးလာခဲ့ခြင်းပင် ဖြစ်ပါ၏။ ယခုမူ မိမိမှာ ထင်ထားသကဲ့သို့ အဆိပ်သင့်ခံရခြင်း မဟုတ်ဘဲ ကျန်းဟူကျင်း၏ လှည့်စားခြင်းကို ခံရခြင်းသာ ဖြစ်ကြောင်း သိရသောအခါ ရှက်ရမ်း ရမ်းလျက် ကျန်းဟူကျင်း၏ ပါးကို လေးချက်မျှ ဆင့်၍ ဆင့်၍ ရိုက်လိုက်လေ၏။ ကျန်းဟူကျင်းမှာ မရှောင်လင့်ဘဲ အရိုက်ခံလိုက်ရသဖြင့် ပါးစပ်မှ သွေးများပင် စီးကျလာရှာလေ၏။



ထိုစဉ်မှာပင် ဈူးရှင်သည် တပည့်နှစ်ယောက်နှင့်အတူ ရောက်လာလေ၏။ ထိုအခါ ဟိုတိုက်ချုံးအား လက်ပိုက်လျက် စိုက်ကြည့်ပြီး…

'မင်း ဟို ကလေးမကိုပါ ရိုက်လိုက်စမ်း' ဟု ဆိုလေ၏။

ဟိုတိုက်ချုံးက ချက်ချင်းပင် ရန်ဝေ၏ ပါးကိုပါ ဖြန်းခနဲ ရိုက်ချလိုက်လေတော့၏။ ရန်ဝေမှာ ယိမ်းယိုင်သွားပြီး နာကျင်လွန်းသဖြင့်'ဝါး'ခနဲ အော်ငိုလေ၏။ ထိုအခါ ကျန်းဟူကျင်းကဒေါသဖြင့်…

'ဒီမှာ ဆရာကြီး ဟိုတိုက်ချုံး၊ ရိုက်ချင်ရင် ကျုပ်ကိုသာ ရိုက်ပါ၊ ဘာဖြစ်လို့ သူ့ကို အနိုင်ကျင့်ရတာလဲ' ဟု အော်ပြောလေ၏။

ဟိုတိုက်ချုံးမှာ အရေးမျှပင် မစိုက်ဘဲ ရန်ဝေကိုသာ ဆက်၍ရိုက်ရန် ပြုလေတော့၏။ ကျန်းဟူကျင်းသည် ရုတ်တရက် ခုန်၍ ဦးခေါင်းဖြင့် ဟိုတိုက်ချုံး၏ရင်ဘတ်ကို ပစ်တိုက်လိုက်လေ၏။ နံဘေးမှ လက်ပိုက်ကြည့်နေသော ဈူးရှင်က ခနဲ့ပြုံး ပြုံး၍…

'ကြည့်စမ်း၊ သူများတွေက ကလေး,လေးသာ ဖြစ်ပေမယ့် သစ္စာရှိတယ်၊ မင်းလို သစ္စာမမဲ့ဘူး' ဟု ဆို၏။

ဟိုတိုက်ချုံးသည် ဖနီးဖြစ်သူက ခနဲ့၍ ပြောလိုက်သံကို ကြားသော် ရှက်ရမ်,ရမ်းပြီး ကျန်းဟူကျင်း၏ နောက်ကျောအင်္ကျီစကို ဆွဲ၍ ကျန်းဟူကျင်းအား အဝေးကို တအား လွှင့်ပစ်လိုက်လေ၏။ နှုတ်မှလည်း…



www.burmeseclassic.com

www.burmeseclassic.com



'ခွေးကောင်... မင်း အပေအမေနောက်ကို လိုက်ပေတော့' ဟု ဆိုလိုက်သေး၏။

ဟိုတိုက်ချုံးသည် အမှန်တကယ်အားထုတ်၍ ကျန်းဟူကျင်းအား ခပ်လှမ်းလှမ်းရှိ တောင်နံရံသို့ ပစ်ပေါက်လိုက်ခြင်းပင် ဖြစ်၏။ ထို ကျောက်တောင်နံရံဖြင့် ထိမိလျှင် ကျန်းဟူကျင်းသည် အရိုးတခြား အသားတခြား ဖြစ်သွားမည်မှာ သေချာ၏။

ယင်းသို့ လွန်စွာ အရေးကြီးသောအချိန်တွင်ပင် ကျန်းဟူကျင်း၏ ခန္ဓာကိုယ်မှာ နံဘေးသို့ ဆွဲယူလိုက်ခြင်း ခံလိုက်ရလေ၏။ ကျန်းဟူကျင်းလည်း ရင်တုန်ပန်းတုန်ဖြင့် နံဘေးသို့ကြည့်လိုက်လေ၏။ ထိုအခါ မီမိနှင့် ငါးမေခန့် အကွာတွင် ရပ်လျက်ရှိသော အင်္ကျီဖြူနှင့် သက်လတ်ပိုင်း လူတစ်ယောက်ကို တွေ့ရလေ၏။

ရှူးရှင်နှင့် ဟိုတိုက်ချုံးတို့လည်း ထိုလူကိုကြည့်ရင်း အံ့သြတုန်လှုပ်နေကြ၏။ သူတို့သည် ထိပ်သီး သိုင်းပညာရှင်ကြီး နှစ်ဦး ဖြစ်လင့်ကစား ဤအင်္ကျီဖြူ ဝတ်ထားသောလူက ဘယ်နည်း ဘယ်ပုံ ဤနေရာသို့ ရောက်လာသည်ကိုပင် လုံးဝ မသိပေ။ ယင်းကို ထောက်ခြင်းအားဖြင့် ထိုသူ၏ သိုင်းပညာမှာ လွန်စွာ မြင့်မား လှကြောင်း သိသာလှ၏။ ထိုသူ သည် အသက်လေးဆယ်အရွယ်ခန့် ရှိပြီး ရုပ်ရည်ချောမောခန့်ညားလှ၏။





သို့သော် သူ၏ မျက်လုံးအကြည့်တွင် ဆွေးရိပ်ပြွမ်းလျက် ရှိသည်ကို တွေ့ရပါ၏။ ဟိုတိုက်ချုံးက ချောင်းတစ်ချက် ဟန့်၍ ထိုသူအား...

'ခင်ဗျား ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ်တို့ ခွန်းလွန်ဂိုဏ်းရဲ့ ကိစ္စမှာ ဝင်ရောက်စွက်ဖက်ရတာလဲ' ဟု မေးလေ၏။

ထိုလူက ချက်ချင်း မဖြေ။ ဟိုတိုက်ချုံးအားတစ်ချက်မျှ စိုက်ကြည့်ပြီး ခနဲ့ပြုံး ပြုံးလိုက်၏။ ပြီးမှ သရော်သံဖြင့်...

'ဩော်... လက်စသတ်တော့ ခင်ဗျားက ခွန်းလွန်ဂိုဏ်းချုပ်ကြီး ဟိုတိုက်ချုံးကိုး၊ တွေ့ရတာ ဝမ်းသာတယ်ဗျာ၊ နို့ ဒီက အစ်မကြီးက ဘယ်သူတုန်း၊ ကျုပ်ကတော့ ရန်ရောင်ပါ'

ထိုလူ့အမည် 'ရန်ရောင်' ဟုကြားရသည်နှင့် ဟိုတိုက်ချုံး၊ ရှူးရှင်နှင့် ကျန်းဟူကျင်းတို့ သုံးဦးစလုံးနှုတ်မှ 'ဟာ'ခနဲ ပြိုင်တူ အာမေဋိတ်ပြုမိကြလေ၏။

ကျန်းဟူကျင်း၏ အသံတွင် အံ့သြဝမ်းသာသောအသံများ ရောစွက်နေပြီး ဟိုတိုက်ချုံးတို့ဇနီးမောင်နှံ၏ အသံများကမူ တုန်လှုပ်ချောက်ချားသံများ ကဲစွက်နေလေ၏။

ထိုစဉ် ရုတ်တရက် ခွန်းလွန်ဂိုဏ်းသားနှစ်ဦးက ဓားကိုယ်စီ ဆွဲထုတ်ပြီး သူတို့ ဆရာနှင့် ဆရာကတော်အား ကာမိန်းပေးလိုက်ကြ၏။ သို့သော် ရန်ရောင်က အရေးမစိုက်မျှ အနည်းငယ်မျှ တုန်လှုပ်

www.burmeseclassic.com



ဟန်မရှိ။ သူ့အာရုံကမူ ရန်ရောင်ဟူသော အမည်ကို ကြားသည်နှင့် ဟာခနဲ အံ့ဩဝမ်းသာသွားသော ကျန်းဟူကျင်းတွင်သာ စူးရောက်နေ၏။

ထိုစဉ် ကျန်းဟူကျင်း မျက်နှာတစ်ခုလုံးမှာ ဖူးရောင်လျက်ရှိပြီး သွေးစနှင့်သွေးနမျှားပင် ပေကျံနေလေ၏။ သို့သော် သူ့မျက်နှာမှာ ဝမ်းသာမှုကြောင့် ဝင်းလက်နေလေ၏။ သူက ရန်ရောင် ဆိုသူအား ဝမ်းသာရိပ်လွှမ်းသော အကြည့်ဖြင့်ကြည့်ရင်း...

'ဦး...ဦးလေးက အလင်းတမန်တော်ဝိုဏ်းက ရန်ရောင်လား' ဟု မေးလေ၏။

ရန်ရောင်က ခေါင်းညိတ်၍...

'လူလေး..မင်းက ဘယ်နှယ့်လုပ် ငါ့ကို သိသလဲ' ဟု ပြန်မေးလေ၏။ ထိုအခါ ကျန်းဟူကျင်းက ရန်ဝေအား လက်ညှိုးထိုး၍...

'သူက ဦးရဲ့ သမီးလေ'

တစ်ဖန် ရန်ဝေ၏ လက်ကို ဆွဲ၍လည်း...

'ညီမလေး...ဟောဒီဦးဦးကို ဖေဖေ လို့ ခေါ်လိုက်စမ်း မြန်မြန်ခေါ်လိုက်စမ်း၊ ငါတို့ မင်းရဲ့ဖေဖေကို ရှာလို့တွေ့ပြီကွယ့်'

ကျန်းဟူကျင်း၏အသံတွင် ဝမ်းသာလွန်းသဖြင့် ရှိုက်သံပင် ရောယှက်နေလေ၏။ ရန်ဝေက ဝိုင်းစက်သော မျက်လုံးဖြင့် ရန်ရောင်အားကြည့်ရင်း...



'ဦးလေးက ကျွန်မရဲ့ဖေဖေ ဟုတ်လား၊ ကျွန်မမေမေကော ဟင်...မေမေကော... ကျွန်မက မေမေ့ကို လိုက်ရှာနေတာ' ဟု မေးလေ၏။

အမှန်မှု ကျန်းဟူကျင်းသည် ရန်ဝေအား လမ်းတစ်လျှောက်လုံး သူမ မိခင်ကို အရှာထွက်ခဲ့ခြင်းဖြစ်ကြောင်း လီဆယ်၍ ပြောဆိုထားခဲ့သည် မဟုတ်ပါလား။

ရန်ဝေ၏ စကားကို ကြားသော် ရန်ရောင်သည် တစ်ချက်မျှ တုန်လှုပ်သွား၏။ သူက ကျန်းဟူကျင်း၏ပုခုံးကို ဆုပ်ကိုင်လိုက်ပြီး...

'လူလေး...မင်း သေသေချာချာ ပြောစမ်း၊ သူက ဘယ်သူ့ရဲ့ သမီးလဲ၊ သူ့အမေက ဘယ်သူလဲ'

ရန်ရောင်က ကျန်းဟူကျင်း၏ပုခုံးကို အနည်းငယ်အား ထုတ်၍ ဆုပ်ကိုင်လိုက်ရာ ကျန်းဟူကျင်း၏ပုခုံးရိုးများပင် နာကျင်လာ၏။ သို့သော် အံကြိတ်ကာ အောင့်ခံရင်း...

'သူက ဦးလေးသမီးပေါ့ဗျ၊ သူ့အမေက ဝါမေကိုဏ်းက ကျိရှောင်မူ'

'ဟင်'

ရန်ရောင်၏ ဖြူဖွေးသောမျက်နှာမှာ ပို၍ ဖြူရော်သွား၏။ သူက တုန်ယင်သောအသံဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



'သူ...သူ...၊ သူ့မှာ သမီး ရှိတယ်၊ ဟုတ်...ဟုတ်လား၊ သူ..သူ... အခု ဘယ်မှာလဲ'

သူက မေးမေးပြောပြောဖြင့် ရန်ဝေအား ပွေ့ချီလိုက်၏။ ပြီး... ရန်ဝေ၏ မျက်နှာကို အသေအချာ စိုက်ကြည့်နေလိုက်လေ၏။

ထိုအချိန့်တွင် ရန်ဝေ့၏ တစ်ဘက်သော မျက်နှာမှာ ဟိုတိုက်ချုံး၏လက်ဝါးရိုက်ချက်ကြောင့် ရောင်ကိုင်းလျက် ရှိသော်လည်း မိခင်ဖြစ်သူ ကျီရှောင်မူ၏ ရုပ်သွင်က ပေါ်လွင်လျက်ရှိ၏။ ရန်ရောင်သည် ရန်ဝေအား အသေအချာ စစ်မေးရန်ပြုစဉ် ရန်ဝေ၏လည်ပင်းတွင် ဆွဲထားသော အနက်ရောင် ဆွဲပြားကြီးကို တွေ့ရသဖြင့် ချက်ချင်း ယူကြည့်လိုက်၏။ ထိုအခါ ယင်းဆွဲပြားကြီးမှာ တစ်ချိန်က ကျီရှောင်မူအား မိမိပေးခဲ့သော တံဆိပ်ပြားမှန်း သိလိုက်သည်နှင့် သူက သံသယ ကင်းရှင်းသွားလေတော့၏။ သူသည် ရန်ဝေအား တင်းကျပ်စွာ ပွေ့ဖက်ရင်း...

'သ..သမီး၊ သမီးမေမေကောဟင်.. မေမေ'

ရန်ဝေက ငိုသံဖြင့်...

'မေမေ့ကို မတွေ့ရတော့ဘူး၊ မေမေ့ကို ဦး...ဦးလေးတွေ့လားဟင်၊ ကျွန်မရှာလို့မတွေ့တော့ဘူး'

ရန်ဝေမှာ ငယ်ရွယ်သေးသူဖြစ်၍ စကားကို လိပ်ပတ်လည်အောင် မပြောနိုင်မှန်း ရန်ရောင်သိလိုက်၏။ ထို့ကြောင့် ကျန်းဟူ



ကျင်းအား လှမ်းကြည့်လေသည်။ ထိုအခါ ကျန်းဟူကျင်း သက်ပြင်းချ၍...၊

'ဦးလေးကို ကျွန်တော် အမှန်အတိုင်းပြောပါ့မယ်၊ ဦးလေး စိတ်မဆင်းရဲပါနဲ့၊ ဒေါ်လေးကျီရှောင်မူတော့ သူ့ဆရာလက်ချက်နဲ့ သေပြီ ဦးလေး၊ သူသေခါနီးမှာ...'

ရန်ရောင်က ကျန်းဟူကျင်းစကားမဆုံးမီ ရုတ်တရက် ကျယ်လောင်စွာအော်ပြီး ကျန်းဟူကျင်း၏ပုခုံးရိုးကို လက်ဖြင့်တအားဖိချလိုက်၏။ ထိုအခါ ကျန်းဟူကျင်းသည် လည်းကောင်း၊ ရန်ရောင်သည်လည်းကောင်း မြေပေါ်သို့ ရုတ်ခြည်းလဲကြသွားလေ၏။ သို့သော် ရန်ရောင်၏ လက်ထဲတွင်မူ သမီးဖြစ်သူ ရန်ဝေအား လွတ်ထွက်သွားမည်စိုးသကဲ့သို့ တင်းကျပ်စွာ ပွေ့ဖက်ထားလျက်ပင် ရှိနေလေ၏။

✣ ✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



# နှင်းတောင်ဒေဝီ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၂)

## နှင်းတောင်ဒေဝီ

စင်စစ် ရန်ရောင်သည် ကျိုရောင်မှု၏ သတင်းဆိုးကို ကြားရ၍_ရုတ်တရက် မေ့လဲကျသွားခြင်း ဖြစ်ပြီး ကျန်းမာကျင်းကမှု ပရုံးရိုး ပြုတ်သွားသဖြင့် နာကျင်လွန်းသဖြင့် လဲကျသွားခြင်းပင် ဖြစ်သည်။

ယင်း အခွင့်ကောင်းကိုယူ၍ ဟိုတိုက်ချုံးနှင့် ရှုးရှင်တို့က ရန်ရောင်၏ လည်မျိုနှင့် နဖူးဆီသို့ ဓားကိုယ်စီဖြင့် ချိန်ရွယ် ထားလိုက်ကြလေ၏။ စင်စစ်မှု ရန်ရောင်သည် အလင်းတာန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းတွင် လွန်စွာ အရေးပါအရာရောက်သော ပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်၏။ ပြီးလျှင် သူသည် ခွန်းလွန်ဂိုဏ်းနှင့် ရန်ညှိုးရှိခဲ့၏။ အကြောင်းမှု ခွန်းလွန်ဂိုဏ်း၏ ဝါကြီးသိုင်းသမားရှိလုံမှာ ရန်ရောင်နှင့် သိုင်းပညာချင်း ယှဉ်ပြိုင်ရာတွင် အရေးနိမ့်ခဲ့ပြီး နောက်ဆုံးတွင် အရှက်ဒေါသဖြင့် ဖျားနာကာ သေဆုံးခဲ့ရ၏။ တစ်ဖန် ဟိုတိုက်ချုံးနှင့် ရှူးရှင်တို့၏ ဆရာရင်းဖြစ်သော ပေထူး ဆိုသူမှာလည်း အလင်းတမန်တော်ဂိုဏ်းသားတစ်ဦး၏ လက်ချက်ဖြင့် သေဆုံးခဲ့ရ၏။ ဤသို့ဖြင့် ရန်ရောင်သည်လည်းကောင်း ရန်ရောင်၏ အလင်းတမန်တော်ဂိုဏ်းသည် လည်းကောင်း ခွန်းလွန်ဂိုဏ်းနှင့် ရန်ညှိုးပွားခဲ့ကြရလေ၏။

ယခုမူ ဟိုတိုက်ချုံးတို့ လင်မယားသည် မမျှော်လင့်ဘဲ ရန်ရောင်အား ဤနေရာတွင် လာရောက် ဆုံတွေ့ခဲ့ကြ၏။ ပထမသော် သူတို့သည် ရန်ရောင်ကို မြင်သည်နှင့်ပင် တုန်လှုပ်ချောက်ချားနေကြ၏။ လက်ထဲတွင် ဓားကိုယ်စီ ကိုင်ထားကြသည့်တိုင် သိုင်းပညာ မြင့်မားလွန်းသော ရန်ရောင်အား မတိုက်ဝံ့ကြချေ။ ယခုသော် မမျှော်လင့်ဘဲ ရန်ရောင်လဲကျသွားသည်ကို မြင်သော် သူတို့သည် ထို အခွင့်ကောင်းကို ယူ၍ ရန်ရောင်အား ဓားဖြင့် အပိုင်ချိန်ထားလိုက်ကြခြင်းပင် ဖြစ်ပါ၏။

ဟိုတိုက်ချုံးက ရန်ရောင်အား ဓားဖြင့်ချိန်ရင်း ဇနီးဖြစ်သူ ရှူးရှင်အား...



'ဒီမကောင့်ရဲ့ လက်ကို အရင်ဖြတ်လိုက်၊ နောက်မှ ပြောစရာ ရှိတာ ဆက်ပြော' ဟု ဆိုလေ၏။

ထိုအချိန်တွင် ရန်ရောင်သည် ဘာကိုမျှ သတိမရဘဲ မေ့မျော နေရှာလေ၏။ ယင်းအခြေအနေကို တွေ့သော ကျန်းဟူကျင်းမှာ ရုတ်ခြည်း ခေါင်းနားပန်းကြီးသွား၏။ သို့သော်...သူ့ပခုံးရိုး တစ်ခုလုံး မှာ ပြုတ်နေပြီး လွန်စွာနာကျင်လျက်ရှိရာ မကြံတတ်အောင် ဖြစ်နေလေ၏။ ထိုအခိုက် သူ့ခေါင်းထဲသို့ အကြံတစ်ခု ဝင်လာ၏။ သူသည် နာကျင်မှုကို အံကြိတ်၍ မေ့လဲနေသော ရန်ရောင်၏ ငယ်ထိပ်တည့်တည့်ဆီသို့ ခြေဦးဖြင့် ထောက်ခနဲ ဆတ်ကန် လိုက်၏။ သို့ဖြင့် ရန်ရောင်သည် အကြောကို အကန်ခံရ၍ ချက်ချင်း သတိပြန်လည်ရရှိလာ၏။ ထိုအခါ ဓားတစ်လက်က မိမိနဖူးကို ထောက်ထားပြီး အခြားတစ်လက်က မိမိ၏ပခုံးကို ခုတ်ပိုင်းလာ ကြောင်း တွေ့လိုက်ရလေ၏။ ရန်ရောင်သည် ထိုသို့ ကျဉ်းထဲကျပ်ထဲ ရောက်နေချိန်တွင် ရုတ်တရက် အင်အားကို စုစည်းလိုက်ပြီး ခုတ်ပိုင်း လာသော ဟိုတိုက်ချုံး၏ဓားရိပ်အောက်မှ ကိုယ်ကို လျှောတိုက်၍ အဝေးသို့ ရှောင်တိမ်းထွက်လိုက်လေ၏။

အဖြစ်က လျင်မြန်လွန်းသလို အံ့သြဖွယ်ရာလည်းကောင်း လွန်းသဖြင့် ဟိုတိုက်ချုံးတို့ဇနီးမောင်နှံသည်လည်းကောင်း၊ ကျန်းဟူ ကျင်းသည်လည်းကောင်း၊ ခဏတာမျှ ကြောင်အမ်းအမ်း ဖြစ်သွား ကြရ၏။ ရန်ရောင်သည် ထိုသို့ရှောင်တိမ်းပြီးသည်နှင့် ဟိုတိုက်ချုံး

www.burmeseclassic.com

www.burmeseclassic.com



တို့ ဖနီးမောင်နှံအား လေသံအေးအေးဖြင့် ဆိုလေသည်။

'ခင်ဗျားတို့ ခွန်းလွန်ကိုဏ်းက ကြာလေ အသုံးမကျလေပါပဲလား၊ ဒီနေ့တော့ ခင်ဗျားတို့ကို ကျုပ်ညှာလိုက်ပါမယ်၊ ဒါပေမယ့် တစ်နေ့နေ့တစ်ချိန်ချိန်မှာ ခင်ဗျားတို့ကို ကျုပ်လာရှာဦးမယ်'

သူက ထိုသို့ ပြောပြီး ရန်ဝေ၏ လက်ကို ဆွဲ၍ နောက်သို့ ငါးပေခန့် ခုန်ဆုတ်လိုက်၏။ ပြီးမှ သူက ကိုယ်ကို လှည့်၍ တစ်လှမ်းချင်း လျှောက်ထွက်သွားလေ၏။

'ဟိုတိုက်ချုံးတို့ဖနီးမောင်နှံမှု ရင်တထိတ်ထိတ်ဖြင့် ကြောင်ငေး၍ ကြည့်နေမိဆဲပင်။ သို့သော် သူတို့ နှစ်ဦးစလုံးသည် ရန်ရောင်နောက်သို့ တစ်လှမ်းမျှပင် မလိုက်ဝံ့ကြချေ။ ရန်ရောင်က ဤသို့ သူ့ဘာသာသူ အေးအေးလူလူ ပြန်သွားသည်ကိုပင် သူတို့အဖို့ သက်သာခွင့် ရလိုက်သည်ဟု နားလည်ကာ ယခုမှပင် သက်ပြင်းကိုယ်စီ ချနိုင်လိုက်တော့သည်။

>>><<<



ရန်ရောင်သည် အတော်ဝေးဝေးသို့ ရောက်မှပင် နောက်ပါးမှ လိုက်ပါလာသော ကျန်းဟူကျင်းအား စတင်မေးလေတော့၏။

'ကျိရှောင်မှု ဘယ်လိုဖြစ်တာလဲ ကလေး'

ထိုအခါ ကျန်းဟူကျင်းက သူနှင့် ကျိရှောင်မှုတို့ တွေ့ဆုံခဲ့ကြပုံ၊ ကျိရှောင်မှုဆရာ မျက်ကြွယ်က ဘယ်သို့ ပြောပြီး ဘယ်သို့ ရိုက်သတ်လိုက်ပုံများကို သူတွေ့မြင်ကြားသိရသမျှ စုံလင်အောင် ပြောပြလိုက်လေ၏။

ရန်ရောင်သည် ကျန်းဟူကျင်းပြောပြသမျှကို အသေအချာနားထောင်ရင်း မျက်ရည်များပင် စီးကျလာရှာ၏။ သူက ကြေကွဲစွာ ရေရွတ်ရှာ၏။

'ခြော်...လက်စသတ်တော့ သူ့ဆရာ မျက်ကြွယ်က ငါ့ကို အတင်းအကျပ်လာပြီး သတ်ခိုင်းတာကိုး၊ သူဟာ သူ့ဆရာစကားကို လက်ခံလိုက်ရင် သူဟာ ဝါမေကိုဏ်းချုပ်လည်း ဖြစ်မယ်၊ အင်း... ကျိရှောင်မှု...ကျိရှောင်မှု... မင်းဟာ ငါ့အတွက်နဲ့ အသေခံလိုက်ရတာကိုး၊ တကယ်လို့ မင်းကသာ လက်ခံချင်ဟန်ဆောင်ပြီး ငါ့ဆီကို ပြေးလာခဲ့ရင် ငါတို့နှစ်ယောက် ပြန်ဆုံကြပြီပေါ့၊ ဒီလိုဆိုရင် မင်းလဲ သေစရာ မလိုတော့ဘူး ကျိရှောင်မှု၊ အခုတော့...'

ကျန်းဟူကျင်းက ကြားဖြတ်၍...

www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်လေးလို စိတ်သဘောထား ဖြောင့်မတ်တဲ့ လူက သူ့ဆရာကို ဘယ်လိမ်ပါ့မလဲ ဦးလေးရယ်' ဟု ဆိုလေ၏။

ရန်ရောင် ကြေကွဲစွာ သက်ပြင်းချသည်။

ထိုစဉ်မှာပင် ကျန်းဟူကျင်းသည် ပုခုံးရိုးဆက်ပြုတ်သွား၍ နာကျင်ကိုက်ခဲလာရာ သူသည် ပုခုံးရိုးကို ပြန်ဆက်ပြီး ဆေးမြက်များကို ဝါး၍ အုပ်ထားလိုက်၏။ ပြီးလျှင် ဝါးတစ်ချောင်းကို ခွဲ၍ ပုခုံးရိုးကို ညှပ်ထားလေ၏။

ရန်ရောင်သည် ကလေးငယ်မျှသာရှိသော ကျန်းဟူကျင်း တစ်ယောက် ဤမျှ ကျွမ်းကျင်စွာ ပြုလုပ်နိုင်သည်ကို တွေ့သော် အံ့သြနေ၏။ ထိုစဉ်မှာပင် ကျန်းဟူကျင်းက...

'ကဲ...ဦးလေး၊ ကျွန်တော်တော့ ရန်ဝေကို ဦးလေးလက် အပ်လိုက်ပြီး ကျွန်တော် သွားတော့မယ်' ဟု နှုတ်ဆက်လေ၏။ ရန်ရောင်က...

'နေပါဦး လူလေး၊ ငါ့သမီးကို ငါ့လက်ထဲရောက်အောင် အခုလို ခက်ခက်ခဲခဲ ပို့ပေးတဲ့အတွက် မင်းကို ငါ ကျေးဇူးတင်ရဦးမယ်၊ မင်း ဘာလိုချင်သလဲ ပြောပါ၊ ငါ တတ်နိုင်တာ အကုန်လုပ်ပေးမယ်'



ကျန်းဟူကျင်းသည် ရန်ရောင်၏ လွန်စွာ ထက်မြက်သော သိုင်းပညာကို လေးစား၏။ သို့သော် သူ့ဆရာ ဘိုးဘိုး၏ နှုတ်မြွက်စကားကို သူ့နားဝယ် အမြဲအစဉ် ကြားနေသကဲ့သို့ သူ့ခေါင်းထဲတွင်လည်း စွဲမြဲစွာ မှတ်သားထားလေ၏။ သူ့ဆရာဘိုးဘိုးသည် ဤလို အောက်လမ်းဂိုဏ်းမှ လူတွေနှင့် ပေါင်းစည်းသွားလာ လုပ်ရှားခြင်းကို မနှစ်မြို့ကြက်ခဲ့ပေ။ ပြီးလျှင် မိမိ၏ ဘဝ သက်တမ်းမှာလည်း နှစ်ဝက်ခန့်သာ ကျန်တော့သဖြင့် ကျန်းဟူကျင်းသည် မည်သည့် သိုင်းပညာကိုမှ မသင်ကြားလိုတော့ပါချေ။ ထို့ကြောင့် သူက...

'ဦးလေးရဲ့စေတနာကို ကျွန်တော် လေးစားပါတယ်၊ ဒါပေမယ့် ကျွန်တော်က ဟူတန်းဂိုဏ်းကလူ ဆိုတော့ တခြားဂိုဏ်းရဲ့ သိုင်းပညာတွေကို မသင်ချင်တော့ပါဘူး ခင်ဗျာ'

ရန်ရောင်က အံ့သြဟန်ဖြင့် 'သြော်...' ဟု တစ်ခွန်းဆိုပြီး 'မင်းက ဟူတန်းဂိုဏ်းကကိုး၊ ဒီလိုဆိုရင် ချင်လီရှန်...'

'ဗျာ... ချင်လီရှန် ဟုတ်လား၊ ချင်လီရှန်က ကျွန်တော့်ရဲ့ ဂိုဏ်းတူ ဦးလေးပါ၊ ကျွန်တော့် အဖေ ကျန်းချွေးဆန်းလေ'

ထိုအခါ ရန်ရောင်က စကား မဆက်တော့ပဲ...

'ကဲ...လူလေး၊ ငါတို့ သွားဦးမယ်' ဟု ဆိုပြီး ရန်ဝေအားချီ၍ ထွက်ခွာသွားလေ၏။ ထိုစဉ်က ရန်ဝေက ငိုသံဖြင့်...

'အစ်ကို...အစ်ကို ကျန်းဟူကျင်း' ဟု အော်ခေါ်နေလေ၏။



www.burmeseclassic.com

သို့သော် ကျွန်ုပ်ရောင်ဝါကို ယှဉ်မော်၍ ညှိုင်းမှုညွှာကား ထက်မြက်လှသောကြောင့် အရှိန်အဟုန်ညှင်ငယ်အတွင်းမှာပင် ရန်ရှေ၏ ငို အသံများကိုတိတ်သွားပြီး လှရိပ်မှ ပျောက်ကွယ်သွားရလေတော့၏။

ကျွန်းဟူကျွင်းသည် ထိုနေရာမှာပင် အတန်ကြာမျှ တစ် ယောက်ထီးတည်း ရပ်နေမိ၏။ သူ့ရင်ထဲတွင်လည်း ဗျာဒိတ်တော်ဖြင့် မွေ့လျော်မြည်မြည်း စားမိနေရလေ၏။

ထို့နောက်တွင်မှု သူသည် ဟိုတိုက်ချုံတို့ဝန်းမောင်နှံ လိုက်လာမည့် စိုးသဖြင့် ဆက်၍လျှောက်လှမ်းလိုက်လေ၏။ သူ့မြိုင်ညိုမှ ရှုမှ ဂဇက်ရုပ်များအတွက် ခြေရာပေါ်များတွေ့နိုင်မည့် တောအုပ်ပိုင်း၍ တစ်ကိုသို့ တမင်ရွေး၍ လျှောက်လာခဲ့၏။







ကားလိုက်ရှောင်ခြားနည်း ထိုမြည်သံမြည်သံကြ ရှုပ်ပိုင်းလှည့်ပျော့ခဲ့လေ၏။

ထိုစဉ် ရှုံးရှုံးဝါးဝါး ထိုးဟောင်လိုက်သောခွေးဟောင်သံများ ကို ကြားလိုက်ရ၏။ ထိုခွေးဟောင်သံများသည် ဖြင့် ကြားနေရ၏။

ကျွန်းဟူကျွင်းသည် လမ်းလျှောက်ဆဲ ခြေလှမ်းကိုရပ်ပြီး နားတို့ကို ထောင်၍ ဖမ်းယူနေမိ၏။

ထိုစဉ် ခွေးဟောင်သံများ ပိုမိုနီးကပ်လာ၏။ အသံကြား နားထောင်ပြီးပြီး ခွေး အတော်အတန်များသည် သူ့ထံသို့ ဦးတည်၍ နိုင်၏။ ထိုအခိုက် သူ့ရှေ့သို့ အကြောက်အလန့်ဖြင့် ပြေးလာသော ချိုးတစ်ကောင်ကို တွေ့ရလေ၏။ ထိုချိုးသည် လည်း မြင်းတစ်ကောင်းနိုက်လျက်ရှိ၏။ ထိုမြင်းကလေးသည့် အမြီးဖြင့် ရှက်ဆင်းပြေးလာရာမှ ကျွန်းဟူကျွင်းရှိရာသို့ ဦးတည်ပြေး ရောက်လာ၏။

ကျွန်းဟူကျွင်းသည် မြောက်ဘက်သို့ လျှောက်သွား၏။ ထိုအခါ ချုံကြားကလေးသည် ကျွန်းဟူကျွင်း၏ တည်ရာသို့ ရောက်လာ၏။ ထိုချိုးကလေးကို ကြည့်နေသည်ကို တွေ့ရလေ၏။

ကျွန်းဟူကျွင်း၏ စိတ်ထဲတွင်...

www.burmeseclassic.com



'ငါလဲ မင်းလိုပါပဲ မျောက်ကလေးရယ်...၊ ခွန်းလွန်ဂိုဏ်းက လူတွေရဲ့ရန်က လွတ်အောင် ငါလဲ ပြေးနေရတဲ့ လူပါကွယ်' ဟု ရေရွတ်လိုက်မိ၏။

ထို့နောက် ကျန်းဟူကျင်းသည် မျောက်လေး၏ တင်ပါးတွင် စိုက်နေသော မြားကို ဆွဲနုတ်ပြီး ဒဏ်ရာကို ဆေးထည့်ပေးလိုက်၏။ ထိုအခါမှာပင် ခွေးဟောင်သံများ ပို၍ပို၍ နီးကပ်လာလေ၏။

ကျန်းဟူကျင်းသည် မျောက်လေးကို ထွက်ပြေးစေရန် မောင်းထုတ် လွှတ်လိုက်၏။ မျောက်လေးလည်း ဒဏ်ရာသက်သာပြီဖြစ်၍ ပို၍နက်သော တောကြီးအတွင်းသို့ လျင်မြန်စွာ ပြေးဝင်သွားလေ၏။

ကျန်းဟူကျင်းသည် မျောက်လေး ဘေးရန်ကင်းရှင်းစေရန် တစ်ဘက်သို့ ကိုယ်ယောင်ပြ၍ ပြေးထွက်ခဲ့၏။ ထိုအခါ မျောက်နောက်သို့ တစ်ဟုန်ထိုး လိုက်လာသော ခွေးများသည် မျောက်ကို မျက်ခြည်ပြတ်သွားသည်နှင့် ကျန်းဟူကျင်း၏နောက်သို့ ဟောင်သံပေး၍ မာန်ဖီကာ ပြေးလိုက်လာကြလေ၏။

ကျန်းဟူကျင်းလည်း ခွေးများ၏ ဘေးရန်မှ လွတ်ကင်းရန် အားသွန်၍ ပြေးနေလေ၏။ ခွေးများလည်း ပို၍ မာန်ဖီလာကာ ကျန်းဟူကျင်းအား အမဲကောင်အလား ဝိုင်းလိုက်ကြ၏။ ထိုသို့



ကျန်းဟူကျင်းက အပြေး၊ ခွေးတွေက အလိုက်နှင့် တစ်တောလုံး တစ်တောင်လုံး အုံးအုံးကျွက်ကျွက်အသံများ ဆူညံနေစဉ် ကျန်းဟူကျင်း၏ ခြေသလုံးအား ခွေးတစ်ကောင်က ခုန်ဟပ်ကိုက်ခဲလိုက်လေ၏။ ကျန်းဟူကျင်းလည်း ပြေးရင်းလွှားရင်းနှင့်ပင် ထိုခွေး၏ ဦးခေါင်းအား လက်ဝါးစောင်းနှင့် ရိုက်ချလိုက်၏။ ခွေးမှာ လေးထဲတွင် ကျွမ်း သုံးလေးချိန်ပစ်၍ ငြိမ်သက်သွားလေ၏။ သို့သော် ကျန်ခွေးများက ကျန်းဟူကျင်းအား အုံစီ၍ လိုက်ခြံလိုက်နေလေ၏။

ထိုအခါ ကျန်းဟူကျင်းသည် ပြေးရင်းလွှားရင်းကပင် ခွေးများကို တွန်းထိုးကန်ကျောက်၍ နေရလေ၏။ သို့သော် ခွေးအင်အားက များသည်ကတစ်ကြောင်း၊ သူ့လက်တစ်ဘက်မှာလည်း မလှုပ်ရှားနိုင်သဖြင့် နောက်ဆုံးတွင် ကျန်းဟူကျင်းသည် ခွေးများ အဝိုင်းခံရကာ သတိလစ် မေ့မြောသွားရှာလေ၏။

ယင်းသို့ သတိမေ့ခါနီးတွင် သူသည် မသဲမကွဲသော လူသံတစ်ခုကို ကြားရပြီးနောက် မျက်လုံးအစုံ ပြာဝေကာ ဘာကိုမျှ သတိမရလိုက်တော့ချေ။

➤➤➤◄◄◄

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ချက်ကို ကျိုးစေသည့် အိတ်ဖက်ဆိုးများကိုသာ မြင်ရတော့ရ၏။ ဗိုက်တွင်းနံ့ပုပ်သော လှောင်ဖွားမှုများ၊ အသံများ၊ အရိပ်သဏ္ဍာန်များကို ဆက်စပ်ကာ ကြားနေမြင်နေရ၏။

အဘယ်မျှ ကြာသွားသည်မသိ။ သူ မြန်လည်သတိရလာလေ ရှိရာတွင် သူ့များထံသို့ 'မသေနိုင်တော့ပါဘူး' ဟူသော အသံကို ဝိုးတဝါး ကြားလိုက်ရ၏။ သူက မျက်လုံးအစုံကို အားယူ ဖွင့်ကြည့်လိုက်လေ၏။ ထိုအခါ သူ ရောက်ရှိနေသော တော်တန်းကျင်မှာ တောကြီးမျက်မည်းထဲတွင်မဟုတ်ဘဲ၊ အစွယ်တငေါငေါဖြင့် ဝိုင်းဝန်းကိုက်ခဲနေသော ခွေးကြီးများ၏ အလယ်တွင် မဟုတ်ဘဲ တစ်ခုသော အခန်းငယ်တစ်ခုတွင် ရောက်ရှိနေကြောင်းကို သိလိုက်ရလေ၏။ ပြီးလျှင် အခန်းထဲ၌ ဆံပင်ဖြူနေသော လူတစ်ယောက်က သူ့အား စေ့စေ့ကြည့်လျက် ရှိသည်ကိုပါ တွေ့လိုက်ရလေ၏။

ကျန်းဟူကျင်သည် အံ့ဩထိတ်လန့်သွား၏။ ထို့ကြောင့်...

'ကျွန်တော်... ဘယ်ရောက်နေပါသလဲ ခင်ဗျာ'

'တလေ... မင်း သိပ် အသက်ပြင်းတာပဲ၊ မင်း မသေနိုင်တော့ပါဘူး၊ ဘယ်နှယ့် ဗိုက်ဆာနေပြီလားကွဲ'

တစ်ဘက်မှ ထိုလူကြီး၏ ပြန်ပြောသံကိုပါ သူက ကြားလာရ၏။ သို့သော် အကြာကြီး မဟုတ်ပါ။ ခဏသာကြားရပြီး လူရိပ်ရော အသံပါ သူ့ အမြင်အကြားအာရုံမှ ပျောက်ကွယ်သွားပြန်လေ၏။



မှန်သည်။ ကျန်းဟူကျင်း ပြန်၍ သတိလစ်သွားခြင်း ဖြစ်၏။ အတန်ကြာ တစ်ဖန်ပြန်၍ သတိရလာချိန်တွင်တော့မူ ကျန်းဟူကျင်းသည် အခန်းငယ်ထဲတွင် လူ တစ်ယောက်သာ ရှိကြောင်း၊ ထိုရပြီး သူ့ကြည့်နေသူ အမျိုးသမီးရှိနေအောင် ဖြစ်နေ၏။ ထိုမှုလည်း...

'ငါ... အဘတော်ကို ကူသိုလိုက်ပါလား သေရမှာမယ့် သက်တမ်းတိုနေသေးမှာတော့ ကြမ္မာဆိုးရှေ့ရှေ့ကို ဝိုင်းရံနေ ကြဆဲပါလား' ဟု ရေရွတ်မိလေ၏။

ထိုနောက်တွင်မူ သူသည် ဦးခေါင်းကို ငုံ့၍ သူ့ တစ်ကိုယ်လုံး ကို ကြည့်လိုက်လေ၏။ ထိုအခါ သူ့တစ်ကိုယ်လုံးတွင် ပတ်တီးများဖြင့် စည်းနှောင်ထားသည်ကို တွေ့ရပြီး ဆေးနံ့များ လည်း တစ်ခန်းလုံး ပျံ့လွှင့်လျက်ရှိသည်ကို သိရလေ၏။

မှန်သည်။ ယခုအချိန်တွင် ကျန်းဟူကျင်းအား တစ်စုံ တစ်ယောက်က ဆေးဝါးများထည့်ပြီး ပတ်တီးဖြင့် စည်းနှောင် ထားပေးလေပြီ မဟုတ်ပါလား။

ကျန်းဟူကျင်းသည် ထိုအသိများဖြင့် ဆေးနံ့ကို ပြန်၍ ရှူရှိုက် ကြည့်လိုက်၏။ ဆေးနံ့က ပြင်းလှ၏။ သို့သော် အကျိုး သက်ရောက်မှုနည်းသော ဆေးမျိုးဖြစ်ကြောင်း ဆေးဖော်သူမှာလည်း ကျွမ်းကျင်မှု မရှိလှကြောင်းကို သူ အကဲခတ်မိလေ၏။

➤➤➤⮜⮜⮜

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် နေဝင်ဆည်းဆာချိန်သို့ ရောက်လာ၏။ သို့သော် အခန်းထဲတွင် ရွှေအိုရောင်များ ရေးရေးဖျန်းပက်ထားသဖြင့် အခန်းငယ်သည် လင်းပြာနေ၏။

ထိုစဉ် စောစောက ကျန်းဟူကျင်း ပိုးတဝါး မြင်လိုက်ရသော အသက်လေးဆယ်ခန့် လူကြီးလည်း အခန်းထဲသို့ ပြန်ဝင်လာသည်ကို တွေ့ရ၏။ ကျန်းဟူကျင်းက ပြုံး၍...

'ကျေးဇူးတင်ပါတယ် ဦးလေး' ဟု နှုတ်ခွန်းဆက်လိုက်၏။ ထိုအခါ လူကြီးက...

'မင်း ငါ့ကို ကျေးဇူးတင်စရာ မလိုပါဘူး' ဟု ပြန်ပြောလေ၏။ ကျန်းဟူကျင်းက အံ့သြသွား၏။

'ကျွန်တော် အခု ဘယ်နေရာကို ရောက်နေပါသလဲ'

လူကြီးက ပြုံး၍...

'ဒါက...နင်းဆီဂေဟာလေ'

'ဗျာ...နင်းဆီဂေဟာ...ဟုတ်လား'

'ဟုတ်တယ်...၊ နင်းဆီဂေဟာက ငါတို့ရဲ့ သခင်မလေးက မင်းအသက်ကို ကယ်လာတာကွယ်'

ကျန်းဟူကျင်း ပါးစပ်ဟောင်းလောင်းရှိစဉ် ထိုလူကြီးက ဆက်၍...



'မင်း ဗိုက်ဆာနေပြီလား...၊ အဟဲ...ဟဲ ဆန်ပြုတ်ကလေး သောက်လိုက်ပေါ့ကွယ်၊ မင်း တဖြည်းဖြည်း အားအင် ပြည့်လာလိမ့်မယ်'

ထိုလူကြီးက ပြောပြီး စားအကြာ ဆန်ပြုတ်တစ်ခွက်ယူ၍ ကျန်းဟူကျင်းရှေ့သို့ ချပေးလေ၏။

'ဟောဒီ ဆန်ပြုတ်ပူပူလေး သောက်လိုက် အားပြည့်လာလိမ့်မယ်၊ ဟုတ်လား...'

>>><<<

ရှစ်ရက်မြောက်သောနေ့...။

ကျန်းဟူကျင်းသည် တစ်ချိန်လုံး လဲလျောင်း၍သာ နေ,နေရာမှ ယခုမှ အိပ်ရာမှ ထလာနိုင်ပြီ ဖြစ်၏။ သို့သော် ခြေနှစ်ဘက်မှာမူ အင်အားမရှိသကဲ့သို့ ဖြစ်နေ၍ မလျှောက်လှမ်းနိုင်သေးချေ။

ထိုလူကြီးသည် နေ့စဉ်ပင် ကျန်းဟူကျင်းအား ဆေးထည့်ပေး၏။ အစားအစာ ကျွေး၏။ တစ်နေ့ ထိုလူကြီးက ဆို၏။

'ချာတိတ်... မင်းရဲ့ ဒဏ်ရာလဲ အတော်ကို သက်သာလာပြီ။ မင်းက သခင်ကြီး၊ သခင်မကြီးနဲ့ သခင်မလေးတို့ကို ကျေးဇူးတင်ကြောင်း ပြောဖို့တော့ ကောင်းပါတယ်'

www.burmeseclassic.com

ကျွန်းဟူကျင်းအား အရိုက်ခံရန် မင်း...

'ဟုတ်ကဲ့...ကျွန်တော် ပြောချင်တာက ဦးလေးက ကျွန်တော့်ကို ခေါ်သွားပါလား'

သို့ဖြင့် ကျွန်းဟူကျင်းသည် ထိုလူကြီး၏ ခေါ်ဆောင်မှုဖြင့် အခန်းငယ်ကလေးအတွင်းမှ ထွက်ခွင့်ရလိုက်လေ၏။

➤➤➤≺≺≺

အိမ်ကြီး တစ်အိမ်...။ ဝင်းကြီးကလည်း ကျယ်ပြော၏။ သစ်ပင်ပန်းမန် စုံလင်စွာဖြင့် ခမ်းနားထည်ဝါလှသော အိမ်ကြီးနှင့် ခြံကြီးပင် ဖြစ်ပါ၏။

ကျွန်းဟူကျင်းသည် တစ်သက်နှင့်တစ်ကိုယ် ဤမျှ ခမ်းနားသော အိမ်၊ ကျယ်ပြောသော ဝင်းခြံကြီးမျိုးကို မမြင်ဖူးသဖြင့် တငေးမောဝင် ကြည့်မိလေ၏။

ထိုစဉ် သူ့အား ခေါ်ဆောင်ခဲ့သော လူကြီးသည် အခန်းကျယ်ကြီးတစ်ခုရှေ့သို့ အရောက်တွင် ရပ်လိုက်ပြီးနောက် လွန်စွာ ရိုသေသော အမူအရာဖြင့် ဦးခေါင်းကိုငုံ့၍...

'သခင်ကြီး ခင်ဗျား၊ ပဟာဒီခွေးကို ကိုက်ရတဲ့ ကလေး တော့သက်သာသွားပါပြီ၊ အခု သခင်ကြီးကို ကျေးဇူးတင်လှကြောင်း ပြောဖို့ သူ့ကို ကျွန်တော်မျိုး ခေါ်လာခဲ့ပါလယ်'



ကျွန်းဟူကျင်းက အခန်းထဲသို့ လှမ်းကြည့်လိုက်၏။ ထိုစဉ် အခန်းထဲမှ တစ်လှမ်းချင်း လျှောက်ထွက်လာသော အသွင်ချောမောသည့် ခန့်ညားသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရ၏။ မိန်းကလေးက ကျွန်းဟူကျင်းအား တစ်ချက်မျှ စိုက်ကြည့်ပြီး...

'ဟဲ့...ခွေးအဖိုးရှင် တလယ် အဘယ်နှယ်လုပ်...ကို ဒီနေရာ ... ခေါ်လာခဲ့ရတာလဲ၊ အဖေကြီး သူ့ ကိုယ်ပေါ်က အနံ့ဆိုး နံ့ပုပ် ထွက်လာရင် ဘယ်နှယ့်ခံရမလဲ'

မိန်းကလေး၏ ... အသံ ... ကြည့်လင်သော်မှ စီးစီးပိုးပိုး နိုင်လှ၏။ ထိုအခါ ... ကျွန်းဟူကျင်းကို လူကြီးအား ခေါင်းငုံ့လျက်မှ ... ကြောက်ကြောက် အသံဖြင့်...

'ဟုတ်...ဟုတ်ကဲ့' ဟုသာ ပြောပြီး ခေါင်းငုံ့နေလိုက်၏။

ကျွန်းဟူကျင်းကား တစ်ကိုယ်လုံး ထူပူရှိန်းဖိန်းသွား၏။

သူသည် နဂိုကတည်းကပင် ဤမျှ ကြီးကျယ်ခမ်းနားသော နေရာသို့ ရောက်နေ၍ မနေတတ် မထိုင်တတ် ဖြစ်နေစဉ် ယခုကဲ့သို့ မိန်းကလေး တစ်ယောက်၏ အပြောကို ခံရသော် အရှက်ကြီးရှက်လျက် မျက်နှာတစ်ပြင်လုံး နီမြန်းသွားလေ၏။

မိန်းကလေးငယ်ကား သူ့အား အကဲခတ်ဟန် ကြည့်နေလေ၏။ မိန်းကလေးသည် မျက်နှာဝိုင်းဝိုင်းကလေးဖြင့် ချစ်ခင်နှစ်သက်ဖွယ် လှပနေ၏။ စိတ်ထားဆင်ယင်ထားသည်မှာလည်း

[illegible]

www.burmeseclassic.com



အဖိုးတန် ပိုးထည်တို့ဖြင့် ပြိုးပြိုးပြက်ပြက် ရှန်းလက်နေ၏။ ပြီးတော့ ရွှေထည်တို့ဖြင့် တစ်ကိုယ်လုံး ဝင်းဝင်းတောက်နေပါသေး၏။

ကျန်းဟူကျင်းသည် မိန်းကလေးအား မကြည့်ဝံ့ဝံ့ ကြည့်ဝံ့ဝံ့ဖြင့်ကြည့်ရင်း...

'အင်း ... မိန်းကလေးဟာ သခင်မလေးဆိုတာပဲ ဖြစ်ရမယ်၊ ငါ့ အသက်ကို ကယ်တာ သူပဲ ဖြစ်ရမယ်' ဟု စိတ်ထဲမှ ရေရွတ်မိလိုက်၏။ ထို့နောက် သူက ဖူးထောက်၍...

'မမလေး ခင်ဗျာ၊ ကျွန်တော့် အသက်ကိုကယ်ခဲ့တဲ့ အတွက် ကျွန်တော်က ကျေးဇူးတင်လှပါတယ်၊ အဲဒီ ကျေးဇူးကို ဒီ တစ်သက် ကျွန်တော်က မမေ့ပါဘူးခင်ဗျာ'

'ခစ်...ခစ်...ခစ်'

မိန်းကလေးက တခစ်ခစ် ရယ်၏။ ပြီး...

'ဟဲ့...ကျောင်းဖုံ၊ ရှင်က ဘယ်လို လူပေါလေးကို ခေါ်လာရတာလဲ ဟင်'

ကျောင်းဖုံ ဆိုသူ လူကြီးကလည်း တဟားဟားရယ်၍...

'ရှောင်ဖုန့်၊ သူက မင်းကို သခင်မလေးလို့ အောက်မေ့နေတယ်ကွယ့်' ဟု ဆိုလေ၏။

ထိုအခါကျမှပင် ကျန်းဟူကျင်းမှာ မိမိ မှားပြီးဖြစ်ကြောင်း သိသဖြင့် ကမန်းကတန်း မတ်တတ်ပြန်၍ ရပ်လိုက်၏။



'အင်း...ခုက္ခပါပဲ၊ လက်စသတ်တော့ ဒီ မိန်းကလေးက အခြွေအရံ တစ်ယောက်ပဲကိုး၊ ငါ သူ့ကို သခင်မလေး မှတ်တာ မှားပြီ' ဟု စိတ်ထဲမှ ရေရွတ်ရင်း ရှက်လွန်းသဖြင့် မျက်နှာမထား တတ်အောင် ဖြစ်နေရှာ၏။

ရှောင်ဖုန့်ဆိုသူ မိန်းကလေးက ရှုံ့ရှာဟန် နှာခေါင်းကို ပိတ်၍...

'အခု သခင်ကြီး အရေးတကြီး ကိစ္စ ရှိနေလို့ တွေ့မနေနဲ့တော့၊ သခင်မလေးကိုပဲ သွားတွေ့လိုက်' ဟု ဆို၏။

ထို့နောက် ကျန်းဟူကျင်းအား ခပ်လှမ်းလှမ်းမှ ကွေ့ရှောင်၍ လျှောက်ထွက်သွား၏။ သူမ နောက်တွင်မူ ကျောင်းဖုံနှင့် ကျန်းဟူကျင်းတို့ လိုက်ပါလာ၏။

အတန်ကြာသော် ကြီးမားသော အခန်းတစ်ခုရှေ့သို့ ရောက်လာလေ၏။ ရှောင်ဖုန့်ဆိုသူ မိန်းကလေးက ဦးစွာ အခန်းထဲသို့ လိုက်ဝင်လိုက်သည်။ အခန်းထဲသို့ ရောက်သော် ကျန်းဟူကျင်း ထိတ်လန့်သွား၏။

အကြောင်းမူ ကြီးမားတောင့်တင်းပြီး လွန်စွာ ကြောက်စရာကောင်းသော ခွေးအကောင် သုံးဆယ်သည် လွန်စွာ လှပသော မိန်းကလေးတစ်ယောက်၏ နံဘေးတွင် သုံးတန်းစီ စီတန်းလျက် ဝပ်နေကြသည်ကို တွေ့နေရသောကြောင့်ပင်ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုမိန်းကလေးသည် လှေသမျှ သားရဲ့ သားရေကို ဖြင့် ပြီးသော ကုလားထိုင်ပေါ်တွင် အိပ်နေသော ထိုင်နေပြီး လက်ထဲတွင်လည်း ကျားသစ်ရေခြောင်းကို ကိုင်ထား၏။ ကျွန်းဟူကျင်းက အံ့အားသင့် စွာ ကြည့်နေစဉ် လှပသော မိန်းကလေးက ဟစ်အော်လိုက်၏။

'သေသည်မျိုး'

'ဝေါင်း'

မြွေတစ်ကောင်က ခေါင်းခုနဲ ထိုးထွက်ပြီး နံရံထောင့် တွင်ရပ်နေသော လူတစ်ယောက်၏ လည်မျိုကို ကိုက်လိုက်၏။

'ဟာ'

ကျွန်းဟူကျင်းက ပို၍ ထိတ်လန့်သွားသည်။ သို့သော် သူ အသေအချာ ကြည့်လိုက်သောအခါတွင်မူ ထိုလူမှာ လူစစ်စစ် မဟုတ်။ သားရေဖြင့် ထုပ်ထားသော လူရုပ်ကြီးဖြစ်နေပြီး တစ်ကိုယ် လုံးမှာ ရှိနေသည်များ ကျော်စွဲထားသည်ကို တွေ့ရလေ၏။

တော်ပြီ သူ့ကို ကျေးဇူးတင်လိုက်ပါ အလကားပဲ၊ ဟင်း... စောစောကသာ ဒီလိုမှန်းသိရင် သူ့အိမ်မှာတောင် ပေါ်ဒတ်ရာကို မကုတ်ဘူး

ကျွန်းဟူကျင်းသည် စိတ်ထဲမှ ဖြစ်ပေါ်လာသော အကဲသို့ပင် လက်တွေ့တွင်လည်း ပိတ်တီးများကို ရှုတ်တရက် ဆွဲဖြုတ်ပစ် လိုက်၏။ ပြီးလျှင် ဘာမပြောညာမပြောဖြင့်ပင် အခန်းထဲမှ ချာခနဲ လှည့်ထွက်လိုက်လေ၏။ ကျောင်းဖုံက ထိတ်လန့်တကြားဖြင့်..

'ဟေ့ ... ဘယ်သွားမလို့လဲ ဒါက တို့အိမ်ကို ရောက်လာတာပဲ။ ဝင်ခဲ့ပါဦး'

သူ့အသံမှာ မိန်းကလေးအား ကြည့်ရင်း ပင်နှင့်သောက်သည်။ ကျွန်းဟူကျင်းကား

ခေါင်းကိုမှ ငုံ့မြဲ ငုံ့လျက်။ ဟင်း ... လှေကားထစ်ကို တစ်ဆင့် ချင်း ဆင်းလိုက်လေ၏။ မိန်းမော့ ခေါင်းညိတ်လိုက်ပြီးနောက်...

ကျွန်းဟူကျင်းက မိန်းကလေးအား စိုက်ကြည့်လျက်။ ကြည့်စမ်း... ဘယ်လို ဖြစ်သွားသည် မသိ။ ကျွန်းဟူကျင်း၏ ရင် တစ်ခုလုံး တထိတ်ထိတ် ခုန်လာ၏။ အို... ဘယ်လို ခံစားရမှန်းမသိ။ တစ်မျိုး။ တကယ်ပဲ တစ်မျိုးပါပေ မမှန်းသည်။ ကျွန်းဟူကျင်း၏ ရင်မှာ မလှုပ်ရှားဖူးသော လှုပ်ရှားခြင်းမျိုးဖြင့် လှုပ်ရှားနေပါပြီတကား။ ကျွန်း ဟူကျင်းသည် ရင်မှ လှုပ်ရှားခြင်းကို ဖုံးကွယ်သောအနေဖြင့် ခေါင်းကို ကမန်းကတန်း ငုံ့ပစ်လိုက်၏။

မိန်းကလေးက ဝင်းလက်သော အပြုံးဖြင့်...

'မောင်လေး လာလေကွယ်'

နတ်သမီးမှ သာသည့်အသံတွင် ဘယ်သို့ကြွယုံလေပြီ မသိ။ ကျွန်း ဟူကျင်း တစ်ယောက် စက်ရုပ်ပမာ မိန်းကလေးရှေ့သို့ ကျိုးနွံစွာ လျှောက်သွားမိလေသည်။ မိန်းကလေးသည် ကျွန်းဟူကျင်း၏ လက်နှစ်ဘက်ကို ယုယစွာ ဆုပ်ကိုင်လိုက်၏။ ထိုအခါ ကျွန်းဟူ ကျင်း၏ ရှင့်ထဲတွင်မူကား ခြေလက်များပါ တုန်ယင်လို့ လာရှား။ မိန်းကလေးကချိုလွင်သော အသံဖြင့်...

www.burmeseclassic.com



'မောင်လေး၊ မင်းက ငါ့ကို စိတ်ဆိုးနေတယ်ပေါ့လေ၊ ဟုတ်လား'

အမှန်မှ ကျန်းဟူကျင်းသည် တစ်ကိုယ်လုံး ဓွေး အကိုက်ခံထားရသဖြင့် ခွေးရှင်ဖြစ်သူအပေါ်တွင် စိတ်မဆိုးဘဲ နေနိုင်ပါမည်လား။ သို့သော် သူ့လက်နှစ်ဘက်ကို ယုယစွာ ဆုပ်ကိုင်ထားပြီး အနားတွင်ကပ်၍ မေးလာသော ချိုမြမြ အသံကြောင့် 'စိတ်ဆိုးပါသည်' ဟု ပြောရမည်ကိုပင် မေ့ကာ..

'ကျွန်တော် စိတ်မဆိုးပါဘူး' ဟု ပြန်ဖြေရာ၏။

ထိုအခါ မိန်းကလေးက...

'ငါ့နာမည်က ကျူးကျင်း၊ မင်းနာမည်ကော'

'ကျွန်တော့်နာမည် ကျန်းဟူကျင်းပါ'

'ဒီမှာ ထိုင်လေ'

ကျူးကျင်းကသူမ နံဘေးရှိ ခုံကို လက်ညှိုးထိုးပြ၏။ ကျန်းဟူကျင်းသည် မငြင်းမဆိုပင် ထိုနေရာသို့ ထိုင်ချလိုက်၏။ မှန်သည်။

ကျန်းဟူကျင်းသည် ယခု အချိန်တွင် ဆွဲဆောင်မှု အားကောင်းလွန်းသော မိန်းကလေးတစ်ယောက်၏ အရိပ်အငွေ့ဝယ် ကျိုးနွံစွာ ကျရောက်နေမိပြီ ဖြစ်ပါ၏။ ဤအချိန်တွင် ယင်း မိန်းကလေး



သည် အကယ်၍သာ 'သူ့အား ဆီပူအိုးထဲ ခုန်ချခိုင်းလျှင်ပင် ခုန်ချမိမည်သေချာလေသည်။

'မောင်လေးက ဘယ့်နှယ့်လုပ်ပြီး ဒီအနောက်ဘက်နယ်ကို ရောက်လာရတာလဲ၊ မောင်လေးရဲ့ မိဘတွေက ဘယ်သူလဲ'

ကျန်းဟူကျင်းသည် ကျူးကျင်း၏အမေးကို မဖြေမီ ဤသို့တွေးမိ၏။ မိမိသည် ယခုအခါ စုတ်ပြတ် နွမ်းချာလျက် ရှိ၏။ မိမိ မိဘ အမည်ကို အမှန်အတိုင်းဖြေသော် သွားလေသူ မိဘနှစ်ပါး၏ ဂုဏ်သိက္ခာကို ထိခိုက်နိုင်၏။ ထို့ကြောင့် လိမ်ဆယ်၍ ဖြေလိုက်သည်။

'ကျွန်တော့် မိဘနှစ်ပါးလုံး ဆုံးသွားပါပြီ၊ ကျွန်တော်က တစ်ကောင်ကြွက်ပါ၊ ခြေဦးတည့်ရာ လျှောက်သွားနေတဲ့ လူပါ'

ကျူးကျင်းက ရယ်၍မေးပြန်သည်။

'မောင်လေးက ဘာသိုင်းပညာ သင်ထားသလဲ၊ ဘယ့်နှယ့်လုပ်ပြီး တစ်ချက်တည်းနဲ့ ခွေးရဲ့ ဦးခေါင်းကို ကြေမွအောင် ရိုက်နိုင်တာလဲ'

'ကျွန်တော် က ကျွန်တော့် အဖေဆီမှာ သုံးလေးနှစ် လောက် သိုင်းပညာ သင်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် ဘာ သိုင်းပညာ ရယ်လို့တော့ ကျွန်တော်လဲ မသိပါဘူး'

ကျူးကျင်းက ခေါင်းညိတ်၍ရှောင်ဖုန့်အား...



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့...ရှောင်ဖုန့်၊ သူ့ကိုခေါ်ပြီး ရေမိုးချိုးခိုင်းလိုက်စမ်း၊ ပြီးရင် အဝတ်အစား ကောင်းကောင်း ဝတ်ပေးလိုက်'

'ဟုတ်ကဲ့ သခင်မလေး'

ရှောင်ဖုန့်က ချက်ချင်းပင် ကျန်းဟူကျင်းအား အခန်းထဲမှ ခေါ်ထုတ်ခဲ့၏။ ကျန်းဟူကျင်းမှာ ကျူးကျင်းအပါးမှ မခွာချင့်ခွာချင် အခန်းထဲမှ မထွက်ချင့် ထွက်ချင်ဖြင့် စောင်းငမ်း စောင်းငမ်း ထွက်လာခဲ့ရ၏။ ရှောင်ဖုန့်က တခစ်ခစ် ရယ်လျက်...

'ငါတို့ရဲ့ သခင်မလေးနဲ့ တွေ့ရင် ဘယ်ယောကျ်ား မဆို လိပ်ပြာလွင့်မတတ် ဖြစ်တာ ခမ္မတာပဲဟေ့၊ ဟင်း... မင်းလဲ ငယ် ငယ်လေးနဲ့ မရှိုးသားပါလား'

ကျန်းဟူကျင်း မျက်နှာ ရတ်ခြည်း တွတ်တွတ်ရဲ သွားလေ၏။ ထို့နောက် ရှောင်ဖုန့်သည် ကျန်းဟူကျင်းအား ကျောင်းဖုံ လက်သို့ အပ်၍ ရေမိုးချိုး အဝတ်အစားသစ် လဲစေလိုက်၏။

ထိုနေ့၏ သည်မှာဘက် ဆယ်ရက်ကျော် မျှ ကြာလာ သည်အထိ ကျန်းဟူကျင်းသည် ကျူးကျင်းအား တွေ့ရန် မဆို ထားဘိ၊ ရှောင်ဖုန့်ကိုပင် ထပ်မံ မတွေ့ရတော့ပေ။

သူ့ကိုယ်ပေါ်မှ ဒဏ်ရာများမှ လုံးဝ ပျောက်သွားပြီ ဖြစ်ပါ၏။ သို့သော် သူ့ ကိုယ်ထဲရှိ အအေးဓာတ် အဆိပ်သည်မူ တစ်ပတ် ခြား တစ်ခါတက်,တက် လာလေ့ရှိလေသည်။





ကျောင်းဖုံသည် ဤရက်များအတွင်းတွင် ကျန်းဟူကျင်း အား အစေခံများ ဝတ်လေ့ရှိသော အဝတ်အစားများကို ဝတ်ဆင်စေ ၏။ ထိုသည်ကိုထောက်သော် ဤနှင်းဆီဂေဟာမှ လူများသည် မိမိ အား အစေခံလေးတစ်ဦးအဖြစ် သတ်မှတ်လိုက်ကြောင်း ကျန်းဟူ ကျင်း သိလိုက်လေ၏။ ကျန်းဟူကျင်းသည် ဂုဏ်ပကာသနဟူ သည်ကို မက်မောသူမဟုတ်၍ သူ့အား အစေခံ အဖြစ် အသိအမှတ် ပြုလိုက်သည့်တိုင် စိတ်ထိခိုက်ခြင်း အလျဉ်းမရှိချေ။ စင်စစ် ယခုအခါတွင် ကျန်းဟူကျင်းသည် ဘယ်ဘဝနှင့်ဖြစ်စေ၊ ကျူးကျင်း ၏ အနားတွင် နေ,နေရသည်ကိုပင် စိတ်ထဲက ကျေနပ်လှပြီ ဖြစ်ပါ၏။ သို့ဖြင့် နှစ်သစ်ကူးသော အချိန်သို့ရောက်လာလေ၏။

ကျန်းဟူကျင်းသည် ဤနေ့ဤရက်တွင် အိမ်စေများက သူ တို့၏ သခင်ကြီး၊ သခင်မကြီးနှင့် သခင်မလေးတို့အား ဂါရဝပြုဦးချ ကြမည်ဖြစ်၍ သူလည်း သခင်မလေး ကျူးကျင်းအား တွေ့ခွင့်ရလိမ့် မည် ဟု ထင်မှတ်လေ၏။ ဤတစ်ကြိမ် ကျူးကျင်းအား တွေ့ခွင့် ရပြီးလျှင်မူ သူသည် ဤအိမ်ကြီးမှ တိတ်တဆိတ်ထွက်ခွာသွားပြီး သူ၏ နောက်ဆုံးဘဝလေးကို ကုန်ဆုံးစေမည်ဟု ပိုင်းဖြတ်ထား၏။

➤➤➤≺≺≺

www.burmeseclassic.com

www.burmeseclassic.com



နှစ်သစ်ကူးနေ့၏ နံနက်ဦး။

လူတို့အိမ်စေများအားလုံးသည် သခင်ကြီး၊နှင့် သခင်မကြီးထံသို့ ဂါရဝပြုဦးချကန်တော့ရန် သွားကြရ၏။ သို့သော် ကျန်းဟူကျင်းသည် သူမျှော်လင့်ထားသလို ကျူးကျင်းအား မတွေ့ရသဖြင့် လွန်စွာစိတ်ပျက်သွားလေ၏။ သို့ရာတွင် ယင်းအချိန်မှာပင် ချိုမြ သော အသံတစ်သံက သူ့နားထဲသို့ တိုးဝင်လာလေ၏။

'အစ်ကို... ဒီနေ့ရောက်လာတာ စောသားပဲ'

ချိုမြသော ကြည်လင်အေးမြလှသော အသံ။ မှန်သည်။ ထိုအသံသည် သူ မြင်ချင်တွေ့ချင်လှပါသော ကျူးကျင်း၏ အသံပင် ဖြစ်ပါ၏။ ပြီး... ထိုအသံ၏ အဆုံးတွင် နောက်ထပ်အသံတစ်သံ ထွက်ပေါ်လာသည်။

'ဟုတ်တယ်...ညီမလေး၊ ဦးလေးနဲ့ ဒေါ်လေးကို ကန်တော့ဖို့ အစ်ကို တမင်စောစောလာတာကွယ့်'

ထိုအသံရှင်ကား ယောကျ်ားလေးတစ်ဦး၏အသံပင်တည်း။

>>><<<



# ပန်းခြံ သိုင်းပြိုင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၃)

## ပန်းခြံ သိုင်းပြိုင်ပွဲ

ထိုအသံကြောင့် ကျန်းဟူကျင်း၏ရင်မှာ လှိုင်းထသလို တုန်ယင်လာ၏။ သူ့လက်ဝါးပြင်တွင် ချွေးစေးများ စိမ့်ယိုထွက်လာသည်အထိ တွေသိမ့်သိမ့် ခံစားရလိုက်ရ၏။ မှန်သည်။ ကျန်းဟူကျင်းသည် ဤအသံရှင် ကျူးကျင်းအား တွေ့ခွင့်ရရန် အချိန်နှစ်လနီးပါးမျှ မျှော်လင့် စောင့်စားခဲ့ရသည် မဟုတ်ပါလား။

ထိုစဉ် နောက်ထပ်၍ မိန်းကလေးအသံတစ်သံ ပေါ်လာပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို... အခုလို စောစောစီးစီးရောက်လာတာဟာ ဦးလေး၊ ဒေါ်လေးတို့ကို ကန်တော့ဖို့နဲ့ ဆုမွန်ကောင်းတောင်းဖို့ လာတာလား၊ ဒါမှမဟုတ် ညီမလေးအတွက် ဆုမွန်ကောင်းတောင်းဖို့ လာတာလား ဆိုတာ မသိကွဲဘူး'

သုံးဦးသား၏ ရယ်သံများသည် ခန်းမကြီးထဲသို့ လွင့်ပြန့်လာသည်နှင့်အတူ ယောကျ်ားလူငယ်တစ်ဦးနှင့် မိန်းကလေး နှစ်ဦးတို့လည်း ခန်းမထဲသို့ ဝင်လာကြလေ၏။ ထို့နောက် ယောကျ်ားလေး၏ ညာဘက်တွင် ကျူးကျင်းက ရပ်၍ ဘယ်ဘက်တွင်မူ အခြားမိန်းလေးတစ်ယောက်က ရပ်၍ ရပ်လိုက်လေ၏။

ကျန်းဟူကျင်း၏မျက်လုံးအကြည့်နှင့် အာရုံကမူ ကျူးကျင်း အခန်းထဲသို့ ဝင်လာသည့် အချိန်ကစပြီး ယခုတိုင် ကျူးကျင်းကိုသာ မျက်တောင်မခတ် စိုက်ကြည့်လျက် အာရုံစူးရောက်နေမိလေ၏။ စင်စစ် ကျန်းဟူကျင်းသည် လူပျိုဘော်ဝင်စ ဆယ်ကျော်သက်အရွယ်သို့ ရောက်လာပြီ ရောက်ရှိလာပြီ ဖြစ်၍ ဤသို့ ပို့မဆွဲဆောင်မှု စတင်ခံစားရသည်မှာ မဆန်းပါချေ။ သို့သော် ကျန်းဟူကျင်း၏ ခံစားမှုတွင် တဏှာရာဂပြွမ်းသော အငွေ့အသက်များ မရောယှက်ပါချေ။ သူ့ရင်ထဲတွင် ကျူးကျင်း၏ ရုပ်ပုံလွှာအား ထာဝစဉ်မြင်တွေ့နေလိုသော၊ အသံကို မပြတ်အစဉ်ကြားချင်နေပါသော ဆန္ဒများသာ ဇွဲဆော် ကိန်းအောင်းနေပါ၏။



ထိုစဉ် ယောကျ်ားလူငယ်နှင့် မိန်းကလေးသည် ကျူးကျင်း၏မိဘနှစ်ပါးကို ဦးချနှုတ်ဆက်ပြီး ဆုမွန်ကောင်းများ တောင်းပေးကြလေ၏။ ပြီးလျှင် သူတို့ သုံးယောက်သားသည် အိမ်ကြီး၏ အနောက်ဘက်ရှိ ဝန်းခြံဆီသို့ လျှောက်သွားကြလေ၏။ ထိုအခါကျမှ ဂင် ကျန်းဟူကျင်းလည်း ထိုယောကျ်ားလူငယ်မှာ ရုပ်ရည် လွန်စွာချောမောခန့်ညားကြောင်း တွေ့ရလေတော့၏။ မိန်းကလေးမှာလည်း ကျူးကျင်းနှင့်အပြိုင် လှပသူလေးဖြစ်ကြောင်း သိလိုက်ရ၏။ ထိုစဉ် မိန်းကလေးက...

'ကျူးကျင်းရေ မင်းရဲ့လက်ညှိုးသိုင်း ဘယ်အဆင့် ရောက်ပြီလဲဟင်၊ ငါတို့ကို တစ်ကွက်နှစ်ကွက်လောက်ပြပါဦးကွဲယ်' ဟုဆို၏။

'အောင်မယ်...မင်းက ငါ့ကို သက်သက် နောက်ပြောင်တာပေါ့လေ၊ ငါက နောက် ဆယ်နှစ်ထပ်ကျင့်ရင်လဲ မင်းတို့ မျိုးရိုးရဲ့ အကြောပိတ်သိုင်းပညာကို မမီပါဘူး'

ထိုအခါ လူငယ်က ရယ်၍...

'မင်းတို့နှစ်ယောက်ကလဲ တစ်ယောက်ကို တစ်ယောက် နှိမ့်ချနေလိုက်ကြတာ၊ ဒီလောက်နာမည်ကြီးတဲ့ နှင်းတောင်ဒေဝီနှစ်ယောက်ကများ သိုင်းပညာ ညံ့နိုင်ဦးမှာလားကွယ့်'

'ငါက တစ်ယောက်ထဲ အိမ်မှာ ကျင့်နေရတာကွယ့်၊ ဒါတော့ မင်းတို့ ဂိုဏ်းတူ မောင်နှမနှစ်ယောက်လို ဆွေးနွေးဖော်မရှိတော့

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်မှု ဘယ်မြန်ပါ့မလဲ၊ မင်းတို့နှစ်ယောက်ကျတော့ တစ်နေကုန် တစ်နေခန်း တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်လှေကျှင့်လိုက်၊ တိုက်ခိုက်လိုက်၊ ဆွေးနွေးညှိနှိုင်းလိုက်နဲ့ ဟင်း...'

ကျူးကျင်း၏ စကားသံတွင် ဝန်တိုသော၊ မနာလိုသော အသံ နှောနေ၍ ထိုမိန်းကလေးက နှုတ်ခမ်းစေ့ကာ ပြုံးနေလေ၏။ သို့သော် ကျူးကျင်း၏စကားကိုမူ သူမသည် ပြန်၍မဖြေပေ။ တိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံခြင်းကို ပြုနေလိုက်လေ၏။

လှူငယ်သည် ကျူးကျင်း စိတ်ဆိုးသွားမည်ကို စိုးဟန်ဖြင့် အလျှင်စလို ဝင်ပြောလေ၏။

'အို... ဒီလိုလဲ မဟုတ်ပါဘူး၊ မင်းမှာက ဆရာနှစ်ယောက်တောင်ရှိတာကိုး၊ ဦးလေးနဲ့ဒေါ်လေးနှစ်ယောက်စလုံးက မင်းကို သင်ပေးတော့ မင်းက ငါတို့ထက် ပိုတော်တာပေါ့ကွယ်'

ကျူးကျင်းကနှုတ်ခမ်းလေး စူ၍...

'ငါတို့...ငါတို့နဲ့...ဟင့်... အစ်ကိုတို့က ဂိုဏ်းတူ မောင်နှမတွေဆိုတော့ ကျွန်မလို တစ်ဝမ်းကွဲထက် ပိုခင်ကြမှာပေါ့လေ၊ ကျွန်မက နောက်ပြောင်တာကို အစ်ကို အဟုတ်ထင်ပြီး သူ့ဘက်ကပဲ တစ်ချိန်လုံး ဘက်လိုက် ပြောနေတာပဲ'

ကျူးကျင်းက စကားအဆုံးတွင် တစ်ဘက်သို့ မျက်နှာလှည့်လိုက်၏။ လှူငယ်အား အရေးမစိုက်တော့ဟန် ပြုခြင်းပင် ဖြစ်ပါ၏။ ထိုအခါ လှူငယ်က မျက်နှာချိုသွေးရင်း...



'အစ်ကိုကတော့...ဟောဒီ တစ်ဝမ်းကွဲ ညီမလဲ ခင်တာပဲ၊ ဂိုဏ်းတူ ညီမလေးကိုလဲ ခင်တာပဲ၊ အတူတူပဲ'

ကျူးကျင်းက လှူငယ်ဘက်သို့ ဆတ်ခနဲ မျက်နှာပြန်မူပြီး...

'အစ်ကို... အစ်ကိုတို့ရဲ့ ဆရာက နောက်ထပ် တပည့်မလေး တစ်ယောက်ကို လက်ခံလိုက်တယ်ဆို'

လှူငယ်က မိမိအား ကျူးကျင်းက စောင်းချိတ်၍ ပြောလာတော့မည်မှန်း ရိပ်စားမိ၍ ခေါင်းတစ်ချက်ညိတ်ပြီး စကားလမ်းကြောင်း ပြောင်းလိုက်လေ၏။

**တက္ကသိုလ် နေလင်းအောင်**

>>><<<